mmcybermedia.com

# ရွှေဥဒေါင်း
# စုံထောက်ကြီး ဦးစံရှား
# တဂူကူးကူး
# နှင့် အခြားဝတ္ထုတိုများ



**ပုံနှိပ်မှတ်တမ်း**

**စာမူခွင့်ပြုချက်အမှတ်** - ၅၀၀၀၆၀၀၁၁၁ နှင့်

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်** - ၅၀၀၁၂၉၀၂၁၁ တို့ဖြင့်

**မျက်နှာဖုံးဒီဇိုင်း** m.s.o ပြုလုပ်ပြီး **ထုတ်ဝေသူ** ဦးစန်းဦး (**စိတ်ကူးချိုချို** စာအုပ်တိုက်)၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်နှင့် **ပုံနှိပ်သူ** ဒေါ်ဝင်းမာ၊ **စိတ်ကူးချိုချို** ပုံနှိပ်တိုက်၊ ရန်ကင်း၊ ရန်ကုန်တို့က **ဒုတိယအကြိမ် စောင်ရေ** - ၅၀၀ ရိုက်နှိပ်ကာ ၂၀၁၁၊ ဖေပြီလတွင် ဖြန့်ချိသည်။

**စာအုပ်ချုပ်** - ကိုမြင့်

**မာတိကာ**

၁။ တဂူကူးကူး
၂။ တိုင်ကပ်နာရီများ ရိုက်ခွဲမှု
၃။ စံဖဲအလောင်းတွေ့မှု
၄။ အမွေမပေးလိုသော ပထွေးအမှု
၅။ ကောလိပ်ကျောင်းသားများနှင့် ဉာဏ်ကစားသည့်အမှု
၆။ စင်တာဖောဝပ်ဘောသမားပျောက်မှု
၇။ ဉာဏ်သမားမောင်မောင်ဦး
၈။ ခြေကျိုးငကြိုင်
၉။ ထူးဆန်းသော အဆိပ်ခတ်မှု
၁၀။ ဘိုကပြားမကလေး တစ်ယောက်၏အမှု
၁၁။ ကျောင်းသားတစ်ယောက် ပျောက်ဆုံးမှု
၁၂။ မသင်္ကာသောလင်မယား

## တဂူကူးကူး

တစ်နေ့သ၌ ကျွန်တော်နှင့် ဦးစံရှားတို့သည် ဘိုကလေးဈေးလမ်းသို့ ပြောင်းရွှေ့နေထိုင်ကြပြီးနောက် ကျွန်တော် တစ်ယောက်တည်း လက်ဖက်ရည်သောက်လျက်ရှိစဉ် ဦးစံရှားသည် ပြန်ရောက်ဖို့ အချိန်မတန်သေးမီ တိုက်ပေါ်သို့ ပျာယီးပျာယာ တက်လာ၍...

"ကိုင်း... ကိုသိန်းမောင်၊ တိုက်အောက်မှာ တက္ကစီစောင့်နေတယ်၊ နစ်ရက်လောက် ခရီးထွက်ကြဖို့ ကိစ္စတစ်ခု ပေါ်လာတယ်။ ခင်ဗျား ပြင်ဆင်ဖို့ ဆယ်မိနစ်ထက် ပိုပြီး အချိန်မပေးနိုင်ဘူး။ မြန်မြန်လုပ်ပေတော့"

ဟု ပြောသဖြင့်...

"ခင်ဗျား လုပ်လိုက်မှဖြင့် ဒီကိန်းချည်းပဲဗျာ၊ ဘာကိစ္စတဲ့တုံး"

ဟု မေးရာ ဦးစံရှားက...

"အချိန်မရှိဘူးဗျ၊ လမ်းကျမှ ပြောမယ်၊ မြန်မြန်လုပ်ဗျ"

ဟု ပြောပြောဆိုဆို အတွင်းခန်းသို့ ဝင်သွားလေ၏။

ဦးစံရှားသည် ကျွန်တော့်အား ကျောင်းဆရာက ကျောင်းသားကို နိုင်သလို နိုင်နေပြီဖြစ်သောကြောင့် ညည်းညူရန် မဝံ့တော့ဘဲ လဲလှယ်ရန် အဝတ်အနည်းငယ်မျှကို သားရေအိတ်တစ်လုံးထဲသို့ ထိုးသိပ်ထည့်ကာ တိုက်ပေါ်မှ ဆင်းလာကြပြီးနောက် မော်တော်ကားပေါ်သို့ တက်ကြလေ၏။

ထို့နောက် ဦးစံရှားက ဒရိုင်ဘာအား "ပြည်လမ်းမကြီးအတိုင်း မောင်းကွယ်"ဟု ပြောသဖြင့် မော်တော်ကားလည်း ပုဇွန်တောင်ဘက်မှဖြတ်၍ ပြည်လမ်းဘက်သို့ မောင်းလာလေ၏။ လမ်းခရီး၌ ကျွန်တော်သည် ဦးစံရှား၏ မျက်နှာရိပ် မျက်နှာကဲကို ကြည့်ပြီးနောက်...

"ခင်ဗျားအမှုက လူသတ်မှုထက်တော့ မငယ်ဘူးထင်တယ်ဗျ၊ ဟုတ်ကဲ့လား"

ဟု မေးလိုက်မိလေ၏။

"အစစ်ပေါ့ ကိုသိန်းမောင်၊ အမှုက ရိုးလွန်းရှင်းလွန်း အားကြီးလွန်းလို့ သဲလွန်စ ကောက်ဖို့ ခပ်ခက်ခက် ဖြစ်နေတယ်ဗျ"

"ရှင်းတာနဲ့ ပိုပြီးခက်နေသလား ဆရာကြီးရယ်"

"ပြောတော့ ခွပြောတယ် ထင်ရလိမ့်မယ်၊ နို့ပေမဲ့ ရှုပ်တဲ့အမှု ဆန်းတဲ့အမှုမျိုးမှာ သဲလွန်စတွေ့ရင် ကွက်ခနဲ မြင်နိုင်တယ်။ အမှုက ရှင်းရှင်းကြီး စင်းစင်းကြီးဖြစ်နေပြီဆိုမှဖြင့် သဲလွန်စရှာရတာ အင်မတန်ခက်တယ်ဗျ"

"ဆိုစမ်းပါဦးဗျ၊ ခင်ဗျားအမှုက"

"ညောင်ပင်လုရွာဆိုတာ ဘူတာနဲ့ ပြည်လမ်းကြီး အကြားမှာ အိမ်ခြေ တစ်ထောင်လောက် ရှိတဲ့ ရွာကြီးပေါ့ဗျ။ အဲဒီရွာမှာ အညာတစ်ခွင်က ကြွယ်ဝပြီး ပြန်လာတဲ့ မြေပိုင်ရှင် ဦးသိန်းဖုံနဲ့ သမီး မသိန်းညွန့်ဆိုတာ ရှိသဗျ။ ဦးသိန်းဖုံက အညာမှာတုန်းက သိကျွမ်းလာခဲ့တဲ့ ဦးတုတ်ပေါဆိုတဲ့ လူကြီးကို ဧက ၅၀ လောက်ရှိတဲ့ လယ်ကွက်တစ်ကွက်ကို အခမဲ့ လုပ်စားဖို့ ပေးထားသတဲ့ဗျ။

ဦးတုတ်ပေါ်မှာ မောင်သန်းထွန်းဆိုတဲ့ သားတစ်ယောက်ရှိတယ်။ လူကြီးနှစ်ဦးစလုံးက မုဆိုးဖိုချည်းပဲ။ တစ်ယောက်နဲ့တစ်ယောက် အင်မတန်ခင်မင်ကြသတဲ့။ ကိုင်း… ဖြစ်ပျက်ပုံကို ပြောတော့မယ်။

လွန်ခဲ့တဲ့ တနင်္လာနေ့ ညနေ ၃ နာရီ အချိန်လောက်မှာ ဦးတုတ်ပေါ်က အိမ်က တစ်ယောက်တည်း ထွက်လာပြီး သာစုကန်ဆိုတဲ့ ရေအိုင်ကလေးဘက်ကို လျှောက်သွားသတဲ့ဗျ။ "အဲဒီနေ့မနက်က ဦးတုတ်ပေါ်ဟာ ဘူတာကို တပည့်တစ်ယောက်နဲ့သွားသေးသတဲ့။ ပြန်လာတော့ ချိန်းထားတဲ့ ကိစ္စလေးတစ်ခု ရှိသေးလို့ သူ့တပည့်ကို ပြောခဲ့ပြီး ထွက်လာခဲ့သတဲ့။ ထွက်သွားရာကနေပြီး ဦးတုတ်ပေါ် ပြန်မလာတော့ဘူး"

"ဘယ်ရောက်သွားသလဲ"

"နေဦးဗျ၊ သာစုကန်နဲ့ ရွာနဲ့က မိုင်တစ်မတ်လောက် ဝေးတယ်။ လမ်းခရီးမှာ ဦးတုတ်ပေါ်ကို မြင်လိုက်တဲ့ လူနှစ်ယောက်ရှိတယ်။ တစ်ယောက်က မိန်းမကြီး၊ နာမည်ကတော့ ကျုပ် မေ့သွားပြီ။ ဒုတိယတစ်ယောက်က ဦးသိန်းဖိုရဲ့ အစေခံ ကိုတိုင်းကျော်တဲ့။

မြင်လိုက်ရသူ နှစ်ယောက်လုံးက ဦးတုတ်ပေါ်ဟာ တစ်ယောက်တည်း ခြေကျင် လျှောက်သွားတယ်လို့ ထွက်ဆိုကြတယ်။

"ကိုတိုင်းကျော်ဆိုတဲ့ အစေခံကတော့ ဦးတုတ်ပေါ်နဲ့တွေ့ပြီး နောက် များမကြာမီအတွင်းမှာ သူ့သား မောင်သန်းထွန်းဟာ သေနတ်ထမ်းပြီး လိုက်သွားတာ မြင်လိုက်တယ်လို့ ပြောတယ်တဲ့ဗျ။

ကိုတိုင်းကျော်ကလည်း အမှတ်တမဲ့ နေမိတာ ဦးတုတ်ပေါ် သေပြီဆိုတော့မှ ဒီအကြောင်းကို ဖြုန်းခနဲ သူ သတိရမိသတဲ့ဗျ။

အဖေလုပ်တဲ့သူက ဒေါသတကြီးနဲ့ အော်လားငေါက်လားလုပ်တော့ သားလုပ်တဲ့လူက လက်သီးနဲ့ထိုးတော့မလို လက်ကို မြှောက်လိုက်တာ မြင်လိုက်ရတယ်တဲ့ဗျ။

ဒါနဲ့ မိန်းကလေးက ကြောက်အားလန့်အားနဲ့ အိမ်ပြန်ပြေးလာပြီး သားအဖနှစ်ယောက် ရန်ဖြစ်နေကြတယ်လို့ သူ့အမေကို ပြောပြတာကိုးဗျ။

ဒီလိုပြောတုန်းမှာပဲ မောင်သန်းထွန်းက ပျာယီးပျာယာပြေးလာပြီး အဖေသေနေတာ တွေ့ပါတယ်လို့ ပြောပြီး မိန်းကလေးရဲ့အဖေနဲ့ ရွာသားတွေကို ခေါ်သွားတယ်တဲ့ဗျ။ မောင်သန်းထွန်းရဲ့လက်မှာ သေနတ်လည်း မပါဘူး။ သူ့အင်္ကျီလက်မောင်းမှာလည်း သွေးတွေ ပေလို့တဲ့ဗျ။

ဒါနဲ့ ရွာသားတွေ ဝိုင်းလိုက်သွားကြတော့ ဦးတုတ်ပေါ်ဟာ ရေကန်နားမှာ စင်းစင်းကြီးသေလို့တဲ့ဗျ။ သူ့ခေါင်းမှာ တစ်စုံတစ်ခုနဲ့ ဆောင့်ထားတဲ့ ဒဏ်ရာမျိုးလို ကြေမွနေတာ တွေ့ကြရသတဲ့ဗျ။

ဒဏ်ရာအခြေအနေက သေနတ်ဒင်နဲ့ဆောင့်တဲ့ ဒဏ်ရာဖြစ်မယ်ဆို ဖြစ်နိုင်သတဲ့ဗျ။ သေနတ်ကိုလည်း အလောင်းနားမှာ တွေ့ကြရသတဲ့။

ဒီတော့ ဘာပြောစရာ ရှိသလဲ၊ မောင်သန်းထွန်းကို လူသတ်မှုနဲ့ ဖမ်းချုပ်လိုက်ကြတာပေါ့။ အဲဒီအထိ ပုလိပ်များစစ်လို့ သိထားရသေးတာပဲဗျ"

"ဒီအတိုင်းဆိုရင်တော့ ဒီအမှုလောက် ထင်ရှားတဲ့ လူသတ်မှုဟာ ခပ်ရှားရှားနေလိမ့် ထင်ပါလားဗျ"

"မှန်တယ်၊ သို့သော် တစ်ခုနဲ့တစ်ခု ဆက်စပ်ပြီး တွေးထင်ချက်လောက်ပဲ ရှိသေးတယ်။ မျက်မြင်ဒိဋ္ဌ ဘယ်သူမှ တွေ့ရတဲ့လူ မရှိသေးဘူးဗျ။

ခုတိုင်းဆိုရင်တော့ မောင်သန်းထွန်းအဖို့ တော်တော်ကြီး အရုပ်ဆိုးနေတာတော့ အမှန်ပဲ။ နို့ပေမဲ့ ဒီသူငယ်ဟာ ဘယ်နည်းနဲ့မှ လူတစ်ယောက်အသက်ကို သတ်ရက်တဲ့ စိတ်မျိုး မရှိဘူးလို့ ယုံကြည်ထားတဲ့သူတွေလဲ ရှိနေသေးတယ်ဗျ။

ဥပမာ ဦးတုတ်ပေါ်ရဲ့ မိတ်ဆွေ ဦးသိန်းဖေရဲ့သမီး ကောလိပ်ကျောင်းသူ မသိန်းညွန့်ကဆိုရင် ဒီသူငယ်ဟာ ဘယ်နည်းနဲ့မှ ဒီလိုမလုပ်ရက်ဘူးဆိုပြီး ဒီအမှုအတွက် ကျုပ်ကို ငှားထားတယ်။

ဒါကြောင့် ကျုပ်တို့နှစ်ယောက် အခု တက္ကစီနဲ့ ကတိုက်ကရိုက် လာရခြင်းဖြစ်တယ် ကိုသိန်းမောင်ရဲ့"

"ကျွန်တော့်သဘောတော့ ဒီအမှုမှာ ကျွန်တော်တို့လိုက်ရတာ အချည်းအနှီး ဖြစ်လိမ့်မယ် ထင်ပါရဲ့ဗျာ"

"ကိုသိန်းမောင်တစ်ယောက်ဟာ ကျုပ်နဲ့ ခုလောက်ကြာအောင် ပေါင်းလာတာတောင် အဓိပ္ပါယ်အကောက်အယူ အင်မတန် အရင်လိုသေးတာကိုးဗျ။ အခု ကြားရတာက တစ်ဖက်သတ် သက်သက် ရှိသေးတယ်ဗျ။

ဟိုရောက်တော့ သူများမတွေ့ရသေးတာ၊ သူများမကြားရသေးတာ ကျုပ်တို့ ဘာများ တွေ့ရ ကြားရဦးမယ် မသိသေးဘူး။

သို့သော် ဒီဟာ ထားလိုက်ဦး၊ မောင်သန်းထွန်းကို စစ်ဆေးစဉ်က ကျုပ် သတိပြုလိုက်မိတဲ့ အချက်ကလေး တစ်ချက်နှစ်ချက် ရှိသေးတယ်ဗျ"

"ဘာများလဲဗျ"

"မောင်သန်းထွန်းကို ဌာနအုပ်က လာဖမ်းတော့ မောင်သန်းထွန်းက 'ကျွန်တော်လည်း ထင်သားပဲ၊ ဒီလိုဖြစ်တာပဲကောင်းတယ်'လို့ ပြောလိုက်သေးသတဲ့ဗျ။ ဒီဟာကို ကျုပ် စဉ်းစားမိတယ်"

"ဒီဟာ ဖြောင့်ချက်ပေးတဲ့ အဓိပ္ပါယ်ပေ့ါဗျ"

"ဘယ်ကဟုတ်ရမှာလဲ၊ သူမလုပ်ရပါဘူးလို့ ငြင်းသေးသတဲ့ဗျ"

"ငြင်းပေမဲ့ ကျွန်တော်တော့ ဝန်ခံရာရောက်တယ် ထင်တာပဲဗျ"

"ခင်ဗျား ထင်ချင်သလိုထင်၊ ကျုပ်ကတော့ ဒီစကားဟာ မောင်သန်းထွန်းအဖို့ မျှော်လင့်စရာရှိတဲ့ အချက်တစ်ချက်လို့ ယူဆထားတယ်၊ ဒီလိုဗျ။

မောင်သန်းထွန်းဟာ ဘယ်လိုပင် အပြစ်မရှိစေကာမူ သူ့ကို မသင်္ကာစရာ ဖြစ်တော့မှာပဲ ဆိုတာကိုတော့ ကေန်မုချ သူ ရိပ်မိရမယ်။

တကယ်လို့ မောင်သန်းထွန်းက သူ့ဖမ်းစဉ်အခါက အံ့သြချင်ယောင်ဆောင်မယ်၊ စိတ်ဆိုးချင်ယောင် ဆောင်မယ်ဆိုခဲ့လို့ရှိရင် ကျုပ်က သူ့ကို မသင်္ကာမိမယ်။

အခုတော့ မောင်သန်းထွန်းက 'ကျွန်တော်လည်း အထင်သားပဲ' လို့ ရိုးရိုးလေး ပြောလိုက်ခြင်းအားဖြင့် သူဟာ အပြစ်မရှိတဲ့ လူရိုးကလေးသော်လည်း ဖြစ်ရမယ်။ သို့တည်းမဟုတ် ကိုယ့်ကိုယ်ကို အင်မတန်ပိုင်နိုင်တဲ့ လူတစ်ယောက် ဖြစ်ရင်လည်း ဖြစ်ရမယ်။

ကျုပ်အထင်တော့ ပိုင်နိုင်လွန်းလို့ ဟုတ်မယ်မထင်ဘူး၊ အပြစ်မရှိတဲ့ လူရိုးကလေးပဲ ဖြစ်တန်ရာတယ်၊ 'ဒီလိုဖြစ်တာလဲ ကောင်းတယ်'လို့ ပြောလိုက်ခြင်းဟာလည်း မိန်းကလေး

စကားအတိုင်း သူ့အဖေကို လက်သီးနဲ့ ဘာနဲ့ ရွယ်မိလေတော့ သူ မှားတာ သူမြင်ပြီး သူ့ကိုယ်သူ ရိုးရိုးသားသား ပြစ်တင်ခြင်းနဲ့တူတယ်"

(မကျေနပ်နိုင်သေးဘဲ) "ဒီလောက် မထင်ရှားဘဲနဲ့ ကြိုးစင်တက်ရတဲ့လူတွေ ဘယ်နှယောက်ရှိပြီလဲ ဆရာ"

"မဟုတ်ဘဲနဲ့ ကြိုးမိန့်ခံရတဲ့လူတွေကော ဘယ်နှစ်ယောက် ရှိပြီလဲ ဆရာ"

"နေပါဦးဗျ၊ မောင်သန်းထွန်း ကိုယ်တိုင်ကကော ဘယ်လိုပြောသတဲ့လဲ"

ထိုအခါ ဦးစံရှားသည် သူရိယသတင်းစာတစ်စောင်ကို ထုတ်၍ ဆိုင်ရာစာမျက်နှာကို ကျွန်တော့်အား ပြလေရာ ကျွန်တော်လည်း အောက်ပါအတိုင်း တွေ့ရှိရလေ၏။

တရားခံ မောင်သန်းထွန်းက ထွက်ဆိုသည်မှာ...

လွန်ခဲ့သော သုံးရက်လောက်က ကျွန်တော် ရန်ကုန်သို့ သွားနေ၍ တနင်္လာနေ့ကမှ ပြန်ရောက်ပါသည်။ ကျွန်တော် ပြန်ရောက်သောအခါ ဖခင် မရှိပါ။

ဘူတာရုံသို့ သွားနေသည်ဟု စာရင်းငှားဖိုးဟန်က ပြောပါသည်။ တစ်ခဏ ကြာသောအခါ ဖခင် ပြန်ရောက်လာသည်ကို မြင်လိုက်ရသော်လည်း ချက်ချင်းပင် ပြန်ထွက်သွားသည်ကို မြင်ရပါသည်။

ကျွန်တော်လည်း ရေကန်ထဲ တောဘဲများ ကျတတ်သောကြောင့် သေနတ်ထမ်း၍ ထွက်သွားပါသည်။ လမ်းတွင် ကိုတိုင်းကျော်နှင့် တွေ့ပါသည်။ သို့သော် သူထင်သည့်အတိုင်း ဖခင်နောက်သို့ လိုက်ခြင်းမဟုတ်ပါ။ ကျွန်တော့်ရှေ့၌ ဖခင်ရှိကြောင်းကိုပင် ကျွန်တော် မသိပါ။ ရေကန်နှင့် ကိုက်တစ်ရာလောက် ရောက်သောအခါ ဖခင် "တဂူကူး ကူး"ဟု မြည်၍ အချက်ပေးသံကို ကြားပါသည်။ ယင်းအချက်ပေးသံမှာ ဖခင်နှင့်ကျွန်တော်တို့ သဘောတူတိုင်ပင် ပြုလုပ်ထားသော အချက်ပေးသံ ဖြစ်ပါသည်။

ကျွန်တော် ရောက်သွားသောအခါ ဖခင်က စိတ်ဆိုးဟန်နှင့် "ဘာလုပ်လာတာလဲ"ဟု မေးပါသည်။ ယင်းနောက် ကျွန်တော်နှင့် ဖခင် စကားများကြ၍ ကျွန်တော့်ကို ထိုးမည် ကြိတ်မည် ပြုလုပ်ပါသည်။

ကျွန်တော်ကမူ ဖခင် စိတ်ဆိုးမှန်းသိ၍ လှည့်ပြန်လာခဲ့ပါသည်။ အနည်းငယ် သွားမိသောအခါ နောက်မှ အော်သံကြား၍ လှည့်ပြီး ပြန်ပြေးပါသည်။

ဖခင်မှာ ဦးခေါင်းတွင် ဒဏ်ရာကြီးနှင့် လဲနေပါသည်။ ကျွန်တော်က သေနတ်ကို ချထား၍ ပွေ့ထူဆဲတွင် ဖခင် အသက်ကုန်သွားပါသည်။

ထို့နောက် ဖခင်အလောင်းကို ချထားခဲ့၍ ရွာထဲသို့ ပြေးပြီး လူတွေခေါ်ခဲ့ပါသည်။ ဖခင်အနီးတွင် ဘယ်သူမျှလည်း မရှိပါ။

ဘယ်နည်းနှင့် ဒဏ်ရာရသည် ဟူ၍လည်း မပြောနိုင်ပါ။ ဖခင်မှာ လူချစ်လူခင် မများလှသော်လည်း ရန်သူမရှိပါ။ ဒီပြင် ကျွန်တော် ဘာမျှမသိပါ။

ပုလိပ်။ ။ "မသေမီ ဖခင်က ဘာများမှာသွားနိုင်သေးလဲ"

ထွန်း။ ။ "ကယောင်ကတမ်းနဲ့ဆို စကားလေးငါးခွန်း ပြောသံကြားရပါတယ်။ ဘာမှနားမလည်ပါ၊ 'ခေါ်တောကုလား'လား ဘာဆိုလား ပြောသံကြားရပါတယ်"

ပုလိပ်။ ။ "မင်းက ဘယ်လိုအခိပ္ပါယ်ကောက်သလဲ"
ထွန်း။ ။ "မကောက်တတ်ပါ၊ သွေးရှူးသွေးတန်း ပြောတယ်လို့ ထင်ပါတယ်"
ပုလိပ်။ ။ "မင်းတို့ရွာမှာ ခေါ်တောကုလားများ ရှိသလား"
ထွန်း။ ။ "အမြဲနေထိုင်တာ မရှိပါ၊ တစ်ခါတစ်ခါ ကုန်သေးရောင်းတဲ့ ခေါ်တောကုလား နှစ်ယောက်တော့ လာဖူးပါတယ်"
ပုလိပ်။ ။ "မင့်အဖေနဲ့ သူတို့နဲ့ စကားများဖူးသလား"
ထွန်း။ ။ "မများဖူးပါ"
ပုလိပ်။ ။ "မင်းအဖေနဲ့ မင်းနဲ့ စကားများကြတာ ဘာအကြောင်းလဲ"
ထွန်း။ ။ "ကျွန်တော် မပြောနိုင်ပါ"
ပုလိပ်။ ။ "ပြောရမယ်"
ထွန်း။ ။ "မပြောနိုင်ပါ။ သို့သော် ဒီအမှုနဲ့ ဘာမှမဆိုင်ပါ"
ပုလိပ်။ ။ "တဂူကူးကူးဆိုတာ မင်းနဲ့ မင့်အဖေ အချက်ပေးတဲ့ ခေါ်သံ ဟုတ်လား"
ထွန်း။ ။ "ဟုတ်ပါတယ်"
ပုလိပ်။ ။ "မင်းပြန်ရောက်လာမှန်း မသိသေးဘဲနဲ့ မင်းအဖေက ဘယ့်နှယ်ကြောင့် မင်းကို အချက်ပေးခေါ်ရသလဲ"
ထွန်း။ ။ "ကျွန်တော် မပြောတတ်ပါ"
ပုလိပ်။ ။ "မင်းအဖေ အော်သံကြားလို့ မင်း ပြန်ပြေးလာစဉ်က မသင်္ကာစရာ ဘာတစ်ခုမှ မင်း မတွေ့ရဘူးလား"
ထွန်း။ ။ "မြက်ခင်းပေါ်မှာ ဝါတာတာ တစ်ခုတော့ မြင်မိသလိုလို ထင်မိပါတယ်။ ဖခင်ကို ပွေ့ထူရာက တစဖန် ပြန်ထလိုက်တဲ့အခါကျတော့ မတွေ့ရတော့ပါဘူး"
ပုလိပ်။ ။ "မင်း စိတ်ထဲမှာ ဘာထင်သလဲ"
ထွန်း။ ။ "ပဝါလိုလို အောက်မေ့တာပဲ၊ အသေအချာတော့ မပြောနိုင်ဘူး။ ကျွန်တော်လည်း ထူပူနေတာကိုး"
ပုလိပ်။ ။ "အလောင်းနဲ့ ဘယ်လောက်ဝေးသလဲ"
ထွန်း။ ။ "အတောင် ၂၀ လောက် ဝေးမယ်ထင်တယ်"
ပုလိပ်။ ။ "တစ်ယောက်ယောက် လာယူရင် မင်း မြင်ဖို့ကောင်းတယ် မဟုတ်လား"
ထွန်း။ ။ "ကျွန်တော်က ကျောခိုင်းနေတာကိုး၊ ဘယ်မြင်မလဲ"

ဤသည်ကား ဌာန၌ တရားခံ၏ ထွက်ဆိုချက်များပေတည်း။ ကျွန်တော်သည် ယင်း အစစ်ခံချက်များကို ဖတ်ရှုပြီးနောက် ဦးစံရှားက "ဘယ့်နှယ်လဲ၊ ခင်ဗျား ဘယ်လို သဘောရလဲ"ဟု မေးရာ...

"ထွင်လုံးတွေ ထင်ပါရဲ့ဗျာ၊ ဝါတာတာတို့၊ ခေါ်တောကုလားဆိုတာက ထွင်လုံးတွေ ထင်ပါရဲ့"

"ဟုတ်နိုင်ပ့ါမလားဗျ။ သူတို့သားအဖ စကားများတဲ့အကြောင်းခြင်းရာကို ပုလိပ်ကရော၊ ရုံးကရော၊ သနားလောက်အောင် တစ်ခုခုကြံဖန်ပြီး ထွင်မပြောချင်တဲ့ လူတစ်ယောက်က ခေါ်တောတို့၊ ဝါတာတာတို့ကို ကြံကြံစည်စည် ထွင်ပြောတတ်ပ့ါမလားဗျာ။

ခင်ဗျားတို့ ဆင်ခြင်ပုံဟာက လူတစ်ယောက်ကို အခုချက်ချင်း စိတ်ကူးမရှိတဲ့ပုံ၊ တော်တော်ကြာ သိပ်ပြီး စိတ်ကူးရှိတဲ့ပုံ၊ ကမောက်ကမ စဉ်းစားလို့ ဖြစ်နိုင်ပါ့မလားဗျာ။ ဟော... ပြောပြောဆိုဆိုနဲ့ ဟိုရှေ့က ညောင်ပင်လှရွာမှတ်တယ်"

ကျွန်တော်တို့သည် သူကြီးအိမ်သို့ ရောက်ကြသောအခါ ဌာနအုပ်ဦးဘကြားနှင့် သူကြီးတို့ကို အခန့်သင့် တွေ့ကြရလေ၏။

ဦးဘကြားမှာ ရန်ကုန်မြို့မှ စုံထောက်ကြီး ဦးစံရှား ဆိုက်ရောက်လာမည့်အကြောင်းကို သိရှိဟန် လက္ခဏာဖြင့် ခရီးဦးကြိုပြုလေ၏။

ဦးဘကြားမှာ နှုတ်ခမ်းမွေးကောင်းကောင်းနှင့် ခပ်တုတ်တုတ်ရှိသော လူတစ်ယောက် ဖြစ်သောကြောင့် ရွာသားများ၏ မျက်စိ၌ အတော်ခန့်ညားး၍ မင်းဟန်ပါသူတစ်ယောက် ဖြစ်ပေလိမ့်မည်။

ကျွန်တော်တို့သည် သူကြီးက ပြင်ဆင်ထားသော လက်ဖက်ရည်အချိုနှင့် ဘီစကွတ်မုန့် အနည်းငယ်ကို စားသောက်လျက်ရှိစဉ် ဦးဘကြားသည် မျက်နှာထားချိုချိုဖြင့်...

"ဆရာရောက်လာလိမ့်မယ်လို့ မသိန်းညွှန့်က ပြောထားတယ် ဆရာရဲ့။ ဆရာ့သတင်း ကြားရဖူးလေတော့ ဆရာ့ဝါသနာ သိပြီးမို့ ဆရာကြည့်ချင်တာ ကြည့်ရအောင် ကျွန်တော် အားလုံးပြင်ဆင်ထားပါတယ် ဆရာ"ဟု ဖော်ရွေစွာ ပြောလေသည်။

"ကျေးဇူးပါပဲ ခင်ဗျာ"

"ဆရာလည်း မိန်းကလေးကို ကျေးဇူးပြုချင်လို့သာ လာရတယ်၊ မျှော်လင့်စရာ မရှိဘူးဆိုတာတော့ သိပြီးသားနေမှာပါပဲ။

ဒီအမှုမှာ မိုးပေါ်က သိကြားမင်းကြီး ဆင်းလာပြီး စုံထောက်ပေးမယ့် တရားခံဟာ လွတ်ဖို့ရာ လမ်းမရှိဘူးလို့ ကျွန်တော်က မသိန်းညွှန့်ကို ပြောပါတယ်"

"နို့ပေမဲ့ မိန်းကလေးက ကောလိပ်ကျောင်းသူကလေးဆိုတော့ တောက ရာဇဝတ်အုပ် စကားလောက်ကို နားမဝင်ပေဘူးပေါ့ ဆရာရယ်။

ဆရာ့ကို မကြည်ညိုလို့ပြောတာ မဟုတ်ပါဘူး။ ဆရာ့အစွမ်းကိုလည်း ကျွန်တော် ချီးမွမ်းပါတယ်။ အဝေးက ကန်တော့နေပါရဲ့။

သို့ပေမဲ့ ဒီအမှုမှာတော့ အကြောင်းထူးလှမယ် မထင်ပါဘူး ဆရာ။ ဝတ်ကျေတန်းကျေ လိုက်ကြည့်ပြီး ပြန်ရုံရှိမှာပဲ ထင်ပါရဲ့။

ဟော ပြောရင်းဆိုရင်း မသိန်းညွှန့် ရောက်လာပြီ"

ထိုခဏ၌ ရုပ်ရည်အလွန်တရာ ချောမောလှပ၍ ဆံပင်ကို ဖဲစည်းကြိုးနှင့် မခိုတရို စည်းနှောင်လျက် ကပိုကရို ဝတ်ဆင်ထားသော မိန်းကလေးတစ်ယောက်သည် မိန်းမတို့၏ ရွံ့ခြင်း၊ ရှန့်ခြင်းသဘောတို့ကို ဖယ်ရှားလျက် မဟားတရားအမူအရာဖြင့် အိမ်ပေါ်သို့ တက်လာပြီးလျှင် 'ဦးစံရှား'ဟု ခေါ်၍ ကျွန်တော်တို့ နှစ်ယောက်ကို ကြည့်နေလေ၏။

ယင်းနောက် ဦးစံရှားသည် နဖူးတွင် ကမ္ဘည်းထိုးထားသကဲ့သို့ ထင်ရှားသူတစ်ယောက် ဖြစ်သည့်အတိုင်း မိန်းကလေးက ချက်ချင်းပင် မည်သူ ဦးစံရှားဖြစ်သည်ကို သိဟန်ဖြင့် ဦးစံရှားအား စိုက်ကြည့်လျက်...

"ကျွန်မမှာလိုက်လို့ လိုက်လာတဲ့အတွက် ကျေးဇူးကြီးလှပါတယ်ရှင်။ ကိုသိန်းထွန်းဟာ ဘယ်နည်းနဲ့မှ သူ့အဖေကို မဆိုထားနဲ့ ဘယ်သူ့ကိုမှ သတ်ရက်မယ့် လူတစ်ယောက် မဟုတ်ဘူးဆိုတာ ကျွန်မ တပ်အပ်သေချာသိပါတယ်...

ဦးစံရှားလည်း ကျွန်မ စိတ်ချသလို ယုံယုံကြည်ကြည်ကြီး စိတ်ချပြီး ဒီအမှုကို စုံထောက်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။

ဒီအချက်ကို ယုံမှားခြင်းမရှိဘဲ စိတ်ချစေလိုပါတယ်။ ထင်ယောင်ထင်မှား ဖြစ်စရာအချက်တွေ တွေ့ရသော်လဲ မဟုတ်နိုင်ဘူးလို့ စိတ်ချပြီး စုံထောက်ရရင် မြန်မြန် ပေါ်ပေါက်နိုင်လိမ့်မယ်လို့ ကျွန်မ ယုံကြည်ပါတယ်။

ဒီဟာလဲ ပြောချင်လို့ ဦးစံရှားကိုလည်း ကိုယ်တိုင် ကျေးဇူးတင်စကား ပြောချင်လို့ ကျွန်မ လာရခြင်း ဖြစ်ပါတယ်ရှင်"

"အမှန်အတိုင်း ပေါ်ပေါက်အောင် ရှင်းလင်းနိုင်ကောင်းပါရဲ့လေ"

"ကျုပ်ကတော့ တတ်နိုင်သမျှ ကြိုးစားပါ့မယ် မသိန်းညွန့် စိတ်ချပါ"

"ဦးစံရှားလည်း ဒီအမှုအကြောင်း သိတန်သလောက် သိခဲ့ရရောပေါ့။ ပြောစမ်းပါရှင်၊ မျှော်လင့်စရာများ ရှိပါသလား။

ဦးစံရှားစိတ်ထဲမှာ ကိုသန်းထွန်းသတ်တာ မဟုတ်နိုင်ဘူးလို့များ မထင်ဘူးလား မေးပါရစေရှင်"

"သူသတ်တာ မဟုတ်ဘူးလို့ ထင်စရာအချက်တွေလည်း ရှိပါတယ်"

(ဝမ်းမြောက်သော မျက်နှာထားဖြင့်)...

"ကိုင်း... ဘယ့်နယ်ရှိစ ဌာနအုပ်ကြီး၊ ရှင့်အထင်နဲ့ ကွာမနေဘူးလား?

ဒါကြောင့် ကျွန်မ အားကိုးတာပဲ၊ ဘယ့်နယ် ရှိစလေ"

"ဦးစံရှားက ခုမှရောက်လာတဲ့လူ၊ ကျွန်တော်က ဒီမှာ အစအဆုံး စစ်ဆေးနေရတဲ့လူ၊ ဘယ်သူ့စကားက မှန်နိုင်မလဲဗျ"

"ဘယ်သူက ဘာပြောပြော ဦးစံရှားက မှန်ရမယ်၊ ကျွန်မယုံကြည်တယ်။

သူတို့သားအဖ ရန်ဖြစ်တဲ့ အကြောင်းကို ဖွင့်မပြောတာဟာလဲ ကျွန်မနဲ့ ပတ်သက်နေလို့ရှင့်၊ ကျွန်မရှက်မှာစိုးလို့။

ဒီလိုဟာတောင် သူ့အမှုအနာခံပြီး ဖွတ်မြုံနေဖော်ရတဲ့ လူတစ်ယောက်ဟာ သူ့အဖေကို သူသတ်တယ်ဆိုလို့ ဟုတ်နိုင်ပါ့မလားရှင်"

"မသိန်းညွန့်နဲ့ ဘယ်လိုပတ်သက်ပုံလဲ"

"ကွယ်ဝှက်နေရမယ့်အခါလည်း မဟုတ်တော့ပါဘူးရှင်၊ ကျွန်မ ဖွင့်ပြောပါတော့မယ်။

ကိုသန်းထွန်းရဲ့အဖေ ဦးတုတ်ပေါက သူ့သားကို ကျွန်မနဲ့ ယူစေချင်တယ်ရှင့်။

သူနဲ့ကျွန်မနဲ့က ငယ်ငယ်လေးကတည်းက လည်ပင်းဖက် ကြီးလာခဲ့ကြတော့ ကိုသန်းထွန်းက ကျွန်မကို နှမကလေးအရင်းလိုသာ သဘောထားတယ် ထင်ပါရဲ့။

ဒါနဲ့ သူတို့သားအဖဟာ တကျက်ကျက်ပဲ။ ခုတစ်ခါလည်း ဒီအကြောင်းနဲ့ပဲ တူတာပဲ"

"မသိန်းညွန့်ရဲ့အဖေကကော ဘယ်လိုသဘောထားပုံပေါ်သလဲ"

"ဖေဖေကတော့ သဘောမတူပါဘူးရှင်။ အလကား ဒီလူကြီး သူ့ဟာသူ တစ်ယောက်တည်း စိတ်ကူးယဉ်နေတာနဲ့ တူပါတယ်"

ထိုအခါ ဦးစံရှားသည် သူ၏ စူးရှက်နက်နဲသော ကြည့်ခြင်းမျိုးဖြင့် မသိန်းညွန့်အား တစ်ချက်မျှလှမ်း၍ ကြည့်လိုက်ရာ မသိန်းညွန့်မှာ ရှိန်းခနဲ မျက်နှာပူသွားသည့်လက္ခဏာနှင့် နီမြန်း၍ သွားလေတော့၏။

"ကျေးဇူးတင်ပါတယ်၊ မိန်းကလေးရဲ့ အဖေကို နက်ဖြန်လောက် ကျုပ် တွေ့နိုင်ပဲ့မလား"

"ဘယ့်နယ်ကြောင့် ဆရာဝန်လဲ"

"ဩော်… မကြားသေးဘဲကိုး၊ ဦးတုတ်ပေါ သေပြီးကတည်းက ဖေဖေလဲ သွေးပျက်သလိုလိုဖြစ်ပြီး ဗုန်းဗုန်းလဲပါပကောလားရှင်။

ဆရာဝန်နဲ့ ကုနေရတယ်၊ သူတို့ချင်းက တစ်ယောက်ကို တစ်ယောက် သိပ်အရေးလုပ်ကြတာကိုးရှင့်။ ပေါင်းဖေါ်ဖေါ်ကိုး"

"ဘယ်အရပ်မှာ တွေ့ဖူးကြသတဲ့လဲ"

"ရွှေဘိုနယ်ဘက်မှာဆို ထင်ပါရဲ့ရှင်"

အကယ်၍ မောင်သန်းထွန်း ထွက်ဆိုသည့်အတိုင်း အဟုတ်အမှန် ဖြစ်ခဲ့ပါလျှင် သူ၏ဖခင်နှင့် ခွဲခွာသွားသည့်အချိန်နှင့် အော်သံကြား၍ ပြန်ပြေးလာသော အချိန်အတွင်းတွင် ကြောက်ခမန်းလိလိ မည်သည့်အခြင်းအရာမျိုး ဖြစ်ပွားရလေသနည်း။

ဆရာဝန်၏ အစစ်ခံချက်ကို ဖတ်ကြည့်စဉ်အခါ 'ဦးခေါင်း၏ နောက်ပိုင်း လက်ဝဲဘက်တွင် အသွားမရှိသော လက်နက်မျိုးနှင့် ခိုက်မိသည့် လက္ခဏာဖြင့် ကွဲကြေနေကြောင်း'ဟူ၍ တွေ့ရှိရ၏။

ယင်းဒဏ်ရာမျိုးမှာ နောက်မှနေ၍ ရိုက်မှသာ ဖြစ်ကြောင်း ထင်ရှား၏။

မောင်သန်းထွန်းမှာ သူ၏ဖခင်နှင့် ရန်ဖြစ်စဉ်က မျက်နှာချင်းဆိုင် ရှိနေသောကြောင့် ထိုအချက်ကို မောင်သန်းထွန်းအဖို့ မျှော်လင့်ဖွယ်ရာ ရှိနေ၏။

သို့သော် အစိုးရရှေ့နေက ဦးတုတ်ပေါ ရုတ်တရက် နောက်သို့လှည့်ခိုက်တွင် ရိုက်လိုက်ခြင်း ဖြစ်လိမ့်မည်ဟု ပြော၍ ဖြစ်နိုင်လိမ့်မည်ကား မှန်၏။

ထို့ပြင် ခေါ် တောကုလားဆိုသော စကားသည် မည်သည့်အဓိပ္ပါယ် ရှိလေသနည်း။

ဦးတုတ်ပေါသည် ငန်းဖမ်းသောကြောင့် ကယောင်ကတမ်းပြောခြင်း မဖြစ်တန်ရာချေ။ ရုတ်တရက် ဒဏ်ရာအပြင်းအထန်နှင့် သေဆုံးသူများသည် ငန်းဖမ်းသည်ဟူ၍ မရှိနိုင်ချေ။

ထိုစကားသည်ကား မိမိအား မည်သူမည်ဝါက ရိုက်သွားသည်ဟု ပြောပြရန် ကြိုးစားခြင်း ဖြစ်တန်ရာ၏။

ယင်းသို့ ဖြစ်ခဲ့လျှင် မည်သည့်စကားကို ပြောလိုခြင်း ဖြစ်တန်ရာလေသနည်းဟု အမျိုးမျိုးအဖုံဖုံ ကျွန်တော် တွေးတောမိ၏။

သို့ရာတွင် ကျေနပ်လောက်သော စကားကို စဉ်းစား၍ မရနိုင်ချေ။

ထို့ပြင် ဝါတာတာ အရာဝတ္ထုတစ်ခု ဆိုခြင်းမှာ ဧကန်အမှန် ဖြစ်ခဲ့လျှင် သတ်သောသူသည် တစ်စုံတစ်ခု ကျနေရစ်ဟန်တူ၏။

သို့ဖြစ်လျှင် မောင်သန်းထွန်းနှင့် ထိုမျှလောက် နီးကပ်သောနေရာသို့ တစ်ဖန်ပြန်၍ ယူဖုံ့ခြင်းမှာ အတော်ရဲရင့်သူတစ်ယောက် ဖြစ်ရချေမည်။

ထို့ပြင် ယင်းအရာဝတ္ထုမှာ လူတိုင်း အိမ်တိုင်းတွင်မရှိနိုင်သော အတော်ထင်ရှားသော အရာဝတ္ထုတစ်ခု ဖြစ်ရချေမည်။

ထို့ကြောင့်သာ ဤမျှလောက် အရဲစွန့်၍ ပြန်ယူရခြင်း ဖြစ်ပေလိမ့်မည်။ ရှုပ်ထွေးလှချေ၏တကား။

ဦးဘကြားက မောင်သန်းထွန်းအား စွပ်စွဲခြင်းကို အဆိုးမဆိုသာပေ။

သို့ရာတွင် ကျွန်တော့်အဖို့မှာမူ ဦးစံရှား၏အစွမ်းကို ယုံကြည်ပြီးသူတစ်ယောက် ဖြစ်သောကြောင့် သူ၏ အယူအဆများ မှန်လိမ့်မည်ဟု စိတ်ချခြင်းအားဖြင့် စဉ်းစားချက်ကို အဆုံးသတ်လိုက်မိ၏။

ဦးစံရှား ပြန်လာသောအခါ ဦးဘကြားမှာ ဌာန၌ ကျန်ရစ်ခဲ့သောကြောင့် မပါလာတော့ချေ။

"သတ်တဲ့နေရာ သွားကြည့်ဖို့ အလုပ်ကို နက်ဖြန်ထိအောင် ဆိုင်းထားဦးမှပဲဗျို့။ ခင်ဗျားသိတဲ့အတိုင်း ကျုပ်ဝါသနာက စေ့စေ့စပ်စပ် သေသေချာချာ ကြည့်ရမှ ဖြစ်လေတော့ ဒီကနေ့ ခေါင်းရှုပ်သေးလို့ မလုပ်နိုင်သေးဘူး။ နက်ဖြန်မနက်ကျမှ သွားကြည့်ကြစို့။ ဒီအတောအတွင်း မိုးလွတ်ကောင်းပါရဲ့ဗျာ။ မောင်သန်းထွန်းတော့ တွေ့ခဲ့ရဗျို့."

"ဘာများထပ်ပြီး သိခဲ့ရသေးသလဲ"

"ဘာမှ မထူးပါဘူး"

"သဲလွန်စ မပေးနိုင်ဘူးလား"

"ဘာမှ မပေးနိုင်ဘူး၊ တစ်ခါကတော့ သတ်တဲ့လူကို ဒီသူငယ် သိလျက်နဲ့ ဖုံးထားလေသလားလို့ ကျုပ် တွေးမိသေးတယ်။ အခုတော့ဖြင့် သူမသိကြောင်း ကျုပ် သေသေချာချာသိခဲ့ရပြီ။

ဒီသူငယ်က လူပုံကလေးတော့ သနားကမားပဲ၊ ဉာဏ်ဘက်ကတော့ ထက်မြက်လှဟန် မရှိဘူး။ သို့သော် စိတ်နလုံးတော့ ကောင်းပုံရတယ်"

"မသိန်းညွန့်လို မိန်းကလေးကို သူက မကြိုက်နိုင်ဘူး ဆိုပုံထောက်တော့ မျက်စိ သကျည်းလွှဲနေတဲ့ သူငယ်နဲ့တူပါရဲ့"

"ဟာ... ဒီအကြောင်းက တော်တော်ခွကျတဲ့ဟာပဲဗျ။ သူငယ်က မသိန်းညွန့်ကို ကြိုက်ထားလိုက်တာမှ ရှူးမတတ်ပဲ။ နို့ပေတဲ့ လွန်ခဲ့တဲ့ နှစ်နှစ်ခန့်လောက်တုန်းက အိမ်ကထွက်ပြေးပြီး ရန်ကုန်က ဘိုင်စကုတ်ကုမ္ပဏီတစ်ခုမှာ လူကြမ်းဘက်က ရုပ်ဖျက်ပြီး ဝင်လုပ်ခဲ့တုန်းက ဘိုင်စကုတ မိန်းမကြမ်းတစ်ယောက်နဲ့ ညားခဲ့ဖူးဆိုကိုးဗျ။

ဒီအကြောင်းကို ဘယ်သူမှ မသိကြဘူး။ တစ်နေ့က ရန်ကုန်သွားတယ် ဆိုတာလည်း မိန်းမဆီသွားတာတဲ့ဗျ။ ခင်ဗျား စဉ်းစားကြည့်တော့လေ မိန်းမကြီးကိုလည်း ကွာလို့မရ။ မသိန်းညွန့်ကို သူ့စိတ်ထဲက ကြိုက်လိုက်တာကလည်း သေလုလို့။

ဒီအထဲမှာ မသိန်းညွန့်ကို မယူရကောင်းလားလို့ သူ့အဖေကြီးက ကြိမ်းလိုက်တာလည်း ခဏခဏ။ ငနဲကိုသိပ်ပြီး ဗျာများနေတာပဲ။ ရန်ကုန်က မိန်းမကြီးကလည်း သူ့အဖေဟာ စားနိုင်သောက်နိုင်ထဲကဆိုတာ သိလေတော့ တစ်တန်းတန်း တွယ်ထားတာပဲတဲ့။

ဒီအထဲမှာ သူ့အဖေက ဟိုနေ့က ကြိမ်းလေတော့ စိတ်ပျက်ပျက်နဲ့ ဖြစ်ချင်ရာဖြစ် ဆိုပြီးတော့ လက်မြှောက်လိုက်မိတာပါတဲ့ဗျ။ ထိုးမလို့ ကြိတ်မလို့ ရွယ်တာ မဟုတ်ရပါဘူးတဲ့ဗျာ။ နို့ပေမဲ့ ငနဲမှာ ဝမ်းနည်းစရာတွေထဲမှာ ဝမ်းသာစရာတစ်ခု တွေ့ရတယ်တဲ့ဗျ"

"ဆိုစမ်းပါဦးဗျာ"

"ရန်ကုန်က မိန်းမကြီးက သူ့အမှုအကြောင်း ကြားတော့ ကြိုးပေးခံရတော့မှာပဲလို့ အောက်မေ့ပြီး သူနဲ့ တစ်စုံတစ်ရာ မပတ်သက်ကြောင်း၊ သူ့မှာ ကုလားလင်ကြီး ရှိကြောင်း၊ ကုလားကြီး ဘင်္ဂလားက ပြန်လာပြီဖြစ်၍ သူနဲ့ကင်းရှင်းကြောင်းကို စာရေးပြီး ထည့်လိုက်သတဲ့။

ကိုယ့်လူက ဒီစာကို ကျုပ်ပြပြီး 'ဒီအမှုဖြစ်ရတာ ခပ်ကောင်းကောင်း ရှိပေသေးတော့တယ် ဆရာရယ်' တဲ့။ ရယ်ကာ ပြုံးကာ ပြောလိုက်သေးတယ်"

"ဒါဖြင့် နေပါဦးဗျ၊ ဦးတုတ်ပေါကို သူ မသတ်ဘူးဆိုရင် ဘယ်နည်းနဲ့ သေတာလဲဗျ"

"ခင်ဗျား စဉ်းစားဖို့ အချက်နှစ်ခု ကျုပ် ညွှန်လိုက်မယ်။ ပထမတစ်ချက်က ဦးတုတ်ပေါဟာ သာဓုကန်မှာ တစ်ယောက်ယောက်နဲ့ တွေ့ဆုံဖို့ ချိန်းထားတာ မှန်တယ်။ သို့သော် သူ့သားနဲ့ချိန်းတာ မဟုတ်ဘူး။ ဘာကြောင့်လဲဆိုတော့ သူ့သား အိမ်မှာမရှိဘူးဆိုတာ ဦးတုတ်ပေါ သိတယ်။

ဒုတိယအချက်က ဦးတုတ်ပေါဟာ သူ့သားပြန်ရောက်လာမှန်း မသိရသေးဘဲနဲ့ 'တဂူကူးကူး'လို့ မြည်ပြီး ခေါ်တယ်။ ဒီအမှုမှာ ဒီအချက်နှစ်ချက်ဟာ အရေးအကြီးဆုံးပဲ ကိုသိန်းမောင်ရဲ့။ အဲဒီနှစ်ချက်ကို အနလုံ ပဋိလုံ ပြန်လှန်မွှေနှောက်ပြီး ခင်ဗျား စဉ်းစားကြည့်ပေတော့"

***

နောက်တစ်နေ့ နံနက်စောစောတွင် ဦးဘကြား ရောက်လာရာ ကျွန်တော်တို့ သုံးယောက်သည် သူကြီးအိမ်မှ ထွက်လာကြလေသည်။ လမ်းခရီး၌ ဦးဘကြားက...

"ဒါထက် ဆရာ၊ မသိန်းညွန့်ရဲ့ဖခင် မြေပိုင်ရှင် ဦးသိန်းဖဲကြီး ရောဂါတိုးလို့ ဆရာဝန်တွေ လက်လျှော့ကုန်ရပြီတဲ့"ဟု ဝမ်းနည်းသံနှင့် ပြောလေ၏။

"တော်တော် အသက်ကြီးပြီလား"

"ခြောက်ဆယ်လောက်ရှိပြီ။ လူကြီးက တရှောင်ရှောင် မမာနေတာ ကြာပါပြီ။ ဒီအထဲမှာ သူ့မိတ်ဆွေကြီးတစ်ယောက် ပျက်စီးသွားတော့ သူ့စိတ်မှာ ချောက်ချားသွားတယ် ထင်ပါရဲ့။ သူတို့နှစ်ယောက် ဘယ်လောက်ခင်မင်ကြသလဲဆို လယ်မြေကေ ငါးဆယ်လောက်ကို လယ်ထောက်ခ တစ်ပြားမှမယူဘဲ ကြည့်ရှုထားသတဲ့"

"ဟုတ်လား"

"ဒါတင်မကသေးဘူး။ ဒို့ပြင်လည်း အနည်းနည်းနဲ့ ကြည့်ရှုသေးဆိုပဲ။ လူတိုင်းက သူတို့ကို ချီးကျူးနေကြတာပဲ၊ ခုကာလမှာ ဒီလိုမိတ်ဆွေမျိုး ဘယ်မှာမှ မကြားရဖူးဘူးတဲ့"

"ဒါထက် ခင်ဗျားတို့ တစ်ခုမစဉ်းစားမိကြဘူးလားဗျာ။ ဦးတုတ်ပေါဟာ ဦးသိန်းဖဲရဲ့ ကျေးဇူးခံ ကျေးဇူးစားလည်း ဖြစ်သေးရဲ့။ မသိန်းညွန့်ဟာ မြေပိုင်ရှင်ကြီးတစ်ယောက်ရဲ့ တစ်ဦးတည်းသော သမီးကလေး ဖြစ်လို့မို့ သူဌေးမလောင်းကလေး တစ်ယောက်လည်း ဖြစ်သေးရဲ့။ ဒီအထဲကနေပြီး ဦးတုတ်ပေါက သူ့သားကို မသိန်းညွန့်နဲ့ယူဖို့ တိုက်တွန်းနေပုံဟာ သူပြောရင် ပြီးရတော့မှာလို ပိုင်ပိုင်နိုင်နိုင်ကြီး မကျလွန်းဘူးလားဗျာ။

ဒီအထဲမှာ ဦးသိန်းဖဲကိုယ်တိုင်က သဘောမတူဘူးလို့ မသိန်းညွန့်ပြောလို့ သိရပြန်တော့ သာပြီးအံ့သြဖို့ မကောင်းဘူးလားဗျာ။

အဖေလုပ်တဲ့လူ တစ်ယောက်လုံးက သဘောမတူနိုင်ပါဘူးလို့ ဆိုပါလျက်နဲ့ ဦးတုတ်ပေါကြီးက သူ့သားကို ကြက်ကလေး ငှက်ကလေး တောင်းယူတာမျိုးလို တောင်းယူဖို့ တိုက်တွန်းနားချနေပုံဟာ တစ်ဆိတ် မလွန်လွန်းဘူးလားဗျာ"

"လွန်လွန်းသလား မလွန်လွန်းဘူးလားဆိုတာ ကျွန်တော်တို့ အလုပ်မဟုတ်ပါဘူး ဆရာ၊ ကျွန်တော်တို့အလုပ်က..."

"မှန်ပါတယ်၊ သတ်တဲ့လူပေါ်အောင် စုံထောက်ဖို့ပါပဲ"

"ဘာမှ စုံထောက်နေဖို့ မလိုပါဘူးဆရာ၊ မောင်သန်းထွန်းသတ်တာ အမှန်ပဲ။ ဆရာသာ မသိန်းညွန့် ကျေနပ်အောင် ကွေ့ကွေ့ကောက်ကောက် လိုက်ပေတော့။ ကျွန်တော်တို့တော့ တန်းတန်းပဲ လိုက်တော့မယ်"

ဦးစံရှားသည် ပြုံးစိစိမျက်နှာထားဖြင့် ဦးဘကြားအား ကြည့်သော်လည်း မည်သို့မျှ ပြန်မပြောတော့ဘဲ ဆေးတံကိုသာ ဖွာလျက် လိုက်လာလေ၏။

"ဟိုရှေ့က နှစ်ဆောင်ပြိုင်အိမ်ဟာ ဦးတုတ်ပေါတို့အိမ်ပဲ"

ဟု ဦးဘကြားက ပြောသဖြင့် လှမ်းကြည့်လိုက်ကြသောအခါ တောမသာအိမ် ထုံးစံအတိုင်း ကစားဝိုင်းမှ အိပ်ပျက်ထားသော လူတစ်စုနှင့် ချက်ပြုတ်ကြော်လှော်နေကြသော လူများကို တွေ့မြင်ရသေး၏။

အိမ်ပေါက်သို့ရောက်သောအခါ ဦးစံရှားသည် စာရင်းငှားတစ်ယောက်အား ခေါ်၍ ကွယ်လွန်သူ ဦးတုတ်ပေါ၏ ဘုံဘိုင်ရေဖိနပ်ဟောင်းနှင့် မောင်သန်းထွန်း၏ 'ဟတ်ရှူး'ဟောင်း တစ်ရန်ကို တောင်းယူပြီးနောက် အနံ့၊ ပြက်၊ အလျား စသည်ဖြင့် လေးငါးခြောက်နေရာတို့ကို တိုင်းထွာမှတ်သားလေ၏။

ယင်းနောက် ကျွန်တော်တို့သည် သာခုကန်သို့ ဆက်လက်သွားရောက်ကြလေ၏။

ဦးစံရှားမှာ ရေကန်သို့ရောက်၍ မြက်ခင်းပေါ်တွင် ခြေရာကောက်မိသည်နှင့် တစ်ပြိုင်နက် သူ၏အမူအရာမှာ တစ်ခါတည်း ပြောင်းလဲ၍ သွားလေ၏။

အိမ်၌နေစဉ် ပက်လက်ကုလားထိုင်ပေါ်တွင် ဆေးတံကို ခဲလျက် အမှုအကြောင်းကို စိတ်ကူးတွေးတောနေသော ဦးစံရှားကိုသာ မြင်ရဖူးသူများသည် အမှုနှင့်ပတ်သက်၍ ခြေရာကောက်နေသော ဦးစံရှားကို မြင်ရသောအခါ မှတ်မိကောင်းမှ မှတ်မိကြပေလိမ့်မည်။

ဤအခါမျိုး၌ကား ဦးစံရှားသည် နာခေါင်းပွပွ၊ အကြောပြိုင်းပြိုင်းထလျက် စူးရှသော မျက်လုံးများဖြင့် စိတ်အာရုံစူးစိုက်ကာ ရှေ့တိုးနောက်ငင် နားတစွင့်စွင့်နှင့် ကုန်းချည်တစ်ခါ မှောက်ချည်တစ်လှည့် စောင်းငဲ့သောဦးခေါင်းဖြင့် ဤမှထိုမှ လူးလာတုံ့ပြန် ရှိနေရကား ယုန်နံ့ခံ၍ လိုက်နေသည့် ခွေးသမင်ကြီးနှင့် တူလှပေ၏။

ထိုအခါမျိုး၌ကား သူ့အား စကားတစ်ခွန်းတလေမျှ ပြောမိလျှင် မကြားဟန်ပြု၍ နေသည်ဖြစ်စေ၊ စိတ်တိုစွာနှင့် ငေါက်လိုက်ကာဖြစ်စေ ပြုမူလေ့ရှိ၏။

ရေကန်ပတ်လည်၌ မြေကြီးမှာ ခပ်ဆိုင်းဆိုင်းရှိနေသဖြင့် မြက်ခင်းပေါ်၌လည်းကောင်း၊ လူသွားလမ်းကလေးပေါ်၌လည်းကောင်း ခြေရာများဖြင့် ရှုပ်ထွေးလျက် ရှိ၏။

ဦးစံရှားသည် တစ်ခါတစ်ရံ သုတ်သုတ်သွား၍ တစ်ခါတစ်ရံ ရပ်တန့်နေရာ တစ်ခါတစ်ရံ ရေကန်မှ ခွာထွက်ပြီး တောကလေးထဲသို့ ကွေ့၍ လိုက်သွားသေး၏။

ကျွန်တော့်မှာမူ ဦးစံရှား၏ အပြုအမူမှန်သမျှ၌ အဓိပ္ပါယ်ရှိရမည်ဟု သိသောကြောင့် စိတ်ဝင်စားလျက် စောင့်ကြည့်နေလေ၏။

သာခုကန်မှာ ကိုက် ၃၀ ခန့် ကျယ်ဝန်း၍ ကြာပင်များဖြင့် ဖုံးအုပ်လျက်ရှိရာ ယင်း၏ပတ်လည်၌ ခြေလှမ်း ၂၀ ခန့် ကျယ်ဝန်းသည့် မြက်ခင်းဖြင့် ဝန်းရံလျက် မြက်ခင်းအဆုံးတွင်မူကား သစ်ပင်ကလေးများ ပေါက်လျက်နေသဖြင့် တောကလေး ဖြစ်နေ၏။

ဦးဘကြားသည် အလောင်းတွေ့သောနေရာကို ကျွန်တော်တို့အား ပြသလေရာ မြေကြီးမှာ အတော်ပင် ပျော့သောကြောင့် ဦးတုတ်ပေါလဲကျသောနေရာကိုပင် ထင်ရှားစွာ မြင်နိုင်ပေ၏။

ဦးစံရှားမှာမူ ကျွန်တော်တို့ မြင်သည်ထက် များစွာပို၍ မြင်ရကြောင်းကို သူ၏ မျက်နှာထားအားဖြင့် ကျွန်တော် သိရ၏။

ဦးစံရှားသည် အလောင်းတွေ့သောနေရာတွင် ပတ်ပတ်လည်လှည့်၍ ခပ်သုတ်သုတ် လျှောက်သွားပြီးနောက် ဦးဘကြားဘက် ရုတ်တရက်လှည့်၍...

"ခင်ဗျား ရေကန်ထဲကို ဘာလို့ဆင်းရသလဲ"

ဟု မေးလိုက်လေ၏။

"ဘာများတွေ့ရမလဲလို့ ရေကန်ထဲ မွှေရှာကြည့်တာပဲ၊ ဒါထက် ဘယ့်နယ်လုပ်ပြီးသိ..."

"အို... အမေးအမြန်း မထူစမ်းပါနဲ့ဗျာ။ အချိန်မရှိသေးဘူး။ ခွင်ခွင်ကြီးဖြစ်နေတဲ့ ခင်ဗျားဘယ်ခြေရာကြီးက နေရာတကာတိုင်း နှံ့နေတာပဲ။ ဟောဟိုက ရေစပ်မှာ ပျောက်သွားတယ်။

ခင်ဗျားတို့တစ်တွေက နွားရိုင်းအုပ်ကြီး ရိုက်ခြောက်လိုက်တာလို နေရာတကာ လျှောက်ပြီး နင်းခြေမထားခင်က ကျုပ်လာကြည့်လိုက်ရရင် ဘယ်လောက်များ လွယ်မလဲလို့။

ဟောဒါက ရွာသားတွေ ဝိုင်းလာပြီး အလောင်းကို ဝိုင်းကြည့်နေကြတဲ့ ခြေရာတွေပဲ။ ဒါထက် ဒီအထဲမှာ သုံးကြိမ် သုံးခေါက် လျှောက်ထားတဲ့ ခြေရာတစ်ခုဟာ တော်တော်ထင်ရှားတယ်"

ဟု ပြော၍ ဦးစံရှားသည် မြက်ခင်းပေါ်တွင် အလျားမှောက်လျက် ခါးပိုက်ဆောင် မှန်ဘီလူးကလေးဖြင့် သေချာစွာ ကြည့်နေလေ၏။

ထို့နောက် တစ်ယောက်တည်း စိတ်ကူးရင်း စကားပြောနေသည့် အသံမျိုးနှင့်...

"ဒီဟာက မောင်သန်းထွန်းရဲ့ ခြေရာပဲ၊ နှစ်ခေါက်ဟာက ဖြည်းဖြည်းလျှောက်တာ၊ တစ်ခေါက်ဟာက ပြေးလာတဲ့ခြေရာပဲ။ ဖနောင့်ရာ ကောင်းကောင်းမထင်ဘဲ ဖိနပ်ဦးရာတွေချည်း သိပ်ထင်နေတယ်။

ဒီဟာကို ထောက်ခြင်းအားဖြင့် သူ့စကားမှန်တယ်လို့ ယူဆထိုက်တယ်။ ဟောဒါက ဦးတုတ်ပေါ စကြံလျှောက်ထားတဲ့ ခြေရာပဲ။ အလို... ဒီဟာက ဘာလဲ။

...ဪ... သိပြီ၊ သေနတ်ဒင်ကို မြေကြီးပေါ်မှာ ထောက်ထားတဲ့အရာပဲ။ အဖေ့စကားကို သားက ရပ်ပြီး နားထောင်နေဟန်တူရဲ့။ အလို... အလို...

ဒီဟာတွေက ဘာတွေပါလိမ့်၊ ကျားပါးစပ်ဖိနပ်ကြီးနဲ့ ခြေဖျားထောက်ပြီး လာတဲ့ ခြေရာတွေပါကလား။ တော်တော်ဖြက်ကျယ်တဲ့ ခြေရာပဲ။ ဟောဒီမှာ လာတယ်။

ဟောဒီမှာ ပြန်သွားတယ်၊ ဟောဒီမှာ ပြန်လာတယ်၊ ဪ... သိပြီ၊ ပဝါကျနေလို့ ပြန်လာရသေးတာကိုး။ ကိုင်း... သူ ဘယ်ကလာသလဲ ကြည့်စမ်းရအောင်"

ဟု ပြော၍ ဦးစံရှားသည် ခြေရာခံရင်း တဖြည်းဖြည်း လိုက်သွားရာ တောစပ်ကလေးရှိ ညောင်ပင်ကြီးတစ်ပင်အောက်သို့ ရောက်သွားလေ၏။

ဦးစံရှားသည် ညောင်ပင်ကြီးအောက်တွင် မှောက်လျက် ကြည့်ရင်း သစ်ရွက်ခြောက်များ၊ သစ်ကိုင်းခြောက်များကို လှန်လှောပြီးနောက် တစ်နေရာမှ မြေမှုန့်သဏ္ဍာန်တူသော အမှုန့်ကလေးများကို ခြစ်ယူ၍ စာအိတ်ကလေးတစ်အိတ်ထဲသို့ ထည့်လိုက်လေ၏။

ထို့နောက် ဦးစံရှားသည် ညောင်ပင်ကြီးမှ သစ်ခေါက်များကိုပင် မှန်ဘီလူးနှင့် သေချာစွာ ကြည့်နေသေး၏။

သစ်ပင်ခြေရင်း၌တွေ့သော ကျောက်တုံးကြီးတစ်တုံးကိုလည်း သေချာစွာကြည့်ပြီး ကောက်ယူလာခဲ့လေ၏။

ထို့နောက် တောကလေးတစ်လျှောက် ဖြတ်၍ လမ်းသို့ ရောက်အောင် လိုက်သွားသေးရာ ထိုနေရာ၌မူ ခြေရာများ ရောနှောသွားဟန် ရှိ၏။

"ဒီအမှုကလေးက တော်တော်စိတ်ဝင်စားဖို့ ကောင်းတဲ့ အမှုကလေးပဲ။ သို့သော် တော်လောက်ပါပြီ။ ကျုပ် သိလိုသမျှ သိခဲ့ရပါပြီ၊ ပြန်ကြပါစို့"

လမ်းခရီး၌ ဦးစံရှားသည် ယခင် ကျောက်တုံးကို ပြလျက်...
"ဒီကျောက်တုံးဟာ သာမညကျောက်တုံး မဟုတ်ဘူးဗျ၊ ဒီအမှုမှာ သိပ်အရေးကြီးတာပဲ"
ဟု ပြောလေ၏။

"ဘာကြောင့်လဲ ဆရာ"
"ဦးတုတ်ပေါ်သေတာ ဒီလက်နက်နဲ့ သေရရှာတာပဲ"
"အရာတွေလည်း မတွေ့ပါလား ဆရာ"
ဟု မယုံကြည်သော မျက်နှာထားဖြင့် ကိုင်ကြည့်၍ ဦးဘကြားက ပြောလေ၏။

"မရှိဘူးလေ"
"ဒါဖြင့် ဆရာ ဘယ့်နယ်သိသလဲ"
"ကျောက်တုံးအောက်မှာ မြက်ပင်တွေ ပေါက်နေတယ်၊ ဒီကျောက်တုံးက ဒီနေရာရောက်တာ မကြာသေးဘူး။ ဒီကျောက်တုံး ထုတ်ယူခဲ့တဲ့နေရာလဲ မတွေ့ရဘူး။ ဒဏ်ရာတွေနဲ့ သူနဲ့လည်း ကိုက်တယ်။ ဒို့ပြင်လက်နက်လည်း မတွေ့ရဘူး"
"နို့ သတ်တဲ့လူကကော ဆရာ"
"အရပ်မြင့်မြင့်၊ ဘယ်သန်၊ လက်ယာဘက် ခြေထောက်က ထော့ကျိုး၊ ထော့ကျိုး လမ်းလျှောက်တယ်။ ကျားပါးစပ်ဖိနပ် ခွာထူထူစီးတယ်။ ပိုးစစ်ပဝါပေါင်းတယ်။
ဆေးပြင်းလိပ်ကို စွပ်တံတပ် သောက်တတ်တယ်။ ဒို့ပြင်အချက်တွေလည်း ရှိပါသေးရဲ့။ နို့ပေမဲ့ ဒီလောက်ဆိုရင် ရှာနိုင်လောက်ပါပြီကောဗျာ"
ဦးဘကြားမှာ အံ့ဩသလိုဖြစ်သွားပြီးနောက် မဟုတ်နိုင်ဟု သဘောရဟန်ဖြင့် ရယ်မိလေ၏။

"တွေးလုံးကတော့ ကောင်းပါပေ့ ဆရာ။ နို့ပေမဲ့ တရားသူကြီးလုပ်တဲ့ လူက တွေးလုံးလောက်ကို လက်မခံပေဘူးထင်တယ် ဆရာရဲ့"

"ဒါဖြင့် ကိုယ့်နည်းနဲ့ကိုယ် အလုပ်လုပ်ကြတာပေါ့လေ။ ကျုပ်တော့ ဒီတစ်ညနေ အလုပ်လုပ်ပြီး ညနေခင်းလောက် ပြန်တော့မယ်"

"ဘယ့်နှယ်လဲ၊ တန်းလန်းပစ်ထားခဲ့တော့မှာလား ဆရာ"

"ဘယ်ဟုတ်မလဲ၊ အားလုံးပြီးရမှာပေါ့"

"နို့ တရားခံကကော ဆရာရယ်"

"ကျုပ်ပြောတဲ့ လူပဲ"

"အမည်နာမနဲ့ လုပ်မှပေါ့ ဆရာ"

"ရှာကလေး ဆီးရွက်လောက်မှာ ဒီလောက်မှ ခင်ဗျားတို့ တွေ့အောင် မရှာနိုင်ဘူးလားဗျာ"

"ဘယ်သန်နဲ့ ခြေကျိုးဆိုရုံလောက်နဲ့ လိုက်ရှာလို့ လူရယ်စရာ ဖြစ်နေရောပေါ့ ဆရာ"

"ခင်ဗျားသဘောပဲလေ၊ ကျုပ် တတ်နိုင်သလောက် ခင်ဗျားကို ပြောပြပြီးပြီကော၊ ကိုင်း... ကိုင်း၊ ဒီကပဲ ခွဲကြစို့ရဲ့။ ကျုပ်မပြန်ခင် စာရေးလိုက်ဦးမပေါ့ဗျ"

ကျွန်တော်တို့သည် သူကြီးအိမ်သို့ သွားရောက်ကြ၍ နံနက်စာ စားသောက်ကြပြီးနောက် ဦးစံရှားမှာ ဆက်လက်၍ စိတ်ကူးတွေးတောနေသေး၏။

ဦးစံရှား၏ မျက်နှာထားမှာ မဖြစ်စေလိုသော အခြင်းအရာမျိုး ဖြစ်နေသည်ကို တွေ့ရဟန်နှင့် ကြည်ရွှင်ခြင်း မရှိဘဲ အလွန်နှုတ်ဆိတ်လျက် ရှိ၏။

နောက်ဆုံး၌ "ဒီလာစမ်းဗျာ ကိုသိန်းမောင်၊ ကျုပ်တော့ ဘယ်လိုလုပ်ရမှန်း မသိအောင် အကြံခက်နေတယ်။ အကြံပေးနိုင် ပေးစမ်းပါဗျာ"

ဟု စိတ်အိုက်ဟန်ဖြင့် ပြောလေ၏။

"ဆိုစမ်းပါဦးဗျာ"

"ဒီလိုဗျ မောင်သန်းထွန်းပြောတဲ့ စကားထဲမှာ ကျုပ်အဖို့ အရေးကြီးတာ နှစ်ချက်ရှိတယ်။ တစ်ချက်က ဦးတုတ်ပေါဟာ မောင်သန်းထွန်းကို မမြင်မီ တဂူကူး ကူးလို့ အချက်ပေးတယ်ဆိုတဲ့ ကိစ္စပဲ။

တစ်ချက်က ဦးတုတ်ပေါ သေခါနီးမှာ ခေါ်တောကုလားဆိုလား ပြောသွားသေးတယ် ဆိုတဲ့ အချက်ပဲဗျ။ ဒီနှစ်ချက်ကို အမှန်ထားပြီး ကျုပ်တို့ စဉ်းစားရလိမ့်မယ်"

"တဂူကူးကူးအကြောင်းကို ခင်ဗျား ဘယ်လိုယူဆသလဲ"

"ဦးတုတ်ပေါ အချက်ပေးခြင်းဟာ သူ့သားအဖို့ ရည်ရွယ်တာ မဟုတ်ကြောင်းတော့ ထင်ရှားတယ်။ သူ့သားဟာ ရန်ကုန်မှာ ရှိသေးတယ်လို့ သူ့အဖေက ထင်မှတ်နေတုန်း ရှိသေးတာကိုးဗျ။

ဒါကြောင့် မောင်သန်းထွန်း ကြားသွားခြင်းဟာ မရည်ရွယ်ဘဲနဲ့ ကံအားလျော်စွာ ကြားသွားတယ်လို့ ဆိုရမယ်။ ဦးတုတ်ပေါက သူချိန်းထားတဲ့လူကို ခေါ်တဲ့သဘောနဲ့ တဂူကူး ကူးလို့ အချက်ပေးခြင်း ဖြစ်ရမယ်။

ဒီလို အချက်ပေးနည်းမျိုးဟာ ဘယ်အရပ်က သုံးတတ်သလဲဆိုတော့ အညာဆီမှာ၊ အထူးသဖြင့် ရွှေဘိုနယ်က ချိုးတည်တဲ့ လူစုတွေသုံးတတ်တဲ့ အချက်ပေးနည်းမျိုးကိုးဗျ။

ဒါကြောင့် ဦးတုတ်ပေါ်နဲ့ ချိန်းထားတဲ့လူဟာ အညာမှာနေဖူးတဲ့လူထဲက ဖြစ်ရမယ်လို့ တွေးစရာရှိတယ်"

"ခေါ် တောကုလား ဆိုတာကကောဗျာ"

ထိုအခါ ဦးစံရှားသည် သူကြီးမှ တစ်ဆင့် မြေတိုင်းစာရေးထံမှ ငှားရမ်းကြည့်ရှုထားသော မြေပုံတစ်လိပ်ကို ဖြန့်၍ခင်းလေ၏။

မြေပုံမှာ ကြေးတိုင်ဘက်မှ ထုတ်သည့် ရွှေဘိုဒိစတြိတ်၏ မြေပုံဖြစ်၍ ထိုစီရင်စုနယ်မှ လယ်ကွက်များနှင့်တကွ ရွာများ၏ အမည်ကိုပါ ဖော်ပြပါရှိလေသည်။

ဦးစံရှားသည် ဝက်လက်မြို့နယ်ပိုင်တွင် ကြည့်ပြီးနောက် ဝက်လက်မြို့၏ တောင်ဘက်တွင် တည်ရှိသော ရွာကလေးကို ထောက်ပြလျက် 'ဖတ်စမ်းဗျာ'ဟု ခိုင်းလေ၏။

ကျွန်တော်လည်း ထောက်ပြသော နေရာမှာ စာလုံးများကို ဖတ်လိုက်ရာ 'ခေါတော' ဟူသော ရွာအမည်ကို တွေ့ရလေ၏။

"ဦးတုတ်ပေါ်ပြောတာက ခေါတောရွာက မည်သူမည်ဝါလို့ ပြောဟန်တူပါရဲ့။ သူ့သားက နားစွန်နားဖျား ကြားလိုက်ရပြီး 'ခေါတော'ကို 'ခေါ် တော'လို့ မှတ်ထားမိဟန် တူပေမယ်။ ဘယ့်နယ်လဲ"

"ဟုတ်လိုက်လေဗျာ၊ ဒီအတိုင်းပဲနေမှာပဲ။ အောက်သူအောက်သားထဲက ဆိုရင် ဘယ်သူဖြစ်ဖြစ် ဒီလိုကြားလိုက်ရရင် မကြားဖူးတဲ့ 'ခေါတော'ကိုတော့ တွေးမှာမဟုတ်ဘူး။

ကြားနေကျ 'ခေါ် တော'လို့ တွေးမှာချည်းပဲ။ ကောင်းလိုက်လေဗျာ တွေးပုံကလေး"

"ပြီးတော့ မောင်သန်းထွန်းက ဝါတာတာလို့ ပြောခြင်းကို ကျုပ်က ပိုးစစ်ပဝါလို့ ကောက်ချက်ထုတ်လိုက်တယ်။ သားတစ်ယောက်လုံး အနီးမှာရှိလျက်နဲ့ တစ်ခေါက်ပြန်ပြီး ယူရခြင်းဟာ တော်တော်ထင်ရှားတဲ့ ပစ္စည်းမျိုး ဖြစ်ရမယ်ဗျ။

သာမည ပဝါအဝါရောင်ဆိုရင် သူရောင်ါပါ ရှိနိုင်တဲ့ပစ္စည်း ဖြစ်လေတော့ ဒီလောက်တောင် စွန့်ပြီး ယူမယ် မဟုတ်လှဘူး။ ဒီပဝါတွေ့သွားရင် သူ့ပဝါမှန်း လူတိုင်းသိသွားမှာ စိုးလေတော့ အရဲစွန့်ပြီး ယူရန်ဟန်တူတယ်။

အညာက လူကြီးတွေဟာ ပိုးစစ်ပဝါ အဝါကို အင်မတန်ပေါင်းလေ့ရှိတယ်။ ဒါကြောင့် ကျုပ်က ပိုးစစ်ပဝါလို့ ဆိုရခြင်းဖြစ်တယ်၊ ဘယ့်နယ်လဲ"

"သဘောကျပ့ါဗျာ"

"ဒီတော့ ကျုပ်တို့ ဘယ်အခြေအနေ ရောက်လာပြီလဲ။ ရွှေဘို ဒိစတြိတ်၊ ဝက်လက်မြို့နယ်က ပိုးစစ်ပဝါပေါင်းတတ်တဲ့လူလို့ သိရပြီ။ ဟုတ်စ"

"မှန်ပါတယ်"

"ပြီးတော့ ဒီကနေ့ သာခုကန်မှာ ကျုပ်တွေ့ခဲ့ရတဲ့ အချက်ကလေးတွေနဲ့ ပေါင်းစပ်ပြီး ကြည့်လိုက်ပြန်ရင် သေချာသည်ထက် သေချာမလာဘူးလားဗျာ"

"နေပါဦးဗျာ၊ ခင်ဗျား ဘယ့်နယ်လုပ် သိသလဲ"

"ကျုပ်နည်းတွေ ခင်ဗျားသိထားပြီးမဟုတ်လားဗျ"

"အရပ်မြင့်တာတော့ ခြေလှမ်းကို တိုင်းခြင်းအားဖြင့် သိနိုင်တာ ဟုတ်ပါပြီ။ ခြေထောက်ကျိုးသွားတာကကောဗျာ"

"သူ့ခြေရာတွေက နေရာတိုင်းမှာ လက်ယာ ခြေရာဟာ လက်ဝဲခြေရာလောက် မထင်ရှားဘူးဗျ။ ဘာကြောင့်လဲဆိုတော့ ညာဘက်ကို ဖော့နင်းရလို့...

ဘာကြောင့် ဖော့နင်းရသလဲဆိုတော့ ခြေထောက်ကျိုး လျှောက်ရလို့ပေါ့ဗျ"

"ဘယ်သန်ဆိုတာကကောဗျာ"

"ဆရာဝန်ထွက်ချက်ကို ခင်ဗျား သတိပြုမိတယ်ဆို မဟုတ်လား။ ဒဏ်ရာဟာ နောက်ကနေပြီး လုပ်လိုက်ပါလျက်နဲ့ ဦးခေါင်းလက်ဝဲဘက်မှာ ထိသွားတယ်ဆို မဟုတ်လား။ ခင်ဗျား စဉ်းစားကြည့်လေ။

ညာဘက်နဲ့လုပ်ရင် ညာဘက်မှာထိရမယ်၊ ဘယ်ဘက်လက်နဲ့ လုပ်လိုက်လို့သာ ဘယ်ဘက်မှာ ထိနိုင်တာပေါ့ဗျ။ ဘယ်သူမဆို ခွန်အားစိုက်ပြီး ရိုက်ရနက်ရတဲ့အလုပ်မှာ ကိုယ်သန်ရာလက်နဲ့သာ လုပ်လေ့ရှိတယ်။

ဒီဒဏ်ရာမှာ ဘယ်ဘက်လက်နဲ့လုပ်တဲ့ ဒဏ်ရာဖြစ်တဲ့အတွက် ဒီလူကို ကျုပ်က ဘယ်သန်လို့ ဆိုတယ်။ သားအဖနှစ်ယောက် စကားပြောနေတုန်းမှာ ဆေးလိပ်တောင် သောက်နေတဲ့ လက္ခဏာရှိတယ်။ ဆေးလိပ်ပြာတောင် ကျုပ်က တွေ့သေးတယ်။

ဆေးပြာအကြောင်း ကျုပ်က သေသေချာချာ လိုက်စားထားဖူးလေတော့ ပြာကို ကြည့်ခြင်းအားဖြင့် ဆေးပြင်းလိပ်လို့ ကျုပ်က အတပ်ဆိုတယ်။

ပြာကို တွေ့ပြီးနောက် ကျုပ် လိုက်ရှာပြန်တော့ သစ်ပင် မြစ်ရင်းနားမှာ ဆေးပြင်းလိပ်တိုကိုတောင် ကျုပ် တွေ့သေးတယ်"

"ဆေးလိပ်စွပ်တံ အကြောင်းကကောဗျာ"

"ဆေးလိပ်တိုရဲ့ဖင်ကို သေသေချာချာ မှန်ဘီလူးနဲ့ကြည့်တော့ သူ့ပါးစပ်ထဲ ရောက်တဲ့အရာ တစ်ခုမှမတွေ့ရဘူး။ ဘယ်နည်းနဲ့မဆို တံတွေးစိုတဲ့အရာ ဖြစ်စေ၊ သွားကိုက်ရာ ဖြစ်စေ ရှိရမယ်။ တစ်ခုမှ မရှိတဲ့အတွက် ဆေးလိပ်စွပ်တံနဲ့ သောက်တယ်လို့ ကျုပ် ဆိုတယ်"

"ကောင်းပါပေ့ဗျာ၊ ရှင်းပါပေ့၊ ခင်ဗျား စုံထောက်လိုက်တဲ့အတွက်ကြောင့် အပြစ်မရှိဘဲနဲ့ သေရတော့မလောက်ဖြစ်နေတဲ့ လူတစ်ယောက် အသက်ချမ်းသာရာ ရပေတော့မယ်။ နောက်ဆုံးကျတော့ တရားခံဟာ..."

"ဦးသိန်းဇံပါလား၊ ကြွပါခင်ဗျာ၊ ကြွပါ"

ဟု သူကြီးက ပြောလျက် အသက် ၅၀-၆၀ ခန့်ရှိ၍ တင်းမာသော မျက်နှာထားဖြင့် သန်စွမ်းဟန်ရှိသည့် ကိုယ်ကာယမျိုးရှိသော လူကြီးတစ်ယောက်သည် အခန်းအတွင်းသို့ သူကြီးနှင့်အတူ ဝင်လာ၍ သူကြီးလည်း ပြန်ထွက်သွားလေ၏။

လူကြီး၏ မြင့်မောက်သော မေးရိုးကြီးများနှင့် တုတ်တုတ်မည်းမည်းရှိသော မျက်ခုံးကြီးများသည် ခက်ထန်သောမျက်နှာကို သာ၍ ခက်ထန်အောင် ကူညီပေးရာ ရောက်နေ၏။

သို့ရာတွင် သူ၏ ဖျော့တော့တော့ အသားအရေနှင့် ညိုမည်းသော မျက်ကွင်းများကို ကြည့်ခြင်းအားဖြင့် ပြင်းထန်သော ရောဂါတစ်မျိုး အပြင်းဖမ်းလျက် ရှိကြောင်းကို တွေ့မြင်နိုင်ပေ၏။

"ကျွန်တော် ပေးလိုက်တဲ့စာကို ရရဲ့မှတ်ပါတယ်။ ထိုင်ပါခင်ဗျာ၊ ထိုင်ပါ"
ဟု ဦးစံရှားက နှုတ်ဆက်လိုက်လေ၏။

"လူသူလေးပါး အတင်းစကား မပြောစေရအောင် လာခဲ့ပါဆိုလို့ ကျုပ်လာခဲ့ရခြင်းပါပဲ"
"ကျွန်တော်ကိုယ်တိုင် လာလို့ရှိရင် ထွေရာလေးပါး စကားတွေများနေမှာ စိုးလို့ပါခင်ဗျာ"
"ဘာကိစ္စများပါလိမ့်ဗျာ၊ သိပါရစေ"
"ဟုတ်ကဲ့… ဦးတုတ်ပေါကိစ္စပါပဲ။ သူ့အကြောင်း ကျွန်တော်အားလုံး သိရပြီးပါပြီ"

ထိုအခါ ဦးသိန်းဇံသည် ဖွတ်တင်းဦးမည့် လက္ခဏာနှင့် ကိုယ်ကို ဆန့်တန်းပြီးမှ ဟန်မရပုံပေါ်သော ဦးစံရှား၏ မျက်နှာထားကိုမြင်သဖြင့် မျက်နှာထားတစ်မျိုး ပြင်ပြီးလျှင် လက်လျှော့သော အမူအရာနှင့် လက်နှစ်ဖက်ဖြင့် မေးထောက်ကာ ကြည့်နေလေ၏။ ယင်းနောက်မှ…

"သိပ်ခွကျကုန်တော့တာပဲဗျ၊ ကျုပ်က ဒီသူငယ်ကို အခုလို အမှုပတ်စေဖို့လို့ ကြံရွယ်တာ မဟုတ်ပါဘူး။ ကျုပ်ပြောတာ ယုံပါ။ တကယ်လို့များ နောက်ဆုံးတစ်နေ့မှာ သူ့အပေါ် ကြိုးမိန့်ကျသွားမယ်ဆိုရင် ဟုတ်တိုင်းမှန်ရာ ဖွင့်ပြောဖို့ ကျုပ် ကြံစည်ထားပါတယ်။ အမှန်ပါဗျာ၊ ယုံပါတော့"

(ကျေနပ်ကြီးစွာနှင့်) "ဒီစကားကြားရတာ ကျွန်တော် ဝမ်းမြောက်ပါတယ်"
"ကျုပ်က အခုတောင် ပြောချင်လှပါပြီ၊ ဒီသမီးကလေး ငဲ့ညှာနေရလို့ပါ။ ကျုပ်ကို ဖမ်းလားဆီးလား လုပ်ရင် ကျုပ်သမီးကလေး ရင်ကွဲနာနဲ့ သေရှာတော့မှာပဲ"
"ဒီအထိလည်း မရောက်တန်ကောင်းပါဘူး ထင်ပါရဲ့လေ"
"ဗျာ"
"ကျွန်တော်က အစိုးရအမှုထမ်း မဟုတ်ပါဘူး။ ဦးရဲ့သမီးအတွက် ဒီအမှုမှာ ပါနေရခြင်း ဖြစ်ပါတယ်။ သို့သော် မောင်သန်းထွန်းကိုတော့ ဘယ်နည်းနဲ့မဆို လွတ်အောင် လုပ်ပေးကြရလိမ့်မယ်"
"ကျုပ်က သေရမယ့်ဆဲဆဲ အသက်ငင်နေတဲ့ လူတစ်ယောက်ပါ။ ဆီးချိုရောဂါ စွဲနေတာ ကြာပါပြီ။ တစ်လနေရရင် ကံကောင်းပဲလို့ ဆရာဝန်ကလည်း ပြောထားတယ်။ သို့သော် ဘယ်သူမဆို ထောင်ထဲမှာတော့ မသေချင်ပေဘူးပေါ့ဗျာ"

ထိုအခါ ဦးစံရှားမှာ စားပွဲ၌ထိုင်၍ ကလောင်တံနှင့် စက္ကူများကို ပြင်ဆင်လေ၏။
"ကိုင်း… ကိုင်း… ဟုတ်မှတ်သလောက် ပြောပြပါတော့။ လိုရင်းအချက်တွေလောက် ကျွန်တော်ရေးပါ့မယ်။ ပြီးတော့ ခင်ဗျားက လက်မှတ်ထိုး၊ ဒီက ကိုသိန်းမောင်က သက်သေပေါ့။ တကယ့်အရေးကျမှ ကျွန်တော် ထုတ်သုံးပါ့မယ် စိတ်ချပါ"
"ကိုင်း… ပြောပါတော့မယ်ဗျ၊ ဒီလိုပါ… ကိုတုတ်ပေါဆိုတဲ့ လူတစ်ယောက်ဟာ တကယ့်နံပါတ်တစ် လူယုတ်မာကြီးတစ်ယောက်ဗျ၊ သူ့လက်တွင်း ရောက်ရတဲ့လူများဟာ တကယ့် ကံဆိုးမိုးမှောင် ဆိုတာမျိုးလိုပဲ၊ သူ့အညှဉ်းခံနေရတာ ကျုပ်မှာ အနှစ် ၂၀ လုံးလုံး ရှိသွားပြီ။ ကျုပ်အပေါ် သူက စီးလုံးရသွားပုံကို ကျုပ် ပြောပြဦးမယ်"

ဦးသိန်းဖံသည် ရေတစ်ခွက်ကိုတောင်း၍ သောက်လေ၏။ ထို့နောက်မှ...

"သူနဲ့ကျုပ်နဲ့ ရေးဦးစွာ အညာမှာစပြီး သိကြတာကိုးဗျ။ ကျုပ်က ဒီတော့ လူကလည်း ဆတ်ဆတ်၊ သွေးကလည်း ကြွကြွ၊ အရွယ်ကလည်း ကောင်းကောင်း၊ ဘာမဆို လုပ်ဝံ့တဲ့အရွယ်ဟာကိုးဗျ။

လူပေါင်းစုံနဲ့ပေါင်းပြီး သောက်လား စားလား ကစားလားနဲ့ နောက်ဆုံး တစ်နေ့မှာ ဓားပြဖြစ်သွားရော ဆိုပါတော့ဗျာ။ ကျောက်တွင်းတစ်ခွင်ရော၊ ရွှေဘိုနယ် တစ်ဝိုက်မှာရော ခေါ်တောသား ဖိုးကုလားဆိုရင် လူတိုင်း ဖိန့်ဖိန့်တုန်ကြရတာပေ့ါဗျ"

ထိုအခါ ဦးစံရှားနှင့် ကျွန်တော်တို့မှာ တစ်ယောက်မျက်နှာတစ်ယောက် လှမ်း၍ ကြည့်မိသေး၏။

"တစ်နေ့ကျတော့ မိုးကုတ်မြို့က ကျောက်ကုန်သည်တစ်စုဟာ သပိတ်ကျင်းကို ဆင်းကြမယ်လို့ သတင်းရတာကိုးဗျ။ ဟိုတုန်းက မော်တော်ကားလမ်းတွေ ဘာတွေ မပေါက်သေးဘူး။

ကုန်သည်တွေစုပြီး ခြေကျင်ဖြစ်စေ၊ လားနဲ့ဖြစ်စေ ဆင်းကြရတယ်။ ဒါနဲ့ ကျုပ်တို့က ဓားပြ ခြောက်ယောက်သား လမ်းကစောင့်နေကြတော့ ကျောက်ကုန်သည်တွေ ဆင်းလာပါရောဗျ။

သူတို့က ပစ်တာလည်း ကျုပ်တို့လူတစ်ယောက် သေတယ်။ နောက်ဆုံးတော့ ကုန်သည်တွေဖမ်းပြီး သူတို့ပစ္စည်းတွေ အကုန်ယူ၊ လူတွေတော့ လွှတ်လိုက်တာပါပဲ။ ပစ္စည်းအားလုံး သုံးသိန်းကျော်ဖိုးလောက်ရတယ်။ ပတ္တမြားချည်းပဲ။ အဲ... သူတို့မှာ ထမင်းချက်အလုပ်နဲ့ လိုက်လာတဲ့ အကောင်တစ်ကောင်ပါတယ်။

ဒီအကောင်ကို ကျုပ် ဟိုတုန်းက သတ်ပစ်လိုက်ရင် အအေးသားဗျ၊ ဒီလို ဒုက္ခရောက်မှာ မဟုတ်ဘူး။ အဲဒီအကောင်ဟာ တခြားမဟုတ်ဘူး၊ တုတ်ပေါပေ့ါဗျ"

ဦးသိန်းဖံလည်း ရေသောက်ပြန်၏။ ယင်းနောက် ဆက်လက်ပြောပြန်လေ၏။

"ကျုပ်တို့လူစု ပစ္စည်းတွေခွဲယူပြီး ကျုပ်မှာ အရင်ကရှိတဲ့ ပစ္စည်းကလေးများနဲ့ သူတို့ကျောက်တွေကို ဝယ်ယူတာကိုးဗျ။ လူသုံးယောက်ဝေစုကို ကျုပ်က ငွေ သုံးလေးထောင်လောက် ပေးလိုက်ရတယ်။

ကျုပ်က သိုဝှက်ထားပြီး အင်္ဂလိပ်စာတတ် မိတ်ဆွေတစ်ယောက်နဲ့ ပြင်သစ်တင် ရောင်းစားတာ နည်းရော့မလား။ လေးသိန်းခွဲလောက်ရတယ်။ ကျုပ်က ဒီတော့မှ လူကောင်းသူကောင်းလုပ်ပြီး အောက်ရပ်မှာ မြေတွေဝယ်၊ သားမယားယူ၊ သမီးမိန်းကလေး တစ်ယောက်မွေးပြီး အင်မတန် ကျေနပ်နေတာကိုးဗျ။

တစ်နေ့တော့ ကျုပ် ရန်ကုန်သွားခိုက်မှာ မောင်မင်းကြီးသား တုတ်ပေါကို သိမ်ကြီးဈေးနားမှာ တွေ့တာကိုးဗျ။ ခွေးမသား စုတ်လိုက်တာ ချာလို့၊ ဒီအကောင် ကျုပ်ကို မြင်မြင်ချင်း မှတ်မိတော်မူတယ်ဗျ။

ဖိုးကုလားရယ်တဲ့ ကျုပ်တို့မှာ သားအဖနှစ်ယောက်တည်း ရှိပါတယ်တဲ့။ ကျုပ်တို့ကို ကျွေးရမွေးရလို့ ဆန် ဘယ်လောက်မှ မကုန်နိုင်ပါဘူးတဲ့ ပြောပါလေရောဗျ။ ကျုပ်က ဒီတော့ ယီးတီးယားတား လုပ်တာပေ့ါလေ။

သူက ဒီတော့ ပုလိပ်တစ်ယောက်ကို လက်ညှိုးထိုးပြပြီး 'အင်္ဂလိပ်မင်းလက်ထက်မှာ လူသတ်မှုတို့၊ ဓားပြမှုတို့ဟာ အနှစ်တစ်ရာကုန်သော်လည်း လျှော့ပစ်တယ်လို့ မရှိနိုင်ဘူး' တဲ့။ ခြောက်ပါလေရော၊ ကျုပ်က ဒီတော့ ကြောက်မိတာပေါ့လေဗျာ။

တိုတို ပြောတော့မယ်၊ သူတို့သားအဖက ကျုပ်နဲ့ ဒီရွာလိုက်လာပြီး မင်းမူနေပါလေရောဗျ။ သားကတော့ တော်ရှာပါတယ်။ အဖေလုပ်တဲ့လူကတော့ဗျာ လူထဲမှာ ရှာမှရှားဆိုတာလို အမျိုးမျိုးနဲ့ ကျုပ်ကို ညှဉ်းတော့တာပါပဲ။

ကျုပ်ကလည်း ငွေဆိုငွေ၊ မြေဆိုမြေ၊ အိမ်ဆိုအိမ် သူ တောင်းသမျှကို အားလုံးပေးတာချည်းပါပဲ။ ဒီအထဲက သူက ကဲတက်လာပြီး ကျုပ်သမီးကို သူ့သားနဲ့ ပေးစားရမယ်တဲ့ဗျ။ အကျုပ်ကိုင်ပါလေရော။

ဒီလိုနဲ့ သူက ကြိမ်း၊ ကျုပ်က ငြင်း၊ သူက ခြောက်၊ ကျုပ်က တင်း လုပ်လာခဲ့ကြတာ။ ဟိုနေ့ကတော့ ရေကန်မှာ ဆုံကြဖို့ ချိန်းပါလေရောဗျ။ ကျုပ်ရောက်သွားတော့ သူတို့သားအဖ စကားပြောနေကြတာကိုးဗျ။

ကျုပ်က သစ်ပင်ကြီးကွယ်ပြီး ချောင်း နားထောင်နေမိတယ်၊ လား... လား မောင်မင်းကြီးသားက သူ့သားကို ကျုပ်သမီးနဲ့ယူဖို့ တိုက်တွန်း ဖြားယောင်းနေတော်မူတာကိုးဗျ။

ဒီတော့ ကျုပ်မှာ အရင်တုန်းက ဆိုးခဲ့၊ မိုက်ခဲ့ဖူးတဲ့ သွေးတွေ ဗလောင်ဆန်တက်လာပြီး မိုးမမြင် လေမမြင်ဆိုတာမျိုးလို မှုန်တက်လာတာနဲ့ ကျောက်ခဲကြီး တစ်လုံး အဆင်သင့်တွေ့ ယူထား၊ သူ့သားလည်းသွားရော ဘာမှမပြောနဲ့တော့ တိတ်တိတ်ကလေး နောက်ကလိုက်ပြီး သူ့ခေါင်းကြီးကို ကျောက်ခဲကြီးနဲ့ ထုသတ်လိုက်တာကိုးဗျ"

"ဘာကျနေရစ်လို့ တစ်ခါပြန်လာရတာလဲ"

"ခေါင်းက ပိုးစပ်ပဝါပေါ့ဗျာ။ ဒီရွာထဲမှာ မြန်မာဖြစ် ပိုးစပ်ပဝါဆိုလို့ ကျုပ်တစ်ယောက်တည်း ပေါင်းတာ ဖြစ်လေတော့ မထားခဲ့ဝံ့ဘဲ အရဲစွန့်ပြီး ပြန်ယူရတယ်ဗျ"

ယင်းနောက် ဦးသိန်းဖံမှာ ဦးစံရှားရေးထားသော ဖြောင့်ချက်ကို လက်မှတ် ရေးထိုးလေ၏။

"ဒီဖြောင့်ချက်ကို မသုံးဘဲ ပြီးနိုင်ရင် ပြီးရအောင် ကျွန်တော် စီမံပါ့မယ်။ မလွှဲသာမှ သုံးပါ့မယ်၊ စိတ်သာချပါ"

"ကျေးဇူးပါပဲဗျာ"

ထို့နောက် ဦးသိန်းဖံသည် အိမ်ပေါ်မှ ဆင်းသွားလေ၏။

မောင်သန်းထွန်း၏ အမှုကို စစ်ဆေးသောအခါ ဦးစံရှားသည် မည်သည့်နည်းနှင့်မျှ မောင်သန်းထွန်း မဟုတ်နိုင်ကြောင်းကို အချက်ပေါင်းများစွာ ဖော်ထုတ်၍ တရားခံ၏ ရှေ့နေအား ညွှန်ကြားသွန်သင်ထားရကား တရားသူကြီးသည် သက်သေမထင်ရှားဟု အကြောင်းပြ၍ တရားခံကို လွှတ်ပစ်လိုက်လေ၏။

ဦးသိန်းဖံမှာ အမှုပြီးသည့်နောက် သုံးလေးလမျှ အသက်ရှင်နေသေး၏။

သို့ရာတွင် စိုးရိမ်ထားသည့်အတိုင်း သမီးအပေါ်၌ အရှက်မကွဲရတော့ချေ။

ဦးသိန်းဇံကွယ်လွန်သည့်နောက် ကောလိပ်ကျောင်းသူ မသိန်းညွန့်မှာ ငယ်သူငယ်ချင်း မောင်သန်းထွန်းနှင့်ပင် အကြောင်းဆက်၍ ပေါင်းဖက်ကြရလေတော့သတည်း။

*****

## တိုင်ကပ်နာရီများ ရိုက်ခွဲမှု

၁၉၂၉ ခုနှစ် တစ်နေ့သော မိုးရာသီတွင် ကျွန်တော်နှင့် ဦးစံရှားတို့သည် လမ်း ၄၀ မှ ရွှေ့ပြောင်းပြီး ဘိုကလေးဈေးလမ်း ဒုတိယထပ်ရှိ ဦးစံရှား၏ နေအိမ်တိုက်ခန်းတွင် ထိုင်လျက်ရှိကြစဉ် မိုးကလေး တဖွဲဖွဲကျ၍ ပြတင်းပေါက်ခန်းဆီးများကို စိုရွှဲမည်စိုးသည်နှင့် ရှေ့ပိုင်းရှိ ပြတင်းတံခါးများကို ပိတ်ထားကြရ၏။

အချိန်မှာ နံနက်စာ ကော်ဖီနှင့် ပေါင်မုန့်မီးကင် နှစ်ချပ်စီ စားပြီးကြသည့် ၇ နာရီခန့်ဖြစ်လေရာ ဦးစံရှားသည် ဆိုဖာကြီးပေါ်၌ ခပ်စောင်းစောင်းထိုင်ကာ ဆေးတံကို ခဲလျက် အင်္ဂလိပ်နှင့် မြန်မာသတင်းစာ လေးငါးစောင်ကို တစ်စောင်စီ လှန်လှောဖတ်ရှုလျက်ရှိ၍ ကျွန်တော်ကမူ သူဖတ်ပြီး၍ ပစ်ချလိုက်သော သတင်းစာများကို ကောက်ယူဖတ်ရှုလျက်ရှိ၏။

ဦးစံရှားသည် အခြားနေရာများတွင် သဝန်တိုခြင်းကို မတွေ့ရသော်လည်း သတင်းစာဖတ်သည့် နေရာ၌ သူကသာလျှင် ရှေးဦးစွာဖတ်ရမှ ကျေနပ်သူတစ်ယောက် ဖြစ်လေသည်။

ကျွန်တော်တို့သည် သတင်းစာလေးငါးစောင် ယူကြသော်လည်း တစ်စောင်စီ ပို့လာသော သတင်းစာများကို သူသည်သာလျှင် ရှေးဦးစွာဖတ်၍ သူဖတ်ပြီးမှ ကျွန်တော့်ဘက်သို့ ပစ်ပေးလိုက်သော သတင်းစာကို ကျွန်တော်က ကောက်ယူရလေသည်။

သူ၏အပြုအမူကို ကျွန်တော် ခွင့်လွှတ်နိုင်သော အကြောင်းတစ်ခုမှာ သူသည် သတင်းစာတစ်စောင်ကို ကြာရှည်စွာမဖတ်ဘဲ ငါးမိနစ် အလွန်ဆုံး ဆယ်မိနစ်အတွင်း ကျွန်တော့်ဘက် ပစ်ပေးလိုက်သည်ချည်း ဖြစ်လေသည်။

နှစ်ယောက်လုံး သတင်းစာများ ကုန်အောင်ဖတ်ပြီးကြ၍ ဦးစံရှားက ဆေးတံ၊ ကျွန်တော်က ဆေးပြင်းလိပ် အသီးသီးဖွာလျက် ရှိကြစဉ်...

ကျွန်။ ။ "သတင်းစာတွေထဲမှာ စိတ်ဝင်စားလောက်တဲ့ အမှုအခင်းမျိုး ဘာမှ မတွေ့ရဘူးဗျနော်"

ရှား။ ။ "အမှုအခင်းနဲ့ ပတ်သက်လို့တော့ ခေတ်ကောင်းတွေ လွန်ကုန်ပြီ ထင်ပါဗျာ။ အဆန်းတကြယ် တယ်မတွေ့ရပါဘူး။ သတ်လိုက် ပေါ်လိုက်၊ ခိုးလိုက် မိလိုက်ပါပဲ"

ကျွန်။ ။ "မိခြင်း မမိခြင်းထက် အဆန်းအပြားကလေးတွေ မတွေ့ရတာကို ကျွန်တော် နမြောမိတာဗျ။ ဟိုတုန်းကဆိုရင် ဓမ္မစေတီလမ်း လူသတ်မှုတို့၊ မျက်စိတစ်ဖက်လပ် အသင်းတို့ဆိုတဲ့ အမှုတွေက သိပ်မြိုင်တာပဲ။ နောက်ပိုင်းကျတော့ ခပ်ခြောက်ခြောက်တွေက များလှတယ်ဗျ"

ရှား။ ။ "ဟုတ်တော့ဟုတ်တယ်။ သို့သော် သူရိယသတင်းစာထဲမှာ သတင်း ခပ်ဆန်းဆန်းကလေး တစ်ခု ခင်ဗျား သတိပြုလိုက်မိသလား မဆိုနိုင်ဘူး"
ကျွန်။ ။ "ငွေစက္ကူတစ်ချပ်ကို နှစ်ချပ်ဖြစ်အောင် လုပ်ပေးနိုင်တယ်ဆိုတာလားဗျာ"
ရှား။ ။ "ဒါက မြန်မာ့အလင်းသတင်းစာထဲမှာပါတဲ့ လိမ်နည်းသတင်းပါဗျ။ ကျုပ်ပြောတာက ရှမ်းစော်ဘွားတစ်ယောက်ကို သေကြောင်းကြံသလိုလို မသင်္ကာဘူးဆိုတဲ့သတင်းဟာလေ"

ထိုခဏ၌ တိုက်ရှေ့မှ မော်တော်ကား ဟွန်းသံကြားသည်နှင့် ကျွန်တော်ရော ဦးစံရှားပါ ထ၍ ပြတင်းပေါက်ကိုဖွင့်ကာ ငုံ့ကြည့်ကြ၏။ ထုံးစံမှာ ဦးစံရှားကိုယ်တိုင် ထကြည့်လေ့မရှိ။

ကျွန်တော်သာ ကြည့်ရမြဲဖြစ်သော်လည်း ဦးစံရှားသည် အမှုကောင်းကောင်း မလိုက်ရသည်မှာ အတန်ကြာပြီဖြစ်၍ အမှုရှာသည့်အနေဖြင့် သူကိုယ်တိုင် ထ၍ ကြည့်ခြင်း ဖြစ်လေသည်။

အမှုဆာသည်ဆိုရာ၌ ငွေလိုသောကြောင့် မဟုတ်။ အမှုစုံထောက်စရာ မရှိလျှင် မနေတတ် မထိုင်တတ်ဖြစ်အောင် ပျင်းရိငြီးငွေ့တတ်သော ဝါသနာကြောင့် ဖြစ်လေသည်။

တဖြောက်ဖြောက် ကျလျက်ရှိသော မိုးဖွဲကလေးများသည် ရပ်စဲစပြုလျက်ရှိရာ ကျွန်တော်တို့၏ တိုက်လှေကားရင်းတွင် ကားသစ်ကြီးတစ်စီး ရပ်လျက် ဒရိုင်ဘာက ကားတံခါးကိုဖွင့်ပေးပြီး မိန်းကလေးတစ်ယောက် ထွက်လာ၍ လှေကားမှ တက်လာသော ခြေသံများ ကြားရလေ၏။

ကျွန်တော်တို့နှစ်ယောက်သည် လှေကားရင်းတွင် ရိပ်ခနဲ မြင်လိုက်ရပြီး ဖြစ်၍ မိန်းကလေးတစ်ယောက်ဟု သိကြပါလျက်နှင့် အခန်းတွင်း ဝင်လာသောအခါ အံ့အားသင့်မိကြပါသေးသည်။

အကြောင်းမူကား ဤမျှလောက် ချောမောလှပ ချစ်ခင်စရာကောင်းပြီး သနားစရာလည်း ကောင်းသော မိန်းကလေးတစ်ယောက်ကို မမြင်ဖူးသလောက် ရှိနေကြသောကြောင့် ဖြစ်ပါသည်။

မိန်းကလေးသည် ကြည်လင်တောက်ပ၍ သမင်ငယ်၏ မျက်လုံးများနှင့် တူသော မျက်လုံးပြူးများဖြင့် ကျွန်တော်တို့နှစ်ယောက်အား ကြည့်လျက်ရှိရာ သူ၏ ချောခြင်းထက် ကြည့်ပုံကလေးက စိတ်ထိခိုက်စေလှသည်။

အဝတ်အစားမှာ မော်တော်ကားကြီး သစ်သလောက် အဖိုးတန်အမျိုးအစားမဟုတ်။ အနွမ်းလည်း မဟုတ်။ သင့်တင့်ရုံရှိသော အမျိုးအစားဖြစ်သည်။

အမှုအရာမှာ အရေးကြီး၍ စိုးရိမ်မကင်းသော အမှုအရာကို ဖော်ပြလျက်ရှိ၏။ လက်ယာဘက်လက်၌ ကိုင်ထားသော လက်ဆွဲအိတ်ကလေးသည် တုန်လျက်ရှိခြင်းကို မြင်ရ၍

လက်ဝဲဘက်လက်သည် လေ့ကားကိုတက်ရ၍ မောသောကြောင့် မဟုတ်တန်ရာဘဲ ပူပင်သောက ရောက်ခြင်းကြောင့် ရင်ဘတ်ကို ဖိနှိပ်လျက် ရှိလေ၏။

မိန်း။ ။ "တစ်ဆိတ်ကလေးရှင်၊ ဦးတို့နှစ်ယောက်မှာ ဘယ်သူက ဦးစံရှားပါလဲရှင်"
ဟု မေးလိုက်ရာ အသံမှာ အလွန်ချိုသာသော်လည်း တုန်လှုပ်သည့်လက္ခဏာကို ဖော်ပြနေသည်။
ရှား။ ။ "ဦးစံရှားဆိုတာ ဦးပါပဲ၊ ဒီဟာက လုပ်ဖော်ကိုင်ဖက် ဦးသိန်းမောင်ပါပဲ"
မိန်း။ ။ "အဆင်သင့်တွေ့ရလို့ ဝမ်းသာလိုက်တာ ဦးတို့ရှင်၊ ကျွန်မလာခဲ့တဲ့ ကိစ္စက၊ ကိစ္စက..."

မိန်းကလေးသည် ဆက်လက်၍ စကားမပြောနိုင်ဘဲ ရှက်ရွံ့သော အမူအရာနှင့် ရပ်တန့်လျက်ရှိရာ ကျွန်တော်တို့သည် သူ့မျက်နှာကို အကဲခတ်ရင်း အသက် ၁၈ နှစ်ထက် မပိုနိုင်ဟု ခန့်မှန်းမိလေ၏။ အသက် ၂၀ ကျော် ဖြစ်ခဲ့လျှင် ဤမျှလောက် ရှက်ရွံ့နေမည်မဟုတ်ဟု ဆိုလိုပါသည်။

ဦးစံရှားသည် အားပေးသောအနေဖြင့် မိန်းကလေး၏ အိတ်ကလေးကိုယူ၍ အနီးရှိ စားပွဲကလေးပေါ်တွင် တင်ထားပြီး အသက်သာဆုံးသော ကုလားထိုင်သို့ ခေါ်၍ ထိုင်စေပြီးမှ သူ၏ဆေးတံကို ပါးစပ်မှဖြုတ်ကာ...

"ဖြည်းဖြည်းပျ ဖြည်းဖြည်း၊ အလျင်မလိုပါဘူး၊ အချိန်ရှိပါတယ်"
ဟု ပြောလေ၏။

မိန်းကလေးသည် ဦးစံရှားပို့ထားသော ကုလားထိုင်ပေါ်တွင် ထိုင်လျက် ကျေးဇူးတင်သော မျက်နှာထားနှင့် ဦးစံရှားအား ကြည့်လျက်...

"လူတွေက ပြောကြပါတယ်၊ ဦးက လူ့စိတ်ကို သိနိုင်တယ်ဆို"

ရှား။ ။ "ဘယ်လိုသိတယ်လို့ ကြားဖူးသလဲ"
မိန်း။ ။ "မိန်းကလေးတစ်ယောက်မှာ ချစ်သူရှိမရှိ သိနိုင်တယ်လို့ ပြောကြပါတယ်"
ရှား။ ။ "သူတို့ပြောတာ များလွန်းပြီထင်တယ်၊ ဦးက လူပျိုဖြစ်ခဲ့လေတော့ ဒီကိစ္စမျိုးမှာ သူများ နောက်မှသိမှာပေါ့"
မိန်း။ ။ "လူတွေက ပြောလိုက်ကြတာ ဦးရယ်၊ အမှုကိစ္စနဲ့ ပတ်သက်ပြီး ဦးဆီကို လာတိုင်ပင်တဲ့အခါ ဖွင့်ပြောဖို့တောင် မလိုဘူးတဲ့။ ဦးက အားလုံး သိပြီးဖြစ်နှင့်နေပြီတဲ့"
ရှား။ ။ "တယ်ဟုတ်ပါလား၊ ဒီလိုဆို ဦးက စေတောပရိယာဉ် ရနေပြီပေါ့။ ဒီလောက်လည်း မဟုတ်ပါဘူး၊ မိန်းကလေးဟာ မိထွေးနဲ့နေရတယ်၊ ချစ်ကြိုက်နေတဲ့ ရည်းစားတစ်ယောက် ရှိတယ်ဆိုတဲ့အပြင် ဦး ဘာမှ မသိပါဘူး"

ထိုအခါ မိန်းကလေးသည် အံ့သြချီးမွမ်းသော မျက်နှာထားနှင့် ဦးစံရှားကို မော့ကြည့်လိုက်ရာ ကျွန်တော်သည် ရည်းစားရှိခြင်းအကြောင်းကို တွေးယူနိုင်သော်လည်း မိထွေးနှင့် နေရသည်ဟူသော အခြင်းအရာကို ဘယ်လို အကဲခတ်သနည်းဟု အံ့သြမိပါသည်။

မိန်း။ ။ "ဒါကြောင့်လည်း လူတွေက ပြောကြပေတာကိုး၊ မိထွေးနဲ့နေတာကို ဦးက ဘယ်လိုသိနိုင်တာလဲ ဦးရယ်"

ရှား။ ။ "မိန်းကလေးစီးလာတဲ့ မော်တော်ကားနဲ့ ဝတ်ထားတဲ့အဝတ်အစားဟာ သိပ်ပြီး မဟပ်စပ်ဘူးဗျ၊ မော်တော်ကားက ခန့်လွန်းတယ်။

ဝတ်ထားတဲ့ အဝတ်အစားနဲ့ အဆင်အပြင်ကတော့ သိပ်ပြီး အခန့်စားကြီး မဟုတ်လှဘူး၊ သို့သော် မော်တော်ကားပေါ်က ဆင်းလာပုံကတော့ တော်တော် ပိုင်ပိုင်နိုင်နိုင် ရှိတယ်...

ဒရိုင်ဘာက ဆင်းပြီး တံခါးဖွင့်ပေးတဲ့ပုံစံကလည်း ကားပိုင်ရှင်တစ်ယောက်ကို ဖွင့်ပေးတဲ့ ရိုသေနှိမ့်ချတဲ့အမူအရာမျိုးလည်း မဟုတ်၊ တစ်ရံဆံတစ်ယောက်က ငှားစီးလာတဲ့ တော်ရိလျော်ရိ အမူအရာမျိုးလည်း မဟုတ်တတ်။

စက,ကျတဲ့ ဟန်ပန်မျိုးကို မြင်လိုက်ရတယ်။ ဒီတော့ ကားပိုင်ရှင်ရဲ့သမီးလည်း မဟုတ်၊ လုံးဝမလေးစားလောက်တဲ့ ဟာတဲကလည်း မဟုတ်နိုင်ဘူးလို့ ဆိုလိုချင်တယ်"

ကျွန်။ ။ "ကားပိုင်ရှင်တစ်ယောက်ရဲ့ တူမတစ်ယောက်ကော မဖြစ်နိုင်ဘူးလားဗျာ"

ရှား။ ။ "ကျုပ်မျက်စိထဲမှာတော့ ဒရိုင်ဘာရဲ့ အမူအရာဟာ တူမတစ်ယောက်ကို လေးစားပုံ ထက်တော့ နည်းနည်းပိုတယ်လို့ မြင်တယ်။ တော်တော်ကလေး ရင်းနှီးတဲ့သဘောလည်း ဖော်ပြတယ်...

ထူးတာလေးကတော့ သိမ်မွေ့တယ်လေ။ တော်တော်ကြီး အလေ့အကျင့်လုပ်ထားတဲ့ လူတစ်ယောက်မှ မြင်တတ်လိမ့်မယ် ထင်တယ်"

မိန်း။ ။ "ချစ်သူရှိတယ်ဆိုတဲ့ စကားကကော ဦးရယ်"

ရှား။ ။ "မိန်းကလေးရဲ့မျက်နှာထားက ရှို့တဲ့ရှက်တဲ့အမူအရာ ဖော်ပြနေတာပဲ။ တခြားကိစ္စဆိုရင် ဒီလောက်ထိ ရှက်ရွံ့ဖို့ မရှိဘူးပေါ့။

ပြီးတော့ မိန်းကလေးရဲ့ စကားထဲမှာ ရည်းစားရှိမရှိကို သိတယ်ဆိုတာ တစ်လုံးပါလေတော့ ရည်းစားရှိထားလို့သာ ဒီလိုပြောတာပေါ့။ ရည်းစားမရှိတဲ့ မိန်းကလေး တစ်ယောက်ဆိုရင် ဒီလိုပြောဖို့ ခဲယဉ်းတယ်"

မိန်း။ ။ "ဟုတ်ပါတယ် ဦးရယ်၊ သူ့အတွက် လာရခြင်းဖြစ်ပါတယ်။ ကျွန်မနာမည် မိမိလေးပါတဲ့၊ ဖခင်က..."

ရှား။ ။ "ဖခင် မရှိတော့ဘူးမဟုတ်လား"

မိန်း။ ။ "မှန်ပါတယ် ဦးရယ်၊ ဖခင်က စက်ရှင်တရားသူကြီး (*Sessions Judge*) ဦးသာကျော်၊ မိခင်က ဒေါ်မြမေပါတဲ့။

မိခင် ဒေါ်မြမေ ကွယ်လွန်တဲ့နောက် ဖခင်က ဒေါ်တင်တင်နဲ့ အိမ်ထောင်ကျပါတယ်။ နောက်တစ်ဖန် ဖခင်ကွယ်လွန်သွားပြန်တော့ ကျွန်မမှာ မိထွေးဖြစ်သူ ဒေါ်တင်တင်နဲ့ အတူနေရပါတယ်"

ရှား။ ။ "အစ်မကြီးဖြစ်တဲ့ မိမိကြီးကတော့ကော"

မိန်း။ ။ "မမက မြို့အုပ်တစ်ယောက်နဲ့ အိမ်ထောင်ကျပြီး ဗန်းမော်မှာ နေပါတယ် ဦးရယ်"

ရှား။ ။ "မိန်းကလေးက ကွန်ဗင့်ကျောင်းထွက် မဟုတ်လား"

မိန်း။ ။ "ဘာကြောင့်လဲ ဦးရယ်"

ရှား။ ။ "(*Sessions Judge*) လို့ ခေါ်လိုက်တဲ့ အင်္ဂလိပ်အသံထွက်ဟာ ဦးနှားထဲမှာ ဒက်ခနဲ လာရိုက်လို့ပဲ။ ဒါထက် ချစ်သူအတွက် လာရအောင် ဘယ်လိုကိစ္စ ပေါ်လို့လဲ"

မိန်း။ ။ "ပြောရမှာ ရှက်စရာကြီးပဲ ဦးရယ်၊ ပြောမှဖြစ်မှာမို့ ပြောရတော့မှာပဲ။ ကိုမောင်မောင်က ရှုံးများရှုံးလေသလားလို့ စိုးရိမ်လို့ပါ ဦးရယ်"

ရှား။ ။ (ပြုံးလျက်) "ဒီလိုဆို စိတ်ရောဂါကုဆေးရုံ သွားမှထင်တယ် မိန်းကလေး"
မိန်း။ ။ "ဒီလို တပ်တပ်အပ်အပ် မပြောနိုင်လို့ ဦးဆီကို လာရခြင်း ဖြစ်ပါတယ်"
ရှား။ ။ "ဘယ်လိုဖြစ်ရပုံလဲ သူငယ်မရယ်"
မိန်း။ ။ "ကိုမောင်မောင်ကလေ တိုင်ကပ်နာရီကို လုံးလုံးကြည့်လို့ မရဘူး ဦးရဲ့"

ဦးစံရှားသည် ဆေးတံသောက်ရင်း နားထောင်နေရာမှ ဆေးတံကိုချပြီး ဝေါက်ခနဲ ထထိုင်လိုက်လေ၏။

ရှား။ ။ "ဩော်... ဆိုစမ်းပါဦးဗျာ"
မိန်း။ ။ "ကိုမောင်မောင်က ဒီတစ်လလောက်အတွင်းမှာ တိုင်ကပ်နာရီကြီး ၇ လုံးခွဲပြီးပြီရှင့်။ နစ်လုံးကတော့ လူရှေ့သူ့ရှေ့ ကျွန်မတို့ မျက်စိအောက်မှာပဲ ရိုက်ခွဲလိုက်တယ်"

ဦးစံရှားသည် သဘောကျသည့်အမူအရာနှင့် လက်ဖဝါးနှစ်ဖက်ကို ပွတ်လျက်...

ရှား။ ။ "ဟုတ်ပြီ ဟုတ်ပြီ၊ ဆိုစမ်းပါဦး မိန်းကလေးရဲ့"
မိန်း။ ။ "လွန်ခဲ့တဲ့ နွေရာသီတုန်းက ဒေါ်တင်တင်နဲ့ ကျွန်မနဲ့ ကလောမြို့သွားပြီး ကလောဟိုတယ်မှာ တည်းခိုကြပါတယ်။ သာစည်ဘူတာမှာ မီးရထားပြောင်းပြီး ဒုတိယတန်းထဲမှာ နစ်ယောက်တည်း စီးကြရမှာ ကိုမောင်မောင် တက်လာပါတယ်"
ရှား။ ။ "ရှေးက မသိခဲ့ကြဘူးပေါ့"
မိန်း။ ။ "ကျွန်မကဖြင့် အဲဒီတော့မှ သူ့ကို မြင်ဖူးပါတယ်"
ရှား။ ။ "မိတ်ဆွေဖြစ်ပုံ ပြောပါဦးကွယ်"
မိန်း။ ။ "သာစည်က ကလောအထိ သုံးယောက်တည်း စီးလိုက်လာကြရာမှာ ကိုမောင်မောင်က လူပုံလည်း မွန်ရည်၊ လည်လည်ဝယ်ဝယ်လည်း စကားပြောတတ်၊ ပံ့တိုပတ်စကလေးတွေနဲ့ ကျွန်မတို့ သားအမိနစ်ယောက်ကို အပျင်းဖြေလိုက်တာ နစ်ဘူတာ သုံးဘူတာလောက် စီးမိကြတော့ နစ်ပေါင်းများစွာ သိကျွမ်းလာခဲ့ကြတဲ့ မိတ်ဆွေဟောင်း တစ်ယောက်လောက် အကျွမ်းဝင်ကြတော့တာကိုးရှင့်"
ရှား။ ။ "သူကကော ဘယ်ထိအောင် သွားမလို့တဲ့လဲ"
မိန်း။ ။ "သူကလည်း အပူရှောင်ရအောင် လာခဲ့တာ၊ ကလောဟိုတယ်မှာပဲ တည်းဖို့တဲ့ရှင့်"
ရှား။ ။ "ဩော်... ဩော်"
ဟု ဆိုလျက် ကျွန်တော့်ကို လှမ်းကြည့်လိုက်၏။

မိန်း။ ။ "ကလေးမှာ မီးရထားဆိုက်လို့ သူ့ပစ္စည်း ကိုယ့်ပစ္စည်းတွေကို ကိုယ့်အခန်းကိုယ်ပို့စေပြီး နောက်ဆုံးမှာ ဧည့်သည်အားလုံးနဲ့ဆိုင်တဲ့ 'လော်ဘီ' ခန်းထဲမှာ ဆုံကြပါတယ်"
ရှား။ ။ "ကိုမောင်မောင်က တစ်ယောက်တည်းလား"
မိန်း။ ။ "သူ့မှာ မြန်မာလိုလို ရှမ်းလိုလို အစေခံတစ်ယောက် ပါတယ်ရှင့်"
ရှား။ ။ "ကိုင်း... ဆိုပါဦးကွယ်"
မိန်း။ ။ "လော်ဘီခန်းထဲမှာ ဘိုကပြားတွေရော ဘာရော စားပွဲကလေးတွေနဲ့ ထိုင်ကြပြီး လင်မနစ်သောက်သူက သောက်၊ ဘီယာသောက်သူက သောက်နေတုန်းမှာ ကျွန်မနဲ့ မျက်နှာချင်းဆိုင်ထိုင်နေတဲ့ ကိုမောင်မောင်က ဖြုန်းဆိုထပြီး ဘာမပြော ညာမပြောနဲ့ တိုင်ကပ်နာရီကြီးကို သူ့လက်က တုတ်ကောက်နဲ့ 'ဂွမ်း... ဂွမ်း... ဂွမ်း'ဆို သုံးလေးချက် ရိုက်ခွဲလိုက်တာ အစိတ်အစိတ် အမွှာမွှာ ဖြစ်ကုန်ပါလေရောရှင်"
ရှား။ ။ "နာရီက ဘယ်လိုနေရာမှာ ထားတာလဲ၊ သူ့နောက်က ထင်ရဲ့"

မိန်း။ ။ "ဟုတ်တယ်ရှင့်၊ သူ့နောက်က လိုက်ကာကလေး ကွယ်နေလေတော့ သူက မမြင်ရဘူး၊ ကျွန်မကသာ မြင်ရတယ်ရှင့်"
ရှား။ ။ "ဧည့်သည်တွေကော ဘာဖြစ်ကုန်ကြသလဲ"
မိန်း။ ။ "အလန့်တကြား ဖြစ်ကုန်ကြတာပေါ့။ ကိုမောင်မောင်ကတော့ တိုင်ကပ်နာရီကို ရုတ်တရက် ထခွဲလိုက်တုန်း ကြောက်သလိုလိုနဲ့ ကယောင်ကတမ်း ဖြစ်သွားပေမဲ့ ရိုက်ခွဲလည်းပြီးရော မျက်နှာထားရှိုးရှိုးနဲ့ ပြန်ထိုင်ပြီး မန်နေဂျာကို ငွေတစ်ရာတန် စက္ကူတစ်ရွက် ထုတ်ပေးလိုက်တယ်ရှင့်"
ရှား။ ။ "မန်နေဂျာက ဘာပြောသေးသလဲ"
မိန်း။ ။ "ဘာမှမပြောဘူးရှင့်၊ ကိုမောင်မောင်ပေးတဲ့ ငွေစက္ကူကို တရိုတသေနဲ့ ကုန်းကွပြီး ယူလိုက်တာပဲ၊ နောက် ခဏကြာတော့ သက္ကလတ်ခေါင်းစွပ်ကလေးနဲ့ ရှမ်းလိုလို မြန်မာလိုလို ကိုမောင်မောင့်အစေခံ ဝင်လာပြီး သူ့သခင်အတွက် ရက်ပုံရပြီး မျက်နှာထားပျက်သွားတယ်ရှင့်"
ရှား။ ။ "အစေခံက ဘယ်အရွယ်လောက်ရှိပြီလဲ"
မိန်း။ ။ "ဒီလူက ဘယ်အရွယ်မျိုးလဲလို့ အကဲခတ်ဖို့ ခက်တယ်ရှင့်။ သုံးဆယ်အတွင်းလည်း ဖြစ်နိုင်တယ်၊ သုံးဆယ်ကျော်လည်း ဖြစ်နိုင်တယ်၊ လူတစ်မျိုးပါပဲရှင်"
ရှား။ ။ "နောက်ကောကွယ်"
မိန်း။ ။ "တစ်ရက် နှစ်ရက်လောက်တော့ ဘာမှမဖြစ်ဘူးရှင့်၊ သို့သော် ဘိုကပြား ဧည့်သည်တွေကတော့ သူ့ကို ခပ်ရှောင်ရှောင် လုပ်နေကြတယ်။ တတိယနေ့ကျတော့ ကိုမောင်မောင်က တုတ်ကောက်တစ်ချောင်းနဲ့ လမ်းလျှောက်ရာက ပြန်လာရာမှာ ကျွန်မတို့ထိုင်နေကြတဲ့ စားပွဲခန်းထဲ ရောက်တော့ ကျွန်မတို့အနားမှာ ဝင်ထိုင်၊ ပြုန်းဆို ထသွားပြီး လိုက်ကာ ဟိုဘက်မှာရှိတဲ့ တိုင်ကပ်နာရီကြီးတစ်လုံးကို ရိုက်ခွဲပြန်လေရောရှင်"
ရှား။ ။ "ဒီတစ်ခါလည်း လျော်လိုက်ရပြန်ရောလား"
မိန်း။ ။ "လျော်ရပြန်တာပေါ့ရှင်၊ ပြီးတော့ ထူးဆန်းတာတစ်ခု ရှိသေးတယ်ရှင့်"
ရှား။ ။ "ဆိုပါဦးကွယ်"
မိန်း။ ။ "ကိုမောင်မောင်က တိုင်ကပ်နာရီကြီးတွေကို ခွဲခွဲပြီး အမှတ်အသားအဖြစ်နဲ့ အစအနတစ်ခုကို သိမ်းသိမ်းထားတတ်သတဲ့ရှင့်၊ ဒီလို သိမ်းထားရတာ ၇ လုံးရှိပြီတဲ့"
ရှား။ ။ "မိန်းကလေးက ဘယ့်နှယ်သိသလဲ"
မိန်း။ ။ "သူ့တပည့် ကိုပွတ်စူးက ကျွန်မကို ပြောပြတယ်။ ကိုပွတ်စူးနဲ့ ကျွန်မက တော်တော် အကျွမ်းတဝင် ဖြစ်လာကြတယ်ရှင့်။ ဒီလူက သူ့သခင်ကို သိပ်ချစ်တာပဲ၊ သူ့သခင်အကြောင်းများ ပြောရရင် ထမင်းမစားဘဲ ပြောနိုင်တဲ့ လူတစ်ယောက်ပဲ။ ကျွန်မက နားထောင်ချင်တာနဲ့တော့ အတော်ကျနေတာပေါ့ ဦးရယ်"
ရှား။ ။ "မိန်းကလေးနဲ့ ကိုမောင်မောင်နဲ့ ချစ်ကြိုက်နေကြပြီလို့ ကိုပွတ်စူး သိသလား"
မိန်း။ ။ "ရိပ်မိမှာပေါ့ရှင်၊ ဟိုတယ်မှာတည်းတုန်း ကျွန်မတို့ ခဏခဏ စာပေးစာယူ လုပ်နေကြတာကိုး။ ကိုပွတ်စူးက စာတိုက်ပုံးကြီးပဲရှင့်"
ရှား။ ။ "ဪ... ဆက်စမ်းပါဦးကွယ်"
မိန်း။ ။ "တစ်ညနေမှာ ကျွန်မတို့သားအမိနဲ့ ကိုမောင်မောင်နဲ့ လမ်းလျှောက်နေကြတုန်း ပို့စမင်း ရောက်လာလို့ ကိုမောင်မောင်က သူ့အတွက်ပါလာတဲ့ စာတစ်စောင်ကို ဖွင့်ဖတ်ရင်း မျက်နှာပျက်သွားတယ်။ မျက်နှာပျက်ရုံမကဘူး။ အင်မတန် ထိတ်လန့်ပုံလည်း ရတယ်။ နောက်တစ်နေ့ နံနက်ကျတော့ ဆရာတပည့် နှစ်ယောက်စလုံး မရှိကြတော့ဘူးရှင့်"

ရှား။ ။ "ဟင်... ဘယ်ရောက်သွားကြသလဲ"
မိန်း။ ။ "ဘယ်ရောက်သွားမှန်း မသိဘူး၊ ကနေ့ထက်ထိ သတင်းမကြားရတော့ဘူးရှင်"

မိန်းကလေးမှာ မျက်ရည်ဝိုင်းလာသဖြင့် ပဝါဖြူနှင့် သုတ်ရှာသည်။

ရှား။ ။ "ပျောက်နေသောသူ ရှာရင်တွေ့သတဲ့ မိန်းကလေးရယ်၊ အားမငယ်ပါနဲ့"
မိန်း။ ။ "ကျွန်မကတော့ သိသမျှ အကုန်ပြောပါတယ်။ ဦးကလည်း ပွင့်ပွင့်လင်းလင်း ပြောဖို့ ကောင်းပါတယ်ရှင့်။ ကျွန်မကို သနားပါ"
ရှား။ ။ "ဘာပြောရမှာလဲ မိန်းကလေး"
မိန်း။ ။ "ဦးက သူ့ဆီရေးလိုက်တဲ့ စာထဲမှာ ဘာတွေများ ပါလို့ပါလဲရှင်"

ဦးစံရှားရော ကျွန်တော်ပါ လွန်စွာ အံ့သြလျက်ရှိကြ၏။ ထို့နောက် ဦးစံရှားသည် အံ့သြသော အမူအရာပျောက်၍ စဉ်းစားလျက်ရှိလေ၏။

ရှား။ ။ "ဦးက ကိုမောင်မောင့်ဆီကို စာရေးတယ်လား"
မိန်း။ ။ "သူရတဲ့စာထဲမှာ ဦးရဲ့လက်မှတ်ကို ကျွန်မ မြင်လိုက်ရပါတယ်ရှင်။ ဒါကြောင့် ကျွန်မ ဒီလိုလာခဲ့ခြင်း ဖြစ်ပါတယ်"

ဦးစံရှားသည် ဆေးတံကိုဖွာရင်း ထပ်၍ စဉ်းစားစိတ်ကူးပြန်၏။

ရှား။ ။ "ဦးတို့အလုပ်က အမှုသည်ကိုသာ မေးပြီး ကိုယ်တိုင် အဖြေမပေးသင့်တဲ့ နေရာမျိုးလည်း ရှိတယ်ကွယ့်။ တစ်ခု မေးစမ်းပါရစေဦး။ နောက်ဆုံးအချိန်ထိ ကိုမောင်မောင်နဲ့ ဒေါ်တင်တင်နဲ့ဟာ သင့်သင့်မြတ်မြတ်ပဲလား။
ဆက်ဆံပုံ အမူအရာ ပြောင်းလဲခြင်းများ တွေ့မိသလား"
မိန်း။ ။ "ပိုပြီး ကြင်နာပုံရတယ်လို့တောင် ထင်မိပါတယ်။ ဘာကြောင့်မေးတာလဲ ဦးရယ်"
ရှား။ ။ "ဒေါ်တင်တင်နဲ့ မိန်းကလေးက ဘယ်မှာနေကြတယ်"
မိန်း။ ။ "ကြို့ကုန်းက နေပြည်တော်ဆိုတဲ့တိုက်မှာ နေပါတယ်"
ရှား။ ။ "သြော် ... ခေါင်းတိုင်တပ်ထားတဲ့ ဘာဘူကုလားမကြီးရဲ့ တိုက်ကြီးဟာလား"
မိန်း။ ။ "ဟုတ်ပါတယ်ရှင်၊ ကုလားမကြီးက ခဏခဏ အအေးမိတတ်လေတော့ မိုးအခါတို့ ဆောင်းတွင်းတို့မှာ မီးလှုံရအောင် ခေါင်းတိုင်ထည့်ပြီး ဆောက်ထားခဲ့တဲ့ တိုက်ပါပဲ။ ဘာဘူကုလားမကြီး ဘင်္ဂလားပြန်တော့ တိုက်ကို ဖေဖေက ဝယ်ယူလိုက်ပါတယ် ဦးရယ်"
ရှား။ ။ "ဒေါ်တင်တင်က မန္တလေးသူလား"
မိန်း။ ။ "မှန်ပါတယ်ရှင်၊ ဖေဖေက ပင်စင်ယူပြီး ဒီအိမ်ကြီးကို ဝယ်တော့ ဒေါ်တင်တင်က နေပြည်တော်လို့မှည့်ဖို့ အကြံပေးပါသတဲ့"
ရှား။ ။ "ကိုင်း... မိန်းကလေး ပြန်ပေတော့။ ဒီကိစ္စကို စုံစမ်းပြီး အကြောင်းကြားပါ့မယ်၊ ဒါထက် မိန်းကလေးက ကျောင်းထွက်ပြီးပြီလား"
မိန်း။ ။ "ဆယ်တန်းအောင်ပြီးလို့ ကောလိပ်တက်ဖို့ စီစဉ်နေပါတယ်။ ဦးက ကျွန်မမေးတဲ့ မေးခွန်းကို မဖြေသေးပါလား ဦးရယ်"

ရှား။ ။ "ဦးပြောခဲ့ပြီကော ဦးတို့အလုပ်က မေးခွန်းတိုင်းကို ဖြေလို့မဖြစ်ဘူး။ အချိန်တန်တော့ နွားပိန်ကန်လိမ့်မယ်ဆိုတဲ့ အညာစကားပုံလိုပေါ့။ ကိုင်း... ကနေ့ ကြာသပတေးနေ့ မဟုတ်လား။ နောက် ကြာသပတေးနေ့ ညနေ ၇ နာရီတိတိ ရောက်အောင်လာခဲ့ပေတော့"

ဦးစံရှား၏ စကားသည် နောက်ဆုံးပိတ်စကားဖြစ်သည်ဟု မိန်းကလေး သိသည်နှင့် ထိုင်ရာမှ ထလိုက်ရသော်လည်း မျက်နှာထားမှာ မကျေမနပ်ဖြစ်နေခြင်းကို ကျွန်တော် မြင်ရသဖြင့် ဝင်၍ပြောရသေးသည်။

ကျွန်။ ။ "စိတ်ချပါ မိမိလေး၊ ဦးစံရှားက တာဝန်ယူတယ်ဆိုရင် ကိစ္စမပြီးမချင်း အနားမနေ ဆောင်ရွက်တတ်ပါတယ်။ ဦးကလည်း ကူညီပြီး ဆောင်ရွက်ပါ့မယ်၊ စိတ်ချသွားပါ"

မိန်းကလေးသည် ကျွန်တော့်အား အလွန်ကျေးဇူးတင်ပုံရသော မျက်နှာနှင့် လှမ်းကြည့်ကာ ပြုံးပြုံးကြီး နှုတ်ဆက်ပြီးနောက် ဆင်းသွားလေ၏။

နှစ်ယောက်တည်းရှိကြသောအခါ ကျွန်တော်သည် ဦးစံရှားအပေါ်မှာ မကျေမချမ်း ရှိသည်နှင့်...
ကျွန်။ ။ "ဟုတ်သားပဲဗျာ၊ ခင်ဗျားလုပ်ပုံက အားမရစရာကြီးပဲ။ ဒီကိစ္စ သိပ်ပြီး အရေးကြီးပုံ မရတာကတော့ မှန်ပါတယ်။
နို့ပေမဲ့ တိုင်ကပ်နာရီကြီး ၇ လုံး ရိုက်ခွဲထားတဲ့အရှုး ကိုမောင်မောင့်ဆီကို ဘာလို့ ခင်ဗျားက စာတစ်တန် ပေတစ်တန် ရေးနေရတာလဲဗျ"
ရှား။ ။ "ကျုပ် မရေးရပါလား ကိုသိန်းမောင်"
ကျွန်။ ။ "အလိုဗျာ"
ရှား။ ။ "ကျုပ်နာမည်ကို အလွဲသုံးစားလုပ်ပြီး ကိုမောင်မောင်ကို ခေါ်ထုတ်သွားတဲ့ လက္ခဏာ ရှိတယ်။ ဒီအမှုဟာ ပေါ့တော့တော့လုပ်လို့ မဖြစ်ဘူး။
တော်တော်ကလေး အန္တရာယ်ကြီးတဲ့ အမှုနဲ့တူတယ်ဗျ။ ကျုပ်ကိုယ်တိုင် ခရီးထွက်ပြီး ထောက်လှမ်းဖို့ လိုနေတယ်ဗျ"
ကျွန်။ ။ "ဘယ်ကိုလဲဗျာ၊ ကလောကိုလား"
ရှား။ ။ "ကလောနဲ့ တောင်ကြီးတင်မကဘူးဗျ၊ ရှမ်းပြည်နယ်အနှံ့ လိုက်ရလိမ့်မယ်ထင်တယ်။ ကျုပ်အတွေးအခေါ် နည်းတွေကို ခင်ဗျားလည်း သိပြီးပဲဗျ။ စဉ်းစားပါတော့လား"
ကျွန်။ ။ "ကိုမောင်မောင်ဆိုတဲ့လူက တိုင်ကပ်နာရီကြီးကို မြင်ရရင် ကြောက်တတ်တာကိုတော့ ကျွန်တော် သိပါပြီ။ ဒါက ဘာကြောင့်လဲဗျ။ ရူးတာပဲ မဟုတ်လား"
ရှား။ ။ "မြင်လို့မဟုတ်ဘူးဗျ၊ အသံကိုကြားလို့ လန့်ခြင်းပဲ။ ပြီးတော့ ကြောက်တယ်လို့လည်း မဆိုနိုင်ဘူး။
ဘေးအန္တရာယ်တစ်ခုခု စိုးရိမ်တဲ့အတွက် ကယောင်ကတမ်းသဘော ဖြစ်နိုင်တယ်။ ကြောက်လန့်ပြီး ကယောင်ကတမ်းနဲ့ လုပ်မိလုပ်ရာ လုပ်ခြင်းမဟုတ်ဘူး။ အဓိပ္ပါယ်ရှိတယ်ဗျ"
ကျွန်။ ။ "ဘာအဓိပ္ပါယ်လဲဗျ"
ရှား။ ။ "အဓိပ္ပါယ်ကိုတော့ နောက် ကြာသပတေးနေ့ ညနေ ၇ နာရီထိုးတော့ သိပါလိမ့်မယ်ဗျား"

ဦးစံရှားသည် ခရီးရှည်ထွက်သည့် သားရေသေတ္တာ၊ အိပ်ရာလိပ် စသည့် ဝန်စည်စလယ်များနှင့် ထွက်သွားလေရာ ကျွန်တော်လည်း ကွမ်းခြံဘူတာသို့ လိုက်၍ ပို့လိုက်ပါသေးသည်။

ကြာသပတေးနေ့ ညနေ၌ ကျွန်တော်သည် ဦးစံရှား ပြန်လာမည့်နေ့ဖြစ်သည်ဟု သတိရပါတယ်။ သို့ရာတွင် ညနေပိုင်းကတည်းက ရွှိုင်ရယ်ဟိုတယ်၌ မိတ်ဆွေတစ်ယောက်နှင့် ဘီလီယက်ထိုးခဲ့ရာ ၇ နာရီထိုးကာနီးတွင်မှ ပြီး၍ အိမ်သို့ ကပျာကယာ ပြန်လာခဲ့ရ၏။

ဦးစံရှားကမူ ရောက်နှင့်နေလေပြီ။ ကျွန်တော် တက်သွားသောအခါ ဦးစံရှားသည် စားပွဲတွင် စာရေးလျက်ရှိရာမှ လှည့်ကြည့်လိုက်သောအခါ ကျွန်တော့်ကို မြင်ရရာ မျှော်လင့်ချက် မကိုက်သည့် လက္ခဏာနှင့် မျက်နှာပျက်သွား၏။

သူ့စိတ်ထဲ မိမိလေးကို မျှော်ဟန်တူရာ ကျွန်တော်ဖြစ်နေခြင်းကို တွေ့ရ၍ မျက်နှာပျက်ခြင်း ဖြစ်ဟန်တူပေသည်။

ကျွန်တော့်ကို မြင်ရ၍ ဦးစံရှားမျက်နှာ မသာယာခြင်းကို ဤတစ်ကြိမ်မျှသာ ကြုံရဖူးပါသည်။

ကျွန်။ ။ "ဘယ့်နယ်လဲ၊ နေရာကျလားဗျ"
ရှား။ ။ "တိုက်ရိုက်တော့ မတွေ့ခဲ့ဘူးဗျ၊ ရှမ်းပြည်နယ်တော့ နံ့ရောဗျာ။ ဒီလူက ကျုပ်လက်မှတ်နဲ့ စာကိုရလို့ ချက်ချင်း ကလောကထွက်သွားပေမဲ့ နောက်ကျတော့ သူ့ကို မှားခေါ်တဲ့စာလိမ်ပဲလို့ သိသွားဟန်တူတယ်"

ထိုခဏ၌ ကျွန်တော်တို့၏ တိုက်ရှေ့တွင် မြင်းရထားတစ်စီး ဆိုက်ရပ်သံကြားရ၍ မိမိလေးသည် တိုက်ပေါ်သို့ တက်လာလေရာ သူ၏နောက်မှ လူတစ်ယောက် ပါလာ၏။

ကျွန်တော်တို့သည် မိမိလေးပြောဖူးသည့် လုပုံပန်းကို သတိရခြင်းအားဖြင့် ကိုပွတ်စူးဖြစ်သည်ဟု အကဲခတ်နိုင်ကြလေသည်။ ခရီးရောက်မဆိုက်ပင် မိမိလေးက...
မိန်း။ ။ "ကိုမောင်မောင် ရန်ကုန်ရောက်နေပြီ ဦးရေ"
ရှား။ ။ "ဦးလည်း ထင်ပါတယ်။ ဘယ်မှာတည်းသတဲ့လဲ"
မိန်း။ ။ "ကျွန်မတို့အိမ်မှာလေ၊ ဒီမနက်ပဲ ရောက်လာတယ်"
ရှား။ ။ "နေပြည်တော်မှာလား"
မိန်း။ ။ "ဟုတ်ပါတယ်၊ ကျွန်မက ဦးဆီကို ဖုန်းဆက်ပြောဖို့ သတိတော့ရပါတယ်။ မေမေတင်က ညနေတော့မှ သွားပြောတာပေါ့ဆိုလို့ မပြောလိုက်ရဘူး ဦးရယ်။ ခုတော့မှ ကိုမောင်မောင်က ကိုပွတ်စူးကို စာတစ်စောင် ပေးပို့ခိုင်းလေတော့ ကျွန်မနဲ့အတူတူ ခေါ်လာခဲ့ရတယ်"

ကျွန်တော်တို့သည် မိမိလေးနောက်မှ ရပ်လျက်ရှိသော ကိုပွတ်စုးကို ကြည့်လိုက်သောအခါ ထိုလူသည် လက်ထဲတွင် စာတစ်စောင်ကို ကိုင်ထားခြင်းကို မြင်ရ၏။ ထိုအခါ ဦးစံရှားသည် ကိုပွတ်စုးအနားသို့ ချဉ်းကပ်၍...

ရှား။ ။ "ဟေ့လူ၊ စာပြစမ်း"

စုး။ ။ "မပြဘူးဗျ၊ သခင်က ပေးခိုင်းတဲ့စာပဲ၊ ဘယ်သူမှမပြဘူး"

ရှား။ ။ "မဟုတ်ပါဘူး၊ စာကိုဖွင့်မဖတ်ပါဘူး၊ လိပ်ကို ကြည့်ချင်လို့ပါ"

စုး။ ။ "မပြနိုင်ဘူးဗျ"

ရှား။ ။ "ဟေ့လူ... ကိစ္စက အရေးကြီးတယ်။ မင်းသခင် သေသွားနိုင်တယ်၊ နားလည်လား"

စုး။ ။ "သေလည်း မတတ်နိုင်ဘူးဗျာ၊ ကျွန်တော်က အမိန့်အတိုင်း လုပ်ရမှာပဲ"

ဦးစံရှား၌ သတ္တိထူး တစ်ခုရှိသည်မှာ အလွန်ခေါင်းမာသော လူများကို ချော့မော့ပြော၍ မရသောအခါ မျက်လုံးနှင့် တစ်ချက်ကြည့်ပြီး ဖွတ်လုပ်သော်လည်း မတော်လှန်ဝံ့ပဲ ခံနေတတ်ခြင်းပင် ဖြစ်သည်။

ဦးစံရှားသည် ပွတ်စုးကို တစ်ချက်ပြူးကြည့်ပြီးနောက် စာအိတ်ကိုင်ထားသော ပွတ်စုး၏ လက်ကို ဆွဲဆန့်၍ စာအိတ်မယူဘဲ လိပ်ကို ကြည့်ရုံသာ ကြည့်လေ၏။

ရှား။ ။ "ဩော်... ပုလိပ်မင်းကြီး မစ္စတာပရဲစ်တန်ဆိုပါလား၊ သွား... သွား ချက်ချင်းသွားပေးချေ"

ပွတ်စုးလည်း စာကို အိတ်ထဲသို့ထည့်၍ လှေကားမှ ဆင်းပြေးလေ၏။

မိန်း။ ။ "ကျွန်မ မပြောရသေးဘူး၊ မေမေတင်က မှာလိုက်သေးတယ်ရှင့်။ ဦးစံရှားကို ချက်ချင်းလာခဲ့ပါတဲ့"

ရှား။ ။ "ကား မပါခဲ့ဘူးလား"

မိန်း။ ။ "ခက်ပါတယ်ရှင်၊ အရေးထဲမှာ နေ့လယ်က ကားချင်းတိုက်မိပြီး ဝပ်ရှော့မှာ အပ်ထားရတယ်ရှင်"

ရှား။ ။ "အင်း... သွေးရိုးသွားရိုးမှ ဟုတ်ပါလေလား မဆိုနိုင်ပါဘူး။ ဘယ်သူ စီးတာလဲ"

မိန်း။ ။ "ကိုမောင်မောင် စီးသွားတာရှင့်"

ရှား။ ။ "ကိုင်း... ကိုသိန်းမောင်၊ အင်းစိန်လော်ကယ် အချိန်စာရင်းကြည့်စမ်းဗျာ"

ကျွန်တော်သည် လော်ကယ် အချိန်စာရင်းကို ကြည့်ရာတွင် လော်ကယ်ရထား ထွက်ချိန်များမှာ ၇း၃၀၊ ၈း၀၀၊ ၈း၄၀ ဟူ၍ တွေ့ရ၏။

ကျွန်။ ။ "၈ နာရီ ရထားတော့ ရှိသေးတယ်ဗျို့၊ မြန်မြန်လုပ်ကြစို့"

ဦးစံရှားသည် ကျွန်တော့်အား ထုံးစံအတိုင်း ပစ္စတိုသေနတ်ကို ကိုင်စေ၍ သူကိုယ်တိုင်မှာမူ ခဲသီးတပ်သော ကြိမ်လုံးကိုသာ ကိုင်ခဲ့လေ၏။

ရှား။ ။ "ကျုပ်က ပစ်ဆို ပစ်နော် ကိုသိန်းမောင်၊ လက်မနှေးစေနဲ့ဗျ၊ ခင်ဗျား လက်နှေးရင် ကျုပ်တို့လူစု အစိတ်စိတ်အမြွှာမြွှာ ဖြစ်ကုန်နိုင်တယ်နော်"
မိန်း။ ။ "ဘေးအန္တရာယ် ရှိတယ်လား ဦးရယ်"
ရှား။ ။ "ရှိတော့ ရှိတယ်၊ သို့သော် မကြောက်ပါနဲ့၊ အချိန်မီလောက်ပါတယ်"

ကျွန်တော်တို့သည် မြင်းရထားတစ်စီးခေါ်၍ (ထိုခေတ်၌ တက္ကစီအနည်းငယ် ရှိသော်လည်း ရှာရခက်လှသည်။) ကွမ်းခြံဘူတာသို့ သွားကြရာ ရောက်ကြသောအခါ၌ လော်ကယ်မီးရထား ထွက်သွားပြီဖြစ်၍ နောက်မြီးကိုသာ မြင်လိုက်ကြရနေ့သည်။

ဤတွင်မှ ကျွန်တော်သည် တက္ကစီရအောင် ရှာကြပြန်၏။ တက္ကစီများသည် မီးရထားဆိုက်ချိန်၌ ဘူတာရုံအနီးမှာ ရှိတတ်သော်လည်း ဤအချိန်မှာ မီးရထားဆိုက်ချိန် မဟုတ်သောကြောင့် တစ်စီးမှ မရှိချေ။

နောက်ဆုံး၌ ကျွန်တော်တို့သည် တတ်နိုင်ပါဘူးဟု အောက်မေ့ကာ နောက်ရထားကို စောင့်ရင်း လင်မနစ် သောက်ကြရန် စားပွဲရုံ ဝင်ကြလေ၏။

ကျွန်။ ။ "ရှမ်းပြည်နယ်ဘက်ကို လိုက်သွားတာ ဘာတွေ့ခဲ့ရတယ်လို့ မကြားရသေးပါလားဗျ"
မိန်း။ ။ "ဟုတ်ပါတယ် ဦးရယ်၊ ကြားပါရစေဦးရှင်"
ရှား။ ။ "ကိုမောင်မောင်ဟာ ဘာလူမျိုးထင်သလဲ မိန်းကလေး"
မိန်း။ ။ "ကျွန်မကတော့ မြန်မာထင်တာပဲ၊ စကားပြောပုံ လုံးလုံးမဝဲဘူးရှင့်"
ရှား။ ။ "အဖေက ရှမ်း၊ အမေက မြန်မာပဲ၊ သူ့အမေက အငြိမ့်သမတဲ့။ ရှမ်းဆိုပေမဲ့ ရှမ်းရိုးရိုး မဟုတ်ဘူး၊ စော်ဘွားသားတဲ့ဗျ"
မိန်း။ ။ "ဪ… ဟုတ်ကဲ့လား ဦးရယ်"
ရှား။ ။ "သူ့အဖေ စော်ဘွားကြီးမှာ ရှမ်းမတစ်ယောက်နဲ့ သားတစ်ယောက် ရှိသေးတယ်"
မိန်း။ ။ "ရှမ်းမတစ်ယောက်ဆိုတာ မဟာဒေဝီလားရှင်"
ရှား။ ။ "မဟုတ်ဘူး၊ မဟာဒေဝီက သားသမီးတစ်ယောက်မှ မမွေးဘူး၊ စော်ဘွားကြီးက မြန်မာအငြိမ့်သမကို မြတ်နိုးလေတော့ ရှမ်းမက မွေးတဲ့ သားကို မမြှောက်စားဘူး၊ မြန်မာကမွေးတဲ့သားကို စော်ဘွားမြှောက်ခဲ့သတဲ့"
ကျွန်။ ။ "ကျွန်တော် ရိပ်မိပြီဗျ။ ဒါကြောင့် ရှမ်းမက မွေးတဲ့သားက သူ့ကို လုပ်ကြံဖို့ ကြိုးစားတယ် မဟုတ်လား"
ရှား။ ။ "မှန်တယ်၊ ဒါကြောင့် စော်ဘွားက ကိုမောင်မောင့်အမည်နဲ့ သူ့နယ်က တိမ်းရှောင်နေရတယ် ဆိုကပဲ"
ကျွန်။ ။ "အင်္ဂလိပ်အစိုးရ ရှိသေးတာပဲခင်ဗျာ၊ အကာအကွယ်မပေးဘူးလား"
ရှား။ ။ "အင်္ဂလိပ်အစိုးရက ရှမ်းနဲ့မြန်မာဆိုရင် ရှမ်းဘက်လိုက်တယ်ဗျ။ ရှမ်းနဲ့ မြန်မာမှာ မြန်မာက ထောင်တယ်မဟုတ်လား။ ထောင်တဲ့လူကို နှိမ်ခြင်းဟာ သူတို့ပေါ်လစီပဲဗျ"
ကျွန်။ ။ "ဟုတ်ပါပြီဗျာ၊ ဒါဖြင့် တိုင်ကပ်နာရီကိစ္စက ဘယ့်နယ်လဲဗျ"
ရှား။ ။ "ကိုမောင်မောင်က 'တိုင်းပုံး'နဲ့ လုပ်ကြံလိမ့်မယ်လို့ သတင်းရထားတယ်ဗျ"
မိန်း။ ။ "တိုင်းပုံးဆိုတာ ဘာလဲဦးရယ်"

ရား။ ။ "နာရီလို သံပတ်ပေးထားပြီး အချိန်ကျတော့ ပေါက်ကွဲတဲ့ ဗုံးမျိုးပေ့ါ"
မိန်း။ ။ "ဩော်... ဟုတ်လိမ့်မယ် ဦးရေ၊ နာရီကြီးတွေ ရိုက်ခွဲခြင်းဟာ တိုင်းပုံးထင်လို့ ဖြစ်မှာပဲ"
ရား။ ။ "နာရီကြီးကို ရိုက်ခွဲစဉ်က သူ့မျက်စိနဲ့ မြင်ရလို့မဟုတ်ဘူး၊ အသံကြားရလို့ဆို၊ မိန်းကလေးကိုယ်တိုင် မြင်ရတယ် မဟုတ်လား"
မိန်း။ ။ "ဟုတ်ပါတယ် ဦးရယ်၊ ပြီးတော့ တစ်နေ့ကမှ ကျွန်မကို စကားတစ်လုံးပြောပြသေးတယ်"
ရား။ ။ "ဘာများပြောသလဲ"
မိန်း။ ။ "ကိုမောင်မောင်ကို သူသိတာကြာပြီတဲ့။ ကျွန်မတို့အဖေ ရှမ်းပြည်နယ်မှာ နယ်ပိုင်ဝန်ထောက်လုပ်တုန်းက စော်ဘွားရဲ့ဟော်ကို မေမေတင်တို့ သွားလည်ကြတော့ ကိုမောင်မောင်ကို တွေ့ခဲ့တယ်တဲ့ရှင့်"
ရား။ ။ "နို့ ဒါဖြင့် တလောတုန်းက ဒီအကြောင်းကို ဘာကြောင့် ပြောမပြသလဲကွယ်"
မိန်း။ ။ "စော်ဘွားဆိုပေမဲ့ ပုန်းလျှိုးကွယ်လျှိုးနေရတဲ့ အခိုက်ဖြစ်လို့မို့ ကျွန်မကို မပြောပါနဲ့ဦးလို့ ကိုမောင်မောင်က မှာထားခဲ့လို့တဲ့ရှင့်"

ကျွန်တော်တို့သည် စားပွဲခန်းမှ ထွက်လာကြ၍ ၈း၄၀ အချိန် ထွက်သော ရထားနှင့် ကြို့ကုန်းသို့ လိုက်လာကြလေ၏။

ကျွန်တော်တို့သုံးယောက်သည် အင်းစိန်လော်ကယ်ရထား ဒုတိယတန်းတွဲ၌ လိုက်ပါသွားကြစဉ် တစ်ဖက်သော တွဲထောင့်၌ ခရီးသည် နှစ်ယောက် သုံးယောက် ပါလာခြင်းမှတစ်ပါး ကျွန်တော်တို့ထောင့်တွင် လူရှင်းလျက်ရှိကြောင်းကို တွေ့ရ၏။

သို့ရာတွင် ဦးစံရှားသည် ကျွန်တော်တို့နှင့် စကားမပြောဘဲ ဆေးတံသောက်ရင်း စဉ်းစားလျက်ရှိရာ ကျွန်တော်နှင့် မိမိလေးတို့သာလျှင် ကိုမောင်မောင်၏ ထူးဆန်းသော အမှုအရာအကြောင်းကို ဝေဖန်ပြောဆိုလာကြလေသည်။

မီးရထားသည် ကမာရွတ်ဘူတာရုံမှ ထွက်သည်နှင့် တစ်ပြိုင်နက် ဦးစံရှားသည် သူ၏နဖူးကို အလန့်တကြား လက်ဖဝါးနှင့် ရိုက်လျက်...
ရား။ ။ "ဟုတ်သားပဲကိုး၊ ငါ့နှယ်... ဖျင်းလိုက်ပါဘိနော်၊ ဒါကို မစဉ်းစားတာ အံ့သြပါရဲ့"
ကျွန်။ ။ "ဘာလဲဗျ ဆရာကြီး"
ရား။ ။ "ပွတ်စူးပေ့ါဗျ၊ ပွတ်စူးပေ့ါ"
မိန်း။ ။ "ပွတ်စူး ဘာဖြစ်လို့လဲ ဦးရဲ့"
ရား။ ။ "ပွတ်စူးဟာ ကိုယ့်လူမဟုတ်ဘူး၊ သူတို့လူပဲ မိန်းကလေးရဲ့"
မိန်း။ ။ "သူ့သခင်ကို အင်မတန်ချစ်ခင်တာ ဦးရယ်"
ရား။ ။ "လုပ်ကြံတဲ့လူစုက အတော်ဉာဏ်သွားတဲ့ လူစုပဲ။ မြွေပွေး ခါးပိုက်ပိုက်ဆိုတဲ့ စကားပုံအတိုင်း စီမံထားခြင်းပဲ"
မိန်း။ ။ "ဒါဖြင့် မြွေပွေးက ပွတ်စူးလား ဦးရယ်"
ရား။ ။ "ဟုတ်တာပေ့ါ၊ နှစ်ရှည်လများ ကြိုတင်ပြီးတော့ ပွတ်စူးကို လူယုံတော်ဖြစ်အောင် သွင်းထားနှင့်တယ် မိန်းကလေးရဲ့"
မိန်း။ ။ "ဦးက ဘယ့်နှယ်သိသလဲရှင်"

ရှား။ ။ "နာရီရိုက်ခဲ့တာ မိန်းကလေးက ဘယ်နခါမြင်ဖူးသလဲ"
မိန်း။ ။ "ကျွန်မကိုယ်တိုင် နှစ်ခါမြင်ဖူးတယ်ရှင့်"
ရှား။ ။ "ကျွန်တော့်ငါးကြိမ်ကတော့ ပွတ်စူးပြောစကား မဟုတ်လား"
မိန်း။ ။ "ဟုတ်ပါတယ် ဦးရယ်"
ရှား။ ။ "နာရီအစအနတွေကို သိမ်းထားတယ်ဆိုခြင်းဟာလည်း ပွတ်စူး ပြောတာပဲမဟုတ်လား"
မိန်း။ ။ "ဟုတ်ပါတယ်ရှင်"
ရှား။ ။ "အဲဒါ တခြားကြောင့်မဟုတ်ဘူး၊ ကိုမောင်မောင်ဟာ စိတ်မနှံ့တဲ့ လူတစ်ယောက်လို့ မိန်းကလေးနဲ့ ဒေါ်တင်တင်တို့ ထင်စေလိုလို့ ဖြစ်တယ်"
မိန်း။ ။ "ကျွန်မတို့ ချစ်ကြိုက်တာကို ဖျက်ချင်လို့လားရှင်"
ရှား။ ။ "ဒါက သူ့အလုပ်မဟုတ်ပါဘူး။ စိတ်မနှံ့လို့ နာရီကြီးတွေ ရိုက်ခဲ့တယ်လို့ ယူဆထားရင် သူတို့အကြံအစည်နဲ့ ပတ်သက်လို့ ထောက်လှမ်းစုံစမ်းခြင်း မပြုစေလိုလို့ပဲ"
ကျွန်။ ။ "တိုင်းပုံးထောင်တဲ့ အကြံအစည်လားဗျ"
ရှား။ ။ "ဟုတ်တာပေါ့၊ ဒီကိစ္စနဲ့ပတ်သက်လို့ ကျုပ်ကို တိုင်ပင်ကြောင်း ပွတ်စူးသိသွားပြီဖြစ်လို့မို့ သူတို့ကိစ္စကို တွန်းထိုးပြီး ဆောင်ရွက်တော့မယ်လို့ ကျုပ်ထင်တယ်၊ ဒီကနေ့ညအတွက် ကျုပ် စိုးရိမ်နေပြီဗျို့"
မိန်း။ ။ "ကိုပွတ်စူးကို ပုလိပ်မင်းကြီးဆီ ခိုင်းထားလို့ ရန်ကုန်ရောက်နေပြီဟာပဲ ဦးရယ်"
ရှား။ ။ "ပွတ်စူးက ပုလိပ်မင်းကြီးဆီ သွားမှာမဟုတ်ဘူး။ စာကိုဆုတ်ပစ်ပြီး ကြို့ကုန်း ပြန်ပြေးမယ့်ကောင်ပဲ"

ကျွန်တော်တို့သည် ကြို့ကုန်းဘူတာသို့ ရောက်ကြသောအခါ ဒေါ်တင်တင်ကိုယ်တိုင် ဘူတာရုံမှ စောင့်နေခြင်းကို တွေ့ရလေ၏။

ရှား။ ။ "ပွတ်စူးရောက်ပြီးလား မင်းကတော်ကြီး"
တင်။ ။ "သူက ရထားစောပြီး ရောက်လာတယ်"
ရှား။ ။ "ဩော်... ထင်သားပဲ၊ ကိုမောင်မောင်ကို ဘယ်လိုစီစဉ်ထားပါသလဲ ခင်ဗျာ"
တင်။ ။ "ဦးစံရှားတို့ မလာမချင်း ဘယ်သူနဲ့မှ မတွေ့ရအောင် အခန်းတံခါးနဲ့ ပြတင်းပေါက်တွေပိတ်ပြီး လုံခြုံအောင် ထားခဲ့ပါတယ်"
ရှား။ ။ "ပွတ်စူးကော ခင်ဗျ"
တင်။ ။ "ပွတ်စူးက လိုလိုမည်မည်ဆိုပြီး တိုက်အမိုးပေါ် တက်ပြီးစောင့်နေပါတယ်"
ရှား။ ။ "ဟိုက်... အိမ်က ဘယ်လောက်ဝေးလဲ မင်းကတော်ကြီး"
တင်။ ။ "မဝေးပါဘူး၊ တစ်ဖာလုံလောက်ပါပဲ၊ ဒီသူငယ်ကို သူ့ဖခင် စော်ဘွားကြီး လက်ထက်ကတည်းက ဘယ်လိုများ ရေစက်ပါတယ် မဆိုနိုင်ဘူး။ သားကလေးကို ဒေါ်ဒေါ်က ချစ်ခဲ့တယ်။

သူ့ကိုလုပ်ကြံတယ်လို့ ကြားလိုက်ရတည်းက တစ်ခဏလေးမှ စိတ်မအေးဘူးလို့ ဘူတာရုံလာပြီး ဦးစံရှားတို့ကို ကြိုနေရပါတယ်။ ရောက်ပါပြီ၊ ဟောဒီတိုက်ပါပဲ"

ကျွန်တော်တို့သည် ဘာဂျာဆောင်ကြီးသဖွယ် ခြောက်မြောင့် ပုံသဏ္ဍာန် ဆောက်လုပ်ထားသည့် တစ်ထပ်တိုက်ကြီးသို့ ရောက်လာကြ၍ မီးများလင်းထိန်အောင် ထွန်းထားခြင်းကို တွေ့ရ၏။

ရှား။ ။ "အမိုးပေါ် တက်တော့ ဘယ်နေရာက တက်သလဲ"
တင်။ ။ "နောက်ဖေးမှာ ကြောင်လိမ်လှေကား ရှိပါတယ်"
ရှား။ ။ "လာဗျို့... ကိုသိန်းမောင်၊ ဒေါ်ဒေါ်တို့တော့ ဝင်ပေါက်နားက နေရစ်ကြနော်၊ တိုက်ထဲ မဝင်ကြနဲ့ဦး။ ကိုမောင်မောင်နေတာက ဘယ်နားကအခန်းလဲ"
တင်။ ။ "အရှေ့တောင်ထောင့်က အခန်းထဲမှာ"

ကျွန်တော်နှင့် ဦးစံရှားတို့သည် ကြောင်လိမ်လှေကားသို့ သွားကြ၍ အပေါ်သို့ မတက်သေးမီ ဦးစံရှားက...

"ဟိုကောင့်ကိုမြင်ရင် လက်မနှေးနဲ့ဗျနော်၊ ပစ်သာပစ်"

ဟု ပြော၍ သူက ရှေ့မှတက်ပြီး ကျွန်တော်က နောက်မှကပ်လိုက်သွားလေ၏။ တိုက်အပေါ်မှာ၌ ခေါင်းတိုင်တစ်ခုရှိရာ ခေါင်းတိုင်အနီး၌ လူတစ်ယောက် ဝပ်နေသော ပုံသဏ္ဍာန်ကို ရိပ်မခဲ မြင်လိုက်သလိုလို ရှိ၏။

နောက်တစ်ခဏ၌ မီးရောင်တစ်ခု လက်ခနဲ မြင်လိုက်ရ၍ ကျွန်တော်က မီးရောင်ရှိရာသို့ ဦးစံရှား ပြောထားသည့်အတိုင်း သေနတ်တစ်ချက် ပစ်လိုက်ရာ လူတစ်ယောက်သည် ဝပ်ရာမှထ၍ လှေကားရှိရာသို့ ကမန်းကတန်း ပြေးသွားလေ၏။

ကျွန်တော်တို့လည်း သူ့နောက်သို့လိုက်ကြရာ ထိုလူသည် လှေကားထစ်ကို ရုတ်တရက် ရှာမတွေ့ဘဲ ခြေထောက်နှင့် စမ်းသပ်လျက်ရှိစဉ် ဦးစံရှားက...

"ဟေ့... ပွတ်စူး၊ မပြေးနဲ့"

ဟု ပြောပြောဆိုဆို တုတ်ဖြင့် လှမ်းရိုက်လိုက်၏။ ပွတ်စူးသည် ဦးစံရှား၏ တုတ်ကို ငုံ့၍ ရှောင်လိုက်ရာ တုတ်ချက်ကို လွတ်သွားသော်လည်း လှေကားထိပ်၌ ဟန်ပျက်၍ အောက်သို့ ထိုးကျသွားလေ၏။

ထိုခဏ၌ 'အုံး'ခနဲမြည်သော အသံကြီး ထွက်ပေါ်လာပြီး ခေါင်းတိုင်ပေါက်မှ မီးပွားများ ထွက်လာ၍ တစ်ကောင်းကင်လုံး ထိန်သွားပါတော့သည်။

"သောက်ကျိုးနည်းပြီဗျို့၊ ကျုပ်တို့ နောက်ကျသွားပြီကောဗျာ"

ဦးစံရှားက လွှတ်ခနဲပြောရင်း ကြောင်လိမ်လှေကားမှ အပြေးအလွှား ဆင်းသွားလေရာ ကျွန်တော်က နောက်မှလိုက်သွားလေ၏။ လှေကားရင်းသို့ ရောက်သောအခါ...

"ခင်ဗျားက ဒီကောင့်ကို ကြည့်ရစ်ဗျ၊ ကျုပ်က ကိုမောင်မောင်ဆီကို သွားလိုက်ဦးမယ်"

ဟု ဆိုကာ တိုက်ပေါက်ရှိရာသို့ ပြေးသွားလေ၏။ ကျွန်တော်သည် မလှုပ်မရှား ရှိနေသော ပွတ်စူးကို စမ်းသပ်ကြည့်ရာ လည်ကုပ်ကျိုးပြီး စင်းစင်းသေလျက် ရှိခြင်းကို တွေ့ရလေ၏။

တစ်ထပ်တိုက်ပင် ဖြစ်သော်လည်း ပွတ်စုံးသည် မြေကြီးပေါ်သို့ ဦးခေါင်းဖြင့် စိုက်ကျ၍ ပွဲချင်းပြီး သေဆုံးဟန် ရှိလေသည်။

ထို့နောက် ကျွန်တော်သည် ဦးစံရှားရှိရာသို့ လိုက်သွားသောအခါ စန္ဒရားပျက်ကြီး အနီး၌ ဒူးထောက်၍ ကုန်းနေသော ဦးစံရှားနှင့် ဒေါ်တင်တင်တို့ သားအမိကို မြင်ရလေရာ ကြမ်းပေါ်၌ လူတစ်ယောက် ပက်လက်လန်လျက် လဲနေခြင်းကို တွေ့ရလေ၏။

ရှား။ ။ "တော်ပါသေးတယ်၊ စန္ဒရားကြီးက အကာအကွယ်ပေးထားလို့ မူးရုံလောက် ရှိပါတယ်။ ဒဏ်ရာမရှိပါဘူး။ ကဲ… မိမိလေး၊ နာဘူးယူခဲ့စမ်း"

ဦးစံရှားက နာဘူးကို နာခေါင်းဝသို့ တေ့ပေးလိုက်ရာတွင် ထိုလူသည် မျက်စိပွင့်လာပြီး "မိမိလေး"ဟု ဆိုကာ အနီးသို့လာ၍ ဒူးထောက်သော မိမိလေးကို မြင်လိုက်ရ၏။

ကျွန်တော်တို့သည် နောက်ဆုံး လော်ကယ်ရထားနှင့် ရန်ကုန်သို့ ပြန်လာကြရာ…
ရှား။ ။ "ကိုင်း… ကိုသိန်းမောင်၊ ဘာများ မေးစရာကျန်သေးသလဲဗျ"
ကျွန်။ ။ "တိုင်းပုံးစိတ်ကူးက သူတို့ ဘယ်ကရသလဲဗျာ"
ရှား။ ။ "စော်ဘွားသားဆိုတဲ့ ကောင်က လူလည်ဗျ။ အိန္ဒိယပြည်တွေ ဘာတွေ တော်တော်နဲ့အောင် ရောက်ခဲ့ပြီး 'နဟီလစ်' အသင်းသားတွေနဲ့ အဆက်အသွယ်လုပ်ခဲ့သတဲ့။ "ဒီအသင်းသားတွေဟာက ဘုရင်မုန်းတီးရေးဝါဒတဲ့ဗျ။ ဘုရင်ဆိုရင် သူတို့က အားလုံး သတ်ပစ်ချင်တာပဲ။ သတ်တော့လည်း ဗုံးနဲ့ခွဲပြီး သတ်ရမှ ကျေနပ်တဲ့ လူစုပဲ။ စော်ဘွားသားတွေကလည်း ဒီအဖွဲ့ဆီက စိတ်ကူးကို ယူလာခဲ့ပြီး သူ့အစ်ကိုကို ဗုံးခွဲသတ်ဖို့ အစီအစဉ်လုပ်ခဲ့တာပဲ"
ကျွန်။ ။ "ခုနက ခွဲတာဟာ တိုင်းပုံးမှ မဟုတ်ဘဲဗျာ"
ရှား။ ။ "တိုင်းပုံးမရသေးလို့ စနက်တံနဲ့ ရှို့ရတဲ့ ဗုံးမျိုးနဲ့ လုပ်ကြံဟန်တူတယ်။ ကျုပ်တို့နှင့် တိုင်ပင်မုန်းသိလေတော့ သူ့ဟာသူ လန့်ပြီး ကတိုက်ကရိုက် စီမံရဟန် တူတယ်"
ကျွန်။ ။ "ကျွန်တော်တို့အလုပ်က ပွတ်စုံးနဲ့ပဲ ပြီးရောလားဗျ"
ရှား။ ။ "သူတို့က တယ်ပြီး မလိုရင်လည်း ကျုပ်တာဝန်ကတော့ ပြီးပြီပေါ့ဗျ"

*****

## စံဖဲအလောင်းတွေ့မှု

တစ်ခုသော တနင်္ဂနွေနေ့၌ မိုးသည်းထန်စွာ ရွာလျက်ရှိသည် ဖြစ်သောကြောင့် ကျွန်တော်နှင့် ဦးစံရှားတို့သည် အပြင်သို့ထွက်ရန် မကြံစည်နိုင်ဘဲ ကျွန်တော့်မှာ အင်္ဂလိပ်ဝတ္ထုစာအုပ်ကို ဖတ်ရှုလျက်ရှိစဉ် ဦးစံရှားမှာ အင်္ဂလိပ်မြန်မာ သတင်းစာများကို တစ်ခုပြီးလျှင်တစ်ခု လှန်လျှောဖတ်ရှုလျက်ရှိနေရာမှ သတင်းစာများကို အားလုံးပစ်ချ၍ ပျင်းရိလှသော အမူအရာနှင့် ကုလားထိုင်ပေါ်၌ တွန့်လိမ်သမ်းဝေလျက်…
ရှား။ ။ "မိုးကလည်းအေး၊ အမှုကလည်း ပါးသန့် အခုတလော တယ်ပျင်းစရာ ကောင်းပါကလားဗျာ ကိုသိန်းမောင်"

ကျွန်။ ။ "အမှုပါးလို့ စုံထောက်စရာမရှိရင် ငွေငါးထောင်ရအောင် စံဖဲလိုက်ပြီး ဖမ်းပါတော့လားဗျာ။ ဘယ့်နယ်လဲ... စံဖဲသတင်းများ သတင်းစာထဲမှာ ဘာများပါသေးသလဲဗျာ"

ရှား။ ။ "ပါတာတော့ မပြောနဲ့တော့ဗျာ၊ ဟိုသတင်းစာကလည်း စံဖဲ၊ ဒီသတင်းစာကလည်း စံဖဲ၊ ဟိုဂျာနယ်ကလည်း မူပိုင်သတင်း၊ ဒီမဂ္ဂဇင်းကလည်း အထူးသတင်းနဲ့ တစ်ယောက်တစ်မျိုး ရေးလိုက်ကြတာ စံဖဲသတင်းစာတွေ မှိုလိုပေါက်နေပါပြီကောလားဗျ။ တော်တော်ကြာရင် ခင်ဗျားကတောင် 'စံဖဲနဲ့ စံရှား'ဆိုပြီး ဝတ္ထုရေးဦးမလားမသိဘူး"

ကျွန်။ ။ "ရေးသင့် ရေးရလိမ့်မဗျာ။ ကျွန်တော်ရေးစရာ အကွက်ကလေး ပေါ်လာအောင်သာ ခင်ဗျားကလည်း စုံထောက်တစ်ခန်း ထွက်ပါဦးတော့လားဗျာ။ ငွေငါးထောင် ဆုငွေထုတ်ထားတယ်ဆို မဟုတ်လား"

ရှား။ ။ "မလုပ်နဲ့ဆရာကြီးရေ၊ ငွေ ငါးထောင်လည်း ကျုပ်မလိုချင်ဘူး၊ ခေါင်းတစ်လုံးလည်း အဆုံးမခံချင်ဘူး"

ကျွန်။ ။ "တကယ်ပဲ ခင်ဗျား လန့်သလား"

ရှား။ ။ "လန့်တာ မလန့်တာ အပထား၊ ဒီအလုပ်က ကျုပ်နဲ့ဆိုင်တဲ့အလုပ် မဟုတ်ဘူးဗျ။ ခင်ဗျားသိတဲ့အတိုင်း ကျုပ်က အမှုတစ်ခုဖြစ်ပွားလို့ လက်သည်မပေါ်ရင် ပေါ်အောင်လိုက်ပြီး စုံထောက်ဖို့သာ ရှိတယ်။

ကျုပ်ကိုယ်တိုင်လိုက်ပြီး လူဆိုးကို မိအောင်ဖမ်းဖို့အလုပ် မဟုတ်ဘူး။ ဒီအလုပ်က အင်စပက်တော် ကိုအုန်းဖေတို့ရဲ့ အလုပ်ကိုးဗျ။ သို့သော်..."

ကျွန်။ ။ "သို့သော် ဘာပြုသလဲဗျ"

ရှား။ ။ "သူတို့အစိုးရပုလိပ်တွေ၊ စစ်ပုလိပ်တွေ ဖမ်းလို့ မမိနိုင်ပါဘူး။ ကျုပ်ကို ကူညီပါဦးဆိုရင်ဖြင့် အကြံဉာဏ်ပေးများ ပြုမိမလားမသိဘူး။ ဒီလိုပြုရမယ်ဆိုတောင်..."

ကျွန်။ ။ "ဘာဖြစ်သလဲဗျ"

ရှား။ ။ "အခု သတင်းရထားသမျှမှာတော့ စံဖဲဟာ တိုင်းသူပြည်သား ရွာသူရွာသားများကို ညှဉ်းပန်းနှိပ်စက် ပြုသေးတာမဟုတ်၊ အစိုးရအပေါ်မှာ သူ မကျေနပ်တဲ့အချက်ရှိလို့ အစိုးရကိုသာ ရန်ငြိုးဖွဲ့ပြီး ခုခံနေခြင်း ဖြစ်လေတော့ ကျုပ်က အစိုးရအမှုထမ်းလည်းမဟုတ်၊ ပြည်သူပြည်သားရဲ့ အမှုထမ်းမျှသာ ဖြစ်တဲ့အတွက် ခပ်ခက်ခက်ပဲ ကိုသိန်းမောင်"

ကျွန်။ ။ "ကိုအုန်းဖေတစ်ယောက် လိုက်သွားတယ်မဟုတ်လား"

ရှား။ ။ "ဟုတ်ကဲ့... စံဖဲ ဖမ်းဖို့တဲ့၊ လိုက်သွားလေရဲ့။ ဘယ်သူ့ကို ဘယ်သူက ဖမ်းမယ်တော့ မပြောတတ်ဘူး"

ကျွန်။ ။ "တကယ်လို့များ ကိုအုန်းဖေက ခင်ဗျားကို လာပါဦးဆိုရင်တော့ ဘယ့်နယ်လုပ်ပါ့မလဲဗျာ"

ရှား။ ။ "မခေါ်ပါစေနဲ့ အောက်မေ့ရတာပဲဗျ"

ထိုခဏ၌ ကြေးနန်းစာပို့ ကုလားသည် တိုက်ပေါ်သို့ တက်လာ၍ ဦးစံရှားအား ကြေးနန်းတစ်စောင်ကို ပေးလေရာ ဦးစံရှားသည် ဖွင့်၍ ဖတ်ပြီးလျှင် အံ့သြသောအမူအရာနှင့် "ဟိုက်"ဟု အော်လိုက်ပြီးနောက် ကျွန်တော့်အား ကြေးနန်းကို လှမ်း၍ပေးသဖြင့် ကျွန်တော်သည် အောက်ပါအဓိပ္ပါယ်ပါရှိသော ကြေးနန်းစာကို ဖတ်ရှုရလေ၏။

*စံဖဲ၏အလောင်းကို တွေ့ပါပြီ။ ဟုတ်မဟုတ် သေချာစွာ မခွဲခြားနိုင်သေးသည်ဖြစ်၍ ဆရာ့ထံ အကြောင်းကြားရခြင်း ဖြစ်ပါသည်။ မီးရထားနှင့် အမြန်လိုက်ခဲ့စေလိုပါသည်။*

ကျွန်တော်သည် အထက်ပါကြေးနန်းကို ဖတ်ရှုရပြီးနောက်…
ကျွန်။ ။ “ပြောရင်းဆိုရင်း ပေါက်လာပါပြီကောဗျာ၊ စံဖဲအလောင်းဆိုပါကလားဗျ။ ဘယ်သူက သတ်လို့ ဘယ့်နှယ်အလောင်းတွေ့ရသလဲဗျာ”
ရား။ ။ “ဟုတ် မဟုတ်ကို သေချာစွာ မခွဲနိုင်သေးလို့ဆို မဟုတ်လားဗျာ”
ကျွန်။ ။ “ဟုတ်ကဲ့… မသေချာသေးဘူးတဲ့၊ ဘယ့်နှယ်လဲ… ခင်ဗျား လိုက်မလား”
ရား။ ။ “ဘယ်နှစ်နာရီ ရှိသွားပြီလဲဗျို့”
ကျွန်။ ။ “၁၁ နာရီ ထိုးလုပြီ”
ရား။ ။ “ဟာ… ဒါဖြင့် စာပို့ကြီး မီသေးတယ်ဗျို့၊ ဘယ့်နှယ် ကိုသိန်းမောင်၊ ကျုပ်သွားရင် ခင်ဗျားကော လိုက်ဦးမလား”
ကျွန်။ ။ “လိုက်တော့ လိုက်ချင်ပါရဲ့ဗျာ၊ အလုပ်က ခွင့် ခဏခဏခံလို့ အားနာစရာ ကောင်းနေပါပြီဗျာ။ မလိုက်သေးပါဘူး၊ ဟိုရောက်တော့ အကျိုးအကြောင်း စာထည့်လိုက်ပါတော့ဗျာ”
ရား။ ။ “ကိုင်း… ဒါဖြင့် ကျုပ်သွားလိုက်ဦးမယ်၊ စာထည့်ဖို့တော့ စိတ်ချပါဗျာ။ တစ်နေ့တစ်စောင်ကျ ထည့်လိုက်ပါ့မယ်”

ဦးစံရှားသည် ထိုနေ့ ၁၂ နာရီရထားနှင့် သာစည်သို့ လိုက်သွားရာ အောက်ပါ အဖြစ်အပျက်များမှာ ဦးစံရှားထံမှ စံဖဲအကြောင်းနှင့် စပ်လျဉ်း၍ စုံလင်စွာ ရေးသားပေးပို့လိုက်သော စာများမှာ လိုရင်းအချက်များကို ထုတ်နုတ်၍ ရေးယခင်အခါက ကျွန်တော် ရေးသားမြဲဖြစ်သော ဝတ္ထုသွားအတိုင်း စီစဉ်ရေးသား ထည့်သွင်းဖော်ပြခြင်း ဖြစ်လေသည်။

ဦးစံရှားသည် သာစည်ဘူတာသို့ နောက်တစ်နေ့နံနက်တွင် ဆိုက်ရောက်လာခဲ့ရာ အင်စပက်တော် ကိုဒုန်းဖေသည် မီးရထားဘူတာရုံမှ အသင့်စောင့်ဆိုင်းကြိုဆိုလျက် ရှိလေ၏။

စုံထောက်နှစ်ဦး တွေ့ဆုံမိကြသည်နှင့် တစ်ပြိုင်နက် ဦးစံရှားသည် မိမိ၏ ဝါသနာအတိုင်း လိုရင်းအချက်များကို ကောက်နုတ်မေးမြန်းရာ စံဖဲ၏အလောင်းကို သာဂရရွာနှင့် တစ်တိုင်ကျော် ခရီးခန့်တွင် ယမန်နေ့နံနက်က လုည်းသမားတစ်ယောက် တွေ့ရှိရကြောင်း၊ ဤအရပ်ဒေသ၌ ယခုနှစ်တွင် အလွန်တရာ မိုးခေါင်လျက်ရှိရာ အလောင်းမတွေ့မီ ညဉ့်က မိုးကြီး သည်းထန်စွာ ရွာသွန်း၍ မိုးကြိုးများလည်း အကြိမ်များစွာ ထစ်ချုန်းကြောင်း၊ စံဖဲ၏အလောင်းမှာ မိုးကြိုးထိမှန်သည့် လက္ခဏာနှင့် တစ်ကိုယ်လုံး မည်းလျက်ရှိကြောင်း၊ အလောင်းမှာ စံဖဲ၏ ပုံသဏ္ဌာန်အတိုင်း ဝဝတုတ်တုတ် အသားမည်းမည်းဖြစ်၍ ပေါင်၌လည်း ကြောင် အဆင်းအတက်နှစ်ကောင် ပါရှိကြောင်း၊ မျက်နှာမှု မိုးကြိုးထိမှန်ချက် ပြင်းထန်လှသည် ဖြစ်သောကြောင့် လူရုပ်မပီသအောင် ရှိကြောင်းနှင့် ပြောဆိုသောအခါ…
ရား။ ။ “နေပါဦးဗျ၊ စံဖဲအလောင်းရယ်လို့ ခင်ဗျား ထင်မှတ်ပုံ အထူးအကြောင်း ဘာများပြောစရာရှိသလဲ”
ဖေ။ ။ “ပေါင်မှာ ကြောင် အဆင်းအသက်လည်း ပါတယ် ဆရာ၊ မည်းမည်းဝဝလည်း ဖြစ်တယ်ဆရာ၊ ရွာသားတစ်ယောက်က စံဖဲဆီကို ရေးပြီး သတင်းတစ်ခု ပေးလိုက်တဲ့စာကိုလည်း တွေ့ရတယ် ဆရာ”

ရှား။ ။ "ဩော်... ထင်စရာပဲဗျို့။ အလောင်းကို ခင်ဗျား ရွှေ့လိုက်ပြီလား"
ဖေ။ ။ "ဘယ့်နယ်ရွှေ့မလဲ ဆရာ၊ ဆရာ့သဘော ကျွန်တော်သိလို့ ဒီအတိုင်းပဲ ထားသေးတယ်"
ရှား။ ။ "နေရာကျသဗျာ၊ ဒါထက် ပုလိပ်မင်းကြီးဆီ အစီရင်ခံပြီးပြီလား"
ဖေ။ ။ "မသေချာသေးတာနဲ့ အစီရင်မခံသေးဘူး ဆရာ၊ မတော်တဆ လွဲနေမှဖြင့် ကျွန်တော့်ကို အပြစ်တင်စရာကြီး ဖြစ်နေမှာကိုး ဆရာရဲ့"
ရှား။ ။ "မှန်တယ်၊ သတင်းစာတိုက်တွေက လွှတ်ထားတဲ့ ကိုယ်စားလှယ်တွေကော သိသွားပြီလား"
ဖေ။ ။ "သူတို့မကြားအောင် ကျွန်တော် မလုံ့လုံအောင် ဖုံးဖိထားပါတယ် ဆရာ"
ရှား။ ။ "ကိုင်း... သွားကြစို့ဗျာ၊ ကျုပ် ကြည့်ချင်လှပြီ"

ထို့နောက် ဦးစံရှားနှင့် ကိုအုန်းဖေတို့သည် နောက်ပါ ပုလိပ်များနှင့်တကွ လှည်းတစ်စီးနှင့် သွားရောက်ကြလေရာ ၁၀ နာရီကျော် အချိန်ခန့်တွင် အလောင်းရှိရာသို့ ဆိုက်ရောက်သွားကြလေ၏။

လှည်းလမ်းနှင့် ကိုက်သုံးရာခန့် ကွာဝေးသောအရပ်၌ ပုလိပ်အရာရှိ နှစ်ယောက်တို့ စောင့်ကြပ်လျက် လူတစ်ယောက်၏ အလောင်းသည် မြေပေါ်၌ ပက်လက်လန်လျက်ရှိရာ အလောင်း၏နံဘေး၌ရှိသော မြက်ခင်းတို့သည် လျှပ်စစ်၏ အခိုးကြောင့် မီးရှို့၍ထားဘိသကဲ့သို့ မည်းနက်သည့်တိုင်အောင် လောင်ကျွမ်းလျက် ရှိလေ၏။

အလောင်းမှာ ရှမ်းဘောင်းဘီ အနက်ကိုဝတ်ပြီး ရာဘာခံသော ရွက်ဖျင်ဖိနပ်ကို ခြေ၌ စွပ်လျက်ရှိရာ အထက်ပိုင်း၌ကား သက္ကလလတ်အင်္ကျီအနက်ကို ဝတ်ပြီးလျှင် စီအိုင်ဗွီဦးထုပ်မှာမူ နှစ်တောင်ခန့်မျှ ဝေးသည့်အရပ်သို့ လွင့်စဉ်၍ ကျသည့်လက္ခဏာနှင့် မြေပေါ်တွင် မှောက်လျက်ရှိနေလေ၏။

ဦးစံရှားသည် ဦးထုပ်ကို ကောက်ယူကြည့်ရှုရာ အတွင်းဘက်၌ အင်္ဂလိပ်အက္ခရာဖြင့် စံဖဲဟူသောအမည် အတိုကောက် ရေးသားထားသည်ကို တွေ့ရလေ၏။

ထို့နောက် ဦးစံရှားသည် အလောင်း၏မျက်နှာကို သေချာစွာ ကြည့်ရှုလေရာ မျက်နှာမှာ လူရုပ်မပီသအောင် လောင်ကျွမ်းလျက်ရှိသည့်ပြင် ဆံပင်တို့မှာလည်း မီးရှပ်၍ထားသည့် လက္ခဏာနှင့် ဦးရေ၌ကပ်ကာ လိမ်တွန့်လျက်ရှိလေရကား များစွာ တုန်လှုပ်ဖွယ်ကောင်းသော အဆင်းသဏ္ဌာန်ရှိပေ၏။

အလောင်း၏အရှေ့ပိုင်းကို ကြည့်ရှုပြီးနောက် ဦးစံရှားသည် ပုလိပ်သားများအား အလောင်းကို လှန်စေ၍ ကျောဘက်သို့ ကြည့်မိသည်နှင့်တစ်ပြိုင်နက် အံ့သြသောအမူအရာနှင့်...
ရှား။ ။ "ဘယ့်နယ်လဲ ကိုအုန်းဖေ၊ ဒီဟာ ခင်ဗျား မြင်မိရဲ့လား"
ဖေ။ ။ (ရှက်ကိုးရှက်ကန်းနှင့်) "ကျွန်တော် သတိမထားမိဘူး ဆရာ၊ ကျွန်တော်က မျက်နှာကိုသာ ကြည့်မိတာကိုး ဆရာ"

ရား။ ။ "ဒီအချက်က အရေးကြီးတယ်ဗျ၊ မိုးကြိုးပစ်တယ်ဆိုတာ ခင်ဗျားသိတဲ့အတိုင်း လျှပ်စစ်ဓာတ်ထိမှန်ခြင်း ဖြစ်လေတော့ ဒဏ်ရာရယ်လို့ ကြီးကြီးကျယ်ကျယ် မရှိနိုင်ဘူး မဟုတ်လားဗျာ"

ဖေ။ ။ "မိုးကြိုးပစ်ပြီး ပက်လက်လန်အလဲမှာ မြေကြီးနဲ့ နောက်စေ့နဲ့များ ဆောင့်မိလေရော့သလားဗျာ"

ရား။ ။ "ပက်လက်လန်ပြီး လဲရုံနဲ့ ဒီလောက်ဒဏ်ရာကြီး ဖြစ်နိုင်ပါ့မလားဗျာ။ ကြည့်ပါဦး၊ နောက်စေ့ကို ခွက်ဝင်သွားတာပဲ။ တော်တော်ပြင်းတဲ့လက်ချက်ဗျ။ ဝါးရင်းတုတ်နဲ့ တအားလွှဲချတဲ့ ဒဏ်ရာနဲ့တူတယ်"

ဖေ။ ။ "မျက်နှာတွေ မည်းနေတာ၊ မြက်တွေ ကျွမ်းနေတာကော ဆရာ"

ရား။ ။ "ဒါတွေက အလောင်းကို ပစ်ထားပြီးမှ မိုးကြိုးက တစ်ခါထပ်ပြီး ပစ်ထားသလား၊ သို့မဟုတ် မိုးကြိုးပစ်တာနဲ့ တူအောင် မီးရှို့ထားသလား တစ်ခုခုပဲ။ ကျုပ်အထင်တော့ မိုးကြိုးပစ်တာနဲ့ တူအောင် တမင်ဆင်ပြီး လုပ်ထားတယ်လို့ ထင်တယ်"

ဖေ။ ။ (လက်သည်းကို သွားနင့်ကိုက်လျက်) "ဆရာလာလို့ ရှင်းမလား အောက်မေ့ပါတယ်။ သာရှုပ်ကုန်ပါပြီကော ဆရာ"

ရား။ ။ "အခုရှုပ်တာက နောင်ရှင်းဖို့ပေါ့ ကိုအုန်းဖေ။ ဒါထက် သူ့အိတ်ထဲက တွေ့တဲ့ပစ္စည်းတွေ ပြစမ်းဗျာ၊ ကြည့်စမ်းရအောင်"

ဟု တောင်းသဖြင့် ကိုအုန်းဖေသည် အလောင်း၏အိတ်အတွင်းမှ တွေ့သော လက်ကိုင်ပဝါ တစ်ထည်၊ စာတစ်စောင်၊ ငွေ ၅ ကျပ် ၁၁ ပဲနှင့် လက်ဖွဲ့တစ်ခုကို ထုတ်၍ပြလေ၏။

ဦးစံရှားသည် ယင်းပစ္စည်းများကို တစ်ခုစီ သေချာစွာ ကြည့်ရှုပြီးနောက် စာကိုဖတ်ရှုရာ စာမှာ အောက်ပါအတိုင်း ဖြစ်လေ၏။

ကျုပ်တို့ရွာက စစ်တပ်မှာ စစ်ပုလိပ် ၂၀ ရှိသည်။ ကိုအုန်းဖေတို့ ဒီကနေ့ ပြန်မည်ကြားသည်။ ဆံတစ်တင်းနှင့် ကြက်ငါးကောင် ခါတိုင်းနေရာမှာ ထားသည်။

စာနှင့်တကွ ဝတ္ထုပစ္စည်းများကို ကြည့်ရှုပြီးနောက် ဦးစံရှားသည် စဉ်းစား စိတ်ကူးလျက်ရှိရာ...

ဖေ။ ။ "ဘယ့်နှယ်လဲ ဆရာ၊ ကြောင်အဆင်းအတက်လည်း ပါတယ်။ မည်းမည်းဝဝလည်း ဖြစ်တယ်၊ အဝတ်အစားလည်း ဒီအတိုင်းပဲလို့ ကျွန်တော် သတင်းရတယ်။ ဒီစာလည်း တွေ့တယ်၊ ဒီတော့ မုချ ဒီအလောင်းဟာ စံဖဲအလောင်းမဟုတ်ဘူးလား ဆရာ"

ရား။ ။ "နောက်စေ့က ဒဏ်ရာကကောဗျာ"

ဖေ။ ။ "ဒါက ဘာဆိုင်သလဲ ဆရာ၊ ဘယ်နည်းနဲ့သေသေ စံဖဲအလောင်းဖြစ်ရင် ပြီးရောပေါ့ ဆရာ"

ရား။ ။ "ဘယ့်နှယ်မဆိုင်သလဲဗျ၊ ဒါ အရေးကြီးနေတာပေါ့။ ဒီဒဏ်ရာ မရှိခဲ့လို့ရှိရင် စံဖဲအလောင်းရယ်လို့ ကျုပ်တောင် ထင်များ ထင်မိလေမလား မသိဘူး"

ဖေ။ ။ "ဘယ်ပုံ ဆိုင်ပါသလဲ ဆရာ"

ရား။ ။ "ဒီလိုဗျ၊ ဘာပဲပြောပြော ဒီအလောင်းဟာ မိုးကြိုးပစ်လို့ သေတဲ့အလောင်း မဟုတ်ဘူး။ ဒဏ်ရာနဲ့သေတဲ့အလောင်းဗျ။ လူကို ရိုက်သတ်ပြီးတော့မှ ဟိုညက မိုးကြိုးတွေကလည်း ထစ်တာနဲ့ အကြံရပြီး မိုးကြိုးပစ်တာနဲ့ တူအောင် လုပ်ပြီးထားတဲ့ လက်ချက်ပဲ။

ကောင်းပြီ။ သေသူဟာ စံဖဲဖြစ်လို့ရှိရင် သတ်တဲ့သူဟာ ဘာများ ပုန်းလျှိုးကွယ်လျှိုး လုပ်စရာရှိသေးသလဲဗျ။ သူသတ်တယ်ဆိုတာ ထုတ်ဖော်ပြောပြီး အစိုးရဆီ ငွေငါးထောင် ထုတ်ယူမယ်မဟုတ်ဘူးလား။ အခုတော့ စံဖဲမဟုတ်လို့သာ မတော်တဆ သူ့ဘာသာသူ သေတယ်ထင်အောင် ဉာဏ်ဆင်ပြီး လုပ်ထားတယ် မဟုတ်လားဗျ"

ဖေ။ ။ "ဟုတ်လိမ့်မယ် ဆရာရေ့"

ရှား။ ။ "ပြီးတော့ ဒီ့ပြင်တစ်ချက်ကလည်း စံဖဲအလောင်း ဖြစ်ခဲ့ရိုးမှန်ရင် စံဖဲဟာ အနည်းဆုံး ခြောက်လုံးပြူးသေနတ်တစ်လက်မပါဘဲနဲ့ ခရီးသွားမတဲ့လားဗျာ။ ခင်ဗျား ခြောက်လုံးပြူးများ တွေ့ရဲ့လား"

ဖေ။ ။ "မတွေ့ဘူး ဆရာရေ့၊ နို့ ဆရာ၊ အဝတ်အစားနဲ့ စာကကော ဆရာ"

ရှား။ ။ "ဒါကြောင့် ကျုပ် စဉ်းစားနေတယ် မဟုတ်လား။ မဟုတ်ရင်လွဲရော ခင်ဗျားဆီလာပြီး တိုင်တဲ့ လှည်းသမားဟာ စံဖဲလူပဲထင်တယ်။ စာနဲ့အဝတ်ကတော့ စံဖဲစာနဲ့ စံဖဲအဝတ်နဲ့ပဲ တူရဲ့၊ ကေန္တ စံဖဲဉာဏ်ပဲဗျို့"

ဖေ။ ။ "ဘယ့်နှယ် စံဖဲဉာဏ်လည်း ဆရာ"

ရှား။ ။ "ကိုအုန်းဖေ ဒီတစ်ခါ တယ်ထူပါကလား၊ စံဖဲသေပြီလို့ အစိုးရက ထင်ခဲ့လို့ရှိရင် သူ ပြေးဖို့လွှားဖို့ ရှောင်ဖို့ လွယ်ကူမယ်မဟုတ်လားဗျာ။ ဒါကြောင့် သူ သေပြီထင်အောင် ဉာဏ်ဆင်ပြီး လုပ်ထားတဲ့ကိန်းပေ့ါဗျ"

ဖေ။ ။ "အာဂလူပါကလား ဆရာ"

ရှား။ ။ "ဘာပြောစရာ ရှိသလဲဗျာ။ တော်တော့လူတော့ ရောင်းစားနိုင်တဲ့လူပေ့ါ။ ကိုင်း... သို့သော် ဒီအလောင်းဟာ စံဖဲအလောင်းမဟုတ်ရင် ဘယ်သူ့အလောင်း ဖြစ်တယ်ဆိုတာ စုံထောက်ဖို့ အရေးက ရှိသေးတယ်"

ဟု ပြောပြီးနောက် ဦးစံရှားသည် အရပ်လေးမျက်နှာတို့သို့ မျှော်ကြည့်လျက်...

"မိုးကလည်း ရွာထားလေတော့ ခြေရာခံဖို့ဟာက ခပ်ခက်ခက်ပဲ။ ဟာ... ဟိုကတဲဟာ ဘယ်သူ့တဲလဲဗျို့"

ဖေ။ ။ "လယ်သမား ဦးဖိုးမှီရဲ့တဲဆို ထင်ပါရဲ့ဆရာ၊ ရှေးကတော့ ပုလိပ်ဘက်မှာ အမှုထမ်းဖူးတယ်ပြောတယ်။ အခုတော့ အရွယ်ကြီးလို့ ပင်စင်ယူပြီး လယ်လုပ်စားနေတဲ့ အဘိုးကြီးဆို ထင်ပါရဲ့။

ဒီအနားတစ်လျှောက်မှာ စံဖဲအကြောင်းနဲ့ ပတ်သက်ပြီး သူတစ်ယောက်ပဲ သတင်းပေးဖော်ရတယ်။ ဒီ့ပြင် ရွာသားတွေဆိုရင်ဖြင့် တစ်ယောက်မှ မေးလို့မရဘူး"

ရှား။ ။ "ခင်ဗျား့ ဦးဖိုးမှီကို တစ်ဆိတ်လောက် တွေ့စမ်းချင်တယ်ဗျာ။ လာ သွားရအောင် ကိုအုန်းဖေ"

ဦးစံရှားနှင့် ကိုအုန်းဖေတို့သည် အလောင်းရှိရာအရပ်မှ မိုင်တစ်ဝက်ခန့်မျှ ဝေးသော တဲငယ်သို့ သွားရောက်ကြလေရာ လမ်းခရီး၌ ဦးစံရှားသည် မြေကြီးကို သေချာစွာ ကြည့်ရှုရင်း ရံဖန်ရံခါ အံ့ဩသော အမူအရာနှင့် ရပ်တန့်လျက် ရှိလေ၏။

ယင်းကဲ့သို့ အံ့ဩမိခြင်းအကြောင်းမှာ မြေကြီးပေါ်တွင် အချို့သောနေရာတို့၌ လေးလံသော အရာဝတ္ထု တစ်စုံတစ်ခုကို မြေပေါ်၌ တရွတ်ဆွဲ၍ သွားဘိသကဲ့သို့ မြက်ပင်ကလေးများ လဲလျက်ရှိခြင်း၊ သစ်ခက် သစ်ကိုင်းကလေးများ ကြေမွလျက်ရှိခြင်း၊ အချို့သောနေရာတို့၌ မြေသည် ချောမွတ်လျက်ရှိခြင်း အစရှိသော အခြင်းအရာတို့ကို တွေ့ရှိရသောကြောင့် ဖြစ်လေသည်။

ဦးဖိုးမှီ၏ တဲသို့ ဆိုက်ရောက်ကြသောအခါ ရပ်ရည် သနားကနမားရှိ၍ ဆယ့်လေးငါးခြောက်နှစ် အရွယ်ခန့်ရှိသော သူငယ်မတစ်ယောက်သည် တဲ၏ရှေ့၌ မောင်းထောင်းလျက်ရှိရာ ဦးစံရှားနှင့် ကိုအုန်းဖေတို့ကို မြင်ရသောအခါ ထိတ်လန့်တုန်လှုပ်သော အမူအရာနှင့် တဲအတွင်းသို့ ဝင်သွားမည်အပြုတွင်...

ရှား။ ။ (ချိုသာသော မျက်နှာထားနှင့်) "နေပါဦး သူငယ်မလေးရဲ့၊ မင်းတို့အဖေ ရှိသလားလို့"

မ။ ။ "မရှိဘူးရှင့်"

ရှား။ ။ "စောစောစီးစီး ဘယ်သွားသလဲကွယ်"

မ။ ။ "ခုနင်ကပဲ သာဂရရွာ သွားတယ်ရှင့်"

ရှား။ ။ "အိမ်မှာ ဒို့ပြင်အိမ်သား ဘယ်သူများ ရှိသေးသလဲ"

မ။ ။ "ကျွန်မတို့အမေ ရှိပါတယ်၊ အမေ... အို... အမေ"

ထိုအခါ အသက်လေးဆယ်ကျော် အရွယ်ခန့်ရှိ မိန်းမကြီးတစ်ယောက်သည် တဲပြင်သို့ ထွက်လာ၍ ဦးစံရှားတို့အား မသင်္ကာသော အမူအရာနှင့် ကြည့်လျက်ရှိရာ...

ရှား။ ။ "ဦးဖိုးမှီ ဘယ်အချိန်လောက် ပြန်လာပ့ါမလဲခင်ဗျာ"

မိန်းမကြီး။ ။ "ကျုပ် မပြောတတ်ဘူးတော့်"

ရှား။ ။ "သွားတာ တော်တော်ကြာပြီလားခင်ဗျာ"

မိန်းမကြီး။ ။ "တယ်မကြာသေးဘူးတော့်"

ရှား။ ။ "ဦးဖိုးမှီနဲ့တွေ့ချင်လို့ ခဏလောက် ထိုင်စောင့်ပါရစေခင်ဗျာ"

မိန်းမကြီး။ ။ "စောင့်ပါတော်၊ ဟဲ့ ဖွားတုတ်၊ ဖျာခင်းပေးပါဟဲ့"

ဦးစံရှားနှင့် ကိုအုန်းဖေတို့လည်း တဲရှေ့မှ စောင့်ဆိုင်းလျက်ရှိကြစဉ် ဦးစံရှားသည် သားအမိနှစ်ယောက်တို့၏ အမူအရာကို အကဲခတ်လျက်ရှိရာ သမီးဖြစ်သူမှာ ထိတ်လန့်သည့်အမူအရာရှိ၍ အမိဖြစ်သူမှာလည်း စိုးရိမ်သည့် အမူအရာရှိသည်ဟု ဦးစံရှား၏စိတ်၌ ထင်မှတ်မိလေ၏။

ရှား။ ။ "ဟိုအနားကအလောင်းဟာ ဘယ်သူ့အလောင်းပါလဲ၊ ခင်ဗျားတို့ သိသလား"

မိန်းမကြီး။ ။ "မသိပေါင်တော်"

ရှား။ ။ "မိုးကြိုးပစ်လို့ သေတယ်ဆိုတာ ဟုတ်ကဲ့လား"

မိန်းမကြီး။ ။ "ကျုပ်တို့ ဘယ်သိမလဲ တော်ရဲ့"

ထို့နောက် ဦးစံရှားသည် မိန်းမကြီး စကားမပြောလိုသည့် အဖြစ်ကို ရိပ်မိသဖြင့် မိမိတို့ အချင်းချင်းသာလျှင် အင်္ဂလိပ်ဘာသာဖြင့် တိုင်ပင်ပြောဆိုလျက် ရှိကြလေ၏။

နာရီဝက်ခန့်မျှကြာလျှင် အရပ် ထောင်ထောင်မောင်းမောင်းနှင့် ဦးဖိုးမှီဆိုသူသည် ထင်းတစ်စည်းနှင့် ကြက်တစ်ကောင်ကို ပိုက်၍လာရာ...

ရှား။ ။ "တယ် ကြက်ဝယ်တဲ့ ဆရာကြီးပါကလား။ တစ်နေ့ကတင် ကြက်ငါးကောင် ဝယ်သွားသေးတယ်။ အခု တစ်ကောင် ဝယ်လာပြန်ပြီ။ တစ်နေ့က ကြက်တွေက ဘယ်ရောက်ကုန်ပလဲဗျ"

မီ။ ။ "မိုးကြိုးကျွားသားဗျာ၊ အမေ မွေးကတည်းက ဒီတစ်ခါ ဝယ်ဖူးပါသေးတယ်။ သားကလေး မွေးလိုတယ်ဆိုလို့ ဝယ်ခဲ့တာပါဗျာ။ ခင်ဗျားတို့က ဘယ်ကလဲ"

ဖေ။ ။ "ကျွန်တော့် မမှတ်မိဘူးလားဗျ။ တစ်နေ့က တစ်ခေါက်လာတာလေ"

မီ။ ။ "ဩော်... အင်စပက်တော်မင်းပါလား၊ ဟဲ့... ဖွားတုတ်ကေ၊ လက်ဖက်ရည်အိုး တည်ပါဟဲ့။ ဘယ့်နယ်လဲ ဆရာ၊ ကိုစံဖဲ..."

ရှား။ ။ "စံဖဲ သေပါပြီကောဗျာ"

မီ။ ။ "အလို... ဘယ်တော့ကလဲ ခင်ဗျာ"

ရှား။ ။ (ထိုသူ၏မျက်နှာကို စေ့စေ့ကြည့်လျက်) "ဟိုအနားက အလောင်းဟာ စံဖဲအလောင်းပေါ့"

မီ။ ။ (တစ်ခဏမျှ ဆိုင်းငံ့ပြီးနောက်) "ကောင်းပါလေ့ဗျာ၊ ကောင်းပါလေ့။ ဒီလိုမှန်းသိ ကျုပ်တို့ ဆုငွေငါးထောင် ထုတ်မယူရလားဗျာ"

ရှား။ ။ (ရုတ်တရက်စိုက်ကြည့်၍) "ဗျာ"

မီ။ ။ "ကိုယ့်အိမ်နားတွင် မိုးကြိုးပစ်လို့သေတဲ့ စံဖဲကို ကိုယ်မတွေ့လိုက်တာ နာကြည်းကြောင်း ပြောပါတယ်ဗျာ"

ရှား။ ။ "မိုးကြိုးပစ်သံကော ကြားလိုက်သလား"

မီ။ ။ "ဟာ... တစ်ညလုံး တဖြိမ့်ဖြိမ့်နဲ့ ပစ်နေတာဗျာ၊ ဘယ်အချက်ကယ်လို့တော့ ဘယ်ပြောတတ်မလဲ"

ရှား။ ။ "ဦးဖိုးမီဟာ ဗလကလည်း ကောင်း၊ လူကလည်း ကျန်းမာလျက်နဲ့ ဘယ့်အတွက် အလုပ်က ထွက်လိုက်သလဲဗျာ"

မီ။ ။ "ဆရာတို့ကတော့ အရာရှိမို့လို့ လခကောင်းတယ် ဆရာရဲ့။ ကျွန်တော်တို့က ပုလိပ်သားဆိုတော့ သားနဲ့ မယားနဲ့ ကောင်းကောင်းမစားလောက်ဘူး ဆရာ"

ရှား။ ။ "ဒါထက် ခင်ဗျားတို့သားအမိတစ်စု ဒီတဲမှာနေရတာ စံဖဲတို့လူစု မကြောက်ဘူးလားဗျာ"

မီ။ ။ "ပိုက်ဆံမရှိတဲ့လူက လူဆိုးကို ဘာကြောက်မလဲဗျာ"

ရှား။ ။ "ပိုက်ဆံမရှိပေမယ့် သမီးပျိုနဲ့ ဘာနဲ့ဆိုတော့ စိုးရိမ်စရာပေါ့ဗျာ"

မီ။ ။ (ရုတ်တရက် မျက်နှာပျက်လျက်) "ဒီလိုများတော့ စမ်းစမ်းပါစေဗျာ။ ခြောက်လုံးပြူး မကိုင်ရပေမယ့် ကိုယ့်လက်ရုံး ကိုယ်အားကိုးရတာပေါ့ ဆရာ။ မကြောက်ပါဘူး"

ထိုနောက် ကိုအုန်းဖေသည် အရေးမကြီးသည့် စကား အနည်းငယ်ကို မေးမြန်းပြီးနောက် ဦးစံရှားနှင့် ကိုအုန်းဖေတို့သည် အလောင်းရှိရာသို့ ပြန်လာကြ၍ ဦးစံရှား၏ အကြံပေးချက်အရ ကိုအုန်းဖေသည် အလောင်းကို ပုလိပ်သားများအား လှည်းနှင့်တင်ဆောင်၍ ဆေးရုံသို့ပို့ရန် အမိန့်ပေးပြီးလျှင် ဌာနသို့ ပြန်လာခဲ့ကြလေ၏။

နောက်တစ်နေ့၌ ဦးစံရှားသည် စာတိုက်မှ စာတစ်စောင်ကို ရရှိသဖြင့် ဖောက်၍ ဖတ်ကြည့်ရာ အလွန်တရာ အံ့သြပြီးနောက် မည်သို့ပြုရမည်ကို အကြံယူလျက် ရှိလေ၏။ ယင်းစာမှာ...

*စာရေးအစီရင်ခံပါသည် ဦးစံရှားခင်ဗျာ။ ကျွန်တော်တို့သည် ကျောင်းနေစဉ်အခါကတည်းက ဦးစံရှား၏ စုံထောက်ဝတ္ထုများကို သူရိယမဂ္ဂဇင်းတွင် ဖတ်ရှုရပါသဖြင့် ဦးစံရှား၏ ဉာဏ်စွမ်းကို များစွာ ချီးမွမ်းခဲ့သူတစ်ယောက် ဖြစ်ပါသည်။*

*ယခု ကျွန်တော်၏အမှု၌လည်း ဦးစံရှားကိုယ်တိုင် လာရောက်စုံထောက်ကြောင်း ကြားသိရပါသည်။ ကျွန်တော်၏ အလောင်းဟူ၍ ပုလိပ်အရာရှိများ ထင်မှတ်အောင် ပြုလုပ်ထားသည်တွင် ဦးစံရှားက အလိမ်ဖြေပေးလိုက်သောကြောင့် ကျွန်တော်၏ အကြံ အထမမြောက်သည့်အတွက် ဝမ်းနည်းပါသော်လည်း ဦးစံရှားနှင့် လူချင်းတွေ့ဆုံရန် အခွင့်အရေး ပေါ်ပေါက်၍လာသည့်အတွက် ဝမ်းမြောက်ပါသည်။*

*သေသောသူမှာ ကျွန်တော်၏တပည့် သာဂရရွာသား ဖိုးသက်ဖြစ်ပါသည်။ သတ်သောသူကိုလည်း ကျွန်တော်သိပါသည်။ ထိုသူ့အပေါ်၌ ကျွန်တော်က ကလဲ့စားချေရန်ကိစ္စရှိပါ၍ ဖော်ပြောလိုပါသည်။ သို့ဖြစ်၍ ဦးစံရှားက ကျွန်တော့်အား မဖမ်းဆီးပါဟု ကတိထားခဲ့ပါလျှင် နှစ်ဦး တွေ့ဆုံပြီးလျှင် ထိုအမှုကို ပေါ်အောင်ပြုလုပ်နည်းနှင့်တကွ ကျွန်တော် ပြော၍ ပြပါမည်။*

*ကျွန်တော်ကလည်း ဦးစံရှားကို မည်သည့်နည်းနှင့်မျှ ရန်မရှာပါဟု ကတိထားပါမည်။ သဘောတူညီခဲ့လျှင် ယနေ့ညနေ ၄ နာရီအချိန်တွင် ဈေးထဲသို့ တစ်ယောက်တည်း လမ်းလျှောက်လာပါလေ။ ဦးစံရှား လမ်းလျှောက်သည်ကို မြင်သောအခါ သဘောတူကြောင်း ကျွန်တော်သိရ၍ အလောင်းတွေ့သောနေရာမှာ ယနေ့ည ၉ နာရီအချိန်တွင် စောင့်၍နေပါမည်။ ဦးစံရှားတစ်ယောက်တည်း လာပါလေ။ မည်သို့မျှ ကျွန်တော်က ရန်မရှာကြောင်း ထပ်လောင်း၍ ကတိထားပါသည်။*

ဦးစံရှားသည် စာကိုဖတ်ပြီးနောက် အချိန်အတန်ကြာအောင် စဉ်းစားပြီးလျှင် အင်စပက်တော် ကိုအုန်းဖေအား တိုင်ပင်ရန်မလိုဟု ဆုံးဖြတ်၍ စံဖဲကို မြင်ရဖူးသည်မှ ရှိစေတော့၊ သူချိန်းဆိုထားသည့်အတိုင်း သွားရောက်အံ့ဟု ကြံရွယ်၏။ ယင်းကဲ့သို့ ကြံရွယ်သည့်အတိုင်း ဦးစံရှားသည် ထိုနေ့ညနေ ၄ နာရီအချိန်တွင် ဈေးအတွင်းသို့ ရောက်ကာလ မိမိအား ချောင်းမြောင်းကြည့်ရှုနေသောသူသည် မည်သူဖြစ်လေသနည်းဟု စောင်းပါးရိပ်ခြည် ကြည့်ရှုပါသော်လည်း ဈေးဝယ်မိန်းမများနှင့် ဈေးသည်များမှတစ်ပါး မည်သူ့ကိုမျှ မမြင်သည်နှင့် တစ်ခဏမျှကြာလျှင် ဌာနာသို့ ပြန်လာခဲ့လေ၏။

နေဝင်သည်နှင့် တစ်ပြိုင်နက် ဦးစံရှားသည် ကိုအုန်းဖေအား ကိစ္စတစ်ခု ရှိကြောင်းနှင့်သာလျှင် သာမည ပြောဆိုခဲ့၍ ချိန်းဆိုရာနေရာသို့ သွားရောက်လေ၏။

၈ နာရီခွဲသည်နှင့်တစ်ပြိုင်နက် ဦးစံရှားသည် ထိုနေရာသို့ ဆိုက်ရောက်ခဲ့လေရာ လူသူတစ်ဦးတစ်ယောက်မျှ မရှိသည့်ပြင် မှောင်မိုက်သော ညဉ့်ဖြစ်၍ အလောင်းကို ရွှေ့ပြောင်းပြီးဖြစ်သော်လည်း များစွာ တုန်လှုပ်ဖွယ်ကောင်းလှပေ၏။

ဦးစံရှားမှာမူ တစ္ဆေတို့မည်သည် သေနတ်လည်းမရှိ၊ ဓားမြှောင်လည်း မရှိသောကြောင့် ကြောက်မက်ဖွယ်ရာမဟုတ်၊ လူဆိုးကိုသာလျှင် ကြောက်မက်ဖွယ်ရှိသည်ဟု အောက်မေ့၍ ခါး၌ထိုးထားသော ခြောက်လုံးပြူးကို မကြာမကြာ လက်ဖြင့် စမ်းသပ်လျက် စကြံလျှောက်၍ နေလေ၏။

၅ မိနစ်ခန့်မျှ ကြာသောအခါ မြင်းခွာသံလည်း မကြားရဘဲ ချုံကွယ်မှ လူတစ်ယောက်သည် ရုတ်တရက် ထွက်ပေါ်လာလေရာ ဦးစံရှားသည် ရုတ်တရက် သေနတ်ကို ဆုပ်ကိုင်မိလေ၏။

ထိုအခါ ထိုသူက ရယ်မောကာ မြင်းပေါ်မှဆင်းလျက်...

"ကျွန်တော်ပါ ဦး ခင်ဗျာ၊ တယ်ပြီး ဝမ်းမြောက်ပါတယ်ခင်ဗျာ။ သို့သော် မျက်နှာကို မြင်ရအောင် ကြည့်ပါရစေခင်ဗျာ"

ဟု ပြော၍ ဦးစံရှား၏ မျက်နှာကို လက်နှိပ်ဓာတ်မီးနှင့် ထိုး၍ ကြည့်လေ၏။

ရှား။ ။ "မောင်စံဖဲလားဟေ့"

ဖဲ။ ။ "မှန်ပါတယ်ခင်ဗျာ"

ရှား။ ။ "မင်းကတော့ ငါ့ကို မြင်ရပြီ၊ ငါကလည်း မြင်ပါရစေကွယ်"

ဟု ပြော၍ ဦးစံရှားကလည်း လက်နှိပ်ဓာတ်မီးနှင့် ထိုး၍ကြည့်လိုက်သည်။ စံဖဲလည်း ရဲဝံ့စွာ ရင်ကိုကော့၍ အကြည့်ခံလေ၏။

ဖဲ။ ။ "ကိုင်း... တော်လောက်ပါပြီခင်ဗျာ။ ဒါထက် ဖိုးသက်ကို သတ်တာ ဘယ်သူလဲ ဦး သိလား"

ရှား။ ။ "ဦးဖိုးမှီပါကွယ်၊ ငါသိပါတယ်"

ဖဲ။ ။ "နို့ ဘာဖြစ်လို့ မဖမ်းသလဲခင်ဗျာ"

ရှား။ ။ "သိတာက တစ်မျိုး၊ ထင်ရှားအောင် သက်သေပြနိုင်တာက တစ်မျိုးကိုးကွယ့်၊ နည်းနည်းလိုသေးလို့ ငါ ဆိုင်းနေပါတယ်"

ဖဲ။ ။ "ထင်ရှားအောင် သက်သေပြဖို့ အလွယ်ကလေးပဲခင်ဗျာ"

ရှား။ ။ "နေပါဦး၊ ဒါထက် ဦးဖိုးမှီသတ်ကြောင်း မင်းက ဘယ့်နှယ်သိသလဲ"

ဖဲ။ ။ "ဒီလိုပါခင်ဗျာ၊ ကျွန်တော်က ဦးသိတဲ့အတိုင်း မ,နဲ့ပတ်သက်ရင် ကျွန်တော့်လို လူဆိုးလုပ်မယ့်လူများမှာ ဒုက္ခတွေ တွေ့တတ်လွန်းလို့ ကျွန်တော်က အထူးသဖြင့် သတိထားပါတယ်ခင်ဗျာ။ တပည့်များကိုလည်း ဒီဟာမျိုးကို မရမ်းကားစေရဘူး။ ဒါနဲ့ ဖိုးသက်ဆိုတဲ့အကောင်ကတော့ စကားကို နားမထောင်ဘူး၊ ဟိုညက ဦးဖိုးမှီသမီးကလေး သွားပြီး ရမ်းကားတယ်ထင်ပါရဲ့။ ဒါနဲ့ ဦးဖိုးမှီက ဒေါသအလျောက် ရိုက်သတ်လိုက်ဟန် တူပါတယ်။ "ကျွန်တော်ကလည်း ကံအားလျော်စွာ ဟိုညက တောလည်နေတုန်း ဦးဖိုးမှီက ခွေးမသားကလေးအလောင်းကို ဆွဲပြီးလာတာ သွားတွေ့တာကိုးခင်ဗျ။ သူကတော့ ကျွန်တော့်ကို မမြင်ပါဘူး။ အလောင်းပစ်ထားခဲ့တော့မှ သေသေချာချာ ကြည့်တော့ ကျွန်တော့်အကောင်ဖြစ်နေမှန်း သိရတာကိုး ဦးရဲ့။

ဦးဖိုးမှီကိုတော့ ဒီအတွက် အမျက်မထားပါဘူး။ သို့သော် သူက ကျွန်တော့် အကြောင်းကို သတင်းပေးတတ်လေတော့ သူ့ကိုလည်း လက်စားချေချင်တဲ့သဘောနဲ့ သတင်းပေးခြင်း ဖြစ်ပါတယ်ခင်ဗျာ”

ရား။ ။ “ဩော်... ဒီလိုလား၊ ဒါထက် အလောင်းကိုတွေ့တော့ မိုးကြိုးပစ်သေတဲ့ စံဖဲအလောင်းနဲ့ တူအောင် မောင်က လုပ်ထားခဲ့တာပေါ့လေ”

ဖဲ။ ။ “အလောင်းကို တွေ့တွေ့ချင်း ဒီအကောင်က ကျွန်တော်နဲ့ လုံးတူ ရုပ်တူဖြစ်ကြောင်း သွားသတိရတာနဲ့ အကြံပေါ် လာတာကိုးခင်ဗျ။

ကျွန်တော်လည်း အခုတလော အငြိမ်မနေရဘဲ ပြေးရ လွှားရ၊ တိုက်ရ ခိုက်ရအားကြီးလေတော့ ခဏလောက် နားခွင့်ရစေတော့လို့ ကျွန်တော့်အလောင်းနဲ့ တူအောင် ကျွန်တော် လုပ်ထားတာကိုးခင်ဗျ။

ဒါနဲ့ မျက်နှာနဲ့ ဆံပင်ကို မီးမြှိုက်၊ အနီးအပါးက မြက်ကလေးတွေလည်း နည်းနည်းကျွမ်းအောင် မီးနဲ့ရှို့၊ ကျွန်တော့်စာကို သူ့အိတ်ထဲ ထည့်၊ တယ် မခက်လှပါဘူး ခင်ဗျ။ တော်တော့်ပုလိပ်တော့ အဟုတ်မှတ်မှာပဲခင်ဗျ”

ရား။ ။ “ဟုတ်ပါရဲ့၊ ဒါထက် ဦးဖိုးမှီအမှုကို ထင်ရှားအောင်လုပ်တဲ့နည်းကို ပြောစမ်းပါဦးကွယ်”

ဟု ပြောသဖြင့် စံဖဲလည်း ဦးစံရှားကို မိမိအကြံအစည်ကို ပြော၍ပြလေရာ ဦးစံရှားသည် စဉ်းစားစိတ်ကူးကာ နားထောင်ပြီးနောက် စံဖဲ၏စီမံပုံကို ချီးမွမ်းပြောဆိုကာ နားထောင်ပြီးနောက် ယင်းအကြံအအတိုင်း လိုက်နာရန် သဘောတူလေ၏။

ရား။ ။ “မင်းဟာက နက်ဖြန်ည စီမံမှ ဖြစ်မယ် ဟုတ်စ”

ဖဲ။ ။ “ဟုတ်ကဲ့”

ရား။ ။ “နေဦး၊ မင်းနဲ့ငါနဲ့ချည်း မပြီးဘူးကွယ့်၊ သက်သေပါဦးမှ ဖြစ်မယ်။ ဒီတော့ ကိုအုန်းဖေ တစ်ယောက် ပါရလိမ့်မယ်”

ဖဲ။ ။ “အစိုးရပုလိပ်ဆိုတဲ့ လူမျိုးဟာ ကတိတည်ပုံမလား ဦးရယ်၊ တော်တော်ကြာ ငွေငါးထောင်မက်ပြီး စကားဖျက်မှာ ကြောက်ရတယ် ဦးရဲ့”

ရား။ ။ “ငါ့တာဝန် ထားလိုက်ပါကွယ်”

ဖဲ။ ။ “ဒါတော့ ဦးလူပဲ၊ ကြည့်သာလုပ်ပေတော့လေ”

ရား။ ။ “စိတ်ချပါကွယ်”

ဖဲ။ ။ “ကိုင်း... တွေ့ရတဲ့အတွက် ဝမ်းမြောက်ပါတယ် ခင်ဗျာ။ နက်ဖြန်မှ တွေ့ကြဦးစို့ရဲ့။ ကျွန်တော်ဖြင့် အရှင်လတ်လတ်များ အမိခံမယ်လို့ ဘယ်တော့မှ စိတ်မကူးပါဘူး။

သို့သော် အမိခံချင်း ခံရင် ဦးလိုလူလက်ထဲမှာ အမိခံရရင်တော့ ကောင်းပါသေးရဲ့ ဦး ခင်ဗျာ။ ကိုင်း... သွားလိုက်ပါဦးမယ်”

ဌာနာသို့ရောက်သောအခါ ဦးစံရှားသည် ကိုအုန်းဖေအား စံဖဲနှင့် တွေ့ဆုံခဲ့ပုံနှင့်တကွ နက်ဖြန်ညအတွက် အကြံအစည်များကို ပြော၍ပြလေရာ ကိုအုန်းဖေမှာ များစွာ အံ့သြလျက် နက်ဖြန်ညအတွက်ကိုလည်း ကတိမထားချင် ထားချင်နှင့် ကတိထားလိုက်ရလေ၏။

နောက်နေ့ ညနေ၌ ဦးဖိုးမှီလင်မယား တစ်စုတို့သည် ညစာထမင်း စားသောက်လျက် ရှိနေကြစဉ် ဦးဖိုးမှီ၏မယား မငြိမ်းအေး၏ အမိသည် အသည်းအသန် ဖြစ်နေကြောင်းနှင့်

လူတစ်ယောက်က ဝင်ရောက်ပြောဆိုသွားသဖြင့် မငြိမ်းအေးအပြင် ယင်း၏သမီး မဖွားတုတ်နှင့်တကွ သားငယ်တို့သည် သာဂရရွာသို့ ချက်ချင်း သွားရောက်ကြလေ၏။

ဦးဖိုးမှီမှာမူ ယောက္ခမကြီးနှင့် စကားမပြောသည် တစ်ကြောင်း၊ အိမ်အစောင့်မရှိသည် တစ်ကြောင်းကြောင့် တစ်ယောက်တည်း ကျန်နေရစ်ခဲ့လေ၏။

ဦးဖိုးမှီသည် လူနှင့်လူချင်းမှာမူ သတ္တိကောင်းသော သူတစ်ယောက်ဖြစ်သော်လည်း အလွန်တရာ တစ္ဆေကြောက်တတ်သော လူတစ်ယောက်ဖြစ်လေရာ လူခြေတိတ်သည်နှင့် တစ်ပြိုင်နက် ကြောက်ရွံ့သောစိတ်တို့သည် တိုးတက်ဖြစ်ပွား၍ လာခဲ့လေ၏။

ဦးဖိုးမှီသည် မီးခွက်အနီးတွင်ထိုင်လျက် ပြစ်မှုရှိ၍ စိတ်မလုံသောသူတို့၏ ထုံးစံအတိုင်း တချွတ်ချွတ်မြည်တိုင်း ရင်တွင်း၌ ဒိန်းခနဲ ဒိန်းခနဲ ဖြစ်ပြီးလျှင် ဇောချွေးများ ပြန်၍လာခဲ့လေရာ မီးခွက်မှ မီးတောက်များသည်လည်း ရပ်တည်ခြင်း မရှိဘဲ အထူးသဖြင့် လှုပ်ရှားသည်ဟူ၍ ဦးဖိုးမှီ၏ စိတ်၌ မှတ်ထင်မိလေ၏။

ကြောက်ရွံ့တတ်သောသူတို့မှာ ကြောက်ရွံ့သည့်အခါ၌ ရှေးအခါက မိမိတို့ ကြားသိ တွေ့မြင်ခဲ့ဖူးသည့် ကြောက်ရွံ့ဖွယ် အခြင်းအရာ အဖြစ်အပျက်တို့ကို အထူးသဖြင့် သတင်းရတတ်သည်ဖြစ်လေရာ ဦးဖိုးမှီမှာလည်း ငယ်ရွယ်သည့်အခါက စ၍ ကြားခဲ့ဖူးရသော တစ္ဆေဝတ္ထုတို့ကို တစ်ခုပြီးလျှင်တစ်ခု သတိရလျက် အိပ်စက်ခြင်းငှာ မတတ်နိုင်ဘဲ ရှိနေလေ၏။

ထိုခဏ၌ အလွန်တရာ နက်ကျယ်လှသော ခွေးအူသံကြီးကို မိမိ၏တဲရှေ့မှ ရုတ်တရက် ကြားလိုက်ရလေရာ ဦးဖိုးမှီသည် ကြက်သီးမွေးညင်းများထလျက် ဓားရှည်ကို စေ့စေ့ပါအောင် ဆုပ်ပါသော်လည်း တစ္ဆေနှင့် ဓားတို့မှာ မည်သို့မျှ မတတ်နိုင်သည်ဖြစ်၍ ကြောက်ရွံ့ခြင်းမပြေပျောက်ဘဲ ရှိနေခဲ့လေ၏။

ထိုအခါ မီးခွက်မှ မီးတောက်သည်လည်း လှုပ်ရှားသည်ထက် လှုပ်ရှားပြန်လေရာ ဦးဖိုးမှီသည် မီးငြိမ်း၍သွားမည်ကို စိုးရိမ်သည်နှင့် တုန်ယင်သော လက်တို့ဖြင့် ကာကွယ်လျက် ရှိသည်တွင် လိုက်သံပါသောအသံဖြင့်...

"ဗျို့... ဦးဖိုးမှီ"

ဟု တဲရှေ့မှလိုလို၊ တဲနောက်မှလိုလို ခေါ်သံကြားလိုက်လေ၏။

ထိုအခါ၌ကား ဦးဖိုးမှီ၏ ရင်သည် နံရိုးများကျိုးအောင် ပြုတ်တော့မည်ကဲ့သို့ ပြင်းထန်စွာ ခုန်လျက်ရှိနေလေရာ ခွေးအူသံသည် လည်းကောင်း မိမိအား ခေါ်သံသည် လည်းကောင်း စိတ်ထဲ၌သာ ထင်ခြင်းဖြစ်လေသည်။ တကယ်မဟုတ်ဟူ၍ စိတ်ကို တင်းလျက်ရှိနေစဉ် ထိုအသံကြီးက...

"ဗျို့... ဦးဖိုးမှီ၊ ကျုပ်ခေါ်တာ မထူးဘူးလား"

ဟု ပြောပြန်လေ၏။

ထိုအခါ၌မူကား ဦးဖိုးမှီသည် စိတ်ကိုတင်း၍ မရနိုင်သည် ဖြစ်သောကြောင့် အော်ရမည်လိုလို ပြေးရမည်လိုလို ရှိဆဲတွင်...

"ဗျို့... ဦးဖိုးမှီ၊ ထူးစမ်းပါလေဗျာ"

"ဟေ့... ဘယ်သူလဲ၊ သယ်... ဘာမှတ်လို့လဲဟေ့၊ ဟင်... ငါကွ၊ သတ္တိသိချင်သလား"

"ဘယ်သူရမှာလဲဗျ၊ ကျုပ်ကို မသိဘူးလား၊ ဖိုးသက်လေ"

"ဘယ်က ဖိုးသက်လဲ"

"ခင်ဗျားသတ်တဲ့ ဖိုးသက်လေ၊ ရေကလေးတစ်ခွက်လောက် ပေးစမ်းပါဗျာ"

"ဣတိပိသော၊ ဘဂဝါ၊ အရဟံ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ အလို... ဘုရား... ဘုရား၊ ပဟေတုပစ္စယော၊ အာရမ္မဏ ပစ္စယော၊ အဓိပတိ ပစ္စယော၊ ဘုရား ကယ်တော်မူပါ"

"ဘယ်သူမှ ခင်ဗျားကို မကယ်နိုင်ဘူး"

ဟု ပြော၍ ရှုံနီကို ဦးခေါင်းတွင် စည်းလျက်ရှိသော ပုံသဏ္ဌာန်သည် အိမ်ထဲသို့ တဖြည်းဖြည်း ဝင်၍လာရာ ဦးဖိုးမှီသည် ကြက်သေ သေလျက် စိုက်ငေးကာ ကြည့်နေရာ ရုတ်တရက် ထ၍...

"သယ်... တစ်ခါပြင် နှစ်ခါ သေချင်သေးသလား၊ ဟဲ့... ဖိုးသက်၊ လူသော တိရစ္ဆာန်သော နင့်ကို ငါမကြောက်ဘူး။ လူ့ဘဝ တစ်ခါသတ်ပြီး တစ္ဆေဘဝ တစ်ခါ သေချင်ပြန်သေးလားဟဲ့... ဟင်"

ဟု ပြော၍ ကြောက်အားလန့်အားဖြင့် ဓားနှင့်ခုတ်မည်အပြုတွင် စံဖဲသည် ရှုံနီကိုချွတ်ချ၍ ဦးစံရှားနှင့် ကိုအုန်းဖေတို့လည်း အခန်းထဲသို့ ဝင်လာကြလေ၏။

တဲတွင်းသို့ ရောက်ကြသည်နှင့် တစ်ပြိုင်နက် ကိုအုန်းဖေသည် ခြောက်လုံးပြူး သေနတ်ကို ကိုင်လျက်...

"ခင်ဗျားလည်း မပြေးနဲ့ ဦးဖိုးမှီ၊ မင်းလည်း မပြေးနဲ့ စံဖဲ"

ဖဲ။ ။ "ဘာကြောင့်လဲဗျာ"

ဖေ။ ။ "မင်း ပြေးရင် ပစ်လိုက်မယ်၊ မင်းကိုလည်း ငါဖမ်းရမယ်"

ရှား။ ။ "ဘယ့်နှယ်... ကိုအုန်းဖေ၊ ကျုပ်တို့ ကတိရှိကြတယ်လေ"

ဖေ။ ။ "နားမလည်ဘူး ဆရာ၊ လူဆိုးအပေါ် မှာ ကတိမတည်နိုင်ဘူး"

ရှား။ ။ "ဘယ်သူ့ကိုပဲထားထား ကတိဆိုတာ ကတိပဲ ကိုအုန်းဖေ"

ဖေ။ ။ "နားမလည်ဘူး ဆရာ"

ရှား။ ။ (ရုတ်တရက် စံဖဲရှေ့မှရပ်လျက်) "ကိုင်း... ကျုပ်ကိုဖောက်ပြီးမှ သူ့ကို ပစ်"

ဖဲ။ ။ "နေပါဦးခင်ဗျာ၊ ကျွန်တော့်ကို သူ ပစ်စမ်းပါစေ၊ အင်စပက်တော်မင်း နောက်လှည့်ကြည့်လိုက်စမ်း"

ထိုအခါ ကိုအုန်းဖေသည် မိမိနောက်မှ 'ချောက်' ခနဲအသံကို ကြားရသဖြင့် လှည့်၍ ကြည့်မိရာ စံဖဲတပည့် လူဆိုးတစ်ယောက်သည် မိမိအား ခြောက်လုံးပြူးသေနတ်နှင့် ချိန်ရွယ်လျက်ရှိသည်ကို တွေ့ရှိသဖြင့် မိမိ၏သေနတ်ကို ချလိုက်လေ၏။

ဖဲ။ ။ "ဒါကြောင့် ဦးကို ကျွန်တော် ပြောတယ်မဟုတ်လား၊ ပုလိပ်စကားကို မယုံပါနဲ့လို့ ကျွန်တော်ပြောတယ်၊ ဦးနဲ့ တွေ့ဖို့လာတုန်းကတော့ ကျွန်တော်က ယုံကြည်စိတ်ချပြီး

တစ်ယောက်တည်းပဲ လာခဲ့ပါတယ်။ ပုလိပ်ပါမယ်ဆိုတော့ ကျွန်တော်က တယ်ပြီး စိတ်မချဖြစ်တာနဲ့ အဖော်တစ်ယောက် ခေါ်ခဲ့ရတယ်ဦးရဲ့။ ကံကောင်းလို့ ခေါ်ခဲ့မိပေလို့ခင်ဗျာ"
ရှား။ ။ "ပြောလည်း ပြောစရာပဲ ကိုအုန်းဖေ"
ဖဲ။ ။ (မိမိခြောက်လုံးပြူးကို ထုတ်လျက်) "ကိုင်း... အင်စပက်တော်မင်း၊ ရတနာသုံးပါးကို နလုံးသွင်းပေတော့၊ ကတိပျက်တဲ့လူကိုတော့ စီရင်ရလိမ့်မယ်"
ရှား။ ။ "မတော်ပါဘူး မောင်၊ တောင်းပန်ပါရစေ"
ဖဲ။ ။ "ဦးက သူ့ကို တောင်းပန်တုန်းက ဦးစကား နားထောင်ရဲ့လား"
ရှား။ ။ "မထောင်ပေဘူး မောင်"
ဖဲ။ ။ "ပုလိပ်ဟာ ကတိမတည်တဲ့အပြင် လူကြီးစကားကို နားမထောင်သော်လည်း ကျွန်တော် လူငယ်က သဘောကြီးကြောင်း ပြလိုက်ရမှာပေ့ါဗျာ။ ကျွန်တော် ပြန်ဦးမယ်၊ ခွင့်ပြုပါဦးခင်ဗျာ။ လာဟေ့ စံညွန့်"
ဟု ပြော၍ ခြောက်လုံးပြူးကို သိမ်းဆည်းလေ၏။

စံဖဲနှင့် သူ၏တပည့် စံညွန့်တို့ ဆင်းသွားကြလေလျှင် ကိုအုန်းဖေသည် မိမိက သိမ်ငယ် ညှံ့ဖျင်းစွာ ပြုမူမိသည်ကို အရှက်ရသည် ဖြစ်၍ အချို့သောသူများ ပြုလုပ်လေ့ရှိသည့်အတိုင်း နိုင်ရာဖိ၍ ထောင်းမည်အကြံနှင့် ဦးဖိုးမိုကို ငေါက်ငမ်းခြိမ်းခြောက် မောင်းမဲရေရွတ်ပြီးလျှင် ဌာနသို့ ချက်ချင်းလိုက်ခဲ့ရန် အမိန့်ပေးလေ၏။

ဦးစံရှားမှာ ကိုအုန်းဖေအတွက် စံဖဲအပေါ်၌ ရှက်လှသည်ဖြစ်သောကြောင့် သာစည်သို့ မိမိလာခဲ့ခြင်းသည် မှားလေစွဟု အောက်မေ့လျက် ထိုနေ့ရထားနှင့် ရန်ကုန်သို့ ပြန်လည် ရောက်ရှိခဲ့လေသတည်း။

*****

## အမွေမပေးလိုသော ပထွေးအမှု

တစ်နေ့သ၌ ကျွန်တော်သည် ညအချိန်တွင် မစ္စတာမောင်မှိုင်း၏ ထွက်ပေါ်ကာစ ဖြစ်သော ဒေါင်းဋ္ဌီကာစာအုပ်ကို သန်းခေါင်ကျော်သည့် တိုင်အောင် ဖတ်ရှုခဲ့မိသဖြင့် နံနက်အချိန်တွင် အားလပ်သော တနင်္ဂနွေနေ့လည်း ဖြစ်သဖြင့် အိပ်ရေးဝအောင် အိပ်မည်အကြံနှင့် အိပ်ရာထဲ၌ ကွေးလျက်ရှိစဉ် ဦးစံရှားသည် အဝတ်အစား အပြည့်အစုံဝတ်ဆင်ကာ အိပ်ရာအနီးတွင် ရပ်လျက်...

"ရှစ်နာရီတောင် ထိုးသွားပြီဗျ ကိုသိန်းမောင်၊ ခုတောင် မထသေးဘူးလား"

ဟု နှိုးသဖြင့် ကျွန်တော်မှာ အိပ်မှုံစုံမွှားနှင့် အခြားတစ်ဖက်သို့ စောင်းပြီးလျှင်...

"တယ်ရှုပ်တဲ့လူဗျာ၊ အားတဲ့နေ့မို့ အိပ်ရေးဝအောင် အိပ်မလို့ ကြံနေတာ။ ဘာလုပ်မလို့ လာနှိုးပါလိမ့်"

ဟု စူစူအောင့်အောင့်နှင့် ပြန်ပြောလိုက်သည်။

"မတတ်နိုင်ဘူးလေဗျာ၊ ဒီကနေ့ မနက်တော့ တစ်လှည့်စီ ဒုက္ခပေးနေရတဲ့နေ့ ဖြစ်နေပြီ။ ထမင်းချက်တဲ့ ဒေါ်သန်းတင်ကို တစ်ယောက်က လာနှိုး၊ ဒေါ်သန်းတင်က ကျုပ်ကို နှိုး၊ ကျုပ်က တစ်ခါ ခင်ဗျားကို နှိုးရတော့တာပဲ"

"ဘာဖြစ်လို့လဲဗျ၊ သူခိုး ခိုးသလား၊ ဓားပြတိုက်လို့လား၊ မီးလောင်လို့လားဗျ"

"စိတ်မတိုပါနဲ့ ဆရာကြီးရယ်၊ အမှုသည်မတစ်ယောက် ရောက်နေလို့ပါ။ မိန်းကလေး တစ်ယောက် တုန်တုန်ယင်ယင်နဲ့ ရောက်လာပြီး ကျုပ်ကို ချက်ချင်းတွေ့ရမှလို့ ပြောနေတယ်။ အိမ်ရှေ့ခန်းမှာ စောင့်နေလေရဲ့။ မိန်းမပျိုကလေးတစ်ယောက်က လူတွေကို စောစောစီးစီး လည်နှိုးနေဆိုတာ ဧကန္တ အရေးကြီးတဲ့ကိစ္စ ရှိလို့ပါပဲ။ အမှုကောင်း ဖြစ်နေလို့ရှိရင် လက်မလွှတ်ရအောင်လို့ ခင်ဗျားကို ကျုပ် လာနှိုးတာပဲ"

"ဒီလိုဆိုရင်တော့ ထရတာပေါ့ဗျာ"

ကျွန်တော်သည် လျင်မြန်စွာ မျက်နှာသစ်၍ ဦးစံရှားနှင့်အတူ ဧည့်ခန်းသို့ ဝင်သွားလေရာ မျက်မှန်အနက်ကြီးကို တပ်ထားသော မိန်းမပျိုကလေးတစ်ယောက်သည် အမှုသည်များ ထိုင်နေကျဖြစ်သော ကုလားထိုင်ပေါ်တွင် ထိုင်လျက်ရှိသည်ကို တွေ့ရလေ၏။

"ဦးစံရှားဆိုတာ ကျုပ်ပါပဲ၊ ဟောဒါက ကျုပ်မိတ်ဆွေ ဦးသိန်းမောင်ပါ။ ပြောစရာရှိတဲ့ စကားကို သူ့ရှေ့မှာ မခြွင်းမချန် ပြောနိုင်ပါတယ်။

မိန်းကလေးကြည့်ရတာ တုန်လို့ပါလား၊ သိပ်ချမ်းနေတယ်ထင်တယ်။ ကိုင်း... ဒေါ်သန်းတင်၊ ကော်ဖီ မြန်မြန်ဖျော်ခဲ့ပါဗျို့"

"ကျွန်မက ချမ်းလို့တုန်တာ မဟုတ်ပါဘူးရှင်၊ ကြောက်လို့တုန်တာပါ"

ဟု ပြောသည်တွင် ကျွန်တော်သည် ထိုမိန်းမ၏ ရုပ်လက္ခဏာကို အကဲခတ်မိရာ အသက် ၂၅ နှစ်ခန့်ရှိ၍ အထက်တန်းစား မကျတကျရှိသော အခြေအနေရှိသူတစ်ယောက် ဖြစ်ကြောင်းကို ရိပ်မိလေ၏။

"မကြောက်ပါနဲ့ မိန်းကလေး၊ ကျုပ်နဲ့တွေ့ရတဲ့အချိန်ကစပြီး ဘေးအန္တရာယ်အားလုံး ကင်းဝေးသွားပြီလို့ စိတ်နှလုံး တုံးတုံးချလိုက်ပါတော့။ ကိုင်း... ကိုင်း... ပြောစရာရှိတာ ပြောပါဦး"

"ကျွန်မမှာ ခိုးကိုးရာမဲ့ ဖြစ်နေလေတော့ ဦးစံရှားအကြောင်း ကြားဖူးလို့ ပြေးလာခဲ့ရပါတယ်ရှင်။ အားကိုးရမယ့်သူတစ်ယောက် ရှိသော်လည်း လက်မထပ်ရသေးလို့ ငွေရေးကြေးရေးမှာ အကူအညီတောင်းဖို့ ခဲယဉ်းနေပါတယ်။

"ကျွန်မကိစ္စကို ဆောင်ရွက်ပေးလို့ ခုချက်ချင်း ကျေးဇူးမသိနိုင်ပေမယ့် ကျွန်မ လက်ထပ်ပြီးတဲ့အခါကျတော့ ဦးစံရှားကို ကျွန်မ ကျေးဇူးသိပ့်မယ်ရှင့်"

"ကိစ္စမရှိပါဘူး မိန်းကလေး၊ ကျုပ်က အဖိုးအခကို သဘောထားပြီး အလုပ်လုပ်တဲ့သူ မဟုတ်ပါဘူး။ စရိတ်စက ကုန်ကျစရာရှိရင် ကျုပ်က စိုက်ထုတ် အကုန်ခံထားပြီး အကြောင်း ညီညွတ်တဲ့အခါကျတော့ ဆပ်ကြတာပေါ့။ ကိုင်း ဒါထက် ဖြစ်ပျက်ပုံ ပြောပြစမ်းပါဦး"

"ကျွန်မကိစ္စ သိပ်ဆန်းတာပဲရှင်၊ ကျွန်မစိတ်ထဲက သိပ်စိုးရိမ်နေပေမဲ့ ရေရေရာရာ ခြေခြေမြစ်မြစ်ရယ်လို့တော့ ဘာတစ်ခုမှ လက်ဆုပ်လက်ကိုင် ပြစရာ မရှိဘူးရှင့်။

ဒါကြောင့်သာ ခက်နေတာပဲ၊ ကျွန်မလူကို ပြောပြတော့ သူကတောင် ကောင်းကောင်းကြီး မယုံနိုင်ဘဲ ကျွန်မကို အစိုးရိမ်ကြီးပြီး အတွေးခေါင်နေတယ်လို့ ထင်မှတ်နေဟန် တူတယ်။

သို့သော် ဦးစံရှားကတော့ လူသတ္တဝါတွေရဲ့ ကောက်ကျစ်စဉ်းလဲပုံတွေကို အမျိုးစုံ ကြုံဖူးတဲ့အတွက် ကျွန်မတို့ထက် ထိုးဖောက်ပြီး မြင်စွမ်းနိုင်လိမ့်မယ်လို့ အောက်မေ့ပါတယ်”

“ဆိုစမ်းပါဦး၊ ကြားပါရစေ”

“ကျွန်မနာမည်က ခင်ချစ်မေပါတဲ့၊ နေတော့ မော်ဘီမှာ၊ ပထွေးနဲ့အတူနေပါတယ်။ သူ့နာမည်က မြေပိုင်ရှင် ဦးတိုးစိန်ပါတဲ့”

“အင်း… ကြားဖူးသလိုလို ရှိတယ်”

“ကျွန်မပထွေး ဦးတိုးစိန်ကတော့ ဟိုနယ်မှာ မြေပိုင်ရှင် အမျိုးအနွယ်ဖြစ်လေတော့ တော်တော်ပဲ လူသိများကြပါတယ်။ သို့သော် သူ့အဖေထားခဲ့တဲ့ လယ်ယာချောင်းတွေကို သူတို့ညီအစ်ကိုတွေ ဖြုန်းလိုက်ကြတာ တော်တော်ကုန်သွားပြီ။ ခုတော့ လယ်ကေ အနည်းငယ်လောက် ရှိပါတော့တယ်။

ကျွန်မပထွေးက ဟိုတုန်းက ဆရာဝန်အတတ်သင်ခဲ့ပြီး ရန်ကုန်ဆေးရုံမှာ လက်ထောက်ဆရာဝန်အဖြစ်နဲ့ အမှုထမ်းခဲ့ဖူးပါသေးတယ်။ လူကြီးက ဒေါသကြီးကြီးနဲ့ အစေခံကုလား တစ်ယောက်ကို သူ့ငွေ စီးကရက်ဘူး ခိုးပေါင်ရမလားဆိုပြီး ဖိနပ်နဲ့ ပိတ်ကန်လိုက်တာ သွား လေးငါးချောင်း ကျိုးသွားလေတော့ ရုံးပြင်ကနားမရောက်အောင် လူကြီးတွေက မနည်းဖုံးဖိထားခဲ့ရပြီး သူလည်း အလုပ်ကထွက်၊ မော်ဘီကို ပြန်လာခဲ့ပါတယ်။ “ဦးတိုးစိန် ရန်ကုန်နေတုန်းမှာ ကျွန်မအမေနဲ့ အကြောင်းပါခဲ့ပါတယ်။ ကျွန်မအမေက ဝတ်လုံကတော် မုဆိုးမတစ်ယောက် ဖြစ်ပါတယ်။ အမေနဲ့ ဦးတိုးစိန်နဲ့ အကြောင်းပါခဲ့ပါတယ်။ အမေနဲ့ ဦးတိုးစိန် အကြောင်းပါကြတော့ ကျွန်မရယ် ကျွန်မနဲ့ အမြွှာမွေး ခင်ချစ်ဆွေရယ်က နှစ်ခါလည်သမီးအရွယ် ရှိကြပါတယ်။

ကျွန်မတို့အဖေ ဝတ်လုံတော်ရက ပစ္စည်း သုံးလေးသောင်းတန် ထားခဲ့ပေမဲ့ ကျွန်မတို့အမေက ဦးတိုးစိန်ကို ယုံကြည်ပြီး သူ့လက် သူ့ခြေဆိုတာလို လွှဲအပ်ထားခဲ့ပါတယ်။

သို့သော် ကျွန်မတို့ ညီအစ်မနှစ်ယောက် လက်ထပ်တဲ့အချိန်မှာ ငွေတစ်သောင်းစီ လက်ဖွဲ့ဖို့ ဦးတိုးစိန်က ကတိထားခဲ့ပါတယ်။ မော်ဘီရောက်ကြလို့ မကြာမီ လွန်ခဲ့တဲ့ ရှစ်နှစ်လောက်က ကျွန်မတို့မိခင်က မော်တော်ကားမှောက်ပြီး ဆုံးရှာပါတယ်။

မိခင် မရှိသော်လည်း ကျွန်မတို့ မွေးသဖခင်ထားခဲ့တဲ့ အိမ်နှစ်လုံးနဲ့ တိုက်တစ်လုံးကရတဲ့ အိမ်လခရယ်၊ ဦးတိုးစိန် လယ်ကရတဲ့ လယ်ထောက်ခရယ် ဆိုတော့ ကျွန်မတို့ ညီအစ်မနှစ်ယောက်နဲ့ ပထွေးပါ ချောင်ချောင်လည်လည် စားသောက်နိုင်ပါတယ်။

ဒါကြောင့် ဦးတိုးစိန်က မော်ဘီမှာ ဆေးဆိုင်ဖွင့်တယ်ဆိုပေမဲ့ မင်းတိုင်းကျေလောက် လုပ်ပြီး ဆေးကုတဲ့အလုပ်ကို ကြိုးကြိုးစားစား သဘောမထားခဲ့ပါဘူး။ ဒီလိုနေကြရင်းနဲ့ ကျွန်မတို့ပထွေးဟာ စိတ်နည်းနည်းဖောက်ပြန်လာပါတယ်။

မော်ဘီက လူတွေက ကိုယ့်မြို့သားတစ်ယောက် ပြန်ရောက်လာတယ်ဆိုပြီး ပျူပျူငှာငှာ ရှိကြပေမဲ့ ဦးတိုးစိန်က လူတကာကို ရန်လုပ်နေလေတော့ သူ့ဆေးဆိုင်ကလေးက ဖောက်သည်မရှိဖြစ်ပြီး တဖြည်းဖြည်း ခြောက်သွားပါတယ်။

ကျွန်မ ပြောသံကြားဖူးရတာက ဦးတိုးစိန်တို့ အမျိုးတွေဟာ အသက်ကြီးလာရင် တဖြည်းဖြည်း စိတ်ကြမ်းပြီး ရူးချင်သလိုလို၊ နှမ်းချင်သလိုလို ဖောက်ပြန်တတ်တယ်လို့

ပြောကြပါတယ်။ ပြောတဲ့အတိုင်းပဲ ဦးတိုးစိန်ဟာ ဟိုလူနဲ့ရန်ဖြစ်၊ ဒီလူနဲ့ရန်ဖြစ်၊ ရုံးရောက်ဂက်ရောက်နဲ့ လူကြီးကလည်း ဗလကောင်းကောင်းဆိုတော့ သူ့ကို လူတိုင်းက ကြောက်ပြီး သူ့ကိုမြင်ရင် အဝေးက ကွင်းသွားကြပါတယ်။

လွန်ခဲ့တဲ့ လထဲကလဲ စကားပြော မတည့်တယ်လို့ လူတစ်ယောက်ကို ကိုင်ပေါက်လိုက်တာ ကျွန်မတို့လက်ထဲရှိတဲ့ လက်ဝတ်လက်စားကလေးတွေ ပေါင်ပြီး လာဘ်ထိုးနိုင်လို့သာ အရှက်တကွဲအကျိုးနည်း မဖြစ်ရပါတယ်။

ကျွန်မတို့ဆီမှာ စပါးရိတ်တဲ့ကုလားတွေ ကုလားပြည်က တစ်ခါတစ်ခါ ရောက်လာပြီး အစုအအုပ်နဲ့ အလုပ်ရာတတ်ပါတယ်။

ဒီကုလားတွေနဲ့တော့ ဦးတိုးစိန်က သင့်မြတ်ပြီး သူ့ဝင်းထဲခေါ်ထား၊ ဆီပေး၊ ဆန်ပေး၊ သူတို့နဲ့ အရောတဝင် စကားပြော၊ ဘယ်လိုလူကြီးလည်း မပြောတတ်ပါဘူးရှင်။

ဒို့ပြင်ကလူ ဂုဏ်ရည်တူ အချင်းချင်းကိုတော့ တစ်ယောက်မှ အဖက်လုပ်ပြီး စကားမပြောဘူးရှင့်။ သိပ်ဆန်းတာပဲ။ ဟိုတစ်လောကများ ကုလားတွေနဲ့ လိုက်သွားတယ်ဆိုပြီး ဆယ့်လေးငါးရက်လောက် မပေါ်လာဘူးရှင့်။ ဘယ်ကိုသွားတယ် မပြောတတ်ပါဘူး။

နို့ပြီးတော့ သူ့ဝါသနာတစ်ခုက တိရစ္ဆာန် အထူးအဆန်း မွေးချင်တတ်တယ်ရှင့်။ မျောက်တွေလည်း ဝယ်တာပဲ၊ ဝက်ဝံတွေလည်း မွေးချင်တာပဲ၊ လူနဲ့တော့ မပေါင်းချင်ဘူး။ တိရစ္ဆာန်တွေနဲ့ ပေါင်းနေရရင် သူ့မှာ ပျော်နေတော့တာပဲရှင့်။

ဒီလောက်ပြောရရင် ကျွန်မနဲ့ ကျွန်မညီမလေး ခင်ချစ်ဆွေတို့ဟာ သူနဲ့နေရတာ မပျော်ပိုက်ဘူးဆိုတာ ဦးစံရှား ရိပ်မိလောက်ပါပြီ။

ခိုင်းစရာ တပည့်တပန်းထားလို့လည်း မဖြစ်ဘူးရှင့်။ သူနဲ့မတည့်ဘူး။ အလုပ်ရှိသမျှ ကျွန်မတို့ညီအစ်မ ကျုံးပြီးလုပ်ရတာပဲ။ ဒီလိုမှ သူက သဘောကျတယ်။ နောက်ဆုံးကျတော့ ကျွန်မညီမလေးဟာ စိတ်ညစ်ရှာလို့ထင်ပါရဲ့ သေရှာပါရောရှင့်”

“ဩော်... ခင်ချစ်ဆွေဆိုတာ သေပလား”

“ဟုတ်ကဲ့ သေရှာတယ်၊ နှစ်နှစ်ရှိသွားပြီ။ ညီမလေး သေရပုံအကြောင်းကိုလည်း ကျွန်မ ပြောချင်ပါသေးတယ်။ ကျွန်မတို့ညီအစ်မဟာ ဦးတိုးစိန်နဲ့နေရတုန်း ရွယ်တူတန်းတူချင်းနဲ့ ပေါင်းသင်းခွင့်လည်း မရဘူးရှင့်။

ဘယ်မှလည်း မသွားရ၊ ဘယ်သူလာတာမှလည်း သူက မကြိုက်ဘူး။ ဒါပေမဲ့ ကျွန်မတို့အမေရဲ့ ညီမတစ်ယောက် အင်းစိန်မှာရှိပါတယ်။ အဲ... သူ့ဆီတော့ ကျွန်မတို့ညီအစ်မ သွားခွင့်ရပါတယ်။

လွန်ခဲ့တဲ့ နှစ်နှစ်လောက်က အဒေါ့်အိမ်ကို ကျွန်မတို့ညီအစ်မ သွားလည်ကြတုန်း ညီမလေးက အင်းစိန် အရေးပိုင် ရုံးစာရေးတစ်ယောက်နဲ့ ချစ်ကြိုက်ပြီး လက်ထပ်ဖို့ စီမံကြပါတယ်။

ပထွေး ဦးတိုးစိန်က လက်ထပ်ဖို့အကြောင်း ကြားတော့ ဘယ်လိုမှတော့ မကန့်ကွက်ဘူးရှင့်။ သို့သော် လက်ထပ်ဖို့ ချိန်းထားတဲ့ ရက်မတိုင်မီ ရက်သတ္တပတ်လောက်မှာ ကျွန်မညီမလေးဟာ အလန့်တကြားဖြစ်ပြီး အသက်ဆုံးရှုံးသွားရှာပါတယ်”

ဦးစံရှားသည် မှိန်းလျက် နားထောင်နေရာမှ မျက်လုံးများကို ဖွင့်ကြည့်လျက်...

“ဖြစ်ပျက်ပုံ အသေအချာပြောစမ်း”

“ကျွန်မတို့နေကြတာက ဦးတိုးစိန်တို့ ဘိုးစဉ်ဘောင်ဆက် နေလာခဲ့တဲ့ တိုက်အိုကြီး ဖြစ်ပါတယ်။ ဒီတိုက်ကြီးမှာ အခြားအခန်းများအပြင် အိပ်ခန်းသုံးခန်း ရှိပါတယ်။

ခပ်ငယ်ငယ်တုန်းကတော့ ကျွန်မတို့ညီအစ်မ အတူတူအိပ်ကြတာ။ တစ်နေ့တော့ ခင်ချစ်ဆွေက ကျွန်မကို စိတ်ကောက်ပြီး တစ်ခန်းခွဲအိပ်တာ၊ နောက် စိတ်ကောက်ပြေတော့လည်း ကျွန်မနဲ့အတူ ပေါင်းမအိပ်ဘဲ သူ့ဟာသူ အခန်းသတ်သတ် အိပ်ပါတယ်။

ဒါကြောင့် အိပ်ခန်းသုံးခန်းအနက် ပထမအခန်းမှာ ဦးတိုးစိန်၊ ဒုတိယအခန်းမှာ ခင်ချစ်ဆွေ၊ တတိယအခန်းမှာ ကျွန်မ အိပ်ပါတယ်။

ဟိုညကတော့ ဦးတိုးစိန်ဟာ သူ့အခန်းထဲသူ စောစောစီးစီး ဝင်သွားသော်လည်း ဆေးပြင်းလိပ်ငွေ့တထောင်းထောင်းနဲ့ အနံ့ရလေတော့ ဦးတိုးစိန် မအိပ်သေးဘူးလို့ ခင်ချစ်ဆွေ သိရပါတယ်။

အဲဒီညက ညီမလေးဟာ ကျွန်မအခန်းထဲလာပြီး သူတို့လက်ထပ်မယ့် အခမ်းအနား အစီအစဉ်အကြောင်းတွေကို ထိုင်ပြောနေလိုက်တာ ၁၁ နာရီလောက်မှ ထပြန်သွားပါတယ်။

ပြန်ခါနီးမှာ အခန်းဝက ရပ်ပြီး 'မေးစမ်းပါရစေ မမ'တဲ့။ 'ညတိုင် သန်းခေါင်ကျော်လောက်မှာ လေချွန်သံလိုလို မမ မကြားဘူးလား'တဲ့။

ဒီတော့ ကျွန်မက 'မကြားပေါင်အေ၊ ဘာကြောင့်လဲ'လို့ မေးတော့၊ ညီမက 'လွန်ခဲ့တဲ့ သုံးလေးညအတွင်းမှာ အရက်တက်ခါနီးကျရင် တိုးတိုးကလေး လေချွန်သံလိုလို ကျွန်မ ကြားမိတယ်'တဲ့။

ကျွန်မက အအိပ်ဆတ်လေတော့ ဒီအသံကြားတိုင်း နိုးတယ်တဲ့၊ ဘယ်က လာတဲ့အသံရယ်လို့တော့ မဆိုနိုင်ဘူး တဲ့။ မမလည်း ကြားမိသလားလို့ မေးပါတယ်။

ဒီတော့ ကျွန်မက 'မကြားရပေါင် ညီမရယ်၊ ဝင်းထောင့်ထဲနေတဲ့ စပါးရိုက်တဲ့ ကုလားတွေလား မဆိုနိုင်တာပဲ' လို့ ပြောလိုက်တယ်။ ညီမလေးက 'အဲ့ပါရဲ့ မမရယ်၊ ကျွန်မက ညတိုင်းကြားတာတောင် မမက တစ်ခါမှမကြားတာ အံ့သြပါရဲ့'တဲ့။

ကျွန်မက 'ငါက ညည်းလို အအိပ်မဆတ်လို့ ထင်ပါရဲ့အေ'လို့ ပြောလိုက်ရတယ်။ ဒီတော့ ညီမလေးက 'သိပ်တော့ အကြောင်းမထူးပါဘူးလေ'တဲ့။ ပြောပြောဆိုဆိုနဲ့ ပြန်သွားပြီး သူ့အခန်းတံခါးမှာ မင်းတုပ်ချသံကို ကြားလိုက်ရပါတယ်"

"ညီမနှစ်ယောက်လုံးဟာ ညတိုင်း မင်းတုပ်ချပြီး အိပ်ကြတယ်လား"

"ညတိုင်း ချပါတယ်"

"ဘာကြောင့်လဲဗျာ"

"ဦးတိုးစိန်က ဝက်ဝံမွေးလိုမွေး၊ မျောက်ဖင်နီကြီး မွေးလိုမွေးနဲ့။ ကျွန်မတို့က တံခါးပိတ်အိပ်ရပါတယ်"

"ကိုင်း... ဆက်ပြောပါဦးဗျာ"

"အဲဒီညက ကျွန်မ ကောင်းကောင်း အိပ်မပျော်ဘူးရှင့်၊ ဘာကြောင့်လဲ မဆိုနိုင်ဘူး။ စိတ်ထဲမှာ လေးတေးနင့်တင်ကြီး ဖြစ်နေတယ်။

"ဒီည လေကလည်း တဝုန်းဝုန်းတိုက်၊ မိုးကလည်း တဖြောက်ဖြောက်နဲ့ သိပ်ပြီး ငြီးငွေ့စရာကောင်းတဲ့ညပါပဲ။ အဲဒီလို ငယ်သံပါအောင် အော်လိုက်တဲ့အသံ ကြားလေတော့ ကျွန်မ အခန်းတံခါးဖွင့်ပြီး အပြင်ထွက်ရာမှာ စောစောက ညီမလေးပြောတဲ့အတိုင်း ရှိခနဲ လေချွန်သံကို ကြားလိုက်ရပြီး သံချောင်းကြီးတစ်ခု လဲသွားသလို ဒေါင်ခနဲအသံ ကြားလိုက်ရတယ်ရှင့်။ "ဒါနဲ့ ကျွန်မက ညီမလေးအခန်း ပြေးသွားရာမှာ သူ့အခန်းတံခါးဟာ တဖြည်းဖြည်း

ပွင့်လာလေတော့ ကျွန်မက ဘာကောင်ကြီးများ ထွက်လာလေမလဲလို့ ကြောက်ကြောက်နဲ့ ငေးကြည့်နေမိတယ်ရှင့်။

အိပ်ခန်းသုံးခန်းရဲ့ အပြင်ဆောင်ကူးကြားထဲမှာ တိုင်ကပ် မီးအိမ်ကလေးတစ်ခု ညတိုင်းထွန်းပြီး အိပ်ကြပါတယ်။ အဲဒီမီးရောင်မှာ ကျွန်မ ငေးကြည့်နေတုန်း ညီမလေးက မျက်လုံးပြူး၊ မျက်ဆန်ပြူးနဲ့ သူ့အခန်းထဲက ထွက်လာပြီး ဒယီးဒယိုင်နဲ့ တောင်စမ်းမြောက်စမ်း ဖြစ်နေပါတယ်ရှင်။

ဒီတော့ ကျွန်မက သူ့ဆီပြေးပြီး အတင်းဖက်လိုက်ရာမှာ ညီမလေးဟာ ဒူးတွေ ကွေးညွတ်သွားပြီး ထိုးလဲသွားပါတယ်။ ကြမ်းပေါ်ရောက်တော့လည်း ခြေထောက်တွေ ကောက်ကွေးလို့ တစ်ကိုယ်လုံး တွန့်လိမ်ပြီး အလူးလူးအလဲလဲ ဖြစ်နေပါတယ်။

ပထမတော့ ကျွန်မကို သူ မမှတ်မိဘူးလို့ အောက်မေ့ပါတယ်။ ဒါနဲ့ ကျွန်မက သူ့ကိုပွေ့ပြီး ပါးချင်းအပ်ထားရာက ညီမလေးက 'အောင်မလေး မမရေ့၊ အပြောက်တွေနဲ့ ကြိုးကြီး မမရေ့'လို့ အော်ပြောတဲ့ပြီး ဦးတိုးစိန်အခန်းဆီကို လက်ညှိုးတထိုးထိုးနဲ့ လည်ချောင်းထဲက တခိခိနဲ့ အလုံးဆို့တက်သွားရာတယ်။

ဒီတော့မှ ကျွန်မက ဦးတိုးစိန်ကို 'ဖေဖေရဲ့၊ လာပါဦးဖေဖေရဲ့'လို့ ဟစ်ခေါ်လိုက်တော့ ဦးတိုးစိန်က ပျာယီးပျာယာ ထွက်လာတုန်းမှာပဲ ညီမလေးဟာ အကြောတွေဆွဲပြီး တက်သွားရာတယ်။

ကျွန်မက တတ်အားသမျှ ခြေမကိုချိုး၊ ဝမ်းဗိုက်ကိုနှိပ်၊ မျက်နှာကို ရေနဲ့တောက်၊ ဘယ်လိုလုပ်ပေမဲ့ မရတော့ဘူးရှင့်။ ဒီလိုနဲ့ အသက်ပျောက်သွားရာပါလေရော"

"တစ်ဆိတ်မေးပါရစေ၊ လေချွန်သံဆိုတာနဲ့ သံချောင်းကြီးကျသလို အသံဆိုတာ တကယ်သေချာရဲ့လား။ ကျမ်းကိုင်ပြီး ပြောနိုင်လောက်သလား"

"ညီမလေးဆုံးတုန်းက စစ်ဆေးတဲ့ တရားသူကြီးဟာလည်း ဒီလိုပဲမေးပါတယ်။ ကျွန်မတော့ သေချာတယ်ထင်တာပဲ။ နို့ပေမဲ့ မိုးကြီးလေကြီး ကျနေတဲ့အထဲမှာတော့ ကျွန်မ အထင်မှားမယ်ဆိုလည်း မှားနိုင်တာပဲ"

"ညီမလေးကိုယ်မှာ ဘာတွေတွေ့သလဲ"

"သူ့ညာဘက်လက်ထဲမှာ ခြစ်ပြီး မီးခြစ်ဆံတစ်ချောင်းနဲ့ ဘယ်ဘက်လက်ထဲမှာ မီးခြစ်ဘူး တွေ့ပါတယ်"

"ဒါဖြင့် ဟိုညက သူလန့်သွားတဲ့နောက် မီးခြစ် ခြစ်ကြည့်တာ သေချာတာပေါ့။ ဒီအချက်ဟာ အရေးကြီးတယ်၊ ဒါထက် ဟိုတုန်းက စစ်ဆေးတဲ့ အရာရှိများက ဘယ်လို မှတ်ချက်ချသွားသလဲ"

"ကျွန်မတို့ပထွေး ဦးတိုးစိန်ဟာက ဒေါသကြီးတယ်လို့ နာမည်ကြီးနေလေတော့ စစ်ဆေးတဲ့ အရာရှိများက သေသေချာချာ လျှောက်စစ်ကြပါတယ်...

နို့ပေမဲ့ ညီမလေး သေရပုံအကြောင်းကို စိတ်ကျေနပ်လောက်အောင် စုံစမ်းလို့ မတွေ့ကြပါဘူး။ အခန်းတံခါးကို အတွင်းက မင်းတုပ်ချပြီးဖြစ်တဲ့အကြောင်းကို ကျွန်မက အစစ်ခံပါတယ်။

သံတိုင် ပြတင်းပေါက်ဟာလည်း သေသေချာချာ ပိတ်ပြီး ဖြစ်ပါတယ်။ အရာရှိများက အုတ်ထရံရော သေသေချာချာ ကြည့်ပါတယ်။ ဘယ်နေရာမှာမှ အဆက်အသွယ် ရှာမတွေ့ပါဘူး။

"ဒါကြောင့် ဒီအချိန်မှာ ညီမလေးတစ်ယောက်တည်းရှိတယ်ဆိုတာ သေချာပါတယ်။ သူ့ကိုယ်မှာ ဒဏ်ရာဒဏ်ချက်များလည်း တစ်ခုမှ မတွေ့ပါဘူး"

"အဆိပ်များကော မိန်းကလေးရဲ့"

"သူ့အလောင်းကို ဆရာဝန်များ စစ်ဆေးကြည့်တော့ အဆိပ် အစအန မတွေ့ရပါဘူး"

"ဒါဖြင့် ခင်ချစ်ဆွေဟာ ဘယ်နည်းနဲ့သေတယ်လို့ မိန်းကလေး ထင်ပါသလဲ"

"ကျွန်မအထင်တော့ ကြောက်လွန်းအားကြီးပြီး လန့်သေတယ် ထင်တာပါပဲ။ ဘာကို လန့်တယ်ဆိုတာတော့ ကျွန်မ မတွေးတတ်ပါ"

"ဟိုညတုန်းက ဝင်းထဲမှာ ကောက်ရိတ်တဲ့ကုလားတွေ ရှိသလား"

"တချို့ရှိပါတယ်။ ဘယ်အခါမှ တယ်မပြတ်ပါဘူး"

"အပြောက်တွေနဲ့ ကြိုးဆိုတာ ဘယ်လိုထင်သလဲ"

"ဒါတော့ ကျွန်မ လုံးလုံးမတွေးတတ်ပါ"

"ကိုင်း... ကိုင်း၊ ဆက်ပြောစမ်းပါဦး"

"ညီမလေး ဆုံးပြီးနောက် ကျွန်မတစ်ယောက်တည်း နှစ်နှစ်လုံးလုံး နေခဲ့ရတာ အင်မတန် ငြီးငွေ့ပါတယ်။ လွန်ခဲ့တဲ့ လတုန်းကတော့ ဟိုတုန်းက ကျောင်းနေဖက် သူငယ်ချင်းဟောင်း ကျောင်းဆရာတစ်ယောက်နဲ့ ချစ်ကြိုက်လေတော့ လက်ထပ်ကြဖို့ စီမံကြပါတယ်။

သူကတော့ မှဆိုးဖို၊ ကျွန်မက အပျိုကြီးပါ၊ လက်ထပ်ဖို့ကိုလည်း ရှေ့လထဲမှာ ရက်ချိန်းသတ်ထားပါတယ်။ ဦးတိုးစိန်ကလည်း တစ်စုံတစ်ရာမှ မကန့်ကွက်ပါ။

လွန်ခဲ့တဲ့ နှစ်ရက်တုန်းက ကျွန်မအခန်းမှာ အုတ်ကြွပ်တွေ မိုးယိုလေတော့ ပြင်မိုးနေတဲ့ အခိုက်မှာ ကျွန်မက ညီမလေးအခန်းထဲကို ပြောင်းအိပ်ရပါတယ်။

သူ့အခန်းထဲ အိပ်ရတာ ကျွန်မစိတ်ထဲမှာ ခပ်လန့်လန့် ရှိပါတယ်။ အိပ်လို့ ကောင်းကောင်း မပျော်ပါဘူး။ မနေ့ညတုန်းကတော့ အိပ်မပျော်နိုင်ဘဲ ညီမလေးအကြောင်းတွေ စဉ်းစားနေတုန်းမှာ သူကြားရဖူးတယ်ဆိုတဲ့ တိုးတိုးလေး လေချွန်သံကို ကျွန်မ ကြားရပါတယ်။

ဒါနဲ့ ဖြုန်းဆို အိပ်ရာကထ၊ မီးအိမ်ထွန်း၊ အခန်းထဲလျှောက်ကြည့်၊ ဒါပေမဲ့ ဘာမှမတွေ့ပါဘူး။ ကျွန်မစိတ်ထဲကတော့ သိပ်ကြောက်တာပဲ။

ဒါနဲ့ အိပ်ရာထဲ ပြန်မအိပ်တော့ဘဲ လင်းအောင် စောင့်နေပြီး လင်းလင်းချင်း ပြည်ရထားကြီးနဲ့ လိုက်လာပြီး ဒီကို လာခဲ့ပါတယ်"

"လာတာ ကောင်းတယ်၊ သိပ်ကောင်းတယ်။ ဒါပေမဲ့ မေးပါရစေဦး၊ ကျုပ်ကို အလုံးစုံ ပြောပြပြီးပလား"

"သိသလောက် အားလုံးပြောပြီးပါပြီ"

"မဟုတ်ဘူး ခင်ချစ်မေ၊ ကျုပ်သေးတယ်။ ပထွေးဦးတိုးစိန်ကို ကာကွယ်ပေးနေတယ် ထင်တယ်"

"ဘာကြောင့်လဲရှင်"

ဦးစံရှားသည် ထိုင်ရာမှ ရုတ်တရက် ထ၍ ခင်ချစ်မေ၏ လက်ယာဘက်အင်္ကျီလက်ကို ပင့်လိုက်ရာ...

မိန်းကလေး၏ လက်ကောက်ဝတ်တွင် ကြည်လင်ဖြူစင်သော အသားပေါ်၌ လက်ဖြင့် ပြင်းထန်စွာ ဖျစ်ညှစ်ထားသကဲ့သို့ လက်လေးချောင်းရာနှင့် လက်မတို့သည် ထင်ရှားစွာ ပေါ်ထွက်လာလေ၏။

"တော်တော် အနိုင်ကျင့်ထားတယ် ထင်တယ်"

"ကျွန်မတို့ ပထွေးက ခွန်အားဗလ သိပ်ကောင်းတော့ သူ့အားကို သူမသိဘဲ ကျွန်မလက်ကို ဖျစ်လိုက်လို့ ဒီအရာကြီး ထင်နေရခြင်း ဖြစ်ပါတယ်"

ဦးစံရှားသည် လက်နှစ်ဖက်ပေါ်၌ မေးထောက်ကာ အတန်ကြာအောင် စဉ်းစား စိတ်ကူးနေပြီးနောက်...

"ဒီကိစ္စက တိမ်တိမ်ကလေးမဟုတ်ဘူး။ တော်တော်နက်တယ်။ ရှေ့ကို ကျုပ် ဘယ်လိုလုပ်ရမယ်ဆိုတာ မဆုံးဖြတ်သေးမီ သိစရာကလေးတွေကို သိရဖို့ အရေးကြီးသေးတယ်... အချိန်ကလည်း သိပ်မရှိဘူး။

"ကိုင်း... ဒါဖြင့် မော်ဘီကို ကျုပ်တို့လာရင် ဦးတိုးစိန် မသိစေဘဲ ဒီအိပ်ခန်းတွေကို ကျုပ် စစ်ဆေးကြည့်ရအောင် စီမံနိုင်ပါ့မလား"

"ဖြစ်နိုင်ပါတယ်ရှင်၊ ဦးတိုးစိန်က တိုက်ကြီးကို ဒီကနေ့ သွားစရာကိစ္စတစ်ခု ရှိတယ်လို့ မနေ့က သူပြောပါတယ်။

ဒါကြောင့် ဦးစံရှားတို့ ဒီနေ့ရောက်အောင်လာရင် အိမ်မှာ ဦးတိုးစိန်ရှိမယ်မထင်ပါဘူး"

"ဟုတ်လား၊ ကိုင်း... ကိုသိန်းမောင်၊ ဘယ့်နှယ်လဲဗျို့၊ လိုက်မလား"

"ခင်ဗျားသွားရင် လိုက်ပေ့ါဗျာ"

"ကိုင်း... ဒါဖြင့် ကျုပ်တို့နှစ်ယောက်လာမယ်။ မိန်းကလေး ဘယ်တော့ပြန်မလဲ"

"ကျွန်မက သိမ်ကြီးဈေးထဲမှာ ဝယ်စရာကလေး တစ်ခုနှစ်ခုဝယ်ပြီး ဘတ်စ်ကားနဲ့ ပြန်ပါ့မယ်ရှင်"

"ကိုင်း... ဒါဖြင့် ကျုပ်တို့လည်း နာရီပြန်တစ်ချက်လောက် ရောက်အောင် လာခဲ့မယ်။ ဒါဖြင့် မနက်စာ ဒီမှာပဲ စားသွားပါလား မိန်းကလေး"

"မစားပါရစေနဲ့ရှင်၊ သူငယ်ချင်းတစ်ယောက် စဥ့်အိုးတန်းထဲမှာနေလို့ သူ့အိမ်မှာပဲ စားပါတော့မယ်။ ကိုင်း... ဒါဖြင့် နာရီပြန်တစ်ချက်လောက် ကျွန်မ မျှော်နေမယ်နော်"

"စိတ်ချပါ၊ လာခဲ့ပါ့မယ်"

ခင်ချစ်မေ ဆင်းသွားပြီးသည့်နောက်...

"ဘယ့်နှယ် ကိုသိန်းမောင်၊ ဒီအမှု ခင်ဗျား ဘယ့်နှယ်ထင်သလဲ"

"တော်တော် နက်နက်နဲနဲ စိတ်ကူးပြီး စီမံထားတဲ့အလုပ်လို့ ကျွန်တော်ထင်တာပဲ"

"နက်တာတော့ နက်ပ့ါဗျာ၊ လွန်ရော၊ ဒီလောက်နက်တာ ကျုပ်တို့ တော်တော် ကြုံရခဲတယ်"

"မိန်းကလေးပြောတဲ့အတိုင်း ကြမ်းရော အုတ်ထရံရော ပြတင်းပေါက်ရော တံခါးရော စိတ်ချရတယ်လို့ဆိုရင် ခင်ချစ်ဆွေ လန့်တယ်ဆိုတုန်းက အခန်းထဲမှာ သူတစ်ယောက်တည်း ရှိတယ်ဆိုတာ မှန်ပါလိမ့်မယ်"

"လေချွန်သံတို့၊ အပြောက်တွေနဲ့ ကြိုးတို့ဆိုတာတွေက ဘယ့်နှယ်လဲဗျာ"

"ဒါတော့ ကျုပ် မစဉ်းစားတတ်ဘူးဗျာ"

"ညတိုင်း လေချွန်သံရယ်၊ ဦးတိုးစိန်က တမင်လက်ခံထားတဲ့ ကုလားတွေရယ်၊ မယားပါ သမီးရယ်။ လင်ပေးစားရင် ငွေတစ်သောင်း လက်ဖွဲ့ဖို့ ကတိထားတာရယ်။ တစ်ခုနဲ့တစ်ခု အဆက်အသွယ်ရှိရလိမ့်မယ်လို့ ကျုပ်တို့ ယူဆရလိမ့်မယ်။

ဒေါင်ခနဲ ကြားလိုက်ရတယ် ဆိုတဲ့အသံဟာလည်း အချက်ပေးတဲ့ အသံလေလား။ ပြတင်းပေါက်က သံတိုင်ကို မင်းတုပ်နဲ့ ခိုက်မိတဲ့ အသံလေလား မပြောတတ်သေးဘူး။

အပြောက်တွေနဲ့ ကြိုးဆိုတာဖြင့် သိပ်ခွကျတဲ့ အလုံးပဲဗျာ။ ကြောက်အားလန့်အားနဲ့ သွေးရူးသွေးတန်း ပြောလေတော့ မပီမသနဲ့ အလွဲလွဲအမှားမှား ပြောလေသလား။ သူ့အစ်မကပဲ အကြားမှားလေသလား ဖြစ်ချင်ရာဖြစ်နိုင်တာမျိုးပဲ။

အပြောက်တွေနဲ့ ကြိုးဆိုတာ အပေါက်တွေနဲ့ ကိုးလို့ပြောတာ ဖြစ်ချင်လည်း ဖြစ်နိုင်တာပဲ။ အပေါက်တွေနဲ့ဆိုရင် သူ့အခန်းမှာ အပေါက်မရှိဘူးရယ်လို့ အောက်မေ့နေရာမှာ အပေါက်တစ်ပေါက်က တစ်ခုခုဝင်လာတာမြင်လို့ သူ့အစ်ကို တိုင်ကြားသွားတာ ဖြစ်ချင်လည်း ဖြစ်နိုင်တာပဲ"

"နေပါဦးဗျာ၊ ကောက်ရိုတ်တဲ့ ကုလားကူလီတွေကို သူ့ဝင်းထဲမှာ လက်သင့်ခံထားတာကကော ဘာသဘောလဲ စစ်ရအောင်"

"ဒါက ကျုပ် မစဉ်းစားတတ်သေးဘူးဗျ။ အလို... ဘုရားရေ၊ ဒါက ဘယ့်နယ်ဟာလဲ"

ဦးစံရှားက ဤကဲ့သို့ လွတ်ခနဲ အော်လိုက်ခြင်း၏ အကြောင်းရင်းမှာ ခြောက်ပေထက်မနည်း အရပ်မြင့်၍ အရပ်နှင့်လိုက်အောင် တုတ်ခိုင်တောင့်တင်းလှသော လူကြီးတစ်ယောက်သည် ဟန်တိန် တုတ်ကြီးကို ကိုင်ကာ အခန်းထဲသို့ ဝင်လာသည်ကို တွေ့မြင်လိုက်ရသောကြောင့် ဖြစ်ပေ၏။

ထိုသူသည် စစ်ဖိနပ်ကြမ်းကြီးကို စီးလျက်၊ ကာကီဘောင်းဘီတိုကို ဝတ်ကာ ဗလေဇာကုတ်အကြမ်းစားနှင့် ကောင်းဘွိုင်ဦးထုပ်မျိုးကို ဆောင်းထားသည့်ပြင် မျက်ခုံးတုတ်တုတ်၊ နှုတ်ခမ်းမွေးကောင်းကောင်း၊ မျက်လုံးပြူးပြူးနှင့် အလွန်တင်းမာခက်ထန်သော မျက်နှာထားလည်း ရှိပေရကား၊ လူပြတ်သော လမ်းကြားတစ်ခု၌ တစ်ယောက်ချင်း ရင်ဆိုင်တွေ့ခဲ့လျှင် ကျောရိုးထဲမှ စိမ့်၍မသွားသော ပုဂ္ဂိုလ်သည် ခပ်ရှားရှား ရှိပေလိမ့်မည်။

ထိုသူသည် အံသွားကြိတ်ကာ ဟန်တိန်တုတ်ကို ယမ်းလျက် အခန်းအတွင်းသို့ ရုတ်ခနဲ ဝင်လာ၍...

"ခင်ဗျားတို့နှစ်ယောက်ထဲက ဦးစံရှားဆိုတာ ပြောစမ်း"

"ကျွန်တော်ပါခင်ဗျာ၊ ခင်ဗျားကကော ဘယ်သူပါလိမ့်"

"တိုးစိန်တဲ့၊ မော်ဘီက ဒေါက်တာတိုးစိန်လေ"

"သြော်... ဟုတ်လား၊ ထိုင်ပါဦးလေ ဒေါက်တာ"

"မထိုင်ဘူး... မထိုင်ဘူး၊ ကျုပ် မထိုင်နိုင်ဘူး၊ ကျုပ်သမီး ဒီကဆင်းသွားတာ မြင်လိုက်တယ်။ ဘာတွေများ ပြောသွားသလဲ ပြောကြစမ်း"

"ဒီနှစ်ဆောင်းဟာ ခါတိုင်းနှစ်ထက် အေးတယ်"

(ငေါက်လျက်) "ဘာတွေပြောသွားသလဲ ပြောစမ်းပါ"

(ဣန္ဒြေမပျက်ဘဲ) "ဒီနှစ်ဆောင်း အေးပေမဲ့ ရေခဲစက်များမှာ ရေခဲတွေ ရောင်းကောင်း..."

"အောင်မယ်... ခင်ဗျားက ကျုပ်ကို ယီးတီးယားတားလုပ်တာလား"

ဟု ပြောကာ ဟန်တိန်တုတ်ကိုဝင့်လျက် ရှေ့သို့ တစ်လှမ်းတိုးပြီးနောက်...

"ခင်ဗျားကို ကျုပ်သိတယ်။ ဟိုဝင်ရှုပ် ဒီဝင်ရှုပ် လူရှုပ်ကြီး စံရှားဆိုတာ ခင်ဗျားပဲ။ ကျုပ်သိပါတယ်"

ဦးစံရှားလည်း အပြုံးမပျက် ရှိလေ၏။

"သူ့ကိုယ်သူ စုံထောက်လေး ဘာလေးနဲ့ လူတကာ့အထဲ ဝင်ရှုပ်နေတဲ့လူ"

ဦးစံရှားလည်း ပြုံးနေရာမှ သွားကိုဖြဲလျက် ရယ်လေ၏။

"သူ့ကိုယ်သူ စုံထောက်တဲ့၊ ဘာများ စုံထောက်နိုင်လို့လဲ၊ ပြောစမ်း"

(အသံထွက်အောင် ရယ်မောလျက်) "စကားပြောပုံကဖြင့် အဆီအသား ပါ,ပါပေ့ဗျာ။ တယ်ကောင်း၊ ခင်ဗျားဆင်းတော့ တံခါးပိတ်ခဲ့ဗျာ၊ အေးလွန်းလို့ပါ"

"ကျုပ် မသွားသေးဘူး၊ ပြောစရာရှိတာ ပြောပြီးမှသွားမှာ။ သူများအထဲ ရှုပ်ချင်ရှုပ်၊ ကျုပ်အထဲတော့ ဝင်မရှုပ်နဲ့နော်။ ပြောလိုက်ပါပေ့၊ ခင်ချစ်မေ ဒီတိုက်ပေါ်က ဆင်းသွားတာ ကျုပ်မြင်လိုက်တယ်။

ကျုပ်ကို ယီးတီးယားတားအကောင် မှတ်လို့လား၊ ကြည့်စမ်း"

ဟု ဆိုကာ ပြတင်းပေါက်သို့ ရုတ်တရက်ထသွား၍ ငါးမူးလုံးရှိသော သံတိုင်နှစ်တိုင်လုံးကို လက်နှစ်ဖက်ဖြင့် ဖျစ်ညှစ်လိုက်ရာ သံတိုင်နှစ်ခုတို့သည် တစ်ခုနှင့်တစ်ခု ထိလုမတတ်ရှိအောင် ကွေးညွတ်သွားလေ၏။ ထို့နောက်...

"ကိုင်း... မြင်ရဲ့လား၊ ဒါ ကျုပ်လက်ထဲရောက်ရင် ဘယ်လိုဖြစ်မယ်ဆိုတာ ဒါသာ ကြည့်တော့"

ဟု ပြောပြောဆိုဆိုနှင့်ပင် ချာခနဲလှည့်၍ တိုက်ပေါ်မှ ဆင်းသွားလေ၏။

ထိုအခါ ဦးစံရှားက...

"တယ်ပြီး ချစ်စရာခင်စရာ ပြောတတ်တဲ့လူပဲဗျို့"

ဟု ရယ်မောကာ ပြောပြီးနောက်...

"ကျုပ်က သူ့လိုတော့ အလုံးအဖန်မကြီးဘူးပေ့ါဗျာ။ ဒါပေမဲ့ သူဖြစ်သလောက်တော့ ကျုပ်လည်း ဖြစ်ပါတယ်လို့ ပြန်မပြလိုက်ရဘူးဗျာ"

ဟု ဆိုကာ ယခင်ပြတင်းပေါက်သို့ သွား၍ ကွေးညွတ်နေသော သံတိုင်နှစ်ခုကို လက်နှစ်ဖက်ဖြင့်ကိုင်ကာ ဆတ်ခနဲ အားသွန်ထုတ်၍ ဆွဲဆန့်လိုက်ရကား သံတိုင်နှစ်ခုတို့သည် ရှိရင်းအခြေအနေအတိုင်း ဖြောင့်တန်းစွာ ရှိနေကြလေ၏။

"ကိုင်း... ကိုသိန်းမောင်၊ သူက ကျုပ်ကို မခံချင်အောင် ပြောသွားလေလေ၊ ဒီအမှုကို မပေါ်ပေါ်အောင် စုံထောက်ဖို့ စိတ်အားထက်သန်လေလေ ဖြစ်နေပြီကောဗျ။ ကိုင်း...

မနက်စာကလေး ခပ်သုတ်သုတ်စားပြီး ဆေးရုံကြီးမှာ ကျုပ်သိချင်တဲ့ အချက်ကလေးနှစ်ခု စုံစမ်းပြီး မော်ဘီလိုက်ကြဖို့ ရှိတာပဲ"

*****

ဦးစံရှားသည် ဆေးရုံမှ ပြန်လာသောအခါ၌ ၁၁ နာရီခွဲလုပ်ပြီဖြစ်ရာ သူ၏ လက်ထဲတွင် ဂဏန်းများဖြင့် ရေးခြစ်မှတ်သားထားသည့် စာရွက်တစ်ခု ပါလာလေ၏။

"ဆေးရုံလည်း ရောက်ခဲ့တယ်၊ ပစ္စည်းထိန်းရုံလည်း ကျုပ်ရောက်ခဲ့တယ်ဗျို့၊ ဆေးရုံက လူတွေကဖြင့် ဦးတိုးစိန်အကြောင်းကို တစ်ယောက်မှ အကောင်းမပြောကြဘူး။

ဗလအားကိုးနဲ့ လူမြင်သမျှကို နိုင်လိုမင်းထက် ပြုချင်တဲ့ ဝါသနာဆိုးရှိဆိုပဲ။ ပစ္စည်းထိန်းရုံ ရောက်ခဲ့တော့ ကွယ်လွန်သူ ဝတ်လုံကတော်ကြီး ဒေါ်စိန်ရင်ရဲ့ အိမ်နှစ်လုံးနဲ့ တိုက်တစ်လုံးဟာ ဟိုခေတ်တန်ဖိုးအရ လေးသောင်းဆိုသော်လည်း ခုခေတ်တန်ဖိုးနဲ့ဆိုရင် နှစ်သောင်းငါးထောင်လောက်ပဲ တန်တော့မယ်တဲ့။

ဒီတော့ကာ မိန်းကလေးနှစ်ယောက် လက်ထပ်လို့ တစ်ယောက်တစ်သောင်းစီ လက်ဖွဲ့လိုက်ရတယ်ဆိုရင် သူ့မှာ ဘာကျန်တော့သလဲ။ ငါးထောင်လောက် ကျန်တော့မယ်။

ဒါကြောင့် ဦးတိုးစိန်ဟာ သူ့သမီးနှစ်ယောက် အိမ်ထောင်ပြုမှာကို စိုးရိမ်နေတယ်ဆိုတဲ့အချက်ကို ကျုပ် သိခဲ့ရတယ်။

သူ့စိတ်သဘောထားနဲ့ဆိုတော့ ငွေနှစ်သောင်း မပေးရအောင် ဘာမဆို လုပ်ဝံ့မယ့် လူတစ်ယောက်နဲ့ တူတယ်။ ကိုင်း... ပြောနေကြာရော့၊ အချိန်သိပ်မရှိဘူးဗျို့၊ တက္ကစီခေါ်ပြီး သွားကြမှ တော်မယ်"

ကျွန်တော်တို့သည် မော်တော်ကားဖြင့် ပြည်လမ်းကြီး တစ်လျှောက် မောင်းနှင်လာခဲ့ကြ၍ နာရီပြန်တစ်ချက် ထိုးခါနီးအချိန်တွင် မော်ဘီသို့ ဝင်လာခဲ့ကြရာ၊ ဒေါက်တာတိုးစိန်၏ နေအိမ်မှာ မြို့အစွန်အဖျား၌ရှိသော ဝင်းကြီးအတွင်း ဟောင်းမြင်း ဆွေးမြည့်ဟန် လက္ခဏာရှိသည့် တိုက်အိုကြီးတစ်လုံး ဖြစ်ပေ၏။

ကျွန်တော်တို့သည် မော်တော်ကားပေါ်မှ တိုက်အိုကြီး ဘက်သို့ မျှော်ကြည့်လိုက်သောအခါ ခင်ချစ်မေသည် ကျွန်တော်တို့ကို စောင့်မျှော်နေသည့် လက္ခဏာဖြင့် တိုက်ကြီးနှင့် မနီးမဝေးတွင် စကြံလျှောက်လျက်ရှိရာ ကျွန်တော်တို့၏ ကားကို မြင်သည်နှင့်တစ်ပြိုင်နက် ကျွန်တော်တို့ဘက်သို့ လျှောက်လာလေ၏။

ထိုအခါ ဦးစံရှားသည် ကားကိုရပ်စေ၍ ကားသမားအား ကားခပေးချေပြီးလျှင် ကျွန်တော်တို့သည် ခင်ချစ်မေရှိရာသို့ လမ်းလျှောက်သွားကြလေ၏။

ခင်ချစ်မေသည် ရွှင်ပျသော မျက်နှာထားနှင့် ကျွန်တော်တို့ကို ဆီးကြို၍...

"ဝမ်းသာလိုက်တာရှင်၊ ဦးစံရှား ရောက်လာတာ မြင်လိုက်ရတော့ ကျွန်မရင်ထဲမှာ ဝန်ထုပ်ကြီးတစ်ခု ကျသွားသလို ပေါ့သွားတော့တာပဲ။ အားလုံး နေရာကျတယ်ရှင့်၊ ကျွန်မပြောခဲ့တဲ့အတိုင်း ဦးတိုးစိန်လည်း တိုက်ကြီးကိုသွားတယ်။ မိုးချုပ်မှ ပြန်လာမယ်တဲ့"

"တိုက်ကြီး မဟုတ်ဘူးဗျ၊ ရန်ကုန်လိုက်လာလို့ ကျုပ်တို့နဲ့ တွေ့ခဲ့ပြီးပြီ"

"အို… ဘုရား… ဘုရား… ကျွန်မနောက်ကို လိုက်တာတဲ့လား"

"ဒါနဲ့ တူတာပဲ"

"သိပ်ပါးတဲ့ လူကြီးရှင့်၊ သူ မသိအောင် ဘာတစ်ခုမှ လုပ်လို့မရဘူး။ သိပ်ခက်တာပဲ၊ ပြန်လာရင် ဘာများပြောဦးမလဲ မဆိုနိုင်ဘူး"

"ကိစ္စမရှိပါဘူးလေ၊ သူ ပါးတယ်ဆိုပေမဲ့ သူ့ထက်ပါးတဲ့လူလည်း ရှိပါသေးတယ်။ ဒီကနေ့ညအဖို့တော့ သူ့ကို အတွေ့မခံဘဲ ကိုယ့်အခန်းထဲကိုယ် မင်းတုပ်ချပြီး အိပ်ပေတော့။

သူက ကြမ်းလာလို့ရှိရင် မိန်းကလေးကို အင်းစိန်က အဒေါ့်အိမ်ကို ကျုပ်တို့ လိုက်ပို့မယ်။ ကိုင်း… အချိန်ရသလောက် အလုပ်လုပ်ရအောင် အိပ်ခန်းတွေ ကျုပ်တို့ လိုက်ပြစမ်း"

ဦးတိုးစိန်၏ နေအိမ်မှာ အလွန်ဟောင်းမြင်းလှသော တစ်ဆင့်တိုက်အိုကြီး တစ်လုံးဖြစ်လေရာ အခါကောင်းစဉ်က ဥယျာဉ်ပန်းမန်များ ရှိဖူးသော နေရာများတွင် မြကင်ပင်ပေါင်းပင်များနှင့် ငှက်ပျောပင် အနည်းငယ်မျှတို့ ရှိကြလေပြန်၏။

အိပ်ခန်းများရှိသော ဘက်၌မူကား သံတိုင်ပြတင်းပေါက်များ စီတန်းလျက်ရှိရာ ဦးစံရှားသည် အတွင်းသို့မဝင်မီ အပြင်မှ စကြံလျှောက်ကာ ပြတင်းပေါက်များ၏ အခြေအနေကို သေချာစွာ ကြည့်ရှုလျက် ရှိလေ၏။

"ဒီအခန်းက မိန်းကလေး အိပ်နေကျအခန်း၊ အလယ်က ညီမလေးအခန်း၊ ဟိုအစွန်က ဦးတိုးစိန်ရဲ့အိပ်ခန်း၊ ဟုတ်ကဲ့မဟုတ်လား"

"ဟုတ်ပါတယ်ရှင်၊ အခုတော့ ကျွန်မက အလယ်ခန်းမှာအိပ်ပါတယ်"

"ပြင်ဆင်နေတဲ့ အခိုက်မှာ ဆိုပါတော့၊ ဒါထက် အမိုးက ယိုတယ်ဆိုပေမဲ့ မိုးတွင်းမဟုတ်လို့ ပြင်ဆင်ဖို့ အရေးမကြီးသေးပါဘူး ထင်ပါရဲ့"

"ဩော်… ဟုတ်လား၊ ဒီဟာ တော်တော်အရေးကြီးတယ်၊ ကိုင်း… ကိုင်း… လာစမ်းပါဦး မိန်းကလေး၊ အခန်းထဲဝင်ပြီး အိပ်ခန်းတံခါးကိုပိတ်၊ မင်းတုပ်ကို ချကြည့်စမ်းပါဦး"

ခင်ချစ်မေသည် ခိုင်းစေသည့်အတိုင်း ပြုလုပ်ရာတွင် ဦးစံရှားသည် သံတိုင် ပြတင်းပေါက်ကို အပြင်မှဖွင့်ရန် အနည်းနည်း ကြိုးစားသော်လည်း အထမမြောက်ဘဲ ရှိနေ၏။

ထို့နောက် ဦးစံရှားသည် ပြတင်းတံခါး လက်ယှက်များကို မှန်ဘီလူးဖြင့် ကြည့်ရာ အလွန်ခိုင်မာလှ၍ အုတ်သားအတွင်းသို့ သွင်းမြှုပ်ဆောက်လုပ်ထားသည်ကို တွေ့ရလေ၏။

(မေးကိုသပ်ကာ စဉ်းစားဟန် လက္ခဏာနှင့်) "ကျုပ် တွေးလုံးတစ်ခုတော့ လွဲသွားပြီဗျို့၊ အတွင်းမှာ မင်းတုပ်ချထားရင် ပြတင်းတံခါး တရုတ်ကတ်ကို ဖွင့်နိုင်စရာနည်းလမ်း မရှိဘူး။ ကိုင်း… ကိုင်း… အထဲဝင်ကြည့်ကြဦးစို့"

ကျွန်တော်တို့သည် တိုက်ထဲသို့ ဝင်ကြ၍ အိပ်ခန်းသုံးခန်းနှင့် ဆက်သွယ်လျက်ရှိသော ဆောင်တော်ကူးလမ်းကြားသို့ ရောက်ကြသောအခါ ဦးစံရှားသည် ခင်ချစ်မေ အိပ်နေကျဖြစ်သော

တတိယအိပ်ခန်းသို့ အလျှင်းပင်ကြည့်ရှုရန် အလိုမရှိဘဲ ကွယ်လွန်သူ ခင်ချစ်ဆွေနှင့် ကျန်ရစ်သူ ခင်ချစ်မေတို့ အိပ်ကြသော ဒုတိယအခန်းသို့ တစ်ခါတည်း ဝင်သွားလေ၏။

ထိုအခန်းအတွင်း၌ တစ်ခုသော ထောင့်တွင် မှန်တင်စားပွဲတစ်ခု ရှိ၍ အခြားထောင့်တစ်ခုတွင် ခုတင်တစ်လုံး ရှိလေရာ ယင်းတို့အပြင် ကြိမ်ကုလားထိုင်အို တစ်ခုနှင့် မတ်တတ်ကုလားထိုင်ကလေး တစ်လုံးမှတစ်ပါး အခြားအိမ်ထောင်မှု မရှိလေရာ ဦးစံရှားသည် ကြိမ်ကုလားထိုင်ပေါ်သို့ ထိုင်ပြီးနောက် အခန်း၏နံရံ၊ အမိုးနှင့် ကြမ်းပြင်တို့ကို တစ်လှည့်စီ ကြည့်ရှုလျက် ရှိလေ၏။

ခုတင်ခေါင်းရင်းအနီး၌ တွဲရရွဲကျလျက်ရှိသော ကြိုးစတစ်ခုကို လက်ညှိုးညွှန်လျက်...

"ဒီကြိုးစက ဘာအတွက်လဲ"

"အရေးအကြောင်းရှိရင် ထမင်းချက်တဲ့လူကြီး ဦးထွန်းကိုခေါ်ဖို့ စီမံထားတာပါ။ ဒီကြိုးစကိုဆွဲလိုက်ရင် သူ့အိပ်ရာနားက ခေါင်းလောင်းကလေးတစ်ခု မြည်သွားပါတယ်"

"အင်း... တယ်နေရာကျပါကလား၊ အနောက်နိုင်ငံများမှာ ဒီလိုဟာမျိုးရှိတယ်လို့ ကြားဖူးသော်လည်း ကျုပ်တို့ မြန်မာအိမ်မှာ ဒီလိုဟာမျိုး တပ်ထားတာ မမြင်ဖူးပါဘူး။ ဘယ်တုန်းက တပ်ထားသလဲ"

"ညီမလေး လက်ထက်က ဒီဟာမရှိပါဘူး။ ကျွန်မ ပြောင်းအိပ်တော့မှ စိတ်ထဲ ရွံ့တွန့်တွန့်ရှိလို့ ဦးတိုးစိန် အကြံပေးတဲ့အတိုင်း ဒီကိရိယာကို တပ်ထားပါတယ်"

"ဪ နေရာကျပေသားပဲ"

ထို့နောက် ဦးစံရှားသည် ကြမ်းခင်းထားသော ပျဉ်ပြားများကို မသင်္ကာသည့် လက္ခဏာနှင့် ကြမ်းပြင်ပေါ်၌ လေးဖက်တွားကာ ခင်းထားသော ပျဉ်ပြားများကို မှန်ဘီလူးဖြင့် တစ်ချပ်စီ သေချာစွာ ကြည့်လေ၏။

ထို့နောက် အိပ်ခန်းများကို တစ်ခန်းစီ ကန့်ထားသော ပျဉ်ပြားများကိုလည်း ထိုနည်းအတူ သေချာစွာ ကြည့်ရှု၍ အိပ်ရာကိုလည်း ထိုနည်းအတူ ကြည့်ရှုလေ၏။

နောက်ဆုံး၌ ဦးစံရှားသည် ခေါင်းလောင်းနှင့် ဆက်သွယ်ထားသည်ဆိုသော ကြိုးစကို ရုတ်တရက် လှမ်းကိုင်၍ ဆွဲကြည့်ပြီးလျှင်...

"ဘယ့်နယ်လဲ၊ ဘာသံမှလည်း မကြားပါလား"

"ဟုတ်သားပဲ၊ ကျွန်မတောင် တစ်ခါမှ ဆွဲစမ်းမကြည့်မိဘူး"

"ထမင်းချက်တဲ့လူကြီး ဦးထွန်းကော ဘယ်မလဲ"

"ဦးစံရှားတို့ လာတဲ့အခါမှာ လွတ်လွတ်ကျွတ်ကျွတ် စစ်ဆေးနိုင်အောင်လို့ ဦးထွန်းကို ကိစ္စတစ်ခုနဲ့ အပြင်ကို ခိုင်းထားပါတယ်"

"ဪ... ဟုတ်လား၊ နေစမ်းပါဦး၊ ဒါထက် ဒီကြိုးစက ဘယ်ကခေါင်းလောင်းနဲ့မှ ဆက်မထားဘဲ သက်သက်မဲ့ တန်းလန်းဆွဲထားတာ သိပ်ထူးဆန်းပါကလား။ ကြည့်စမ်း... ဟိုမှာ လေဝင်ပေါက်၊ အထက်က ချိတ်ကလေးတစ်ခုနဲ့ ဆက်ထားတာ တွေ့လား"

"ဟုတ်သားပဲရှင်၊ အရေးအကြောင်းဆိုရင် ဦးထွန်းကို ခေါ်ရအောင်ဆိုလို့ ဦးတိုးစိန် တပ်ပေးထားတာ။ ကျွန်မဖြင့် တစ်ခါမှ ဆွဲစမ်းမကြည့်မိသေးပါဘူး"

"တော်တော်ဆန်းတဲ့တိုက်ပဲ၊ လေဝင်ပေါက်ဆိုပြီး တိုက်ပြင်ဘက်ကလေနဲ့ မဆက်ဘဲ အခန်းတစ်ခန်းနဲ့ တစ်ခန်း ဆက်ထားတာ သိပ်ထူးဆန်းတာပဲ။ ကြံ့ကြံ့စည်စည် ဆောက်လည်း ဆောက်တတ်တဲ့ ပန်းရံသမားတွေပဲ။ ကိုင်း... ကိုင်း... ဦးတိုးစိန်ရဲ့အခန်းကို တစ်ဆိတ် ဝင်ကြည့်ကြဦးစို့"

ဦးတိုးစိန်၏အိပ်ခန်းမှာ ခင်ချစ်မေ၏ အိပ်ခန်းထက် အနည်းငယ် ကျယ်ဝန်း၍ မှန်တင်ခုံစားပွဲတစ်ခုပေါ်တွင် ဆေးအတတ်ပညာနှင့် ပတ်သက်သော စာအုပ်များလည်း ရှိကြလေ၏။

အခန်းထောင့်တွင် ဗီရိုတစ်လုံးမှတစ်ပါး အခြားသော အိမ်ထောင်မှုများမရှိဘဲ ကြိမ်ကုလားထိုင်ပေါင်း တစ်လုံးနှင့် မတ်တတ်ကုလားထိုင် တစ်လုံးမျှသာ ရှိကြလေ၏။

ဦးစံရှားသည် အခန်းတစ်လျှောက်လုံး ဖြည်းညင်းစွာ လှည့်ပတ်၍ သေချာစွာ ကြည့်ရှုပြီးနောက် ဗီရိုကို ခေါက်လျက် "ဒီထဲမှာ ဘာတွေရှိသလဲ"

"စာရွက်စာတမ်းတွေ ရှိပါတယ်"

"မြင်ဖူးလို့လား"

"ဟိုးရှေးတုန်းက တစ်ခါမြင်ဖူးပါတယ်"

"ဒီထဲမှာ ကြောင်များ မရှိဘူးလား"

"ကြံ့ကြံ့စည်စည်ရှင်"

"ကြံ့ကြံ့စည်စည်မဟုတ်ဘူး၊ ဒီဟာက ဘယ့်နှာလဲ"

ဦးစံရှားသည် ဗီရိုပေါ်၌ တင်ထားသော နွားနို့ခွက်ကလေးတစ်ခုကို ယူ၍ ပြလေ၏။

"ကြောင်တော့ မဟုတ်ပါဘူး။ ဟိုတုန်းက ဝက်ဝံတစ်ကောင် မွေးဖူးပါတယ်။ အခု မျောက်ဖင်နီတစ်ကောင် ရှိပါတယ်"

"ဝက်ဝံတိုက်ဖို့ နွားနို့ခွက်ဆိုရင် သေးလွန်းလှတယ်။ နေစမ်းပါဦး၊ ဒီတစ်ခု ကြည့်စမ်းဦးမယ်"

ဦးစံရှားသည် မတ်တတ်ကုလားထိုင်ရှေ့တွင် လေးဖက်ထောက်လျက် ခင်းထားသော ကြမ်းပြင်ကို မှန်ဘီလူးဖြင့် သေချာစွာ ကြည့်ရှုလေ၏။

"သြော်... ဒီလိုကိုး၊ အလို... ဒီဟာက ဘာလဲ"

ဟု ပြောလျက် ဦးတိုးစိန်၏ ခုတင်အောက်တွင် ချိတ်ထားသော ကြိုးတစ်ချောင်းကို ကောက်ယူ၍ သေချာစွာ ကြည့်ရှုလေရာ ကြိုးစတစ်ဖက်မှာ ကောင်းဘွိုင်များ အသုံးပြုတတ်သည့် ကွင်းလျှောတစ်ခု ပြုလုပ်ထားသည်ကို တွေ့မြင်ရလေ၏။

"ဒီဟာ ဘယ်လိုအဓိပ္ပါယ်ထင်သလဲ ကိုသိန်းမောင်"

"ကြိုးကတော့ ကြာပွတ်တစ်ချောင်းက ကြိုးစပဲ၊ ကွင်းလျှော လုပ်ထားတဲ့ အဓိပ္ပါယ်ကတော့ ကျွန်တော် မပြောတတ်ဘူး"

"ဒီဟာ တော်တော် ထူးဆန်းတယ်ဗျ၊ နေရာတကာတိုင်း တွေ့ရတတ်တဲ့ ပစ္စည်းမျိုးမဟုတ်ဘူး။ ဆိုးချင်မိုက်ချင်တဲ့ လူတစ်ယောက် ညဏ်ရှိပြီဆိုမှဖြင့် သိပ်ခွကျကုန်တာပဲ။ ကိုင်း... တော်ပါပြီ ခင်ချစ်မေ၊ တိုက်ပြင်ထွက်ပြီး လမ်းလျှောက်ပါရစေဦး"

ကျွန်တော်တို့သည် တိုက်ထဲမှ ထွက်လာကြသောအခါ ဦးစံရှား၏မျက်နှာထားမှာ အလွန်တရာ တင်းမာခက်ထန်စွာ ရှိနေသည့်အဖြစ်ကို တွေ့မြင်ကြရလေ၏။

ဦးစံရှားသည် တိုက်နံဘေးရှိ မြက်ခင်းပေါ်တွင် ထိုမှ ဤမှ စကြံလျှောက်လျက်ရှိစဉ် ကျွန်တော်နှင့် ခင်ချစ်မေတို့သည် သူ၏မျက်နှာကို အကဲခတ်လျက် ရှိကြလေ၏။

အတန်ငယ်ကြာသောအခါ...

"ဒီမလေ ခင်ချစ်မေ၊ ကျုပ်ပြောတဲ့စကားကို သေသေချာချာ နားထောင် ပေးခဲ့တဲ့ အကြံအတိုင်း တစ်သဝေမတိမ်း လိုက်နာရမယ်နော်"

"စိတ်ချပါရှင်"

"ကိစ္စက သိပ်အရေးကြီးတယ်။ တစ်ချက်ကလေး တိမ်းသွားရင် အသက်ပါ ဆုံးသွားမယ်၊ နားလည်လား"

"စိတ်ချပါရှင်၊ လိုက်နာပါ့မယ်"

"ပထမအလုပ်က ကျုပ်မိတ်ဆွေနဲ့ ကျုပ်နဲ့ ခင်ချစ်မေအခန်းမှာ ဒီနေ့ည စောင့်ကြည့်ကြမှ ဖြစ်မယ်"

ထိုအခါ ကျွန်တော်နှင့် ခင်ချစ်မေတို့သည် ဦးစံရှား၏ မျက်နှာကို အံ့သြစွာနှင့် ငေးကြည့်နေကြလေ၏။

"ဟုတ်တယ် ခင်ချစ်မေ၊ ကျုပ်ပြောသလို လုပ်ရလိမ့်မယ်။ ဦးတိုးစိန် ပြန်လာတော့ မိန်းကလေးက ခေါင်းကိုက်တယ်ဆိုပြီး အိပ်ခန်းထဲ စောစောဝင်နေ၊ ပြတင်းပေါက် တရုတ်ကတ်ကိုဖွင့်၊ မီးအိမ်ကို အချက်ပေးဖို့ထား။

ဦးတိုးစိန် သူ့အခန်းထဲ သူဝင်ပြီဆိုတော့မှ မိန်းကလေးက ကိုယ်အိပ်နေကျအခန်းကို ရွှေ့ပြီးတော့ အိပ်၊ နားလည်လား ကျုပ်ပြောတာ"

"နားလည်ပါတယ်ရှင်"

"ကိုင်း... ဒါဖြင့် တော်ပြီ၊ ကျန်တာတော့ ကျုပ်တို့ ကြည့်လုပ်မယ်"

"ရှင်တို့ ဘာလုပ်ကြမှာလဲရှင်"

"ကျုပ်တို့က ဒီအခန်းထဲက စောင့်ပြီး မိန်းကလေး ကြားရတဲ့အသံဟာ ဘာသံလဲဆိုတာကို စုံစမ်းကြည့်မယ်"

"ကျွန်မ တစ်ခုမေးပါရစေလားရှင်"

"မေးပါလေ"

"ကျွန်မညီမလေးဟာ လန့်ပြီးသေတယ်လို့ ကျွန်မထင်တာ ဟုတ်ပါရဲ့လားရှင်"

"လန့်ရှုံလန့်တာ မဟုတ်ဘူးလို့ ကျုပ်ထင်တယ်၊ သို့သော် ဒီကနေ့ည သိကြရတာပေါ့။ ကိုင်း... ခင်ချစ်မေ နေရစ်ပေဦးတော့၊ ကျုပ်တို့က အခန်းပြတင်းပေါက်မှာ အချက်ပေးတာကို စောင့်ပြီး ကြည့်နေကြမယ်နော်။ ဘာမှမကြောက်နဲ့ ကြားလား။ ဒီကနေ့ည အလုံးစုံ သိကြရမယ်"

ဦးစံရှားနှင့် ကျွန်တော်တို့သည် ဝင်းထဲမှ ထွက်လာကြ၍ ခင်ချစ်မေ၏ အိပ်ခန်း ပြတင်းပေါက်ကို အဝေးမှမြင်နိုင်သော နေရာကို စုံစမ်းကြရာ မြို့တွင်းရှိ အကြော်ဆိုင်တစ်ဆိုင်မှ ယင်းပြတင်းပေါက်ကို ကောင်းစွာ မြင်နိုင်ကြောင်း တွေ့ရှိရသည်နှင့် ကျွန်တော်တို့သည် ဆိုင်ရှင်ပေါက်ဖော် ကျေနပ်စိမ့်သောငှာ စားစရာများနှင့် ဘီယာနှစ်လုံးကို ညစာအတွက် မှာထားခဲ့ကြပြီးနောက် မြို့ထဲသို့လျှောက်၍ လည်ပတ်ကြလေ၏။

မှောင်စပြုသောအချိန်တွင် ကျွန်တော်တို့သည် အကြော်ဆိုင်သို့ ပြန်လာကြ၍ ခင်ချစ်မေ၏ အခန်းပြတင်းပေါက်ကို မြင်နိုင်သည့်နေရာတွင် ထိုင်ကြလျက် စားစရာများ စားသောက်ရင်း ဘီယာများကို တစ်လုံးပြီးတစ်လုံး မှာယူကာ တဖြည်းဖြည်း သောက်လျက်ရှိကြလေ၏။

နေဝင်လုဆဲဆဲအချိန်တွင် ရန်ကုန်မှ မီးရထားတစ်စင်း ဆိုက်ရောက်လာ၍... ဦးတိုးစိန်သည် ကျွန်တော်တို့ ထိုင်လျက်ရှိသော ဆိုင်အနီးမှ သူ၏နေအိမ်ဘက်သို့ ဟန်တိန်တုတ်ကြီးကို ကိုင်ကာ လျှောက်သွားသည်ကို မြင်လိုက်ကြရလေ၏။

နေဝင်ပြီး၍ မှောင်မိုက်စပြုသောအချိန်၌ ဦးတိုးစိန်၏ တိုက်ဆီမှ မီးခွက်များ ထွန်းထားသည်ကို ပြတင်းပေါက်များမှ မြင်ကြလေရာ... ကျွန်တော်တို့သည် ဝက်အူချောင်းနှင့် ဘီယာကို တဖြည်းဖြည်းသောက်ရင်း ခင်ချစ်မေ အချက်ပေးမည်ကို စောင့်ကြည့်နေကြလေ၏။

"ကျုပ် တစ်ခုစဉ်းစားတယ် ကိုသိန်းမောင်၊ ခင်ဗျား လိုက်လို့ တော်မှတော်ပါ့မလား မဆိုနိုင်ဘူး၊ အသက်ရန်မူမှာကို နည်းနည်းစိုးရိမ်ရတယ်"

"ကျွန်တော်လိုက်ရင် အသုံးဝင်လိမ့်မယ်လို့ ထင်သလား"

"ဟာ... အသုံးတော့ ဝင်ပြီလားဗျာ"

"ဒါဖြင့် လိုက်မယ်ဗျာ"

"ကျေးဇူးတင်ပါ့ဗျာ"

"နေစမ်းပါဦး ဦးစံရှားရဲ့၊ ခေါင်းလောင်းနဲ့ အဆက်အသွယ်မရှိဘဲ ဟန်လုပ်ပြီး တပ်ထားတဲ့ ကြိုးစက ဆန်းလှချည့်လားဗျာ"

"လေဝင်ပေါက်ကကောဗျာ၊ မဆန်းဘူးလား"

"အခန်းတစ်ခန်းနဲ့ တစ်ခန်း အပေါက်ဖောက်ထားတာတော့ ဆန်းတာပဲ။ နို့ပေမဲ့ ကြွက်တစ်ကောင် ဝင်နိုင်ရုံလောက်ရှိတဲ့အပေါက်မို့ ဒီလမ်းက ဘေးအန္တရာယ်တစ်ခုခုလာနိုင်ဖို့ ခဲယဉ်းတယ် ထင်ပါ့ဗျာ"

"ကျုပ်က ကြားပြောတာမဟုတ်ဘူး။ အိပ်ခန်းတွေ ဝင်မကြည့်ခင်ကတည်းက ဒီအခန်းနှစ်ခု အဆက်အသွယ် ရှိတယ်ဆိုတာကို တွေးခဲ့ပြီးသား"

"ဟုတ်ကဲ့လား ဆရာကြီးရယ်"

"ဟုတ်ပါတယ်ဗျ၊ ဦးတိုးစိန် ဆေးပြင်းလိပ်သောက်တဲ့ မီးခိုးကို ခင်ချစ်ဆွေက အနံ့ရတယ်လို့ ခင်ချစ်မေပြောသွားတာ မကြားလိုက်ဘူးလား...

ဒီကတည်းက တစ်နည်းနည်းအဆက်အသွယ်ရှိတယ်လို့ ကျုပ် စဉ်းစားပြီးသားပဲ"

"ဟုတ်တော့လည်း ဟုတ်ပါရဲ့ဗျာ"

"ခင်ချစ်မေအိပ်တဲ့ ကုတင်ကို ခင်ဗျား သတိပြုမိသလား"

"ထူးထူးခြားခြား ကျွန်တော် မတွေ့ပေါင်ဗျာ"

"ခုတင်ခြေထောက် လေးချောင်းဟာ ကြမ်းနဲ့ တစ်ဆက်တည်း လုပ်ထားတယ်ဗျ"

"ဒါက ဘာသဘောလဲဗျာ"

"အဓိပ္ပါယ်ကတော့ ဟိုအပေါက်လေးနဲ့ ဒီခုတင်နဲ့ဟာ သူ့နေရာနဲ့သူ ရှိနေအောင် ချိန်ပြီးလုပ်ထားတယ်လို့ ကျုပ် စဉ်းစားမိတယ်"

"သြော်... ဟုတ်ပြီဗျို့. ထူးထူးဆန်းဆန်း ကြံကြံဖန်ဖန်လုပ်ပြီး သတ်ဖို့ မောင်းဆင်ထားတာနဲ့ တူတယ်"

"အစစ်ပေါ့ဗျာ၊ ဆရာဝန်ဆိုတဲ့လူမျိုးဟာ ဆိုးချင်မိုက်ချင်ပြီဆိုမှဖြင့် သိပ်ကြောက်စရာကောင်းတယ် ကိုသိန်းမောင်။ လက်လည်းရဲတယ်၊ အတတ်အဆန်းတွေလည်း နားလည်တယ်။ "ကိုင်း... ကိုင်း၊ တော်ပါသေးပြီဗျာ၊ ဘီယာလည်း တော်တော်ဝသွားပြီ။ ဆေး တစ်ဆုံနှစ်ဆုံလောက် သောက်ပြီး စိတ်ကူးထုတ်စမ်းပါရစေဦး"

ည ၉ နာရီအချိန်ခန့်တွင် ဦးတိုးစိန်၏နေအိမ်မှ မီးရောင်များ ငြိမ်းသွား၍ မှောင်နင့်မည်းမည်းရှိလေရာ...

ကျွန်တော်သည် ကိုယ့်စိတ်ကူးနှင့်ကိုယ် ဆေးတံကိုယ်စီသောက်ရင်း နေအိမ်ဘက်သို့ စောင့်ကြည့်နေကြစဉ် နာရီဝက်ခန့်အကြာတွင် တိုက်ပြတင်းပေါက်ဆီမှ မီးရောင်ကလေးတစ်ခု လက်ခနဲထွက်လာသည်ကို တွေ့မြင်ကြရသဖြင့်...

"ဟော... အချက်ပေးပြီဗျို့၊ လာ... ကိုသိန်းမောင်"

ဟု ဆိုကာ အကြော်ဆိုင်မှ ထွက်လာခဲ့ကြလေ၏။

ကျွန်တော်တို့သည် တစ်ဖာလုံခန့်ဝေးသော ယင်းခရီးကို လျှောက်လာကြစဉ် ပြတင်းပေါက်မှ အလင်းရောင်ကလေးသည် ကျွန်တော်တို့အား လမ်းပြလျှက် ရှိ၏။

ကျွန်တော်တို့သည် သစ်သားဝင်းထရံကို ကျော်တက်၍ မြက်ပင်ပေါင်းပင်များအထဲမှ ဖြတ်သန်းကာ ပြတင်းပေါက်မှ ဝင်ကြမည် ပြုသည်တွင်...

သူငယ်လေးတစ်ယောက်သည် မှောင်ထဲမှ ရုတ်တရက် ပေါ်ထွက်လာ၍ မြက်ပေါ်၌ လူးလိမ့်ပြီးလျှင် မှောင်ရိပ်ထဲသို့ ဝင်သွားလေ၏။

ကျွန်တော်သည် ထိုအခြင်းအရာကို မြင်သဖြင့် ထိတ်လန့်ကာ တွန့်ဆုတ်သွားလေလျှင် ကျွန်တော့်လက်ကို ကိုင်၍ တီးတိုးရယ်မောကာ...

"မျောက်ဖင်နီဆိုတာ ဒါပေါ့ဗျ"

ဟု ပြောလေ၏။

ကျွန်တော်တို့သည် ပြတင်းပေါက်အနီးသို့ ချဉ်းကပ်ကြ၍ ဖိနပ်များကို ချွတ်ထားပြီးလျှင် ပြတင်းပေါက်မှ ကျော်တက်ကာ အခန်းထဲသို့ ရောက်ကြသောအခါ ဦးစံရှားသည် မှန်အိမ်ကို ပြတင်းပေါက်အနီးမှ စားပွဲပေါ်သို့ ရွှေ့ထား၍ တရုတ်ကတ်ကို ပိတ်ထားလေ၏။

ထို့နောက် ဦးစံရှားသည် အခန်းအခြေအနေကို ကြည့်ရှု၍ နေ့လယ်က အခြေအနေအတိုင်း ရှိသည်ကို တွေ့မြင်ရသောအခါ ကျွန်တော်၏နားနားသို့ ချဉ်းကပ်လျက်...

"နည်းနည်းကလေးမှ အသံမထွက်စေနဲ့နော်"

ဟု တီးတိုးပြောလိုက်သဖြင့် ကျွန်တော် ခေါင်းညိတ်လိုက်၏။

ထို့နောက် ဦးစံရှားက...

"မီးခွက်ငြိမ်းမှ ဖြစ်မယ်၊ မီးရောင်ကို ဟိုအပေါက်က သူ မြင်လိမ့်မယ်"

ဟု ပြောပြန်ရာ ကျွန်တော်က ခေါင်းညိတ်ရပြန်၏။

ထို့နောက် ဦးစံရှားက...

"အိပ်မပျော်စေနဲ့နော်၊ အိပ်ပျော်ရင် သေတတ်တယ်၊ ကျုပ်က ခုတင်နံဘေးမှာ ထိုင်မယ်၊ ခင်ဗျားက ဟိုကုလားထိုင်မှာ ထိုင်"

ဟု ပြောသဖြင့် ကျွန်တော်သည် ခါးမှ ခြောက်လုံးပြူးကိုထုတ်၍ စားပွဲအနီး၌ တင်ပြီး ကုလားထိုင်ပေါ်တွင် ထိုင်ကာ စောင့်နေလေ၏။

ဦးစံရှားသည် လက်တွင် ကိုင်ခဲ့သော ကြိမ်လုံးတစ်လုံးကို ခုတင်အစွန်းတွင် ချထား၍ မီးခြစ်ဘူးတစ်လုံးနှင့် ဖယောင်းတိုင်တစ်ခုကိုလည်း ကြိမ်လုံးအနီး၌ ထားပြီးလျှင် မှန်အိမ်ကို ငြိမ်းလိုက်သဖြင့် ကျွန်တော်တို့မှာ မှောင်ထဲတွင် ရှိနေကြလေ၏။

ကျွန်တော်သည် ထိုည၌ မှောင်မိုက်ထဲတွင် အသည်းတထိတ်ထိတ် စောင့်နေရသော အခြင်းအရာကို အသက်တစ်ရာ နေရသော်လည်း မေ့နိုင်မည် မဟုတ်ချေ။

ကျွန်တော်သည် အလွန်ဆိတ်ငြိမ်လျက် ရှိသော တိုက်ခန်းအတွင်း မျက်လုံး ကြောင်တောင်နှင့် စောင့်လျက်ရှိစဉ် ဦးစံရှားမှာလည်း ကျွန်တော့်အနီးတွင် ထိုနည်းအတူ မျက်စိဖွင့်ကာ နားစွင့်ကာဖြင့် စောင့်လျက်ရှိသည်ဟု သိရှိရလေ၏။ ပြတင်းပေါက်မှ တရုတ်ကတ်များကို ပိတ်ထားသည်ဖြစ်၍ အပြင်၌ရှိသော ကြယ်ရောင်သည် အခန်းတွင်းသို့ တိုးဝင်ရန် မတတ်နိုင်ဘဲ မှောင်မည်းလျက်ရှိလေ၏။

တစ်ခါက ငှက်ဆိုးတစ်ကောင်သည် အုတ်တိုက်ခေါင်မိုးပေါ်သို့ ဂီခနဲ ထိုးသွားလေရာ ကျွန်တော်တို့မှာ အတိတ်နိမိတ်ကောက်ရန် ဝါသနာမရှိသဖြင့် ထိုအတွက်ကြောင့် အနည်းငယ်မျှ တုန်လှုပ်ခြင်း မရှိချေ။

ကျွန်တော်သည် အမှောင်ထဲတွင် မြင်နိုင်သော လက်ပတ်နာရီကို မကြာခဏ ကြည့်မိရာ ၁၂ နာရီထိုးရန်မှာ မကြာလှသော်လည်း နာရီပြန်တစ်ချက်နှင့် သုံးချက်ထိုးရန်မှာ အလွန်တရာ ကြာရှည်လှသည်ဟု စိတ်ထဲ၌ အောက်မေ့မိ၏။

သုံးနာရီထိုးပြီးသည်နှင့် တစ်ပြိုင်နက် အခန်းနှစ်ခန်းကို ဆက်သွယ်လျက်ရှိသော အပေါက်ငယ်ကလေးဆီမှ အလင်းရောင်ကို လက်ခနဲ မြင်လိုက်ရပြီးနောက် ချက်ချင်းပင် ကွယ်ပျောက်သွား၍ ဆီကို မီးလောင်သောညှော်နံ့နှင့် သတ္တုကို မီးမြှိုက်သည့်အနံ့သည် နာခေါင်းဝသို့ တိုးဝင်လာလေရာ အခြားအခန်းမှ ပုလိပ်များကိုင်သည့် ကျားမျက်လုံးမှန်အိမ်ကို ထွန်းညှိထားကြောင်း သိရှိရလေ၏။

ထို့နောက် အနည်းငယ်လှုပ်ရှားသည့် ရှဲရှဲရှပ်ရှပ်အသံများကြားရ၍ တစ်ဖန် တိတ်ဆိတ်သွားပြန်သော်လည်း ညှော်နံ့မှုကာ တိုး၍ ပြင်းထန်လာခဲ့လေ၏။

ကျွန်တော်သည် နာရီဝက်ခန့် နားစွင့်ကာ ထိုင်နေပြီးနောက် လက်ဖက်ရည်ကရားမှ ရေနွေးပွက်ပွက်ဆူဖြင့် နှုတ်သီးမှ အခိုးတက်လာသောအသံကဲ့သို့ ဖြည်းညင်းစွာ တရှဲရှဲမြည်သော အသံကို ကြားရလေ၏။

ယင်းသို့ ကြားရသည်နှင့် တစ်ပြိုင်နက် ဦးစံရှားသည် အိပ်ရာအစွန်းမှခုန်ထ၍ မီးခြစ်ကိုခြစ်ပြီးလျှင် ခေါင်းရင်းဘက်၌ရှိသော ကြိုးစကို ကြိမ်လုံးဖြင့် တရွှမ်းရွှမ်း ရိုက်လျက်...

"မြင်လား ကိုသိန်းမောင်၊ မြင်လား"

ဟု မေးသော်လည်း ကျွန်တော်မှုကား ဘာကိုမှမမြင်ရချေ။

ကျွန်တော်သည် တရှီးရှီးမြည်သောအသံကို သဲ့သဲ့မျှကြားရသော်လည်း မျက်လုံးထဲသို့ အလင်းရောင် ရုတ်တရက် တိုးဝင်သည့်အတွက်ကြောင့် ဦးစံရှားသည် မည်သည့်အရာကို ကြိမ်နှင့်ရိုက်နေသည်ကို မပြောနိုင်ချေ။

သို့ရာတွင် သူ၏မျက်နှာတွင် အလွန်တရာ ရွံရှာစက်ဆုပ်သော အမူအရာရှိကြောင်းကိုမူကား ကျွန်တော် မြင်လိုက်ရ၏။

ဦးစံရှားသည် ကြိမ်လုံးဖြင့် တရွှမ်းရွှမ်းရိုက်သောအသံများ ရပ်စဲသွား၍ အပေါက်ငယ်သို့ မော့်ကြည့်လျက်ရှိစဉ် အသည်းနလုံး တုန်လှုပ်ဖွယ်ကောင်းလှသော အော်သံကြီးသည် အလွန်တိတ်ဆိတ်လျက် ရှိသော သန်းခေါင်ယံအချိန်တွင် ရုတ်တရက် ထိုးဖောက် ဖြစ်ပေါ်လာခဲ့လေ၏။

ထိုအော်သံ၌ နာကျင်ခြင်း၊ ကြောက်လန့်ခြင်း၊ စိတ်ဆိုးခြင်းတို့သည် တပေါင်းတစည်းတည်း ရောစပ်လျက်ရှိ၍ အသံမှာလည်း ကျယ်သည်ထက် ကျယ်ထွက်လာခဲ့လေ၏။

ထိုအသံကြောင့် မော်ဘီတစ်မြို့လုံးရှိ လူများသည် အိပ်ရာထဲမှ လန့်နိုးကြသည်ဟု နောင်အခါ၌ ကျွန်တော်တို့ သိရှိရ၏။

ကျွန်တော်နှင့် ဦးစံရှားသည် အဓိပ္ပါယ်ကို ကောင်းစွာ နားမလည်ဘဲ တစ်ယောက်မျက်နှာ တစ်ယောက် ငေးကြည့်လျက်ရှိကြရာ နောက်ဆုံးတွင် အော်သံလည်း ရပ်စဲသွား၍ ယခင်အတိုင်း အလွန်အမင်း တိတ်ဆိတ်စွာ ရှိနေလေ၏။

"ဘာလဲ ဦးစံရှား၊ ဘယ့်နယ် အဓိပ္ပါယ်လဲ"

"ဘယ့်နယ် အဓိပ္ပါယ်ရမှာလဲဗျ၊ ဦးတိုးစိန် ကိစ္စချောတာပေါ့။ ကိုင်း... ကိုသိန်းမောင် ခင်ဗျား သေနတ်ယူခဲ့ဗျာ၊ ဦးတိုးစိန် အခန်း ဝင်ကြည့်ကြရအောင်"

ဦးစံရှားသည် မှန်အိမ်ကို ထွန်း၍ ကျွန်တော်တို့သည် ဦးတိုးစိန်အခန်းဆီသို့ ထွက်လာခဲ့ကြလေရာ ဦးစံရှားက အခန်းတံခါးကို ခေါက်သော်လည်း မည်သို့မျှ အဖြေမပေးသည်နှင့် တံခါးကိုတွန်း၍ ဝင်သွားလေရာ ကျွန်တော်လည်း သေနတ်ကို မောင်းတင်လျက် ဦးစံရှား၏နောက်မှ ဝင်လိုက်သွားလေ၏။

စားပွဲပေါ်၌ ကျားမျက်လုံးမှန်အိမ်တစ်ခု ထွန်းညှိလျက်ရှိရာ ယင်းမှအလင်းရောင်သည် မပွင့်တပွင့်ရှိနေသော ဗီရိုတံခါးသို့ တည့်တည့်ထိုးလျက် ရှိလေ၏။

စားပွဲနံဘေးရှိ မတ်တတ်ကုလားထိုင်ပေါ်တွင် ဦးတိုးစိန် ထိုင်လျက်ရှိရာ သူ၏ပေါင်ပေါ်၌ နေ့ခင်းအချိန်က ကျွန်တော်တို့ တွေ့မြင်ခဲ့သော ကြိုးကွင်းလျှောသည် တင်လျက်ရှိလေ၏။

နဖူးဆီ၌ကား အညိုရောင် အပြောက်တို့ဖြင့် ပြောက်ကျားလျက်ရှိသော အဝါရောင် ကြိုးတစ်ချောင်းသည် ဦးခေါင်းကို ရစ်ပတ်လျက်ရှိရာ ကျွန်တော်တို့ ဝင်သွားကြသောအခါ၌ ဦးတိုးစိန်မှာ လှုပ်လည်းမလှုပ်၊ အသံလည်းမပြုချေ။

ဦးစံရှားက...

"အပြောက်တွေနဲ့ကြိုးဆိုတာ ဒါပေ့ါဗျ"

ဟု ပြောသဖြင့် ကျွန်တော်သည် ထိုအရာဝတ္ထုကို သေချာစွာ ကြည့်မည်ဟု ရှေ့သို့ ခြေတစ်လှမ်း တိုးလိုက်သည်တွင် ဦးတိုးစိန်၏ ဦးခေါင်း၌ ရစ်ပတ်လျက်ရှိသော ကြိုးသည် ရွှီးခနဲမြည်၍ ဦးတိုးစိန်၏ ဦးခေါင်းထက်မှ ပါးပျဉ်းထောင်လျက်ရှိသော မြွေတစ်ကောင်၏ ဦးခေါင်း ပေါ်ထွက်လာလေရာ ဦးစံရှားက...

"ဟော့လူ သတိထားနော်၊ ဒီပြည်မှာတောင် မရှိဘူး။ ကုလားပြည်ကယူလာတဲ့ အဆိပ်အပြင်းဆုံး မြွေပွေးမျိုးပဲဗျ။ ထိလိုက်ရင် လက်ဖျစ်တစ်တွက်အတွင်း အကြောတွေဆိုင်းပြီး အသက်ပျောက်နိုင်တယ်။

ကိုင်း... ကိုင်း... အသာနေ၊ ဒီအကောင်ကို သူ့နေရာသူ ပြန်ထားပြီး ခင်ချစ်မေကို တစ်နေရာရာပို့၊ ပုလိပ်ကို အကြောင်းကြားမှဖြစ်မယ်"

ထို့နောက် ဦးစံရှားသည် ဦးတိုးစိန်၏ ပေါင်ပေါ်မှ ဖွတ်မြီးထိုးသော ကြိုးကွင်းလျှောကို ယူ၍ မြွေ၏လည်ပင်း၌ စွပ်ပြီးလျှင် ဦးတိုးစိန်၏ ဦးခေါင်းမှဆွဲ၍ ဗီရိုထဲသို့ ပစ်သွင်းကာ တံခါးကို ပိတ်ထားလိုက်လေ၏။

ကျွန်တော်သည် ခင်ချစ်မေကို ခေါ်၍ ရှင်းလင်းပြောပြခြင်းများ၊ ဆိုင်ရာပုလိပ်အား အကြောင်းကြားခြင်းများ၊ မိန်းကလေးကို အင်းစိန်ရှိ အဒေါ်ထံသို့ ပို့ခြင်းများကို အကျယ်တဝင့် ဖော်ပြရန် မလိုတော့ဘဲ ရန်ကုန်သို့ မီးရထားနှင့်အပြန် လမ်းခရီး၌ ဦးစံရှား ရှင်းလင်းပြောပြပုံများကိုသာလျှင် ဖော်ပြရပေတော့မည်။

"ကံကောင်းလို့ဗျာ၊ ပထမတုန်းကတော့ ကောက်ရိတ်တဲ့ ကူလီကုလားတွေ ဒီဝင်းထဲမှာ ခဏခဏ တည်းတယ်ဆိုလို့ လမ်းလွှဲကို လိုက်မယ် လုပ်လိုက်မိသေးတယ်။ အခန်း အခြေအနေကို သေသေချာချာကြည့်ရတော့မှ ခင်ချစ်ဆွေ ကြုံရတဲ့ ဘေးအန္တရာယ်ဟာ ပြတင်းပေါက်က မလာနိုင်၊ တံခါးကလည်း မလာနိုင်ဘူးလို့ သိရပြီး ဟိုအပေါက်ကလေးနဲ့ ကြိုးတန်းလန်းကို ကျုပ် သွားပြီး စဉ်းစားမိတယ်။

ကြိုးကို ဟန်ဆောင် တပ်ထားတာရယ်၊ ခုတင်ကို ကြမ်းမှာ မရွေ့နိုင်အောင် အသေရိုက်ထားတာရယ် သွားတွေ့တော့ ဒီကြိုးဟာ တခြားအတွက် မဟုတ်ဘူး။ ဟိုအပေါက်ကလေးက ထွက်လာပြီး ခုတင်ဆီကိုလာဖို့ လမ်းခင်းပေးထားတာပဲလို့ ကျုပ် စဉ်းစားမိတော့မှ မြွေဆိုတဲ့အကြောင်းကို ချက်ချင်းပဲ ကျုပ် သတိရတယ်...

ဒီအထဲမှာ ဦးတိုးစိန်ဟာ မျောက်တို့၊ ဝက်ဝံတို့ဆိုတဲ့ တိရစ္ဆာန်တွေမွေးဖို့ ဝါသနာပါကြောင်း တွေ့ရတဲ့အခါမှာ သာပြီး စိတ်ချသွားတယ်။ ဓာတုဗေဒနည်းနဲ့ စမ်းသပ်လို့ မတွေ့နိုင်တဲ့ အဆိပ်တစ်မျိုးမျိုးကို အသုံးပြုဖို့ စိတ်ကူးဟာ သူကိုယ်တိုင် ဆရာဝန်မို့ သတိရတာပဲ။

အစွယ်ရာကလေး နှစ်ချောင်းကို တွေ့အောင်ရှာနိုင်တဲ့ ပုလိပ်အရာရှိဟာ ခပ်ရှားရှား ရှိတဲ့အပြင် အိန္ဒိယပြည်က ဟိမဝန္တာမြွေပွေးဆိုတာကလည်း ကျုပ်တို့ဆီက မြွေဆိုးများလို လူသေကောင်မှာ အဆိပ်တွေ မည်းနေအောင် မတက်ဘူးဗျ။ ဒီမြွေကို လွှတ်လိုက်ရင် ကြိုးက လျှောပြီးသွားဖို့၊ ကိုက်စရာရှိတာ ကိုက်ပြီး ပြန်လာဖို့ကို ဦးတိုးစိန်က နွားနို့တိုက်ပြီး သင်ပေးထားဟန် တူတယ်။

သူ လွှတ်လိုက်တဲ့မြွေက ကြိုးအတိုင်း လျှောက်သွားပြီး ကိုက်တာ မကိုက်တာတော့ ကံတစ်ခုပဲဗျ။ မကိုက်ဘဲ ပြန်လာရတဲ့အခါမှာ လေချွန်သံလိုလို ခင်ချစ်ဆွေ ကြားရတယ်ဆိုတာပေါ့။ ဒီအကြောင်းတွေကို ဦးတိုးစိန် အခန်းထဲမဝင်ခင်ကတည်းက ကျုပ် စဉ်းစားမိတယ်။

သူ့ကုလားထိုင်ကို ကျုပ် ကြည့်တော့လည်း ဦးတိုးစိန်ခြေရာတွေကို ကျုပ် တွေ့ရတယ်။ အမိပွါယ်က ဘာလဲဆိုတော့ ကုလားထိုင်ပေါ် ကရပ်ပြီး အပေါက်ကလေးဆီ သူ လှမ်းကြည့်တာပေါ့။

နို့ပြီးတော့ ဗီရိုရယ်၊ နွားနို့ခွက်ရယ်၊ ကြိုးကွင်းလျှော ကျုပ် တွေ့ရပြန်တော့ ကျုပ်တွေးလုံးဟာ သာပြီး သေချာသွားပြန်တာပေါ့။ သံချောင်းကြီး လဲသလိုလို အသံကြားတယ် ဆိုတာကတော့ ဗီရိုပိတ်လိုက်ရာမှာ သော့ခလောက်နဲ့ ထိပ်ပေါက်နဲ့ ခိုက်မိတဲ့အသံနဲ့ တူပါရဲ့။

ကျုပ်စိတ်ထဲမှာ ဒီအမှုဟာ မြွေပဲဖြစ်ရမယ်လို့ ဆုံးဖြတ်ပြီးတဲ့နောက် ဟုတ်မဟုတ် စုံစမ်းပုံကတော့ ခင်ဗျားမြင်တဲ့အတိုင်းပဲ၊ ညတုန်းက ရွှီခနဲ အသံကြားကြားချင်း လာပြီဟဲ့ဆိုပြီး ကျုပ်က မီးခြစ် ခြစ်ပြီး ကြိမ်လုံးနဲ့ ရိုက်တော့တာပဲ"

"ရိုက်လွှတ်လိုက်တော့ အပေါက်ကလေးထဲက ပြန်ထွက်ပြေးရောပေါ့"

"ပြန်ထွက်ပြေးရုံမကဘူးဗျ၊ ကျုပ် ရိုက်လိုက်တဲ့ တုတ်ချက်တွေက တစ်ချက် နှစ်ချက် ထိလေတော့ မြွေက မာန်ထွက်ပြီး သူ့သခင် သူပြန်ကိုက်တော့တာပေါ့"

"နေပါဦးဗျ၊ ကျွန်တော်တို့ဆီက မြွေတွေက ကြီးတန်းလျှောက်နိုင်ပါ့မလား"

"အဲဒါလဲ ဟုတ်တယ်၊ ကမ္ဘာ့မြွေဆိုးတွေအကြောင်း ကျုပ် ဖတ်ဖူးတဲ့အထဲမှာ ဟိမဝန္တာ မြွေပွေးဟာ ကြိုးတန်း လျှောက်နိုင်တယ်လို့ တွေ့ရဖူးလေတော့ ကြိုးသွယ်ထားရာ တွေ့ရကတည်းက ကုလားပြည်က မြွေ ဖြစ်ရမယ်လို့ ကျုပ် တွက်ပြီးသားပဲ။ ကျုပ် ရိုက်လွှတ်လိုက်တာ ဦးတိုးစိန်တော့ သေရှာတာပဲ။ သို့သော် ဒီအတွက်တော့ ကျုပ်မှာ ပါဏာတိပါတကံ ထိုက်မယ် မထင်ပါဘူးဗျာ"

*****

## ကောလိပ်ကျောင်းသားများနှင့် ဉာဏ်ကစားသည့်အမှု

နွေဥတုတစ်ရာသီ၌ ဦးစံရှားမှာ အနည်းငယ် မကျန်းမမာရှိသည်နှင့် ကျွန်တော်နှင့် ဦးစံရှားတို့သည် ကလောမြို့သို့တက်၍ အိမ်တစ်လုံး ငှားပြီးလျှင် မိုးမကျမချင်း ရန်ကုန်သို့ မပြန်သေးဘဲနေကြရန် စီမံကြလေ၏။

ယင်းသို့ရှိစဉ် ပိုက်ဆံဝါလားများ၏ သားသမီးများ ဖြစ်သော ကောလိပ်ကျောင်းသား နှစ်ယောက်နှင့် ကျောင်းသူတစ်ယောက်သည် နွေရာသီအတွက် ကလောမြို့၌ နေထိုင်လျက်ရှိကြ၍ ဦးစံရှား ဆိုက်ရောက်လာသည်ဟူသော သတင်းကို ကြားကြသည်နှင့် ပညာဆည်းပူးရန်ဆို၍ ကျွန်တော်တို့နေအိမ်သို့ ညနေတိုင်းလိုလိုပင် လာရောက်ကာ အမှုအခင်းများ၌ စဉ်းစားဆင်ခြင်ပုံ အခြင်းအရာများကို ဦးစံရှားနှင့် ဆွေးနွေးကြလေသည်။

ကောလိပ်ကျောင်းသား သုံးယောက်အနက် မောင်ကလေးဆိုသူမှာ ဘီအေစီနီယာ အတန်းတွင် ပညာသင်လျက်ရှိ၍ အရပ်မြင့်မြင့် အသားခပ်ဖြူဖြူ လူလုံးလူဖန်ချော၍ နှုတ်လျှာ သွက်လက်သူတစ်ယောက် ဖြစ်လေသည်။

ထိုသူမှာ ဓာတုဗေဒပညာရပ်တွင် အော်နာ(ဂုဏ်ထူး)နှင့် အောင်မြင်ဖို့ ကြိုးစားလျက် ရှိ၍ ယင်း ပညာဘက်တွင် သာမန်ကျောင်းသားများထက် ပါရမီရင့်ဟန်နှင့် ထက်မြက်သော ဉာဏ်လည်းရှိ၏။

ဒုတိယကျောင်းသားမှာ အသားညိုညို မျက်စိခပ်မှေးမှေးနှင့် "လူဗလံ" ခေါ်ကြသည့် အလုံးအရပ်မျိုးရှိ၍ အမည်မှာ မောင်သန်းရွှေခေါ် လေသည်။

ထိုသူသည် ဘီအေဂျူနီယာ အတန်းသားတစ်ယောက်ဖြစ်၍ မောင်ကလေးထက် တစ်တန်းနိမ့်သည့်ပြင် နှုတ် ခပ်ဆိတ်ဆိတ် ရှိသောကြောင့် နောက်လိုက်ကဲ့သို့ ဖြစ်နေလေတော့သည်။

ကောလိပ်ကျောင်းသူ ခင်ခင်မူမှာ မိန်းမထူးကလေးတစ်ယောက် ဖြစ်၏။

ရုပ်ချောသလောက် စိတ်လည်း အထက်တန်းကျ၍ အာသွက်လျှာသွက်ကလေး ဖြစ်လေရာ မောင်ကလေးနှင့် အတန်းတူဖြစ်သော်လည်း ယောက်ျားကလေးနှစ်ယောက်ကို လွှမ်း၍ စကားပြောတတ်သော သတ္တိကလေးလည်း ရှိ၏။

ကျွန်တော့်မိတ်ဆွေ ဦးစံရှားမှာ အထက်တန်းအရာရှိများမှသည် အကြွယ်ဝဆုံးသော ကုန်သည်ပွဲစားများတိုင်အောင် မြင်ရုံနှင့် ရှိသေလေးစားခြင်း ခံရတတ်သူတစ်ယောက် ဖြစ်ပါလျက် ခင်ခင်မူကိုကား ရုတ်တရက် အထက်စီးရအောင် မတတ်နိုင်ပဲ ရှိသဖြင့် ခင်ခင်မူက တော်တော်နှင့် မညွတ်ဘဲ အာခံလျက်ရှိ၏။

အတော်အတန်လူဖြစ်လျှင် ယောက်ျားပင် ဖြစ်စေကာမူ ဦးစံရှားက မေးခွန်းတစ်ခွန်းမျှနှင့် နှိမ်နိုင်သည်သာ ဖြစ်ခဲ့၏။

ပညာကြောင့် မာန်တက်သူကို ပညာနှင့်နှိမ်၍ ဉာဏ်ကြောင့် အထင်ကြီးသူကို ဉာဏ်စွမ်းပြခြင်းအားဖြင့် အထက်စီးရအောင် လုပ်နိုင်၏။

ခင်ခင်မူမှာမူ မနိုင်သောနေရာတွင် ရွှတ်တွတ်တွတ် ရွှတ်တွတ်တွတ်လုပ်၍ ပစ်တတ်သော ဝါသနာရှိသည်ဖြစ်သောကြောင့် ခပ်တည်တည် စကားပြောတတ်သော ဦးစံရှားမှာ ခင်ခင်မူ ဦးညွတ်အောင် ရုတ်တရက် မတတ်နိုင် ရှိခဲ့လေသည်။

မောင်ကလေးနှင့် မောင်သန်းရွှေတို့သည် လမ်းလျှောက်ရင်း ဦးစံရှားကိုမြင်၍ မှတ်မိကြသည်နှင့် ကျွန်တော်တို့ နေအိမ်သို့ ပညာဆည်းပူးရန် ဆို၍ လာရောက်ကြရာတွင် ကျွန်တော်တို့နှင့် အိမ်နီးနားချင်းဖြစ်နေသော ကောလိပ်ကျောင်းသူ ခင်ခင်မူကို ဒုတိယအခေါက်တွင် ခေါ်လာခဲ့ကြခြင်း ဖြစ်လေသည်။

ခင်ခင်မူ၏ဖခင်မှာ အထက်တန်း အရာရှိကြီးတစ်ယောက် ဖြစ်၍ နွေရာသီတွင် ကလောသို့ အခွင့်နှင့် တစ်အိမ်ထောင်လုံး လာရောက်နေထိုင်ကြခြင်း ဖြစ်လေသည်။

ခင်ခင်မူသည် ယောက်ျားကလေးနှစ်ယောက်ကို ဂရုလည်းမစိုက်၊ ရိုးတိုးရွန့်တန့်ရှိသော အမူအရာမျိုးလည်း မရှိဘဲ မိမိကိုယ်ကို ယောက်ျားကလေးတစ်ယောက် ဖြစ်လေဟန် သဘောထား၍ လွတ်လပ်စွာ ဆက်ဆံလေ့ရှိ၏။

စင်စစ်မှာ လွတ်လပ် ရဲတင်းသော မိန်းကလေးတစ်ယောက် ရှေ့တွင် ယောက်ျားကလေးကပင် ရှန့်တန့်တန့်ဖြစ်တတ်သော သဘာဝရှိသည်ဖြစ်၍ နှုတ်ဆိတ်သော မောင်သန်းရွှေမှာ ယင်းတို့သုံးယောက်အနက်တွင် မိန်းကလေးသဖွယ် ဖြစ်နေလေတော့သည်။

ခင်ခင်မူသည် မောင်ကလေးတို့နှင့် လိုက်လာ၍ ကျွန်တော်တို့နေအိမ်၌ ဦးစံရှားကို ပထမအကြိမ် တွေ့လျှင်တွေ့ချင်း မျက်မှန်ကလေးကိုပွတ်၍ ဦးစံရှားကို စေ့စေ့ကြည့်လျက်...

"အောင်မယ် ဦးစံရှား ဦးစံရှားနဲ့ နာမည်ကြီးလိုက်တာ"
ဟု ပြော၍ စကားမဆုံးမီ မောင်သန်းရွှေက အားနာသော မျက်နှာထားနှင့်...
"ဟော... လုပ်ကရော့မယ် ခင်ခင်မူတို့ကတော့"
ဟု ဆိုကာ နှုတ်ပိတ်လိုက်သော်လည်း ခင်ခင်မူက အတင်းတိုး၍...
"နာမည်ကြီးလိုက်တာ၊ လူကြည့်တော့လည်း ရောမလူကြီးပါကလား"
ဟု ပြောလိုက်လေ၏။

ကျွန်တော်မှာ ဦးစံရှားနှင့် တွေ့သူများအနက် ရှုတ်တွတ်တွတ်ပြောသူ မကြုံဖူးသည့်အပြင် ယခုပြောလိုက်သူမှာလည်း မိန်းကလေးတစ်ယောက်ဖြစ်နေသဖြင့် အတော်ပင် အံ့ဩမိ၏။ သို့ဖြစ်၍ ဤမိန်းကလေးကား အာဂ မိန်းကလေးပေတည်းဟု အောက်မေ့မိ၏။

ထို့နောက် ခင်ခင်မူကို မောင်ကလေးက ကျွန်တော်တို့နှင့် မိတ်ဆက်ပေးသည်တွင် ခင်ခင်မူက...
"ဦးစံရှားကြီး ရောက်နေတယ်ဆိုလို့ ကိုယ်တိုင်စုံထောက်လုပ်စားမှာ မဟုတ်ပေမဲ့ ဒီပညာ ဆည်းပူးထားရင် ကောင်းတာပဲဆိုပြီး ကျွန်မ လိုက်လာခဲ့ပါတယ်။ ကျွန်မကိုလည်း တပည့်တစ်ယောက်အဖြစ်နဲ့ အမှတ်ထားပြီး သင်ကြားပေးပါ ဦးစံရှားရှင်"
ဟု ဆိုကာ မိမိကိုယ်ကို အပ်နှင်းလေရာ ဦးစံရှားလည်း နှုတ်သွက်လက်သော ခင်ခင်မူ၏မျက်နှာကို ကြည့်လျက်...
"လျှာသွက်သလောက် ဦးနှောက်သွက်ရင်တော့ နိုင်ငံကျော် မိန်းကလေးတစ်ယောက် ဖြစ်ဦးမယ့် လက္ခဏာပဲ"
ဟု ပြန်ပြောလိုက်ရာ ခင်ခင်မူက...
"နိုင်ငံကျော်လောက်အောင် မသွက်လက်စေကာမူ အထုံအထိုင်းကြီးထဲကတော့ မဟုတ်စေရပါဘူးဆရာ၊ စိတ်ချပါ"
ဟု သွက်လက်စွာ ပြန်ပြောလေ၏။

ထို့နောက် မောင်ကလေး၏ မေးမြန်းချက်အရ စုံထောက် ဖြစ်လိုသူများအဖို့ အရေးအကြီးဆုံး လိုအပ်သည့် အရည်အချင်းတစ်ခုမှာ အခါခပ်သိမ်း၊ နား၊ မျက်စိ ဖွင့်ထား၍ တစ်ခုသောနေရာသို့ အခြားသူများနှင့်အတူ တစ်ခေါက်တည်းရောက်စေကာမူ လေးငါးခေါက် ရောက်ဖူးသော လူလောက်မျှမက မြင်တတ်၊ ကြားတတ်အောင် အမှတ်မဲ့မနေဘဲ အမြဲဂရုစိုက်၍ ကြည့်တတ်သော အလေ့အကျင့်ပြုလုပ်ထားဖို့ လိုကြောင်း၊ မျက်စိတစ်လှမ်း၊ နားတစ်လှမ်းအတွင်း ရောက်လာသော အခြင်းအရာများကို အရေးကြီးသည်၊ မကြီးသည် မဆုံးဖြတ်သေးဘဲ တတ်နိုင်သမျှ အသေးစိတ်၍ မြင်တတ်၊ ကြားတတ်ရမည့်အကြောင်း၊ အရေးမကြီးဟု မှတ်ထင်ဖွယ်ရှိသော အခြင်းအရာတစ်ခုသည် နောက်ဆုံးတွင် အရေးအကြီးဆုံး ဖြစ်ချင် ဖြစ်တတ်သောကြောင့် ဂရုမစိုက်လောက်ဟူ၍ ဖယ်မထားဘဲ တတ်နိုင်သလောက် အသေးစိတ် ကြည့်တတ်ဖို့ လိုကြောင်း စသည်ဖြင့် ဦးစံရှားက စုံထောက် အခြေခံဖြစ်သော အကြောင်းအရာများကို ပြောပြလေ၏။ ခင်ခင်မူက "မြင်မြင်သမျှကိုကြည့်၍ မှတ်နေလျှင် ပြည့်လျှံသွား၍ တကယ်အရေးကြီးသောအချက်များ လက်လွတ်သွားတတ်သည် မဟုတ်ပါလော"

ဟု မေးရာ ဦးစံရှားက “မှတ်သားရမည်ဟု မဆိုလို၊ မြင်တတ်အောင်ကြည့်ဖို့ မျက်စိကို ကျယ်ကျယ်ဖွင့်၍ ဦးနှောက်သွက်စေဖို့ လေ့ကျင့်ရန်ကိုသာ ဆိုလိုသည်”ဟု ဖြေဆိုလေ၏။

ကျောင်းသားများသည် ဦးစံရှား၏စကားကို ရေးမှတ်၍ နားမလည်သော အကြောင်းအရာများကို မေးသူက မေးပြီးလျှင် အခြားသူတို့၏ မျက်စိ၌ အရေးမကြီးဆို၍ ဂရုမစိုက်မိသော အသေးအဖွဲကလေးများကို ဦးစံရှားက မြင်အောင် ကြည့်တတ်ခဲ့သည့် အတွက်ကြောင့် ပေါ်ပေါက်ခဲ့ဖူးသော အမှုတစ်ခုအကြောင်းကို ဦးစံရှားက ဥဒါဟရဏ်အနေဖြင့် ပြောပြလေ၏။

နောက်တစ်နေ့နံနက်၌ ကျွန်တော်နှင့် ဦးစံရှားတို့သည် ထုံးစံအတိုင်း လမ်းလျှောက်ရာမှ ပြန်လာကြ၍ ရေချိုးပြီးနောက် စာတစ်အုပ်စီ ဖတ်နေကြသဖြင့် ၉ နာရီအချိန် ရောက်လတ်သော် ပုလိပ်တစ်ယောက်သည် စာတစ်စောင်နှင့် ရောက်လာ၍ ဦးစံရှားအား ပေးသဖြင့် ဖတ်ကြည့်ရာတွင် ကလောဟိုတယ်၌ လူသတ်မှုတစ်ခုဖြစ်နေ၍ ဦးစံရှား၏ အကူအညီလိုပါကြောင်းဖြင့် ရေးသားထားသော စာဖြစ်ကြောင်း တွေ့ရလေသည်။

စာရေးသူ ဌာနာအုပ် ဦးလူကလေးမှာ ဦးစံရှားကို ကြည်ညိုသူဖြစ်၍ ရန်ကုန်သို့ရောက်စဉ်က ဦးစံရှား၏ နေအိမ်သို့ တမင်ဝင်ရောက်ကာ မိတ်ဖွဲ့ခဲ့ဖူးသော ပုလိပ်အရာရှိတစ်ယောက် ဖြစ်လေသည်။

ဦးစံရှားသည် ချက်ချင်းလာခဲ့ပါမည်ဟု ပုလိပ်သားအား ပြောလိုက်ပြီးနောက် မိမိ၏တပည့် ကောလိပ်ကျောင်းသား သုံးယောက်တို့အား လက်တွေ့သင်ခန်းစာ ရစေရန်ဆို၍ ယင်းတို့၏ နေအိမ်များသို့ ဦးတိုက်ဝင်ခေါ်ခဲ့ပြီးမှ ကျွန်တော်တို့ ငါးယောက်တို့သည် ကလောဟိုတယ်သို့ သွားကြလေ၏။

ဟိုတယ်သို့ ရောက်ကြသောအခါ ဆင်းကြတက်ကြသော ဟိုတယ်အစေခံများ ခြေသွက်နေကြသည်ကို မြင်ရခြင်းအားဖြင့် တစ်စုံတစ်ခု ဖြစ်နေပြီဟု အကဲခတ်နိုင်လောက်ပေရာ ဌာနာအုပ် ဦးလူကလေးသည် လှေကားမှ ဆီးကြို၍...

“နေရာကျလိုက်တာ ဆရာ၊ ကလောမှာ ဆရာရောက်နေတုန်း ဒီလိုဖြစ်ရခြင်းဟာ ကျွန်တော် ကံကောင်းတယ်လို့ အောက်မေ့မိပါတယ်။ ကြွပါဆရာ၊ အလောင်းကို ဘယ်သူမှမကိုင်စေဖို့ ကျွန်တော် အမိန့်ပေးထားပါတယ်”

ဟု ပြော၍ ဟိုတယ်အပေါ်ထပ်သို့ ခေါ်သွားလေ၏။

ဦးစံရှားက ကောလိပ်ကျောင်းသား သုံးယောက်တို့ကို ညွှန်ပြလျက် မိမိ၏တပည့်များ ဖြစ်၍ အတူလိုက်ခွင့်ပြုရန် ခွင့်တောင်းလေရာ ဦးလူကလေးက “ကိစ္စ မရှိပါ”ဟု ပြန်ပြောသဖြင့် အားလုံးပင် ဦးစံရှားနှင့်အတူ လိုက်ကြရလေ၏။

ယောက်ျားကလေး နှစ်ယောက်တို့မှာ လက်တွေ့ပညာ သင်ကြားခွင့် ရပေပြီဆို၍ ဝမ်းသာကြဟန်တူသော်လည်း ခင်ခင်မူမှာမူ အလောင်းတစ်ခုကို ရင်မဆိုင်လိုသည့် လက္ခဏာနှင့် နှာခေါင်း တရှုံ့ရှုံ့ ရှိနေလေ၏။

"ကျွန်မက စုံထောက်ဆိုပေမဲ့ ခိုးမှုကလေးလောက် ဘာလောက်နဲ့ စ,သင်ရလိမ့်မလား အောက်မေ့မိတာ၊ အခုတော့ လူသတ်မှုကြီးနဲ့ ဝင်တိုးနေပါပြီကော၊ ဒါပေမဲ့ နောက်တော့ မဆုတ်ပါဘူး ဆရာ၊ လိုက်ခဲ့ပါ့မယ်"
ဟူ၍ သူ၏နေအိမ်မှာကတည်းက ပြောခဲ့လေသည်။

သို့ရာတွင် မိန်းမသားကလေးဖြစ်၍ "ဆမယ်လင်ဆော့"ခေါ် နှာဘူးစိမ်းတစ်လုံးကို ဆောင်လာခဲ့၏။

အပေါ်ထပ်သို့ ရောက်ကြသောအခါ နက်ကတိုင်၊ ကြွေတိုက် ရှပ်အင်္ကျီ၊ သက္ကလပ်ဝတ်စုံ စသည်တို့ဖြင့် ဘိလပ်သားစတိုင် ဝတ်ဆင်ထားသော ဘင်္ဂါလီလူမျိုး ဟိုတယ်မန်နေဂျာ မစ္စတာဘိုဇ့်ရှိသည် ကျွန်တော်တို့ကို ဆီးကြိုလျက်ရှိသဖြင့် ဦးလှကလေးက မန်နေဂျာနှင့် ကျွန်တော်တို့ကို မိတ်ဆက်ပေးပြီးနောက် တံခါးဖွင့်လျက်ရှိသော အခန်းတစ်ခန်းသို့ ကျွန်တော်တို့ကို ခေါ်သွားလေ၏။

အခန်းဝသို့ ရောက်ကတည်းက ခင်ခင်မူသည် နှာဘူးစိမ်း တဖွင့်ဖွင့်နှင့် ရှူလျက် အခန်းတွင်းသို့ ဝင်သူများအနက်တွင် နောက်ဆုံးမှ လိုက်ပါလာလေ၏။

မောင်သန်းရွှေသည် ခင်ခင်မူ၏ အပြုအမူကို ပြုံးရုံ ပြုံးသော်လည်း မောင်ကလေးကမူ...
"မိန်းမတွေ သတ္တိကောင်း ဆိုပေမဲ့ တောင်ကြီး ဖဝါးအောက်ဆိုတဲ့စကားလိုပ"ဟူ၍ မဆိုင့်တဆိုင် ကလော်လိုက်သည်တွင် ခင်ခင်မူသည် နှာဘူးစိမ်းကို ပိတ်၍ သိမ်းထားလိုက်လေ၏။

သို့ရာတွင် အချိန်မကြာရှည်လှပေ။ အခန်းထဲတွင် ကြမ်းပေါ်၌ လဲလျက်ရှိသော အလောင်းကို မြင်ရသောအခါတွင် ခင်ခင်မူမှာ လွယ်အိတ်ကလေးထဲမှ နှာဘူးစိမ်းကို ကတိုက်ကရိုက် ပြန်၍ ထုတ်ရလေတော့သည်။

ခင်ခင်မူကိုလည်း အပြစ် မဆိုသာပေ။ အဘယ်ကြောင့်ဆိုသော် လူသေဘ အလောင်းပေါင်းများစွာ တွေ့မြင်ခဲ့ဖူးသော ကျွန်တော်သည်ပင်လျှင် စိတ်ထဲက မကြောက်သော်လည်း ရင်ထဲ၌ ဒိတ်ခနဲ ဖြစ်သွားမိသောကြောင့်ပေတည်း။

အိပ်ခန်းအတွင်း ခင်းထားသော သိုးမွေးကော်ဇောပေါ်တွင် ခြေလက်များကို ရေကူးတော့မည်ကဲ့သို့ ဆန့်တန်းကာ မှောက်လျားကြီး လဲနေသော လူတစ်ယောက်၏ အလောင်းသည်ကား မြင်ရသူများ၏ လိပ်ပြာကို လှန့်ထုတ်နိုင်လောက်အောင် အမြင် ဆိုးလှပေတော့သည်။

ဦးခေါင်း၊ ပခုံးနှင့် ကျောပြင်တစ်ခုလုံးမှာ သဘော်ဆေးနီတစ်ပုံးလုံး ဖျန်းလောင်းထားဘိသကဲ့သို့ သွေးအမြောက်အမြား ပေကျံလျက် ရှိသည့်ပြင် ဦးခေါင်းသည် ရင်ဘတ်အောက်သို့ ခပ်စောင်းစောင်း ခွေလျက်ရှိနေခြင်းအားဖြင့် လည်ပင်း သွင်သွင် ကျိုးသွားကြောင်း ထင်ရှား၏။

ပထမ၌ ခင်ခင်မူသည် အလောင်း၏အနေအထားကို ရုတ်တရက် မခန့်မှန်းနိုင်သေးဟန်နှင့် ငေးတေးတေး ကြည့်လျက်ရှိရာ လည်ပင်းကျိုး၍ ကုန်းလျှိုးကြီး ဖြစ်နေသော အခြင်းအရာကို ရိပ်မိသောအခါမှ မျက်နှာကို အခြားဘက်သို့လှည့်ကာ နှာဘူးကို အကြိမ်ကြိမ် ရှုနေလေတော့သည်။

ယောက်ျားကလေးနှစ်ယောက်သည်ပင်လျှင် မျက်နှာများ ဖြူဖပ်ဖြူရော် ဖြစ်သွားကြ၏။

ကျွန်တော်မှာ အမှန်ကိုဆိုရလျှင် ဦးစံရှားအား ရွှတ်တွတ်တွတ် ပြောဝံ့သော သတ္တိကို အံ့သြခဲ့မိရာမှ အလောင်းကို မြင်ရ၍ တုန်လှုပ်သွားသည်ကို တွေ့ရသောအခါ ကျေနပ်သလို ဖြစ်မိပေသည်။

ရှား။ ။ "ဖြစ်ရပုံကို သိသလောက် ပြောပြစမ်းပါဦး ဦးလူကလေး"

လေး။ ။ "သေတဲ့လူဟာက ဟိုတယ်မှာ တည်းခိုတဲ့ဧည့်သည်ပဲ ဆရာ၊ ဘင်္ဂါလီလူမျိုး ဂိုရှ်တဲ့၊ အသက်က ၃၅ နှစ်၊ သူ့မယားနဲ့ ကွဲနေတာ နှစ်နှစ်လောက် ရှိပြီတဲ့။

အလုပ်အကိုင်က ဘင်္ဂလားက အထည် ကုမ္ပဏီကြီး တစ်ခုအတွက် ကိုယ်စားလှယ်အဖြစ်နဲ့ တစ်ပြည်လုံး လှည့်ရသတဲ့။ ဘင်္ဂလားနဲ့ မြန်မာပြည်ကို အိမ်ဦးနဲ့ ကြမ်းပြင်ဆိုတာလို ဥဒဟိုကူးနေတဲ့ လူတစ်ယောက်တဲ့။

လူကတော့ လူဆူလူရှုပ် တစ်ယောက်ပဲ။ မော်တော်ကား ဒရိုင်ဘာတို့၊ ကူလီကုလားတို့နဲ့ ခဏခဏ ရန်ဖြစ်တတ်သတဲ့။ တမြန်နေ့ကတောင် ကားသမားတစ်ယောက်ကို လက်သီးနဲ့ထိုးလို့ ဟိုတယ်မှာ တော်တော်ဆူသွားသေးဆိုပဲ။

ဘင်္ဂလားကူးသွားပြီး ပြန်ရောက်လာတာ မကြာသေးဘူးလို့ ပြောတယ်။ ဒီဟိုတယ် ရောက်တာတော့ သုံးရက်ရှိသေးတယ်။ ရန်ကုန်ကို လေယာဉ်ပျံနဲ့ ရောက်တယ်ပြောတယ်။ ဒီနေ့မနက် တံမြက်လှည်းတဲ့ ကုလားမက သူ့အလောင်းကို အခု ဆရာမြင်တဲ့အတိုင်း တွေ့ရတာပါပဲ"

ရှား။ ။ "သူ့မိန်းမနဲ့ကွဲပုံ ဆိုစမ်းပါဦး"

လေး။ ။ "ဒီလူက ဖဲသမားပဲ ဆရာ၊ မယားကြီးနဲ့ကွဲပြီး တိုက်ပစ်စ်အလုပ် လုပ်တဲ့ ကုလားမလေး တစ်ယောက်ကို ယူသေးသတဲ့။ ယူပြီး ခြောက်လလောက်သာ ပေါင်းတယ်၊ စွန့်ပစ်လိုက်ပြန်ရောတဲ့။ ကွဲတဲ့မယားကြီးရော၊ တိုက်ပစ်စ်ကုလားမလေးရော ကျွန်တော်က စစ်ဆေးထားတယ်"

ရှား။ ။ "မသင်္ကာစရာ ရှိလို့လား"

လေး။ ။ "ဒီလိုတော့ မဟုတ်ပါဘူး၊ သို့သော် ဆရာသိဖို့ပါ။ တိုက်ပစ်စ်အလုပ်လုပ်တဲ့ ကုလားမလေး မစ္စဒေဗီလာက အလုပ်လက်မဲ့ ဖြစ်နေသတဲ့။

ဒီဟိုတယ်မှာ မစ္စတာဂိုရှ် တည်းခိုတတ်တယ်ဆိုလို့ ခဏခဏ လာမေးသတဲ့။ မနေ့ညနေတုန်းက သူလာမေးလို့ ဒီအခန်းမှာ ရှိတယ်လို့ ညွှန်လိုက်တော့ သူ တက်သွားသတဲ့။ ဘယ်အချိန်လောက် ပြန်သွားတယ်လို့ ဘယ်သူမှ မပြောနိုင်ဘူး။

မစ္စဒေဝီလာကို ကျွန်တော် တွေ့ခဲ့ပြီးပြီ၊ သူ့အဖို့တော့ အခန်းကို ခေါက်ကြည့်လို့ ဘယ်သူကမှ မထူးလေတော့ ချက်ချင်း ပြန်ဆင်းခဲ့ပြီး ဟိုတယ်ထဲက ထွက်လာခဲ့တယ် ပြောတာပဲ”

ခင်ခင်မူသည် ကုလားထိုင်တစ်လုံးပေါ်၌ ထိုင်ကာ နားထောင်လျက် ရှိရာမှ လွယ်အိတ်ကိုဖွင့်၍ အလှဆောင် သားရေအိတ်ကလေးကို ထုတ်ယူပြီးလျှင် ခရီးဆောင် မှန်ကလေးတွင် ကြည့်လျက် မျက်နှာကို တို့ဖတ်ပဝါကလေးနှင့် ပုတ်ပေးနေလေ၏။

မိန်းမတို့မည်သည် ထိတ်လန့်ခြင်း အနည်းငယ် ပြေပျောက်သည်နှင့် တစ်ပြိုင်နက် အလှအပပြင်ဖို့ကို ချက်ချင်း သတိရတော့သည်ဟု စဉ်းစားမိသည်နှင့် ပြုံးမိသေးသည်။

လန့်သွားသည့်အတွက်ကြောင့် အလှပျက်သည်ဟူ၍လည်း ခင်ခင်မူ စဉ်းစားဟန် တူလေသည်။

မည်သည့်အရာကိုမျှ မျက်စိလျှမ်းခြင်းမရှိသော ဦးစံရှားလည်း ကျွန်တော် ပြုံးသည်ကို မြင်၍ ပြုံးလိုက်သေး၏။

မျက်နှာကို တို့ဖတ်ရိုက်ပြီးနောက် ခင်ခင်မူက...

“မယားကြီး ဆိုတာကကော ဦးလူကလေး”

ဟု ဝင်၍ မေးလိုက်ရာ ဦးလူကလေးသည် ခင်ခင်မူဘက်သို့ ချာခနဲလှည့်၍ ပါးစပ်ဟလျက် ငေးကြည့်သေး၏။

ထို့နောက်မှ ဦးစံရှား၏ မျက်နှာကို လှမ်းကြည့်၍ ဦးစံရှားက ခေါင်းညိတ်လိုက်သည်နှင့်...

လေး။ ။ “မယားကြီးဆိုတဲ့ ကုလားမနဲ့လည်း တွေ့ခဲ့ပါပြီ။ သူနဲ့ ကွဲကတည်းက ဂိုရှ်ဆိုတဲ့ လူတစ်ယောက် လှူပြည်မှာ ရှိတယ်လို့တောင် ဂရုမစိုက်ဘဲ သူ့ဘာသာ ကျောင်းဆရာမအလုပ်နဲ့ အသက်မွေးနေပါတယ်တဲ့”

အခန်းတွင်း၌ကား ခုတင်တစ်လုံး၊ မှန်တင်ခုံတစ်ခု၊ စားပွဲကလေးတစ်ခု၊ ကုလားထိုင် တစ်လုံးနှင့် ဗီရိုကလေးတစ်လုံးမှတစ်ပါး အခြား အိမ်ထောင်ပစ္စည်း မရှိချေ။

တစ်ထောင့်၌မူ ကလောမြို့ရှိ ဘိုအိမ်များ၌ ဆောက်လုပ်တတ်သော ထုံးစံအတိုင်း အခန်းကို နွေးအောင်လုပ်ဖို့အတွက် မီးဖိုတစ်ခုရှိ၏။

ပွင့်နေသော တံခါးမှ မျှော်ကြည့်လိုက်သည့်အခါ ရေချိုးရန် ကိရိယာများကို မြင်ရသဖြင့် ရေချိုးခန်းဖြစ်သည်ဟု သိရလေသည်။

ဦးစံရှားသည် ကြမ်းပြင်ပေါ်၌ ဒူးထောက်လျက် အလောင်းကို သေချာစွာ ကြည့်ပြီးနောက် မှောက်နေသော အလောင်းကို ပက်လက်လှန်ပေး၍ တောင့်တင်းနေသော လက်များကို စမ်းသပ်ကြည့်လေရာ ကျောင်းသားကျောင်းသူများလည်း ဦးစံရှား၏ အပြုအမူကို စောင့်ကြည့်နေကြလေ၏။

ရှား။ ။ "ကိုင်း... လာကြစမ်း လက်ထပ်သင်ချင်တဲ့ လူစု၊ အလောင်းကို သေသေချာချာကြည့်ပြီး ဘာများ တွေ့မြင်ကြသလဲ ပြောကြစမ်း၊ ခင်ခင်မူက ပထမပြောစမ်း"

ခင်ခင်မူက နှုတ်ခမ်းများကို လျှာဖြင့်လျက်ကာ အလောင်းကို ကြည့်နေသေး၏။

နှုတ်လျှာသွက်သော ခင်ခင်မူမှာ ထိုအခါ၌ မသွက်လှတော့ချေ။

ထို့နောက်မှ စမ်းတဝါးဝါးရှိသော အမူအရာနှင့်...

"သူ့ကိုယ်မှာ ဝတ်ထားတာက ညဝတ်အင်္ကျီ ဆရာရဲ့။ ခြေထောက်မှာ မြက်ဖိနပ်ကလေး ဆရာရဲ့၊ ခါးမှာတော့ ဘောင်းဘီတစ်မျိုး ဆရာရဲ့"

ရှား။ ။ "ညဝတ်အင်္ကျီကို ပီဂျမာခေါ်တယ်၊ အမှတ်အသားများ ရှိသလား ကြည့်စမ်း"

ခင်ခင်မူသည် အင်္ကျီအောက်ပိုင်းကို မရဲတရဲနှင့် လှန်ကြည့်ပြီးနောက်...

မူ။ ။ "မီတာဘုန်းကုမ္ပဏီ၊ ကာလကတ္တားတဲ့ ဆရာ"

ရှား။ ။ "ဒို့ပြင်ကော"

မူ။ ။ "လက်ဝဲဘက်လက်မှာ လက်ပတ်နာရီရှိတယ် ဆရာ၊ မှန်ကတော့ ကွဲနေတယ်၊ နာရီလည်း ရပ်နေတယ် ဆရာ"

ရှား။ ။ "ဘယ်နှနာရီ ရပ်သလဲ"

မူ။ ။ "၆ နာရီ မိနစ် ၂၀ ဆရာရဲ့"

ရှား။ ။ "အလောင်းကိုတွေ့တာ ဘယ်အချိန်တဲ့လဲ ဦးလူကလေး"

လေး။ ။ "၇ နာရီ မိနစ် ၃၀ တဲ့ ဆရာရဲ့၊ ဆရာဝန်ခေါ်ပြတော့ အလောင်းက ပျော့ပျော့ကြီး ရှိသေးတယ်၊ မတောင့်သေးဘူး၊ ဒါကြောင့် ဆရာဝန်က သေပြီးတာ နာရီဝက်မကျော်နိုင်သေးဘူးလို့ ထွက်ဆိုသွားတယ်"

မူ။ ။ "ဒီလိုဆို ကျွန်မထင်တာကတော့..."

ရှား။ ။ "ထင်တာတွေ အသာထားပါဦး၊ ခင်ခင်မူ မြင်တာတွေ ကုန်အောင် ပြောစမ်းပါဦး"

မူ။ ။ "ကျွန်မမြင်တာတော့ ဒါအကုန်ပါပဲ ဆရာ"

ရှား။ ။ "ဟုတ်လား၊ ကိုင်း.. ဒါဖြင့် မောင်ကလေးက ဆိုစမ်း"

မောင်ကလေးသည် လက်ပတ်နာရီကို ကြည့်ကာ ရွှင်ပျသော မျက်နှာထားနှင့်...

မောင်။ ။ "ကြမ်းပေါ် လဲကျလို့ ကြမ်းနဲ့မှန်နဲ့ ခိုက်မိပြီး မှန်လည်းကွဲ၊ နာရီလည်း ရပ်သွားဟန် တူတယ်ဆရာ၊ ပြီးတော့လည်း သားရေကြိုးမှာ ထိကပေါက်ရာ အဟောင်းတစ်ခု ရှိတယ်။ အခုပတ်ထားတာက အပေါက်နံပါတ် ၂ မှာ ပတ်ထားတယ် ဆရာ။

နံပါတ် ၃ မှာလည်း ပတ်ဖူးတဲ့ ထိကပေါက်ရာဟောင်းတစ်ခု တွေ့ရတယ် ဆရာ"

ရှား။ ။ "တော်ပေတယ်ကွယ် ငဲ့လူ၊ ဒို့ပြင်ကော"
မောင်။ ။ "လက်ဝဲဘက်လက်မှာ သွေးတွေလူးပြီး ခြောက်နေတယ်၊ လက်ဖဝါးမှာ သွေးလူးထားပုံကတော့ ခပ်မှိန်မှိန်ဖြစ်နေတယ်။

ကျွန်တော့်အထင် သွေးလူးထားတဲ့ လက်ဖဝါးနဲ့ တစ်စုံတစ်ရာကို လှမ်းဆွဲလိုက်ရာက လက်ဖဝါးက သွေးတွေပါလေတော့ ခပ်မှိန်မှိန်ဖြစ်နေတယ်လို့ ထင်ပါတယ်။ သွေးလူးနေတဲ့ ဝတ္ထုပစ္စည်း တစ်စုံတစ်ခု မတွေ့ရခြင်းကို ထောက်ခြင်းအားဖြင့်..."
ရှား။ ။ "တော်ပါပေတယ် မောင်ကလေး၊ တကယ် တော်ပါပေတယ်၊ ဒါထက် သွေးတွေလူးနေတဲ့ ဝတ္ထုပစ္စည်းတစ်ခုခု တွေ့ရပါသလား ဦးလူကလေး"
လေး။ ။ "မတွေ့ဘူး ဆရာ၊ သူတွေးတဲ့အတိုင်း မှန်ရင်တော့ သွေးတွေ လူးထားတဲ့ ပစ္စည်းတစ်ခုခုဟာ သတ်တဲ့လူလက်ထဲ ပါသွားဟန်တူတယ်"
ရှား။ ။ "ခင်ဗျားက အသာနေစမ်းပါ ဦးလူကလေးရဲ့၊ ခင်ဗျားကို စစ်ဆေးနေတာ မဟုတ်ပါဘူးဗျာ။ ကိုင်း.. မောင်သန်းရွှေကကော ဘာများ ဖြည့်စွက်နိုင်သေးသလဲ"
ရွှေ။ ။ "ဦးခေါင်းက ဒဏ်ရာကို ကြည့်ခြင်းအားဖြင့် အသွားမရှိတဲ့ လက်နက်တစ်ခုခုနဲ့ ရိုက်ထားဟန်တူတယ်။ သိုးမွေးကော်ဇောကြီး တွန့်နေခြင်းကတော့ တစ်ယောက်နဲ့တစ်ယောက် သတ်ပုတ်ကြလို့နဲ့ တူတယ်။ မျက်နှာကတော့..."
ရှား။ ။ "ဩော်... မျက်နှာကို သတိထား ကြည့်မိသကိုး၊ ဘယ်လိုနေသလဲ ဆိုစမ်း"
ရွှေ။ ။ "အမွေးအမျှင်ထူတဲ့ လူတစ်ယောက်ဖြစ်ပါလျက်နဲ့ ပါးမြိုင်းမွေး မုတ်ဆိတ်မွေးတွေ ပြောင်စင်နေခြင်းကို ထောက်တော့ မုတ်ဆိတ်မွေး ရိတ်ပြီးခါစလောက် ရှိသေးဟန်တူတယ်။ မေးစေ့တစ်နေရာမှာ ပေါင်ဒါ အစအနတောင် ကျန်နေသေးတယ်"
မူ။ ။ "ဒါကို ကျွန်မလည်း မြင်ပါတယ်၊ ဆရာက ပြောဖို့ အချိန်မပေးလို့ မပြောလိုက်ရတာပါ။ ပြီးတော့ ပေါင်ဒါလိမ်းထားပုံကလည်း အင်မတန်ညီပါတယ်။ စုမိစုရာ စုမနေပါဘူး"
ရှား။ ။ (ပြုံးလျက်) "တော်ပါပေတယ်ဗျာ၊ မိန်းမတို့သတ္တိကတော့ ဒီလိုပါဆို၊ ပေါင်ဒါလိမ်းပုံ ညီမညီကို အလောင်းမှာတောင် ဂရုစိုက်ပြီး ကြည့်မိပေတယ်။ ကိုယ့်အချင်းချင်း ဆိုတာကိုတော့ မပြောနဲ့တော့။ ဒါထက် လက်နက်ကောဗျ ဦးလူကလေး"

ဦးလူကလေးသည် ကျောက်ဖြင့် ပြုလုပ်ထားသော ကျည်ပွေ့တစ်ချောင်းကို ယူ၍ပြသဖြင့် ကြည့်ရှုကြလေရာ သွေးနှင့် ဆံပင်များ ကပ်လျက်ရှိသည်ကို တွေ့ရလေ၏။

ရှား။ ။ "လက်ရာများ မတွေ့ဘူးလား ဦးလူကလေး"
လေး။ ။ "မတွေ့ဘူး ဆရာ၊ မှန်ဘီလူးနဲ့ သေသေချာချာ ကြည့်ပြီးပါပြီ"

ထို့နောက် ဦးစံရှားသည် ခုတင်ပေါ်၌ ပြန့်ကျဲလျက်ရှိသော ပစ္စည်းများကို ကြည့်စေရာ ယင်းတို့မှာ ခရီးဆောင် သားရေအိတ်တစ်လုံး၊ ခေါက်လျက်ရှိသော သတ္တုလတ်ဝတ်စုံတစ်စုံ၊ ခြေအိတ်တစ်စုံနှင့် ပိုးလက်ကိုင်ပဝါတစ်ထည်တို့ ဖြစ်လေသည်။

ခုတင်အောက်၌ကား ဖိနပ်အနက်တစ်ရန်နှင့် အညိုတစ်ရန်ရှိ၏။ ခုတင်အနီး၌ရှိသော ကုလားထိုင်ပေါ်၌ကား ရှပ်အင်္ကျီဟောင်း တစ်ထည်၊ ခြေအိတ်ဟောင်း တစ်စုံနှင့် အဝတ်ဟောင်း တစ်စုံ တင်လျက်ရှိ၏။

ယင်းပစ္စည်းများမှာ သွေးများ စွန်းပေခြင်းမရှိချေ။

ဦးစံရှားသည် တပည့်များက ပစ္စည်းများကို ကြည့်နေကြစဉ် ဆေးတံသောက်လျက် ယင်းတို့၏ အပြုအမူကို စောင့်ကြည့်နေလေ၏။

နောက်ဆုံး၌ မောင်ကလေးနှင့် မောင်သန်းရွှေတို့က အလောင်း၏လက်တွင် ပတ်ထားသောနာရီကို ကြည့်နေကြသဖြင့် ဦးစံရှားက အနီးသို့ ချဉ်းကပ်လိုက်သည်တွင် မောင်ကလေးက ဦးစံရှား၏ မျက်နှာကို မော့်ကြည့်လျက်...

"ကျွန်တော်တော့ တစ်ခုတွေ့ထားပြီ ဆရာ"

ဟု ပြောလိုက်၏။

မောင်ကလေးမှာ အလောင်း၏ လက်မှ လက်ပတ်နာရီကို ဖြုတ်၍ ကျောဘက်မှ ဖွင့်လိုက်ရာတွင် နာရီအဖုံးအတွင်း စက္ကူများ ကပ်လျက်ရှိသည်ကို တွေ့ရသဖြင့်...

"ဒီဟာက တစ်ခုခုကို ခွာယူလို့ ကပ်ကျန်နေရစ်တဲ့ စက္ကူမြွေးတွေပဲ ဆရာ၊ ကျွန်တော်တော့ စိတ်ကူးတစ်ခုရပြီ"

ဟု ပြော၍ အလောင်း၏မျက်နှာကို သေချာစွာ ကြည့်နေပြန်၏။

ဤတွင် မောင်သန်းရွှေသည် လက်ပတ်နာရီကိုယူ၍ ဦးစံရှားဆောင်လေ့ရှိသော မှန်ဘီလူးကို ငှားပြီးလျှင် စက်များကို မှန်ဘီလူးနှင့် ကြည့်လေ၏။

ထို့နောက် ဦးစံရှား၏ မျက်နှာကို မော့်ကြည့်လျက်...

"ဒီနာရီကို ကျွန်တော် ခဏလောက် အိမ်ယူမသွားနိုင်ဘူးလား ဆရာ"

ဟု မေးသဖြင့် ဦးစံရှားက ဦးလူကလေး၏ မျက်နှာကို လှမ်းကြည့်လိုက်ရာတွင် ဦးလူကလေးက...

"ယူနိုင်ပါတယ်၊ သို့သော် သိပ်မကြာစေနဲ့နော်၊ မြန်မြန်ပေးပါဗျာ"

ရွှေ။ ။ "စိတ်ချပါခင်ဗျာ၊ ပြန်ပို့ပါ့မယ်"

ရှား။ ။ "ကိုင်း... ဒါထက် ဟောဟိုမီးဖိုထဲက ပြာတို့ ဘာတို့ကို သေသေချာချာ ကြည့်ပြီးပြီလားဗျ ဦးလူကလေး"

လေး။ ။ "ဒီမေးခွန်းကို ဆရာမေးလိမ့်မယ်ဆိုတာ ကျွန်တော် သိပြီးပဲ၊ ကြည့်ပြီးပါပြီ ဆရာ၊ အရေးကြီးတဲ့ပစ္စည်းတော့ ဘာတစ်ခုမှ မတွေ့ရပါဘူး"

ရှား။ ။ "ဟုတ်ကဲ့လားဗျ၊ မှန်းစမ်း၊ ကျုပ် ကြည့်စမ်းပါဦးမယ်"

မီးဖိုမှာ ဆောင်းဥတုရာသီတွင် မီးလှုံရန်အတွက် ကလောမြို့ရှိ ဘိုအိမ်များ၌ ခေါင်းတိုင်နှင့်တကွ ဆောက်လုပ်ထားသော မီးဖိုမျိုးဖြစ်လေရာ ဦးစံရှားသည် မီးဖိုထဲ၌ရှိသော ပြာများကို မြင်လိုက်ရသည်နှင့်တစ်ပြိုင်နက် အံ့သြသောမျက်နှာထား ဖြစ်ပေါ်လာလေ၏။

ထို့နောက် ပြာအနည်းငယ်ကို ဆုပ်ယူလျက်...

ရှား။ ။ "ဒီပြာကို သေသေချာချာကြည့်ကြစမ်း၊ ထင်းကို လောင်လို့ကျတဲ့ပြာ ဟုတ်ကဲ့လား"

တပည့်သုံးယောက်သည် ပြာကို ယူကြည့်ကြပြီးနောက် ဓာတုဗေဒပညာသင်ခဲ့သော မောင်ကလေးက...

"ထင်းလောင်တဲ့ပြာ မဟုတ်ဘူး ဆရာ၊ ဝါဂွမ်းလောင်ပြီး ကျတဲ့ပြာနဲ့ တူတယ်"

ရှား။ ။ "ဟုတ်ပြီ၊ သို့သော် ဝါဂွမ်းဆိုတော့ ဘယ်လိုဟာဖြစ်မလဲ"

ရွှေ။ ။ "ဝါဂွမ်းနဲ့ ရက်လုပ်တဲ့ ချည်ထည်တစ်ခုခု ဖြစ်ရမှာပေါ့ ဆရာ"

ရှား။ ။ "အစစ်ပဲ"

ထို့နောက် ဦးစံရှားသည် အင်္ကျီလက်ကို ပင့်၍ ပြာများ အောက်သို့ နှိုက်ပြီးလျှင် မွှေနှောက် စမ်းသပ်သည်တွင် ကနကမာဖြင့် ပြုလုပ်ထားသော ကြယ်သီးကြီး ငါးလုံးနှင့် သတ္တုဖြင့်ပြုလုပ်ထားသော ရုပ် လက်ကြယ်သီးတစ်စုံကို နှိုက်ထုတ်လာလေ၏။

ကနကမာ ကြယ်သီးကြီးများမှာ သာမန် တီရှပ်များ၌တပ်သော ကြယ်သီးမျိုးမဟုတ်ဘဲ ငါးမူးစေ့ဝိုင်းခန့်ရှိသည့် ထူထဲသော ကြယ်သီးမျိုး ဖြစ်ကြလေသည်။

ရှား။ ။ "ကိုင်း... ကိုယ့်လူများ၊ ဒီပစ္စည်းတွေ ကြည့်ပြီး၊ စဉ်းစားဉာဏ် ထုတ်ကြစမ်း၊ ဘယ်လို အဓိပ္ပါယ်လဲ။ ဒါထက် ဦးလူကလေး၊ ဒီမီးဖိုက ပြာ တွေကို နောက်ဆုံး ဘယ်တုန်းက သိမ်းသတဲ့လဲ"

လေး။ ။ "ကျွန်တော် မေးကြည့်ပြီးပြီ ဆရာ၊ တံမြက်စည်းသိမ်းတဲ့ ကုလားမက မနေ့ညတုန်းက သိမ်းသတဲ့"

ရှား။ ။ "ကြိုက်လှပြီ"

ထို့နောက် ဦးစံရှားသည် ကြယ်သီးများကို စားပွဲကလေးပေါ်တွင် တင်ထား၍ ခုတင်ပေါ်၌ရှိသော သားရေအိတ်ကို မွှေနှောက်ကြည့်ရှုလေရာ သားရေအိတ်အနီးတွင် ဖြန့်ခင်းထားသည့် ယခင်ဖော်ပြခဲ့သော အဝတ်များအပြင် နက်ကတိုင်သုံးခု၊ လက်ကိုင်ပဝါလေးထည်၊ ရုပ်အင်္ကျီနှစ်ထည်၊ ခြေအိတ်တစ်စုံ၊ စွပ်ကျယ်သုံးထည်တို့ကို တွေ့၍ 'မီတာဘုန်း ကုမ္ပဏီ၊ ကာလကတ္တား'ဟူသော အမှတ်အသားကိုလည်း ရုပ်အင်္ကျီများတွင် တွေ့ရလေ၏။

ရှား။ ။ "ကိုင်း... အားလုံး မြင်ကြပြီနော်"

"မြင်ပါပြီဆရာ"

"ကိုင်း... ဒါဖြင့် ရေချိုးခန်းတစ်ခုပဲ ကြည့်ဖို့ ကျန်တော့တယ်၊ လာကြ"

ခင်ခင်မူသည် ရေချိုးခန်းကို အလွန်ကြည့်လိုဟန် လက္ခဏာနှင့် ရှေ့ဆုံးမှ ဝင်သွားလေရာ မောင်ကလေးနှင့် မောင်သန်းရွှေတို့က နောက်မှ လိုက်သွားကြလေသည်။

ရေချိုးခန်းအတွင်း ကြွေအင်တုံ နှုတ်ခမ်းပေါ်တွင် ယောက်ျားအသုံးအဆောင်များ ထည့်သော သားရေအိတ်ကလေးတစ်ခု ပွင့်လျက်ရှိ၍ သင်ဓုန်းဓားတစ်ချောင်း၊ မုတ်ဆိတ်ရိတ်

ဆပ်ပြာဘူးကလေးတစ်ခု၊ ပေါင်ဒါတစ်ဘူး၊ မှတ်ဆိတ်ရိတ် ဘရပ်တစ်ခု၊ သွားတိုက်ဆေးတစ်ဘူး ရှိကြပေရာ မှတ်ဆိတ်ရိတ်သော ဘရပ်မှာ စိုစွတ်လျက်ပင် ရှိသေး၏။

ကြွေအင်တုံ နှုတ်ခမ်းတစ်ဖက်ပေါ်တွင် မှတ်ဆိတ်ရိတ် ဘရပ်တံထည့်သည့် ကျွဲကော်ဘူးကလေး ပွင့်လျက်ရှိ၍ အဖုံးမှာ သားရေအိတ်ကလေးပေါ်တွင် တင်လျက်ရှိ၏။

မောင်။ ။ "ကျွန်တော်ဖြင့် အရေးကြီးလောက်တဲ့ ပစ္စည်း တစ်ခုမှ မမြင်ပေါင်ဗျာ၊ ခင်ဗျားကောဗျို့ ကိုသန်းရွှေ"
ရွှေ။ ။ "အသတ်ခံရခါနီးမှာ မှတ်ဆိတ်ရိတ်သေးတယ်ဆိုတဲ့ အချက်ကလွဲပြီး အရေးကြီးတာ ဘာမမြင်တတ်ပေါင်ဗျာ"
မှူ။ ။ "ရှင်တို့ယောက်ျားတွေ ဘာမြင်တတ်မှာလဲ၊ ကျွန်မတော့ မြင်တတ်ပ့ါရှင်"
မောင်ကလေးနှင့် မောင်သန်းရွှေတို့သည် တစ်ယောက်၏မျက်နှာကို တစ်ယောက် လှမ်းကြည့်လိုက်ကြ၏။

ထိုအခါ ဦးစံရှားသည် မှတ်ဆိတ်ရိတ်သော ဘရပ်ထည့်သည့် ဘူးပိတ်ကလေးကို လက်ဖြင့် ကောက်ယူ ကြည့်ရှုလေရာ အတွင်းဘက်၌ ပေါင်ဒါရိုက်ရန်အတွက် ပြုလုပ်ထားသည့် ပေါင်ဒါပပ်ဖ်ခေါ် ငှက်မွေးဝိုင်းကလေးတစ်ခုကို တွေ့မြင်ရလေ၏။

ပေါင်ဒါပပ်ဖ်မှာ ဘူးထဲမှထုတ်၍ အလိုရှိသောအခါ၌ အသုံးပြုပြီးလျှင် တစ်ဖန် ပြန်၍ ထည့်ထားနိုင်လေသည်။

ထိုခဏ၌ ခင်ခင်မှူသည် ဦးစံရှားကို ကျောခိုင်း၍ ယောက်ျားကလေးနှစ်ယောက် အပေါ်တွင် အသားယူ ပြောလျက်ရှိရာ ဦးစံရှားက ခင်ခင်မှူကို ကြည့်ကာ ဦးခေါင်းဆတ်၍ ပြုံးလိုက်၏။

နောက်ဆုံး၌ ဦးစံရှားနှင့် တပည့်များသည် ရေချိုးခန်းမှ ထွက်လာ၍ အိပ်ခန်းထဲတွင် စုရုံးမိကြလေ၏။

ဤအချိန်တွင် ဟိုတယ်မန်နေဂျာ တက်လာ၍ ဧည့်သည်များကို အားနာဖို့ကောင်းသောကြောင့် အလောင်းကြီးကို ဟိုတယ်မှထုတ်ဖို့ စီစဉ်သင့်ပြီဖြစ်ကြောင်းနှင့် ဦးလူကလေးအား ပြောပြလေရာ ဦးလူကလေးက ဦးစံရှား၏မျက်နှာကို လှမ်းကြည့်၍ ဦးစံရှားက ခေါင်းညိတ်လိုက်သည်နှင့် အလောင်းကို ရင်ခွဲရုံသို့ ပို့ရန် စီမံကြလေ၏။

ဦးစံရှားကလည်း တပည့်သုံးယောက်တို့အား...
ရှား။ ။ "ကိုင်း... ကိုယ့်လူများ၊ ဘာများလိုကြသေးသလဲ"
မောင်။ ။ "ကျွန်တော်ကတော့ သိချင်တဲ့လိပ်တစ်ခု မေးချင်တာပါပဲ"
မှူ။ ။ "ကျွန်မကလည်း မေးချင်တယ်"

ရွှေ။ ။ "ကျွန်တော်လည်း သိချင်တာတစ်ခုရှိပါတယ်၊ သို့သော် ကျွန်တော့်ဘာသာ စုံစမ်းယူပါတော့မယ်"
ရား။ ။ "ကိုယ့်တပည့်များက ဦးနှောက်ကို အသုံးချတဲ့ အလေ့အကျင့်ရှိပြီး ကောလိပ်ကျောင်းသူ ကျောင်းသားတွေ ဖြစ်လေတော့ အခုလောက် တွေ့မြင်ရရင် ကိုယ့်စိတ်ထဲမှာ ထင်ကြေးကလေးတွေ အသီးသီးရှိကြရော့မယ် ထင်တယ်။

သို့သော် ကိုယ့်ထင်ကြေးအရ ကိုယ့်ဟာကို စုံစမ်းထောက်လှမ်းကြဖို့ အချိန် နှစ်နာရီ ပေးဦးမယ်။ ဒီအတောအတွင်း မေးကြမြန်းကြ ထောက်လှမ်းစုံစမ်းကြပေတော့။ ကိုင်း... ၁၂ နာရီတိတိမှာ ကျုပ်အိမ်ကို သုံးယောက်လုံး လာခဲ့ကြပေတော့။

ဘယ်သူ့ထင်ကြေး ဘယ်လောက်မှန်မမှန် ချိန်ကိုက်ပြီး ကြည့်ကြရအောင်၊ ကိုင်း... သွားကြပေတော့"

ကောလိပ်ကျောင်းသား သုံးယောက်တို့သည် စာသင်ခန်းက လွတ်လိုက်သော အမှုအရာမျိုးနှင့် ဟိုတယ်မှ ထွက်သွားကြလေရာ ဦးစံရှားလည်း ဦးလူကလေးနှင့် တိုင်ပင်လျက် ကျွန်တော်နှင့်အတူ ကျန်ရစ်ခဲ့လေ၏။

ချိန်းဆိုထားသော အချိန်၌ ကျောင်းသားသုံးယောက်တို့ ရောက်လာကြလေရာ ဦးစံရှားက လက်ဖက်ရည်နှင့် ဦးစွာ ဧည့်ခံ၍ လက်ဖက်ရည်သောက်နေကြသော အခိုက်၌ပင်လျှင် သင်းတို့၏ မျက်နှာထားများမှာ ပြောစရာစကားလက်ဆောင် အသီးသီး ပါလာကြသည့် လက္ခဏာနှင့် ရွှင်ပျပျ ရှိကြလေ၏။

လက်ဖက်ရည် သောက်ပြီးကြသောအခါ...
ရား။ ။ "ကိုင်း... တပည့်တို့၊ မနက်ပိုင်းက အတူတူ မြင်ခဲ့ကြပြီးတဲ့နောက် ကိုယ့်သဘောနဲ့ကိုယ် ထောက်လှမ်းစုံစမ်းဖို့၊ ဆင်ခြင်ဖို့လည်း အချိန်ရခဲ့ကြပြီ၊ ထင်မြင်ချက် အသီးသီး ပါခဲ့တယ် မဟုတ်လား"
မှူ။ ။ "ပါပါတယ် ဆရာ"
ရား။ ။ "နေရာကျပြီ၊ ခင်ခင်မူပြောသလို သွက်လက်တဲ့ဦးနှောက် ရှိမရှိကို အကဲစမ်းရဦးမှာပဲ၊ ကိုင်း... မောင်ကလေးက ကိုယ့်ထင်မြင်ချက်ကို ပြောပြစမ်း"
မောင်။ ။ "ထင်မြင်ချက် မကပါဘူးဆရာ၊ ကျွန်တော်က တပ်တပ်အပ်အပ်ပြောနိုင်ပါပြီ"
ရား။ ။ "တယ်ဆိုတဲ့စာပါကလား၊ ဆိုစမ်းပါဦး၊ မောင် ဘာများ တပ်တပ်အပ်အပ် ပြောနိုင်လို့ပါလဲ"
မောင်။ ။ "ကျွန်တော်က ဂို့ရှ်ရဲ့အလောင်းက လက်ပတ်နာရီကို ကြည့်ပြီး ဘယ်သူ သတ်တယ်ဆိုတာ အတိအလင်း ပြောနိုင်ပါတယ် ဆရာ"

မောင်သန်းရွှေနှင့် ခင်ခင်မူတို့မှာ မျက်လုံးပြူးသွားကြ၏။

ရား။ ။ "ဟုတ်ကဲ့လား၊ နေရာကျလိုက်လေကွယ်၊ ပြောပြစမ်းပါဦး"
မောင်။ ။ "လက်ပတ်ကြိုးမှာ ထိကပေါက်ရာလေး နှစ်ခုရှိတဲ့အကြောင်းတော့ ဆရာလည်း သိပြီးသားပဲ"
ရား။ ။ "ဟုတ်ကဲ့ မြင်ခဲ့ပါရဲ့ မောင်"

မောင်။ ။ "ထိကပေါက် နှစ်ခုရှိတဲ့အနက် ဂိုရှ်ပတ်ထားတာက နံပါတ် ၂ အပေါက်မှာ ဆရာရဲ့။ နံပါတ် ၃ အပေါက်မှာလည်း ထိကပေါက်ရာရှိတယ်။ အဲဒီအရာနှစ်ခုအနက် အပေါက်နံပါတ် ၃ မှာရှိတဲ့အရာက အပေါက်နံပါတ် ၂ မှာ ရှိတဲ့အရာထက် သာပြီး ထင်ရှားတယ် ဆရာရဲ့"

ရှား။ ။ "ဟုတ်ပြီ၊ ဒီတော့ကော..."

မောင်။ ။ "ဒီတော့ကာ ဒီလက်ပတ်နာရီဟာ ဂိုရှ်ရဲ့ နာရီမဟုတ်ဘူး၊ ဂိုရှ်ထက်ပိန်တဲ့ လူတစ်ယောက်ရဲ့ နာရီဖြစ်ရမယ်။ ဟိုလူ့လက်ထဲမှာ အကြာကြီး ပတ်ပြီးတဲ့နောက်မှ ဂိုရှ်လက်ထဲ ရောက်လာတယ်၊ ရောက်တာလည်း သိပ်မကြာသေးဘူးလို့ ဆိုချင်တယ်ဆရာ"

ရှား။ ။ "တော်တယ်ဟေ့ ငါ့လူ၊ ဒီ့ပြင်ကော"

မောင်။ ။ "ဂိုရှ်ဟာ တခြား လူတစ်ယောက်ရဲ့ နာရီကို ဘာကြောင့် ပတ်ရသတဲ့လဲ၊ ဂိုရှ်ရဲ့အလောင်းကို တွေ့တာက ၇ နာရီ မိနစ် ၃၀၊ နာရီရပ်တာက ၆ နာရီ မိနစ် ၂၀၊ ဒီတော့ကာ တစ်နာရီနဲ့ ၁၀ မိနစ်တောင် အချိန်ကွာနေတယ်။

ဆရာဝန်က အလောင်းကို စမ်းသပ်ကြည့်တဲ့အခါမှာ ပျော့ပျော့ကြီး ရှိနေသေးတယ်။ မတောင့်သေးဘူး ဆိုတော့ကာ ဒီလောက် အချိန် မကွာသင့်ဘူး။ ဒါကြောင့် ကျွန်တော့် အယူအဆကတော့ နာရီကို တမင်တကာ အချိန်ရွှေ့ထားခဲ့ခြင်း ဖြစ်ရမယ်"

ရှား။ ။ "ဘာကြောင့်လဲ"

မောင်။ ။ "အမှန်အတိုင်းက အလောင်းကို ၇ နာရီ မိနစ် ၃၀ မှာတွေ့ရင်၊ သေတဲ့အချိန်ဟာ ၇ နာရီ မိနစ် ၂၀ လောက်မှာ ဖြစ်သင့်တယ်"

ရှား။ ။ "ကောင်းပါပြီ၊ ဘာကြောင့် ရွှေ့ထားခဲ့ရတာလဲ"

မောင်။ ။ "သတ်တဲ့လူက ၆ နာရီ မိနစ် ၂၀ မှာ ယုံကြည် စိတ်ချလောက်တဲ့ လူကြီးလူကောင်း တစ်ယောက်ယောက်နဲ့ စကားပြောနေပါတယ်လို့ သက်သေသာဓက ထင်ရှားအောင် ပြနိုင်ဖို့အတွက် အလောင်းလက်က လက်ပတ်နာရီကို တစ်နာရီတိတိ နောက်ပြန်ရွှေ့ထားခဲ့ခြင်း ဖြစ်ရမယ်လို့ ဆိုချင်တယ် ဆရာ"

ရှား။ ။ "ဥပဒေစကားအရ 'အယ်ဘီဘိုင်' ဆိုတာမျိုးပေါ့၊ ယုတ္တိရှိပါရဲ့၊ ဒီ့ပြင်ကော မောင်"

မောင်။ ။ "နာရီအဖုံးမှာ အတွင်းဘက်က တစ်စုံတစ်ခုကို ခွာယူသွားလို့ စက္ကူမြေးကလေး ကပ်ကျန်ရစ်ခဲ့တာ မြင်ကြတယ် မဟုတ်လား၊ ဒါ ဘာတဲ့လဲ။

စက္ကူမြေး ကပ်ကျန်ရစ်ခဲ့တယ်ဆိုတော့ တခြားအကြောင်း မဟုတ်နိုင်ဘူး။ ဓာတ်ပုံ ဖြစ်ရမယ်၊ ကောင်းပြီ... ဓာတ်ပုံတစ်ခုကို နာရီထဲက ခွာယူတယ်ဆိုတာ ဘယ်လိုအဓိပ္ပါယ်လဲ၊ တခြား ဟုတ်ရိုးလား၊ သတ်တဲ့လူရဲ့ ရုပ်ပုံ ဖြစ်နေလို့ပေါ့ဗျ"

မောင်သန်းရွှေနှင့် ခင်ခင်မူတို့သည် မယုံကြည်သော မျက်နှာများနှင့် နာခေါင်းရှုံ့နေကြရာမှ မျက်လုံးများ ပြူးသွားကြ၏။

ရှား။ ။ "ဆိုပါဦး မောင်"

မောင်။ ။ "ဒီတော့ကာ ဓာတ်ပုံဆိုကတည်းက မိန်းမဓာတ်ပုံဖြစ်ရမယ်ဆိုပြီး ကျွန်တော် မသင်္ကာတဲ့ မိန်းမရဲ့အိမ်ကို လိပ်မေးပြီး လိုက်တယ်။

ဟိုရောက်တော့ သတင်းထောက် တစ်ယောက်ပါလို့ ပြောပြီး သူ့ဓာတ်ပုံကို တောင်းကြည့်တယ်၊ သူ့မှာ ကံအားလျော်စွာ ဓာတ်ပုံအယ်လ်ဘမ်စာအုပ် ရှိလေတော့ ထုတ်ပြရာမှာ စာအုပ်ထဲက အပိုင်းကလေးတစ်ပိုင်း ကိုက်ညှပ်ယူထားတဲ့ နေရာကို တွေ့ရတယ်။

"ပြီးတော့ ယောက်ျားနဲ့ မိန်းမ တွဲပြီး ရိုက်ထားတဲ့ဓာတ်ပုံ ဖြစ်ရမှာပဲ၊ အလောင်းလက်က နာရီမှာ ဒီဓာတ်ပုံကို တွေ့ရင် သဲလွန်စရသွားမှာ စိုးတဲ့အတွက် ခြေရာဖျောက်လိုတဲ့သဘောနဲ့ ဓာတ်ပုံကို ခွာယူခဲ့ခြင်း ဖြစ်ရမယ်"

ရှား။ ။ "ဒါဖြင့် သတ်တဲ့လူက မိန်းမပေါ့လေ"

မောင်။ ။ "ဟုတ်တာပေါ့"

မူ။ ။ "နာရီကတော့ ယောက်ျားကိုင်တဲ့ နာရီမျိုးပါကလား"

မောင်။ ။ "မိန်းမကော ယောက်ျားပတ်တဲ့ နာရီမျိုး မပတ်နိုင်ဘူးလား၊ ခင်ခင်မူတောင် အိုင်အေတုန်းက ခန့်တယ်ဆိုပြီး ပတ်ဖူးသေး မဟုတ်လား"

ရှား။ ။ "ကောင်းပါပေ့ဗျာ၊ ဒါဖြင့် သတ်တဲ့လူက ဘယ်သူတဲ့လဲ"

မောင်။ ။ "ဂို့ရှ်ရဲ့ မယားကြီးပေါ့ ဆရာ၊ သူ့ကိုပစ်ထားတော့ သတ်ချင် သတ်နိုင်တာကိုး ဆရာရဲ့"

ခင်ခင်မူလည်း နာခေါင်းရှုံ့၍ မောင်သန်းရွှေကမူ ဦးခေါင်းယမ်းလေ၏။

ရှား။ ။ "ကောင်းပ... ကောင်းပ၊ ကိုင်း... မောင်သန်းရွှေက ဆိုစမ်းပါဦး"

ရွှေ။ ။ "လက်ပတ်နာရီဟာ ဂို့ရှ်ရဲ့နာရီမဟုတ်၊ အယ်လ်ဘီဘိုင်အတွက်ကြောင့် နာရီလက်တံကို ရွှေ့ထားကြောင်းဆိုတဲ့ အချက်တွေကတော့ ကိုမောင်ကလေးနဲ့ ကျွန်တော် သဘောတူတယ်ဆရာ၊ သို့သော် သတ်တဲ့လူဟာတော့ မယားကြီး မဟုတ်နိုင်ဘူး ဆရာရဲ့၊ ကျွန်တော်ကလည်း နာရီကိုကြည့်ပြီး ကောက်နုတ်ချက် ထုတ်ယူတာပဲ၊ သို့သော် ကိုမောင်ကလေးနဲ့ မတူဘူး ဆရာ"

ရှား။ ။ "ဆိုပါဦးလေ မတူပုံ"

ရွှေ။ ။ (လတ်ပတ်နာရီကို ထုတ်၍ မှန်ကွဲကို လက်နှင့်ထောက်ပြလျက် "ကြည့်လိုက်ကြစမ်း ခင်ဗျားတို့၊ နာရီဆိုတာ တစ်နည်းအားဖြင့် အသက်ရှူတယ်ဗျ၊ ကျုပ်က ဆိုင်းယင့်စ်ပညာသင်ရလို့ နားလည်တယ်။

နာရီကို လက်မှာပတ်ထားပြီဆိုမှဖြင့် အသားနဲ့ သတ္တုနဲ့ ထိတွေ့ပြီး အသားမှာရှိတဲ့ အပူငွေ့ဟာ နာရီကိုကူးပြီး နာရီပါ နွေးသွားတယ်။ ဘယ်အရာမဆို ပူရင် ဖောင်းပွလာတယ်။ အေးရင် ကျုံ့ဝင်သွားတဲ့ သဘာဝရှိတယ်။

ကောင်းပြီ... နာရီနွေးလို့ နာရီထဲက လေပါ နွေးပြီး ဖောင်းပွတက်လာတဲ့အခါမှာ အတွင်းမှာရှိတဲ့လေဟာ အပြင်ဘက်ကို တိုးပြီးထွက်ရတယ်။

ထိုနည်းအတူ နာရီကို လက်ကဖြုတ်ပြီး ချထားလိုက်တဲ့အခါမှာ အေးသွားတဲ့အတွက် နာရီအတွင်းက လေဟာ ကျုံ့ဝင်သွားလို့မို့ အပြင်ဘက်က လေတိုးဝင်ပြီး ဖြည့်ပေးရတယ်။ ဒီအခါမှာ နာရီပတ်ဝန်းကျင်ရဲ့ လေထဲမှာရှိတဲ့ မြူမှုန်ကလေးတွေဟာ ဝင်သွားတတ်တယ်"

ရှား။ ။ "ဟုတ်ပေတယ်၊ ပူရင်ပြည့်၊ အေးရင်ကျုံ့ဆိုပေတာကိုး၊ နောက်တော့ကော"

ရွှေ။ ။ "ဒီသဘောအရဆိုရင် ပေါင်မုန့်ဖုတ်တဲ့လူရဲ့ နာရီမှာ မုန့်ညက်တွေရှိရမယ်၊ ပန်းရန်သမားရဲ့ နာရီမှာတော့ အုတ်မှုန့်တွေရှိရမယ်။ ဒီနာရီထဲမှာ ဘာတွေ တွေ့ရတယ်မှတ်ကြသလဲ"

မူ။ ။ "ဆိုစမ်းပါဦး၊ ဂျုံမှုန့်တွေလား"

ရွှေ။ ။ "မဟုတ်ဘူးဗျ၊ ပေါင်ဒါမှုန့်တွေ တွေ့ရတယ်"

ခင်ခင်မူလည်း မယုံဟန်နှင့် မဲ့ပြလေ၏။

ရွှေ။ ။ "ပေါင်ဒါမှ ဘယ်လို ပေါင်ဒါမှတ်သလဲ၊ ပန်းနုရောင်ကလေးဗျ၊ ဘယ်သူ့ဆီမှာ တွေ့ရတယ်မှတ်သလဲ။ ခင်ဗျားတို့ ဘယ်သူမှတွေးနိုင်ကြမှာ မဟုတ်ဘူး။ အလောင်းကို တွေ့တယ်ဆိုတဲ့ တံမြက်စည်းလှည်းတဲ့ ကုလားမရဲ့အိမ်မှာဗျ။ ကျွန်တော်ကိုယ်တိုင် ကြည့်ခဲ့ပြီးပြီ"

ဦးစံရှားလည်း မျက်ခုံးချီလိုက်လေရာ မောင်ကလေးနှင့် ခင်ခင်မူတို့က ရယ်လိုက်ကြလေ၏။

ရှား။ ။ "နို့ မောင်ရယ်၊ ရည်ရွယ်ချက်ကကော၊ ဆိုစမ်းပါဦး၊ ရန်ငြိုးရှိလို့လား"
ရွှေ။ ။ "ဂို့ရှ်က တော်တော်ဆိုးတဲ့လူတစ်ယောက် ဆိုကပဲ ဆရာရဲ့။ ဟိုလူနဲ့ ရန်ဖြစ်၊ ဒီလူနဲ့ ရန်ဖြစ်၊ ခဏခဏ ဖြစ်သတဲ့။ တစ်ခုခုတော့ မကျေနပ်တာ ရှိမှာပေါ့"
ရှား။ ။ "လူဆိုတာ ဘာမဟုတ်တာလေးနဲ့ မုန်းချင်လည်း မုန်းနိုင်တာပေါ့လေ။ ခင်ခင်မူက ဆိုစမ်းပါဦး"
မူ။ ။ "ရှင်တို့ ယောကျ်ားလေးတွေက ကိုယ့်ကိုယ်ကို အထင်ကြီးမနေကြနဲ့။ ဒီအမှုမှာ နာရီက ဘာမှအရေးတကြီး ပတ်သက်တာမရှိဘူး ရှင်တို့ရေ။ နားလည်ကြရဲ့လား"

မောင်ကလေးနှင့် မောင်သန်းရွှေတို့လည်း တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကာ ပြုံးကြ၏။

မူ။ ။ "ရှင်တို့က လူတတ်ကြီးတွေလုပ်ပြီး ပြုံးကြတာပေါ့လေ၊ ဖြစ်ပုံက ဒီလိုပါ ဆရာ၊ အိန္ဒိယပြည်နဲ့ မြန်မာပြည်နဲ့ဟာက အချိန်တစ်နာရီ ကွာပါတယ်။
ဂို့ရှ်ဟာ အိန္ဒိယပြည်က ပြန်ရောက်လာတာ မကြာသေးလေတော့ အကြောင်း တစ်စုံတစ်ရာကြောင့် သူ့နာရီ အချိန်မပြင်သေးဘဲ ထားခဲ့ဟန် တူပါတယ်။
ကြမ်းပေါ်လဲသေတုန်းက နာရီရပ်သွားခြင်း မှန်သော်လည်း သူ့နာရီမှာ နဂိုကတည်းက အချိန်တစ်နာရီ မှားနေလေတော့ သေချိန်ဟာလည်း တစ်နာရီ မှားသလို ဖြစ်နေပါတယ်"
ရှား။ ။ "ဒီအချက်ကတော့ မှန်ပုံပေါ်တယ် ခင်ခင်မူ၊ ဘယ်သူကမှ လက်တံကို ပြင်ထားတဲ့ လက္ခဏာမှုမရှိဘူး၊ ဒို့ပြင်ကော"
မူ။ ။ "သတ်တဲ့လူအစစ်က မယားကြီးလည်းမဟုတ်ဘူး၊ တံမြက်စည်းလှည်းတဲ့ ကုလားမလည်း မဟုတ်ဘူး။ ဒီလိုပါဆရာ၊ သေသူဂို့ရှ်ရဲ့အလောင်းမှာ ပေါင်ဒါတွေ့တော့ လိမ်းထားပုံဟာ ညီညီညာညာ ရှိတယ်လို့ ကျွန်မ ပြောလိုက်သေးတယ် မဟုတ်လား။
သူ့ပါးအခြေအနေနဲ့ ရေချိုးခန်းထဲမှာ မုတ်ဆိတ်ရိတ်တဲ့ ကိရိယာတွေ ရှိနေကြပုံ အခြေအနေတွေကို ကြည့်ခြင်းအားဖြင့် ဂို့ရှ်ဟာ အသတ်မခံရမီ အချိန်အနည်းငယ်အတွင်းမှာ မုတ်ဆိတ်ရိတ်သေးကြောင်း ထင်ရှားခဲ့ပြီ။
ဒါပေမဲ့ ယောကျ်ားတစ်ယောက်ဟာ မုတ်ဆိတ်ကို ရိတ်ပြီးလို့ စပ်ပူစပ်လောင် မဖြစ်ရအောင် ပေါင်ဒါလိမ်းတဲ့အခါမှာ ဘယ်လိုလိမ်းတတ်ပါသလဲ။ ဆရာကိုယ်တိုင် ဘယ်လိုလိမ်းပါသလဲ ဆရာ"
ရှား။ ။ "လက်နဲ့ယူပြီး လိမ်းတတ်တာပါပဲ"

မူ။ ။ "မှန်တယ်၊ ပေါင်ဒါကို လက်နဲ့ယူပြီး လိမ်းလို့မို့၊ ညီညီညာညာ မရှိတတ်ဘူး။ ကွက်တဲ့နေရာ ကွက်၊ ထူတဲ့နေရာမှာ ထူနေတတ်တယ်။ ကျွန်မတို့မိန်းမတွေ လိမ်းတော့ မညီစရင်၊ ကျွန်မမျက်နှာကို ကြည့်ကြစမ်း၊ ညီတယ် မဟုတ်လား၊ အဲဒါ ဘာကြောင့်လဲ။

မိန်းမများကတော့ ပေါင်ဒါပပ်ဖ်ခေါ်တဲ့ ငှက်မွေးကလေးနဲ့ အသာကလေး ယူတို့တတ်လို့ပါရှင်။ သို့သော် ဂို့ရှ်ရဲ့အခန်းထဲမှာ ပေါင်ဒါပပ်ဖ်မရှိဘဲနဲ့ သူ့မျက်နှာမှာ ဘာပြုလို့ ပေါင်ဒါတွေ ညီညီညာညာ ဖြစ်နေရပါသလဲတဲ့"

ရှား။ ။ "ဒါဖြင့် ဂို့ရှ်ကိုသတ်တဲ့မိန်းမက သူ့မျက်နှာကို ပေါင်ဒါနဲ့ ညီညီညာညာ လိမ်းပေးပြီးတဲ့နောက်မှ သတ်ပစ်လိုက်တယ်လို့ ဆိုချင်သလား"

မူ။ ။ "ဆိုချင်တယ်၊ ဘာကြောင့် မဖြစ်နိုင်ရမှာလဲ။ သတ်တဲ့မိန်းမက မယားကြီးမဟုတ်ဘူးရှင့်၊ မယားငယ်ပဲ၊ မယားငယ်ဆိုတာမျိုးက မယားကြီးလို မဟုတ်ဘူး။ အင်မတန် ပလူးပလဲ လုပ်တတ်တယ်။

ချစ်ချင်ယောင်ဆောင်ပြီး ပေါင်ဒါတွေဘာတွေ လိမ်းပြီးမှ အလစ်မှာ ရိုက်သတ်ရင် ဖြစ်နိုင်တာပဲကိုးရှင့်။ မယားငယ်အိမ်ကို ကျွန်မ ရောက်ခဲ့ပြီးပြီ၊ သူက ကွယ်တော့ကွယ်တာပဲ၊ သို့သော် သူသတ်တာ ကေန်ပါပဲ ဆရာရယ်"

ထိုခဏ၌ ဦးစံရှားသည် မေးစေ့ကို လက်ဖြင့်ပွတ်သပ်လျက် အထက်သို့ ဦးခေါင်းကို မော့ရင်း ဆေးတံကိုဖွာလျက်ရှိရာ တပည့်သုံးယောက်တို့သည် ဦးစံရှား၏ မျက်နှာကို မော့ကြည့်နေကြလေ၏။

နောက်ဆုံး၌ ဦးစံရှားသည် ဆေးတံကို ဖြုတ်ထားလျက်...

ရှား။ ။ "တပည့်သုံးယောက်စလုံးကတော့ တစ်ယောက်တစ်နည်းစီ တော်ကြပါပေတယ်။ ဝါကလေး နည်းနည်းနုနေကြလို့သာပ၊ နို့မဟုတ်ရင်တော့ အချွန်အမွန်တွေ ဖြစ်ကုန်ကြဖို့ ရှိပါပေတယ်"

မူ။ ။ "ဒါပေမဲ့ တစ်ယောက်တစ်မျိုးစီ အဖြေပေးထားကြလေတော့ သုံးယောက်စလုံးတော့ မမှန်နိုင်ဘူး ဆရာ။ နှစ်ယောက်ကတော့ လွဲရတော့မယ်၊ မဟုတ်ဘူးလား ဆရာ"

ရှား။ ။ "စဉ်းစား ဆင်ခြင်ပုံကလေးတွေကတော့ နက်နဲကြပါပေတယ်။ သို့သော် မှန်တာကတော့ ဘယ်သူမှ မမှန်ဘူး။ သုံးယောက်စလုံး လွဲတယ် ဆိုရမယ်"

မူ။ ။ "ဆရာကလည်း အထင်ပြောနေတာပါ။ ကေန္တလို့ မဆိုနိုင်ပါဘူး။ ကျွန်မ မှန်ချင် မှန်နေမှာပါ"

ရှား။ ။ (ပြုံးလျက်) "တွေ့ကြလား တပည့်များ၊ မိန်းမဆိုတာမျိုးက ဒီဝါသနာမျိုးချည်းပါပဲ။ ကိုင်း... သို့သော် နားထောင်ကြစမ်း။ မှားတာက တခြားကြောင့် မဟုတ်ဘူး။

မောင်တို့က သဲလွန်စတစ်ခုတည်းကို လက်ကိုင်ပြုပြီး ဖွတ်လိုက်နေကြတဲ့အတွက် ဖြစ်တယ်။ သဲလွန်စဆိုတာ တစ်ခုတည်း မကြည့်ရဘူး။ တွေ့သမျှကို ယူကြည့်ပြီး တစ်ခုနဲ့တစ်ခု ချိန်ထိုးကြည့်တတ်မှ အမှန်ရောက်နိုင်တာကိုး ခင်ခင်မူရဲ့။

မောင်ကလေးက မယားကြီးရဲ့ဓာတ်ပုံအယ်လ်ဘမ်မှာ နှစ်ယောက်တွဲရိုက်ထားတဲ့ ဓာတ်ပုံတစ်ခုကို အဝိုင်းလိုက် ညှပ်ယူထားတာ တွေ့ရတယ်ဆိုပြီး ကေန္တ ယူဆလိုက်ခြင်း ဖြစ်တယ်။ ထန်းသီးကြွေခိုက် ကျီးနင်းခိုက်ဆိုတဲ့ စကားလိုပဲ ဖြစ်နိုင်သေးတာကိုး မောင်ကလေးရဲ့"

မောင်။ ။ "အမိန့်ရှိပါ ဆရာ"

ရှား။ ။ "ပြီးတော့ လက်ပတ်နာရီကို ကြည့်လိုက်စမ်း၊ အညွှံစားမျိုး မဟုတ်ဘူးလား။ ဂို့ရှ်ရဲ့အဝတ်အစားကစပြီး မုတ်ဆိတ်ရိတ်တဲ့ ကိရိယာအထိ ကြည့်လိုက်ရင် ဒီလူဟာ အကောင်းသုံးတတ်တဲ့ လူတစ်ယောက်ဖြစ်ကြောင်း ထင်ရှားတယ်။ ဒီလူနဲ့ ဒီနာရီနဲ့ မတန်ဘူး။ ဒီလူစားမျိုးဟာ ဒီလိုနာရီမျိုးကို ဝယ်ကိုင်မယ်မဟုတ်ဘူး။ ဒါကြောင့် သူပိုင်တဲ့ နာရီ မဟုတ်ဘူးဆိုတဲ့ အယူအဆဟာ မှန်တယ်လို့ ဆိုရမယ်။

ဒါဖြင့် ဘယ်သူ့နာရီလဲတဲ့၊ အမျိုးညှံ့ပုံ ထောက်လိုက်တော့ မောင်သန်းရွှေ တွေးတဲ့အတိုင်း တံမြက်စည်းလှည်းတဲ့ ကုလားမရဲ့ နာရီဖြစ်နိုင်တယ်။ ဒီကုလားမမျိုးဟာက တံမြက်စည်းလှည်းရပေမဲ့ လက်ပတ်နာရီနဲ့ ရွှေလက်စွပ်နဲ့ တော်တော် ကြွားချင် ဝါချင်တတ်တဲ့ မိန်းမစားမျိုးပဲ။

ဒီကုလားမက အညစ်အကြေးတွေ ဘာတွေ ကိုင်ရမှာကြောင့် လက်ပတ်နာရီကို ချွတ်ချထားပြီး မှေကျန်အရစ်မှာ ဂို့ရှ်ကတွေ့လို့ အလွယ်တကူ ကောက်ပတ်ထားတာနဲ့ အိန္ဒိယကိုတောင် တစ်ခေါက် ပါသွားသေးတယ်။

အချိန် တစ်နာရီကွာတာကတော့ ခင်ခင်မူ တွေးတဲ့အတိုင်း အိန္ဒိယအချိန်အတိုင်း ဂို့ရှ်က အပြင်ဘဲ ထားမိလို့ ဖြစ်ရမှာပဲ။ အိန္ဒိယက ဂို့ရှ်ပြန်ရောက်လာတာကလဲ လေးငါးရက်လောက် ရှိသေးတယ်ဆိုတာကိုး။

တံမြက်စည်းလှည်းတဲ့ ကုလားမကို ကျုပ် မေးကြည့်တော့ သူ့နာရီပါပဲလို့ အစစ်ခံခဲ့တယ်။ ဂို့ရှ်လက်မှာ သူ့နာရီ ရောက်နေတိုင်းလည်း ဂို့ရှ်ကို သူသတ်တယ်လို့ မစွပ်စွဲထိုက်ပေဘူးပေ့ါ။

ပြီးတော့ ခင်ခင်မူရဲ့ နာရီမှာ အချိန် တစ်နာရီကွာပုံကလေး တွေးလိုက်ပုံကတော့ ကောင်းပါပေတယ်။ သို့သော် အရေးကြီးတဲ့အချက်တစ်ခု ကျန်နေရစ်တယ်။ ရေချိုးခန်းထဲမှာ ပေါင်ဒါပပ်ဖ် မရှိဘူးဆိုပြီး ခင်ခင်မူက မယားငယ် တိုက်ပစ်စ်မကလေးရဲ့ လက်ချက်ပဲလို့ ယူဆတယ်။

အမှန်ကတော့ မုတ်ဆိတ်ရိတ်တဲ့ ဘရပ်ထည့်တဲ့ ဘူးအဖုံးကလေးထဲမှာ ငှက်မွေးဝိုင်းကလေးပါတယ် ခင်ခင်ရဲ့။ အလှအပကြိုက်တဲ့ ယောကျ်ားများ သုံးဖို့ ပြင်သစ်က လုပ်ရောင်းတဲ့ ကျွဲကော်ဘူးကလေးပဲ"

မူ။ ။ "ဒါဖြင့် သတ်တဲ့လူ ဘယ်သူလဲ ဆရာ"

ရှား။ ။ "မင်းတို့သုံးယောက်လုံးက ဒီအမှုမှာ လက်သည်ဟာ မိန်းမဖြစ်ရမယ်လို့ တညီတညာတည်း တွေးကြတယ်။ အမှန်ကတော့ တရားခံဟာ ယောကျ်ား မောင်တို့ရဲ့။ ကနကမာ ကြယ်သီးငါးလုံးနဲ့ ရှပ်လက်ကြယ်သီးတစ်စုံကို ဘယ်သူမှ ထည့်မစဉ်းစားကြဘူး။ ဘာကြောင့်လဲဆိုတော့ ကိုယ့်စိတ်က မိန်းမလို့ထင်မိတာနဲ့ ကိုယ့်အထင်အတိုင်း ကိုက်အောင် အတင်းကြံဖန် စပ်ဟပ်ယူကြတော့တာကိုး။

ထင်းကကျတဲ့ပြာ မဟုတ်၊ အဝတ်ကိုလောင်လို့ ကျတဲ့ပြာထဲမှာ ကြယ်သီးတစ်စုံ တွေ့ရတယ်။ ကြယ်သီးတွေကလည်း ရှပ်တစ်ပိုင်း ပီဂျမာတစ်ပိုင်း ချုပ်ထားတဲ့ အင်္ကျီမျိုးမှာတပ်တဲ့ ကြယ်သီးမျိုးဖြစ်တယ်ဆိုတော့ ပီဂျမာအင်္ကျီတစ်ထည်ကို ဒီမီးဖိုထဲမှာ မီးရှို့ဖူးကြောင်း ထင်ရှားတာပေ့ါ။ ဘယ်လိုရည်ရွယ်ချက်နဲ့ ရှို့သလဲ၊ ဖျောက်ဖျက်ချင်တဲ့ ရည်ရွယ်ချက်နဲ့ ရှို့တယ်။ သို့သော် အင်္ကျီကို မီးရှို့သော်လည်း ကြယ်သီးတွေကို မလောင်နိုင်လို့ ကျန်ရစ်လိမ့်မယ်ဆိုတာ သူ စဉ်းစားမိဟန် မတူဘူး"

မူ။ ။ "ဘာကြောင့် မီးရှို့ရတာလဲ ဆရာ"

ရှား။ ။ "သဲလွန်စ မကျန်ရစ်ရအောင် ဖျောက်ဖျက်ချင်လို့ပေါ့။ မောင်သန်းရွှေက အလောင်းရဲ့ လက်ဝဲလက်ကို ကြည့်ပြီး သွေးတွေ ခပ်မှိန်မှိန်ရှိနေတာကို မြင်ရတော့ တစ်စုံတစ်ခုကို လှမ်းဆွဲလိုက်ဟန်တူတယ်လို့ ထင်မြင်ချက်ပေးခဲ့ဖူးတယ် မဟုတ်လား။ အဲဒီအတွေးဟာ မှန်တယ်၊ ဂို့ရှ်က တရားခံရဲ့အင်္ကျီကို လှမ်းဆွဲလိုက်ရာမှာ သူ့လက်ကသွေးတွေ အင်္ကျီမှာ စွန်းသွားလေတော့ အင်္ကျီကို မီးရှို့ပြီး ဖျောက်ဖျက်လိုက်တဲ့ သဘောပဲ"

ရွှေ။ ။ "တွေးတော့ တွေးမိသားနဲ့၊ နောက်ဆုံးကျတော့ လျှို့သွားတယ် ဆရာ"

ရှား။ ။ "အဲဒီလို မလျှို့ဖို့ အရေးကြီးတာပါပဲ။ ကောင်းပါပြီ၊ ဒီတော့ကာ တရားခံဟာ လူသုံးမျိုးသုံးစားအနက် တစ်မျိုးမျိုးထဲက ဖြစ်ရမယ်။ တစ်ချက်က အပြင်လူပေလား၊ နှစ်အချက်က ဟိုတယ်မှာတည်းခိုတဲ့ ဧည့်သည်ထဲကပေလား၊ သုံးအချက်က ဟိုတယ်မှာ အလုပ်လုပ်တဲ့ လူထဲကပေပဲလား စဉ်းစားရလိမ့်မယ်။

အကယ်၍ အရေးတကြီး မီးရှို့ပြီး ဖျောက်ဖျက်ခြင်းကို ထောက်ခြင်းအားဖြင့် အပြင်လူထဲက မဟုတ်ဘူးလို့ ဆိုရလိမ့်မယ်။ အကယ်၍ ဟိုတယ်မှာ တည်းခိုတဲ့ ဧည့်သည်ထဲက ဖြစ်ရင်လည်း ထိုနည်းအတူ ဖြည်းဖြည်းဆေးဆေး ဖျောက်ဖျက်ဖို့ အချိန်ရနိုင်မယ်။ "အခုလို ကတိုက်ကရိုက် ဖျောက်ဖျက်ပစ်ပုံကို ထောက်ခြင်းအားဖြင့် ဟိုတယ်မှာ အလုပ်လုပ်တဲ့လူထဲက ဖြစ်ရမယ်လို့ ဆိုရလိမ့်မယ်။ ဟိုတယ်ထဲက လူဆိုတော့ ချက်ချင်း ဖျောက်ဖျက်ရင် ဖျောက်ဖျက်၊ မဖျောက်ဖျက်လို့ရှိရင် ဒို့ပြင်လူတွေ တွေ့သွားမှာ စိုးရိမ်ရပေလိမ့်မယ်။ ဒီတော့ ဘာလုပ်သလဲ။ သွေးတွေစွန်းနေတဲ့ သူ့အင်္ကျီကို ချွတ်၊ ဂို့ရှ်ရဲ့သားရေအိတ်ထဲက အင်္ကျီတစ်ထည်ကို ကောက်မိကောက်ရာ ကောက်ယူဝတ်တော့မှ သူ့အင်္ကျီကို မီးဖိုထဲမှာ မီးရှို့ပစ်တာကိုး"

မောင်။ ။ "ဂို့ရှ်ရဲ့အင်္ကျီကို ဝတ်နိုင်တယ်ဆိုတော့ ယောကျ်ားထဲက ဖြစ်နေရပေမှာပေါ့"

ရှား။ ။ "အစစ်ပဲ၊ သို့သော် ဂို့ရှ်ရဲ့ရှပ်အင်္ကျီတွေကို သတိထား ကြည့်မိကြရဲ့လား"

ရွှေ။ ။ "အထည်ကောင်းတွေဆရာ၊ တိုဘရက်ကိုး အထည်စတွေပဲ"

ရှား။ ။ "ဟုတ်ပြီ၊ ပြီးတော့ ကုမ္ပဏီရဲ့ အမှတ်အသားလဲ ပါတယ်နော်"

မူ။ ။ "ပါတယ်ရှင့်"

ရှား။ ။ "အလောင်းကို တွေ့တွေ့ချင်း ဟိုတယ်တစ်ခုလုံး ရှုပ်ရှုပ်ယှက်ယှက် ဖြစ်သွားပုံကို ထောက်တော့ တရားခံဟာ ဂို့ရှ်ရဲ့အင်္ကျီကို ချွတ်ပစ်ဖို့တောင် အချိန်ရတဲ့လက္ခဏာ မရှိဘူး။

ကျုပ်တို့သွားတော့ ရှပ်အင်္ကျီကို ဝတ်လျက်ပဲ ရှိသေးတယ်"

မောင်။ ။ "တန်တော့ ဆရာရေ့၊ ကျွန်တော်ရိပ်မိပြီ၊ မန်နေဂျာလုပ်တဲ့လူပဲ ဆရာရေ့"

ရွှေ။ ။ "ဟုတ်မှာပဲဗျို့၊ ဟိုတယ်ထဲမှာ ပီဂျမာအင်္ကျီ ဝတ်နေနိုင်တဲ့သူဟာ သူတစ်ယောက်ပဲရှိတယ်။ ဒို့ပြင် အစေခံတွေက အင်္ကျီဖြူ ယူနီဖောင်း တူနဲ့ချည်းပဲ ဆရာရေ့"

ရှား။ ။ "မှန်တယ်၊ ဒါကြောင့် မန်နေဂျာဘို့ရှ်ကို ဖမ်းဖို့ ဌာနာအုပ်ကို အမိန့်ပေးခဲ့ပြီးပြီ။ သူ့ကိုယ်မှာ မီတာဘုန်း ကုမ္ပဏီတံဆိပ်ပါတဲ့ ရှပ်အင်္ကျီဝတ်လျက်သားနဲ့ လက်ပူးလက်ကြပ်မိပြီးပြီ မောင်တို့"

မူ။ ။ "ဖြောင့်ချက်ပေးသလား ဆရာ"

ရှား။ ။ "တပည့်တို့ထွက်သွားပြီး ငါးမိနစ်အတွင်း ဖြောင့်ချက်ပေးရှာပါတယ်။ ဒီလိုဆိုကိုး၊ ဂို့ရှ်ဆိုတဲ့လူက ကြာသမားတဲ့ မောင်တို့။ မယားအတည်မယူဘဲ တစ်ယောက်ပြီးတစ်ယောက် လျှောက်ယူတတ်တဲ့အပြင် သူတစ်ပါး သားမယားတွေကိုလည်း ကြာခိုလိုက်သေးသတဲ့။ ဟိုး

လွန်ခဲ့တဲ့ သုံးလေးနှစ်လောက်တုန်းက ရန်ကုန်မှာ ဘို့ရှ်ရဲ့မယားကို ဂို့ရှ်က ကြာခိုဖူးသတဲ့။ သူ့ဟာသူတော့ လုံလုပြီ မှတ်နေတာပေါ့လေ။

သို့သော်လည်း ဘို့ရှ်က အကုန်သိလျက်နဲ့ မသိချင်ယောင်ဆောင်ပြီး ဆုံးမဖို့ ချောင်းနေခဲ့တာ ဒီဟိုတယ်မှာလာပြီး အခွင့်ကောင်းရတာနဲ့ ယုတ်လုတဲ့ ကြာသမားကို သုတ်သင်လိုက်ဆိုကိုး တပည့်တို့ရဲ့ ”

*****

## စင်တာဖော၀ပ် ဘောသမားပျောက်မှု

ဆောင်းဥတုရာသီ တစ်နံနက်စောစော၌ ဦးစံရှားသည် နောက်ဖေးချောင်သို့ ဝင်နေခိုက်တွင် တယ်လီဖုန်းလာသည်နှင့် ကျွန်တော်က ကောက်ယူနားထောင်ရာတွင်...

အသံ။ ။ “ဦးစံရှား ရှိသလား”

ကျွန်။ ။ “နောက်ဖေးဝင်နေတယ်၊ ကျုပ် ဦးသိန်းမောင်ပဲ၊ ဘာပြောချင်သလဲ”

အသံ။ ။ “ကျွန်တော် စောဟယ်ရီပါ။ ယူနီဗာစီတီ ဘောလုံးအသင်းက ကက်ပတိန်လေ၊ နက်ဖြန်ခါ ကပ်စတန်အသင်းနဲ့ ဖိုင်နယ်ကစားရမယ်။ အဲဒါ မနေ့ညက စင်တာဖော၀ပ် လင်းဆေး ပျောက်သွားလို့။ တော်တော်ကြာ လာခဲ့ပါ့မယ်၊ ဘယ်မှမသွားသေးဖို့ ပြောထားပါခင်ဗျာ”

ဦးစံရှား ထွက်လာသောအခါ ကျွန်တော်သည် တယ်လီဖုန်း ပြောစကားကို ကောက်ဖီ သောက်ရင်း ပြောပြ၍ ရေးခေတ်နှင့် ဤခေတ် ဘောလုံးသမားများ ခြားနားပုံအခြင်းအရာများ အကြောင်းကို ဆက်လက် ဆွေးနွေးကြပါသည်။

ဦးစံရှားမှာ မြန်မာများအနက်တွင် ဒေါင်ကောင်းသလောက် ဖျတ်လတ်သွက်လတ်သူ တစ်ယောက် ဖြစ်သောကြောင့် ဘောဒါးရယ်ဂျီမင့်တပ်၌ နာမည်ကြီးခဲ့သော ဖောက်စ်ကဲ့သို့ ဂိုးမှအစ ဖူးဘက်၊ ဟတ်ဘက်၊ စင်တာဖော၀ပ်အဆုံး နေရာတိုင်းတွင် ထူးချွန်စွာ ကစားနိုင်မည့် ဘောလုံးသမားတစ်ယောက် ဖြစ်နိုင်လောက်ပါလျက် ဝါသနာမပါသည့်အတွက် ပထမတန်း ဘောသမားတစ်ယောက် ဆုံးရှုံးရကြောင်းများနှင့် ဆက်လက်ပြောပြမိပါသေးသည်။

ရှား။ ။ “ကျုပ်က စိတ်ပါလက်ပါ လေ့ကျင့်ရင်တော့ မအောင်မြင်တဲ့အလုပ် ခပ်ရှားရှားနေမှာပါပဲ။ သို့သော် ကျုပ်က ကိုယ်ကာယ အလုပ်ထက် ဉာဏ်နဲ့ပတ်သက်တဲ့ အလုပ်မျိုးကို ပိုပြီး စိတ်ဝင်စားတယ်ဗျ။

ဒါနဲ့တောင် အမြင့်ခုန် ခြောက်ပေတိတိ၊ အလျားခုန် ပေနှစ်ကျော် လွတ်ခဲ့ဖူးပါတယ်။ ဘောလုံးက ကောင်းတော့ ကောင်းပါရဲ့။ သို့ပေမဲ့ တကယ်ထူးချွန်အောင် ဆိုတာကတော့ တစ်စိတ်တည်း တစ်အာရုံတည်း ဆိုလောက်အောင် စွဲစွဲလမ်းလမ်း လုပ်ရတယ်။ ကျုပ်ကတော့ ငယ်ငယ်ကတည်းက ကိုယ်လှုပ်ရှားခြင်းထက် စိတ်လှုပ်ရှားခြင်းအလုပ်ကို ပိုပြီး ဝါသနာပါခဲ့တယ်။ ဒါကြောင့် ဘောလုံးဆိုရင် ဘယ်ခြေညာခြေအတူတူ ကျင်လည်ရုံလောက် လေ့ကျင့်ပြီး လွှတ်ပစ်လိုက်တာပဲ”

နောက်များမကြာမီ အသက် ၂၀ ကျော် အရွယ်ရှိ ကောလိပ်ကျောင်းသားများ ဝတ်လေ့ရှိသည့် ဗလဇာကုတ်ဘောင်းဘီတို ဝတ်ထားသော လူငယ်တစ်ယောက် တက်လာရာ ကျွန်တော်က...

"စောဟယ်ရီ မှတ်တယ်"

ဟု ဆိုကာ ဦးစံရှားနှင့် မိတ်ဆက်ပေးလေသည်။ ထိုသူသည် အရေးကြီးသောအမှုအရာနှင့် စကားပလ္လင်ခံဖို့ပင် သတိမပြုမိဘဲ ယင်း၏အခက်အခဲကို တစ်ခါတည်း ပြောပြလေတော့သည်။

ရီ။ ။ "သိပ်ခွကျတာပဲခင်ဗျ၊ ကျွန်တော်ဖြင့် တစ်သက်လုံး ဒီတစ်ခါလောက် ဦးနောက်ရှုပ်တာ မကြုံဖူးပါဘူး ခင်ဗျာ။ ဒုတိယပုလိပ်မင်းကြီးဆီတောင် ကျွန်တော် ရောက်သေးတယ်။

သူက ဒီလိုကိစ္စမျိုးမှာ ဦးစံရှားသာ သာပြီး သင့်တော်လိမ့်မယ်လို့ အကြံပေးလိုက်လို့ ပြေးလာခဲ့တာပဲ။ 'ဝါလတာလင်းဆေး'ကို ဦးတို့ သိမှာပေါ့။ အဲ... သူတစ်ယောက်လုံး ပျောက်နေတယ်ခင်ဗျ"

ရှား။ ။ "ဖွင့်ပြောဦးမှပဲ၊ ကျုပ်တော့ မသိဘူးဗျ"

ရီ။ ။ "အလို... လင်းဆေးကို မသိဘူး၊ ကမ္ဘာကတောင်သိတဲ့ ဘောလုံးသမားပဲခင်ဗျ၊ တရုတ်အိုလံပစ် ဘောလုံးသင်း လာတုန်းက သူပဲ ကစားရတယ်။ အင်္ဂလန်က ကော်ရင်သီယန် ဘောသင်းလာတုန်းကလည်း သူပဲ ကစားရတယ်။ ဒီခေတ်မှာ မြန်မာတစ်ပြည်လုံး အကောင်းဆုံး စင်တာဖောဝပ် ရထားတဲ့လူပေါ့ ခင်ဗျ"

ရှား။ ။ (ပြုံးလျက်) "ကျုပ်တို့ ဘောလုံးဝါသနာအိုး မဟုတ်ပေဘူး မောင်ရဲ့"

ရီ။ ။ "ဒါဖြင့် ကျွန်တော့်ကိုလည်း မသိဘူးပေါ့၊ စောဟယ်ရီလေ၊ ကောလိပ်ဘောသင်း ကပ္ပတိန်ပေါ့"

ရှား။ ။ "သည်းခံပါမောင်၊ ကျုပ်တို့ မသိမိပေဘူး"

ရီ။ ။ "ဟာ... ခွကျတာပဲကိုး၊ ကျွန်တော်က ဦးတို့စုံထောက်ဆိုတာ အားလုံးကုန် သိသလားလို့ကိုး"

ရှား။ ။ "ကျုပ်တို့သိတဲ့အထဲမှာ ဘောလုံးသမားတော့ မပါဘူး"

ရီ။ ။ "ကဲလေ... ရှိပါစေတော့၊ ဒီလိုပါခင်ဗျာ၊ နက်ဖြန်မှာ ကျွန်တော်တို့ ကောလိပ်အသင်းနဲ့ ကပ်စတန်အသင်း ဒိုင်းလုပွဲမှာ ဖိုင်နယ် ကစားကြရမယ်ခင်ဗျ။ ဒီအရေးထဲမှာ အကောင်းဆုံး ဖောဝပ်ဖြစ်တဲ့ ဝါလတာ လင်းဆေးတစ်ယောက်လုံး ပျောက်နေတယ် ခင်ဗျ။

၂ နှစ်ဆက်ပြီး ကျွန်တော်တို့ အနိုင်ရထားလေတော့ ဒီနှစ်နိုင်ရင် ဒိုင်းကြီးကို ကျွန်တော်တို့ပိုင်ရော ခင်ဗျ။ ဒါကြောင့် ဒိုင်းပွဲတကာ့ ဒိုင်းပွဲထဲမှာ ဒီတစ်ပွဲဟာ ကျွန်တော်တို့အဖို့ အရေးကြီးဆုံး ဒိုင်းပွဲခင်ဗျ။

ဒီအထဲမှာ အနည်းဆုံး တစ်ဂိုးလောက် စိတ်ချရတဲ့ စင်တာဖောဝပ် ဘောလုံးသမား လင်းဆေး ပျောက်နေတယ်ခင်ဗျ။ ကျွန်တော်ဖြင့် စိတ်ရှုပ်လိုက်တာ ဘာမှမစားနိုင်ဘူး။ စိတ်သိပ်ရှုပ်လာရင် ဆံပင်ဖြူတတ်တယ်၊ ကျွန်တော့်ဆံပင်တွေ ဖြူကုန်ပြီလားတောင် မပြောတတ်ဘူး"

ရှား။ ။ "စိတ်ရှုပ်ပေမဲ့ ဒီအရွယ်နဲ့တော့ ဆံပင်မဖြူနိုင်ပါဘူး မောင်ရယ်။ ဒါထက် သူပျောက်ပုံကို ပြောစမ်းပါဦး"

ရီ။ ။ "ဒီလို ခင်ဗျာ၊ ကျွန်တော်က ကပ္ပတိန်ဖြစ်လို့မို့ ဘောသမားဆိုတာ အိပ်ရေးဝမှ ကောင်းကောင်း ကစားနိုင်တယ်ဆိုတာ သိလေတော့ ဘောသမားတွေကို စောစောစီးစီး အိပ်ရာဝင်စေဖို့ လူစစ်ဆေးရာမှာ လင်းဆေးတစ်ယောက် မရှိတော့ဘူးခင်ဗျ။

စုံစမ်းကြည့်တော့ ခပ်စောစောလောက်က လူကြီးတစ်ယောက် လာပြီး စာကလေးတစ်စောင် ပေးတယ်တဲ့ခင်ဗျ၊ လင်းဆေးက စာကိုဖတ်ပြီး ကတုန်ကယင်နဲ့ သူ့အခန်း တက်ပြေးတယ်တဲ့ ခင်ဗျ။ တော်တော်ကြာတော့ ပြန်ဆင်းလာပြီး ခုနက လူကြီးနဲ့ အတူလိုက်သွားတာ တစ်ညလုံး ပြန်မလာပါဘူး ခင်ဗျာ။ ခုအချိန်ထိလည်း ပေါ်မလာတော့ပါဘူး"

ရှား။ ။ "ဒီတော့... မောင်က ဘယ်လိုလုပ်သလဲ"

ရီ။ ။ "မစ္စတာကူးပါးဆီကို ညတွင်းချင်း ပြေးပြီးစုံစမ်းတယ်ခင်ဗျ"

ရှား။ ။ "မစ္စတာကူးပါးဆိုတာ ဘယ်သူလဲ"

ရီ။ ။ "စတီးဘရားသား ကုမ္ပဏီက ကိုယ်စားလှယ်ဟောင်းကြီးခင်ဗျ၊ လင်းဆေးရဲ့ ဦးလေး တော်တယ်"

ရှား။ ။ "ဘာကြောင့် သူ့ဆီ သွားမေးရတာလဲ"

ရီ။ ။ "သွားမေးဆို ဒီလိုခင်ဗျ၊ လင်းဆေးမှာ မိဘမရှိဘူး။ သူ့ဦးလေး မစ္စတာကူးပါး တစ်ယောက်ပဲ ရှိတယ်။ ကျောင်းထားပေးတာလည်း သူက ထားတာပဲ။ အဘိုးကြီးက မုဆိုးဖိုကြီး၊ သားသမီးလည်း မရှိဘူး၊ လင်းဆေးက သူ့အမွေခံအမွေစား ဖြစ်ပါတယ်။

ဒါပေမဲ့ လူကြီးက ကပ်စေးနဲကြီးခင်ဗျ၊ ပိုက်ဆံအများကြီးရှိပေမဲ့ လင်းဆေးကို တိတိကလေး တိုင်းပေးတယ်ခင်ဗျ"

ရှား။ ။ "မောင် သွားပြီးစုံစမ်းတော့ ဘာပြောလိုက်သလဲ"

ရီ။ ။ "လင်းဆေး သူ့ဆီမလာဘူးတဲ့ခင်ဗျ"

ရှား။ ။ "ဘာကြောင့် သူ့ဆီသွားပြီး စုံစမ်းတာလဲ"

ရီ။ ။ "ငွေရေးကြေးရေးဆိုရင် သူ့ဦးလေးဆီသွားပြီး ပြောပြမှာပဲလို့ အထင်နဲ့ ကျွန်တော် လိုက်သွားပြီး စုံစမ်းတာပါပဲခင်ဗျာ"

ရှား။ ။ "ငွေရေးကြေးရေးဆိုရင် စာနဲ့လာတဲ့ လူကြီးက ကြွေးရှင်ထဲက ဖြစ်ရမှာပေါ့လေ"

ရီ။ ။ "ဒီလိုပဲ ကျွန်တော်တွေးမိတယ်"

ရှား။ ။ "လင်းဆေးက ဘိုအစစ်လား၊ ကပြားလား"

ရီ။ ။ "ဘိုအစစ်ကလေးပါခင်ဗျာ၊ သူ့အမေနဲ့ မစ္စတာကူးပါးနဲ့ မောင်နှမအရင်းတဲ့ခင်ဗျ၊ အခုတော့ သူ့အမေရော အဖေရော သေကုန်ကြပါပြီ။ သူ့ဦးလေးက ထောက်ပံ့ထားပါတယ်"

ရှား။ ။ "နေပါဦး... မနေ့ညတုန်းက လာတယ်ဆိုတဲ့ လူကကော ဘိုအစစ်လား၊ ကပြားလား၊ ဗမာလား"

ရီ။ ။ "ကပြားကြီးလို့ ပြောကြတယ်ခင်ဗျ၊ ကျွန်တော်ကိုယ်တိုင်တော့ မမြင်လိုက်ရပါဘူး"

ရှား။ ။ "ကိုင်း... ကျုပ်လည်း အားလပ်ပါတယ်၊ ဒီကိစ္စလေး ထောက်လှမ်းကြရအောင်။ ဒါထက် ဘောလုံးပွဲအတွက်တော့ လင်းဆေးကို တွေ့တွေ့ မတွေ့တွေ့ စီစဉ်ထားနော်။ အချိန်မီ မတွေ့ရင်လည်း လူစားထည့်ပြီး ကစားကြပေါ့နော်"

ရီ။ ။ "ဒီလိုပဲ လုပ်ရမှာပေါ့ခင်ဗျာ၊ သို့သော် လင်းဆေးတစ်ယောက်မပါရင်တော့ ကျွန်တော်တို့ ရှုံးဖို့များမှာပါပဲ"

ရှား။ ။ "ကပြားကြီး ယူလာတဲ့ စာကိုဖတ်ပြီး လင်းဆေးဟာ သူ့အခန်းထဲကို တက်သွားသေးတယ်ဆို၊ သူ ဘာလုပ်သလဲ သိရအောင် သွားကြည့်ကြဦးစို့"

ကျွန်တော်တို့သည် စောဟယ်ရီနှင့်အတူ လိုက်သွား၍ ယူနီဗာစီတီအဆောက်အအုံ အတွင်း လင်းဆေးအိပ်သော အခန်းကို ကြည့်ရှုကြလေသည်။ အိပ်ခန်းများမှာ နှစ်ယောက်

အိပ်သော အခန်းများ ဖြစ်သော်လည်း လင်းဆေးနှင့်အတူ အိပ်သောကျောင်းသားမှာ မကျန်းမာသဖြင့် ဆေးရုံတက်နေခိုက်ဖြစ်နေသောကြောင့် လင်းဆေးတစ်ယောက်တည်း အိပ်ရ၏။

ဦးစံရှားသည် အခန်းများ စောင့်ရှောက်သော အစောင့်ကို ခေါ်ယူ၍ စစ်ဆေးမေးမြန်းရာတွင် ယမန်နေ့ ညနေခင်းက လင်းဆေးအမည်နှင့် ကြေးနန်းတစ်စောင် ရောက်လာသဖြင့် မိမိကိုယ်တိုင် သူ၏အခန်းသို့ သွားရောက်ပေးကြောင်း၊ လင်းဆေးသည် ကြေးနန်းကိုဖတ်၍ ပြန်ကြေးနန်းကို ရေးနေစဉ် မိမိက စောင့်နေကြောင်း၊ သို့ရာတွင် လင်းဆေးသည် ကြေးနန်းကို ရေးပြီးသောအခါ မိမိလက်သို့ မပေးအပ်ဘဲ "နေပစေ၊ ငါကိုယ်တိုင်သွားရိုက်မယ်"ဟု ပြော၍ အဝတ်လဲပြီး ဆင်းသွားကြောင်း ပြောပြလေသည်။

ရှား။ ။ "ကြေးနန်းပုံစံစာအုပ် ဘယ်မှာလဲ"
ခံ။ ။ "ဒီမှာခင်ဗျ" ဆို၍ ကြေးနန်းပုံစံများ စုပေါင်းကာ ကပ်ထားသော စာအုပ်ကိုယူပြသည်။ ဦးစံရှားသည် အပေါ်ဆုံးစာရွက်ကို မှန်ဘီလူးဖြင့် သေချာစွာကြည့်ရာ တစ်စုံတစ်ရာမျှ မတွေ့ရသည်နှင့် ဦးခေါင်းယမ်းလေသည်။
ရှား။ ။ "ခွကျတယ်ဗျာ၊ ခဲတံနဲ့ရေးရင်တော့ ဒုတိယစာရွက်ပေါ်မှာ ထင်ကျန်ရစ်တတ်တာပဲ၊ အခုတော့ ကလောင်တံနဲ့ ရေးဟန်တူတယ်"
ခံ။ ။ "ဟုတ်တယ်ခင်ဗျ"
ရှား။ ။ "မင်အိုးလည်း မြင်တယ်ဗျို့၊ ဖောင်တိန်မသုံးဘူး။ ကလောင်တံဖြစ်လိမ့်မယ်။ ဟော… ကလောင်တံက နစ်ဖက်က 'ရီလ်' နစ်ဖတ်မျိုး၊ မင်လုံးကြီးတယ်၊ မင်နိုပ် ဘယ်မှာလဲ"
ခံ။ ။ "ဒီမှာခင်ဗျ"ဆို၍ မင်နိုပ်စက္ကူရွက်ကို ယူပေးလေသည်။
ရှား။ ။ "ဟား… တော်သေးတယ်ဗျို့၊ ကျုပ်တို့ ကံကောင်းတယ်၊ မင်နိုပ်က တစ်ခါနစ်ခါ သုံးသေးလို့ စာလုံးတွေ များများကြီးမထင်သေးဘူး၊ မှန်းစမ်း… ကျုပ်ကြည့်မယ်"

ဦးစံရှားသည် ဖန်ခွက်တွင် ရေထည့်၍ မင်နိုပ်စက္ကူကို အလိုက်သင့် ထားကြည့်သည်တွင် *Save Us By All Means* (ကျွန်ုပ်တို့ကို ဘယ်နည်းမဆို ကယ်ပါ) ဟူသော စာလုံးများ ပီသစွာ ထင်ပေါ်လျက်ရှိသည်ကို ကျွန်တော်တို့အား ပြလေသည်။ ထိုစာလုံးများမှာ နောက်ဆုံးဖြစ်၍ ယင်းရှေ့၌ ရေးထားသည့် စာလုံးများမှုကား မင်နိုပ်တွင် မပီမသတော့ဘဲ ဝါးတားတားဖြစ်နေ၏။ ထိပ်ဆုံး၌ ရေးထားသည့် လိပ်စာမူကား မင်ခြောက်သွားသည့် လက္ခဏာနှင့် မင်နိုပ်ပေါ်တွင် လုံးဝ မပါတော့ချေ။

ရှား။ ။ "ကျွန်ုပ်တို့ကိုတဲ့ဗျ၊ ဆိုထားတယ်၊ ဒီစကားတစ်လုံးကို ထောက်ခြင်းအားဖြင့် သူတစ်ယောက်တည်း မကဘူး။ သူနဲ့အတူတွဲပြီး ဒုက္ခရောက်နေတဲ့လူ ရှိရဦးမယ်။ ပြီးတော့လည်း သူတို့ကို ကယ်တင်နိုင်မယ့် ပုဂ္ဂိုလ်ရှိရဦးမယ် ဆိုတာလည်း ကျုပ်တို့ သိရတယ်။ ဒါကြောင့် သူ့ဆီကို စာယူလာခဲ့တဲ့ လူကြီးဟာ သူနဲ့အတူတကွ ဒုက္ခရောက်နေတဲ့ ပုဂ္ဂိုလ်ကြီးလည်း ဖြစ်ရမှာပဲ။ သို့သော် မင်နိုပ်စက္ကူမှာ လိပ်စာထင်မနေရစ်တာက ခွကျတယ်။ ဟယ်… သို့သော် ဒီလောက် သဲလွန်စရမှတော့ ခြေရာကောက်နိုင်လောက်ရောပေါ့ဗျာ"
ရီ။ ။ "ကြေးနန်းရုံကို သွားမေးကြည့်ရင်ကောဗျာ"

ရှား။ ။ “လူတစ်ယောက်က ရိုက်ထားတဲ့ကြေးနန်းကို တခြားလူတစ်ယောက်က သွားမေးလို့ မလွယ်ဘူးမောင်ရဲ့။ အစိုးရဆီက အမိန့်စာပါလာရင်တော့ လွယ်သွားပေါ့။ ကျုပ်တို့က အစိုးရအမှုထမ်းမဟုတ်တော့ တိုက်ရိုက်မေးလို့ မဖြစ်ပေဘူး။ သို့သော် ကျုပ် ကြံစည်ပါ့မယ်။ မခက်လှပါဘူး။ ဒါထက် လင်းဆေးရဲ့စားပွဲပေါ်က စာရွက်စာတမ်းတွေကို မောင့်ရှေ့မှာ ကျုပ်ကြည့်ချင်တယ်”

ရှီ။ ။ “ကြည့်ပါ ခင်ဗျာ”

ဦးစံရှားသည် စားပွဲပေါ်၌ရှိသော စာရွက်များ၊ ဘီလ်စာရင်းများ၊ မှတ်စုစာအုပ်များကို လှန်လှောကြည့်ရှုပြီးနောက်...

ရှား။ ။ “လင်းဆေးဟာ ကောင်းကောင်းကျန်းမာရဲ့နော်”

ရှီ။ ။ “နေမကောင်းတယ်လို့ တစ်ခါမှ ကျွန်တော် မမြင်ပါဘူး ခင်ဗျာ”

ရှား။ ။ “ဟုတ်လား၊ ဒါဖြင့် ဒီစာရွက်ကလေးတစ်ရွက်ကို ကျုပ် ယူသွားပါရစေ။ နောက်တော့ ပြန်ပေးပါ့မယ်”

ဟု ပြောလျှက် ဘီလ်စာရွက်နှင့်တူသော စက္ကူတစ်ရွက်ကို အိတ်ထဲသို့ ခေါက်ထည့်ဆဲတွင်...

“ဘာရှုပ်နေကြတာလဲ၊ ဘယ်ကလူတွေလဲ”ဟု အင်္ဂလိပ်လို ကျယ်လောင်စွာ ပြောလိုက်သည့်အသံကို ကြားရသည်နှင့် တံခါးဆီသို့ လှည့်ကြည့်လိုက်ကြသည်တွင် အဝတ်အစား ခပ်နွမ်းနွမ်း ဝတ်ထားသည့် ဘိုကြီးတစ်ယောက်ကို မြင်ကြရသည်။ ကျွန်တော်တို့သည် အံ့အားသင့်လျက် ငေးကြည့်နေကြစဉ်...

ဘို။ ။ “ဘယ်သူ့အခွင့်နဲ့ ခင်ဗျားတို့ ဝင်မွှေနေကြတာလဲ ဆိုစမ်း”

ရှား။ ။ “ကျွန်တော် စုံထောက်ပါ၊ မစ္စတာလင်းဆေး ပျောက်နေတဲ့အတွက် စုံစမ်းဖို့ လာပါတယ်”

ဘို။ ။ “ခင်ဗျားကို ဘယ်သူက ငှားသလဲ”

ရှား။ ။ “ဟောဒီ သူ့မိတ်ဆွေ လာခေါ်လို့ပါ”

ဘို။ ။ “ဩော်... ဒီသူငယ်ကလား၊ မောင်က ဘယ်သူလဲ မောင်”

ရှီ။ ။ “ကျွန်တော် စောဟယ်ရီပါတဲ့”

ဘို။ ။ “ကျုပ်အိမ်လာမေးတဲ့ သူငယ်မဟုတ်လား”

ရှီ။ ။ “ဟုတ်ပါတယ်”

ဘို။ ။ “မောင်က စုံထောက်တွေ ဘာတွေငှားရအောင် ဘယ်ကပိုက်ဆံရလို့လဲ။ မောင် ပေးနိုင်ရဲ့လား”

ရှီ။ ။ “ကျွန်တော့်မိတ်ဆွေ လင်းဆေးကို တွေ့တဲ့အခါကျတော့ ကုန်ကျစရိတ်ကို...”

ဘို။ ။ “အဝေးကြီး မောင်၊ တစ်ပြားမှ သူ မပေးနိုင်ဘူး။ ကျုပ်က ပေးမှဖြစ်တာ၊ ကျုပ်ကလည်း ကြေးပြားတစ်ပြားမှ အကုန်မခံဘူး၊ နားလည်လား”

ရှား။ ။ “ပိုက်ဆံအကြောင်း ရှိပါစေတော့ခင်ဗျာ၊ ဒီသူငယ် ရုတ်တရက် ပျောက်သွားခြင်း အကြောင်းနဲ့ ပတ်သက်လို့ ဘယ်လိုထင်မြင်ချက် ပေးစရာ ရှိပါသလဲ”

ဘို။ ။ “ဘာမှပေးစရာမရှိဘူး၊ သူ့ခြေထောက်နဲ့သူ သွားချင်ရာသွားတာကို ကျုပ်က ဘယ့်နယ်လုပ် ပြောနိုင်မှာလဲ၊ လိုက်လည်းမရှာဘူး။ ပိုက်ဆံကုန်လည်း မခံဘူး။ ရှင်းရှင်းပဲ”

ရှား။ ။ “ဒါက ကိစ္စမရှိပါဘူး၊ ကျွန်တော်တို့ စိုးရိမ်တာက အကယ်၍ လူဆိုးတွေက ဖမ်းသွားပြီး ခင်ဗျားကို ခြားပြတိုက်ချင်လို့ ခင်ဗျားအကြောင်းကို စုံစမ်းတာဖြစ်ရင် ဘယ့်နယ်လုပ်မလဲ။

လင်းဆေးမှာ ပိုက်ဆံမရှိတာကို လူတိုင်းသိတယ်၊ သို့သော် ခင်ဗျားစည်းစိမ်ကို ကြံစည်ချင်လို့ သူ့ကို ဖမ်းသွားတာ ဖြစ်နိုင်တယ်”

ဘို။ ။ “ကျုပ်ပစ္စည်းတွေအားလုံး ဘဏ်တိုက်မှာချည်းပဲ”

ရှား။ ။ “ဒါတော့ ဟုတ်တာပေါ့၊ သို့သော် ခင်ဗျားကို ဖမ်းပြီး လူပြန်ပေးလုပ်ရင် ဘယ့်နှယ်လုပ်မလဲ။ လက်ထဲမှာ ငွေမရှိပေမဲ့ ချက်လက်မှတ်ကို လက်မှတ်ထိုးနိုင်တာပေါ့။ ခုတလောမှာ ဘိုင်စကုတ်တွေထဲက အတုလိုက်ပြီး မြန်မာပြည်မှာ လူပြန်ပေးခေတ်စားနေတာ ခင်ဗျား မကြားဘူးလား”

ဘို။ ။ “ဟာ... ဟုတ်လား၊ ဒီလိုဆို ကြိုးစားပြီး ရှာပါဗျာ၊ စရိတ်စကအတွက် ၅ဝ၊ ၁ဝဝ လောက်တော့ ကျုပ် တတ်နိုင်ပါတယ်။ တာဝန်ယူပါတယ်”

ဦးစံရှားသည် မိမိ၏လုန့်လုံး အောင်မြင်ခြင်းအတွက် ကျွန်တော့်ဘက်သို့ လှည့်ကာ ပြုံးပြပြီးလျှင် တတ်နိုင်သမျှ ကြိုးစားပါမည်ဟု ကတိပေးခဲ့၍ မစ္စတာကူးပါးနှင့် စောဟယ်ရီတို့ကို နှုတ်ဆက်ကာ ထွက်လာခဲ့လေသည်။

ရှား။ ။ “နေပါဦးဗျာ၊ ကျုပ် ဝင်ပြီးဖြန်းလိုက်စမ်းဦးမယ်၊ ဘိုသော မြန်မာသော မှတ်မိတန်ကောင်း မထင်ပါဘူး”

ဟု ပြော၍ ကြေးနန်းစာရေး၏ ပြတင်းပေါက်သို့ သွားလေ၏။

ရေး။ ။ “ဘာကိစ္စလဲ၊ ကြေးနန်းရိုက်ဖို့လား”

ရှား။ ။ “ဒုက္ခပေးရမှာ အားတော့နာပါတယ်၊ မနေ့ညနေက ကြေးနန်းတစ်စောင် ရိုက်လိုက်တာ ခုချိန်ထိပြန်မလာဘူး။ ကျုပ်နာမည် မထည့်လိုက်မိလို့ထင်ပါရဲ့။ တစ်ဆိတ် ကြည့်ပေးပါဗျာ”

ရေး။ ။ “ဘယ်သူ့ဆီကို ရိုက်တာလဲ ”

ရှား။ ။ (ခက်တာပဲဆိုသော မျက်နှာထားမျိုးနှင့် ကျွန်တော့်ကို လှမ်းကြည့်လျက်) “ဒီလိုဗျာ၊ နောက်ဆုံးမှာ By All Means (ဘယ်နည်းမဆို) ဆိုတဲ့ ကြေးနန်းစာပဲ”

ကြေးနန်းစာရေးသည် ကြေးနန်းဖိုင်တွဲကို ယူ၍ ရှာဖွေပြီးနောက် စာတစ်စောင်ကို ထုတ်နုတ်ယူလျက် “နာမည်မပါဘူး ခင်ဗျ”ဟု ပြောသည်နှင့်...

ရှား။ ။ “သြော်... ဒါကြောင့် ကြေးနန်းမပြန်တာကိုးဗျ။ ကျုပ်အပြစ်ပါပဲဗျာ”

ဟု ပြောရင်း ကြေးနန်းလိပ်ကို လှမ်းကြည့်လိုက်သည်။ ထို့နောက် ဒုက္ခပေးခြင်းအတွက် တောင်းပန်၍ ပြတင်းပေါက်မှ ထွက်ခဲ့ကြသည်။

ကျွန်။ ။ “ဘယ့်နှယ်လဲဗျ”

ရှား။ ။ “သဲလွန်စတစ်ခုတော့ ရခဲ့ပြီကောလေ၊ ကြေးနန်းကိုကြည့်ရအောင် ကျုပ်က သုံးလေးနည်း စိတ်ကူးထားတာ၊ ခုတော့ ပထမနည်းနဲ့ပဲ အောင်မြင်ခဲ့ပေတယ်ဗျ။ ကိုင်း... လာဗျို့”

ကျွန်တော်တို့သည် အင်းစိန်သို့ မီးရထားနှင့် လိုက်ကြလေရာ ခရီးလမ်းတွင်...

ရှား။ ။ “အဘိုးကြီးတော့ ကျုပ်လုန့်လိုက်တာ လန့်သွားတာတွေလား။ အင်္ဂလိပ်လူမျိုးထဲမှာ ဒါလောက် ငွေနမြောတဲ့လူ တွေ့ပဲမတွေ့ဖူးပါဘူးဗျာ။ သူ့စည်းစိမ်ကို ကြံစည်တာ ဖြစ်နိုင်တယ်လို့ လုန့်ပေးလိုက်တော့မှ စိတ်ဝင်စားလာတယ် ဟုတ်လား”

ကျွန်။ ။ "နေစမ်းပါဦးဗျာ၊ လင်းဆေး ပျောက်သွားပုံဟာ ဘယ်လို ရည်ရွယ်ချက်လဲလို့ ခင်ဗျား တွေးမိလား"
ရှား။ ။ "ဖြစ်နိုင်တာက ဒီလိုဗျ၊ ဒီခေတ်မှာ ဘောလုံးပွဲ အလောင်းအစားတွေက တော်တော် အားကြီးလာတယ်။ ငွေတွေ ထောင်လိုက်သောင်းလိုက် ချီလောက်ပြီး အကောင်းဆုံး ဘောသမားကို ဝှက်ထားတာလည်း ဖြစ်နိုင်တယ်"
ကျွန်။ ။ "ဟုတ်ကဲ့၊ ကျွန်တော်လည်း တွေးမိတယ်"
ရှား။ ။ "ပြီးတော့ အထူးအရေးကြီးတဲ့ ဒိုင်းပွဲဖြစ်လေတော့ ဒိုင်းရမှုအတွက် ငွေကုန်ခံပြီး ညစ်ပတ်တာလည်း ဖြစ်နိုင်တယ်"
ကျွန်။ ။ "ဒါကတော့ ဟုတ်မယ်မထင်ပေါင်ဗျာ"
ရှား။ ။ "ဖြစ်နိုင်တာတွေ ကျုပ်ပြောတာပါ၊ ဟုတ်မဟုတ် မဆိုလိုသေးပါဘူး။ ဒီ့ပြင် ဖြစ်နိုင်တာတစ်ခုက လင်းဆေးရဲ့ဦးလေးဟာ ပိုက်ဆံပေါကြောင်း သိလေတော့ လင်းဆေးကို လူပြန်ပေးလုပ်ချင်လို့လည်း ဖြစ်နိုင်တယ်လေ"
ကျွန်။ ။ "ဒီလိုဆိုရင် လင်းဆေးရိုက်တဲ့ ကြေးနန်းနဲ့ ဆက်စပ်ခြင်း မရှိပေဘူးဗျ"
ရှား။ ။ "ဒါ မှန်တယ်၊ ကျုပ်တို့က ဒီကြေးနန်းကို အခိုင်အမာ အခြေတည်ပြီး စဉ်းစားမှ နေရာကျမယ်။ ဒါကြောင့် ကျုပ်တို့ အခု အင်းစိန်ကို လိုက်လာကြတာပဲ"

အင်းစိန်သို့ မီးရထား ဆိုက်ရောက်လာသောအခါ ဦးစံရှားသည် ဒေါက်တာမော်တင်၏ နေအိမ်ကို မြင်းရထားသမားထံ စုံစမ်း၍ မြင်းရထားဖြင့် သွားကြသည်။

ကျွန်။ ။ "ဒေါက်တာမော်တင်ဆိုတာက လင်းဆေးရိုက်လိုက်တဲ့ ကြေးနန်းလိပ်လားဗျ"
ရှား။ ။ "ဟုတ်တာပေါ့"

ဒေါက်တာမော်တင်၏ နေအိမ်မှာ ကျယ်ဝန်းသော ဝင်းခြံကြီးအတွင်း နှစ်ထပ်အိမ်ကြီး ဖြစ်ရာ ကျွန်တော်တို့သည် မြင်းရထားကို ပြန်လွှတ်၍ အစေခံတစ်ယောက်အား ဦးစံရှား၏ "ကတ်" ကလေးကို ပေးလိုက်ပြီးလျှင် အိမ်ပြင်မှ ထိုင်စောင့်နေကြရသည်။ အတန်ကြာသောအခါ အစေခံပေါ်လာ၍ ကျွန်တော်တို့ကို ခေါ်သွားပြီးလျှင် အခန်းကြီးတစ်ခန်းထဲသို့ သွင်းလိုက်ရာတွင် စာအုပ်ဗီရိုကြီးများအလယ်၌ စားပွဲကြီးတစ်ခုတွင် စာရေးလျက်ရှိသည့် မျက်နှာဖြူ ဒေါက်တာမော်တင်နှင့် တွေ့ကြရသည်။

(ဒေါက်တာမော်တင်မှာ ဆေးပညာတွင် အကြီးအကျယ်ဆုံးတစ်ခုဖြစ်သည့် အမ်ဒီ (M.D) ဘွဲ့ရ ဆရာဝန်ကြီး ဖြစ်သော်လည်း လူနာကုသခြင်းထက် ဆေးကျမ်းများ စီစဉ်ရေးသားခြင်းအားဖြင့် အချိန်ကုန်စေသည့် ပါရဂူကြီးတစ်ယောက် ဖြစ်သည်ဟု နောင်အခါတွင် ကျွန်တော်တို့ သိရလေသည်။)

ကျွန်တော်တို့သည် အခန်းထဲသို့ ဝင်သွားသည်နှင့်တစ်ပြိုင်နက် တုတ်ခိုင်ခန့်ညားသော ကိုယ်ကာယနှင့် ကျယ်ဝန်းသော နဖူးပြင်အောက်တွင် နက်နဲစူးစိုက်သော မျက်လုံးများကို မြင်ရခြင်းအားဖြင့် သာမန်ပုဂ္ဂိုလ်တစ်ဦးမဟုတ်ဟူ၍ သိကြရ၏။ ဒေါက်တာမော်တင်သည် နှစ်သိမ့်ကျေနပ်ဟန်မတူသော မျက်နှာထားဖြင့် ကျွန်တော်တို့ကို မော့်ကြည့်လျက်...

တင်။ ။ "ဦးစံရှားဆိုတာလား၊ ခင်ဗျားအကြောင်းကိုတော့ ကြားဖူးပါတယ်။ ပွင့်ပွင့် ပြောရမှာဖြင့် လောကမှာ လူရှုပ်တစ်ယောက်လို့ ကျုပ်က ထင်တာပဲ"
ရှား။ ။ (မျက်နှာမပျက်) "ထောင်ထဲ ကျွန်တော်ပို့လိုက်တဲ့ လူဆိုးများကလည်း ကျွန်တော့်ကို ဒီလိုပဲ စွပ်စွဲကြပါတယ်"
တင်။ ။ "သူခိုးတို့၊ ဓားပြတို့၊ လူသတ်သမားတို့ ရှိတယ်ဆိုရင် အစိုးရခန့်ထားတဲ့ ပုလိပ်ဌာန တစ်ခုလုံး ရှိနေပြီကော၊ အရပ်သားစုံထောက်ဆိုတာ အဓိပ္ပါယ် မရှိပါဘူး။ သို့သော် အထူးသဖြင့် ကျွန်တော်ပြောချင်တာက လူဆိုး သူခိုးကိစ္စမှာ စုံထောက်ဝင်တယ်ဆိုရင် တော်ပါသေးရဲ့။ ဟိုလူ ဒီလူကိစ္စမှာတော့ ဝင်ရှုပ်တာ ကျုပ်က တယ်ပြီးရွံတယ်ဗျ။ အဆိုးဆုံးကတော့ တကယ် ကျမ်းကြီးကျမ်းငန်တွေ ပြုစုစီစဉ်နေလို့မို့ အချိန် အဖိုးတန်တဲ့ ကျုပ်တို့လို ပုဂ္ဂိုလ်မျိုးဆီ လာလာရှုပ်တာကတော့ အဆိုးဆုံးပါပဲ"
ရှား။ ။ "မှန်ပါတယ် ဒေါက်တာ၊ သို့သော် ကျွန်တော်နဲ့ အခုဆွေးနွေးရမယ့် ကိစ္စဟာ ကျမ်းကြီးကျမ်းခန့် ပြုစုစီရင်ရခြင်းထက် အရေးကြီးချင် ကြီးနိုင်ပါတယ်။ ပြီးတော့ ဟိုလူဒီလူကိစ္စမှာ ဝင်ရှုပ်တယ်လို့ ဒေါက်တာ စွပ်စွဲပေမဲ့ အမှန်ကတော့ ကျွန်တော်ဟာ အစိုးရစုံထောက်ထက် ဖုံးဖုံးဖိဖိ သိုသိုသိပ်သိပ် ဆောင်ရွက်နိုင်ခွင့် ရှိပါတယ်။ အစိုးရစုံထောက်ဆိုရင် အထက်လူကြီးဆီကို အလုံးစုံ အစီရင်ခံရပါတယ်။ ကျွန်တော့်မှာတော့ ဘယ်သူ့ဆီကိုမှ အစီရင်ခံဖို့ မလိုပါဘူး။ ကျွန်တော် ရောက်လာခြင်းက မစ္စတာ ဝါလတာလင်းဆေးအတွက်ပါ ဒေါက်တာ"
တင်။ ။ "လင်းဆေး ဘာဖြစ်လို့လဲ"
ရှား။ ။ "လင်းဆေးကို ဒေါက်တာသိတယ် ဟုတ်လား"
တင်။ ။ "အင်မတန် ခင်ပါတယ်"
ရှား။ ။ "လင်းဆေးပျောက်သွားတာ ဒေါက်တာ သိတယ်မဟုတ်လား"
တင်။ ။ (အံ့ဩသောမျက်နှာထား မဖော်ပြဘဲ) "ဩော်... ဟုတ်လား"
ရှား။ ။ "မနေ့ညက ပျောက်သွားတာ ပေါ်မလာဘူး"
တင်။ ။ "သူ ပြန်လာမှာပေါ့"
ရှား။ ။ "နက်ဖြန် ဖိုင်နယ်ဘောလုံးပွဲခင်ဗျ"
တင်။ ။ "ဟာ... ဘောလုံးပွဲလောက်ဟာ အရေးကြီးလို့ဗျာ"
ရှား။ ။ "သူ ဘယ်မှာရှိသလဲ၊ ဒေါက်တာ သိပါသလား"
တင်။ ။ "မသိပါဘူးဗျာ"
ရှား။ ။ "ဒေါက်တာနဲ့ မနေ့က မတွေ့ရဘူးပေါ့"
တင်။ ။ "မတွေ့ပေါင်ဗျာ"
ရှား။ ။ "လင်းဆေးဟာ ကျန်းမာတဲ့လူတစ်ယောက်ပဲလား"
တင်။ ။ "သိပ်မာတာပေါ့"

ဤတွင် ဦးစံရှားသည် လင်းဆေးအခန်းမှ ဆောင်ယူလာခဲ့သော ဘီလ်စာရွက်ကို ထုတ်ပြလျက်...
ရှား။ ။ "ဒါဖြင့် ဘယ့်နယ်ကြောင့် လင်းဆေးက ဒေါက်တာ့ကို ငွေ ၁၅၀ ပေးဖို့ လိုရပါသလဲ"
တင်။ ။ (စိတ်ဆိုးသောမျက်နှာနှင့်) "ခင်ဗျားမေးတိုင်း ကျုပ်က ဘာကြောင့် ဖြေရမှာလဲ"

ဦးစံရှားသည် ဘီလ်စာရွက်ကို အိတ်ထဲသို့ ပြန်ထည့်လိုက်၏။

ရား။ ။ "ကျွန်တော်ပြောခဲ့တယ်မဟုတ်လား ဒေါက်တာ၊ ကျွန်တော့်အနေနဲ့ သိုသိုသိပ်သိပ် ဆောင်ရွက်ခွင့်ရှိပါတယ် ဒေါက်တာ၊ ကျွန်တော့်ကို ယုံကြည်လိုပ အကြောင်းစုံရှင်းပြရင် လူသူမသိအောင် ဖုံးဖိနိုင်ပါတယ် ဒေါက်တာ"

တင်။ ။ "ကျုပ် ဘာမှမသိဘူး"

ရား။ ။ "လင်းဆေးက ဒေါက်တာ့ကို ဘာမှမပြောမပြဘူးလား"

တင်။ ။ "မပြောပေါင်ဗျာ"

ရား။ ။ "ဟုတ်ရဲ့လားဒေါက်တာ၊ ဒီလိုဆိုရင် မနေ့က လင်းဆေးရိုက်လိုက်တဲ့ ကြေးနန်းကို ဒေါက်တာ မရဘူးပေါ့။ ဒါဖြင့် ဆိုင်ရာကို ရီပို့လုပ်ဦးမှပဲ"

တင်။ ။ (ထိုင်ရာမှ ရုတ်တရက်ထလျက်) "တော်တော့… တော်တော့၊ ခင်ဗျားကိုငှားတဲ့ မစ္စတာကူးပါးကို ပြောလိုက်၊ ဘယ်သူနဲ့မှ ကျုပ် မတွေ့နိုင်ဘူးလို့၊ တန်ပါ တန်ပါ၊ ကျုပ် ဘာမှမကြားချင်ဘူး။ ဟေး… အပ်ဗဒူ၊ ဒီလူတွေ အပြင်ဘက် လိုက်ပို့လိုက်"

ထိုခဏ၌ ထွားကျိုင်းသော ကုလားအစေခံတစ်ယောက် ဝင်လာလေရာ ဦးစံရှားသည် ဒေါက်တာမော်တင်နှင့် လေပေါက်မတည့်သဖြင့် ဆက်လက်ဆွေးနွေးခြင်း၏ အကျိုးမရှိခြင်းကို သိမြင်သည့် လက္ခဏာနှင့် အသာတကြည် ထွက်လာခဲ့ကြလေသည်။ ဝင်းပြင်ဘက်သို့ ရောက်ကြသောအခါမှ ဦးစံရှားသည် ဟက်ဟက်ပက်ပက် ရယ်မောတော့သည်။

ရား။ ။ "တော်တော်လာတဲ့ လူကြီးပဲဗျို့၊ လူဆိုးဖြစ်ရင်တော့ သွားလေသူပရော်ဖက်ဆာ ဦးထွန်းဖေနဲ့ တစ်ရှဉ်းဖက်လောက်တဲ့ လူကြီးပဲ"

ကျွန်။ ။ "ဒါဖြင့် ကျုပ်တို့ ပြန်ကြရုံပဲလား"

ရား။ ။ "ဟာ… ပြန်လို့ဘယ်ဖြစ်မလဲဗျ၊ ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက်ပေါ့"

ကျွန်။ ။ "ဘယ့်နှယ်လုပ်ကြမလဲ"

ရား။ ။ "ဟိုဘက်နားမှာ ကျုပ်မိတ်ဆွေ ကျောင်းဆရာတစ်ယောက်ရှိတယ်။ ကျုပ်တို့ တစ်ညနှစ်ည အိပ်ပြီး ဒေါက်တာမော်တင်ကို စောင့်ကြည့်ချင်တယ်ဗျာ"

ကျွန်တော်တို့သည် ကျောင်းဆရာ နေအိမ်သို့ သွားကြ၍ ကျောင်းဆရာက ဝမ်းမြောက်ဝမ်းသာ ညေ့ခံသည်တွင် ညအိပ်ဖို့ စီမံကြလေသည်။ ကျွန်တော်တို့အား အခန်းတစ်ခန်း ပေးသည်တွင် ဦးစံရှားသည် ကျွန်တော့်ကို အိမ်တွင်ထားခဲ့၍ တစ်ကိုယ်တည်း စုံစမ်းရန် ထွက်သွားလေ၏။ ဦးစံရှား ပြန်လာသောအခါ၌ မိုးချုပ်လုပြီဖြစ်ရာ အိမ်ရှင်ကျွေးသော ထမင်းကို မြိန်ရှက်စွာ စားကြပြီးနောက် ဦးစံရှားသည် မိမိစုံစမ်းထောက်လှမ်းခဲ့သမျှသော အခြင်းအရာများကို ပြောပြလေသည်။

ဒေါက်တာမော်တင်၏ အစေခံများမှာ မည်သည့်နည်းနှင့်မျှ ချဉ်းကပ်၍ မရနိုင်ကြောင်း၊ လက်ဖက်ရည်ဆိုင် တစ်ဆိုင်တွင် "ကြမ်းပိုး"တစ်ယောက် တွေ့၍ လက်ဖက်ရည်တိုက်ပြီး စုံစမ်းရာတွင် ဒေါက်တာသည် နံနက်တိုင်း ဘိုင်စကယ်တစ်စီးနှင့် ခရီးထွက်၍ ၂ နာရီ ၃ နာရီကြာမှ ပြန်လာတတ်ကြောင်း၊ သူ့အိမ်တွင် မော်တော်ကားရှိပါလျက် ဘိုင်စကယ်နှင့် ခရီးထွက်သည်မှာ အံ့ဩဖွယ်ကောင်းသည်ဟု "ကြမ်းပိုး"က ပြောကြောင်း စသည်ဖြင့် သိခဲ့ရပေသည်။

ကျွန်။ ။ "ဆေးကုထွက်တာလားဗျာ"
ရား။ ။ "မဟုတ်ဘူးထင်တယ်၊ လူနာအိမ်ဆိုရင် မော်တော်ကားနဲ့ သွားမှာပေါ့။ ပြီးတော့ ဒေါက်တာမော်တင်ဟာ လူနာကုဖို့ မကြိုးစားဘဲ ကျမ်းပြုဖို့လောက်သာ အချိန်သုံးတယ်လို့ သိခဲ့ရတယ်"
ကျွန်။ ။ "ဒီလိုဆို ဘိုင်စကယ်နဲ့ လိုက်ကြည့်ကြစို့ဗျာ"
ရား။ ။ "တော်တယ် ကိုသိန်းမောင်၊ ကျောင်းဆရာမှာ ဘိုင်စကယ်တစ်စီးငှားဖို့ ကျုပ် ပြောထားပြီးခဲ့ပြီ။ နက်ဖြန် နံနက်စောစော ကျုပ် လိုက်ကြည့်ဦးမယ်ဗျာ"
ကျွန်။ ။ "ကျုပ်ကောဗျာ"
ရား။ ။ "နှစ်ယောက်ပူးလိုက်လို့ မတော်ဘူးလေ၊ ခင်ဗျား နေရစ်ပါ"

***

နောက်တစ်နေ့ နံနက်စောစောတွင် ဦးစံရှားသည် ကျောင်းဆရာအိမ်မှ ထွက်သွား၍ နံနက် ၉ နာရီလောက်မှ ရယ်ကာမောကာ ပြန်လာတော့သည်။ သူ့မျက်နှာထားကို မြင်ရခြင်းအားဖြင့် ကိစ္စမပြီးပြတ်ခဲ့ကြောင်း ကျွန်တော် အကဲခတ်နိုင်လေပြီ။

ရား။ ။ "ကျုပ်က မနေ့အစီအစဉ်အတိုင်း ဘိုင်စကယ်တစ်စီး ငှားပြီး သူလာတတ်တယ်ဆိုတဲ့ လမ်းထောင့်မှာ ခပ်လှမ်းလှမ်းက လမ်းသလားနေရောကိုးဗျ။ တော်တော်ကြာတော့ ဒေါက်တာကြီး ပေါက်လာ၊ ကျုပ်က ကျောခပ်ခိုင်းခိုင်းလှည့်ပြီး စောင့်နေရာက သူ တော်တော်ကလေး လွန်သွားတော့ သူ့နောက်က မယောင်မလည် လိုက်သွားတယ်။ ပြည်လမ်းမကြီးနဲ့ ဆုံတဲ့နေရာကျတော့ ပြည်သွားတဲ့လမ်းဘက် ချိုးသွားလို့ ကျုပ်ကလည်း ချိုးလိုက်တာပေါ့လေ။ သူကတော့ နောက်လှည့်လို့ တစ်ခါမှမကြည့်လေတော့ ကျုပ်ကို မမြင်ဘူးလို့ ထင်မိတာပဲ။ တစ်မိုင်ကျော်လောက် သွားမိကြတော့ သူက ဖြတ်ဆို ဘိုင်စကယ်ရပ်ပြီး ဆင်းလိုက်ပါရော။ ကျုပ်က ရပ်လို့လည်း မကောင်းဘူး၊ သူ ရပ်လို့ရပ်တယ်ဆိုရင် သူ့နောက် လိုက်တယ်ဆိုတာ ထင်ရှားသွားမယ်။ ဒါကြောင့် သူ့ကို မမြင်ဟန်ပြုပြီး လွန်စီးသွားရတော့တာပေါ့။ သူ့စက်ဘီးလက်ကိုင်မှာ မှန်ကလေးပါတာကို ကျုပ် မြင်ခဲ့ရတယ်။ ဒီမှန်ထဲမှာကြည့်ပြီး ကျုပ်ကို သူက လှည့်မကြည့်ဘဲ မြင်ဟန်တူတယ်။ ကျုပ်က လွန်စီးသွားတဲ့အခါမှာ ကျုပ်စက်ဘီးကတော့ မှန်မပါလို့ ခွကျတယ်ဗျ။ လှည့်လို့လည်း မကြည့်ဝံ့ဘူး။ သူ ရိပ်မိမှာ စိုးရသေးတာကိုး။ ဒါနဲ့ တစ်မိုင်လောက် ဆက်နင်းသွားပြီး မယောင်မလည် လှည့်ကြည့်လိုက်တော့ ဒေါက်တာကြီး ပါမလာတော့ဘူးဗျို့။ လှည့်ပြန်သွားလေသလား မဆိုနိုင်ဘူး။ လမ်းခွဲလည်း တစ်ခုမှမတွေ့ခဲ့ရဘူးဗျ။ ဒါနဲ့ ကျုပ်က ပြန်လှည့်လာပြီး မီလိုမီငြား ဖိနင်းလိုက်တာ ဘယ်မှာမှ မတွေ့ရတော့ဘူးဗျ။ မြို့အဝင်ကျတော့ လက်ဖက်ရည်ဆိုင်ကလေးထဲ ဝင်ပြီး ကော်ဖီသောက်ရင်း တစ်နာရီကျော်ကျော်လောက် စောင့်နေတော့မှ ကျုပ်လာခဲ့တဲ့ လမ်းအတိုင်း စက်ဘီးနဲ့ ပြန်လာတာကို မြင်လိုက်ရတယ်။ ဘယ်နေရာဆင်းပြီး ဘယ်လိုလုပ် ပုန်းနေတယ် မပြောတတ်ပါဘူးဗျာ"
ကျွန်။ ။ "ဒါဖြင့်... ဘယ့်နှယ်လုပ်မလဲ"
ရား။ ။ "နက်ဖြန်ခါ တစ်ခေါက် ကြိုးစားရဦးမှာပေါ့"
ကျွန်။ ။ "ဒီလိုဆို ဘောလုံးပွဲမီအောင်တော့ မတွေ့နိုင်တော့ဘူးပေါ့"

ရှား။ ။ "ဘောလုံးပွဲအတွက်တော့ မတတ်နိုင်တော့ဘူးဗျာ။ ကျုပ်စိတ်ထဲမှာ မခံချင်တာက သူနဲ့ကျုပ်နဲ့ ဉာဏ်စမ်းကြရာမှာ ကျုပ်က အရှုံးမပေးချင်ဘူး။ လင်းဆေးရှိတဲ့နေရာကို ဒီလူကြီး ကောင်းသိတယ်။ ဘောလုံးပွဲ မမီချင်နေ၊ သူ ဝှက်ထားတဲ့နေရာကို ကျုပ်က မတွေ့တွေ့အောင် ကြိုးစားဦးမယ်ဗျာ၊ ကျုပ်တို့ မပြန်သေးဘူး"

ထိုနေ့ညနေ၌ ကုလားအစေခံ တစ်ယောက်သည် ကျွန်တော်တို့ လမ်းလျှောက် ထွက်သွားခိုက်တွင် ကျောင်းဆရာအိမ်သို့ လာ၍ ဦးစံရှားအမည်နှင့် စာတစ်စောင် ပေးထားခဲ့ရာ ဦးစံရှားသည် စာကိုဖောက်၍ ဖတ်သည်တွင် အင်္ဂလိပ်လို အောက်ပါအဓိပ္ပါယ်အတိုင်း ပါရှိလေသည်။

*ကျွန်ုပ်နောက်သို့ လိုက်ဖို့ကြိုးစားသော်လည်း အချည်းအနှီး အချိန်ကုန်ပါလိမ့်မည်။ ခင်ဗျားကိုငှားသည့် မစ္စတာကူးပါးထံသို့ ပြန်သွားပြီး လင်းဆေးကို မတွေ့နိုင်ပါဟု ပြောပြလိုက်ပါတော့။*

***ဒေါက်တာမော်တင် (M.A.M.D)***
***Ph.D.F.R.C.S***

ဦးစံရှားသည် စာကိုဖတ်ပြီးနောက် မျက်နှာထားတစ်မျိုး ပြင်လျက်...

ရှား။ ။ "နေသေးရိုးလားဗျာ၊ ဘောလုံးပွဲအတွက် မမီချင်နေ၊ ပိုက်ဆံမရချင်လည်းနေ၊ ကျုပ်တော့ ဂုဏ်ထူးဘွဲ့ထူးတွေဖော်ပြပြီး ကျုပ်ကို လှန့်တဲ့အဘိုးကြီးတော့ ဘယ်နည်းနဲ့မှ ကျုပ် အရှုံးမပေးဘူး။ မပေါ် ပေါ်အောင် လိုက်မယ်ဗျာ"

ကျွန်။ ။ "ဒီလိုလုပ်စို့လေ၊ ကျုပ် တစ်လှည့်လိုက်ဦးမယ်၊ ကျုပ်ကိုတော့ သူက အရေးလုပ်မှ လုပ်မယ်၊ ဘယ့်နှယ်လဲ"

ရှား။ ။ "မဖြစ်သေးပါဘူး ကိုသိန်းမောင်၊ မခံချင်လည်းမရှိနဲ့။ အဘိုးကြီးကိုတော့ ခင်ဗျား ဉာဏ်မမီဘူးဗျ။ ကျုပ်ကိုယ်တိုင် တစ်နည်းထွင်ပါဦးမယ်"

ထိုနေ့ တစ်နေ့လုံး ဦးစံရှားသည် အိမ်မှထွက်သွား၍ မိုးချုပ်မှ ပြန်လာရာတွင် ခွေးတစ်ကောင် ပါလာသည်။ ခွေးမှာ သမင်ခွေးမျိုးဖြစ်၍ လည်ပတ်၊ သံကြိုး စသည်ဖြင့် အပြည့်အစုံပါလာသည့်ပြင် ခွေးစားရန်အတွက် အမဲသားကင် တစ်ထုပ်လည်း ဝယ်လာခဲ့သည်။

ရှား။ ။ "ခွေးဆိုတာမျိုးက အစာကျွေးရင် ခင်တော့တာပဲဗျ၊ သို့သော် ချစ်စရာကောင်းတဲ့ အချက်တစ်ခုက သူ့ကို တစ်ခါကျွေးထားရင် ဒီလူကို ဘယ်တော့မှ ရန်မမူတော့ဘူး။ ဒီအချက်မှာတော့ လူထက်တောင် သာပေတယ်။ လူများက ဒီလောက် သစ္စာမရှိချင်ဘူး။ ဒါကြောင့် လူအကြောင်း သိလေလေ ခွေးကိုချစ်လေလေလို့ အင်္ဂလိပ်စာရေးဆရာ တစ်ယောက်က ရေးဖူးတာပဲ"

ထိုညဉ့်၌ ဦးစံရှားသည် ပုလင်းကလေး တစ်လုံးယူ၍ အိမ်မှ ထွက်သွားမည် ပြုပြင်ရာတွင်...

ကျွန်။ ။ "ဘာပုလင်းလဲဗျ၊ ဘယ်သွားမလို့လဲ"

ရှား။ ။ "စမုန်ဆီပုလင်းလေ"
ကျွန်။ ။ "ဘာလုပ်ဖို့လဲ"
ရှား။ ။ "စက်ဘီးနောက်ကလိုက်လို့ လွယ်ကူအောင်ပေ့ါဗျာ"
ကျွန်။ ။ "နားမလည်ပေါင်ဗျာ"
ရှား။ ။ "ကိုသိန်းမောင် ဝေးသေးတာကိုးဗျ၊ စမုန်ဆီပုလင်းနဲ့ ခွေးကိုမြင်ရတဲ့အပြင် စက်ဘီးနောက်ကို လိုက်လို့ လွယ်ကူအောင်ဆိုတာတောင် မရိပ်မိဘဲဟာကိုး"
ကျွန်။ ။ "ဩော်… နားလည်ပြီဗျို့၊ သူ့စက်ဘီးတာယာမှာ စမုန်ဆီသုတ်ထားပြီး…"
ရှား။ ။ "ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ တည့်တည့်ပြောမှ ရိပ်မိရောပေ့ါ။ ကိုင်း… ကျုပ်သွားပြီး အလုပ်လုပ်လိုက်ဦးမယ်"

ထိုည ၁၀ နာရီကျော်မှ ဦးစံရှားပြန်လာရာ ဒေါက်တာမော်တင်စီးသော စက်ဘီးကို ခဲယဉ်းစွာ စောင့်၍ရှာပြီး စမုန်ဆီ သုတ်ထားခဲ့ကြောင်း ပြောပြလေသည်။

***

နောက်တစ်နေ့နံနက် စောစောကြီးထ၍ ကျွန်တော်တို့သည် ခွေးသမင်ကို သံကြိုးဖြင့်ဆွဲလျက် မြို့အဝင်ဝရှိ လက်ဖက်ရည်ဆိုင်သို့ သွားကြပြီးလျှင် ခွေးရော လူပါ စားစားသောက်သောက် စောင့်နေကြသည်။ နာရီဝက်ခန့်ကြာသောအခါ ဒေါက်တာမော်တင်သည် စက်ဘီးနှင့် ဆိုင်ရှေ့မှ ဖြတ်စီးသွားလေရာ ဆိုင်ဘက်သို့ လှမ်းကြည့်သော်လည်း ကျွန်တော်က ခွေးကို ခပ်ကွယ်ကွယ် ဝှက်ထားလိုက်သည်။

အတန်ကြာအောင် စောင့်ပြီးနောက် ဦးစံရှားသည် စမုန်ဆီပုလင်း၌ အကပ်အသပ် ကျန်နေသော စမုန်ဆီကို ခွေး၏ နှာခေါင်းဝသို့ တေ့ပြလိုက်ရာ ခွေးသမင်သည် နားလည်သည့် လက္ခဏာနှင့် ဦးခေါင်းမော့မော့ လည်တိုင်ကြော့ကြော့ ဖြစ်လာတော့သည်။

ထို့နောက် ဦးစံရှားသည် လမ်းပေါ်တွင် ဒေါက်တာမော်တင် ဖြတ်သွားသော နေရာသို့ ခွေးကို ဆွဲသွားသည့်နှင့်တစ်ပြိုင်နက် ခွေးသည် မြေကြီးပေါ်သို့ ဦးခေါင်းငုံ့ကာ တစ်ရှူးရှူး ရှူရှိုက်ပြီးလျှင် မြို့ဘက်သို့ ပြန်ပြေးမည်ပြု၏။ သို့ရာတွင် ဦးစံရှားက မြို့ဘက်သို့မဟုတ်ဘဲ မြို့ပြင်သို့ ထွက်သွားသောလမ်းကို ဦးလှည့်ပေးလိုက်သည်တွင် ခွေးသမင်သည် ဒေါက်တာမော်တင်သွားသောလမ်းအတိုင်း ကောက်ကောက်ပါအောင် လိုက်သဖြင့် ဦးစံရှားက သံကြိုးကိုင်လျက် လိုက်ရလေသည်။

ရှား။ ။ "စမုန်ဆီနံ့များဆိုရင် ခွေးသမင်က ဒီကနေပြီး ပြည်မြို့ထိအောင်တောင် လိုက်နိုင်ရဲ့ဗျာ။ ကိုင်း… သုတ်သုတ်ဗျို့ ကိုသိန်းမောင်"

ဦးစံရှားသည် ခွေးနောက်မှ သံကြိုးကို ကိုင်လျက် ကျွန်တော်က သူ၏ နောက်မှ လျှောက်လာခဲ့ကြရာ ခွေးသမင်သည် မြေကြီးနှင့် နှာခေါင်းခွာတော့သည်မရှိဘဲ တစ်ကပ်တည်း ကပ်လျက် တရှူးရှူးနှင့် လိုက်လေ၏။ ကားလမ်းမကြီးပေါ်၌ သွားလာကြသော

မော်တော်ကားများပေါ်မှ လူများသည် ကျွန်တော်တို့ နှစ်ယောက်ကိုကြည့်ကာ ပြုံးလျက် အချို့က "ဦးစံရှားနှင့် ဦးသိန်းမောင်ထင်တယ်"ဟု ထင်မြင်ချက်ပေးကြသေးသည်။

လေးမိုင်ကျော် ငါးမိုင်ခန့် (အချိန်တစ်နာရီကျော်) လျှောက်လာမိကြသည်တွင် ခွေးသမင်သည် လမ်းမကြီးတစ်လျှောက် တည့်တည့်ကြီးလိုက်ရာမှ လက်ဝဲဘက်သို့ ရုတ်တရက် ချိုးကွေ့သွားလေသည်။ ထိုနေရာ၌ လမ်းဟူ၍မရှိ။ မြက်ခင်းပေါ်တွင် မှေးမှိန်စွာ ပေါ်ထွက်နေသည့် ဘီးကြောင်းရာကလေးမျှလောက်သာ မြင်နိုင်ပေသည်။

ရှား။ ။ "ဟုတ်ပြီဗျို့၊ ဒီနေရာမှာ ဒေါက်တာ ချိုးဝင်သွားမိလို့ ကျုပ် မျက်ခြေပြတ်သွားတာကိုး၊ မြက်ပေါ် ဘီးကြောင်းရာကလေး မြင်လား၊ ဒီဟာ စက်ဘီးနဲ့ အခေါက်ခေါက် အခါခါ လာထားလို့ ရေးရေးကလေး ထင်နေတာပဲ။ ဟိုတုန်းက ကျုပ် ဘယ်မြင်နိုင်မှာလဲဗျာ။ အခုတောင် ခွေးက ချိုးကွေ့လိုက်လို့သာ ကျုပ်တို့ မြင်နိုင်တာကိုးဗျ"
ကျွန်။ ။ "ဟောဟိုရှေ့က ဒေါက်တာထင်တယ်ဗျို့"

ထိုခဏ၌ လူတစ်ယောက်သည် မြက်လမ်းကြောင်းကလေးပေါ်တွင် ကျွန်တော်တို့ဘက် စက်ဘီးစီးလာသည်ကို ရင်ဆိုင်တွေ့ကြရလေ၏။

ရှား။ ။ "ဟိုက်... ဟုတ်တယ်ဗျို့ ကိုသိန်းမောင်၊ မြန်မြန်လုပ်ပါဗျို့"
ဟု ပြောပြောဆိုဆိုနှင့် ခွေးကို တရွတ်ဆွဲ၍ ချုံတစ်ချုံနောက်သို့ ဝင်ပုန်းလေရာ ကျွန်တော်လည်း သူ့နောက်မှ လိုက်၍ ပုန်းရလေသည်။ ကျွန်တော်တို့သည် အနီးမှကပ်၍ စီးသွားသော ဒေါက်တာမော်တင်ကို ချုံကြားမှ ချောင်းကြည့်လိုက်ရာ ထိုသူသည် ဦးခေါင်းငိုက်စိုက်နှင့် စက်ဘီးစီးသွားသည်ကို မြင်လိုက်ရသည်။ ထိုအကြောင်းကြောင့်လည်း ကျွန်တော်တို့ကို မမြင်ဘဲ မျက်စိလျှမ်းသွားဟန်တူ၏။ မြက်ခင်းကို ကျော်လွန်၍ လမ်းမကြီးပေါ်သို့ ရောက်သွားသောအခါမှ ကျွန်တော်တို့သည် ချုံကွယ်မှ ထွက်လာကြသည်။

ရှား။ ။ "တစ်ခုခုတော့ ဖြစ်ပြီထင်တယ်ဗျို့ ကိုသိန်းမောင်၊ ဒေါက်တာမော်တင် ကြည့်ရတာ မျက်နှာ တယ်မသာဘူး"
ကျွန်။ ။ "ဦးခေါင်းငိုက်စိုက်ကြီးနဲ့ ဘာမှ ဂရုစိုက်ပုံ မပေါ်ဘူး၊ ဒါကြောင့်လည်း ကျုပ်တို့ကို မမြင်ဘဲ လျှမ်းသွားတာပဲ"
ရှား။ ။ "ကိုင်း... ဘာပဲဖြစ်ဖြစ် သိရအောင်ဟာ အဆုံးတိုင်အောင် လိုက်ကြဦးမှပဲဗျို့"

ထို့နောက် ကျွန်တော်တို့သည် ခွေးသမင်ကို ရှေးနည်းအတူ လွှတ်ပေး၍ ယင်းနောက်မှ ဆက်လက်လိုက်ကြပြန်ရာ တစ်မိုင်ခန့် လျှောက်ကြသောအခါတွင် အိမ်ခြေ ၂၀ ခန့်ရှိသည့် တံငါရွာကလေးသို့ ရောက်ကြလေသည်။ ရွာကလေးမှာ အိမ်တိုင်းလိုပင် မြှုံးနှင့်ပိုက်ကွန်များ မြင်ရသောကြောင့် တံငါရွာဟာ ဆိုရခြင်းဖြစ်သည်။ ခွေးသည် ရွာကလေးနံဘေးမှ ပွတ်ကပ်၍ ရွာ၏အခြားဘက် အစွန်းရှိ အိမ်သစ်ကလေးတစ်ဆောင်သို့ ရောက်သောအခါ ဆက်လက်၍ မလိုက်တော့ဘဲ တအီအီမြည်ကာ လှည့်ပတ်နေလေတော့သည်။

အိမ်သစ်ကလေး၌ကား လူအစအနမမြင်၊ တိတ်ဆိတ်စွာရှိနေ၏။ ဦးစံရှားသည် ခွေးကို သစ်ငုတ်တိုတစ်ခုတွင် ချည်ထားခဲ့၍ အိမ်သစ်ကလေးပေါ်သို့ တက်လေ၏။ အိမ်ကလေးမှာ တလိုင်းအိမ်ပုံဖြစ်၍ အထပ်ခိုးကလေးရှိရာ ကျွန်တော်တို့သည် ရှေ့အဆောင်မှ အထပ်ခိုးပေါ်သို့ တက်လာကြသည်တွင် အံ့အားသင့်လျက် ရပ်ကြည့်နေကြရလေတော့သည်။

အကြောင်းသော်ကား ထောင့်၌ရှိသော ခုတင်တစ်လုံးပေါ်၌ ရုပ်ရည်အလွန်ချောသော ဘိုမကလေးတစ်ယောက် ပက်လက်လှန် အိပ်နေရာ ခုတင် တစ်ဖက်တစ်ချက်တွင် ဘိုကလေးတစ်ယောက်နှင့် ဘိုကပြားကြီး တစ်ယောက်သည် သူငယ်မ၏ လက်များကို တစ်ဖက်စီ ကိုင်ကာ ဒူးထောက်လျက်ရှိကြ၏။ ထိုသူနှစ်ယောက်သည် ကျွန်တော်တို့ တက်လာကြသည်ကိုပင် ဂရုမစိုက်၊ အရေးမလုပ်သည့် လက္ခဏာနှင့် လှည့်၍မျှ မကြည့်ကြချေ။

ထိုခဏ၌ သူငယ်မက "ဒက်ဒီ"ဟု ခေါ်လိုက်ရာ ကပြားကြီးသည် တိုး၍ ဦးညွှတ်၏။ ထို့နောက် "ဝါလတာ ဒါလင်" ဟု ခေါ်ပြန်ရာ ဘိုကလေးသည် ရှေ့သို့ တိုး၍ ချဉ်းကပ်ပြန်သည်။ ထို့နောက် "ကစ်စ်မီ"(ကျွန်မကို နမ်းကြစမ်းပါ)ဟု အသံသဲ့သဲ့ဖြင့် ပြောပြန်သည်တွင် တစ်ဖက်တစ်ချက်ရှိ လူနှစ်ယောက်သည် ဒူးထောက်ရင်းပင် ပါးတစ်ဖက်တစ်ချက်စီ နှုတ်ခမ်းဖြင့် ထိကြလေသည်။ နောက်တစ်ခဏ၌ သူငယ်မသည် ဘိုကလေးရှိသောဘက်သို့ ဦးခေါင်းလှည့်မည် ပြုရာမှ မျက်ဖြူလန်သွားသည်နှင့် ကျွန်တော်တို့လည်း ခြေဖျားထောက်ကာ အထပ်ခိုးပေါ်မှ ဆင်းလာခဲ့ကြသည်။

ဦးစံရှားသည် ဦးခေါင်းယမ်းလျက် ခွေးသမင်ချည်ထားရာသို့ သွား၍ သစ်ငုတ်တိုမှ ဖြုတ်မည်ပြုဆဲတွင် စက်ဘီးနှင့် ပြန်ရောက်လာသော ဒေါက်တာမော်တင်နှင့် ပက်ပင်းပါ တွေ့ကြလေသည်။

တင်။ ။ "တယ်ပြီးဖွဲ့ကောင်းတဲ့ လူစုပါလား၊ ဘယ့်နယ်လဲ တွေ့ခဲ့ကြပြီလား"
ရှား။ ။ "တွေ့ခဲ့ပြီ ဒေါက်တာ၊ သူငယ်မတော့ အသက်ကုန်ရှာပြီနဲ့ တူတယ်"
တင်။ ။ "တယ်ရှုပ်တဲ့လူတွေပဲကိုး၊ သတ္တဝါတစ်ဦး အသက်ထွက်ဖို့တောင် အေးအေးဆေးဆေး မထွက်ရဘူး၊ သိပ်နောင့်ယှက်ကြတာပဲ၊ ကျုပ် ငယ်ငယ်တုန်းကဆိုရင် ဒါမျိုးကို ချမ်းသာမပေးဘူး၊ ဆုံးမလွှတ်မှာပဲ အခုတော့..."
ရှား။ ။ "သည်းခံပါ ဒေါက်တာ၊ တစ်ယောက်နဲ့တစ်ယောက် အထင်အမြင် လွဲနေကြလို့ ဖြစ်ပါတယ်။ ကျွန်တော့်ကို မစွတကူးပါးက ငှားတာ မဟုတ်ပါဘူး။ လူတစ်ယောက် ပျောက်နေတယ်ဆိုလို့ ထောက်လှမ်း စုံစမ်းရခြင်းမျှသာ ဖြစ်ပါတယ်။ ဒီကိစ္စမှာ တရားဥပဒေကို ချိုးဖောက်ခြင်း မကင်းဘူးဆိုရင်လည်း ကျွန်တော် လူသိသူသိ မဖြစ်စေရအောင် ကူညီပြီး ဖုံးဖိပေးဖို့ အဆင်သင့်ရှိပါတယ်"
တင်။ ။ "ဒီလိုဆိုရင်ဖြင့် ကျေးဇူးပါပဲဗျာ၊ ကျုပ်က လူရှုပ်တွေ ခွေးတစ်ကောင်နဲ့ လိုက်သွားတယ် သတင်းရလို့ ပြန်လှည့်လာတာ။ ခုပုံတော့ မျက်နှာစုံညီ ရှင်းလင်းခွင့်ရလို့ ခပ်ကောင်းကောင်းပါပဲ။ ဖြစ်ရပုံက ဒီလိုဗျ၊ လင်းဆေးဟာ ကူးပါးရဲ့ တူအရင်းလည်း ဖြစ်တယ်၊ အမွေခံ အမွေစားလည်း ဖြစ်တယ်၊ လင်းဆေးက ဘီအိုစီကုမ္ပဏီမှာ အလုပ်လုပ်တဲ့ မက္ကင်တော့ရှ်ရဲ့ သမီးနဲ့ ချစ်ကြိုက်တာကို ကူးပါးက သဘောမတူဘူး။ သူ သဘောမတူဘဲ ဖွတ်ယူရင်

အမွေဖြတ်ပစ်နိုင်တယ်။ လင်းဆေးကလည်း သူငယ်မကို မပြတ်နိုင်ဘူး၊ ကျုပ်ကတော့ ကူးပါးနဲ့လည်း သူငယ်ချင်း၊ လင်းဆေးကိုလည်း ချစ်လေတော့ ကူးပါးကို နားချတယ်၊ ကူးပါးက အင်မတန် ခေါင်းမာတယ်။ နောက်ဆုံးမှာ လင်းဆေးက သူငယ်မကို တိတ်တဆိတ် လက်ထပ်ပြီး ဒီရွာကလေးမှာ ဝှက်ထားတော့ ကျုပ်က အကူအညီပေးရတယ်။ သူငယ်မဟာ အင်မတန် လိမ္မာတယ်လို့ ကျုပ် သိတဲ့အတွက် မကူညီဘဲ မနေနိုင်အောင် ဖြစ်ခဲ့တယ်။ ဒီအတောအတွင်းမှာ မိန်းကလေးက မကျန်းမာတော့ ကျုပ်က လူသူမသိအောင် ဘိုင်စကယ်နဲ့ လာလာပြီး ကြည့်ရတယ်။ လူငယ်နှစ်ယောက်စလုံး လူတော်ကလေးတွေချည်း ဖြစ်လို့မို့ ကျုပ်က သာပြီး ကရုဏာ ဖြစ်ရခြင်းပါပဲ”

ရှား။ ။ “ဟိုတစ်နေ့က လင်းဆေးဆီကို စာလာပေးတာ ဘယ်သူပါလိမ့်ခင်ဗျာ”

တင်။ ။ “မင်္ဂလာကင်တော့ရှိက သူ့မိတ်ဆွေ ကပြားတစ်ယောက်ကို လွှတ်လိုက်သတဲ့”

ရှား။ ။ “ကိုင်း… ဒါပါပဲဗျာ။ ဒီကိစ္စကို တိုင်းသိပြည်သိဖြစ်ပြီး ကူးပါးနား မပေါက်ကြားရလေအောင် ကျွန်တော် ကူညီပြီး ဖုံးဖိပေးပါ့မယ်၊ စိတ်ချပါ”

ဤတွင် ဒေါက်တာမော်တင်က “ကျေးဇူးကြီးလှပါတယ်ဗျာ”ဟု ဆို၍ ဦးစံရှား၏လက်ကို လှုပ်ယမ်းလေသည်။

ကျွန်တော်တို့ ပြန်လာကြသောအခါ “မနေ့က ဘောလုံးပွဲမှာ လင်းဆေးမပါလို့ ရှုံးရတယ်ဆိုပေမဲ့ ကျုပ်တို့သိချင်တာကလေး သိရလို့ အောင်မြင်တယ် ဆိုသင့်တာပေါ့ဗျာ”

*****

## ဉာဏ်သမား မောင်မောင်ဦး

တစ်နေ့သော ညနေခင်းအချိန်၌ ကျွန်တော်နှင့် ဦးစံရှားတို့သည် ခြေညောင်းလက်ဆန့် လမ်းလျှောက်ကြရာမှ မီးထွန်းချိန်ခန့်တွင် အိမ်သို့ ပြန်လာကြရာ စားပွဲပေါ်၌ ကားချပ်ကလေးတစ်ခု တင်လျက်ရှိသည်ကို မီးရောင်တွင် တွေ့ရှိကြရလေ၏။

ဦးစံရှားလည်း ကားချပ်ကို ယူကြည့်၍ ယင်းတွင် ရိုက်နှိပ်ပါရှိသော အမည်ကို တွေ့ရှိရသည့်အခါ ကားချပ်ကို တံတွေးနှင့် ထွေးပြီးနောက် တစ်ခုသောထောင့်သို့ လွှင့်၍ပစ်မည့်ပြုပြီးမှ ကားချပ်၏ တစ်ဖက်မျက်နှာသို့ လှန်၍ အကြည့်တွင်…

“၇ နာရီလောက် တစ်ခေါက်လာခဲ့ပါဦးမည်”

ဟူ၍ လက်ရေးဖြင့် ရေးသားထားသည်ကို တွေ့မြင်ရလေ၏။

ထိုအခါ ကျွန်တော်လည်း ဦးစံရှားသည် ဤကားချပ်ကို မြင်ကာမျှနှင့် အဘယ့်ကြောင့် ဤမျှလောက် စက်ဆုပ်ရွံ့ရှာ ဖြစ်လေဘိသနည်းဟု အံ့ဩလှသည်နှင့် အကျိုးအကြောင်းကို မေးမြန်းရာ ဦးစံရှားက…

“မောင်မောင်ဦးဆိုတဲ့အကောင် ဒီအကောင်ပေါ့ဗျ။ ခင်ဗျား မကြားဖူးဘူးလား သူ့အကြောင်း”

“မကြားဘူးပေါ်ဗျာ”

"ဒီအကောင်က အခုတလော ရန်ကုန်မှာ အင်မတန်မွှေနေတဲ့ အကောင်ပေါ့ဗျ။ အင်မတန် ယုတ်၊ အင်မတန် ညစ်၊ အင်မတန် စက်ဆုပ်ဖို့ကောင်းတဲ့ အကောင်တစ်ယောက်ဗျ။ ဒီလိုဗျ ဒီအကောင်က သူ့အမိအဖက တော်တော်ကလေး ပိုက်ဆံကြေးငွေနဲ့ ပြည့်စုံလေတော့ သူ့ကို အင်္ဂလိပ်စာကလေး ဘာကလေး သင်ကြားပြီး ဘိလပ်တွေ ဘာတွေလွှတ်တာကိုး။ လွှတ်တော့ သူက ဘိလပ်မှာ ဘာသင်ခဲ့သလဲ။ ဘာမှမသင်ခဲ့ဘူး။

ဟိုအရပ်က မြို့ကြီးပြကြီးဆိုတော့ လူဆိုး လူမိုက်တွေက ခပ်ပေါပေါနဲ့ လူဆိုး လူမိုက်တွေနဲ့ချည်း ပေါင်းသင်းပြီး ဆိုးတဲ့မိုက်တဲ့ပညာတွေ အတော်တတ်ခဲ့တယ်။ သူ့ဉာဏ်က ဘာလဲ၊ မိကောင်းဖခင် သားသမီးတွေ၊ သားမယားတွေဆီက ငွေညှစ်တဲ့ပညာတစ်ခု တတ်ခဲ့တယ်။ ညှစ်ပုံက ဘယ်လိုလဲဆိုတော့ သူက လူကြီးလူကောင်းများအိမ်က အစေခံတွေ ဘာတွေနဲ့ ပေါင်းပေါင်းပြီး သမီးရည်းစားပေးတဲ့ စာဖြစ်စေ၊ ဒို့ပြင် လူသူမသိစေချင်တဲ့ စာများဖြစ်စေရအောင် အခိုးခိုင်း၊ ခိုင်းပြီး သူက ဒီစာတွေကို ငွေပေးပြီးဝယ်၊ ဝယ်တဲ့နေရာမှာလည်း အကောင်က ငွေများ နည်းနည်းမှ မနမြောဘူးဗျ။ တကယ်အရေးကြီးတဲ့စာများဆိုရင် သုံးကြောင်းလောက်များ ငွေငါးရာပေးဝယ်သတဲ့။

ဥပမာ ဆိုပါတော့ဗျာ၊ မိကောင်းဖခင် သမီးကလေးတစ်ယောက်က သူ့ရည်းစားဆီ ချစ်ကြိုက်ကြောင်း စာတစ်စောင် ပြန်ပြီးရေးမိတယ် ဆိုပါတော့ဗျာ။ နောက်တော့ ဒီမိန်းကလေးက လက်ဦးရည်းစားနဲ့ပျက်ပြီး ဒို့ပြင်လူတစ်ယောက်နဲ့ လူကြီးများက စေ့စပ်ပြီး ပေးစားမယ်လုပ်ကရော၊ လုပ်တော့ ဒီကောင်က ဘယ့်နှယ်လုပ်သလဲ၊ ခုတင်က လက်ဦးရည်းစားဆီပေးတဲ့ စာတွေကို ရအောင်ရှာဝယ်၊ ဝယ်ပြီး မိန်းကလေးကို ဘယ့်နှယ်ညှစ်သလဲ သူ့ကို ငွေမည်မျှပေးရင်ပေး၊ မပေးရင် ဒီစာတွေကို သူနဲ့ယူမယ့် ယောကျ်ားကို အကုန်ပြလိုက်မယ်၊ ဒီလိုခြိမ်းခြောက်တော့တာကိုးဗျ။

ဒီတော့ မိန်းကလေးကလည်း မိကောင်းဖခင် သားသမီးဆိုတော့ အရှက်ကို ငဲ့ပြီး အမိအဖများဆီက အကျိုးအကြောင်းပြောပြပြီး ငွေတောင်း၊ တောင်းပြီး အရှက်မကွဲချင်လေတော့ ဒီအကောင်ကို ပေးရတာကိုးဗျ၊ ဒီကောင်က သူတောင်းတာ ပေးရင်ပေး မပေးရင် တကယ်ကို သူပြောတဲ့အတိုင်း ပြလိုက်တာပဲဗျ။ ပြလိုက်လို့ သမီးရည်းစား တောင်းရမ်းခါနီးဆဲဆဲမှာ ကွဲသွားကြတာတွေ ဘယ်လောက် များပြီလဲဗျာ"

"တယ်ယုတ်မာတဲ့ ညစ်စုတ်တဲ့ အကောင်ပါကလားဗျာ"

"ဒီအတတ်တွေ သူက ဘိလပ်က တတ်ပြီး လာခဲ့တာဗျ။ ဟိုဆီက လူတွေက ကောင်းတဲ့နေရာမှာရော၊ ဆိုးတဲ့နေရာမှာရော တစ်ဖက်ကမ်းခတ်တဲ့ လူတွေကလားဗျ။ သူက ဘိုလည်း ခပ်ဆန်ဆန်ပဲ၊ မြင်ဖူးလား၊ သူ့နာမည်များ ကားချပ်တွေ ဘာတွေနဲ့ နိပ်လို့။ ဘယ်လောက် စတိုင်လုပ်တဲ့လူလဲ။ ဒီလိုငွေညှစ်တဲ့နေရာမှာတော့ ဉာဏ်လည်း တော်တော်သွားတဲ့လူဗျို့၊ စိတ်လည်း တော်တော်ရှည်တယ်။ တစ်ခါတလေ စာတွေများ ဖိုးကြီးရင်းထိုက်ပေးဝယ်ပြီး နှစ်ရှည်လများ သိမ်းပြီးထားသေးတယ်။ ချက်ကောင်းပေါ်လို့ သူညှစ်တိုင်း ရလောက်တဲ့အချိန်ကျမှ ထုတ်ပြီး ညှစ်တာကိုးဗျ။

ကျုပ်ဖြင့် လူဆိုးအမျိုးမျိုး လူမိုက်အမျိုးမျိုးနဲ့ တွေ့ခဲ့လှပါဗျာ။ ဒီအကောင်လောက် စက်ဆုပ်ဖို့ကောင်းတဲ့ အကောင် တစ်ကောင်မှမတွေ့ဖူးပါဘူး။ လူတစ်ယောက်က တစ်ယောက်ကို ဒေါသအလျောက် ထပြီး ဓားနဲ့ခုတ်လိုက်တယ်။ တုတ်နဲ့ ရိုက်လိုက်တယ်ဆိုတာက တယ်ပြီး စက်ဆုပ်ဖို့ မရှိသေးဘူးဗျ။ ဒီအကောင်ကတော့ လူတစ်ယောက်ကို ရန်သူလည်း မဟုတ်၊ အမျက်လည်း မဖြစ်ဖူးဘဲနဲ့ နှစ်ရှည်လများ စောင့်ဆိုင်းနေပြီး မိလောက်တဲ့အချက်ပေါ်မှ စိစိညက်ညက်ပါအောင် ချေတဲ့ အကောင်ဗျ၊ ဘယ်လောက်ရွံ့ဖို့ကောင်းတဲ့ အကောင်လဲ"

"တယ်ညစ်တဲ့အကောင်ပါကလားဗျာ။ နို့ ဒါထက် နေပါဦးဗျာ၊ သူတစ်ပါးဆီက အခုလို ငွေညှစ်တာ တရားဥပဒေနဲ့ မဆန့်ကျင်ဘူးလားဗျ၊ ပုလိပ်တွေက ဘာလုပ်နေကြသလဲ"

"ဩော်... ကိုသိန်းမောင်က တယ်ဝေးသေးတာကိုးဗျ၊ ပုလိပ်တွေထက် သူက ပါးတော့မပေါ့ဗျ။ သူညှစ်တာက သေချာလောက်တဲ့ လူကိုမှ သူက ညှစ်တာဗျ။ မိကောင်းဖခင် သားသမီးကလေးများ တစ်ကြိမ်တစ်ခါမှားဖူး ယွင်းဖူးတယ်။ ဒီလိုဟာတွေ သူက လိုက်တာဗျ။ တကယ်လို့ တရားစွဲရင် သူ့မှာ အလွန်ဆုံး ထောင်တစ်လ နှစ်လကျမယ် အမှန်ပေါ့။ သို့သော် ဟိုမှာတော့ တစ်သက်လုံး အရှက်ကြီး ကွဲရတော့မှာကိုးဗျ။ ဒီတော့ သူ့ကို ပြန်ပြီး မကြံ့ဘူး။ ကိုယ့်အပြစ်ကလေးကလည်း အမှန် ရှိနေရှာတာကိုးဗျ။ တကယ်လို့ အစွန်းအထင်း မရှိတဲ့လူသူကို သွားပြီးညှစ်မိရင်လည်း သူ ဒုက္ခပေါ့ဗျာ။ သို့သော် သူက အပါးကြီးကလားဗျာ။ ဒီလိုဟာတော့ သူက မလုပ်ဘူး၊ မိလောက်တဲ့သူမှ၊ သေချာပုံပေါက်မှ သူက လိုက်တာကိုးဗျ"

"နို့ နေပါဦးဗျာ၊ ဒီလောက်ယုတ်မာတဲ့ လူတစ်ယောက်က ခင်ဗျားနဲ့ ဘာကိစ္စများရှိလို့ တွေ့ချင်ရသလဲဗျာ"

"ဩော်... ကိုသိန်းမောင်ကလည်း ကျုပ်တို့ စုံထောက်မျိုးဟာ ယုတ်ပေ့ဆိုတဲ့ လူ၊ ဆိုးပေ့ဆိုတဲ့ လူများနဲ့မှ အလုပ်လုပ်ရတာကိုးဗျ။ ဒီအကောင်က ကျုပ်ခေါ်လို့ လာတာပဲ၊ ကျုပ်နဲ့သူနဲ့ ကိစ္စလေးတစ်ခုရှိတယ်ဗျ"

"ဘာကိစ္စလဲဗျာ"

"ဒီလိုဗျာ၊ ကျုပ်တို့ ရန်ကုန်က မြို့ဝန်ကြီးတစ်ယောက် သမီးနဲ့ စစ်ကဲဦးထင်ပေါ်နဲ့ ရှေ့လာမယ့် တနင်္ဂနွေနေ့မှာ ဂျူဗလီဟောမယ် လက်ထပ်ပွဲဗျ။ ဒီသူငယ်မက ဟိုးလွန်ခဲ့တဲ့ သုံးနှစ်လောက်က ကောလိပ်ကျောင်းသား တစ်ယောက်နဲ့ ချစ်ကြိုက်ဖူးပါရော။ ချစ်ကြိုက်ဖူးတော့ လူငယ်တို့ဘာဝ စာပေးစာယူလုပ်မိ ဘာလုပ်မိနဲ့ မှားမိတာပေါ့လေ။ ဒီစာတွေက အခု ဒီကောင့်လက်ထဲ ရောက်နေတယ်ဗျ။ ရောက်တော့ကာ ဒီအကောင်က သူငယ်မဆီက ငွေညှစ်၊ ညှစ်တော့ကာ မိန်းကလေးခမျာမှာလဲ မကြံတတ်လေတော့ ကျုပ်ဆီ ပြေးလာရှာတာကိုးဗျာ။

ဒီအမှုကို သူ့မိဘတောင် မသိစေချင်ရှာဘူးတဲ့။ ဒါကြောင့်မို့ ဒီအကောင်နဲ့ ကျေအေးအောင် တစ်ဆိတ်လောက် စေ့စပ်ပေးပါလို့ ပြောရှာတယ် ကိုသိန်းမောင်ရဲ့။ ဟော အောက်ထပ်က မော်တော်ကားရပ်တယ် မှတ်တယ်။ ကျုပ်လူပဲထင်တယ်ဗျို့"ဟု ပြောသဖြင့် ကျွန်တော်လည်း အိမ်ရှေ့ဝရန်တာမှ ထ၍ကြည့်ရာ အလွန်တရာ ပြောင်လက်လှသော မော်တော်ကားတစ်စီးသည် တိုက်ရှေ့၌ရပ်ပြီးနောက် လူတစ်ယောက်သည် ကျွန်တော်တို့ တိုက်ပေါ်သို့ တက်လာပြီးလျှင် အခန်းတွင်းသို့ ဝင်လာလေ၏။

ယင်း မောင်မောင်ဦးမှာ အသက် ၃၅ နှစ်အရွယ်ခန့်မျှရှိလျက် ဇန်ကောက်ပုဆိုးရှည်၊ သက္ကလတ်အင်္ကျီရင်ဖုံး၊ ခေါင်းပေါင်းအုပ်ပေါင်း၊ ပေတင့်ရှူးဖိနပ် အစရှိသည်တို့ဖြင့် သေသပ် ကောင်းမွန်စွာ ဝတ်ဆင်လျက်ရှိသည့်ပြင် အသွင်အပြင်မှာလည်း အတော်အတန် လူရည်သန့်လျက် ရုစ်ရတီခန့်မျှရှိသည့် ပထမတန်းစား စိန်လက်စွပ်တစ်ကွင်းကိုလည်း လက်သူကြွယ်တွင်ဝတ်ကာ နှုတ်ခမ်းမွေးကိုသပ်လျက် ဝင်လာလေ၏။

ထိုသူမှာ အလုံးအရပ် ပုပုပျပ်ပျပ်နှင့် ဖျတ်လတ်သည့် အမူအရာလည်း ရှိသည့်ပြင် အရုပ်အရည်မှာလည်း အတော်အတန် ချောမောသည်ဟု ဆိုအပ်သည် ဖြစ်သော်လည်း မျက်နှာထားမှာ အစဉ်မပြတ် ခပ်ပြုံးပြုံး ထားသည်ဖြစ်၍ ထိုသူပြုံးသော မျက်နှာထားသည်ပင်လျှင် ရက်စက်သည့် အတွင်းသဘောရှိကြောင်း ထင်ရှား သိမြင်နိုင်လောက်ပေ၏။

အခန်းတွင်းသို့ ဝင်လာပြီးနောက် မောင်မောင်ဦးသည် လူမှုရေး၌ ကောင်းစွာ ကျွမ်းကျင်သည့် လက္ခဏာ ရှိသည့်အတိုင်း အနည်းငယ်မျှ ဆုတ်ဆိုင်းဖင့်နွဲခြင်းမရှိဘဲ မျက်နှာထား ချိုသာစွာနှင့် ကုလားထိုင်တစ်ခုပေါ်တွင် ထိုင်ပြီးနောက်...

"ကျွန်တော် ခုတင်က တစ်ခေါက်ရောက်သေးတယ်ဗျ၊ ဦးစံရှားတို့ အပြင်ထွက်ပြီး လမ်းလျှောက်သွားကြတယ် ပြောတယ်"ဟု စကားချိုသာစွာ ပြောလေလျှင် ဦးစံရှားလည်း ထိုသူ၏ ချိုသာသောမျက်နှာကို ပမာဏမပြုဘဲ မျက်နှာ ခပ်တင်းတင်းထား၍...

"ကိုင်းဗျာ ကိစ္စကို မြန်မြန်ပြီးအောင် လုပ်ကြရအောင်"ဟု ပြောလေရာ မောင်မောင်ဦးလည်း ဦးစံရှား၏ မျက်နှာကို မြင်သည်တွင် ရေးကထက်ပင် ချိုသာစွာ ထားပြန်လေ၏။

ထို့နောက် မောင်မောင်ဦးလည်း နှုတ်ခမ်းမွေးကို သပ်လျက် ကျွန်တော့်ကို မျက်စပစ်၍ ပြပြီးလျှင်...

"ဒီက မိတ်ဆွေကြီးကကော ဦးစံရှားရဲ့ သူကြားလို့ တော်ပါ့မလား"

ရှား။ ။ "ဒီဟာက ကျုပ် မိတ်ဆွေကြီးကပဲ၊ ကိစ္စမရှိပါဘူး"

ဦး။ ။ "ကျွန်တော်က ကိစ္စမရှိပါဘူးဗျာ၊ သူငယ်မအတွက် ကျွန်တော်က ပြောတာပါ"

ရှား။ ။ "ကိစ္စမရှိပါဘူးဗျာ၊ ကျုပ်ပြောပြလို့ သူ သိပြီးသားပါ"

ဦး။ ။ "ရွှေ့... ကိုင်း... ဒါဖြင့် မြန်မြန်ဆောင်ရွက်စို့။ သူငယ်မက ခင်ဗျားကို အလုံးစုံပဲ အပ်ပြီး ဟုတ်စ။ ခင်ဗျားပြီးရင် သူပြီးမယ် ဒီလိုလား"

ရှား။ ။ "ဟုတ်ပါတယ်၊ ကိုင်း... ခင်ဗျား တောင်းခံချက်ကိုသာ ပြောပါတော့"

ဦး။ ။ "ကျုပ် တောင်းခံချက်က များများမဟုတ်ပါဘူးဗျာ၊ ငွေကလေး သုံးထောင်ပါပဲ"

ရှား။ ။ "ငွေသုံးထောင်များ များသေးဘူးလားဗျာ၊ မပေးနိုင်ရင်ကောဗျာ"

ဦး။ ။ "ဒီလိုဗျ၊ လာမယ့် တနင်္ဂနွေနေ့မှာ သူငယ်မနဲ့ စစ်ကဲကြီး ဦးထင်ပေါ်နဲ့ ဂျူဗလီမှာ လက်ထပ်မယ် ဟုတ်စ။ ဒီတော့ကာ သောကြာနေ့မှာ ကျုပ်လက်ကို ငွေသုံးထောင် ရောက်ရင်ရောက်၊ မရောက်ရင် တနင်္ဂနွေနေ့မှာ လက်ထပ်ပွဲမရှိဘူး၊ ဒါပါပဲဗျာ"

ဦးစံရှားသည် တစ်ခဏမျှ စဉ်းစားပြီးနောက်...

"ခင်ဗျားတွက်ကိန်းနဲ့ ခင်ဗျားနဲ့တော့ တယ်ကိုက်နေတာပေါ့ဗျ။ သို့သော် ခင်ဗျားဆီမှာ ရှိနေတဲ့စာတွေထဲမှာ ဘာပါတယ်ဆိုတာ ကျုပ် သိပြီးသားပါဗျ။ သူငယ်မက ကျုပ်ပြောသလို လုပ်ဆိုရင် လုပ်မှာပဲ၊ ဒီတော့ကာ ကျုပ် ဘာလုပ်ခိုင်းမလဲ၊ စစ်ကဲကြီးကို ဒီစာတွေအကြောင်း အကုန်ပြန်ပြီး အပြောခိုင်းမယ်၊ ဟုတ်သလောက်လဲ ဝင်ခံခိုင်းမယ်ဗျ"

ဦး။ ။ (မျက်နှာပြုံးပြုံးကြီးနှင့်) "ခင်ဗျားတို့က ဦးထင်ပေါ်အကြောင်း မသိသေးဘဲကိုးဗျ၊ စမ်းကြည့်သေးတာပေါ့ဗျာ"

ဟု ပြောလျှင် ဦးစံရှားလည်း မျက်နှာပျက်၍သွားသည်ကို မြင်သဖြင့် စမ်း၍ မကြည့်ဝံ့ကြောင်း ကျွန်တော် ရိပ်မိလေ၏။

ရှား။ ။ "စာတွေထဲမှာ ဘာများလွန်လွန်ကျူးကျူး ပါလို့လဲဗျာ။ ဘာမှမပါပါဘူး၊ ကျုပ်သိတယ်ဗျ"

ဦး။ ။ "လွန်လွန်ကျူးကျူး မပါဘူးထင်ရင်လည်း ခင်ဗျားသဘောပေါ့ဗျာ။ ကျုပ်တော့ သောကြာနေ့ ငွေမရရင် ဒီစာတွေကို စစ်ကဲကြီးလက်ထဲ ထည့်ပြီးပဲ။ ကိုင်း... ကိုင်း... ကျုပ်လည်း အချိန် မရှိဘူးဗျာ။ ခင်ဗျားက ဒီစာတွေဟာ အရေးမကြီးဘူး ထင်တယ်၊ ကျုပ်က အရေးမှ အင်မတန်ကြီးတယ်ထင်တယ်။ ကိုင်း... ဘယ်သူက မှန်တယ်ဆိုတာ စမ်းကြည့်ကြတာပေါ့ဗျ။ ကိုင်း... အချိန်မရှိဘူး၊ ကျုပ် ပြန်ချေပါဦးမယ် ဦးစံရှား"

ဟု ပြော၍ နှုတ်ဆက်ကာ ထိုင်ရာက ထမည်ပြုလေလျှင် ဦးစံရှားမှာ အလွန်တရာ အမျက်ထွက်လှသဖြင့် မျက်နှာမှုန်လျက်ရှိသော်လည်း အမျက်ကို ချုပ်တည်း၍...

ရှား။ ။ "နေပါဦးဗျာ၊ ခင်ဗျားက အလျင်လိုလိုက်တာ။ ဒီအမှုမှာ မိန်းကလေး အရှက် မကွဲရအောင်တော့ ကျုပ်တို့ တတ်နိုင်သမျှ လုပ်ကြရမှာပေါ့ဗျ။ ထိုင်ပါဦးဗျာ"

ဦး။ ။ (ကုလားထိုင်တွင် ပြန်၍ထိုင်လျက်) "ဒါကြောင့် ကျုပ်က ပြောတယ်မဟုတ်ဘူးလားဗျ"

ရှား။ ။ "ဟုတ်တော့ဟုတ်ပါရဲ့ဗျာ။ သို့သော် သူငယ်မကလေးက ဒီအဖြစ်အပျက်ကို သူ့အဖေ မိဘတွေတောင် အသိမခံနိုင်ရှာဘူးတဲ့ဗျ။ ဒီတော့ကာ သူ့ဘွားအေကြီးဆီက ငွေငါးရာလောက် တိတ်တိတ်ပုဆာပြီး လက်ဝတ်လက်စားကလေးတချို့ တိတ်တိတ် ငါးရာနဲ့ပေါင်၊ ပေါင်း ငွေတစ်ထောင်လောက်ဖြင့် ပေးရှာပါမယ်တဲ့ဗျာ။ ဒီလောက်တော့ တော်လောက်ပါပြီ ထင်တယ်ဗျာ။ ဒို့ပြင်လည်း မတတ်နိုင်ရှာဘူးဗျ၊ တတ်နိုင်ရင် ပေးပါရဲ့တဲ့ဗျာ။ မတတ်နိုင်ရှာလို့ပါ၊ ယူလိုက်ပါတော့ဗျာ မောင်မောင်ဦး"

ဦး။ ။ "ခင်ဗျားပြောတာလည်း ဟုတ်ပါလိမ့်မယ်။ သို့သော်... ကျွန်တော်ကဖြင့် သုံးထောင်ထက် နည်းရင် တစ်ပြားမှ မယူနိုင်ဘူးဗျ၊ မတတ်နိုင်ရင် တတ်နိုင်တဲ့နည်းနဲ့ ရှာကြမှပဲဗျ"

ရှား။ ။ "ဒို့ပြင်တော့ ဘယ်နည်းနဲ့မှ မရှာနိုင်ဘူးတဲ့ဗျ"

ဦး။ ။ "မတတ်နိုင်ဘူးဆိုတာ ကျွန်တော် အံ့သြတယ်ဗျ။ သို့သော်လည်း ကျွန်တော့်အလုပ် မဟုတ်ပေဘူးလေ။ ရအောင်ရှာဖို့ဟာက သူ့အလုပ်ပဲ။ မိန်းကလေးများ ဒါတွေခက်တာပဲ၊ ကြည့်စမ်းပါဦးတော့ဗျာ၊ ဟိုတစ်နေ့က စက်ပိုင် ဦးကြင်ရုံသမီးနဲ့ ပွဲစားဦးထွန်းသာနဲ့ မင်္ဂလာဆောင်ဖို့ ကိစ္စဟာ ကြည့်ပါလား။ ကျွန်တော်က ငွေကလေး နှစ်ထောင်တောင်းတယ်။ တောင်းတာ ဈေးများနေသဗျ။ ဒါနဲ့ ကျုပ်က နိုင်ရာနဲ့ ကိုင်လိုက်တော့ ကြည့်ပါလား။ ဖိတ်စာတွေ ဘာတွေရိုက်ပြီးမှ မင်္ဂလာ မဆောင်ဖြစ်ရရှာဘူးဗျာ။ အခုကိစ္စမှာလည်း ဒီလိုပဲ ဖြစ်ကုန်ပါလိမ့်မယ်ဗျာ။ ဦးစံရှားလည်း ဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်တစ်ဦးလုပ်နေပြီး ဒီလောက်ငွေကလေး စျေးဆစ်ပြီး မနေပါနဲ့ဗျာ"

ရှား။ ။ "ဆစ်ရတာက မတတ်နိုင်လို့ ဆစ်ရတာကိုးဗျ။ မတတ်နိုင်တာတော့ အမှန်ပဲဗျ။ ကျုပ်ပြောတဲ့အတိုင်းပါပဲ။ ဒီတော့ ခင်ဗျားမှာလည်း ဒီမိန်းကလေးတစ်ယောက် အကျိုးယုတ် အရှက်ကွဲလုပ်ရလို့ ခင်ဗျားမှာ ဘာကျေးဇူးရှိသလဲဗျာ။ တစ်ထောင်ဆိုတဲ့ငွေလည်း နည်းတာ မဟုတ်ပါဘူး။ ယူလိုက်ပါတော့ဗျာ မောင်မောင်ဦး"

ဦး။ ။ "သြော်... သူ့ကို ကျုပ်က အကျိုးယုတ်အရှက်ကွဲအောင်လုပ်လို့ ကျုပ်မှာ ကျေးဇူးမရှိဘူးလို့ ခင်ဗျားက ထင်သလား။ ဒါဖြင့် ခင်ဗျား မှားတာပေါ့ဗျ။ ဒီလိုဗျ... ဒီအမှုမျိုး အခု ကျုပ်လက်ထဲမှာ ၄-၅ ခုလောက်ရှိတယ်။ ဟောဒီမှာ စာတစ်စောင်တောင် အခုတင် ဝယ်ခဲ့သေးတယ်။ ဒီတော့ ကျုပ်က ဒီတစ်ယောက်ကို မှတ်လောက်အောင် အရှက်ခွဲလိုက်ရင် ဟို ၄-၅ ယောက်ဟာလည်း လန့်ပြီး ကျုပ်တောင်းတဲ့အတိုင်း ပေးကြမယ်မဟုတ်လားဗျ။ တယ်... ခင်ဗျားက စုံထောက်လုပ်နေပြီး ဒီလောက်မှ မရိပ်မိဘဲကိုးဗျ" ပြောလျှင် ဦးစံရှားလည်း ထိုင်နေရာမှ ရုတ်တရက် ထ၍...

"ကိုင်း... ကိုသိန်းမောင် နောက်ပိတ်ဗျာ... နောက်ကပိတ်၊ အပေါက်ပါဆီးပါဗျ။ ကိုင်း... ကိုမောင်မောင်ဦး၊ ခင်ဗျားအိတ်ထဲမှာ ပါတဲ့စာတွေ ကျုပ်ကို အပ်မလား၊ မအပ်ဘူးလား"ဟု ခြိမ်းခြောက်ပြောဆိုလေလျှင် မောင်မောင်ဦးလည်း ဖျတ်လတ်လျင်မြန်သော လူတစ်ယောက် ဖြစ်သဖြင့် ဦးစံရှား ထသည်ကို မြင်သည်နှင့် တစ်ပြိုင်နက် ကုလားထိုင်မှထ၍ နံရံကို ကျောနှင့်ကပ်ပြီးလျှင် ခါးပိုက်တွင် ဆောင်ထားသော မောင်းချခါးကို လျင်မြန်စွာထုတ်၍ ခလုတ်ကိုနှိပ်ကာ ဖွင့်ပြီးနောက်...

"မလုပ်ပါနဲ့လေ ဦးစံရှားရဲ့၊ ဒါမျိုးတွေတော့ ရိုးပါပြီဗျ။ ခင်ဗျားက ဉာဏ်ထွားတဲ့ လူတစ်ယောက်မို့လို့ ဆန်းဆန်းပြားပြားကလေးများ ထွင်လိမ့်မယ် မှတ်ပဲ့။ ဒီနည်းနဲ့တော့ မရပါဘူးလေ။ ကျုပ်က ခင်ဗျားတို့သိတဲ့အတိုင်း ရန်သူက များလေတော့ ကာကွယ်ဖို့ လက်နက်ကလေးများတော့ ဆောင်ထားရတယ်ဗျ။ ကိုင်း ကိုင်း ကိစ္စလေးတစ်ခု နှစ်ခု ရှိသေးတယ်။ ပြန်လိုက်ပါဦးမယ်ဗျာ"

ဟု ပြောပြီးလျှင် မောင်းချခါးကို မပိတ်ဘဲ အိမ်ပေါ်က ဆင်းမည်အပြုတွင် ကျွန်တော်လည်း ကုလားထိုင်တစ်ခုကို ကောက်ယူ၍ ရိုက်မည်ဟု အကြံတွင် ဦးစံရှားက ဦးခေါင်းကိုယမ်း၍ ပြသည်နှင့် ပြန်၍ ချထားလိုက်ရလေ၏။ ထို့နောက် မောင်မောင်ဦးလည်း ခပ်ပြုံးပြုံး မျက်နှာထားနှင့် ကျွန်တော်တို့အား နှုတ်ဆက်၍ တိုက်ပေါ်မှ ဆင်းသွားလေ၏။

ထိုသူ ဆင်း၍သွားလျှင် ဦးစံရှားသည်လည်း ပြုမြဲဖြစ်သည့်အတိုင်း ဆေးတံကို မီးညှိကာ နာရီတစ်ဝက်ခန့်မျှ သောက်ရှူရင်း စဉ်းစားစိတ်ကူးပြီးနောက် အကြံတစ်ခုရသည့် လက္ခဏာနှင့် ထိုင်ရာမှ ရုတ်တရက်ထ၍ အခန်းတွင်းသို့ ဝင်သွားပြီးလျှင် တစ်ခဏမျှအကြာတွင် ဘိုအိမ်၌ ဘဏ္ဍာစိုးတစ်ယောက်အသွင် ဖြူစင်သန့်ရှင်းသော အဝတ်တို့ကို မသေမသပ်ဝတ်ဆင်၍ သော့တွဲကြီးတစ်ခုကို ခါးပတ်တွင် ချိတ်ကာ လက်ပတ်နာရီ အညံ့စားတစ်ခုကို ပတ်လျက် ကျွန်တော့်အား...

"ဘယ့်နယ်လဲ ကိုသိန်းမောင်၊ ဘိုအိမ်ကျွန်နဲ့တော့ တူပြီမဟုတ်လား။ ကိုင်း... ခင်ဗျား အိပ်ချင်အိပ်နှင့်ပေတော့။ ကျုပ် နည်းနည်းကြာလိမ့်မယ်ထင်တယ်"

ဟု ပြောပြီးလျှင် အိမ်ပေါ်မှ ဆင်းသွားလေ၏။

ယင်းအခြင်းအရာကိုမြင်လျှင် ကျွန်တော်မှာ မောင်မောင်ဦးအမှုနှင့် ပတ်သက်၍ စစ်ချီတက်ပြီဟု ရိပ်မိသိရှိသော်လည်း ယင်းအမှုသည် မည်မျှလောက် ထူးထူးဆန်းဆန်း ဖြစ်ပျက်လိမ့်မည်ဟု ထိုအခါ၌ မတွေးထင်မိချေ။

ထိုနေ့မှစ၍ နောက်သုံးရက်မျှတိုင်အောင် ထိုအဝတ်အစားများနှင့် မကြာခဏ အိမ်မှ ထွက်ခွာသွားလာ ဝင်ထွက်လျက်ရှိရာ ကျွန်တော်မှာ သူ၏သဘောကို သိသည်ဖြစ်၍ မမေးမြန်းဝံ့ဘဲ အကဲခတ်လျက်သာလျှင် ရှိနေလေ၏။

သုံးရက်မြောက်သဖြင့် တစ်နေ့သော ကြာသာပတေးနေ့ ညချမ်းအချိန်တွင် လေပြင်းထန်စွာ တိုက်ခတ်ပြီးနောက် မိုးကြီးသည်းထန်စွာ ရွာသွန်းလျက်ရှိစဉ် ဦးစံရှားသည် တိုက်ပေါ်သို့ စိုစွတ်သောအဝတ်များကို လဲလှယ်ပြီးလျှင် ကုလားထိုင်ပေါ်တွင် ထိုင်ကာ ဟက်ဟက်ပက်ပက် ရယ်မောပြီးနောက်...

"ဘယ့်နှယ်လဲဗျို့ ကိုသိန်းမောင်၊ ကျုပ် လူပုံလူပန်းကြည့်ရတာ မိန်းမရပုံများ ပေါက်သေးရဲ့လား"

"ဘယ်ကပေါက်လိမ့်မှာလဲဗျာ၊ ဘယ်တော့ ခင်ဗျားမိန်းမယူမယ့်လူလဲ"

"ခင်ဗျားကသာ မရသေးဘူးထင်တယ်၊ ကျုပ် မိန်းမယူတော့မလို့ဗျ"

"တကယ်လားဗျာ၊ ဝမ်းလည်းသာ ဝမ်းလည်းနည်း"

"မောင်မောင်ဦးအိမ်က ထမင်းချက်တဲ့မိန်းမကြီးနဲ့ ကျုပ် ယူတော့မလို့ဗျ"

"ဘယ့်နှယ်"

"ဘယ်တတ်နိုင်မလဲဗျာ။ ကိုယ်လိုချင်တဲ့ အကြောင်းကလေး သိရအောင်ဟာ ကြံရတော့တာပဲဗျာ။ မတတ်နိုင်ပါဘူး"

"သို့သော်လည်း ခင်ဗျားဟာ လွန်လွန်းတယ်ထင်တယ်ဗျာ"

"မလွန်လွန်းနဲ့ဗျ၊ ဒီတစ်နည်းပဲရှိတယ်။ ကျုပ်က မင်းကြီးအိမ်က ဘဏ္ဍာစိုး၊ နာမည်က မောင်လှတဲ့ဗျ။ ကျုပ်နဲ့ မောင်မောင်ဦးအိမ်မှာ ထမင်းချက်တဲ့ မိန်းမကြီးနဲ့ သမီးရည်းစားဖြစ်ပြီး မောင်မောင်ဦးအိမ် အနေအထား၊ အကြောင်းအရာ စတဲ့ဟာတွေ ဆီးဖြူသီးကို လက်ဝါးပေါ်တင်ပြီး ကြည့်သလို အလုံးစုံ ကျုပ်သိရပြီဗျ"

"ခင်ဗျားသိတာတော့ ဟုတ်ပါရဲ့ဗျာ၊ ခများတော့ ဘယ့်နှယ်လုပ်ရှာမလဲဗျာ"

"မတတ်နိုင်ဘူး ကိုသိန်းမောင်၊ ကိစ္စက အရေးကြီးလေတော့ တတ်နိုင်တဲ့နည်းနဲ့ ကြံရတော့တာပဲ။ သို့သော်လည်း တစ်ခုတော့ ရှိတယ်လေ။ ကျုပ်မပေါ်လာဘူးဆိုရင် ကျုပ်နေရာမှာ အမွေခံချင်တဲ့လူတွေက စောင့်နေလျက်ပါပဲဗျ။ သူ့အတွက်တော့ ပူစရာမရှိပါဘူး။ ဒါထက် ဒီကနေ့ည ဥတုကလေးက နေရာကျလိုက်တာဗျာ"

"ဒီဥတု ခင်ဗျား ကြိုက်သလား"

"ကျုပ် မကြိုက်ပေမဲ့ ကျုပ်ကြံမယ့်အကြံနဲ့တော့ အင်မတန် နေရာကျတယ်ဗျ။ ဒီကနေ့ည ကျုပ် မောင်မောင်ဦးတိုက်ကို ဖောက်မလို့ဗျ"

ဟု ပြောလေလျှင် ကျွန်တော့်မှာ အံ့သြကြီးမက အံ့သြလှလျက် ပါးစပ်ကိုဟကာ ငေးစိုက်၍ ကြည့်နေပြီးနောက်...

"စဉ်းစားပါဦးဗျာ ဦးစံရှား၊ ဒါကတော့ မတော်ဘူးထင်တယ်ဗျာ"

"စဉ်းစားရုံ ဘယ်ကမလဲဗျာ၊ ကျုပ် အကြိမ်ကြိမ် အတန်တန် နှိုင်းချိန်ပြီးပြီ။ တွေးတောပြီးပြီ၊ စိတ်ကူးပြီးပြီ၊ ဆင်ခြင်ပြီးပြီ၊ ဒို့ပြင် ဘယ်နည်းနဲ့မှ ကြံလို့မရဘူးဗျ။ ဘယ်နေရာမှာမှ ကျုပ်ရှေ့အားကြီးတဲ့ လူတစ်ယောက် မဟုတ်ပါဘူးဗျာ။ ခင်ဗျားလဲ အသိသားကပဲ၊ ဒို့ပြင်နည်းရှိရင် ဒီနည်းကို ကျုပ် မလုပ်ပါဘူးဗျာ မတတ်နိုင်လွန်းလို့ လုပ်ရမှာပါ။ သို့သော် တစ်ခုတော့ ရှိပါတယ်လေ။ ကျုပ်တို့အကြံအစည်ဟာ တရားဥပဒေနဲ့ ဆန့်ကျင်သော်လည်း စင်စစ်အားဖြင့် မတရားတဲ့အလုပ် မလုပ်ပါဘူးဗျ။ ကျုပ်တို့ သူ့အိမ်ကို ဖောက်ထွင်းမယ်ဆိုပေမဲ့ ကျုပ်တို့ ဘာယူမလဲ၊ သူ့စာတွေလောက်သာ ကျုပ်တို့ ယူမှာကပဲဗျ"

ဟု ပြောလျှင် ကျွန်တော်လည်း အတန်ငယ် စဉ်းစားစိတ်ကူးပြီးနောက်...

"ဟုတ်တော့ဟုတ်ပါရဲ့၊ သူက ဒီစာတွေကို မတရားသဖြင့် အသုံးပြုခြင်းကို ကာကွယ်ရန်အတွက် အိမ်ကို ဖောက်ထွင်းရမယ်ဆိုရင် ဥပဒေနဲ့ ဆန့်ကျင်ပေမဲ့ စင်စစ် မတရားတဲ့ အလုပ်ရယ်လို့တော့ ကျုပ် မထင်ဘူးဗျ"

"ဒါပဲ ကျုပ်လိုချင်တယ်၊ ကိုင်း... ဒီတော့ကာ ဒီအမှုဟာ စင်စစ် မတရားတဲ့အလုပ် မဟုတ်ရင် ဘာ စဉ်းစားဖို့ရှိသလဲဆိုတော့ ကျုပ်ဟာ ကျုပ်ကိုယ်ကို ကျုပ် စွန့်ထိုက်သလား

မစွန့်ထိုက်ဘူးလား။ ဒါပဲ စဉ်းစားဖို့ရှိတယ်။ ဒီအကြောင်း စဉ်းစားပြန်တော့ကာ သူငယ်မလေး တစ်ယောက်ဟာ သူတစ်ပါးရဲ့ နှိပ်စက်ခြင်းခံနေရတာကို ကျုပ် ဒီလောက်မှ မစွန့်စားဘဲ ကြည့်နေလို့ တော်နိုင်ပါ့မလားဗျာ။ ဒီကနေ့ ကြာသပတေးနေ့၊ မနက်ဖြန်ခါ သောကြာနေ့ဗျ၊ နက်ဖြန်ခါမနက် ငွေမရရင် ဒီအကောင်က ခြိမ်းခြောက်တဲ့အတိုင်း ပြုပြီးသားပဲ။

ဒီတော့ ဒီကနေ့သည် နောက်ဆုံးပဲ၊ ဒီကနေ့သည် ဒီစာတွေကို ရရင်ရ၊ မရရင် နက်ဖြန်ခါဆိုရင် ချောပြီးသားပဲ။ ဒီတော့ ဒီကနေ့သည် ကျုပ် လူစွမ်းထုတ်ရလိမ့်မယ်။ ပြီးတော့ ကျုပ် မခံချင်တာကလည်း ဟိုနေ့က ဟိုအကောင်လာတုန်းက ကျုပ်အပေါ် သူက တော်တော် စီးသွားတယ်ဗျ။ ဒီအတွက်ကလေးလည်း ကျုပ် လက်စားချေချင်သေးတယ်။ ဒီတော့ ဒီအမှုမှာ ဘာပဲဖြစ်ဖြစ် ကျုပ် မနိုင် နိုင်အောင် ကြံရလိမ့်မယ်ဗျ"

"ဟုတ်တော့ ဟုတ်ပါရဲ့လေ။ ဒို့ပြင်နည်းမရှိရင် ဒီနည်းပဲ လုပ်ကြရတာပေါ့။ ဒါထက် ဘယ်အချိန် ကျုပ်တို့သွားကြမလဲ"

"ခင်ဗျား မလိုက်ပါနဲ့ဗျာ"

"ကျုပ်မလိုက်ရင် ခင်ဗျား မသွားရဘူးဗျာ။ ကျုပ်အကြောင်း ခင်ဗျားသိတယ် မဟုတ်လား။ ကျုပ်ဟာ စကားပျက်တဲ့ကောင် မဟုတ်ဘူး။ ကျုပ်မပါဘဲများ ခင်ဗျား သွားခဲ့လို့ရှိရင် ကျုပ် ဘာလုပ်မလဲ သိလား။ ခင်ဗျားလည်း သွားရော ကျုပ်လည်း ဂတ်တဲသွားပြီး ခင်ဗျား အကြံပျက်အောင် ကျုပ် အကုန်ပြောပြလိုက်မယ်"

"ခင်ဗျားလိုက်လို့ ခင်ဗျားလည်း ဘာမှမတတ်နိုင်ဘူးဗျ။ အပိုပဲ"

"ခင်ဗျား ဘယ့်နယ်သိနိုင်သလဲ၊ တစ်နေရာက အသုံးမကျရင် တစ်နေရာက အသုံးကျမှာပေါ့ဗျ။ ကျုပ်မလိုက်ရရင် ခင်ဗျားလည်း မသွားရဘူး"

ဟု ခေါင်းမာမာနှင့် ပြောလေလျှင် ဦးစံရှားလည်း တစ်ခဏမျှ မျက်မှောင်ကြုတ်ပြီးနောက် မျက်နှာပြုံးပြုံးနှင့်...

"ကိုင်း... ကိုင်း... ဒီလောက်တောင် ရှိရင်လည်း လိုက်ခဲ့ဗျာ။ ဒီလောက် ကျုပ်တို့ နှစ်ပေါင်းများစွာ အတူနေလာကြတာ ထောင်ကျလည်း အတူတူပေါ့ဗျာ။ ကျုပ်မှာ လက်နက်ကိရိယာတော့ အစုံပါပြီဗျို့"

ဟု ပြောလျက် အနောက်နိုင်ငံများ၌ များစွာသုံးသော သော့တူများ၊ မှန်ပြတင်းဖွင့်ရန် စိန်လက်နက်များ အစရှိသည့် သူခိုးတို့၏ လက်နက်များကို ကျွန်တော့်အား ပြလေ၏။

ထို့နောက် ကျွန်တော်က...

"သူ့အိမ်က ဘယ်ဆီမှာလဲဗျ"

"နဝဒေးလမ်းမှာဗျ၊ ကျုပ်တို့ ရုပ်ဖျက်မှတော်လိမ့်မယ်။ မြန်မာစာပြတွေကတော့ မျက်နှာမှာ အိုးမဲသုတ်တယ်၊ ထုံးသုတ်တယ်၊ အရိုပ်ပြပွဲတွေထဲက လူဆိုးတွေကတော့ မျက်နှာမှာ အဝတ်နက်စည်းတယ်။ ကျုပ်တို့က ဘိုဆန်ဆန် အဝတ်နက်စည်းကြစို့ဗျာ။ ကိုင်း... ခင်ဗျားက ပြင်ပေတော့"

ထိုအခါ ကျွန်တော်သည် ဖဲထီးစုတ်တစ်ခုကို ကိုင်၍ မျက်နှာဖုံးနှစ်ခုကို ပြင်ဆင်ပြီးနောက် အစားအသောက် အနည်းငယ်ကို စားသောက်ပြီးလျှင် ၁၁ နာရီ ထိုးပြီးလောက်တွင် တိုက်ပေါ်မှဆင်း၍ နဝဒေးလမ်းဆီသို့ လျှောက်လာကြလေ၏။

လမ်းခရီးတွင် ဦးစံရှားက...

"ဒီလိုဗျ ကိုသိန်းမောင်ရဲ့၊ မောင်မောင်ဦးဆိုတဲ့အကောင်က ကျုပ်တို့လို လူပျိုကြီးပဲ။ တစ်ယောက်ထီးတည်း အိပ်တယ်။ သူ့အိမ်မှာ ရှိတဲ့လူတွေက မော်တော်ကားမောင်းတဲ့ လူတစ်ယောက်၊ တိုလီမိုလီခိုင်းစရာ ကောင်လေးက တစ်ယောက်၊ ထမင်းချက်တဲ့ ကျုပ်ရည်းစားက တစ်ယောက်၊ သူနဲ့ ဆွေမျိုးနီးစပ် အိမ်ထောင်ဦးစီးတဲ့ မိန်းမကြီးက တစ်ယောက်၊ ဒါပဲ ရှိတယ်... "ကျုပ်တို့ အခု ခိုးယူရမယ့် စာပေးစာယူ စက္ကူတွေက သူ့အခန်းနဲ့ ကပ်နေတဲ့ အလုပ်ခန်းထဲမှာရှိတဲ့ သံသေတ္တာထဲမှာ ထားသတဲ့။ သူအိပ်တော့ အိမ်ပေါ်မှာ အိပ်တယ်။ ဒ့ီပြင် အစေခံတွေကတော့ နောက်ဖေးက အစေခံတဲမှာ တချို့၊ အိမ်အောက်မှာ တချို့ အိပ်ကြတယ်။ မောင်မောင်ဦးက တော်တော်လည်း အအိပ်ကြီးတဲ့ လူတစ်ယောက်ပဲတဲ့။ ကျုပ်ရည်းစားက ပြောတယ်။ "ညတိုင်ကျတော့ တွတ်ခွေးကြီးတစ်ကောင် ဝင်းထဲမှာ လွှတ်ထားတယ်ပြောတယ်။ သို့သော် ဒီကနေ့ညတော့ ခွေးကို ကျုပ်မြာက သော့ခတ်ပြီး ထားနှင့်လိမ့်မယ်။ ဒီအတွက်တော့ဖြင့် အေးပြီ။ ဒီအကောင်က ၉ နာရီခွဲနဲ့ ၁၀ နာရီအတွင်းမှာ အိပ်ရာဝင်တတ်တယ် ပြောတယ်။ ဒီအချိန်လောက်ဖြင့် အိပ်ပျော်လောက်ပါပြီ။ ဟော... ပြောရင်းဆိုရင်း ရောက်လာပြီဗျို့။ ရှေ့က အိမ်ကြီးပဲ။ မီးတစ်ခွက်မှ မရှိဘူး။ အိပ်ကုန်ကြပြီ"

ဟု ပြောရင်း ဝင်းကြီးတစ်ခုအတွင်းရှိ တိုက်အိမ်ကြီးတစ်ဆောင်သို့ ရောက်လာကြလေ၏။

ရှား။ ။ "ကိုင်း... ကိုသိန်းမောင်၊ ခင်ဗျား မျက်နှာဖုံးတွေပေးဗျို့"

ဟု တောင်းယူ၍ တစ်ယောက် တစ်ခုကျ တပ်ဆင်ကြပြီးနောက် ကျွန်တော်တို့သည် တောင်မြောက်လေးပါးကို ကြည့်ရှု၍ ဝင်းအတွင်းသို့ ဖြည်းညင်းစွာ ဝင်လာကြလေ၏။

အိမ်အနီးသို့ရောက်လျှင် ဦးစံရှားလည်း အိမ်ပေါ်မှ အခန်းတစ်ခုကို လက်ညှိုးညွှန်ပြ၍...

"ဟောဟိုဟာက သူအိပ်တဲ့အခန်းပဲ။ ဒီဘက်အခန်းက အလုပ်ခန်းဗျ။ ဒီအခန်းမှာ ကျုပ်တို့မွှေရမှာပဲ"

ဟု ပြောလျက် မှန်ပြတင်းပေါက်တစ်ခုကို ဖြည်းညင်းစွာ လက်ဖြင့်စမ်းသပ်၍ စိန်ဖြင့် မှန်ကိုဝိုင်း၍ ဖောက်ပြီးနောက် လက်နှိုက်ကာ တံခါးကန့်လန့်ကို ဖြုတ်လေ၏။

ပြတင်းတံခါးပွင့်လာလျှင် ဦးစံရှားလည်း ခေတ္တမျှ နားထောင်နေပြီးနောက် ဖျတ်လတ်ပေါ့ပါးစွာ ကျော်ဝင်၍သွားရာ ကျွန်တော်လည်း နောက်မှ လိုက်ပါ၍ သွားလေ၏။

အိမ်တွင်းသို့ရောက်လျှင် မှောင်နှင့်မည်းမည်း ရှိနေရာ၊ ဦးစံရှားမှာမူ သူခိုးများကဲ့သို့ မှောင်ကဲ့သို့ မှောင်ထဲ၌ မြင်နိုင်အောင် အကျင့်ပြု၍ထားသည် ဖြစ်သောကြောင့် ကျွန်တော်၏ လက်ကို ဆွဲကိုင်ကာ စားပွဲကုလားထိုင်များကို တိမ်းရှောင်၍ ခေါ်သွားလေ၏။

လှေကားရင်းသို့ ရောက်ကြလျှင် ကျွန်တော်တို့လည်း အိမ်ပေါ်သို့တက်ကြရာ အိမ်ပေါ်သို့ ရောက်၍ အနည်းငယ် လျှောက်မိကြလေလျှင် တစ်ခုသော အခန်းတစ်ခုအတွင်းမှ စားပွဲတင် မီးအိမ်တစ်ခု ခပ်မှိန်မှိန်ထွန်းထားသည့် အရောင်ကို တွေ့မြင်ရလေ၏။

ထိုအခါ ဦးစံရှားက…

"လာဗျို့… လာဗျို့၊ မီးမှိန်မှိန် ထွန်းထားတာ သူ့အလုပ်ခန်းပဲ။ စာကြည့်ပြီး အိပ်ရာဝင်တော့ မီးမှိန်မှိန် ထွန်းပစ်ထားခဲ့တယ် ထင်တယ်"

ဟု ပြော၍ ကျွန်တော်တို့သည် ခြေဖျားထောက်ကာ လာကြပြီးလျှင် အခန်းအပြင်မှ ကြည့်ကြသည်တွင် အခန်းထဲ၌ကား စာရေးစားပွဲပေါ်တွင် မီးအိမ်တစ်ခုသည် မှိန်မှိန်ကလေး ထွန်းလျက် လူတစ်ယောက်မျှ မရှိသည့်အဖြစ်ကို တွေ့မြင်ရသဖြင့် ရဲဝံ့စွာ ဝင်ကြလေ၏။

အခန်းတွင်းသို့ ရောက်သဖြင့် အခန်း၏အခြေအနေကို ကြည့်လိုက်ရာ ယင်းစားပွဲ၏ အနီး၌ မှန်ဗီရိုကြီးတစ်ခုရှိလျက် မှန်ဗီရို၏ အနီး၌မူ မီးခံသေတ္တာ စိမ်းစိမ်းကြီးတစ်ခုကို တွေ့မြင်ရလေ၏။

ယင်းအခန်း၏ အပေါက်တစ်ခု၌ ခန်းဆီးတစ်ခု ရှိလေရာ ယင်းခန်းဆီးကို ကျော်လွန်သော် မောင်မောင်ဦး၏ အိပ်ခန်းဖြစ်ကြောင်း ပြောပြလေ၏။

ကျွန်တော်လည်း မလင်းတလင်းရှိနေသော မီးအိမ်ရောင်တွင် အခန်းအခြေအနေကို ကြည့်ရှုရာ ယင်းအခန်းမှ အိမ်နောက်ဖေးသို့ ထွက်သော အပေါက်တစ်ခုကို တွေ့မြင်၍ ယင်းအပေါက်မှာ မပိတ်ဘဲ ပွင့်လျက်ရှိသည်ကို မြင်သည်နှင့် ဦးစံရှားအား လက်ကုတ်၍ပြရာ ဦးစံရှားလည်း ယင်းအခြင်းအရာကို မြင်သည်နှင့်တစ်ပြိုင်နက် အံ့သြသည့်လက္ခဏာနှင့် ဖျတ်ခနဲ ဖြစ်သွားလေ၏။

ထို့နောက် ဦးစံရှားက…

"ဒီအပေါက်ပွင့်နေပုံ ကျုပ် တယ်ပြီးသဘောမကျဘူးဗျ။ သို့သော်လည်း ဒီအကြောင်း စုံစမ်းနေဖို့ အချိန်မရှိဘူးဗျို့။ မြန်မြန်ကိစ္စပြီးအောင် လုပ်မှပဲ"

"ကျုပ်က ဘာလုပ်ရမလဲဗျာ"

"ခင်ဗျားက ဒီနောက်ဖေးပေါက်က ရပ်ပြီး စောင့်နေ။ ဒီလမ်းက လူတက်လာတာ မြင်ရင် အပေါက်ကို ကပျာကယာပိတ်ပြီးတော့ လာတဲ့လမ်းအတိုင်း ပြန်မယ်။ တကယ်လို့ ကိစ္စမပြီးသေးခင် လာလို့ရှိရင်လည်း ဗီရိုနဲ့ သံသေတ္တာကြား မြင်ရဲ့မဟုတ်လား။ ဒီကြားထဲက မှောင်ကျတယ်ဗျ။ ဒီကြားမှာ နှစ်ယောက် ခိုကြစို့ရဲ့။ နားလည်တယ် မဟုတ်လား"

"နားလည်ပါတယ်ဗျာ"

ယင်းကဲ့သို့ တိုင်ပင်ကြသော်လည်း ကျွန်တော်တို့မှာ တစ်ယောက်၏နားသို့ တစ်ယောက်ကပ်၍ ပြောကြသည်ဖြစ်သောကြောင့် ကျွန်တော်တို့နှင့် တစ်တောင်မျှ ဝေးသောအရပ်၌ လူရှိစေကာမူ ကျွန်တော်တို့၏ စကားသံကို ကြားရမည်မဟုတ်ပေ။

ထို့နောက် ဦးစံရှားသည် သော့တွဲကိုထုတ်၍ သံသေတ္တာအနီးသို့ ချဉ်းကပ်လေရာ ကျွန်တော့်မှာမူ ပထမ၌ အနည်းငယ်ဒူးတုန်မိသော်လည်း ဦးစံရှား၏ တည်ငြိမ်အေးစက်သော အမူအရာကို မြင်ရသည့်အခါ၌မူ အားတက်၍ အကြောက်ပြေပြီးလျှင် ရဲရင့်စွာ ရှိရလေ၏။

ဦးစံရှားမှာမူ သံသေတ္တာအနီးတွင် ဒူးထောက်လျက် အင်္ကျီလက်များကို ပင့်ကာ သူခိုးတို့၏ တန်ဆာပလာဖြစ်သော သော့တူများနှင့် တစ်ချောင်းပြီးလျှင် တစ်ချောင်း ငြိမ်သက်တည်ကြည်သော အမူအရာနှင့် သံသေတ္တာကိုဖွင့်၍ စမ်းရာ ၁၅ မိနစ်ကြာသဖြင့် သော့ ၁၈ ချောင်းမျှ စမ်းသပ်မိလေလျှင် သံသေတ္တာလည်း ရုတ်တရက် ပွင့်၍သွားလေ၏။

ထို့နောက် ဦးစံရှားသည် သံသေတ္တာအတွင်းမှ ပိုးကြိုးများနှင့် စည်း၍ထားသော စာရွက်များကို ထုတ်ယူပြီးနောက် တစ်ထုပ်စီ တစ်ထုပ်စီ မီးရောင်တွင် ကြည့်လျက်ရှိစဉ် မောင်မောင်ဦး၏ အိပ်ခန်းမှ အသံကြားသဖြင့် သံသေတ္တာကို လျင်မြန်စွာ ပိတ်၍ ကျွန်တော့်အား လက်ယပ်ခေါ်ငင်ပြီးလျှင် နှစ်ယောက်သားတို့သည် ဗီရိုနှင့် သံသေတ္တာအကြားတွင် ကုပ်၍ ပုန်းအောင်းနေကြရလေ၏။

ယင်းကဲ့သို့ ပုန်းအောင်းမိသည်နှင့် တစ်ပြိုင်နက် မောင်မောင်ဦး၏အခန်းမှ ပထမ ချောင်းဟန့်သံ၊ ဒုတိယ ခြေသံကြားပြီးနောက် တတိယ၌ မောင်မောင်ဦးကိုယ်တိုင် ရုပ်အင်္ကျီကို လက်ပင့်လျက် မိမိအခန်းမှ ထွက်လာ၍ ကျွန်တော်တို့ ရှိရာ အခန်းတွင်းသို့ ရောက်လာလေ၏။

စားပွဲအနီးသို့ ရောက်လေလျှင် မောင်မောင်ဦးလည်း မီးခွက်ကို လင်းအောင် လှည့်ပြီးနောက် ကုလားထိုင်ပေါ်တွင် ထိုင်ကာ ဆေးတစ်လိပ်ကို သောက်ရှူလျက် ကျွန်တော်တို့ရှိရာဘက်သို့ နံဘေးခိုင်း၍ ထိုင်နေသည့်အခြင်းအရာကို တွေ့မြင်ရလေလျှင် ကျွန်တော်မှာ မောင်မောင်ဦးသည်ကား တစ်ရေးမျှ အိပ်၍မပျော်သေးကြောင်း သိရှိရလေ၏။

ယင်းကဲ့သို့ ဆေးလိပ်သောက်ရှူရင်း မောင်မောင်ဦးသည် ဆေးလိပ်မှထွက်သော မီးခိုးများကို စည်းစိမ်နှင့် မော်ကြည့်လျက် ခြေထောက်များကို ညောင်းညာသည့် အမူအရာနှင့် ဆန့်တန်းကာ ရှိနေသည်ကို မြင်ရလျှင် အိပ်ရာသို့ ရုတ်တရက် ပြန်ဝင်ဦးမည်မဟုတ်ဟု ကျွန်တော် အကဲခတ်မိလေသည်။

ထို့နောက် မောင်မောင်ဦးလည်း ကာလသွား တီးလုံးတစ်ခုကို တီးတိုးပါးစပ်ဖြင့် တီးလျက် စားပွဲကို လက်ဖြင့် ဖြည်းညင်းစွာပုတ်၍ စည်းလိုက်ကာ ရှိပြီးနောက် ကျွန်တော်တို့ရှိရာဘက်သို့ ရုတ်တရက် လှည့်လိုက်ရာ ကျွန်တော်မှာ ကျွန်တော်တို့ကို မြင်သွားလေပြီတကားဟု ဖျတ်ခနဲဖြစ်သွားပြီးနောက် အကယ်၍ မြင်ခဲ့သည်ဖြစ်မူ သူ၏ခေါင်းအနီး ချိတ်၍ထားသော အင်္ကျီဖြင့် မျက်နှာကိုအုပ်ကာ မအော်နိုင်အောင် ပိတ်ထားပြီးလျှင် ဦးစံရှား စီမံသမျှ လုပ်ချေတော့မည်ဟု စိတ်ကူးလျက် ရှိလေ၏။

ထိုသို့ရှိသဖြင့် နာရီဝက်ခန့်မျှ နေလေလျှင် မောင်မောင်ဦးလည်း လက်ပတ်နာရီကို မကြာခဏ ကြည့်ရှုလျက် ရှိသည်ကို တွေ့မြင်ရလေသည်ဖြစ်ရာ တစ်ခဏမျှ ကြာပြန်လျှင် ကျွန်တော်တို့ နောက်ဖေးလှေကားမှ ခြေသံကြားရသည်ဟု မှတ်ရပြီး နောက် မိန်းမတစ်ယောက်သည် တဘက်ကို ခေါင်းမြီးခြုံလျက် နောက်ဖေးဘက်အပေါက်မှ ကျွန်တော်တို့ အခန်းတွင်းသို့ ဝင်လာသည်ကို တွေ့မြင်ရလေ၏။

ယင်းမိန်းမမှာ မျက်နှာကို လုံအောင် ခေါင်းမြီးခြုံ၍ လာသည် ဖြစ်သောကြောင့် မျက်နှာကို မမြင်ရဘဲရှိသည် ဖြစ်၍ ကျွန်တော့်မှာ တွေးမိတွေးရာ တွေးထင်မိသည်ဖြစ်ရာ ထိုမိန်းမလည်း အနီးသို့ ရောက်လေလျှင် မောင်မောင်ဦးက...

"ဘယ့်နယ်လဲ နောက်ကျလှချည်လား မိန်းကလေးရယ်၊ ၁၂ နာရီတောင် ကျော်သွားပြီ" ဟု ပြောပြီးလျှင် မိန်းမလည်း ဘာမျှပြန်မပြောဘဲ ရပ်၍သာနေလေ၏။

ထို့နောက် မောင်မောင်ဦးက...

"ကိုင်း... ကိုင်း၊ နောက်ကျရင်လည်း ဘယ်မှာတတ်နိုင်ပေမလဲလေ ညဥ့်နက်ပြီ။ ကိစ္စ မြန်မြန်ပြီးကြရအောင် ဘယ်မှာလဲ ဟိုစာတွေပါရဲ့လား။ ပြစမ်း ကြည့်ရအောင်။ မိန်းကလေး ပြောတဲ့အတိုင်း မင်းကတော် မစိန်ညွှန့်အကြောင်းနဲ့ ပတ်သက်လို့ စာ ၅ စောင်ရှိတယ်ဆို၊ သခင်မနဲ့ မတည့်ကြဘူး။ မတည့်လို့ မိန်းကလေးက မနိုင်ရင် နိုင်တဲ့နည်းနဲ့ ကြံမယ်ဟုတ်စ၊ ကောင်းပါရဲ့... ကောင်းပါရဲ့။ ကုသိုလ်လည်း,ရ ဝမ်းလည်း,ဝဆိုတာလို ပိုက်ဆံလည်းရ၊ မင်းကတော်အပေါ် လည်း လက်စားချေရ။ သင့်ပါရဲ့... သင့်ပါရဲ့။ ကိုင်း... ညဥ့်လည်းနက်လှပြီ။ ပြစမ်းပါ စာတွေ၊ တစ်ဆိတ်လောက် ကြည့်ရအောင်"

ဟု ပြော၍ လက်ကို လှမ်းလိုက်လေလျှင် ထိုမိန်းမလည်း ခေါင်းမြီးခြုံကို ချွတ်၍ချလိုက်လေ၏။

ယင်းမိန်းမမှာ နှုတ်ခမ်းပါးပါး၊ နှာတံပေါ်ပေါ်၊ မျက်ခုံးတုတ်တုတ်၊ နဖူးကျယ်ကျယ်၊ အသားခပ်ဖြူဖြူရှိလျက် အလွန်လျှင် ချောမောပြေပြစ်လှသော ရုပ်အဆင်းနှင့် ပြည့်စုံလှသည့်ပြင် မာနလည်းကြီးလျက် ခက်ထန်သော သဘောလည်း ရှိသည့် ကလဲ့စားရှိလေရာ မီးထွက်၍ တောက်မတတ်ရှိသော မျက်လုံးများဖြင့် မောင်မောင်ဦးအား စိုက်၍ကြည့်နေသည်ကို မောင်မောင်ဦး တွေ့မြင်ရလေရကား အလွန်တရာ အံ့သြတုန်လှုပ်သည့် အမူအရာနှင့်...

"အလို... ဘယ်သူများမှတ်တယ်၊ မင်းကတော်ပါလား"

"ဟုတ်ပါတယ် မောင်၊ မောင် နှိပ်စက်ထားတဲ့ မင်းကတော်ပါပဲ"

"ဒါတော့ ဘယ်တတ်နိုင်မှာလဲ မင်းကတော်၊ ဒါကြောင့် ကျွန်တော် အစက မပြောဘူးလား။ ဘာမှမဖြစ်လောက်တဲ့ ငွေကလေး မပေးချင်တဲ့အတွက် မင်းကတော် ဒီလိုဖြစ်ရတယ် မဟုတ်လား"

"ဒီငွေကို ကျုပ်က မပေးလို့ မောင်က ဟိုစာတွေကို သခင့်ဆီ ပို့လိုက်တယ်ပေါ့လေ။ ကောင်းပါပေတယ် မောင်ရယ်၊ ကျုပ်မှာ သခင် ဘိလပ်ကနေပြီး တစ်လ သုံးရာ ပို့နေကျ မပို့တဲ့အပြင် လင်ယူယူ သားမွေးမွေး ပြုချင်သလိုပြုပေတော့တဲ့။ မနေ့က စာရတယ် မောင်ရဲ့။ ဒီဟာ မောင့်လက်ချက်ပေါ့လေ။ ကောင်းပါပေ့ မောင်ရယ်။ မောင်တောင်းတဲ့ ငွေကို ကျုပ် ရုတ်တရက် မပေးနိုင်သေးတဲ့အတွက် ရှိခိုးဦးတင် ဟိုညက လာပြီး တောင်းပန်တယ် မဟုတ်ဘူးလား။ ဒါနဲ့တောင် မောင်က မရဘူး၊ တော်ပါပေ့ မောင်ရယ်၊ ပြုရက်ပါပေရဲ့။ အင်း... မောင်ကတော့ ဒီကောင်မကြီးဖြင့် ငါ နှိပ်စက်ပြီးပြီ။ သင်းက မိန်းမသား၊ ငါ့ကို ဘာမှမလုပ်နိုင်ဘူး၊ မောင်က ဒီလိုထင်တယ်ပေါ့လေ"

"ဟင်... မင်းကတော် ညဥ့်လည်းနက်ပြီ၊ ကျွန်တော် စကားလက်ခံပြောနေဖို့ အချိန်မရှိပါဘူးခင်ဗျာ။ သည်းခံပါ"

"ကျုပ်ပြောစရာရှိတာ ဆုံးအောင်ပြောရလိမ့်မယ် မောင်ရေ့"

"တယ်ရှုပ်တယ်ဗျာ၊ ဒီဟာက ကျွန်တော့်အိမ် ခင်ဗျ သိရဲ့လား။ ကျွန်တော်က ဖိုးသောင်တို့ ဖိုးထွေးတို့ ခေါ်လိုက်ရင် မင်းကတော် အရှက်ကွဲနေပါလိမ့်မယ်။ အေးအေးသာ ပြန်ပါခင်ဗျာ။ ကျွန်တော့်စိတ်ကို မစမ်းပါနဲ့"

"နင့်စမ်းရင် နင် ဘာတတ်နိုင်သလဲ၊ ဟဲ့... တိရစ္ဆာန်၊ ဟဲ့... ခွေးလောက်မှ မဖိုးမထိုက်တဲ့ အကောင်၊ သူတစ်ပါး သားမယား၊ သူတစ်ပါး သားသမီး မျက်ရည်ကြီးငယ်ကျအောင် လုပ်တဲ့အကောင်။ သူတစ်ပါးနလုံးကို မီးနဲ့တိုက်တဲ့ အကောင်၊ ဒီကနေ့ကစပြီး နင် ရှုပ်နိုင်ဦးမလား၊ ပွေနိုင်ဦးမလား၊ ရှုပ်ဦးဟဲ့၊ ပွေဦးဟဲ့၊ နိပ်စက်ဦးဟဲ့၊ ညှဉ်းဆဲဦးဟဲ့၊ သေဟဲ့၊ သေဟဲ့"ဟု ပြောလျက် မိမိရင်တွင် ဖုံးဖုက်ကာ ယူဆောင်လာသော ဓားမြှောင်ကို လျှပ်စစ်ကဲ့သို့ လျင်မြန်စွာ ထုတ်၍ တစ်ချက်ပြီးလျှင် တစ်ချက် ဆင့်၍ ဆင့်၍ ထိုးလေလျှင် မောင်မောင်ဦးမှာ ဖျတ်လတ်သော လူငယ်တစ်ယောက် ဖြစ်သော်ငြားလည်း မိန်းမ တစ်ဦးတစ်ယောက်က ဤကဲ့သို့ ကြံစည်လိမ့်မည်ဟူ၍ မအောက်မေ့သည် ဖြစ်ရကား အမှတ်တမဲ့ နေလိုက်မိသဖြင့် ပထမအချက်ပင်လျှင် ရင်ဝတွင် စိုက်မိလေ၏။

နောက်အချက်များမှာမူ မောင်မောင်ဦးသည် ကြမ်းပေါ်၌ လဲ၍အသွားတွင် ထပ်၍ ထိုးသောအချက်များ ဖြစ်လေသည်။

ထို့နောက် မိန်းမလည်း လက်ပိုက်ကာ ခေါင်းရင်းမှရပ်၍ မလှုပ်မရှား ရှိနေသော မောင်မောင်ဦးမျက်နှာကို သေသေချာချာကြည့်၍ တံတွေးနှင့် သုံးကြိမ်မျှ ထွေးပြီးလျှင် နောက်ဖေးပေါက်မှ လျင်မြန်စွာ ဆင်းသွားလေ၏။

ထိုခဏ၌ အခန်းတွင်းတွင် မီးလင်း၍လာသည်ကို တွေ့မြင်ရသဖြင့် ကျွန်တော်တို့လည်း မီးအိမ်ကို ကြည့်လိုက်ရာ စားပွဲပေါ်၌ရှိသော မီးအိမ်မှာ မှောက်လျက် ရေနံတို့သည် ယိုစီးပြီးလျှင် စားပွဲပေါ်၌ တောက်လောင်လျက်ရှိသည်ကို တွေ့မြင်ကြရလေ၏။

ထိုအခါ ဦးစံရှားလည်း ပုန်းအောင်းနေရာမှ ထ၍ သံသေတ္တာရှိရာသို့ သွားလေရာ အောက်မှ လူတို့သည် နိုးလာကြသည်ဖြစ်၍ အိမ်အောက်လှေကားမှ အိမ်ပေါ်သို့ ပြေးလွှားကာ တက်လာကြသည့်အသံကို ကြားရသဖြင့် ကျွန်တော်လည်း ဂုင်းဘက်တံခါးကို ပိတ်ဆို့၍ ထားလိုက်လေ၏။

ဦးစံရှားမှာမူ သံသေတ္တာမှ စာများကို ကျုံး၍ ကျုံး၍ ကုန်စင်အောင် မီးထဲသို့ ထည့်လျက်ရှိရာ ကုန်စင်သည်နှင့် တစ်ပြိုင်နက် ကျွန်တော်၏လက်ကို ကိုင်ဆွဲ၍ မိန်းမ ထွက်သွားရာဖြစ်သော နောက်ဖေးပေါက်မှ ဆင်းပြေးကြလေ၏။

အိမ်နောက်သို့ ရောက်သဖြင့် လှည့်၍ အကြည့်လိုက်တွင် တစ်အိမ်လုံး ထိန်ထိန်လင်းလျက် ရှိသည့်အဖြစ်ကို တွေ့မြင်ရသည်ဖြစ်ရာ ကျွန်တော်တို့လည်း ရပ်စဲခြင်းမရှိဘဲ ဆက်လက် ပြေးသွားကြသည်တွင် တစ်ရပ်လုံး နိုးကြလျက်...

"မီး... မီး"ဟူသော အသံများကို ကြားရပြီးနောက် လူတစ်ယောက်သည် ကျွန်တော်တို့နောက်သို့ တည့်တည့်ပြေး၍ လိုက်လာသည်ကို တွေ့မြင်ကြရလေ၏။

ထိုအခါ ဦးစံရှားက...

"လာဗျို့... လာဗျို့၊ လမ်းအတိုင်း လျှောက်ပြေးလို့ မဖြစ်ဘူး။ နောက်က အကောင်က တော်တော် ခြေနတ်သွက်တဲ့ အကောင်ပဲ၊ မီပုံရတယ်။ လာဗျာ... မီးရထားဝင်းထဲက ဖြတ်ပြီးပြေးရအောင်"ဟု ပြော၍ မှောင်ကျအရပ်မှနို၍ ပြေးကြလေလျှင် ထိုသူလည်း လိုက်မြဲတိုင်း အော်ဟစ်ကာ လိုက်လာလေ၏။

မီးရထားဝင်းသို့ ရောက်လေလျှင် ဦးစံရှားလည်း မီးရထားဝင်းထရံကို လက်ဖြင့်ထောက်၍ ကျော်လွှားသွားသဖြင့် ကျွန်တော်လည်း နောက်မှ သူနည်းတူ လက်ထောက်ကာ ကျော်လွှားလိုက်ပြီးနောက် ဝင်းအတွင်းသို့ရောက်၍ ဝင်းထရံပေါ်၌ လက်တင်လျက်ရှိစဉ် နောက်မှလိုက်လာသောသူသည် ကျွန်တော်၏လက်ကို ဆုပ်ကိုင်၍ ဆွဲထားလေ၏။

ထိုအခါ ကျွန်တော်တို့မှာ ဝင်းထရံခြားလျက် ရှိသည်ဖြစ်ရကား ကျွန်တော်သည် ဝင်းထရံကို ခြေနှင့် အတင်းကန်ကျောက် ရုန်းဖယ်လိုက်သည်တွင် ထိုသူ၏ လက်တွင်းမှ လွတ်သွား၍ နှစ်ယောက်သား ဆက်လက်ပြေးသွားကြရာ ထိုသူမှာ မလိုက်ဝံ့သည်ဖြစ်၍ ကျန်ရစ်ခဲ့လေ၏။

ကျွန်တော်တို့သည် မီးရထားဝင်းမှ ထွက်၍ ဗိုလ်ချုပ်အောင်ဆန်းလမ်းသို့ ရောက်သည်တွင် မီးသတ်စက်တို့သည် ဆူညံစွာ မောင်းလျက်ရှိနေကြ၏။

နောက်နေ့နံနက် ထမင်းစားသောက်ပြီးကြ၍ ကျွန်တော်တို့သည် ယမန်နေ့ညဉ့်က အကြောင်းများကို ရယ်မောကာ ပြောဆိုလျက် ရှိနေကြစဉ် အင်စပက်တော် ကိုအုန်းဖေလည်း ပျာယီးပျာယာ တက်လာ၍...

"ဘယ့်နယ်လဲ ဆရာ၊ ဒီကနေ့မနက် အလုပ်များနေသလား၊ မအားဘူးလား ခင်ဗျ"

ရှား။ ။ "ဘာကိစ္စရှိလို့လဲဗျ"

ဖေ။ ။ "ဆရာ တစ်ဆိတ်ကလေး အားလပ်လို့ရှိရင် မနေ့ညက နဝဒေးလမ်းက အမှုကလေး တစ်ဆိတ် ကူညီပါဆရာ"

ရှား။ ။ "အလို... ဘာမှုများလဲဗျာ"

ဖေ။ ။ "နဝဒေးလမ်းမှာနေတဲ့ မောင်မောင်ဦးဆိုတာ ကြားဖူးရဲ့မဟုတ်လားဗျာ"

ရှား။ ။ "ကြားဖူးပါရဲ့ဗျာ"

ဖေ။ ။ "ဒီလူက တော်တော် ယုတ်မာတဲ့လူပဲ၊ သူများအကြောင်း မကောင်းတာတွေ ထောက်လှမ်းပြီး ငွေရအောင်ညှစ်တဲ့ လူတစ်ယောက်ပေါ့ဗျ။ မနေ့ညကတော့ သူ့ကို ဘယ်သူက သတ်သွားတယ် မဆိုနိုင်ဘူး။ သေရာပြီ၊ အိမ်ကိုလည်း မီးနဲ့ ရှို့သွားကြတယ်။ ကံကောင်းလို့ လူဦးလေတော့ အိမ်တော့ မီးမလောင်ဘူးဗျ။ လူတော့ဖြင့် သေရာရော။ သံသေတ္တာထဲက

စာတွေလည်း အကုန်မီးရှို့သွားတယ်။ လုပ်တဲ့လူတွေက ဂုဏ်သရေရှိလူထဲကနဲ့ တူတယ်ဗျ။ ဘာမှ အဖိုးတန်ပစ္စည်းရယ်လို့ ယူမသွားကြဘူး။ လူကိုသတ်ပြီး စာတွေကိုသာ မီးရှို့သွားကြတာပဲ"

ရှား။ ။ "မီးရှို့သွားကြတယ် ဟုတ်လား၊ ခင်ဗျားပြောပုံကတော့ တစ်ယောက်မဟုတ်ဘူး၊ အများပေါ့လေ။ ခင်ဗျား ဘယ့်နယ်သိသလဲ"

ဖေ။ ။ "သိဆို ဒီလိုဗျ၊ အစေခံတဲမှာအိပ်တဲ့ မော်တော်ကားမောင်းတဲ့ လူက လူနှစ်ယောက်ကို မြင်လိုက်လေတော့ လိုက်ပြီးတောင် ဖမ်းသေးသတဲ့။ ဖမ်းလို့ လက်တစ်ဖက်တောင် ဆွဲမိသတဲ့ဗျ။ မီးရထားဝင်းထဲ ဝင်ပြေးကြလို့ လွတ်ပြေးကြသတဲ့ဗျ။ နှစ်ယောက်တဲ့ဗျ၊ တစ်ယောက်ကတော့ မြန်လွန်းလို့ ရှေ့ကပြေးလို့ ကောင်းကောင်း မမြင်လိုက်ရဘူးတဲ့ဗျ။ နောက်က တစ်ယောက်ကတော့ အရပ်ခပ်မြင့်မြင့်၊ အသားညိုညို၊ သေးသေးသွယ်သွယ်၊ နှုတ်ခမ်းမွေးနဲ့ ခေါင်းတုံးနဲ့ အသက် ၃၀ ကျော်လောက်တဲ့ဗျ"

ရှား။ ။ "ခင်ဗျားဟာ တယ်မသေချာပါဘူးဗျာ။ ခင်ဗျားပြောပုံတော့ ကျုပ် ကိုသိန်းမောင်ရုပ်နဲ့ ခပ်ဆင်ဆင် ဖြစ်နေပါပြီကောဗျ"

ဖေ။ ။ (ကျွန်တော့်အား ရယ်မောကာ ခေါင်းညိတ်လျက်) "ဟုတ်ပါရဲ့ဗျာ၊ ကိုသိန်းမောင် ရုပ်မျိုးထဲက ဖြစ်နေပြီ ထင်ပါရဲ့"

ရှား။ ။ "ခင်ဗျားက ကူညီစေချင်တာတော့ ဟုတ်ပါရဲ့။ သို့သော် ဒီအကောင်က တော်တော်ယုတ်မာတဲ့ အကောင်ဗျ။ ဒီအပေါ်မှာ တော်တော်လည်း ပါးနပ်တယ်ဗျ။ ခင်ဗျားသိတဲ့အတိုင်း ဥပဒေလွတ်အောင်လုည့်ပြီး နည်းရှောင်ကလေး လုပ်တတ်တဲ့အကောင်ပဲ။ ဒီတော့ ဥပဒေမတတ်နိုင်ရင် တတ်နိုင်တဲ့လူများက လက်စားချေရင် ကျုပ်ဖြင့် စုံထောက်ဖို့ အလိုမရှိအောင် ဖြစ်နေပြီဗျ။

အမှန်ပြောရရင်ဖြင့် ကျုပ်ဖြင့် ဒီလူကို သနားသလား၊ တရားခံကို သနားသလားဆိုရင် တရားခံကိုသာ သနားတော့တယ်ဗျာ။ ဒါကြောင့် ကျုပ်တော့ ဒီအမှုမှာ တစ်စုံတစ်ရာ မပါချင်ဘူးဗျာ၊ ကူလည်း မကူညီချင်ဘူး။ သည်းခံပါတော့ဗျာ ကိုအုန်းဖေ။ ဒီအမှုဖြင့် မကူညီပါရစေနဲ့တော့"

ဟု ပြောလျှင် ကိုအုန်းဖေလည်း...

"ဒါဖြင့် ဆရာ့သဘောပါ ဆရာ"

ဟု ပြော၍ စိတ်ပျက်ပျက်နှင့် ဆင်းသွားလေသည်။

ထို့နောက် ၃ ရက် ၄ ရက်အတွင်း ဦးစံရှားမှာ တစ်စုံတစ်ရာကို စဉ်းစား စိတ်ကူးနေသည့် အမူအရာနှင့် ရှိနေရာ တစ်နေ့သ၌မူ အကြံတစ်ခုရသည့် လက္ခဏာနှင့်...

"ဩော်... သိပြီဗျို့၊ သိပြီ။ လာစမ်းပါ ကိုသိန်းမောင်"

ဟု ပြော၍ ကျွန်တော့်အား မြို့ပတ်လမ်းသို့ ခေါ်သွားလေ၏။

အိမ်ကြီးတစ်အိမ် ရှေ့သို့ ရောက်လျှင် ဦးစံရှားလည်း တစ်ခုသောနေရာမှ စောင့်ဆိုင်းလျက်ရှိရာ တစ်ခဏမျှကြာလျှင် မော်တော်ကားတစ်စီးသည် အိမ်ဝေးမှ ထွက်လာ၍ ယင်းမော်တော်ကားပေါ်၌ကား ရုပ်ရည် ချောမောလှသော မိန်းမတစ်ယောက်သည် လိုက်ပါလာလေရာ ယင်းမိန်းမမှာ အခြားမဟုတ်၊ ယမန်နေ့ည၌က မောင်မောင်ဦးအား သတ်၍သွားသော မိန်းမပင်ဖြစ်ကြောင်း ကျွန်တော်မှာ အံ့ဩစွာနှင့် တွေ့ရှိရလေ၏။

ထိုအခါ ဦးစံရှားလည်း အိမ်ဝင်းထရံတွင် ဆွဲ၍ထားသော ဆိုင်းဘုတ်ကို ကြည့်ပြီးနောက်…

"မစွက်… ပဲ။ သူ့ယောက်ျား ဘိလပ်မှာဗျ။ သြော်… စွန့်လည်း စွန့်တဲ့ ဘိုကတော်ပါပေပဲဗျာ"

ဟု ပြော၍ ပြန်လာခဲ့ကြလေသည်။

*****

## ခြေကိုးကြောင်

တစ်ညသ၌ ကျွန်တော်သည် ဦးစံရှားမရှိခိုက်တွင် မဂ္ဂဇင်းတစ်အုပ်နှင့် အပျင်းဖြေ၍ ၁၁ နာရီခွဲသည်နှင့် စာအုပ်ကိုပိတ်ကာ အိပ်ရာသို့ ဝင်တော့မည်အပြုတွင် အိမ်ရှေ့တွင် မြင်းရထားတစ်စီးရပ်၍ လှေကားမှ တစ်စုံတစ်ယောက် တက်လာသော ခြေသံကို ကြားရလေ၏။

ခြေသံကို ဦးစံရှား၏ ခြေသံမဟုတ်သည်နှင့် ကျွန်တော်တို့အခန်းသို့ မဟုတ်ဘဲ အပေါ်ထပ်သို့ တက်သွားပါစေဟု ဆုတောင်းမိစဉ် တံခါးခေါက်သံ ကြားသဖြင့် ထ၍ဖွင့်ပေးရလေ၏။

အခန်းတွင်းသို့ ဝင်လာသူမှာ ဆီနီဘားမားကုမ္ပဏီမှ ငွေစာရင်းကိုင် စာရေးကြီး ကိုဘသန်းမြင့်၏ဇနီး စိုးစိုးဖြစ်၍ နှလုံးမသာယာသောမျက်နှာဖြင့် ကုလားထိုင်ပေါ်တွင် ပစ်လှဲချကာ ထိုင်ချလိုက်လေ၏။

သူတို့လင်မယားမှာ ကျွန်တော်တို့နှင့် တစ်မြို့တည်းသား ဖြစ်ကြသည့်အလျောက် ရံဖန်ရံခါ ကျွန်တော့်ထံ အလည်အပတ် လာရောက်တတ်ကြလေရာ ထိုညဉ့်တွင်ကား စိုးစိုး၏ မျက်နှာထားကို မြင်ရခြင်းအားဖြင့် အလည်သက်သက် လာရောက်ခြင်း မဟုတ်ကြောင်း သိရှိနိုင်ပေ၏။

ကျွန်တော်က မေးမြန်းသဖြင့် ပြောပြသည်မှာ သူ၏ခင်ပွန်း ကိုဘသန်းမြင့်သည် လွန်ခဲ့သော စနေနေ့ညကတည်းက အိမ်မှထွက်သွားရာ ယခု ညနေတိုင်အောင် ပြန်မလာသေးကြောင်း၊ တနင်္လာနေ့နှင့် အင်္ဂါနေ့များမှာ ခရစ္စမတ်ပွဲအတွက် တိုက်ပိတ်ထားသော်လည်း နက်ဖြန် ဗုဒ္ဓဟူးနေ့၌ တိုက်ဖွင့်မည်ဖြစ်၍ ပြန်မလာခဲ့လျှင် အလုပ်ပြုတ်ဖို့ ရှိကြောင်း၊ ကိုဘသန်းမြင့်မှာ ဘိန်းရူတတ်သည်ဖြစ်၍ ကြည့်မြင်တိုင် ကမ်းနားလမ်းရှိ ဘိန်းခန်းတစ်ခန်းတွင် ရှိလိမ့်မည်ထင်ကြောင်း၊ သို့ဖြစ်၍ ကျေးဇူးပြုပြီး တွေ့အောင်ရှာဖွေ၍ အိမ်သို့ လိုက်ပို့ပေးပါမည့်အကြောင်းနှင့် တောင်းပန်ပြောဆိုလေ၏။

ကိုဘသန်းမြင့်မှာ ကျွန်တော်နှင့် စတင်သိကျွမ်းစဉ်က ဘိန်းကိုမဆိုထားဘိ၊ အရက်မျှပင် နေ့စဉ်သောက်တတ်သည့် အထဲက လူမျိုးမဟုတ်ချေ။

တစ်နေ့သ၌ သူငယ်ချင်း သုံးယောက်စု၍ အင်္ဂလိပ်စာရေး ဆရာကြီးများအကြောင်း နှီးနှောကြစဉ် ဒီကွင်စီအမည်ရှိ အင်္ဂလိပ်စာရေးဆရာ ဘိန်းစားကြီးအကြောင်း စကားစပ်မိ၍ ပြောကြရင်း ဘိန်းရှူခြင်းအကြောင်း ရောက်သွားကြ၍ တစ်ယောက်က ဘိန်းဆိုသည်မှာ အလွန်တရာ စွဲတတ်သောအရာဖြစ်ကြောင်း၊ မည်မျှပင် စိတ်နိုင်လှပါသည်၊ မိမိစိတ်ကို နိုင်လှပါသည်ဆိုစေ ရက်ပေါင်း ၂၀ ခန့်မျှ မှန်မှန်ကြီး ရှူမိပါလျှင် မည်သည့်လူစားမျိုးမှ မခံနိုင်ဘဲ အမှန်မုချ ဘိန်းစွဲရမည်ဖြစ်ကြောင်းနှင့် ပြောဆိုလေ၏။

ကိုဘသန်းမြင့်မှာ တကယ်စိတ်နိုင်သော လူတစ်ယောက် မဟုတ်သော်လည်း မိမိကိုယ်ကို အလွန်စိတ်နိုင်သည်ဟူ၍ မှတ်ထင်လေ့ရှိသူတစ်ယောက် ဖြစ်ရကား မစွဲစေရဟု ပြောလျက် လောင်းတမ်းစားတမ်းပြုလုပ်ဖို့ ဟိတ်ဟန်ထုတ်နေလေ၏။ ထိုအခါ အခြားသူများက ဖျက်ကြ၏။

သို့သော်လည်း ကိုဘသန်းမြင့်က ကြွားဝါလျက်ပင် ရှိ၏။

သို့ဖြစ်၍ ပထမစ၍ ပြောသူက ငွေ ၅၀ လောင်းရန် အသင့်ရှိကြောင်းနှင့် ပြောရာ အားလုံးက ဖျက်ကြပါလျက်နှင့်ပင် လောင်းစားဖြစ်ကြလေ၏။

စည်းကမ်းကား တစ်နေ့လျှင် လေးပွဲတိုး နေ့စဉ်မှန်မှန် ရက်ပေါင်း ၂၀ ဘိန်းရှူရမည်။

၂၁ ရက်မြောက်နေ့မှစ၍ ၇ ရက်အတွင်း တစ်ကြိမ်တစ်ခါမျှ ဘိန်းမရှူဘဲ နေနိုင်ခဲ့လျှင် ကိုဘသန်းမြင့်က နိုင်၍ ငွေ ၅၀ ရ,ရမည်။

အကယ်၍ ထိုရက်အတွင်း ရှူမိခဲ့သော ကိုဘသန်းမြင့်က ရှုံး၍ ငွေ ၅၀ ပေးရမည် ဖြစ်လေသည်။

ကိုဘသန်းမြင့်သည် ရက်ပေါင်း ၂၀ ဘိန်းရှူပြီး ၂၁ ရက်မြောက်သောနေ့မှ စ၍ ၇ ရက်တိုင်တိုင် ဘိန်းမရှူဘဲ နေနိုင်ခဲ့သောကြောင့် လောင်းစားသော ငွေ ၅၀ ကို အနိုင်ရခဲ့သည်က မှန်၏။

သို့ရာတွင် ဘိန်း၏ အရသာကို သိသွားခဲ့လေပြီ။

ရံဖန်ရံခါ အရက်မူးခဲ့သောကြောင့် လည်းကောင်း၊ အပျင်းပြေသဘောနှင့် လည်းကောင်း၊ စိတ်ညစ်ညူးသောကြောင့် လည်းကောင်း ဘိန်းခန်းသို့ဝင်မိရာ လောင်းစားပြီးသည့်နောက် တစ်နှစ်ခန့်အတွင်းတွင် သေသေချာချာ ဘိန်းစွဲသော အဖြစ်သို့ ရောက်ရှာလေတော့၏။

သတင်းသဲ့သဲ့ ကြားသိရသည်မှာ ကိုဘသန်းမြင့်နှင့် လောင်းစားသောသူသည် စိုးစိုးကို အပျိုစင်ဘဝက ကိုဘသန်းမြင့်နှင့် ယှဉ်ပြိုင်လှည့်ခဲ့ဖူးရာ စိုးစိုးက ကိုဘသန်းမြင့်ဘက်သို့ ပါသွားသည့်အလျောက် ရန်ငြိုးထားပြီးလျှင် ငွေ ၅ဝ အရှုံးခံ၍ လောင်းစားခြင်းဖြစ်သည်ဆို၏။

ထိုသတင်းအတိုင်း ဟုတ်မှန်ခဲ့ပါလျှင် ယုတ်မာခြင်း အရာဌာန၌ အတော်ပင် ဉာဏ်သွားသူတစ်ယောက်ဟူ၍ ခေါ်ဆိုထိုက်ပါပေသည်။

ကျွန်တော်သည် အဝတ်အစားများလဲလှယ်၍ စိုးစိုးနှင့်အတူ အလုံရပ်ကွက်ရှိ ယင်းတို့နေအိမ်သို့ လိုက်ပြီးလျှင် စိုးစိုးကို ချထားခဲ့ပြီးမှ မြင်းရထားနှင့် ကြည့်မြင်တိုင်ဘက်သို့ ဆက်လက်သွားလေ၏။

စုရုတီဈေးကြီးအနီးသို့ ရောက်သောအခါ မြင်းရထားကို လွှတ်လိုက်၍ တက္ကစီတစ်စီးကို ခေါ်ပြီးလျှင် ဘိန်းခန်းကို မောင်းနှင်ခိုင်းလေ၏။

ကမ်းဘက်ကို ကျောခိုင်းလျက်၊ ဆောက်ထားသော နှစ်ထပ်အိမ်ကြီးတစ်အိမ်သို့ ရောက်သောအခါ တက္ကစီသမားက ရပ်တန့်၍ "ဒီအိမ်ပဲ ဆရာ"ဟု ပြသဖြင့် ကျွန်တော်သည် ကားခပေးပြီးနောက် အိမ်ထဲသို့ ဝင်သွားလေ၏။

ခါးလောက်မြင့်သော စင်ကလေးကို အပေါ်ထပ်ပြုလုပ်၍ အထက်က တစ်ထပ်၊ အောက်ကတစ်ထပ်ဖြင့် တရုတ်စာများကို ခင်းကျင်းကာ ကြွေခေါင်းများနှင့် ပြင်ဆင်ထားသော အခန်းကြီးလေးခန်းတွင် ညစ်စုတ်ပေရေသော တရုတ်များ၊ မြန်မာများနှင့် ကုလားများသည် စီတန်းကာ ဘိန်းရှုလျက် ရှိကြ၏။

ကျွန်တော်ကဲ့သို့ အသင့်အတင့် ပြောင်ပြောင်လက်လက် ဝတ်စားထားသော လူမျိုး ဝင်လာခဲ့သည်ဖြစ်၍ ဘိန်းရှုသောလူများသည် ယစ်မျိုးအရာရှိ ဖြစ်လေသလောဟူသော ကြည့်ခြင်းမျိုးဖြင့် ကျွန်တော့်အား ဦးခေါင်းထောင်၍ ကြည့်ကြ၏။

တစ်ခုသောထောင့်၌ စင်ကလေး၏ အောက်ထပ်တွင် ဝါးဖျာတစ်ချပ်ပေါ်၌ ကြွေခေါင်းအုံးနှင့် မှိန်းလျက်ရှိသော ကိုဘသန်းမြင့်ကို တွေ့မြင်ရလေ၏။

ကိုဘသန်းမြင့်သည် တရုတ်တစ်ယောက် ထိုးပေးနေသော ပြောင်းကို တွန်းဖယ်လျက် "အလိုလေးဗျာ၊ ကိုသိန်းမောင်ကြီးပါလား၊ အိုင်ဆေးကိုသိန်းမောင်၊ ဘယ်နနာရီလောက် ရှိပြီလဲဗျာ"ဟု မဖွင့်ချင်ဖွင့်ချင် မျက်လုံးများကို ပွတ်လျက် မေးလေ၏။

"၁၁ နာရီထိုးပြီဗျ"
"ဒီနေ့ ဘာနေ့လဲဗျ"
"အင်္ဂါနေ့လေ၊ ဒီဇင်ဘာလ ၂၅ ရက်၊ အင်္ဂါနေ့ဗျ"

"အလိုလေးဗျာ၊ ကျုပ်က တနင်္ဂနွေနေ့ မှတ်နေတယ်။ ဟုတ်ပါတယ်လေ တနင်္ဂနွေနေ့ပါ။ ခင်ဗျားက လူတစ်ဖက်သားကို ထိတ်အောင်လန့်အောင် ဘာကြောင့် လုပ်နိုင်ရတာလဲဗျာ"

"မဟုတ်ဘူး ဆရာရဲ့၊ ဒီကနေ့ အင်္ဂါနေ့ဗျ၊ နက်ဖြန် ခင်ဗျားတို့ တိုက်ဖွင့်တော့မယ်။ စိုးစိုးလည်း ခင်ဗျားကို တမျှော်တည်း မျှော်နေရှာတယ်။ ကိုယ့်ကိုယ်ကို မရှက်ဘူးလား ကိုဘသန်းမြင့်ရယ်။ ခင်ဗျားဟာ လွန်လွန်းတယ်"

"လွန်တာတော့ မပြောနဲ့တော့ဗျာ၊ ကျုပ်လောက် မိုက်တာ ခွေးပဲရှိတော့တယ်။ ဒီလောက်များ ကြာတယ် မထင်ဘူးဗျာ၊ ကြုတ်ကလေး သုံးကြုတ်၊ လေးကြုတ်၊ ငါးကြုတ်၊ ဘယ်နကြုတ်လို့ မမှတ်မိပါဘူးလေ၊ ဩော်... စိုးစိုး... စိုးစိုး... လင်ဆိုးမယား တဖားဖားဆိုတာလို ဖြစ်နေရှာတာပဲ။ ဒါထက် ကျွန်တော့် ထူပါဦးဗျ၊ တစ်ဆိတ် လိုက်ပို့ပါဦးနော် ကိုသိန်းမောင်"

"ပို့ပါ့မယ် လာပါ"

"ဒါထက် ပိုက်ဆံ ဘယ်လောက်ကျသလဲ မေးလိုက်စမ်းပါဦးဗျာ။ ကျွန်တော်တော့ ဟင်းရွက်ပြုတ်ဖတ်လို တစ်ကိုယ်လုံး ပျော့နေကုန်ပါပြီ၊ ကြည့်လုပ်စမ်းပါဦးဗျ"

"နေဦး... ကျုပ်သွားမေးဦးမယ်"

ကျွန်တော်သည် ပြောင်းကိုယ်စီနှင့် ရှုလျက်ရှိသော အထက်နှင့်အောက် လူလေးတန်းတို့၏ အကြားမှဖြတ်၍ ဘိန်းရောင်းသော တရုတ်၏အခန်းကလေးသို့ သွားသောအခါ အောက်တန်းတစ်တန်းတွင် တိုင်ကိုမှီလျက် ထိုင်နေသော အရပ်မြင့်မြင့်လူတစ်ယောက်ကို ကျော်လွန်မိသည်နှင့် တစ်ပြိုင်နက် ခြေသလုံးကို ရုတ်တရက် ခြစ်ကုတ်ခြင်းခံရပြီးနောက် "ရှေ့လျှောက်သွားပြီး ပြန်လှည့်ကြည့်လိုက်စမ်း"ဟု တီးတိုးပြောလိုက်သံကို ကြားရလေ၏။

ထိုကဲ့သို့ ပြောလိုက်သော အသံမှာ ပြောင်းကို လက်တစ်ဖက်တွင် ကိုင်လျက် တိုင်ကိုမှီကာ ငိုက်နေသော ပိန်ပိန်ရှည်ရှည် ပါးရည်များ တွန့်လိမ်လျက်ရှိသည့် ဇရာဒုဗ္ဗလအရွယ် အဘိုးကြီး၏ ပါးစပ်မှထွက်လာသည်ဟု ကျွန်တော်ထင်မှတ်ရ၏။

နစ်လှမ်းခန့် လှမ်းပြီးနောက် လှည့်၍ ကြည့်လိုက်သောအခါ ကျွန်တော့်မှာ အံ့ဩလှသောကြောင့် လွတ်ခနဲ မအော်မိစေခြင်းငှာ နှုတ်ခမ်းကို ကိုက်ထားလိုက်ရသေး၏။

အကြောင်းသော်ကား ယခင်က အဘိုးအို၏ ပိန်ခွက်သောပါးများသည် ပြည့်ဖြိုး ဖောင်းပွလာရုံမျှမက တွန့်လိမ်ပျော့ခွေသော အသားအရေများသည်လည်း တင်းမာ ချောမွေ့လာပြီးလျှင် အဘိုးကြီးစင်စစ်က ဦးစံရှားဖြစ်လာသည်ကို တွေ့မြင်ရသောကြောင့်ပေတည်း။

"ဦးစံရှား၊ ခင်ဗျား ဒီမှာ ဘာလာလုပ်နေတာလဲ"

"တိုးတိုး ဆရာရဲ့ တိုးတိုး၊ ကျုပ် နားကောင်းပါတယ်။ ခင်ဗျား လူကို မြန်မြန် ပြန်လွှတ်လိုက်စမ်းပါ၊ ခင်ဗျားပဲ တိုင်ပင်စရာလေး ရှိလို့ပါ"

ကျွန်တော်သည် ကိုဘသန်းမြင့်အတွက် ကျသင့်သောငွေကို တရုတ်ထံ ပေးချေပြီးနောက် ကိုဘသန်းမြင့်နှင့်အတူ ဘိန်းခန်းမှ ထွက်လာခဲ့၍ မြင်းလှည်းတစ်စီးပေါ်သို့ ယင်းအား တင်လွှတ်လိုက်ပြီးလျှင် အပြင်မှ စောင့်ဆိုင်းနေလေ၏။

၅ မိနစ်ခန့် ကြာသောအခါ လူအိုတစ်ယောက်မှာ ဘိန်းခန်းထဲမှ ကုန်းကုန်း ကုန်းကုန်းနှင့် ထွက်လာ၍ ကျွန်တော်နှင့်အတူ တစ်လမ်းနှစ်လမ်းမျှ ကျော်လွန်သည့်တိုင်အောင် ထိုနည်းအတိုင်း လျှောက်လာပြီးမှ ခါးကို ဆန့်တန်း၍ ခါတိုင်း ဦးစံရှား၏ အသွင်အတိုင်း ပြောင်းလဲလိုက်ပြီးလျှင် အားရပါးရ ရယ်မောနေလေ၏။

"ဘယ့်နယ်လဲ ကိုသိန်းမောင်၊ ကျုပ်ကို တိတ်တိတ်ပုန်း ဘိန်းစွဲနေပြီလို့များ မထင်လိုက်မိဘူးလား"

"ဒီလိုတော့ မထင်ပါဘူး၊ နို့ပေမဲ့ ဒီနေရာမှာ တွေ့ရတာ သိပ်အံ့သြတာပဲ"

"ကျုပ်ကလည်း ခင်ဗျား အံ့သြသလို အံ့သြနေတာပဲ"

"ကျွန်တော်က မိတ်ဆွေတစ်ယောက်တွေ့ရအောင် လာရတာကိုးဗျ"

"ကျုပ်ကလည်း ရန်သူတစ်ယောက်တွေ့ရအောင် လာရတာပဲ"

"ဘယ်လိုရန်သူလဲဗျ"

"ကျုပ်အလုပ်က ရာဇဝတ်ကောင်ဆိုရင် ရန်သူပေါ့ဗျ။ ကျုပ် စုံထောက်နေတဲ့ အမှုကလေးနဲ့ ပတ်သက်ပြီး သဲလွန်စကလေးများ ရမလားလို့ စနည်းနာကြည့်တာပဲ။ ကျုပ်မှန်းသိရင် အရှင်လတ်လတ် တူးမြှုပ်ပစ်မယ့် လူသုံးလေးယောက် ရှိတယ်။

အမှုကလေးတစ်မှုတုန်းက ကျုပ်လုပ်လိုက်တာ ထောင်ထဲမှာ အတော်နစ်နာ သွားလေတော့ ဘိန်းခန်းက ကြမ်းပိုးတွေက ကျုပ်ကို တွေ့ရာသင်္ချိုင်းပဲလို့ ကြိမ်းဝါးထားသတဲ့ဗျ၊ ဒါကြောင့် ရုပ်ဖျက်ပြီး ဝင်ရတယ်"

"ပြောတိုင်းလုပ်နိုင်ရင် ခက်ကုန်ရောပေ့ါဗျာ"

"သြော်... ကိုသိန်းမောင်က ကြည့်မြင်တိုင် ဘိန်းခန်းအကြောင်း မသိသေးဘဲကိုး။ ဒီဘိန်းခန်းနောက်က ရေထဲပစ်ချလို့ ပုပ်မှပေါ်လာတဲ့ အလောင်းပေါင်း ဘယ်နလောင်းရှိပြီ မှတ်နေသလဲ။ တစ်လောင်းကို ငွေတစ်ရာရရင် ကျုပ်တို့ သူဌေးကြီးတွေ ဖြစ်နေပြီ"

ကျွန်တော်တို့သည် ပြောရင်းဆိုရင်း ကမ်းနားလမ်းတစ်လျှောက် လျှောက်လာကြ၍ ဦးစံရှားက လက်ညှိုးတစ်ချောင်းကို ခွေပြီး လေချွန်လိုက်သည်တွင် ပြန်၍ လေချွန်သံတစ်ချက် ကြားရပြီးနောက် တက္ကစီတစ်စီးသည် ကျွန်တော်တို့ရှေ့သို့ ရောက်လာလေ၏။

ကားပေါ်သို့ တက်ကြပြီးနောက် "ကျုပ်တို့ ဒီကနေ့ည ခုနစ်မိုင်ခြံထဲမှာ အိပ်ကြရလိမ့်မယ်ဗျို့"

"ဘယ်သူ့ခြံလဲဗျာ"

"ကိုဘလှသိန်းရဲ့ ခြံလေ၊ သူ့အမှုကို ကျုပ် စုံထောက်နေရတယ်ဗျ"

"လင်းစမ်းပါဦးဗျ၊ ကြားစမ်းပါရစေဦး"

"ဒီလိုဗျ၊ လွန်ခဲ့တဲ့ လေးငါးရက်နှစ်လောက်က ပိုက်ဆံတော်တော်ရှိပုံရတဲ့ ကိုဘလှသိန်းဆိုတဲ့ လူတစ်ယောက်က ခုနစ်မိုင်မှာ ခြံတစ်ခြံဝယ်၊ အိမ်ကြီးတစ်လုံး သပ်သပ်ရပ်ရပ်

ဆောက်ပြီး အစေခံ သုံးလေးယောက်နဲ့ တော်တော် သားသားနားနား နေထိုင်တယ်ဗျ။ လွန်ခဲ့တဲ့ ငါးနှစ်လောက်တုန်းက ကြို့ကုန်းက ပင်စင် အငြိမ်းစားဝန်ထောက် တစ်ယောက်သမီးနဲ့ အကြောင်းပါပြီး သားတစ်ယောက် သမီးတစ်ယောက် ရခဲ့တယ်။ သူ့အလုပ်အကိုင်ကတော့ အသက်အာမခံကုမ္ပဏီ ကိုယ်စားလှယ်တဲ့၊ မနက်တိုင်း ရန်ကုန်ကို မီးရထားနဲ့သွားပြီး ညနေတိုင်း မီးရထားနဲ့ ပြန်တတ်တယ်။ အရွယ်က သုံးဆယ်ကျော်၊ လူပုံက သနားကမား၊ စကားပြောကောင်း၊ အပေါင်းအသင်းဆံ့၊ သားမယား သားသမီးကိုလည်း အင်မတန် ဂရုစိုက်သတဲ့။ အသောက်အစား အ,ကစားမရှိ၊ တည်တည်တံ့တံ့ နေထိုင်ပြီး လူချစ်လူခင်လည်း တော်တော်ပေါများသတဲ့။ ကြွေးမြီဆိုလို့လည်းမရှိ၊ သူ့နာမည်နဲ့ အင်ပီရီယယ်ဘဏ်တိုက်မှာ ငွေနှစ်ထောင်ကျော် ရှိနေတဲ့အတွက် ငွေရေးကြေးရေး ကျပ်တည်းလို့ရယ်လို့လဲ တွေးစရာမရှိဘူးဗျ”

“ဆိုပါဦးဗျ”

“ဒါနဲ့ လွန်ခဲ့တဲ့ တနင်္လာနေ့က ခါတိုင်းထက် ခပ်စောစော အိမ်ကထွက်ပြီး မထွက်ခင်ကလည်း အရေးကြီးတဲ့ ကိစ္စကလေးနှစ်ခုရှိတယ်လို့ သူ့မိန်းမကို ပြောသွားသတဲ့။ ပြီးတော့ သူ့သားကလေး ကစားဖို့ သံပတ်မော်တော်ကားကလေးတစ်ခု ဝယ်သွားခဲ့မယ်လို့လည်း ပြောသွားသေးသတဲ့။

ကိုဘလှသိန်း ထွက်သွားပြီးတဲ့နောက် သူ့မိန်းမ မခင်တင့်က သူ့မိဘများနေတဲ့ ကြို့ကုန်းသွားလည်တုန်း မန္တလေးမြို့ အဒေါ်တစ်ယောက်ဆီက ကြေးနန်းတစ်စောင် ရသတဲ့။ ဘာကြေးနန်းလဲဆိုတော့ မခင်တင့်မှာထားတဲ့ မန္တလေးပစ္စည်းများကို သေတ္တာနဲ့ရိုက်ပြီး ကြည့်မြင်တိုင် ကမ်းနားလမ်းက ပွဲစားတစ်ယောက်လက်သို့ လူကြုံနဲ့ပို့လိုက်ပြီဆိုတဲ့ အကြောင်း၊ ထိုပွဲစားဆီ သွားယူဖို့အကြောင်းကို အိမ်နံပါတ်နဲ့တကွ ရိုက်ကြားလိုက်သတဲ့။

ဒါနဲ့ မခင်တင့်က အဲဒီတနင်္လာနေ့မှာ ကြို့ကုန်းက ကြည့်မြင်တိုင်ကို မီးရထားနဲ့လိုက်၊ ကမ်းနားလမ်းက ပစ္စည်းကို သွားယူ၊ ပြီးတော့ လန်ချားနဲ့ ခုနစ်မိုင်ကို ပြန်ခဲ့သတဲ့။ နားလည်ရဲ့လား”

“နားလည်ပုံဗျာ”

“ဒါနဲ့ ကမ်းနားလမ်းတစ်လျှောက် လန်ချား စီးပြီးလာခဲ့တုန်း နှစ်ထပ်အိမ်တစ်အိမ် အပေါ်ထပ်ကို မော့ကြည့်လိုက်တော့ သူ့ယောက်ျား ကိုဘလှသိန်းမျက်နှာကို ပြတင်းပေါက်က ကွက်ခနဲမြင်လိုက်ရပြီး တစ်ယောက်ယောက်က နောက်ကနေပြီး ဆွဲချလိုက်သလို ဖြုတ်ဆို ကွယ်ပျောက်သွားရောတဲ့ဗျ။

ကိုဘလှသိန်းရဲ့ မျက်နှာထားကလည်း ကြောက်အား လန့်အားကြီးနေသလိုလို စိတ်မှာ ထင်ရသတဲ့။ ဟိုနေ့ မနက်က ကိုဘလှသိန်းဟာ သက္ကလတ်နက်အင်္ကျီနဲ့ ခေါင်းပေါင်းနဲ့ အိမ်ကထွက်သွားသော်လည်း သူမြင်လိုက်ရတဲ့အခါတုန်းကတော့ စွပ်ကျယ်အင်္ကျီလေးနဲ့၊ ခေါင်းပေါင်းလည်း မပါဘူးတဲ့”

“ဆိုပါဦးဗျ”

“မခင်တင့် စိတ်ထဲမှာ သူ့ယောက်ျားဟာ ရန်သူ တစ်မျိုးတစ်မည် လက်တွင်း ကျရောက်နေပြီလို့ မှတ်ထင်ပြီး လန်ချားကိုရပ်၊ အိမ်ပေါ်ကို အတင်း တက်တာကိုးဗျ။

ကျုပ်တို့ ခုနကထွက်လာခဲ့တဲ့ ဘိန်းခန်းပဲကိုဗျ၊ အောက်ထပ်က ဘိန်းခန်း၊ အပေါ်ထပ်က ထောင်ကဲနေသတဲ့။ ဒါနဲ့ မခင်တင့်က အပေါ်ထပ်တက်မယ်လုပ်တော့ တရုတ်တွေက လှေကားရင်းကနေပြီး အတင်းတားဆီးသတဲ့။ ခများက လင်ရေးဆိုတော့ မကြောက်နိုင်တော့ဘဲ အတင်းတိုးတက်တော့ တရုတ်တွေကလည်း အတင်းတွန်းထုတ်လို့ ပြန်ထွက်လာရရောတဲ့။

မခင်တင့်မှာ အကြံရကျပ်ပြီးနေတုန်း ကံအားလျော်စွာ ဌာနအုပ်နဲ့ ပုလိပ်နှစ်ယောက် အခန့်သင့်ရောက်လာပါရော။ မခင်တင့်က ဌာနအုပ်ကို အကျိုးအကြောင်း ပြောပြလို့ ပုလိပ်ရော မခင်တင့်ပါ အိမ်ပေါ်တက်ရှာ၊ ရှာပေမဲ့ ဘာမှ မတွေ့ဘူးတဲ့။ နောက်ဖေးခန်းမှာ ခြေကျိုးသူတောင်းစား တစ်ယောက်ပဲ တွေ့သတဲ့။

ဒါနဲ့ ခုချက်ချင်း ဘယ်ပျောက်နိုင်စရာ ရှိပါ့မလဲလို့ အတွေးရခက်ပြီး နေတုန်း စားပွဲကလေးပေါ်မှာ စက္ကူသေတ္တာကလေးတစ်လုံးကို မခင်တင့်တွေ့လို့ ဖွင့်ကြည့်လိုက်တော့ ကလေးကစားစရာ မော်တော်ကားကလေးတဲ့ဗျ။

ဒီတော့ သေချာပြီ၊ ကိုဘလှသိန်းကို မြင်လိုက်တာ အမှန်ပဲလို့ ယူဆပြီး သေသေချာချာ လိုက်ကြည့်ကြပြန်တော့ နောက်ဖေးပြတင်းပေါက်မှာ သွေးစက်တွေ၊ ကြမ်းပေါ်မှာလည်း သွေးစက်တွေ နဲ့လို့တဲ့ဗျ။ ပြီးတော့လည်း လိုက်ကာစုတ်တစ်ခုရဲ့ နောက်မှာ ကိုဘလှသိန်းရဲ့ နောက်ပိတ်ဖိနပ်ရယ်၊ ခြေအိတ်ရယ်၊ ပဝါရယ်၊ ခြင်းရယ်၊ အဝတ်အစားတွေ အားလုံးကို ထည့်ထားတာ တွေ့ရပါရောတဲ့ဗျ။

လူကို မတွေ့ရဘဲနဲ့ အဝတ်အစားချည်း တွေ့ရတော့ ဘိန်းခန်းဟာကလည်း မြစ်ဘက်ကို ကျောခိုင်းပြီး ဆောက်ထားတဲ့ အိမ်ဖြစ်လေတော့ နောက်ဖေးပြတင်းပေါက်ကနေပြီး ကိုဘလှသိန်းကို ရေထဲပစ်ချလိုက်ပြီလို့ တွေးစရာရှိတော့တာပဲကိုးဗျ"

"ဟုတ်မှာပါပဲ၊ ရက်စက်တဲ့လူစုပဲဗျ"

"ကိုင်း... ဒီအိမ်အတွင်းက မသင်္ကာစရာကောင်းတဲ့ လူတွေအကြောင်း ပြောပြဦးမယ်။ ဘိန်းခန်းရှင် ထောင်ကဲက တရုတ်ထဲမှာ အတော်နာမည်ကြီးတဲ့လူဗျ၊ ထောင်လေးငါးခါ ကျဖူးတယ်၊ သို့သော် မခင်တင့်ရဲ့စကားအရ အိမ်ထဲကို သူ ဝင်သွားသွားချင်း ထောင်ကဲကို လှေကားရင်းမှာ တွေ့ရတယ်တဲ့။

ဒီတော့ကာ ကိုဘလှသိန်းကို ဖျောက်ဖျက်တဲ့လူစုထဲမှာ သူ မပါနိုင်ပေဘူး။ အလိုတူ အလိုပါလောက်သာ ဖြစ်နိုင်လိမ့်မယ်။ သူ့ကို စစ်ဆေးကြည့်တော့ ကိုဘလှသိန်းဆိုတာ မသိရပါဘူးတဲ့။ သူ့အဝတ်တွေ ဘယ်နည်းနဲ့ရောက်နေသလဲဆိုတာကို သူ မပြောနိုင်ဘူးတဲ့။ အစစ အရာရာမှာ လုံးလုံးကြီး ဘူးကွယ်တဲ့အထဲကဗျ"

"ကွယ်လိမ့်မယ်လေ ဒါတော့"

"ကိုင်း... ခြေကျိုး သူတောင်းစားအကြောင်း ပြောရဦးမယ်။ သူ့နာမည်ရင်းက ဘကြိုင်တဲ့ဗျ။ သို့သော် သူ့ကို 'ငကြိုင်ကျိုး'လို့ ခေါ်ကြတယ်။ ရွှေတိဂုံဘုရား ရောက်ဖူးတဲ့လူတိုင်း မြို့ဘက် စောင်းတန်းမှာ သူ့ကို မြင်ဖူးကြပါလိမ့်မယ်။

သူ့မျက်နှာမှာ နဖူးကစပြီး မေးစေ့ရောက်ကရော ထောင့်ဖြတ် အမာရွတ်ကြီးနဲ့၊ အောက်နှုတ်ခမ်းက အောက်ကိုတွဲ၊ အထက်နှုတ်ခမ်းက အထက်ကိုလန်နေလေတော့ အမြဲသွားဖြဲနေသလို သိပ်ပြီးအမြင်ဆိုးတာပဲ။ နို့ပေမဲ့ လူက လျှာသွက်အာသွက်နဲ့ အချက်ကျအောင် ရယ်စရာ မောစရာ ပြောတတ်လေတော့ ပေးချင်ကမ်းချင်တဲ့လူ အင်မတန်များတယ်ဗျ။

သူ့ရှေ့မှာ ခင်းထားတဲ့အဝတ်ကလေးပေါ်မှာ မူးစေ့မတ်စေ့တွေ ဖွေးနေတာ ကျုပ် ခဏခဏ မြင်ရဖူးတယ်။ ဆံပင်ကလည်း နီလိုက်တာ တွတ်လို့၊ ပြောင်းဖူးမွေး၊ အသားကလည်း မင်သုတ်ထားသလား အောက်မေ့ရတယ်။ နက်လိုက်တာ ပြောင်လို့၊ အရောင်တဖိတ်ဖိတ် တောက်နေတာပဲ"

"ဪ... သိပြီဗျို့၊ အလယ်ပစ္စယံက သစ်သားတံတားပေါ်မှာ ထိုင်၊ ထိုင်တောင်းတတ်တဲ့ လူဟာ မဟုတ်လား"

"အစစ်ပဲ၊ ဒီက မော်တော်ကားကလေးကို မခင်တင့်တွေ့သွားတော့ သူ့မှာ မနေတတ် မထိုင်တတ် ကယောင်ချောက်ချား ဖြစ်လို့တဲ့။ ဘယ်နည်းနဲ့မဆို ဘိန်းခန်းအပေါ်ထပ်က နောက်ဖေးခန်းမှာ ဟိုအခါက သူနေလေတော့ ကိုဘလှသိန်းရဲ့အကြောင်းကို ဇာနည်မှုချ သူသိမယ် မဟုတ်လားဗျ"

"သိရမှာပေါ့၊ ဒါထက် သူက ဘယ်နည်းနဲ့ ဒီနေရာရောက်နေသတဲ့လဲ"

"သူက ဒီအခန်းမှာ တစ်လ ငါးကျပ်ပေးပြီးနေသတဲ့ဗျ"

"သူ သိလို့ရှိရင်လည်း သိရုံလောက်သိမှာပေါ့ဗျ။ သူကိုယ်တိုင်က မစွမ်းမသန်ဆိုတော့ လူတစ်ယောက် ဖျောက်ဖျက်ဖို့ ခဲယဉ်းလိမ့်မယ် ထင်ပါရဲ့"

"သူ မစွမ်းမသန်တာက ခြေထောက်ကျိုး လမ်းလျှောက်တာလောက် ရှိတယ်ဗျ။ လက်တွေဘာတွေက သူလိုငါလိုတောင် မကဘူး။ တော်တော်ဗလကောင်းတဲ့ အကောင်ဗျ"

"ဆိုပါဦးဗျာ"

"မခင်တင့်မှာတော့ သွေးစက်တွေ မြင်ကတည်းက သူ့လင် သွေးပဲဆိုပြီး မူးမေ့သွားလို့ ပုလိပ်များက မော်တော်ကားနဲ့တင်ပြီး အိမ်လိုက်ပို့လိုက်ရရော ဆိုပါတော့ဗျာ။

ပုလိပ်အရာရှိက ငကြိုင်ကျိုးကို မသင်္ကာမှုနဲ့ဖမ်းရော၊ မဖမ်းမီ သူ့ကိုယ်ထဲမှာ ထုံးစံအတိုင်းရှာတော့ ဘာမှတော့ မတွေ့ရဘူးတဲ့ဗျ။ သူ့စွပ်ကျယ်အင်္ကျီ လက်မောင်းမှာ သွေးစက်တွေ တွေ့တော့ သူ့လက်မှာ ဓားရှတဲ့ဒဏ်ရာတစ်ခုပြပြီး ဒီဒဏ်ရာက စွန်းပေကြောင်း ပြောတဲ့အပြင် ပြတင်းပေါက်နဲ့ ကြမ်းပေါ်မှာတွေ့ရတဲ့ သွေးစက်တွေဟာလည်း ဒီဒဏ်ရာက သွေးစက်တွေပါပဲလို့ သူက ပြောပြသတဲ့ဗျ။

သူက ကိုဘလှသိန်းကိုလည်း မသိရ၊ လိုက်ကာနောက်က အဝတ်အစားတွေ အကြောင်းကိုလည်း ဘာမှမသိရပါဘူးလို့ ပြောသတဲ့ဗျ။

ဒါနဲ့ ငကြိုင်ကျိုးကိုဖမ်းပြီး ဌာနခေါ်သွားရော၊ ဌာနအုပ်ကတော့ ရေကျတဲ့အခါမှာ အိမ်နောက်ဖေးမှာ ဘာများ တွေ့ရဦးမလဲလို့ မျှော်လင့်ချက်နဲ့ စောင့်ကြည့်နေသေးသတဲ့ဗျ"

"နို့ တွေ့သလား"

"တွေ့တော့ တွေ့တယ်၊ အလောင်းမဟုတ်ဘူး၊ ကိုဘလှသိန်းရဲ့ အပေါ် အင်္ကျီအိတ်တွေထဲမှာ ဘာတွေပါတယ် ထင်သလဲ"

"စာများလားဗျာ"

"ဘာဟုတ်လိမ့်မလဲ၊ ကြေးပိုက်ဆံတွေနဲ့ ဖောင်းလို့ဗျ၊ တစ်အိတ်မှာ ပိုက်ဆံ ၁၉၅ ပြား၊ တစ်အိတ်မှာ ၂၇၃ ပြား တွေ့သတဲ့ဗျ"

"တန်တော့ဗျို့၊ ပိုက်ဆံတွေကြောင့် အင်္ကျီလေးလို့ ကျွတ်ကျနေရစ်ပြီး အလောင်းကတော့ ရေထဲမျောပါသွားဟန် ရှိတယ်။ ဒါထက် နေပါဦးဗျ၊ ဒီ့ပြင်အဝတ်တွေတော့ အခန်းထဲမှာတွေ့ပြီး အလောင်းမှာ အင်္ကျီတစ်ခုတည်း ဝတ်လျက်နဲ့ ပါသွားနိုင်ပဲ့မလားဗျာ"

"မှန်တယ်... သို့သော်လည်း ဒီလို တစ်ခုတွေးဖို့ ရှိတယ်။ ငကြိုင်ကျိုးက ကိုဘလှသိန်း အလောင်းကို ပစ်ချပြီးတဲ့နောက် သဲလွန်စ မကျန်ရစ်ရအောင် အဝတ်အစားတွေပါ ပစ်ချဖို့ စိတ်ကူးပေါ်လာလိမ့်မယ်။

ဒီတော့ကာ အင်္ကျီကို ရှေးဦးစွာယူပြီး ပစ်ချမယ်လုပ်တော့ ပေါလောကြီးပေါ်နေမှာကို သူ စဉ်းစားမိလိမ့်မယ်။ ဒီတော့ကာ သူ့မှာ အလွယ်ရှိတဲ့ ကြေးပိုက်ဆံတွေကို အိတ်နှစ်ဖက်ထဲ

ကပျာကယာ သွန်ထည့်၊ ဒီတော့ အတွင်းမှာ အစောင့်လုပ်တဲ့လူက ပုလိပ်တွေ လာနေပြီလို့ ပြောလိမ့်မယ်။

ဒီတော့ ကိုယ့်လူမှာ ကတိုက်ကရိုက်နဲ့ မြန်မြန်သွန်လောင်းထည့်ပြီး အကျီကို ပစ်ချလိုက်ခါရှိသေး။ ပုလိပ်တွေ တက်လာကြလို့ ဒီပြင်အဝတ်တွေကို ပစ်ချဖို့ အချိန်မရ။ တွေ့ကရောချောင်ထဲကို သွင်းထားလိုက်ရတယ် ဆိုရင်ကော"

"ဟုတ်တယ်ဗျို့... ဖြစ်နိုင်လောက်တဲ့ အလုပ်ပဲ"

"ငကြိုင်ကျိုးတော့ဖြင့် အချုပ်ထဲ ရောက်နေပြီ၊ သို့သော် ပြေပြေပြစ်ပြစ် ခိုင်ခိုင်မာမာဆိုလို့ ဘာတစ်ခုမှ သူ့ကို စွပ်စွဲစရာ မရှိဘူးဗျ။ အရင်က ပြစ်ချက်ရှိခဲ့ဖူးတဲ့ လူလည်း မဟုတ်ဘူး။

ကျုပ်တို့ စုံစမ်းဖို့အချက်က ဘာလဲဆိုတော့ ကိုဘလှသိန်းဟာ ဘိန်းခန်းထဲမှာ ဘာလုပ်နေသလဲ၊ ဘာဖြစ်သွားသလဲ၊ အခု ဘယ်ရောက်သွားသလဲ။ သူပျောက်နေခြင်းနဲ့ ငကြိုင်ကျိုးနဲ့ ဘယ်လိုဆက်သွယ်ခြင်း ရှိသလဲ။ အဲဒီအချက်တွေကို ကျုပ်တို့ အမှန်သိရဖို့ အရေးကြီးတယ်။ အမှုက ရှင်းမလိုလိုနဲ့ တော်တော်ရှုပ်တဲ့ အမှုပဲဗျို့."

ကျွန်တော်တို့သည် ခုနစ်မိုင်တွင်ရှိသော ကိုဘလှသိန်း၏ ခြံသို့ ရောက်လာကြလေပြီ။ အချိန်မှာ ၁၂ နာရီခန့် ရှိလေသည်။

ကိုဘလှသိန်း၏ဇနီး မခင်တင့်သည် အိပ်ရာမဝင်သေးဘဲ ကျွန်တော်တို့၏ ကားသံကြားသည်နှင့် တစ်ပြိုင်နက် ဝရန်တာသို့ ထွက်၍ကြိုလေ၏။

ဦးစံရှားသည် တက္ကစီသမားကို ငွေရှင်းပေး၍ လွှတ်လိုက်လေ၏။

လေ့ကားမှ တက်မိကြသည်နှင့် တစ်ပြိုင်နက် လည်ပင်းဆန့်တန်းလျက်ရှိသော မခင်တင့်က..

"သတင်းကောင်းပါ,ပါစရှင်"

"မပါဘူးဗျို့."

"သတင်းဆိုးတော့ မပါ,ပါစေနဲ့ရှင်"

"အဆိုးလည်း မပါ,ပါဘူး"

"တော်ပါသေးရဲ့ရှင်၊ ဝင်ကြပါ... ဝင်ကြပါ။ တစ်နေ့လုံး တော်တော် ပင်ပန်းနေရောပေါ့။ ကော်ဖီကို ဓာတ်ဘူးနဲ့ ကျွန်မထည့်ထားပါတယ်၊ သုံးဆောင်ကြပါဦး"

"ဒီဟာက ကျွန်တော့်မိတ်ဆွေ ကိုသိန်းမောင်တဲ့။ ကံအားလျော်စွာ အဆင်သင့် တွေ့လာလို့ အဖော်ရအောင် ခေါ်လာခဲ့ရတယ်"

"ဝမ်းသာပါတယ်ရှင်၊ အလိုက်အထိုက်ပဲ သည်းခံပြီး နေကြ ထိုင်ကြပါတော့။ ကျွန်မမှာ စိတ်ပူလိုက်ရတာက သိတော်မူကြတဲ့အတိုင်း..."

"ကျွန်တော်တို့က အရေးရှိရင် မြေကြီးပေါ်မှာတောင် အိပ်လာခဲ့တဲ့ လူစုတွေကပဲ။ ကျွန်တော်တို့အတွက် ဒုက္ခရှာဖို့ မလိုပါဘူး"

"ဒါထက် ဦးစံရှား၊ ကျွန်မ တစ်ခွန်း နှစ်ခွန်း မေးစရာကလေး မေးပါရစေရှင်၊ မှန်မှန်ပြောပါနော်"

"စိတ်ချပါ"

"ကျွန်မက စိတ်ခိုင်တဲ့မိန်းမပါ၊ တက်လား မူးလား မဖြစ်တတ်ပါဘူး။ မှန်မှန်သာ အမိန့်ရှိပါ"

"မေးပါ... မေးပါ"

"ဦးစံရှားရဲ့ စိတ်ထဲမှာ ကိုဘလှသိန်းဟာ အသက်ရှင်လျက် ရှိသေးတယ်လို့ ထင်ပါရဲ့လားရှင်"

ဦးစံရှားမှာ အကျပ်ကျနေသည့် လက္ခဏာနှင့် ဆုတ်ဆိုင်းလျက်ရှိ၏။

"မှန်မှန်ပြောပါရှင် နော်"

"မှန်မှန်ပြောရရင်ဖြင့် ကျွန်တော်တော့ မထင်တော့ဘူးဗျာ"

"သေပြီလို့ ထင်သလား"

"ဟုတ်တယ်"

"လူသတ်လို့ သေတယ် ထင်ပါသလား"

"ဟုတ်ကဲ့"

"ဘယ်နေ့က သေတယ်ထင်ပါသလဲ"

"တနင်္လာနေ့က"

"ဒါဖြင့် ဦးစံရှားရယ်၊ သူ့ဆီက ဒီစာကို ဒီကနေ့ ကျွန်မ ဘယ်လိုနည်းနဲ့ ရနိုင်ပါသလဲ။ တစ်ဆိတ်လောက် ရှင်းပြောစမ်းပါဦးရှင်"

ဦးစံရှားသည် အလွန် တုန်လှုပ်ခဲ့လှသူ တစ်ယောက် ဖြစ်သော်လည်း ထိုစကားကို ကြားရသောအခါ၌ ကုလားထိုင်မှ ငေါက်ခနဲ ထလိုက်လေ၏။

"ဟုတ်ပဲ့မလားဗျ"

"ဟုတ်ပါတယ်ရှင်၊ ဟောဒီမှာ သူ့စာပါပဲ"

"ကြည့်ပါရစေဗျာ၊ တစ်ဆိတ်လောက်"

"ကြည့်ပါရှင်၊ ကြည့်ပါ"

ဦးစံရှားသည် စာအိတ်ကိုယူ၍ ဒူးပေါ်တွင် ဖြန့်ခင်းကာ ကြည့်လျက်ရှိရာ ကျွန်တော်လည်း ထိုင်ရာမှထ၍ ကြည့်မိလေသည်။

"လက်ရေးက တယ်ကြမ်းပါကလား၊ ကိုဘလှသိန်း လက်ရေး ဟုတ်ရဲ့လား"

"စာအိတ်ပေါ်က လက်ရေးကတော့ သူ့လက်ရေးမဟုတ်ဘူး၊ အထဲက စာကတော့ သူ့လက်ရေး အစစ်ပါပဲ"

"သြော်... သူ့လက်စွပ်လည်း ထည့်ပေးလိုက်သကိုး"

"ကိုင်း... ကိုင်း... စာကို ကြည့်ရအောင်"

*ဘာမှမစိုးရိမ်ပါနှင့်၊ အရေလည်၍ အပတ်စေ့သောအခါ*
*အားလုံး ရှင်းလင်းသွားပါလိမ့်မည်။ သည်းခံ၍*
*စောင့်ပါဦး*

*ဘလှသိန်း*

ဦးစံရှားသည် စာအိတ်ရော စာကိုပါ သေချာစွာ လှန်လှောကြည့်ရှုပြီးနောက်...

"စာအိတ်ကို လိပ်တတ်တဲ့သူဟာ လိပ်ကို အသေအချာမသိလို့ တစ်ပိုင်းတစ်စ ရေးပြီးမှ သွားမေးရဟန် တူတယ်"

"ရှင် ဘယ့်နှယ်သိသလဲ"

"ပထမစာကြောင်းက နာမည်ဟာက သူ့ဘာသာ ခြောက်ရတဲ့မင်မို့လို့ မည်းလို့၊ အောက်က စာကြောင်းတွေမှာတော့ မင်နိုပ်သုံးထားလို့ ပြာနမ်းနမ်းရောင် ဖြစ်နေတယ်။ အစအဆုံး တစ်ခါတည်းဆက်ပြီး ရေးခဲ့လို့ရှိရင် အားလုံး မင်တစ်ရောင်တည်း ဖြစ်ရမယ်။ အခုတော့ ပထမစာကြောင်းရေးပြီး အောက်ကလိပ်ကို တယ် မသေချာတာနဲ့ ထမေးရပြီးမှ ဆက်ရေးရဟန်တူတယ်။ သေးတော့ အသေးအနုပ်ပဲ၊ နို့ပေမဲ့ တစ်ခါတလေ အသေးအနုပ်ကလေးတွေက သိပ်အရေးပါချင် ပါတတ်တယ်ဗျ။ ဒါကြောင့် ကျွန်တော်တော့ ဘယ်သင်းမှ မလွှတ်ဘူး"

"အထဲက စာအကြောင်းကောရှင်"

"စက္ကူက စာရေးစက္ကူသက်သက် မဟုတ်ဘူး၊ ဗလာစာအုပ်က ဆုတ်ပြီး ခဲတံနဲ့ ရေးတဲ့စာပဲ။ ကြည့်မြင်တိုင်စာတိုက်က ဒီကနေ့ ထည့်လိုက်တဲ့စာပဲ၊ စာထည့်တဲ့လူရဲ့လက်က ပေလို့၊ စာအိတ်ကိုပိတ်တဲ့လူဟာ ဆေးငုံတတ်ဟန် တူတယ်။ ကော်ကို လျှာနဲ့လျက်ပြီး ပိတ်လိုက်တာ စာအိတ်ကို ဆေးရွက်စော်နံနေတာပဲ"

"အသက်ရှင်လျက် ရှိသေးတယ်ဆိုတာ စိတ်ချရပြီလားရှင်"

"သူ့လက်ရေး မှန်ရဲ့နော်"

"မှန်ပါတယ်"

"လက်ရေးတူအောင် ရေးနိုင်တဲ့လူ မရှိဘူးဆိုရင်တော့ စိတ်ချရမလောက် ဖြစ်နေတာပေါ့"

"လက်စွပ်လည်း ရှိသေးတာပဲရှင်"

"လက်စွပ်ကတော့ ခက်သားပဲဗျာ။ သူ့လက်က ချွတ်ယူပြီး ထည့်လိုက်ရင်လည်း ဖြစ်နိုင်တာပဲကိုး"

"လက်ရေးကတော့ သေချာပါတယ်ရှင်၊ သူ့လက်ရေးကို ကျွန်မ ကောင်းကောင်း သိပါတယ်။ ဒီဟာ သူ့လက်ရေးအစစ်ပါ"

"သို့သော် တစ်ချက်ရှိသေးတယ်၊ စာကို တနင်္လာနေ့ကရေးပြီး ဒီကနေ့မှ ထည့်လိုက်ရင်လည်း ဖြစ်နိုင်သေးတယ်ဗျ"

"ဖြစ်တော့ ဖြစ်နိုင်ပါတယ်၊ ရှိကြီးခိုးပါရဲ့ ဦးစံရှားရှင် ကျွန်မ အားလျော့အောင် မပြောစမ်းပါနဲ့။ ကျွန်မယောကျ်ား မသေသေးပါဘူး။ ကျွန်မ သိပါတယ်။ ဟိုနေ့က အိမ်နောက်မှာ သူ့လက်ကို ဓားရှတာကိုတောင် ကျွန်မက အိမ်ရှေ့ကနေပြီး သိသေးတာပဲ။ သူ့မှာ

သေလောက်ပျောက်လောက် တစ်ခုခုဖြစ်တယ်ဆိုရင် ကျွန်မ မသိဘဲ နေပ့ါမလားရှင်။ ကျွန်မတို့ လင်မယားဟာ စိတ်ဓာတ်ချင်း တူပါတယ်"

"တစ်ခါတလေ မိန်းမများစိတ်က ထင်ချက်ဟာ ကျွန်တော်တို့ စုံထောက်တွေ အကျိုးအကြောင်းနဲ့ ဆင်ခြင်ချက်ထက်တောင် တပ်တပ်အပ်အပ် မှန်တတ်လွန်းလို့ ခင်ဗျ။ စကားကို ပေ့ါပေ့ါဆဆ ကျွန်တော် မထားပါဘူး၊ စိတ်သာချပါ။ နို့ပေမဲ့ အသက်ရှင်နေရုံမျှမက စာတွေဘာတွေတောင် ရေးနိုင်လျက်ကနဲ့ ခုထက်ထိ တိမ်းရှောင်နေတာ အစဉ်းစားရ ခက်လိုက်ပါဘိဗျာ"

"ကျွန်မလဲ မစဉ်းစားတတ်အောင် ဖြစ်နေတာပဲ"

"ဟိုနေ့က သူမသွားခင် ဘာများ မှာထားသွားသေးလဲ"

"ဘာမှ မမှာခဲ့ဘူးရှင်"

"ကြည့်မြင်တိုင်မှာ သူ့ကို မြင်လိုက်ရတော့ ခင်ဗျား အံ့သြသွားတယ်... ဟုတ်စ"

"သိပ်အံ့သြတာပဲ"

"ပြတင်းပေါက်ဖွင့်လို့လား"

"ဟုတ်ကဲ့ရှင့်"

"သူက ခင်ဗျားကို လှမ်းခေါ် လိုက်တာလား"

"ဒီလိုပဲ မှတ်ပါတယ်"

"မပီမသနဲ့ အော်လိုက်တယ်ဆို"

"မှန်ပါတယ်"

"လာပြီး ကယ်ဆယ်ဖို့သဘောနဲ့ ခေါ် လိုက်ပုံမျိုးလား"

"ဟုတ်ကဲ့ရှင့်၊ လက်ယပ်ခေါ် တယ်လို့ ထင်လိုက်ရတာပဲ..."

"ခင်ဗျားကို မမျှော်လင့်ဘဲ မြင်လိုက်ရလေတော့ အံ့သြပြီး လက်မြှောက်လိုက်တာ ဖြစ်နိုင်သလား"

"ဒီလိုလည်း ဖြစ်နိုင်ပါတယ်"

"နောက်ကနေပြီး တစ်ယောက်ယောက်က ဆောင့်ဆွဲလိုက်တယ်လို့ ထင်သလား"

"ရုတ်ခနဲ ပျောက်သွားတာပဲရှင့်"

"သူ့ဘာသာ နောက်ကို ခုန်လိုက်ခြင်းလည်း ဖြစ်နိုင်တာပေ့ါ။ အခန်းထဲမှာ သူ့ပြင် ဘယ်သူ့မှ မမြင်ရဘူးလား"

"ခြေကျိုးကြီးကတော့ အခန်းထဲမှာ သူပဲရှိပါတယ်လို့ ပြောတာပဲ"

"ဝတ်ထားတာကတော့ စွပ်ကျယ်အင်္ကျီဆို"

"မှန်ပါတယ်"

"ကြည့်မြင်တိုင် ဘိန်းခန်းအကြောင်းကို အရင်က တစ်ခါမှ မပြောဖူးဘူးလား"

"တစ်ခါမှ မပြောဖူးပါဘူး"

"ဘိန်းရှူတတ်တယ်လို့ ထင်သလား"

"မရှူတတ်ပါဘူးရှင်"

"ကိုင်း... ကိုင်း၊ တော်လောက်ပါပြီဗျ၊ အိပ်ချေပါတော့။ နက်ဖြန် အလုပ်သိပ်များမှာမို့လို့ ဒါ မေးချင်လို့ ကျွန်တော်တို့ ဒီမှာလာအိပ်ရတာပဲ။ ကိုင်း... ကိုင်း၊ အိပ်ချေပါတော့"

ကျွန်တော်တို့သည် ကော်ဖီနှင့် ဘီစကွတ်များကို စားသောက်ကြပြီးနောက် ဆင်ဝင်အောက်တွင် အစေခံများ ခင်းကျင်းပြင်ဆင်ထားသော "ကင့်ကော့" နှစ်ခုရှိရာသို့ ဝင်ကြလေ၏။ ဦးစံရှားမှာမူ ပက်လက်ကုလားထိုင်ကြီးပေါ်တွင် ခေါင်းအုံးများ၊ ဖုန်များကို စုပုံခင်းကျင်း၍ ဆေးတံ၊ မီးခြစ်နှင့် ဆေးဘူးများကို လက်တန်းပေါ်တွင် အဆင်သင့် တင်ထားခြင်းကို မြင်သဖြင့် နက်နဲခက်ခဲသော အမှုများကို တွေးတောစိတ်ကူးသည့်အခါ ပြုလုပ်လေ့ရှိသော ထုံးစံအတိုင်း တစ်ညဥ့်လုံး စဥ်းစားချေတော့မည်ဟု သိရှိရလေ၏။

ကျွန်တော်သည် "ကင့်ကော့" တစ်ခုပေါ်သို့ လှဲအိပ်၍ ပက်လက်လှန် ကုလားထိုင်ပေါ်တွင် ဆေးငွေ့တစ်ထောင်းထောင်း ထအောင် ရှိုက်ဖွာလျက်ရှိသော ဦးစံရှားကို ကြည့်ရင်း အိပ်ပျော်ခြင်းသို့ ရောက်လေ၏။ နံနက်လင်းသဖြင့် မျက်စိဖွင့်ကြည့်လိုက်သောအခါ ဦးစံရှားမှာ ညဥ့်ကအတိုင်း ဆေးတံတဖွားဖွားသောက်လျက် ရှိနေသေးသည်ကို တွေ့မြင်ရလေ၏။

"နိုးပြီလားဗျို့၊ ကိုသိန်းမောင်"
"ဟုတ်ကဲ့…"
"လမ်းလျှောက်လိုက်မလား"
"လိုက်တာပေါ့"
"ကိုင်း… ဒါဖြင့် ထဗျာ၊ အဝတ်လဲပေတော့"

ပြည်လမ်းမကြီးတစ်လျှောက် လျှောက်လာကြစဥ် "ဦးစံရှား၊ ဦးစံရှားနဲ့ ခင်ဗျား မြောက်တာနဲ့ ကျုပ်လည်း ကိုယ့်ကိုယ်ကို အထင်ကြီးပြီး တော်တော်ပျက်စီးနေပြီ ကိုသိန်းမောင်။ လူပါးကြီးလုပ်နေလိုက်တာ တစ်ခါမှ အ,ပေ့ကွာ၊ ငထူလို့အော်ပြီး ကိုယ့်ထိပ်ကိုယ် လက်သီးနဲ့ထိုးဖို့ ကောင်းတော့တာပဲ။ တစ်ချက်နှစ်ချက်တောင် ကျုပ် ထိုးခဲ့မိသေးတယ်"
"နို့ နေပါဦးဗျ၊ အခုတော့ ဒီအမှုကို ခင်ဗျား တွေးလို့ရပြီလား"
"ရပြီလို့ ထင်တာပဲ၊ ဟုတ် မဟုတ် ဟိုကျတော့ သိရောပေါ့ဗျာ။ လာပါ"

ထိုအချိန်မှစ၍ ဦးစံရှားသည် အမှုအကြောင်းကို ဆက်၍မပြောတော့ဘဲ အခြား အကြောင်းအရာများကိုသာလျှင် အမျှင်မပြတ်အောင် ပြောလေတော့၏။

ယူနီဗာစီတီအနီးသို့ ရောက်လာသောအခါ အင်းစိန်မှလာသော ဘတ်စ်ကားတစ်စီးနှင့် တွေ့၍ တက်စီးကြပြီးလျှင် ရန်ကုန်သို့ လိုက်လာကြလေ၏။ သိမ်ကြီးဈေးသို့ ဆိုက်သောအခါ ဦးစံရှားသည် မြင်းရထားတစ်စီးကိုခေါ်၍ စတူးဝပ် အချုပ်ထောင်သို့ မောင်းနှင်စေ၏။

အချုပ်ထောင်အရာရှိများသည် ဦးစံရှားကို သိကြသဖြင့် ကြည့်မြင်တိုင်ဌာနမှ လူသတ်မှုနှင့် ဖမ်းပို့ထားသည့် တရားခံ ခြေကျိုးကြောင်ကို တွေ့လိုကြောင်းနှင့် ဦးစံရှားက ပြောရာတွင် ထောင်မှူးကိုယ်တိုင် အချုပ်ခန်းသို့ လိုက်၍ပို့လေ၏။

အချုပ်ခန်းတံခါးဝသို့ ရောက်သောအခါ ထောင်မှူးသည် သံတိုင်ကြားမှ လှမ်း၍ပြသဖြင့် ကျွန်တော် ကြည့်လိုက်ရာတွင် အကျဉ်းသမားသည် ကျွန်တော်တို့ဘက်သို့ မျက်နှာမူကာ အိပ်ပျော်လျက် ရှိသည်ကို တွေ့မြင်ရလေ၏။

အသား သပိတ်ရောင်နှင့် ဝက်နှုတ်ခမ်းကဲ့သို့ ထော်လျက် ထွက်နေသော နှုတ်ခမ်းများ၏ အထက်တွင် တစ်မိုင်ခန့်ရှိသော အမာရွတ်ကြီးသည် မျက်နှာတစ်ခုလုံးကို ထောင့်ဖြတ်ကြီးဖုံးလျက် ရှိရကား ဤမျှလောက် အမြင်ဆိုးသော မျက်နှာမျိုးကို တွေ့ရခဲလှပေလိမ့်မည်။

"ကျုပ်တို့လူက လူချောဗျနော် ဦးစံရှား"

"ဆေးလိုက် ကြောလိုက်ရရင် ဒီလောက်တောင် အရုပ်ဆိုးမယ် မထင်ပါဘူးဗျာ။ မှန်းစမ်း တံခါးဖွင့်စမ်း၊ ကျုပ် လုပ်ပေးစမ်းမယ်"

ထောင်မှူးသည် တံခါးသော့ကိုဖွင့်လျက်ရှိစဉ် ဦးစံရှားသည် အကျီအိတ်ထဲ၌ ထည့်၍ ယူဆောင်ခဲ့သော အဝတ်တစ်ထည်ကို ထုတ်ယူလေ၏။

အကျဉ်းသမားသည် တစ်ချက်မျှ လွန့်ပြီးနောက် ပက်လက်လှန်လျက် ဆက်လက် အိပ်ပျော်သွားပြန်လေ၏။

ဦးစံရှားသည် အကျဉ်းသမားအနီးတွင်ရှိသော ရေချိုင့်ထဲသို့ အဝတ်ကြီးကို နှစ်ပြီးနောက် ဘကြိုင်၏အနီးတွင် ဒူးထောက်၍ မျက်နှာကို ရေစိုသောအဝတ်ကြီးနှင့် နှစ်ချက် သုံးချက် ပွတ်တိုက်ပြီးမှ...

"ဂု မိုင်က ကိုဘလှသိန်းဆိုတာ သူပါပဲဗျ"

ဟု ကျွန်တော်တို့ဘက်သို့ လှည့်၍ ပြောလိုက်၏။

ကျွန်တော်တို့မှာ အလွန်အံ့ဩဖွယ်ကောင်းသော အချင်းအရာကို တွေ့မြင်ကြရလေ၏။

ခြေကျိုးကြိုင်ဆိုသူ၏ မျက်နှာသည် သစ်သီးကို အခွံ နွှာလိုက်ဘိသကဲ့သို့ ကွာကျသွားပြီးလျှင် သပိတ်ရောင်ထနေသော အသားသည်လည်းကောင်း၊ ထော်ငေါလျက် ထွက်နေသော နှုတ်ခမ်းများသည် လည်းကောင်း၊ နီတွတ်သောဆံပင်သည် လည်းကောင်း တစ်ခါတည်း ပျောက်ကွယ်သွားပြီးလျှင် မွန်မွန်ရည်ရည် သနားကမားနှင့် အသားအရေ ချောမွတ်သော လူတစ်ယောက်သည် အိပ်ချင်မူးတူးရှိသော မျက်လုံးများကို လက်နှစ်ဖက်ဖြင့် ပွတ်လျက် ထိုင်နေလေ၏။

ထို့နောက်မှ မိမိ၏အဖြစ်ကို သတိရဟန်ဖြင့် ကိုဘလှသိန်းသည် မျက်နှာကို ခေါင်းအုံးပေါ် သို့မှောက်ကာ ညည်းတွားလျက် ရှိလေ၏။

ကျွန်တော်နှင့် ထောင်မှူးတို့မှာ အံ့သြခြင်း မပြေပျောက်နိုင်သေးဘဲ တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်လျက် ရှိကြစဉ် ဦးစံရှားသည် ကိုဘလှသိန်း၏ ပခုံးကို လက်ဖြင့်ပုတ်လျက်...

"ကိုယ့်လူနယ်ဗျာ၊ ကိုယ့်မိန်းမကိုဖွင့်ပြီး ပြောထားရင် ပြီးရောပေါ့ဗျ"

"မိန်းမကြောင့် မဟုတ်ပါဘူးခင်ဗျ၊ သားသမီးကလေးတွေ ကျွန်တော် ရှက်လွန်းလို့ပါ။ သူတို့အဖေ သူတောင်းစားကြီးဆိုတာ သိကုန်ကြတော့မယ်။ အမယ်လေး... ကျွန်တော် ဘယ့်နယ်လုပ်ရပါ့မယ်"

"ဒီလိုလုပ်ပေတော့၊ ပုလိပ်ကို ခင်ဗျားက ဟုတ်တိုင်းမှန်ရာ ဖွင့်ပြောပါ။ ခင်ဗျားအပေါ်မှာ စွဲချက်တင်စရာ အကြောင်းမရှိရင် ခင်ဗျားအမှုကို ရုံးပြင်ကနားတင်ပို့ဖို့ မလိုပါဘူးမှတ်တယ်။ ဒီလိုဆိုရင် ခင်ဗျားအမှုကို သတင်းစာထဲ မပါစေရအောင် ဖုံးဖိပြီး တိုင်းသိပြည်ကြား အရှက်ကွဲခြင်းက သက်သာရာ ရကောင်းပါလေရဲ့ဗျာ"

ကိုဘလှသိန်းသည် ဦးစံရှား၏လက်ကို ဆွဲယမ်းလှုပ်ခါလျက်...

"မောင်မင်းကြီးသား ခုပြောတဲ့အတိုင်း နေရာကျအောင် တစ်ဆိတ်လောက် စီမံပေးတော်မူပါ ဦးစံရှား ခင်ဗျာ။ ကျွန်တော် ရှက်လိုက်ပုံတော့ မပြောပါနဲ့တော့။ ဦးစံရှားကသာ မဖော်နိုင်လို့ရှိရင် ကျွန်တော်ဟာ ကိုယ့်ကိုယ်ကို မဖော်ပြတော့ဘဲ ဘလှသိန်းကို သတ်မှုနဲ့ ခြေကျိုးကြိုးကြိုင်အဖြစ်နဲ့ပဲ စက်တိုင်တက်ဖို့တောင် ကျွန်တော် ဆုံးဖြတ်ထားပါတယ်။ ရှက်ဖို့ကောင်းလိုက်တာ ခင်ဗျာ"

"နောက်ကို ဒီအလုပ်နဲ့ အသက်မွေးဖို့အကြောင်းတော့ ခင်ဗျားကို တိုက်တွန်းဖို့ မလိုတော့ပါဘူး ထင်ပါရဲ့"

"စိတ်ချပါ ဦးစံရှား၊ လွန်ပြီးတာ လွန်ပါစေ။ ဘယ်တော့မှ ကျွန်တော် မလုပ်တော့ပါဘူး။ ကျွန်တော်လည်း စွန့်လု စွန့်လုနဲ့ စဉ်းစားဆဲမှာ သက်သက်မဲ့ အရှက်ကွဲချင်လို့ မစွန့်သေးဘဲ ဆက်လုပ်နေမိတာပါပဲ ခင်ဗျ"

"ကိုင်း... ခင်ဗျား ဖြစ်ရပုံ ပြောစမ်းပါဦး"

"ဒီလိုပါခင်ဗျ၊ ကျွန်တော့်အဖေက ကျောင်းဆရာ၊ ကျွန်တော်လည်း အင်္ဂလိပ်ကျောင်းမှာ ဆယ်တန်းအထိ သင်ခဲ့ဖူးပါတယ်။ ကျောင်းကထွက်ပြီး ဘိုင်စကုတ်ထဲမှာ မင်းသားကြမ်းဘက်က နှစ်နှစ် သုံးနှစ်လုပ်၊ ဒီကမှ တစ်ခါ သတင်းစာတိုက်မှာ သတင်းထောက်လုပ်။

တစ်နေ့တော့ အယ်ဒီတာလုပ်တဲ့လူက ရန်ကုန်မြို့မှာ သူတောင်းစားတွေ အင်မတန်ပေါ်နေတယ်၊ သူတို့အကြောင်းကို အထူးတလည် စုံစမ်းပြီး သတင်းစကား ရေးစမ်းလို့ ကျွန်တော့်ကို ခိုင်းပါလေရောခင်ဗျ။

ကျွန်တော်က ဒီတော့ ဘယ်လိုအကြံရသလဲဆိုတော့ ကိုယ်တိုင် ရုပ်ဖျက်ပြီး တောင်းစမ်းရရင် သူတို့အကြောင်း ကောင်းကောင်းကြီး သတင်းရေးနိုင်လိမ့်မယ်လို့ စဉ်းစားမိတယ်။

နဂိုက ဘိုင်စကုတ်ထဲမှာ အမျိုးမျိုးရုပ်ဖျက်ပြီး မင်းသားကြမ်း လုပ်ခဲ့ဖူးလေတော့ ကိုယ့်ကိုယ်ကို ခင်ဗျားတို့မြင်တဲ့နည်းအတိုင်း ရုပ်ဖျက်ပြီး တစ်နေ့ တောင်းစမ်းကြည့်လိုက်တယ် ခင်ဗျ၊ တစ်နေ့တည်းကို ငွေကိုးကျပ်ကျော်ကျော် ရပါတယ်"

"တယ်ရပါကလား"

"ဒါနဲ့ ဟိုတုန်းက အယ်ဒီတာလိုတဲ့ သတင်းကို ရေးပေးပြီး ကျွန်တော်လည်း ဒီအကြောင်း မစဉ်းစားတော့ဘဲ မေ့မေ့လျော့လျော့ နေလိုက်တော့တာပါပဲ။

တစ်နေ့တော့ မိတ်ဆွေတစ်ယောက် ငွေချေးရာမှာ တွဲဖက်လက်မှတ်ထိုးမိတာနဲ့ ကျွန်တော့်အပေါ် မှာ ငွေ ၁၅၀ ဝရမ်းထုတ်ခံရပါရော ခင်ဗျာ။

ဒီတော့မှ အကြံရပြီး တိုက်က အရက် ၂၀ ခွင့်ခံ၊ ကြွေးရှင်ကို ခွင့်တောင်း၊ ရွှေတိဂုံဘုရားမှာ ရှေးနည်းအတိုင်း တောင်းလိုက်တာ ၁၃ ရက်တည်းနဲ့ ငွေ ၁၅၀ ရပါရောခင်ဗျာ။ ရရချင်း ကြွေးဆပ်၊ အလုပ်ပြန်ဝင်၊ အေးအေးနေပြန်ပါရော ခင်ဗျာ"

"ဆိုစမ်းပါဦး ခင်ဗျ၊ ကောင်းမှန်းသိ မယ်အိတစိုစို ဖြစ်ကရောလား"

"အစစ်ပါပဲခင်ဗျ၊ သတင်းထောက်လုပ်ရတာက တစ်နေ့လုံး ပင်ပန်းကြီးစွာ ပြေးရလွှားရ၊ ရေးရ သွားရတာမှ တစ်လ ၄၅ ကျပ်ရတယ်။ ဟိုအလုပ်က အရိပ်ထဲမှာ ငြိမ်ငြိမ်ထိုင်ပြီး အဝတ်ကလေး ရှေ့မှာခင်းထားလိုက်ရုံနဲ့ လေးငါးရက်မှာ ဒီငွေလောက် ရနိုင်တာကိုး ခင်ဗျ။

ဒီတော့ ဘာမှမပြောနဲ့တော့၊ သတင်းထောက်အလုပ်က ထွက်ပြီး ခြေကျိုးကြောင် အမည်နဲ့ သူတောင်းစား လုပ်လိုက်ပါရော ခင်ဗျာ။

ကျွန်တော့်အကြောင်းကို ကြည့်မြင်တိုင် ဘိန်းခန်းက ထောင်ကဲ တစ်ယောက်တည်းပဲ သိတယ်။ သူ့အခန်းကလေးအတွက် ကျွန်တော်က တစ်လ သုံးဆယ်ပေးထားတော့ သူကလည်း နှုတ်လုံနေတာပေါ့ခင်ဗျာ"

"လူတိုင်းပဲ ခင်ဗျားလို ရသလား"

"ဘာဟုတ်လိမ့်မလဲ ခင်ဗျာ၊ တချို့ သူတောင်းစားများမှာ တစ်မတ် သုံးမူးရအောင် လျှာထွက်မတတ် တောင်းရပါတယ်။

ကျွန်တော့်မှာတော့ သူတောင်းစားမှော် အောင်ထားလို့လေလား၊ လူများ နားထောင်နိုင်အောင် စကားရွှန်း ပြောတတ်လို့လေလား မပြောတတ်ပါဘူး။ သုံးလေးနှစ် တောင်းလိုက်ရင်ပဲ ခြံမြေနဲ့ အိမ်နဲ့ ယာနဲ့ သားနဲ့ မယားနဲ့ ဖြစ်လာကုန်တော့တာကိုးဗျ"

"ဒါထက် ဟိုနေ့က အဖြစ်အပျက် ပြောစမ်းပါဦး"

"တနင်္လာနေ့ကတော့ တောင်းရမ်းပြီး ပြန်လာလို့ ဘိန်းခန်းအပေါ် ထပ်မှာ အဝတ်လဲနေတုန်း ကျွန်တော့်မိန်းမက လမ်းပေါ် ကနေပြီး ကျွန်တော့်ကို ပြတင်းပေါက်က မြင်သွားပါရော ခင်ဗျာ။

ဒီတော့ ကျွန်တော်လည်း အံ့အားသင့်ပြီး မျက်နှာကို ရုတ်တရက် လက်နဲ့ဖုံး၊ ဘိန်းဆိုင်ရှင် ထောင်ကဲကြီးကို အကျိုးအကြောင်း ပြေးပြောပြပြီး အိမ်ပေါ် ကို ဘယ်သူမှ မတက်စေနဲ့လို့ မှာထား။

ဒီအတောအတွင်းမှာ ကျွန်တော့်မိန်းမ အသံကို အိမ်အောက်မှာ ကြားရတယ်။ ကြားပေမဲ့ အိမ်ပေါ် တော့ သူ မတက်နိုင်ဘူးလို့ အောက်မေ့မိတယ်။

နို့ပေမဲ့ စိတ်ချရအောင် သူတောင်းစား အဝတ်ကို ကပျာကယာ ပြန်ဝတ်၊ မျက်နှာကိုရုပ်ဖျက်၊ ဘလုသိန်းအဖြစ်နဲ့ ဝတ်တဲ့ အဝတ်အစားတွေကို ဖျောက်ဖျက်ဖို့ စီမံတုန်းမှာ ပြတင်းပေါက်ကို ပျာယီးပျာယာဖွင့်မိလို့ လက်ညှပ်သွားပြီး ဓားရထားတဲ့ အနာဟောင်းက သွေးတွေထွက်၊ ဘလုသိန်းအဖြစ်နဲ့ ဝတ်တဲ့အကျီထဲ ကြေးဆိုက်ဆံတွေ လောင်းထည့်၊ ပြတင်းပေါက်ကနေပြီး ရေထဲပစ်ချ၊ လုံချည်တွေ ဖိနပ်တွေလည်း ဒီနည်းအတိုင်း ပစ်ချမယ်လုပ်တုန်း ဖြုန်းဆို ပုလိပ်တွေနဲ့ မခင်တင့်တို့ တက်လာကြလို့ လိုက်ကာနောက် ထိုးပစ်ထားလိုက်ရတာကိုး ခင်ဗျ။

ကျွန်တော်က ဘာပူနေသလဲဆိုတော့ ကျွန်တော့်ကို ဘလှသိန်းမှန်း သိသွားမှာ ပူပန်နေတယ်။ ပုလိပ်တွေက ဘာလုပ်သတုံးဆိုတော့ ကျွန်တော့်ကို ဘလှသိန်းသတ်မှုနဲ့ ဖမ်းလိုက်ပါလေရော ခင်ဗျာ"

"စာကို ဘယ့်နှယ်ထည့်လိုက်သလဲ"

"ပုလိပ်တွေ အလစ်မှာ စာတစ်စောင် ကတိုက်ကရိုက် ခြစ်ပြီး လက်စွပ်နဲ့တကွ ထောင်ကဲလက်ထဲ အပ်လိုက်ရတာပါပဲခင်ဗျာ"

"မနေ့ကမှ ခင်ဗျားစာ ရောက်သွားတယ်"

"ဟာ... အကျိုးနဲ့ ပူနေရှာတော့မှာပဲ"

ထောင်မှူးသည် ကိုဘလှသိန်း၏စကားကို အံ့ဩစွာ နားထောင်ပြီးနောက်...

"ခင်ဗျားမိန်းမနဲ့ သားသမီးကလေးများကို သနားတဲ့အတွက် ဒီအမှုကို သိုသိုသိပ်သိပ် စီမံသွားကြဖို့ ကျုပ် ကူညီမယ်။ သို့သော် ဒီအလုပ်တော့ ခင်ဗျား စွန့်ရလိမ့်မယ်နော်"

"စိတ်ချပါခင်ဗျာ၊ မှတ်လောက်သားလောက် ကျွန်တော် စိတ်ညစ်ပြီးရပါပြီ။ မလုပ်ဝံ့တော့ပါဘူး"

"နောက်ကို ဒီအလုပ်နဲ့ ခင်ဗျားကို တွေ့ရရင် ဒီအကြောင်းတွေ ကျုပ်တို့ အကုန်ဖော်ရလိမ့်မယ်နော်"

"သဘောရှိပြုပါ ခင်ဗျာ"

"ကိုင်း... ဒါဖြင့် ရှိစေ၊ ဒါထက် ဦးစံရှားက ဘယ်နည်းနဲ့ ပေါ်အောင် ဖော်နိုင်ပါလိမ့်၊ သိချင်စမ်းပါဘိဗျာ"

"ကျုပ် ဖော်တဲ့နည်းလား၊ ခေါင်းအုံးလေးလုံးပေါ် ဆင့်ထိုင်ပြီး ဆေးတံ ၁၂ ဆုံ ကုန်အောင်ဖွာတာပဲ ရှိတယ်ဗျို့... ကိုသိန်းမောင်၊ ကျုပ်တော့ ကော်ဖီဆာနေပြီဗျ၊ ပြန်လိုက်ကြဦးစို့ရဲ့"

*****

## ထူးဆန်းသော အဆိပ်ခတ်မှု

ကျွန်တော်၏မိတ်ဆွေ ဦးစံရှားသည် အာဇာနည် အသင်းအမှုကြီးနှင့် ပတ်သက်၍ ပဲခူးမြို့နယ်သို့ သွားရောက်နေခိုက်တွင် တစ်ညဥ့်သ၌ ကျွန်တော်သည် ညစာ စားသောက်ပြီးနောက် အခါတိုင်းကဲ့သို့ ထွေရာလေးပါး စကားပြောဆို၍ ငြင်းခုံမည့်သူ မရှိသည်ဖြစ်ရာ ကလပ်သို့သွားရမည်၊ ဟိုတယ်သို့သွား၍ ဘိလိယက်ကစားရမည်ကို စဉ်းစားလျက်ရှိနေစဉ် အင်စပက်တော် ကိုအုန်းဖေသည် တိုက်ပေါ်သို့ တက်လာ၍ "ဦးစံရှား ရှိပါသလား"ဟု မေးရာ ကျွန်တော်က မရှိကြောင်းနှင့် ပြောဆိုပြီးလျှင် နေရာထိုင်ခင်းပေးလေ၏။

ကျွန်။ ။ "ထိုင်ပါဦးတော့လားဗျာ၊ ပျာယီးပျာယာရှိလှချည့်ကလား။ ဘာများ ဖြစ်လာပြန်လို့လဲဗျ"
ဖေ။ ။ "ခွကျလိုက်လေဗျာ၊ ဆရာမရှိတာ သိပ်ပြီးခွကျတာပဲ။ ဘယ်တော့လောက် ရောက်မလဲဗျာ"
ကျွန်။ ။ "နက်ဖြန်လောက် ရောက်မယ်လို့ စာရေးလိုက်တာပဲ။ ဘာများ ထူးလို့လဲဗျာ"
ဖေ။ ။ "ဦးဘအောင် သေရှာပြီကောဗျ"

ကျွန်။ ။ "ဟယ် ဖြစ်ရလေဗျာ။ တစ်နေ့ကပဲ ကျွန်တော်နဲ့ ဟိုက်ကုတ်နားမှာ တွေ့လိုက်သေးတယ်။ ဘာရောဂါနဲ့လဲဗျာ"

ဖေ။ ။ "သူ့ကိုယ်သူသတ်ပြီး သေတဲ့လက္ခဏာနဲ့ တူတယ်ဗျ"

ကျွန်။ ။ "မဟုတ်နိုင်တာပဲဗျာ။ စီးပွားရေးကလည်း တက်၊ သားသမီးတွေကလည်း ထွန်းကား၊ ဘာများ စိတ်ညစ်စရာရှိလို့ သတ်သေရမှာလဲ ကိုအုန်းဖေရယ်"

ဖေ။ ။ "သတ်ပြီးသေတာ ဟုတ်မဟုတ် သိရအောင် ခင်ဗျားလည်း လိုက်ချင်လိုက်ခဲ့လေ။ ဆရာကြီး ဦးစံရှား မရှိတဲ့အခိုက်မှာ ခင်ဗျားက ဆရာကြီးနည်းတွေ အသုံးချပြီး တတ်နိုင်သလောက် ကူညီစမ်းပါဦးဗျာ"

ဟု ပြောသဖြင့် ကျွန်တော်သည် အဝတ်များ လဲလှယ်ပြီးလျှင် ကိုအုန်းဖေ၏ နောက်သို့ လိုက်ပါသွားခဲ့လေ၏။

စပါးပွဲစားကြီး ဦးဘအောင်မှာ မဂိုလမ်း၌ အလုပ်တိုက်တစ်ခန်း ငှားရမ်း၍ နေ့အခါ၌ အလုပ်ကိစ္စကို ဆောင်ရွက်လျက် နေအိမ်မှာ လမ်း ၄၀ ၌ တည်ရှိရာ ကျွန်တော်တို့ အိမ်ရှိရာလမ်းနှင့် များစွာ မဝေးကွာလှပေ။

ဦးဘအောင်သည် ညနေတိုင်း ၆ နာရီအချိန်ခန့်တွင် နေအိမ်သို့ ပြန်လာမြဲ ဖြစ်လေရာ ထိုနေ့ညနေ၌ ၈ နာရီထိုးသော်လည်း မပြန်လာသေးဘဲ ရှိသည်နှင့် သားမယားတို့သည် ထမင်းပွဲနှင့် တစောင့်ဆိုင်းဆိုင်း ရှိနေခဲ့လေ၏။

၈ နာရီခွဲလတ်သော် မယားဖြစ်သူ ဒေါ်မြမေသည် အစေခံ ဘရင်ကို မဂိုလမ်းရှိ အလုပ်တိုက်သို့ သွား၍ စုံစမ်းစေရာ ဘရင်သည် အလုပ်တိုက်သို့ ရောက်သောအခါ တိုက်ခန်းအတွင်း မီးလင်းလျက်ရှိသည်ကို တွေ့မြင်ရသော်လည်း အခန်းတံခါးအတွင်းမှ မင်းတုပ်ချ၍ ပိတ်ထားသည်ကို တွေ့ရလေ၏။

ထိုအခါ ဘရင်သည် ဆရာဖြစ်သူအား ဟစ်အော်ခေါ်ပါသော်လည်း မည်သူမျှ ထူးသံမကြားရဘဲ ဆိတ်ငြိမ်လျက်ရှိသည်တွင် စိုးရိမ်မကင်း ဖြစ်၍လာခဲ့လေ၏။

ဦးဘအောင်၏ အလုပ်ခန်းမှာ နှစ်ထပ်၌ ရှိသည်ဖြစ်၍ ဘရင်သည် အောက်ထပ်သို့ ဆင်းပြီးလျှင် အောက်ထပ်၌နေသူများအား "ဦးဘအောင်ပြန်သွားသည်ကို မြင်ကြပါသလော"ဟု မေးမြန်းရာ မမြင်ကြကြောင်းဖြင့် ပြန်ပြောကြသည်တွင် ဘရင်သည် စိုးရိမ်သည်ထက် စိုးရိမ်လာသည်နှင့် လမ်းစောင့် ပုလိပ်ကို ခေါ်ပြီးလျှင် ပုလိပ်နှင့်အတူ အခန်းတံခါးကို ချိုးဖွင့်၍ အခန်းတွင်းသို့ ကြည့်ကြသောအခါ ဓာတ်မီးများ အားလုံးလင်းလျက် ရှိသည်ကို တွေ့ရလေရာ ဦးဘအောင်မှာမူ မီးခံသေတ္တာကြီးအနီး၌ အလျားမှောက်လျက် အသက်ကုန်နေသည့်အဖြစ်ကို သိရှိရလေ၏။

တစ်ခန်းလုံးမှာလည်း တစ်စုံတစ်ရာကို အရေးတကြီး မွှေနှောက်ရှာဖွေဘိသကဲ့သို့ စာရင်းစာအုပ်များ မင်အိုး၊ ကလောင်တံ စသည့်အရာဝတ္ထုများသည် ပြန့်ကျဲလျက်ရှိသည်ကို တွေ့ရှိကြရလေ၏။

အထက်ပါ အကြောင်းအရာများမှာ ကိုအုန်းဖေက ကျွန်တော့်အား မဂိုလမ်းသို့ အသွားလမ်းခရီး၌ ပြန်ပြောင်းပြောဆိုသဖြင့် သိရှိရသော အဖြစ်အပျက်များ ဖြစ်လေရာ ကျွန်တော်တို့သည် မဂိုလမ်းသို့ ရောက်သောအခါ ဦးဘအောင်၏ သားမယား သားသမီးတို့သည် အခန်းဝ၌ ဆူညံစွာအော်ဟစ် ငိုကြွေးလျက်ရှိကြသည်ကို တွေ့မြင်ရလေသည်။

ကိုအုန်းဖေသည် ပုလိပ်အရာရှိဖြစ်သည့်အတိုင်း စုံစမ်းစစ်ဆေးရန် အခန်းတွင်းသို့ ဝင်သွားရာ ကျွန်တော့်မှာ ဒေါ်မြမေတို့ မိသားတစ်စုက ဦးစံရှားအကြောင်း မေးမြန်းကြသည်များကို ဖြေဆိုပြီးလျှင် မိတ်ဆွေတို့၏ ဝတ္တရားအတိုင်း ပရိဒေဝ မီးလောင်ကျွမ်းခြင်းမှ သက်သာနိုင်သမျှ သက်သာရာ ရနိုင်စေရန် တတ်အားသမျှ အားပေးစကား ပြောကြားပြီးနောက် အခန်းတွင်းသို့ ဝင်၍ လိုက်သွားလေ၏။

ဦးဘအောင်၏ အလောင်းမှာ ကိုအုန်းဖေ၏ အမိန့်အတိုင်း ဦးစံရှား ကြည့်ရှုရန်အတွက် ခြေရာလက်ရာ မပျက်စေဘဲ ယခင်ကအတိုင်း မီးခံသေတ္တာအနီးတွင် အလျားမှောက်လျက်ပင် ရှိသေးရာ ကျွန်တော် ဝင်သွားသည့်အခါ၌ ဆရာဝန်တစ်ယောက်သည် အလောင်းကို စမ်းသပ်ကြည့်ရှုလျက် ရှိနေလေ၏။

ဆရာဝန်သည် အလောင်းကို ကြည့်ရှုပြီးနောက် အနီးရှိ စားပွဲပေါ်၌ရှိသော ပုလင်းငယ်တစ်ခုမှ ဆေးရည်တို့ကို တစ်စက်နှစ်စက်မျှ လက်ထဲသို့ သွန်း၍ နမ်းရှုံ့ကြည့်ရှုပြီးနောက် ကိုအုန်းဖေအား...

ဝန်။ ။ "ခင်ဗျားတို့နဲ့ဆိုင်တဲ့အမှု ဟုတ်မယ်မထင်ပါဘူးဗျာ။ ကိုယ့်ကိုယ်ကို သတ်ပြီးသေတဲ့အမှုနဲ့ တူပါတယ်"

ဖေ။ ။ "ဘယ်နည်းနဲ့သေသလဲဗျာ"

ဝန်။ ။ (ပုလင်းငယ်နှင့် အနီးရှိပြွန်ငယ်ကို လက်ညှိုးညွှန်လျက်) "မော်ဖီးယားနဲ့ ထိုးသတ်ပြီး သေတဲ့လက္ခဏာပဲ။ မှန်းစမ်း၊ ဘယ်နေရာထိုးသလဲ။ ကျုပ် ကြည့်စမ်းဦးမယ်"

ဟု ပြော၍ ဆရာဝန်သည် အလောင်းကို လှန်လှောကြည့်ရှုရာ အလောင်း၏ ဝဲဘက် လက်မောင်းတွင် ရဲရဲနီသောအရာကို တွေ့သဖြင့်...

ဝန်။ ။ "ကျုပ်ပြောတဲ့အတိုင်းပါပဲ အင်စပက်တော်မင်း မော်ဖီယားက ရေနည်းနည်း ထည့်ပြီး ပြင်းပြင်း ဖျော်စပ်ထားလေတော့ ဒီအရေနဲ့ သုံးလိုက်လို့ရှိရင်ဖြင့် လူစိမ်းဆိုရင် ၅ မိနစ်တောင် မခံဘူးဗျ"

ဖေ။ ။ "ပွဲစားကြီးက မော်ဖီးယားထိုးနေကျမို့ မော်ဖီယားလွန်ပြီးသေတယ်လို့ ဆိုချင်သလားခင်ဗျာ"

ဝန်။ ။ "ထိုးနေကျဆိုရင် အနာတွေရှိမယ်။ အခုတော့ ဘယ်နေရာမှာမှ အနာလည်းမရှိဘူး။ စိတ်ညစ်စရာ အကြောင်းရှိလို့ ကိုယ့်ကိုယ်ကို တစ်နည်းနည်းနဲ့ သတ်သေတယ်လို့ ကျုပ်ထင်တယ်"

ဖေ။ ။ "ဒီ့ပြင်တစ်ယောက်က မော်ဖီယားနဲ့ အတင်းထိုးသတ်တယ် ဆိုရင်ကော မဖြစ်နိုင်ဘူးလားဗျာ"

ဝန်။ ။ "မှန်ပါတယ်၊ ခဲယဉ်းပါတယ်။ ပြီးတော့လည်း အခန်းကို အတွင်းကနေပြီး ပိတ်ထားလို့ ဘရင်နဲ့ လမ်းစောင့်ပုလိပ်က အတင်းဖွင့်ပြီး ဝင်ရတယ်ဆိုတော့ အခန်းတွင်းမှာ ဒီ့ပြင်လူလည်း

ရှိတဲ့လက္ခဏာ မရှိဘူး။ သို့သော် လာဗျာ ကိုသိန်းမောင်၊ နောက်ဖေးက ထွက်ပြေးနိုင်မလား ကြည့်စမ်းရအောင်”

ထို့နောက် ကျွန်တော်နှင့် ကိုအုန်းဖေတို့သည် အခန်း၏အခြေအနေကို သေချာစွာ ကြည့်ရှုကြရာ နောက်ဖေးပြတင်းပေါက်မှာ မြေနှင့် ပေ ၃၀ ခန့်ဝေးသည့်ပြင် အလောင်းကို တွေ့စဉ်အခါမှစ၍ ယခုတိုင် ပိတ်လျက်ပင်ရှိကြောင်းကို ဘရင်က သက်သေခံသည်ဖြစ်၍ ဤလမ်းမှလည်း ထွက်၍မပြေးနိုင်ကြောင်းကို စိတ်ကျေနပ်ကြလေ၏။

ထို့နောက် ကိုအုန်းဖေက အခန်းကို သေချာစွာကြည့်ရှုလျက်ရှိစဉ် ကျွန်တော်သည် စေ့စေ့ပါအောင် ဆုပ်ထားသော အလောင်း၏ ဘက်ယာဘက်တွင် ဖြူဖြူအရာဝတ္ထုတစ်ခုကို မြင်သည်နှင့် ကိုအုန်းဖေအားပြရာ ကိုအုန်းဖေသည် လက်ကိုဖြေ၍ နှုတ်ယူလိုက်သည်တွင် လက်ကိုင်ပဝါတစ်ထည်ကို တွေ့ရှိရလေ၏။

ထိုအခါ ကိုအုန်းဖေလည်း ယင်းကို ဖြန့်၍ ကြည့်ရှုသည်တွင် ဦးဘအောင်၏ နာမည်ကို တစ်ခုသောထောင့်၌ အင်္ဂလိပ်စာဖြင့် အတိုကောက်ရေးထားသည်ကို မြင်သဖြင့် ဦးဘအောင်၏ လက်ကိုင်ပဝါဖြစ်ကြောင်း သိရှိသည်နှင့် အရေးမကြီးဟု အောက်မေ့ကာ ပစ်ချမည်အပြုတွင် ကျွန်တော်က ဦးစံရှားကို သတိရ၍ တောင်းယူပြီးလျှင် အိတ်တွင်းသို့ ထည့်ထားလိုက်လေ၏။

ထို့နောက် ဆရာဝန်လည်း မိမိ၏ဝတ္တရားကုန်ပြီဖြစ်၍ ပြန်သွားရာ ကျွန်တော်က မီးခံသေတ္တာမှ တစ်စုံတရာပျောက်ဆုံးပါသလောဟု မေးမြန်းရာ ကိုအုန်းဖေအား သတိပေးသည်တွင် ကိုအုန်းဖေက…

“ကြံကြီးစည်ရာဗျာ ကိုသိန်းမောင်ကလဲ။ ကိုယ့်ကိုယ်ကို သတ်ပြီး သေကြောင်း ထင်ရှားနေပြီ ဥစ္စာပဲ။ ဘယ်သူက ဘာကိုယူလို့ ပျောက်ရဦးမှာလဲဗျ။ ခင်ဗျားကို ဦးစံရှားနည်း အသုံးချစမ်းပါပြောတာနဲ့ ယုန်ထင်ကြောင်ထင် ထင်ကုန်ပြီလားဗျာ”

ကျွန်။ ။ “လိုလိုမယ်မယ် သတိပေးမိတာပါဗျာ”

ဖေ။ ။ “ကိုင်းဗျာ၊ ခင်ဗျား ဒီလောက်မေးချင်ရင်လည်း မေးရတာပေါ့”

ထို့နောက် ကိုအုန်းဖေသည် ဘရင်ကိုခေါ်၍ မီးခံသေတ္တာမှ သော့၏ အကြောင်းကို မေးမြန်းပြီးလျှင် အလောင်း၏ အင်္ကျီအိတ်၌လည်းကောင်း၊ စားပွဲ၊ အံဆွဲ၊ ဗီရို အစရှိသည်တို့၌ လည်းကောင်း သော့ကို ရှာဖွေပါသော်လည်း မီးခံသေတ္တာသော့ကို မတွေ့ဘဲရှိနေလေ၏။

သို့ပါသော်လည်း ယင်းအကြောင်းမှာ များစွာ အရေးမကြီးဟူ၍ ကိုအုန်းဖေက သဘောရရှိသည်ဖြစ်သောကြောင့် တစ်နေရာရာ၌ ရှိပါလိမ့်မည်ဟူ၍သာ ပြောဆိုပြီးလျှင် အရေးမယူဘဲ ရှိနေခဲ့လေ၏။ ထို့နောက် ကိုအုန်းဖေသည် ဦးစံရှားလည်း ထိုနေ့၌ လာနိုင်ရန်မရှိ။ အကယ်၍ လာပင်လာစေကာမူ လူသတ်မှုမဟုတ်၊ မိမိကိုယ်ကို မိမိ သတ်၍သေသောအမှု ဖြစ်ကြောင်း ထင်ရှားနေပြီဖြစ်၍ အကျိုးမရှိဟု သဘောရသည်နှင့် အလောင်းကို ရင်ခွဲရုံသို့ ပို့လိုက်လေ၏။

ထို့နောက် ကျွန်တော်တို့သည် ဦးဘအောင်၏ ဇနီးနှင့် သားသမီးများကို ပူလောင်သောက မရောက်စေခြင်းငှာ ထိုက်သင့်ရာစကားတို့နှင့် ချော့မော့ပြောဆို၍ ယင်းတို့၏ နေအိမ်သို့ ပို့ပြီးလျှင် ကျွန်တော်သည် တိုက်ခန်းသို့ ပြန်လာခဲ့လေ၏။ အိပ်ရာသို့ ဝင်သော်လည်း ကျွန်တော်သည် မည်သို့အကြောင်းကြောင့်မသိ။ ဦးဘအောင်သည် မိမိကိုယ်ကို မိမိ သတ်၍သေသည်ဆိုခြင်းကို မကျေနပ်နိုင်အောင် ရှိသည်ဖြစ်၍ နံနက်လင်းလင်းချင်း ဦးစံရှားထံသို့ သံကြိုးဖြင့် အကြောင်းကြားမည်ဟု ဆုံးဖြတ်ပြီးမှ အိပ်ပျော်ခြင်းသို့တိုင် ရောက်ခဲ့လေ၏။

နံနက်လင်းသည်နှင့်တစ်ပြိုင်နက် ကျွန်တော်သည် ဦးစံရှားထံသို့ ဦးဘအောင်၏ အကြောင်းကို သံကြိုးရိုက်ကြားလိုက်လေရာ မွန်းမတည့်မီပင် ဦးစံရှားသည် ကားတစ်စီးနှင့် ရောက်လာလေ၏။

ထိုနေ့သည်ကား တနင်္ဂနွေဖြစ်သဖြင့် ကျွန်တော့်မှာ အလုပ်တိုက်သို့ မသွားရောက်ဘဲ အိမ်၌ရှိနေသဖြင့် ဦးစံရှားရောက်လာသည့်အခိုက်၌ ကိုအုန်းဖေလည်း ကျွန်တော်တို့၏ တိုက်ခန်း၌ အလည်ရောက်လျက်ရှိနေ၏။ ကျွန်တော်တို့သည် ဦးဘအောင် သေဆုံးပုံအဖြစ်အပျက်များကို ဦးစံရှားအား ပြောပြသောအခါ ဦးစံရှားက ...

ရှား။ ။ "ကိုအုန်းဖေ ဘယ့်နယ်ထင်သလဲ"

ဖေ။ ။ "ကိုယ့်ကိုယ်ကို သတ်တဲ့အမှုပါဆရာရယ်။ တွေးနေစရာ မရှိပါဘူး"

ရှား။ ။ "ပစ္စည်းတွေ ပြန့်ကျဲနေတာကကောဗျာ"

ဖေ။ ။ "ဒီဟာကတော့ ကိုယ့်ကိုယ်ကို သတ်ပြီး သေခါနီးမှာ တစ်ခုခု ထားခဲ့ချင်တဲ့အတွက် ကိုယ်ရှာတဲ့ပစ္စည်း မတွေ့လေတော့ စိတ်ပေါက်ပြီး ပစ္စည်းတွေကို မွှေနှောက်ထားဟန် တူပါရဲ့ဆရာ"

ရှား။ ။ "ကိုယ့်ကိုယ်ကို သတ်ပြီးသေတယ်ဆိုတာ စိတ်ညစ်ညူးဖို့ အကြောင်း ရှိရမယ် မဟုတ်လားဗျ။ ဘယ်လိုအကြောင်းများ ခင်ဗျားစုံစမ်းလို့တွေ့သလဲ"

ဖေ။ ။ "ဒါတော့ ကျွန်တော် မစုံစမ်းမိဘူး ဆရာ။ တစ်စုံတစ်ခု ရှိလို့သာပေါ့"

ရှား။ ။ "ရှိလို့ဟာပေါ့နဲ့ မပြီးဘူးဗျ။ ရှိ မရှိကို သေသေချာချာ စုံစမ်းဖို့ ကောင်းတယ်။ ဒါပေမဲ့ ရှိပါစေတော့ ဒါထက် သော့လည်းမတွေ့ဘူးဆို"

ဖေ။ ။ "မတွေ့သေးဘူးဆရာရဲ့။ ရှိတော့ရှိမှာပါပဲ ဆရာ"

ရှား။ ။ "ဘာပစ္စည်းများ အလောင်းနားမှာ တွေ့သလဲ"

ဖေ။ ။ "ဘာမှထူးထူးဆန်းဆန်း မတွေ့ပါဘူး ဆရာ။ ကျွန်တော်ပြောတဲ့ မော်ဖီးယားပုလင်းနဲ့ ပြွန်တံကလေးတွေ့တာပါပဲ"

ဖေ။ ။ "လက်ကိုင်ပဝါမှာ ဦးဘအောင် နာမည်ကြီးနဲ့ပါ ဆရာရဲ့။ ကျွန်တော် ကြည့်ပြီးပါပြီ"

ကျွန်တော်သည် လက်ကိုင်ပဝါကို တိုင်၌ချိတ်ထားသော အင်္ကျီအိတ်ထဲမှ ယူလာခဲ့၍ ဦးစံရှားအား ပြသလေရာ ဦးစံရှားသည် လက်ကိုင်ပဝါ သေချာစွာဖြန့်ကြည့်သည်တွင် တစ်စုံတစ်ခုကို အနံ့ရသည့်လက္ခဏာဖြင့် နှာခေါင်းရှုံ့ပြီးနောက် တစ်ကြိမ် နှစ်ကြိမ်မျှ နမ်းရှုပ်ပြီးလျှင် တွေဝေစွာ စဉ်းစားနေပြီးမှ "သြော်... ဒီလိုကိုး"ဟု လွှတ်ခနဲ ပြောလိုက်လေ၏။

ထိုအခါ ကျွန်တော်နှင့် ကိုအုန်းဖေတို့သည် "ဘယ်လိုလဲခင်ဗျာ"ဟု မေးသည်တွင် ဦးစံရှားသည် မည်သို့မျှ ပြန်မပြောဘဲ လက်ကိုင်ပဝါကို ကျွန်တော်နှင့် ကိုအုန်းဖေတို့၏ နှစ်ယောက်အကြား၌ လေယပ်သဖွယ် လှုပ်ရှားပေးလေ၏။

ပထမ၌ ကျွန်တော်သည် ထူးဆန်းသော ရေမွှေးတစ်မျိုး၏အနံ့ကို ရရှိပြီး နောက် အတန်ငယ်ကြာသောအခါ အနံ့သည် အီ၍ အီ၍လာလေရာ ကြာသည်ထက် ကြာသောအခါ၌ကား ကျွန်တော် ယခင်က တွေ့ဖူး ကြားဖူး ဖတ်ဖူးသော သွေးထွက်သံယိုရှိသည့် အဖြစ်အပျက်တို့သည် စိတ်ထဲ၌ တစ်ခုပြီးလျှင် တစ်ခု လျှပ်ပြက်သကဲ့သို့ ပေါ်၍ ပေါ်၍ လာလေ၏။

တစ်ခဏမျှ ကြာသောအခါ ကျွန်တော်သည် စိတ်ထဲ၌ လှုပ်ရှားထကြွ၍လာပြီးလျှင် ထိုးချင် ရိုက်ချင် သတ်ချင် ပုတ်ချင်သော စိတ်တို့သည် ဖြစ်ပေါ်လာပြီးလျှင် ကိုအုန်းဖေ၏ မျက်နှာကို ကြည့်ရသည်မှာ ကျွန်တော်၏ ရန်သူကြီးတစ်ဦးကဲ့သို့ မှတ်ထင်၍လာလေ၏။

ယင်းကဲ့သို့ ကြည့်ရင်း ကြည့်ရင်းဖြင့် ရှိကြစဉ် ကိုအုန်းဖေ၏ မျက်နှာထားသည် ဆိုးရွားသည်ထက် ဆိုးရွားလာသဖြင့် ကျွန်တော်သည် ထိုမျက်နှာကြီးကို လက်သီးဖြင့် ထိုးသတ်လိုသော စိတ်သည် ချုပ်တည်း၍ မရနိုင်လောက်အောင် ထိုးတက် ဖြစ်ပေါ်လာသည် ဖြစ်သောကြောင့် လက်ယာဘက်လက်ဖြင့် တစ်အားကျုံး၍ ထိုးလိုက်ရာ ကိုအုန်းဖေ၏ မျက်နှာကို မထိုးမိဘဲ ကျွန်တော်၏ လက်ကောက်ဝတ်မှာ ဦးစံရှား၏လက်ဖြင့် ဆုပ်ကိုင်ပြီးဖြစ်၍ နေလေ၏။

ထိုအခါ ဦးစံရှားက ရယ်မောလျက်...

"ဘယ့်နယ် ဒီလောက် ဒေါသကြီးရသလဲဗျ ကိုသိန်းမောင်"

ဟု ပြောလျက်ရှိစဉ် ကိုအုန်းဖေသည် ထိုင်ရာမှ ရုတ်တရက် ထ၍ ကျွန်တော်၏မျက်နှာကို ချိန်ရွယ်လျက် လက်သီးနှင့် ထိုးသတ်လိုက်ပြန်ရာ ဦးစံရှား၏ အားလပ်သော လက်တစ်ဖက်သည် ကိုအုန်းဖေ၏ လက်ကောက်ဝတ်ကို ဆုပ်ကိုင်ပြီး ဖြစ်ပြန်လေ၏။

ထိုအခါ ကိုအုန်းဖေသည် ကျွန်တော့်အား ထိုးချင်ကြိတ်ချင်စိတ် မကုန်သေးသည့် လက္ခဏာဖြင့် ရုန်းဖယ်လျက်ရှိရာ ကျွန်တော်ကလည်း ထိုးလိုသော စိတ်ပေါက်လာပြန်၍ ဦးစံရှား၏လက်မှ လွတ်အောင် ရုန်းဖယ်ပြန်လေ၏။

ယင်းသို့ ကျွန်တော်တို့နှစ်ယောက်သည် ဦးစံရှား၏ လက်မှလွတ်အောင် နှစ်ယောက်စလုံးပင် အကြောက်အကန် ရုန်းဖယ်လျက် ရှိကြပါသော်လည်း ဦးစံရှားသည် အရေးရှိသည့်အခါတို့၌ ခွန်အားကို လိုသလောက်ညှစ်၍ ထုတ်ယူနိုင်သော လူတစ်ယောက် ဖြစ်သဖြင့် လက်ဆစ်များ ပြုတ်၍ ထွက်မတတ် စီစီပါအောင် ဆုပ်ကိုင်ထားလေရာကား ကျွန်တော်တို့ နှစ်ယောက်မှာ လူကြီး၏ လက်တွင်းမှ လွတ်အောင် ရုန်းသော ကလေးနှစ်ယောက်ကဲ့သို့ မလွတ်ကင်းနိုင်ပဲ ရှိနေကြလေသည်။

ကျွန်တော်တို့ အတန်ငယ်မောပန်းကြသောအခါမှ ဦးစံရှားက "တော်ကြလေ၊ ဘယ့်နယ် ဒီလောက် ဒေါသကြီးရတာလဲ"ဟု ရယ်မောကာ ပြောဆိုသည်တွင် ကျွန်တော်တို့

နစ်ယောက်သည် မိမိတို့၏ စိတ်ဖောက်ပြားခြင်းကို သတိရ၍ ရယ်မောကာ မိမိတို့နေရာသို့ တစ်ဖန်ပြန်၍ ထိုင်ကြလေ၏။ ထို့နောက် ဦးစံရှားသည် ကျွန်တော်တို့၏ မျက်နှာများကို ကြည့်လျက် ဟက်ဟက်ပက်ပက် ရယ်မောလျက် ရှိလေ၏။

ဖေ။ ။ "ဘယ့်နယ်လဲ ဆရာ။ ကျွန်တော်တို့ ဘာဖြစ်ကြတာလဲ"
ရှား။ ။ "ခင်ဗျားဖြစ်တာ ခင်ဗျားသိမှာပေါ့ဗျ။ ဘယ့်နယ်ဖြစ်တာလဲ"
ဖေ။ ။ "စိတ်ထဲက ထိုးချင်၊ ကြိတ်ချင်၊ သတ်ချင်၊ ပုတ်ချင်တဲ့စိတ်တွေ ရုတ်တရက် ဖြစ်ပြီးလာလိုက်တာ ဆရာရယ်။ ကိုသိန်းမောင်ကို ကျွန်တော်က ရန်သူကြီးတစ်ယောက်လို ဖြစ်သွားတာပဲ"
ရှား။ ။ "ခင်ဗျားကောဗျ ကိုသိန်းမောင်ရဲ့"
ကျွန်။ ။ "ကျွန်တော်လည်း ဒီလိုပဲဖြစ်တယ်ဗျ"
ရှား။ ။ "ဘာကြောင့်ထင်သလဲ"
ကျွန်။ ။ "မပြောတတ်ဘူး"
ဖေ။ ။ "ဘာကြောင့်လဲ ဆရာ"

ထိုအခါ ဦးစံရှားသည် ဆုပ်နယ်ထားသော လက်ကိုင်ပဝါကို တစ်ဖန်ထုတ်၍ ပြလေရာ...
ဖေ။ ။ "တော်ပါတော့ ဆရာ၊ ကျွန်တော် ရိပ်မိပါပြီ။ ပထမတော့ မွှေးသလိုလို အနံ့ရပြီး ခေါင်းထဲမှာ ဝေတေတေ၊ ရီတီတီဖြစ်လာပြီး ထိုးချင်တဲ့စိတ်တွေ ဝင်လာတာပဲ ဆရာရေ့။ တန်တော့ သူ့သတ္တိပဲဆရာ။ ကျွန်တော် ရိပ်မိပြီ၊ သို့သော် ဘယ်လိုရေမွှေးများ ဘယ်လိုဆွတ်ပြီး ဦးဘအောင်က"
ရှား။ ။ "ရေမွှေး ဟုတ်ရောလားဗျာ။ အင်မတန် ပြင်းထန်တဲ့ အဆိပ်တစ်မျိုးပေါ့။ နေဦး နောက်တော့ ကျုပ်ပြောပြမယ်၊ ကိုင်း ကိုင်း လက်ကိုင်ပဝါကို သေသေချာချာ ကြည့်ကြဦးစို့။ ခင်ဗျားတို့အိတ်ထဲက လက်ကိုင်ပဝါနဲ့ နှာခေါင်းကို ပိတ်ထားကြနော်။ မတော်လို့များ ခုနင်ကလို ဖြစ်နေကြဦးမယ်"

ထို့နောက် ကျွန်တော်တို့သုံးဦးသည် မိမိ၏နှာခေါင်းကို လက်ကိုင်ပဝါနှင့် အသီးသီး ပိတ်ဆို့ကြပြီးနောက် ယခင်က လက်ကိုင်ပဝါကို စားပွဲပေါ်၌ ဖြန့်၍ တင်ပြီးလျှင် မှန်ဘီလူးနှင့် လက်ကိုင်ပဝါကို သေချာစွာ ကြည့်ရှုကြလေ၏။

ထိုလက်ကိုင်ပဝါ၏ တစ်ခုသောထောင့်၌ (B.A)ဟူသော အင်္ဂလိပ်စာလုံးများနှင့် ဦးဘအောင်၏အမည်ကို အတိုကောက် ချည်ဖြင့်ထိုးထားလျက် လက်ကိုင်ပဝါ၏ အလယ်၌ကား စွန်းပေလျက်ရှိသော အဝိုင်းငယ်တစ်ခုကို တွေ့ရှိရလေ၏။

ရှား။ ။ "အလယ်ကောင်က အဝိုင်းကို မြင်ကြရဲ့လား"
ဖေ။ ။ "မြင်တယ် ဆရာ"
ရှား။ ။ "ဘာကြောင့်ဖြစ်တဲ့ အဝိုင်းလဲဗျာ"

ဖေ။ ။ "ဖန်ခွက်ကိုသုတ်ထားတဲ့ အဝိုင်း ထင်ပါရဲ့ဆရာ။ ဩော်… ဟုတ်လိမ့်မယ် ဆရာ။ ဦးဘအောင်က အဆိပ်ကို ဖန်ခွက်မှာ ထည့်သောက်ပြီး ဖန်ခွက်အဝကို လက်ကိုင်ပဝါနဲ့ သုတ်ဟန်ရှိတယ်"
ရား။ ။ (ဦးခေါင်းကိုယမ်းလျက်) "ကိုင်း ကိုင်း ကျုပ်တို့ထင်တဲ့အတိုင်း ဟုတ် မဟုတ်ကို ဦးဘအောင် အလုပ်ခန်း တစ်ဆိတ်လောက်သွားပြီး ကြည့်စမ်းရအောင် လာကြဗျာ"

ထို့နောက် ကျွန်တော်တို့သည် ကိုအုန်းဖေ၏ကားနှင့် မဂိုလမ်းရှိ ဦးဘအောင်၏ အလုပ်တိုက်ခန်းသို့ သွားရောက်ကြလေ၏။

တိုက်အခန်းအတွင်းသို့ ရောက်သောအခါ ဦးစံရှားသည် မည်သို့မျှမပြောဘဲ စားပွဲပေါ်၌ တင်ထားသော တယ်လီဖုန်းကို ကောက်ယူနမ်းရှု့ကြည့်ပြီးနောက် စိတ်ကျေနပ်သော လက္ခဏာဖြင့်…

"ကျုပ်ထင်တဲ့အတိုင်းပဲဗျို့"
ဟု ပြောပြီးလျှင် ကျွန်တော်တို့ကို ပြလေ၏။ ကျွန်တော်တို့နှင့် ကိုအုန်းဖေတို့လည်း တစ်ယောက်တစ်လှည့် နမ်းရှု့ကြည့်ရှုလေရာ တယ်လီဖုန်းစကားပြောခွက် နေရာမှ စောစောက လက်ကိုင်ပဝါမှ အနံ့မျိုး ထွက်လျက်ရှိသည်ကို တွေ့ရှိကြရလေ၏။

ထိုအခါ ဦးစံရှားသည် ယခင်က လက်ကိုင်ပဝါကို အိတ်မှ ထုတ်ပြီးနောက် တယ်လီဖုန်း၏အဝနှင့် လက်ကိုင်ပဝါမှအဝိုင်းကို တိုင်း၍ကြည့်ရာ တစ်ရွယ်တည်း ကိုက်လျက်ရှိသည်ကို တွေ့ရှိရလေ၏။

ဖေ။ ။ "ဩော်၊ တန်တော့ တယ်လီဖုန်းကို လက်ကိုင်ပဝါနဲ့ သုတ်ထားတာကိုး ဆရာရဲ့"
ရား။ ။ "အစစ်ပေါ့ ကိုအုန်းဖေ၊ ကိုင်း ကိုင်း… မီးခံသေတ္တာက ဘာများပျောက်သေးလဲဆိုတာ ကျုပ်သိချင်တယ်ဗျ။ ခင်ဗျားတို့ ကြံပြီးဖွင့်ကြစမ်းပါ။ ကျုပ်က စာပေးစာယူတွေကို ကြည့်စမ်းပါရစေ"

ထို့နောက် ကျွန်တော်နှင့် ကိုအုန်းဖေတို့သည် မီးခံသေတ္တာကို လက်နက်ကိရိယာ အမျိုးမျိုးတို့နှင့် ဖွင့်ရန်ကြိုးစားလျက် ရှိကြစဉ် ဦးစံရှားသည် စာပေးစာယူဖိုင်တွဲများကို လှန်လှောကြည့်ရှုလျက်ရှိလေ၏။

တစ်ခဏမျှကြာသောအခါ…
ရား။ ။ "ဟောဒီမှာ တွေ့ပြီဗျို့၊ မန္တလေးက ပွဲစားကြီးတစ်ယောက်က မန်နီအော်ဒါနဲ့ ငွေ ၅၀၀၀ ပို့လိုက်တယ်ဆိုပါကလား။ ချစ်တီးတိုက်တွေ ပိတ်နေလို့ ဟွန်ဒီနဲ့ မလွှဲလိုက်ရဘူးတဲ့။ စာရေးတဲ့ရက်စွဲကို ကြည့်ရင် ဒီငွေဟာ ဒီကနေ့၊ ဒါမှမဟုတ် မနေ့က ရောက်ဖို့ကောင်းတယ်"

ထို့နောက် ဦးစံရှားသည် စက္ကူစုတ်များ ထည့်သော အမှိုက်တောင်းအတွင်းမှ စက္ကူစုတ်များကို လှန်လှောကြည့်ရှုလျက်ရှိ၏။ ကျွန်တော်တို့မှာမူ သေတ္တာကို ဖွင့်ရန် ဆက်လက်၍ ကြိုးစားကြပြန်လေ၏။

တစ်ခဏမျှ ကြာပြန်သောအခါ ဦးစံရှားသည် ကျော်ငြာစာရွက်ကို အမှိုက်တောင်းမှ ထုတ်ယူ နမ်းရှုံ့ကြည့်ပြီးနောက် ကျွန်တော်တို့ကို ခေါ်၍ နမ်းရှုံ့စေရာ ယင်း ကြော်ငြာစာရွက်တို့မှာလည်း လက်ကိုင်ပဝါအနံ့ကဲ့သို့ မွှေးကြိုင်လျက်ရှိသည်ကို တွေ့ရပြန်လေ၏။

ယင်းစာရွက်တို့မှ အဘယ်အကြောင်းကြောင့် ထိုအနံ့ထွက်၍နေသည်ကို ဦးစံရှားက ပြော၍မပြသေးသဖြင့် နားမလည်နိုင်ရှိ၏။ ကျွန်တော်တို့သည် မီးခံသေတ္တာကို ဆက်လက်၍ ဖွင့်ကြပြန်ရာ နောက်ဆုံး၌ မီးခံသေတ္တာသည် ပွင့်သွားပြီးနောက် အတွင်း၌ကား မှုးစေ့မတ်စေ့ အနည်းငယ်မှတစ်ပါး ကြေးငွေဟူ၍ တစ်ပြားတစ်ချပ်မျှ မရှိသည်ကို သိရှိကြရလေ၏။

ယင်းနောက် ဦးစံရှားသည် မန်နီအော်ဒါဖိုင်တွဲကို အံဆွဲ၌ တွေ့ရှိသဖြင့် လှန်လှောကြည့်ရှုရာ ယမန်နေ့က မန္တလေးမှ ပို့လိုက်သောငွေ ၅၀၀၀ အပြင် အရပ်ရပ်မှ စုစုပေါင်း ၁၀၀၀၀ ကျော်မျှ လက်ခံရရှိပြီးကြောင်း သိရှိရလေ၏။

ဖေ။ ။ "ဒါဖြင့် ကိုယ့်ကိုယ်ကိုသတ်တာ မဟုတ်ဘူးပေါ့ ဆရာ"
ရှား။ ။ "အကြောင်းမရှိဘဲနဲ့ ကိုယ့်ကိုယ်ကို သတ်တယ်လို့ ခင်ဗျားမို့ ထင်ပလေဗျာ"
ဖေ။ ။ "အခန်းတံခါးရော၊ နောက်ဖေးတံခါးရော၊ အတွင်းက ပိတ်ထားတာလေဗျာ"
ရှား။ ။ "နေဦးဗျာ၊ ကျုပ်ကြည့်ဦးမယ် မနေ့ညက ကျုပ် ရောက်ရရင်ဖြင့် တော်တော်နေရာ အကျသား။ အခုတော့ ခြေရာလက်ရာတွေ ပျက်ကုန်ပြီဟာကိုးဗျ။ သို့သော် တတ်နိုင်သမျှ စုံစမ်းရသေးတာပလေ"

ထို့နောက် ဦးစံရှားသည် အခန်းတွင်း၌ စေ့ငုအောင် သေချာစွာ လိုက်လံကြည့်ရှုလေရာ အိမ်ရှေ့သို့ ထွက်သော တံခါးအနီး၌ ကန့်လန့်ကာငယ်တစ်ခုဖြင့် ကာလျက်ရှိသော ဘုရားစင်တစ်ခုကို တွေ့ရှိသဖြင့် ကန့်လန့်ကာကို ဖယ်ရှားကြည့်ရှုသောအခါ တင်ပျဉ်ခွေ ဆင်းတုတော်တစ်ဆူကို တွေ့ရှိရလေ၏။

ယင်းဘုရားစင်မှာ နံရံတွင်မြှုပ်၍ ဆောက်လုပ်ထားသည ဖြစ်ရာ ကုလား နေထိုင်စဉ်အခါက ဆေးပုလင်းမှစ၍ တိုလီမိုလီ ပစ္စည်းကလေးများတင်ရန် ကြွက်လှေျကက်ကဲ့သို့ အသုံးပြုလျက် ဦးဘအောင်ကမူ ဆင်းတုတော် သွတ်သွင်းပြီးလျှင် ဘုရားစင်ကဲ့သို့ ညောင်ရေအိုးများနှင့်တကွ တည်ထားခဲ့ခြင်း ဖြစ်လေသည်။

ဖေ။ ။ "ဘယ်သူမှ မရှိပါဘူးဆရာ၊ ကျွန်တော်လည်း ဟိုညကတည်းက ကြည့်ပြီးသားပါ။ ဒီလောက်မ,နပါဘူး ဆရာရဲ့"
ရှား။ ။ (မှန်ဘီလူးနှင့် ဆင်းတုတော်ရှေ့တွင် သေချာစွာကြည့်လျက်) "ခင်ဗျား ကြည့်တာ ဘာကြည့်တာလဲဗျ"
ဖေ။ ။ "လူများ အောင်းနေသလားလို့ ကြည့်တာပေါ့ ဆရာ"
ရှား။ ။ "အောင်းဖူးသလားလို့ကော ခင်ဗျားကြည့်ဖို့ သတိရရဲ့လား"
ဖေ။ ။ "ဒါတော့ မကြည့်မိဘူး ဆရာ"
ရှား။ ။ "ကိုင်း လာ ဟောဒီမှာ သေသေချာချာကြည့်စမ်း"

ဟု ပြောသဖြင့် ကျွန်တော်တို့သည် ဆင်းတုတော်၏ ရှေ့တော်၌ ကျောခိုင်းလျက် ကျွန်တော်တို့ဘက်သို့ လှည့်နေသော ခြေရာနှစ်ခုကို တွေ့ရှိကြရလေ၏။ ထို့နောက် ဦးစံရှားက ပြသဖြင့် ခြေရာတို့၏ရှေ့၌ လက်နှစ်ဖက် ထောက်၍ထားသော အရာတို့ကိုလည်း မြူများတွင် ထင်ရှားစွာ တွေ့မြင်ကြရပြန်လေ၏။

ဖေ။ ။ "ကျွန်တော်ရောက်တော့ လူလည်းမတွေ့ပါကလား ဆရာ"
ရှား။ ။ "ခင်ဗျားရောက်တော့ ထွက်သွားပြီကောဗျာ၊ နေဦး။ ကျုပ်ကြည့်ဦးမယ်"

ဦးစံရှားသည် ကုလားထိုင်တစ်ခုကိုယူ၍ အခန်းတံခါးဝ၌ တည်ပြီးလျှင် ကုလားထိုင်ပေါ်မှ တက်၍ တံခါးဘောင်ပေါ် ကြည့်ရှုကြရာ တစ်စုံတစ်ရာကို မြင်သည်နှင့် "အင်း၊ ကျုပ်ထင်တဲ့အတိုင်းပဲ"ဟု ပြော၍ ကျွန်တော်တို့အား ထိုအရာ ကြည့်ရှုစေလေ၏။ တံခါးဘောင်ပေါ်၌ကား လက်လေးချောင်းရာ နှစ်ဖက်ကို တွေ့ရှိကြရလေ၏။

ဖေ။ ။ "ဘုရားစင်ပေါ်ကနေပြီး တံခါးဘောင် လှမ်းဆွဲပြီး ထွက်သွားဟန်တူတယ် ဆရာရေ့"
ရှား။ ။ (ပြုံးလျက်) "ကိုယ့်လူ တော်တော် ပညာတိုးလာပြီကော။ ကိုင်း၊ ကိုင်း ကျုပ်တို့အလုပ် ဒီမှာ ပြီးဆုံးပါပြီဗျာ။ မေးခွန်းကလေး တစ်ခု နှစ်ခုလောက် မေးစရာရှိတာကလေးကို မေးပြီးရင် ကျုပ် လိုက်ခဲ့ပါ့မယ်။ ခင်ဗျားတို့ အိမ်ပြန်ပြီး ကျုပ်ကို စောင့်နှင့်နေကြပေတော့"ဟု ပြောသဖြင့် ကျွန်တော်နှင့် ကိုအုန်းဖေသည် ကျွန်တော်တို့၏ တိုက်ခန်းသို့ ပြန်ပြီးလျှင် စကားပြောဆိုရင်း စောင့်ဆိုင်းလျက် ရှိနေခဲ့လေ၏။

တစ်နာရီခန့်မျှ ကြာသောအခါ ဦးစံရှားသည် တိုက်ပေါ်သို့ တက်လာသည်။

ဖေ။ ။ "ဘယ့်နယ်လဲ ဆရာ၊ နေရာကျရဲ့လား"
ရှား။ ။ "ဟုတ်ကဲ့၊ ကျသလောက်ကျခဲ့ပြီ။ သို့သော် နေဦးဗျာ၊ ကျုပ် မှတ်စုကလေးများကို တစ်ဆိတ်လောက် ကြည့်စမ်းပါရစေဦး။ ဗို့ ကိုသိန်းမောင်၊ ကြွက်လှေ့ကျက်ပေါ်က အဆိပ် အမျိုးမျိုးအကြောင်း ရေးထားတဲ့စာအုပ် တစ်ဆိတ်လောက် လှမ်းလိုက်စမ်းပါ"

ကျွန်တော်သည် စာအုပ်ကို ယူပေး၏။ ဦးစံရှားသည် စာအုပ်ကို လှန်လှောရှာဖွေပြီးနောက် တစ်ခုသော မျက်နှာ၌ ရေးသားပါရှိသည်ကို ကျွန်တော်တို့အား ဖတ်ကြရာ အောက်ပါအတိုင်း ကြားသိရလေ၏။

***သေမင်းရှန့်ခေါ် အဆိပ်၏အကြောင်း***

မြန်မာပြည်၏ တောင်ဘက်၌ တည်ရှိ၍ ဇီယာ၊ ကရဝေး၊ သစ်ကြမ်းပိုး၊ ငရုတ်ကောင်း အစရှိသည့် မွှေးကြိုင်သော သစ်ရွက်၊ သစ်ခေါက်၊ သစ်စေ့များ ထွက်သော ဆူမတ်တရာခေါ် ကျွန်း၌ အလွန်ထူးဆန်းသော ပင့်ကူကြီးတစ်မျိုးရှိကြောင်း။

ယင်းပင့်ကူကြီးသည် အလွန်ကြီးမားလှ၍ ခြေတစ်ချောင်း၏ အဖျားမှသည် တစ်ချောင်း၏ အဖျားသို့ ၃ တောင်ခန့်မျှ ရှိကြောင်း။ ယင်းပင့်ကူကြီးသည် ငှက်ငယ်၊ ယုန်ငယ်မှစ၍ မြွေ အစရှိသော တိရစ္ဆာန်တို့ကို ဖမ်းယူစားသောက်လေ့ ရှိကြောင်း။

ယင်းတို့ကို ဖမ်းဆီးသည့်အခါလည်း အခြားသော ပင့်ကူတို့ကဲ့သို့ မိမိ၏ အမျှင်ဖြင့် အိမ်ဖွဲ့ကာ ရစ်ပတ် ဖမ်းဆီးခြင်း မပြုဘဲ ထူးဆန်းသောနည်းဖြင့် ဖမ်းလေ့ရှိကြောင်း။ ငှက်တစ်ကောင်ကို သစ်ပင်ပေါ်၌ မြင်သည့်အခါ ယင်းပင့်ကူသည် ထိုငှက်၏ လေညာအရပ်ရှိ အကိုင်းတစ်ခုသို့ လျှို့ဝှက်စွာတက်ပြီးလျှင် မိမိခံတွင်းမှ အငွေ့တို့ကို စွန့်လွှတ်ကြောင်း။

ထိုအငွေ့မှာ အလွန်တရာ မွှေးကြိုင်သည်ဖြစ်ရာ ငှက်သည် ထိုရနံ့ကို နှစ်သက်သဖြင့် ခံစားသည်နှင့် တစ်ပြိုင်နက် မူးဝေမေ့လျော့ပြီးလျှင် မိမိနေရာ သစ်ကိုင်းမှ ထွက်ခွာပျံသန်းခြင်း မပြုဘဲ ရှိကြောင်း။ ထိုအခါ ပင့်ကူသည် ယင်းသစ်ကိုင်းသို့ သွားရောက်ပြီးလျှင် ထိုငှက်ကို အလွယ်တကူဖမ်းယူ စားသောက်နိုင်ကြောင်း။

မြွေ၊ ကင်းမှစ၍ တောတိရစ္ဆာန်ဖြစ်သော ယုန်ငယ်၊ ချေငယ်တို့ကိုလည်း ယင်းပင့်ကူသည် ထိုနည်းအတိုင်း ဖမ်းယူ စားသောက်နိုင်ကြောင်း။ ယင်းအငွေ့ကို လူတို့ ခံစားရသည့်အခါ အနည်းငယ်မျှ ခံစားရမူ သွေးလေချောက်ချားဘိသကဲ့သို့ ရူးချင်သလို၊ နမ်းချင်သလို ဖြစ်နေပြီးလျှင် သတ်ပုတ် ထိုးကြိတ်လိုသည့်စိတ်များ ပေါ်ပေါက်၍ လာတတ်ကြောင်း။

တစ်ကြိမ်မှ နှစ်ကြိမ်တိုင်အောင် ခံစားရသည့်အခါ၌မူ အပြင်းအထန်ရူးသွပ်ပြီးလျှင် နောက်ဆုံး၌ သတိမေ့လျော့ မြောနစ်၍သွားရာမှ အသက်ကုန်ဆုံးခြင်းသို့ ရောက်တတ်ကြောင်း။

သို့ရာတွင် ယခုအခါ၌ ယင်းပင့်ကူမျိုးသည် အလွန်တရာ ရှားပါးလှ၍ တောတောင် အလွန်ထူထပ်သည့် နေရာများ၌သာလျှင် တစ်ကောင်တလေမျှ ရှိတတ်ကြောင်း။

အထက်ပါအကြောင်းအရာတို့ကို ဖတ်၍ သိကြားရပြီးနောက် အင်စပက်တော်ကိုအုန်းဖေသည် ဦးစံရှား၏ မှတ်စုမှတ်တမ်း စုံလင်သည့် အကြောင်းကို ထပ်လောင်း ချီးမွမ်းပြီးနောက်...

ဖေ။ ။ "အဆိပ်ကတော့ ဘယ်လိုအဆိပ်မျိုးဆိုတာ သိရပါပြီ ဆရာ။ သို့သော် သတ်တဲ့လူက ဘယ်သူ ဘယ်ဝါဆိုတာ တစ်ဆိတ်လောက် ကြားပါရစေဦးဆရာ"

ရှား။ ။ "သတ်တဲ့လူက အရပ်မြင့်မြင့်၊ ခွန်အားဗလကောင်းကောင်း ပသျှူးလူမျိုးပဲ"

ဖေ။ ။ "ဘယ်နည်းနဲ့သတ်တာလဲ ဆရာ"

ရှား။ ။ "တယ်လီဖုန်းမှာ အဆိပ်သုတ်ထားတာပေါ့ဗျ"

ဖေ။ ။ "ဘယ်အချိန်ကလာပြီး သုတ်ထားလို့ ဘယ်အချိန်မှာ ထွက်ပြေးသလဲဆရာ။ တံခါးလည်း အတွင်းက ပိတ်လျက်တွေ့တယ် ဆိုပါကလား"

ရှား။ ။ "ဒါက ဒီလိုဗျ။ ဒီအဆိပ်ဟာက စားမှသေတဲ့ အဆိပ်မဟုတ်ဘူး။ နှစ်ကြိမ် သုံးကြိမ် သေသေချာချာ အနံ့ခံရရင် သေတတ်တဲ့အငွေ့ အဆိပ်ဖြစ်လေတော့ ဒီအငွေ့ကိုရောက်အောင်

ဘယ်နည်းနဲ့ပို့သလဲဆိုတော့ ပထမ ကြော်ငြာစာရွက်တွေကို အဆိပ်ငွေ့သုတ်ပြီး ဦးဘအောင်ဆီ လိပ်တပ်ပို့တယ်။

ဦးဘအောင်က စာအိတ်ကို ဖွင့်ကြည့်ပြီး ကြော်ငြာစာရွက်မှန်းသိလေတော့ စာရွက်ကို စက္ကူစုတ်ထည့်တဲ့တောင်းထဲ ထည့်လိုက်တယ်။

ဒါပေမဲ့ စာအိတ်ကို ဖွင့်တိုင်း ဖွင့်တိုင်း ဦးဘအောင်ဟာ ဒီအနံ့ကို ခံစားရတယ်။ ဒီလို နှစ်ခါသုံးခါလောက် လုပ်ပြီးလို့ အတော်ကလေး အငွေ့ဝင်မိတဲ့အခါမှ နောက်ဆုံးအကြိမ် အငွေ့ပြင်းပြင်းဝင်အောင် ဘယ်နည်းနဲ့ လုပ်မယ်ဆိုတာ အစကတည်းက သူ ကြံစည်စိတ်ကူးပြီး ဖြစ်တယ်။

အကောင်းဆုံးအငွေ့သွင်းနည်းကတော့ တယ်လီဖုန်းကနေပြီး အငွေ့သွင်းရရင် အကောင်းဆုံးနည်းပဲဆိုတာ သူ သိတာကိုး ဗျ။ ဒါပေမဲ့ တယ်လီဖုန်းကို လူတိုင်း မရောက်နိုင်ဘူး။ ဒီတော့ ဘယ့်နှယ်လုပ်သလဲ။

ဒီလူက တယ်လီဖုန်းပြင်တဲ့ အလုပ်ကို နားလည်တော့ တယ်လီဖုန်းတိုက်မှာ အလုပ်ရအောင် ကပ်ရပ်ပြီး ကြံစည်၊ အလုပ်ရတဲ့အခါမှာ တိုက်တစ်ခုခုကနေပြီး ပြောတဲ့အခါ ဦးဘအောင်က "ဘာကိစ္စလဲ" မေးတော့ သူက ဘာမှ ပြန်မပြောဘဲ ဆိတ်ဆိတ်နေသလို သုံးလေးခါလောက် လုပ်လိုက်တော့ ဦးဘအောင်က သူ့တယ်လီဖုန်း ပျက်တယ်အောက်မေ့ပြီး တယ်လီဖုန်းကုမ္ပဏီမှာ ပြင်ပေးဖို့ အကြောင်းကြားပါရောဗျာ။

အကြောင်းကြားတဲ့အခါကျတော့ ခုနက ပသျှူးကို တယ်လီဖုန်းပြင်ဖို့ လွှတ်တာကိုးဗျ။ ဒါနဲ့ ဟိုနေ့က ပသျှူးက ဦးဘအောင် အလုပ်တိုက်ကို တယ်လီဖုန်းပြင်ဖို့ ရောက်လာပြီး ပြင်သလိုလို ဘာလိုလိုနဲ့ အဆိပ်ငွေ့နဲ့ တယ်လီဖုန်းမှာ သုတ်ထားပြီး ပြင်ပြီးကြောင်း ဦးဘအောင်ကို ပြောတာကိုးဗျ။ ပြီးတော့ ဦးဘအောင်က တယ်လီဖုန်း ကောင်းမကောင်းကို စမ်းသပ်ကြည့်မယ်လို့ ပါးစပ်မှာ တပ်လိုက်ရင်ပဲ ဒီအနံ့ ရလေတော့ ပျို့အန်လာတာနဲ့ လက်ကိုင်ပဝါနဲ့အုပ်ပြီး သုတ်တာကိုးဗျ။

သုတ်ပြီး တစ်ခါပြောမယ် လုပ်ပြန်တော့ အဆိပ်ငွေ့က ဖမ်းပြီး တောင်ပြေး မြောက်ပြေး၊ ဟိုဟာဆွဲချ၊ ဒီဟာဆွဲချလုပ်ပြီး တော်တော်ကြာတော့ မှောက်လျက်လဲပြီး သေရှာတာကိုးဗျ"

ဖေ။ ။ "သေတော့မှ ဦးဘအောင်အိတ်ထဲက သော့ကိုယူပြီး မီးခံသေတ္တာကို ဖွင့်တယ်မဟုတ်လား ဆရာ"

ရှား။ ။ "အစစ်ပဲ"

ဖေ။ ။ "နို့ နေပါဦး ဆရာ။ မော်ဖီယားပုလင်းကကော ဆရာရဲ့"

ရှား။ ။ "ဒီဟာက သူ့ကိုယ်သူ မော်ဖီးယားနဲ့ ထိုးသတ်ပြီး သေတယ်ထင်အောင် ဉာဏ်ဆင်ပြီး ထိုးပေးခဲ့တာဗျ"

ဖေ။ ။ "နို့ ဘယ်နည်းနဲ့ ထွက်သွားသလဲ ဆရာ"

ရှား။ ။ "သတ်တဲ့လူက မီးခံသေတ္တာဖွင့်ပြီး ငွေတွေယူပြီးလို့ ထွက်မယ်လုပ်တုန်း ဘရင်က ရောက်လာတာကိုးဗျ၊ ဒီတော့ ဘုရားစင်မှာ ကန့်လန့်ကာ ကာထားတာ မြင်လေတော့ အသာတက်ပြီး ပုန်းနေဟန်တူတယ်။

"ဒီနောက် ဘရင်က လမ်းစောင့်ပုလိပ်နဲ့ အခန်းတံခါးကို ချိုးဖွဲ့ဝင်လာတဲ့အခါမှာ ဘရင်နဲ့ ပုလိပ်တို့က အလောင်းကိုမြင်လို့ တုန်လှုပ်နေကြတုန်း သူက ဘုရားစင်ပေါ်က ခြေသံမကြားအောင် အခန်းပြင်ကို ထွက်ဟန်တူတယ်။

ဟုတ် မဟုတ် သူ့ကို ကိုယ်တိုင် မေးစမ်းကြည့်ရအောင်ဗျာ။ ကိုင်း တိုက်လှေကားက ခြေသံကြားတယ်။ ခင်ဗျားတို့ တစ်ဆိတ် အခန်းထဲဝင်ပြီး ပုန်းနေလိုက်ကြစမ်းဗျာ"
ဟု ပြောသဖြင့် ကိုအုန်းဖေနှင့် ကျွန်တော်တို့သည် အိမ်ခန်းအတွင်းသို့ ဝင်၍ ပုန်းအောင်းမိကြသည်နှင့် တစ်ပြိုင်နက် အခန်းအပြင်ဘက်မှ တံခါးခေါက်သံ ကြားသဖြင့် ဦးစံရှားက ဝင်ခဲ့လေဟု ပြောလိုက်သည်တွင် လူတစ်ယောက်သည် စူးဆောက် အစရှိသော လက်နက်တို့ကို ကိုင်လျက် အခန်းတွင်းသို့ ဝင်လာလေ၏။

ထိုအခါ ဦးစံရှားသည် မိမိ၏တယ်လီဖုန်း မကောင်းသည့်အကြောင်း ပြော၍ပြသဖြင့် ထိုသူသည် တယ်လီဖုန်းကို စမ်းသပ်ကြည့်ရှုလျက်ရှိရာ ဦးစံရှားက...

"ကောင်းကောင်း ပြင်ပေးခဲ့ပါဗျာ၊ ဦးဘအောင် တယ်လီဖုန်း ပြင်သလိုတော့ လုပ်မထားခဲ့ပါနဲ့"
ဟု ပြောသည်တွင် ထိုသူသည် ဦးစံရှားကို မျက်မှောင်ကြုတ်ကာ ကြည့်လျက်ရှိလေ၏။

ထို့နောက် ဦးစံရှားက "ဟေ့လူ၊ ကျုပ် တစ်ခုလောက်သိချင်တယ်၊ ပြောစမ်းပါ။ သေပြီးမှ မော်ဖီးယားထိုးသလား၊ မသေခင်က ထိုးပေးသလား၊ ပြောစမ်းပါဗျာ"ဟု ပြောသည်တွင် ထိုသူသည် တယ်လီဖုန်းကို ရုတ်တရက်ချပြီးလျှင် ကြက်ပေါင်ဘောလုံးတစ်ခုကို အိတ်ထဲမှ ထုတ်ယူ၍ ဦးစံရှားဘက်သို့ ဘောလုံး၏ အပေါက်ငယ်မှ အငွေ့များကို ညှစ်၍ထုတ်လိုက်ရာ ဦးစံရှားမှာ ခံတွင်းနှင့် နှာခေါင်းကို လက်ကိုင်ပဝါနှင့် ပိတ်ဆို့ပြီးဖြစ်သဖြင့် မည်သို့မျှ ကိစ္စမရှိဘဲ ရှိနေလေ၏။

နောက်တစ်ခဏ၌ ထိုသူသည် တံခါးရှိရာသို့ ခြေလှမ်းနှစ်လှမ်း သုံးလှမ်းမျှ ရောက်အောင် လှမ်းပြီးနောက် အပြင်သို့ ထွက်ပြေးမည်အပြုတွင် ကိုအုန်းဖေသည် မပေါ်သေးသောအမှုကိုပေါ်အောင် စုံထောက်ရာ၌ များစွာအသုံးမဝင်သော်လည်း ပေါ်ပြီးသော လူဆိုးကို မိအောင်ဖမ်းဆီးရန် အလွန်တရာ ကျင်လည်သော လူတစ်ယောက် ဖြစ်သည့်အားလျော်စွာ ထိုသူသည် တံခါး၏ လက်ကိုင်ကို လက်နှင့်ဆုပ်ကိုင်မိသည်နှင့် တစ်ပြိုင်နက် ကိုအုန်းဖေ၏ လက်သည်လည်း ထိုသူ၏ လည်ကုပ်ကို ဆုပ်ကိုင်ပြီး ဖြစ်လေ၏။

ထို့နောက် ကိုအုန်းဖေနှင့် ထိုလူသည် ထွေးလုံးရန်းဖယ်လျက် ရှိကြစဉ် ကျွန်တော်နှင့် ဦးစံရှားတို့က ဝင်ရောက်၍ ထိုသူ၏လက်များကို ဦးစံရှားက ကျင်လည်စွာ ချုပ်နှောင်ထားလိုက်သည်တွင် ထိုသူသည် ရုန်းဖယ်သော်လည်း အကျိုးရှိမည် မဟုတ်တော့ကြောင်းကို သိရှိ၍ အရှုံးပေးလေ၏။ နောက်တစ်ခဏ၌ ထိုလူ၏ လက်နှစ်ဖက်တို့မှာ ဦးစံရှား၏ စပယ်ရှယ်လက်ထိပ်နှင့် ချုပ်နှောင်ပြီး ဖြစ်လေ၏။

ဌာနသို့ ရောက်သောအခါ ထိုသူသည် ပထမ၌ ဖုံးကွယ်လိုသည့် သဘောဖြင့် ရှောင်တိမ်းသိုဝှက်ကာ ပြောဆိုလျက်ရှိလေရာ ဦးစံရှားက မိမိသိသမျှကို ထုတ်ဖော်ပြောဆိုသည်တွင် ထိုသူသည် ဟုတ်တိုင်းမှန်ရာ ဖြောင့်ချက်ပေးရှာလေ၏။ ယင်း၏

ဖြောင့်ချက်တို့မှာလည်း ဦးစံရှား ထုတ်ဖော်ပြောဆိုသည့်အတိုင်း တစ်သဝေမတိမ်းအောင် ကူညီခဲ့လေသတည်း။

*****

## ဘိုကပြားမလေးတစ်ယောက်၏ အမှု

ကျွန်တော်သည် စာရေးစားပွဲတွင် တထိုင်ထိုင် တကုတ်ကုတ်နှင့် အလုပ်လုပ်ရသည်များတွင် တစ်ခါတရံ ပျင်းရိငြီးငွေ့လာတတ်သည်ဖြစ်၍ ဦးစံရှားနှင့်အတူ အမှုအခင်း ကိစ္စများအတွက် လိုက်လံသွားလာရခြင်းပင် ဖျော်ဖြေမှုတစ်ခု ဖြစ်ရလေကား တစ်နေ့သော နံနက်ခင်းတွင် ကျွန်တော်သည် ဝတ္ထုတစ်ပုဒ်အတွက် ဇာတ်ကွက်ဆင်ရင်း စိတ်အိုက်အိုက် ရှိလှသည်နှင့် ဦးစံရှားကို လှမ်းကြည့်လိုက်ရာ စားပွဲတွင် ထိုင်၍ သတင်းစာဖတ်နေသည်ကို မြင်ရသဖြင့် သူ့ဆီသို့ လျှောက်သွားကာ...

ကျွန်။ ။ "ဗျို့ ဆရာကြီး၊ အခုတလော အမှုဆန်းဆန်းပြားပြားကလေးများ မရဘူးလားဗျ"

ရှား။ ။ "သိပ်ပြီး ဆန်းဆန်းပြားပြား ခက်ခက်ခဲခဲအမှု မရပါဘူးဗျာ။ အသေးအဖွဲ ကလေးတွေချည်းပါပဲ"

ကျွန်။ ။ "အနို့ အခုကော ဘာများ စုံထောက်စရာရှိနေလဲဗျ"

ရှား။ ။ "မရှိပါဘူးဗျာ၊ ဩော်... သို့သော် နေဦးဗျို့ ခုနကပဲ စာကလေးတစ်စောင်ရတယ်။ ဟောဒီမှာ ဖတ်ကြည့်စမ်း"

ဟု ပြော၍ ကျွန်တော့်အား စာတစ်စောင်ကို ပြရာ ထိုစာမှာ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသည် ဖြစ်၍ မြန်မာအဓိပ္ပါယ်မှာ အောက်ပါအတိုင်း ဖြစ်ပေသည်။

*ကျွန်မမှာ တစ်ခုသောအိမ်၌ သူငယ်ကလေး တစ်ယောက်ကို စာသင်ရန် ဆရာမ လုပ်ငန်းတစ်ခု ရရှိရာ ထိုအလုပ်ကို လက်ခံထိုက် မခံထိုက် အကြောင်းရင်းများကို ဦးစံရှားအား တိုင်ပင်လိုသည်ဖြစ်၍ နက်ဖြန်နံနက် ၁၀ နာရီအချိန်ခန့်တွင် ဦးစံရှား၏ နေအိမ်သို့ လာရောက်လိုပါကြောင်း။*

***မစ္စ နော်မာ***

ထိုစာကို ဖတ်ပြီးသည့်နောက် ကျွန်တော်က "ဘိုမကလေးပါလားဗျ။ ခင်ဗျားနဲ့ ဘယ်တုန်းက သိကြတာလဲ"

ရှား။ ။ "ဘယ်က သိရမှာလဲဗျာ"

ကျွန်။ ။ "ဒါဖြင့် ခင်ဗျားအကြောင်း ကြားဖူးလို့ ထင်ပါရဲ့"

ရှား။ ။ "ဒါနဲ့တူပါတယ်၊ ကြည့်ပါဦးတော့ဗျာ။ စုံထောက်များလည်း ဈေးလျှော့ကုန်ပါပြီ။ အလုပ်လက်ခံဖို့ မခံဖို့ အကြောင်းကိုများ တိုင်ပင်ချင်လို့တဲ့။ ဒီဟာ ကျုပ် အလုပ်လားဗျ"

ကျွန်။ ။ "မလုပ်နဲ့လေ၊ ကျွန်တော်တို့ မြဘယက်မှုကြီးတုန်းက ကြည့်ပါလား။ ဘာမဟုတ်တာက စပြီး နောက်တော့ ဘယ်လောက်ကြီးကျယ်သွားသလဲ။ ဒီဟာလည်း ဒီလိုဖြစ်ချင် ဖြစ်နေမယ်ဗျ။

ဒါထက် စာက မနေ့က ရေးတဲ့စာပဲ။ ဒီကနေ့ လာဖို့မဟုတ်လား။ ဘယ့်နယ်လဲ၊ ၁၀ နာရီထိုးပြီ၊ မလာသေးပါကလား"

ဟု ပြောဆိုလျက်ရှိစဉ် လှေကားမှ ခြေသံကြားရပြီးနောက် အသက် ၂၀ အရွယ်ခန့်ရှိသော ဘိုကပြားမလေးတစ်ယောက်သည် အခန်းတွင်းသို့ ရဲရင့်စွာ ဝင်လာလေ၏။

ဦးစံရှားသည် မိန်းမတို့အား အရေးတယူ ပြုမြဲဖြစ်သည့်အတိုင်း ကောင်းမွန်စွာ နေရာထိုင်ခင်း ပေးပြီးနောက် အင်္ဂလိပ်ဘာသာဖြင့်...

"မစ္စနော်မာ မှတ်တယ်"

မစ္စ။ ။ "ဟုတ်ပါတယ်ရှင်၊ ကျွန်မစာကို ရပြီလို့ မျှော်လင့်ပါတယ်"

ရှား။ ။ "ရပါပြီ"

မစ္စ။ ။ "ဒီလိုပါရှင်၊ ကျွန်မမှာ တိုင်ပင်စရာ ဆွေလည်းမရှိ မျိုးလည်းမရှိဖြစ်နေတော့ ရှင့်အကြောင်း ကြားဖူးတာနဲ့ တိုင်ပင်ရရင်ဖြင့် အကြံကောင်းအစည်ကောင်း ပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ပြီး လာခဲ့ရခြင်း ဖြစ်ပါတယ်။

ကျွန်မကို တတ်အားသမျှ အကြံပေးခြင်းအားဖြင့် ကူညီနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်"

ရှား။ ။ "စိတ်ချပါ၊ ကျုပ် တတ်နိုင်သမျှတော့ အားကိုးလို့ရှိမှ ကူညီရတာပေါ့ သူငယ်မရယ်။ အကျိုးအကြောင်း ပြောပြစမ်းပါဦး"

မစ္စ။ ။ "ဒီလိုပါရှင်၊ ကျွန်မအလုပ်က ဆရာမဆိုပေမဲ့ ကျောင်းဆရာမမဟုတ်ပါဘူးရှင်။ အိမ်မှာ သူငယ်များကို စာသင်ခြင်း၊ ဆုံးမသွန်သင်ခြင်း အလုပ်များလုပ်ရတဲ့ (Governess) ဆရာမ အလုပ်ပါရှင်။

"ဟိုတုန်းကတော့ စစ်ဗိုလ်ကြီး ကာနယ်မက်ကလောက်အိမ်မှာ သူ့သမီးကလေးတွေကို စာသင်ပြီး သူတို့အိမ်မှာပဲ ကျွန်မ နေခဲ့ရပါတယ်။

လွန်ခဲ့တဲ့ နှစ်လလောက်ကတော့ စစ်ဗိုလ်ကြီး အခွင့်ခံပြီး ဘီးလတ် ပြန်သွားလေတော့ ကျွန်မမှာ အလုပ်လက်မဲ့ဖြစ်ပြီး ကျန်ရစ်ခဲ့တယ်...

အလုပ်အကိုင် ရှာလို့လည်း ဘယ်မှာမှ မရဘူးရှင့်၊ ရှိတဲ့ ပိုက်ဆံကလေး ထိုင်စားနေရတာနဲ့ ကုန်တဲ့အပြင် အကြွေးများတောင် တင်နေပါတယ်ရှင်။

ဒါနဲ့ ကျွန်မက ရန်ကုန်ဂေဇက်နဲ့ ရန်ကုန်တိုင်း သတင်းစာများထဲမှာ ဆရာမအလုပ် လုပ်လိုကြောင်း၊ အလုပ်ကို ကောင်းစွာ ကျွမ်းကျင်နားလည်ကြောင်းများနဲ့ ထည့်ပြီး ကြော်ငြာပါရောရှင်။

ကြော်ငြာပေမဲ့ ကျွန်မလို အလုပ်လက်မဲ့ဖြစ်နေရှာလို့ ကြော်ငြာထားတဲ့ လူတွေက များလေတော့ ဘယ်ကမှ အလုပ်မရပါဘူးရှင်။

ဒါနဲ့ ကျွန်မမှာ စိတ်ပျက်ပျက်နဲ့ အခက်ကြုံနေတုန်း တစ်နေ့တော့ ရန်ကုန်ဂေဇက် သတင်းစာတိုက်က မည်သည့်နေ့ မည်သည့်အချိန်မှာ လာရောက်စေလိုကြောင်း စာရပါရောရှင်...

ရတော့ သူတို့မှာတဲ့အချိန်မှာ ကျွန်မ သွားပါရောရှင်၊ သွားလို့ ဟိုရောက်တော့ ကျွန်မလိုပဲ စောင့်နေကြတဲ့ သူငယ်မကလေးတွေ ၄-၅ ယောက် တွေ့ပါရောရှင်။ တွေ့တော့ ကျွန်မတို့ အားလုံးစုပြီး အခန်းတစ်ခုထဲမှာ စောင့်နေကြရတယ်ရှင့်။

ပြီးတော့မှ ဒီပြင်အခန်းကနေပြီး တစ်ယောက်စီ နာမည်ကိုခေါ်တော့မှ တစ်ယောက်ချင်း ဝင်ဝင်သွားရတာကိုးရှင့်။

ကျွန်မအလှည့်ကျလို့ ကျွန်မ ဝင်သွားတော့ အခန်းထဲမှာ သတင်းစာကြော်ငြာဘက်က လူကြီးရယ်၊ ဒို့ပြင် ဧည့်သည်တစ်ဦးရယ် ထိုင်နေကြတာကိုးရှင့်။

ဧည့်သည် ဆိုတဲ့လူက ဝဝခန့်ခန့်ကြီးရှင့်၊ ကျွန်မတို့လို ဘိုကပြားပဲ။ မျက်နှာထားကလည်း ရွှန်းက ရွှန်းပါဘိသနဲ့။ သူကပဲ ဆရာမလိုချင်တဲ့ လက္ခဏာနဲ့ တူတယ်။

ဒါနဲ့ ကျွန်မဝင်သွားတော့ ကျွန်မမျက်နှာကို မြင်မြင်ချင်း ဒီလူကြီးက ဖြုန်းဆို ဝမ်းသာသလို ဖြစ်သွားပြီး။

'ဟန်ပြီ... ဟန်ပြီ၊ ဒီသူငယ်မဖြင့် နေရာကျပုံပေါ်ပြီ'တဲ့။ ဝမ်းသာတဲ့ မျက်နှာထားနဲ့ ပြောတဲ့ပြီး မျက်နှာပြုံးပြုံးကြီးနဲ့ ကျွန်မဘက် လှည့်တဲ့ပြီး 'မိန်းကလေး အလုပ်လုပ်ချင်တယ် ဟုတ်စ' လို့ မေးတော့ ကျွန်မက...

'ဟုတ်ပါတယ်ရှင်'

'လခများ ဘယ်လောက်လိုချင်သလဲ'

'ကျွန်မ အရင်ကတော့ ကာနယ်မက်ကလောက်ဆီမှာ လုပ်တုန်းက သူ့ထမင်းစား တစ်လကို ၈ဝ ကျပ် ရပါတယ်ရှင်'

'အို... ဖြစ်ရလေ မိန်းကလေးရယ်၊ ဒီရုပ်ရည်နဲ့ ဒီလိုသိမ်မွေ့နူးညံ့တဲ့ အမူအရာရှိတဲ့ မိန်းကလေးတစ်ယောက်ကို တစ်လမှ ၈ဝ ကျပ်ပေးတာများ အံ့ပါရဲ့ဗျာ။ ကိုင်း... ကျုပ်က ကျုပ်ထမင်းစား၊ ဒိုဘီခအငြိမ်း တစ်လကို ၁၂ဝ ပေးမယ်။ တော်ပြီလား'

'ကျေးဇူးကြီးလှပါပြီရှင်'လို့ ကျွန်မက ပြောလိုက်ပေမဲ့ ကျွန်မစိတ်ထဲမှာ များလွန်းအားကြီးလေတော့ မယုံကြည်သလိုရှိတုန်း ကျွန်မမျက်နှာထားကို ရိပ်မိတဲ့ လက္ခဏာနဲ့ သားရေအိတ်ဖွင့်တဲ့ပြီး တစ်ဆယ်တန် စက္ကူခြောက်ချပ်ကို ထုတ်ပြီး။

'ကျုပ်က သူများလိုမဟုတ်ပါဘူး၊ လခတစ်ဝက်ကိုလည်း စရန်အဖြစ်နဲ့ အရင် တင်ကူးပြီး ပေးခဲ့မယ်။ သို့သော်...'

'နေရပ်က ဘယ်မှာလဲရှင့်'

'ကြို့ကုန်းမှာ၊ အိမ်အမည် 'မေဗျီလာ'တဲ့။ ကောင်းပါတယ်၊ ကျယ်ဝန်းပါတယ်၊ နေလောက်ထိုင်လောက် ရှိပါတယ်'

'ကျွန်မ ဝတ္တရားကကောရှင်၊ ကလေး ဘယ်နှစ်ယောက်ပါလဲ'

'တစ်ယောက်တည်းပါ မိန်းကလေးရယ်၊ ခြောက်နှစ်သားကလေးပါ။ သို့သော် တယ်ဆိုးတဲ့ ကောင်ကလေးဗျ။ ပုစဉ်းများ၊ ယင်ကောင်များ ဖမ်းလိုက်တာလည်း လွန်လို့။ ပိုးဟပ်များကိုလည်း မျက်စိတစ်မှိတ်အတွင်း ဖျတ်ဖျတ်ဆို သုံးကောင်လောက် သေပြီးပြီလို့ ပြောတဲ့ပြီး လူကြီးက အားရပါးရ ရယ်မောလေတော့ ကျွန်မမှာ ဒီတုန်းက ဘယ့်နှယ် ကလေးများပါလိမ့်မလဲလို့ နည်းနည်း လန့်သွားတယ်ရှင်။ ဒီတော့ ကျွန်မက။

'ကျွန်မအလုပ်ဟာ ဒီကလေးတစ်ယောက်ကို ကြည့်ရှုံ သင်ကြားရုံပါပဲလားရှင့်'

'ဟုတ်ပါတယ်၊ ဒါလောက်ပါပဲ။ သို့သော် ကျုပ်မိန်းမက နည်းနည်းပါးပါး ခိုင်းစေတဲ့ အလုပ်ကလေးများကိုတော့ လုပ်ကိုင်ပေးရလိမ့်မယ်ပေါ့လေ။ သို့သော် ဂုဏ်သရေရှိ မိန်းကလေးများနဲ့ မထိုက်တန်တဲ့ အလုပ်ကိုတော့ မခိုင်းပါဘူးဗျာ။ စိတ်ချပါ၊ ဘယ့်နှယ်လဲ သဘောတူပြီလား'

'တူပါပြီရှင်'

'သူက မျက်မှောင်ကုတ်တဲ့ပြီး'

'နို့ပြီး တစ်ခုတော့ ရှိတယ်ဗျ။ ကျုပ်တို့က လူတစ်ဖက်သားကို သနားညှာတာတတ်ပေမဲ့ ကျုပ်တို့ အလိုကိုလိုက်မှ ကြိုက်တယ်။

ကျုပ်တို့ ဘယ်အဝတ်ကိုဝတ်ပါ၊ ဘယ်အရောင်အသွေးကို ဝတ်ပါဆိုရင် ဝတ်မှ ကြိုက်တယ်။ ဒါပေမဲ့ မိန်းကလေးက ပိုက်ဆံမကုန်စေရပါဘူး။ ကျုပ်တို့ ပိုက်ဆံနဲ့ ဝယ်ပေးပွဲမယ်၊ ဝတ်နိုင်ပွဲမလား'

'ဝတ်နိုင်ပါတယ်ရှင်'

'ဒီနေရာမှာ ထိုင်ပါ၊ ဟိုနေရာမှာ ထိုင်ပါဆိုရင် ထိုင်မှ ကြိုက်တယ်ကွယ့်'

'ကောင်းပါပြီရှင်'

'ပြီးတော့ အရေးကြီးတာတစ်ခုရှိတာက ကျုပ်တို့က ဆံပင်ကို ဖြတ်ပစ်ပါဆိုရင်လည်း ဖြတ်ပစ်ရလိမ့်မယ်နော်'

လို့ ပြောတော့ ကျွန်မမှာ အံ့အားကြီး သင့်သွားတယ်ရှင့်။ ဘယ့်နှယ်ရှင် မိန်းမတန်မဲ့နဲ့ ခေါင်းတုံးကြီးနဲ့ နေရမယ်ဆိုတော့ ရက်စရာကြီးကိုးရှင့်။ ဒီတော့ ကျွန်မက ဆံပင်ကိုတော့ ဖြတ်ဖို့ သဘောမတူကြောင်းပြောတော့ လူကြီးက...

'ကိုင်း... ဒါဖြင့် နေရာမကျဘူး'

တဲ့ ပြောတာနဲ့ ကျွန်မလည်း အလုပ်ရခါနီးမှ လက်လွှတ်ပြီး အိမ်ပြန်ရပါရောရှင့်။ အိမ်ရောက်တော့ အိမ်ရှင်ကပူ၊ ဒိုဘီကုလားက ပူ၊ နွားနို့ကလားကပူ၊ အကုန်လုံး ဝိုင်းပူကြလေတော့ ကျွန်မမှာ မတတ်နိုင်ပါဘူးလေ။

ဆံပင်တုံးချင်လည်းတုံးပါစေတော့ အငတ်ဖြင့် မခံနိုင်ပါဘူး။ ဒွေက်ဘုရင် မိဖုရားကြီး အလီဇင်ဒရာလည်း ခေါင်းတုံးနဲ့ပေမဲ့ ချောချင်လည်း ချောတာပဲလို့ စိတ်ကိုတင်းပြီး အလုပ်ကို လက်ခံတော့မယ် ကြံနေတုန်း နောက်တစ်နေ့မှာပဲ ဟိုလူကြီးဆီက စာတစ်စောင် ရပါရောရှင်။

ဟောဒီစာပါပဲ၊ ရှင်ကိုယ်တိုင် ကြည့်ပါတော့"

ဟု ပြော၍ ဘိုမကလေးသည် သူ့လက်ကိုင်သားရေအိတ်ကလေးထဲမှ စာတစ်စောင်ကို ထုတ်ပြရာ စာ၏ အဓိပ္ပါယ်မှာ အောက်ပါအတိုင်း ဖြစ်ပေ၏။

*ကျွန်ုပ်သည် သတင်းစာတိုက်မှ မိန်းကလေး၏နေရပ်ကို မေး၍ ဤစာကို ပေးပို့ရခြင်း ဖြစ်ပါသည်။*

*မိန်းမတို့ မည်သည်မှာ ဆံပင် မရှိသော်လည်း ရုပ်အဆင်း ပျက်ကွက် ချွတ်ယွင်းသည်ဟူ၍ မဆိုနိုင်ပါ။ ဒွေက်ဘုရင်၏ မိဖုရားခေါင်ကြီးကို ကြည့်ပါ။ ဤမိဖုရားကြီးသည် မကျန်းမာသဖြင့် ခေါင်းတုံးရိတ်ရသည်တွင် အလွန်ချောမောလှပသည် ဖြစ်သောကြောင့် အချို့သော မင်းကတော်၊ စိုးကတော်တို့သည် အကြောင်းမဲ့ ခေါင်းတုံးရိတ်၍ မိဖုရားကြီး၏နည်းတူ အတုယူကြပါသည်။*

*သို့ဖြစ်ပါ၍ ဆံပင်ကို ရိတ်ရပါသော်လည်း ရုပ်အဆင်း ပျက်နိုင်ဖွယ်ရာ မရှိပါ။ အကယ်၍ ယင်းအတွက် စိတ်အနည်းငယ် ပျက်ကွက်ခြင်း ရှိခဲ့ပါလျှင်လည်း တစ်လလျှင် ငွေ ၃၀ ကျပ် တိုးတက်ပေးပါမည်။*

*သို့ဖြစ်၍ ပထမပြောရင်းအတိုင်း တစ်လလျှင် ၁၂၀ ကျပ်မဟုတ်တော့ဘဲ ၁၅၀ ကျပ် ပေးပါမည်။ အဝတ်အစားများမှာ ကျွန်ုပ်တို့၌ သမီးတစ်ယောက် ရှိသည်ဖြစ်ရာ ထိုသမီးမှာ သူ၏အဒေါ်နှင့် ဘင်္ဂလားသို့ သွားရောက်နေထိုင်သည် ဖြစ်သောကြောင့် သူ၏ အဝတ်များကို အိမ်၌ ရံဖန်ရံခါ ဝတ်ဆင်စေလိုပါက ဝတ်ဆင်သင့်ပါသည်။ ငြင်းဆန်ရန် မသင့်လျော်ပါ။*

*သို့ဖြစ်၍ ဤမျှလောက် လွယ်ကူသော အလုပ်အကိုင်တစ်ခုအတွက် ဤမျှလောက် လခကြေးငွေ မြောက်မြားစွာ ရရှိပါလျက် မိန်းကလေး ငြင်းပယ်ရန် မထိုက်ပါ။ လက်ခံလိမ့်မည်ဟု မျှော်လင့်ပါသည်။*

*လက်ခံလိုပါက တနင်္ဂနွေနေ့ ၁၂ နာရီအချိန်တွင် ကြို့ကုန်းဘူတာက ကားနှင့်ကြိုနေပါမည်။ လော်ကယ်ရထားတစ်စင်းစင်းနှင့် လာခဲ့ပါ မိန်းကလေး။*

***ဒီးအင်မ် ဖော်စတား***

စာကို ဖတ်ပြီးနောက် မိန်းကလေးက...

"ကိုင်း... ဒီအတိုင်းပါပဲရှင်။ ဒီစာကိုရတော့ ကျွန်မက အလုပ်ကို လက်ခံလိုက်မယ်လို့ စိတ်ကူးမိပါတယ်။ ဒါပေမဲ့ လက်မခံမီ ဦးစံရှားနဲ့ တိုင်ပင်ရရင်ဖြင့် ကောင်းလိမ့်မယ်မှတ်လို့ လာခဲ့ခြင်းဖြစ်ပါတယ်ရှင်။ ဘယ်လိုသဘောရပါသလဲ"

ရှား။ ။ "မိန်းကလေးက လက်ခံဖို့ ပိုင်းဖြတ်ပြီးပြီ ဖြစ်နေရင်လည်း လက်ခံရုံ ရှိတော့တာပေါ့"

မစ္စ။ ။ "လက်ခံရင် ကိစ္စမရှိဘူးပေါ့လေ"

ရှား။ ။ "အမှန်ပြောရမှာဖြင့် ကျုပ်နမဖြစ်ရင် ဒီအလုပ်မျိုး လက်မခံစေရဘူးပေါ့ကွယ်"

မစ္စ။ ။ "ဘယ်လိုများ စိုးရိမ်စရာအကြောင်း ရှိပါသလဲရှင်"

ရှား။ ။ "အခု သိရသလောက်နဲ့ဖြင့် မတွေးတတ်အောင် ရှိနေပါသေးတယ်။ မိန်းကလေးကလည်း တစ်ခုခုတော့ တွေးမိမှာပေါ့။ ပြောစမ်းပါဦး၊ ဘယ်လိုများ ထင်သလဲ"

မစ္စ။ ။ "ကျွန်မထင်ပုံကတော့ မစ္စတာ ဖော်စတာကတော့ဖြင့် အင်မတန် လူတစ်ဖက်သားကို သနားကြင်နာတတ်တယ်၊ စိတ်သဘောထားလည်း အင်မတန်ကောင်းတယ်။

သို့သော် သူ့မိန်းမကတော့ဖြင့် စိတ်မနှံ့တဲ့ လက္ခဏာပဲ။ ဒါကြောင့် ဖွင့်လည်း မပြောချင်တာနဲ့ သူ့မယားအလိုကို ဘယ်နေရာမဆို အလိုလိုက်နေရှာတဲ့လက္ခဏာပဲ"

ရှား။ ။ "အင်း၊ ခု သိရသလောက်မှာဖြင့် ဒီလိုပဲ တွေးထင်ဖို့ ရှိတာပဲ။ သို့သော် ဘယ်နည်းနဲ့မဆို ဘာပဲဖြစ်ဖြစ် နုနယ်နယ် သူငယ်မလေးတို့အရွယ်များ နေထိုင်ဖို့တော့ တော်သင့်တဲ့အိမ်နဲ့ မတူဘူး"

မစ္စ။ ။ "ဒါတော့ ဟုတ်ပါရဲ့၊ သို့သော် ကျွန်မမှာလည်း ငွေတွေက ထူနေ၊ အလုပ်ကလည်း မရှိ၊ သူ့လခကလည်း ကောင်း"

ရှား။ ။ "ကောင်းဆို ဘာပြောစရာရှိလဲကွယ်၊ ကောင်းလွန်းအားကြီးလို့ ခက်နေတာပေါ့။ မျက်စိတစ်ဖက်လပ် အသင်းကြီးအမှုတုန်းက ကြည့်ပါလားဗျ ကိုသိန်းမောင်၊ ဇိနတ္ထပကာသနီကူးဖို့ တစ်နေ့ ငါးကျပ်ပေးတာ မှတ်မိသေးရဲ့လား။

ဘယ့်နယ်ဗျာ၊ ထမင်းရော ဘာရော အပြည့်အစုံ အကုန်ခံတဲ့အပြင် တစ်လ ငါးဆယ်လောက်ပေးရင် ခေါ်းခေါက်ယူနိုင်လျက်သားနဲ့ တစ်လ တစ်ရာ့ငါးဆယ်ပေးတယ်ဆိုတော့ နည်းနည်းကလေး မသင်္ကာစရာရှိတယ်ဗျ။ မဟုတ်ဘူးလား ကိုသိန်းမောင်"

ကျွန်။ ။ "ဟုတ်ပါရဲ့ဗျာ"

မစ္စ။ ။ "သို့သော် အခုမှတော့ မတတ်နိုင်ပါဘူး၊ ဦးစံရှားကိုလည်း အကျိုးအကြောင်း ပြောပြပြီးပါပြီ။ ဒီတော့ နောက်နောင် အကြောင်းတစ်စုံတစ်ရာ ဖြစ်ပေါ်ခဲ့လို့ရှိရင် ကျွန်မကို ပစ်မထားပါနဲ့ရှင် နော်"

ရှား။ ။ "စိတ်ချပါ မိန်းကလေးရယ်၊ တကယ်လို့ ဘေးဥပါဒ်အန္တရာယ်..."

မစ္စ။ ။ (ဦးစံရှား စကားမဆုံးမီ ဖြတ်၍ ရုတ်တရက် ကြောက်လန့်စိုးရိမ်ဟန်နှင့်) "ဘေးဥပါဒ်များ စိုးရိမ်စရာ ရှိပါသလားရှင်"

ရား။ ။ "အမှန်မပြောနိုင်သေးလို့ ခက်တာပေါ့ကွယ်၊ သို့သော် စိတ်ချပါလေ။ အကြောင်းရှိရင် စာရေးလိုက်ပါ။

ကျုပ်တို့လာပြီး ကူညီပါ့မယ်၊ ဘာမှ မစိုးရိမ်ပါနဲ့ စိတ်သာချပါ"

မိန်းကလေး ဆင်းသွားပြီးနောက် ကျွန်တော်က...

"သူငယ်မလေးက ဖျတ်ဖျတ်လတ်လတ်နဲ့ တယ်ပြီး သွက်လက်ပါပေတယ်။ သူ့အတွက်တော့ စိုးရိမ်ဖို့ ရှိမယ်မဟုတ်ပါဘူး။ သူ့ကိုယ်သူ စောင့်ထိန်းနိုင်မယ့် ရုပ်လက္ခဏာရှိပါတယ်"

ရား။ ။ "စောင့်ထိန်းနိုင်ပါမှပဲဗျို့၊ ကျုပ်တော့ တယ်ကြီး စိတ်မအေးလှဘူး။ မကြာခင် တစ်စုံတစ်ခု ကြားရလိမ့်မယ် ထင်တာပဲ"

ထိုနေ့မှစ၍ ဦးစံရှားသည် သူငယ်မကလေးအတွက် စိတ်မအေးသည့်လက္ခဏာနှင့် ရှိနေရာ ရက်သတ္တပတ်နှစ်ပတ်မျှ ကြာလတ်သော် ဦးစံရှားထင်သည့်အတိုင်းပင် မစွနေဒ်မာထံမှ စာတစ်စောင် ရရှိလေ၏။ အဓိပ္ပါယ်မှာ..

*နက်ဖြန် တနင်္ဂနွေနေ့ ၁၂ နာရီအချိန်တွင် ကြို့ကုန်းဘူတာသို့ ရောက်အောင် လာပါရှင့်။ လာဖြစ်အောင် လာပါ။ ကျွန်မ မကြံတတ်အောင် ဖြစ်နေပါပြီရှင်။*

**မစွနေဒ်မာ**

စာကိုဖတ်ပြီးနောက် ဦးစံရှားက...

"ကိုင်း ဘယ့်နှယ်လဲ ကိုသိန်းမောင်၊ ကျုပ်ပြောတာ သူကလေးအတွက် တစ်နေ့မှ ကျုပ် စိတ်မအေးဘူး။ ကဲ... ကျုပ်တို့ ၁၀ နာရီခွဲ လော်ကယ်နဲ့ လိုက်ကြရအောင်ဗျာ၊ ခင်ဗျားလည်း အားတယ်မဟုတ်လား။ ဒို့ပြင် သွားစရာကိစ္စများ ရှိသေးသလား"

ကျွန်။ ။ "မရှိပါဘူးဗျာ၊ ရှိရင်တောင်ပဲ ကျွန်တော် မသွားပါဘူး။ ခင်ဗျားနဲ့ မလိုက်ရတာ အတော်ကြာနေပြီ"

ကျွန်တော်တို့လည်း လော်ကယ်ရထားနှင့် လိုက်ပါသွားကြ၍ ကြို့ကုန်းဘူတာသို့ ဆိုက်ရောက်လေလျှင် မစွနေဒ်မာသည် အားရဝမ်းသာစွာ ဆီးကြိုလျက်...

"ရှင်တို့လာတာ ဝမ်းသာလိုက်တာရှင်၊ ကျွန်မကို တစ်ဆိတ်ကလေး အကြံပေးကြပါဦးရှင်"

ရား။ ။ "ဘာဖြစ်သလဲ ပြောစမ်းပါဦး မိန်းကလေးရယ်"

မစွ။ ။ "ပြောပါ့မယ်၊ သို့သော် ကျွန်မ မြန်မြန်ပြေးမှ၊ ကြာကြာနေလို့ အချိန်မရှိဘူးရှင့်။ နာရီပြန်တစ်ချက်ထိုးရင် ကျွန်မ အိမ်ပြန်ရောက်ရလိမ့်မယ် ရှင်ရဲ့"

ရား။ ။ "ကိုင်း ဖြစ်ပုံပျက်ပုံ အစဉ်လိုက် ပြောစမ်းပါကွယ်"

မစွ။ ။ "ဒီလိုပါရှင်၊ ကျွန်မ သူတို့အိမ် ရောက်ကတည်းက နှိပ်စက်ညှဉ်းပန်းပြုလုပ်ခြင်းကိုတော့ ဘယ်တော့မှ မခံရပါဘူး။

သို့သော်လည်း ကျွန်မမှာ တစ်နေ့မှ စိတ်ချလက်ချ စိတ်အေးလက်အေး နေရတယ်လို့ မရှိဘူး။ ဘယ်လိုလူမျိုးတွေလည်း ကျွန်မ မပြောတတ်ပါဘူးရှင်"

ရှား။ ။ (ပြုံးရယ်လျက်) "မပြောတတ်တာ ဖယ်ထားပြီး ပြောတတ်သလောက် ပြောစမ်းပါကွယ်"

မစ္စ။ ။ "ဒီလိုပါရှင်၊ ကျွန်မတို့နေတဲ့အိမ်ကြီးက အိမ်ဆိုပေမဲ့ အုတ်တိုက်ကြီးကိုးရှင့်၊ အိုလည်း အိုလှပါပြီ။ ကျယ်က ကျယ်ဝန်းသနဲ့ နံဘေးတစ်ဖက်တစ်ချက်ကလည်း အိမ်နီးချင်းမရှိဘူး ရှင်ရဲ့။

သူ့ခြံဝင်းကြီးကလည်း ကျယ်ပါဘိသနဲ့ ဒီအိမ်ကြီးမှာနေတာက မစ္စတာ ဖော်စတာရယ်၊ သူ့မိန်းမရယ်၊ သူတို့ခြောက်နှစ်သားလေးရယ်။

လူကြီးက မုဆိုးဖိုကြီးရှင့်၊ သူ့အရင်က မိန်းမနဲ့ သမီးကလေးတစ်ယောက် ကျန်ခဲ့သတဲ့။ အဲဒီသမီးကလေးက အသက် နှစ်ဆယ်လောက် ရှိပြီတဲ့။ သူ့မိထွေးနဲ့ မတည့်လို့ သူ့အဒေါ်များနဲ့ ဘင်္ဂလားမှာ နေသတဲ့ရှင့်။

သူ့ နောက်မိန်းမကလေးကတော့ အသက်သုံးဆယ်လောက်ပဲ ရှိသေးတယ်။ ကျွန်မထင်သလို မဟုတ်ဘူးရှင့်၊ ရုပ်လည်း မရုပ်ဘူး၊ စိတ်သဘောလည်း အင်မတန် ကောင်းပုံရတယ်။ စကားလည်း များများကြီး မပြောလှဘူး။

ကလေးတစ်ယောက်ဟာကဖြင့် ကျွန်မတို့ ကြားတဲ့အတိုင်းပဲ နာမည်က ဆံနီတဲ့၊ မျက်စိကလေး ပေရင်းရင်းနဲ့ အင်မတန် သတ်ချင်ဖြတ်ချင်စိတ် ရှိတယ်။

တစ်နေ့လုံး ယင်ကောင်တွေ၊ ပုစဉ်းတွေ၊ ပိုးဟပ်တွေဖမ်းပြီး တွယ်အပ်နဲ့ အရှင်လတ်လတ်သီပြီး ဒလိန်းပြခိုင်းတယ်ရှင့်။

ဒီကလေးမျိုး မြင်ဖူးပေါင် ကြားဖူးပေါင်ရှင်။ ပြီး ဒို့ပြင်တော့ ကုလား အစေခံ လင်မယားနှစ်ယောက်ပဲ ရှိတယ်။ အချက်အပြုတ်ရော အသိမ်းအဆည်းရော သူတို့ချည်းပဲ။ လင်ကလည်း အရက် ခဏခဏမူး၊ မယားကလည်း မျက်နှာထား ဆိုးပါဘိသနဲ့။

အင်မတန်ကောင်းတဲ့ လင်မယားတစ်စုပါပဲရှင်။ ဒါနဲ့ ကျွန်မရောက်သွားတော့ ဘာမှ အကြောင်းမထူးသေးဘူး၊ တတိယနေ့မှာတော့ ထမင်းစားပြီးလို့ အိမ်ရှေ့ခန်းမှာ ထိုင်နေကြတုန်း မစ္စစ်ဖော်စတားက သူ့ယောက်ျားကို နားနားကပ်ပြီး တစ်စုံတစ်ခု ပြောလိုက်တာကိုးရှင့်။ ပြောလိုက်တော့ မစ္စတာ ဖော်စတားက ကျွန်မဘက်လှည့်ပြီး...

ဩော်... ဟုတ်ပေတယ်၊ မစ္စနော်မာက ကျုပ်တို့အလိုကို လိုက်ရှာပြီး ဆံပင်တွေများ ဖြတ်ပစ်တာ အင်မတန် ကျေးဇူးတင်ပါတယ်။ ကျုပ် အမှန်ပြောမယ်၊ ဆံပင်ဖြတ်ပစ်ပေမဲ့ နည်းနည်းမှ ရုပ်မပျက်ပါဘူးဗျာ။

ကျုပ်မျက်စိထဲမှာဖြင့် အရင်ကထက်တောင် လှနေသေးတယ်လို့ ထင်ပါတယ်။ ကိုင်း... ကိုင်း... ကတိရှိတဲ့အတိုင်း ကျုပ်သမီး ဂါဝန်အပြာ ဝတ်ချေစမ်းပါဗျာ။

ဗီရိုထဲမှာ ရှိပါတယ်လို့ ပြောလို့ ကျွန်မလည်း အဝတ်ကို သွားပြီး ဝတ်ပါတယ်။ ဝတ်ကြည့်တော့ရှင် ကျွန်မနဲ့ တိုင်းချုပ်ထားတဲ့အတိုင်း အံကျဖြစ်နေတာပဲရှင့်။

ဒါနဲ့ ကျွန်မ ဒီအဝတ်နဲ့ အိမ်အောက်ဆင်းလာတော့ လင်မယားနှစ်ယောက် တယ်အားရဝမ်းသာ ရှိကြတာကိုးရှင့်။

ဒါနဲ့ အိမ်ရှေ့ခန်းထဲရောက်တော့ အိမ်ရှေ့ပြတင်းပေါက်နားမှာ ကပ်ထားတဲ့ ကုလားထိုင်ပေါ်မှာ ကျွန်မကို အထိုင်ခိုင်းပါရော။ ကုလားထိုင်က ပြတင်းပေါက်ဘက်ကို ကျောခိုင်းလို့ရှင်ရဲ့။

ဒါနဲ့ ကျွန်မလည်း ဒီအတိုင်း ထိုင်နေတုန်း မစ္စတာ ဖော်စတားက အခန်းထဲမှာ စကြံလျှောက်ရင်း ရယ်စရာ မောစရာ ပုံတိုပတ်စတွေ ပြောလိုက်တာရှင်။

အပြောကလည်း ကောင်းပါဘိသနဲ့၊ ကျွန်မဖြင့် ရယ်လိုက်ရတာ အူကိုနှိပ်နေတာပဲ။ ဒီလိုနဲ့ တစ်နာရီလောက် ရယ်ရလို့ ကျွန်မလည်း မောနေတော့မှ မစ္စတာဖော်စတာက။

ကိုင်း... ကိုင်း၊ အဝတ်လဲချေပေတော့၊ ကလေးကို စာသင်ဖို့အချိန် တော်ပြီ... တဲ့။

နောက်တစ်ခါ နှစ်ရက်လောက်ကြာပြန်တော့ ဒီလိုပဲ အဲဒီဂါဝန်အပြာကို ဝတ်ခိုင်းပြန်ပြီး ဟိုကုလားထိုင်မှာပဲ ကျွန်မကို ထိုင်စေပြန်ပါတယ်။ ဒီလိုပဲ ရယ်စရာတွေ လျှောက်ပြောပြန်ရောရှင့်။ ပြောပြီးလို့ အတော်ကြာတော့ ကျွန်မကို စာတစ်အုပ်ပေးပြီး ကျယ်ကျယ် အဖတ်ခိုင်းတယ်။

ကျွန်မ ဖတ်ပြတော့ သူတို့က နားထောင်နေကြတယ်။ ဒီလို ဆယ်မိနစ်လောက် ဖတ်ပြပြီး တော်တော့ဆိုလို့ ကျွန်မမှာ စာအုပ်ပိတ်ပြီး အဝတ်လဲခွင့်ရပြန်ပါရောရှင်။

အဲဒီလိုခိုင်းတိုင်း ခိုင်းတိုင်း ကျွန်မကို ပြတင်းပေါက်ဘက် အမြဲတမ်း ကျောပေးပြီး ထိုင်ခိုင်းလေ့ရှိလေတော့ ကျွန်မ စိတ်ကူးရတာနဲ့ နောက်တစ်ခါ အခိုင်းမှာ ကျွန်မက မှန်အငယ်လေးတစ်ခု လက်ကိုင်ပဝါထဲမှာ ဆုပ်ပြီး မစ္စတာဖော်စတားပြောတဲ့ပုံတွေကို ရယ်မောရင်း လက်ကိုင်ပဝါကို အသာမြှောက်ပြီး မျက်နှာကို ချွေးသုတ်ချင်ယောင်ဆောင်ပြီး ကျွန်မကျောဘက်က လမ်းပေါ်မှာ ဘာများရှိသလဲလို့ မှန်ထဲမှာ ကြည့်တာကိုးရှင့်။

ပထမတော့ ဘာမှမမြင်ဘူး၊ နောက် သေသေချာချာကြည့်တော့မှ လမ်းပေါ်မှာ ကျွန်မတို့လို ဘိုကပြားတစ်ယောက် ဝင်းထရံကို လက်ထောက်ပြီး ကျွန်မကို စိုက်ကြည့်နေတာ တွေ့ရတာကိုးရှင့်။ ဒီတော့ မစ္စစ် ဖော်စတားက ကျွန်မအကြံကို ရိပ်မိဟန် လက္ခဏာနဲ့ ထိုင်ရာက ထတဲ့ပြီး သူ့ယောက်ျားကို။

ဒီမှာရှင့်၊ လမ်းပေါ်မှာ ဘယ်ကအကောင်လဲ မဆိုနိုင်ဘူး။ မစ္စနော်မာကို စိုက်ပြီးကြည့်နေတယ်... လို့ ပြောတာကိုး။

ဒီတော့ မစ္စတာဖော်စတားက လမ်းဘက်လှည့်ကြည့်တဲ့ပြီး ကျွန်မကို...

မစ္စနော်မာရဲ့ မိတ်ဆွေလား... တဲ့။

ဒီတော့ ကျွန်မက မဟုတ်ကြောင်း ပြောတော့...

ဒါဖြင့် သွားဖို့ လက်ပြလိုက်ပါတဲ့၊ ဒီတော့ ကျွန်မက...

သူ့ဘာသူ နေပါစေလို့ ပြောပေမဲ့ မစ္စတာဖော်စတားက အတင်းလက်ပြခိုင်းတာနဲ့ ကျွန်မက ထိုင်ရာကထပြီး လက်ပြလိုက်တာ ဟိုလူလည်း သွားပါရောရှင်”

ရှား။ ။ “တယ်ကောင်းတယ်ဗျို့၊ ပြောစမ်းပါဦး”

မစ္စ။ ။ “သြော်... ဒါထက် ကျွန်မ တစ်ခုမေ့နေတယ်၊ သူတို့အိမ်ရောက်တဲ့ ညနေက မစ္စတာ ဖော်စတားက ကျွန်မကို အိမ်ဝင်းထဲ လျှောက်ပြတယ်ရှင့်။ အိမ်နောက်ဖေး တဲကလေးတစ်ခု နားရောက်တော့ သံကြိုးသံ ကြားတာနဲ့ ကျွန်မက ဘာလဲ မေးကြည့်တော့ မစ္စတာဖော်စတားက... 'အပေါက် ချောင်းကြည့်ပါလား'...လို့ ဆိုတာနဲ့ ကျွန်မ အပေါက်ကလေးတစ်ခုက ချောင်းကြည့်လိုက်တော့...

လား... လားရှင် နည်းတဲ့ခွေးဘီလူးကြီး မဟုတ်ပါဘူး။ သွားကြီးတွေကလည်း အဖွေးသား ဖြဲလို့ရှင့်။ ကြောက်စရာ ကောင်းလိုက်တာကလဲ လွန်ပါရော။

ဒီတော့မှ မစ္စတာဖော်စတားက “မကြောက်ပါနဲ့ မိန်းကလေးရယ်၊ နေ့တော့ ဘယ့်နှယ်မှ မလုပ်နိုင်ပါဘူး။ သံကြိုးနဲ့ ချည်ထားတာကပဲ။ သို့သော် ညအခါများတော့ အိမ်ပေါ်က အောက်ကို ယောင်ပြီး မဆင်းလေနဲ့၊ ခွေးပါးစပ်ထဲ အသက်ပါသွားမယ်။

အင်မတန်ဆိုးတဲ့အကောင်ကြီး၊ ကျုပ်တောင် မကိုင်ဝံ့ဘူး။ သူ့ကို အစာကျွေးတဲ့ အဖွဲ့ဒူခန်း တစ်ယောက်ပဲ ကိုင်ဝံ့တယ်... လို့ ပြောတော့ ကျွန်မ ကြက်သီးများတောင် ထအောင် ကြောက်မိပါတယ်ရှင်။

ဒါနဲ့ တစ်ညတော့ ကျွန်မလည်း ဟိုတွေးဒီတွေးနဲ့ အိပ်မပျော်နိုင်တာနဲ့ နာရီပြန် တစ်ချက်လောက်မှာ အိပ်ခန်း ပြတင်းပေါက်ဖွင့်ပြီး ကကလေးသာသာနဲ့ အပြင်ဘက် ကြည့်လိုက်တော့ ခွေးကြီးကရှင် သံကြိုးလည်း မချည်ဘူး။ တစ်ကောင်တည်း ကုပ်ကုပ် ကုပ်ကုပ်နဲ့ လရောင်ဖြတ်ပြီး မှောင်ရိပ်ထဲ ဝင်သွားလိုက်တာ နွားမတမ်းကလေးလောက် ရှိပါရဲ့ရှင်။

ကျွန်မဖြင့် လူဆိုးကြီး ဓားကိုင်ပြီးလာတာ ဒီလောက် မကြောက်ပါဘူး။ ဒီအချိန်မတော်တဲ့အခါမှာ ဒီခွေးကြီး တကုပ်ကုပ်နဲ့ လျှောက်နေတာ မြင်ရတော့ ကြောက်လိုက်တာရှင်၊ တစ်ညလုံး အိပ်လို့မပျော်တော့ဘူး”

ဦးစံရှားက ထောက်၍...

“ညတိုင်း ဒီလိုပဲ လွှတ်ထားတာပဲလား ”

မစွ။ ။ “လွှတ်ထားတာပါပဲရှင်၊ ဒါထက် ကျွန်မ ပြောရဦးမယ်။ ကျွန်မတို့နေတဲ့ တိုက်အိမ်မှာ အပေါ်ထပ်က အနောက်တောင်ထောင့် အခန်းတစ်ခုဟာက ဘယ်အခါမှ မဖွင့်ဘူးရှင့်။ ဘာထည့်ထားမှန်းလည်း မသိရဘူး။ ဘယ်အခါမဆို သော့ခတ်ပြီး ထားတာပဲ။

ကျွန်မက နည်းနည်း စုံစမ်းတတ်တဲ့ ဝါသနာကလေးရှိလေတော့ ဒီအခန်းထဲမှာ ဘာများထည့်ထားပါလိမ့်မလဲလို့ အိမ်အောက်ဆင်းပြီး ပြတင်းပေါက်ကို ကြည့်တယ်။ ကြည့်တော့ ဘယ်ပြတင်းပေါက်မှ ပွင့်နေတာ မတွေ့ရဘူးရှင့်။

ဒီလိုနဲ့ နေခဲ့တော့ တစ်နေ့မှာ ကျွန်မ အိမ်အောက်က တက်လာပြီးတော့ အခန်းမှာ သော့တန်းလန်းနဲ့ မေ့ထားခဲ့တာ ကျွန်မ မြင်ရတာကိုးရှင့်။ ဒီတော့ ကျွန်မက သိချင်စိတ် အားကြီးနဲ့ အခန်းထဲကို အသာကလေးဝင်သွား၊ အခန်းထဲမှာ အပေါက်မရှိဘူးရှင့်၊ အလင်းရောင်ကတော့ ကောင်းကင်ပေါက်က ဝင်တယ်။

ဒီတော့ အရောင်ကလေးကလည်း မှိတ်တုတ်တုတ်၊ လူမိမှာကို ကြောက်ရတာကလည်း တစ်ဖက်နဲ့ ကျွန်မမှာ ဒူးတုန်တုန်နဲ့ ဝင်သွားပြီးတော့ အခန်းဆီးတစ်ခု တွေ့တာကိုးရှင့်။

အခန်းဆီးနား ရောက်တော့ ဟိုဘက်က လူလမ်းလျှောက်တဲ့ ခြေသံလိုလို ကြားပြီး အခန်းဆီးမှာ လူရိပ်လိုလို ဘာလိုလို ရိုးတိုးရိပ်တိတ် မြင်တာကိုးရှင့်။

မြင်တော့ ကျွန်မမှာ ဘာမှမပြောနဲ့၊ ကြောက်လွန်းအားကြီးပြီး ပြန်ထွက်ပြေးလာလိုက်တာ အခန်းဝလည်း ရောက်ကရော မစ္စတာဖော်စတားနဲ့ ရင်ဆိုင်ကြီး ဝင်တိုးမိတာကိုးရှင့်။ ဒီတော့ သူက။

ဩော်... လက်စသတ်တော့ မစ္စနော်မာကိုးတဲ့၊ မျက်နှာပြုံးပြုံးနဲ့ ပြောတာကိုးရှင့်။ ဒီတော့ ကျွန်မက 'ကြောက်လိုက်တာရှင်၊ ဘယ့်နှယ် အခန်းပါလိမ့်မလဲ'လို့ ပြောမိတော့ သူက မျက်နှာထား ချိုချိုထားပြီး...

ဘာဖြစ်လို့လဲ မိန်းကလေးရယ်၊ ဘာများ ကြောက်စရာတွေ့ခဲ့ရလို့လဲ... တဲ့ မေးတာကိုး။

ဒီတော့ ကျွန်မက သူ့မျက်နှာထား ချိုလွန်းအားကြီးလေတော့ မသင်္ကာတာနဲ့ သတိမလစ်စေဘဲ ကျွန်မက ယောင်ပြီး အခန်းထဲဝင်ကြည့်မိတာ ဘာမှ မြင်ရလို့ မဟုတ်ပါဘူးရှင်။

လိပ်ပြာလန့်ပြီး ပြန်ထွက်ပြေးလာခဲ့တာပါ ပြောတော့ သူက ကျွန်မမျက်နှာကို သေသေချာချာ အကဲခတ်ကြည့်တဲ့ပြီး 'ဒါပဲလား'တဲ့ မေးတယ်။

ကျွန်မက ဒါပါပဲရှင်လို့ ပြောတော့ ဒါဟာ ကျုပ် ဓာတ်ပုံခန်းပျ။ ဓာတ်ကားဆေးတဲ့အခန်းပဲ။

ကျွန်မ မသိလို့ ဝင်မိတာပါရှင်။

ကိုင်း အခုတော့ သိပြီမဟုတ်လား၊ နောက်ကို မဝင်နဲ့နော်၊ ဝင်ရင် ဆိုပြီး စကားဆုံးအောင် မပြောဘဲ ကျွန်မကို စိုက်ကြည့်လိုက်တဲ့ မျက်နှာထားကြီးဟာ ကြောက်စရာကောင်းလိုက်တာရှင်။ ဒီမျက်နှာကြီး မြင်ယောင်နေပြီး အိပ်လို့တောင် မပျော်ဘူးရှင်ရဲ့။

ဒါနဲ့ အဲဒီညကတော့ ကျွန်မ ဒီအိမ်မှာနေနိုင်ဖို့ ခဲယဉ်းပြီ၊ ခဲယဉ်းလို့ ထွက်သွားရအောင်ကလည်း ကျွန်မဖြင့် မစ္စတာဖော်စတားကိုလည်း ကြောက်၊ ခွေးကြီးနဲ့ ခွေးထိန်းတဲ့ ကုလားကိုလည်း ကြောက်၊ သူ့မိန်းမလည်း ကြောက်၊ ကလေးကစ ကြောက် တစ်အိမ်လုံးကို တွေးကြောက်နေတော့တာပဲရှင်။

ဒါနဲ့ မဖြစ်ဘူး၊ ဦးစံရှားကို တိုင်ပင်မယ်ဆိုပြီး စာတစ်စောင် တိတ်တိတ်ရေးလိုက်တာ ဒီတော့မှပဲ စိတ်နည်းနည်း သက်သာရ ရတော့တာပါပဲရှင်။

ကိုင်း... ကျွန်မလည်း ပြန်ဖို့အချိန်နီးပြီ။ မစ္စတာဖော်စတားတို့လင်မယားလည်း ဂိုလ်ဒင်ဗယ်လီထဲက ထမင်းစားဖိတ်လို့ သွားကြလိမ့်မယ်။

အိမ်မှာ ကျွန်မရယ်၊ ကလေးရယ်၊ အစေခံကုလားလင်မယားနှစ်ယောက်ရယ် ဒါပဲ ရှိရစ်ကြလိမ့်မယ်။ ကိုင်း... ဒါပါပဲရှင်၊ ဒို့ပြင်ပြောစရာ မရှိတော့ပါဘူး”

ဟု ဆိုကာ မစ္စနော်မာသည် စကားကို အဆုံးသတ်လိုက်၏။

ဦးစံရှားနှင့် ကျွန်တော်တို့သည် အထက်ပါအဖြစ်အပျက်များကို စိတ်အားကြီးစွာ နားထောင်လျက်ရှိကြရာမှ ဦးစံရှားသည် လက်နှစ်ဖက်ကို အိတ်ထဲနှိုက်ရင်း မျက်မှောင်ကုတ်ကာ ဟိုမှ သည်မှ လမ်းလျှောက်ပြီးနောက် ရုတ်တရက် ကျွန်တော်တို့ရှေ့၌ ရပ်ပြီးလျှင်...

ရှား။ ။ “ခွေးထိန်းတဲ့ အစေခံကုလား ဒီနေ့ အရက်မူးသေးသလား”

မစ္စ။ ။ “မူးနေတယ်ရှင့်၊ သူ့မိန်းမက သခင်မကို တိုင်သံကြားရတယ်”

ရှား။ ။ (ဦးခေါင်းကို မတ်ခနဲမော့ကာ) “နေရာကျပြီ၊ ဒီတစ်ချက် မစ္စတာဖော်စတားတို့လင်မယား ဒီနေ့ ညစာ ထမင်းသွားစားကြမယ်ဆို မဟုတ်လား”

မစ္စ။ ။ “ဟုတ်တယ်ရှင့်”

ရှား။ ။ “အိမ်မှာ အခန်းလုံလုံ အပြင်မှာ သော့ခတ်ထားလို့ရတဲ့ အခန်းတစ်ခန်း ရှိရဲ့လား”

မစ္စ။ ။ “ရှိပါတယ်ရှင့်၊ ပန်းကန်တွေ ဘာတွေ ထားတဲ့အခန်းဟာ သော့နဲ့ပါပဲ”

ရှား။ ။ “ကိုင်း... ကိုင်း၊ မစ္စနော်မာက ဒီကိစ္စမှာ အစအဆုံးတိုင် သစ္စာလည်းရှိ၊ ဉာဏ်လည်းရှိတဲ့ မိန်းကလေးပီပီ ပြုလုပ်ခဲ့ပါပေပြီ။ သို့သော် နောက်ထပ်တစ်ခုလောက် စွမ်းဆောင်နိုင်ပါဦးမလား”

မစ္စ။ ။ “ကျွန်မ တတ်နိုင်သလောက် ကြိုးစားပါ့မယ်ရှင့်”

ရှား။ ။ “ကိုင်း.. ကျုပ်တို့နှစ်ယောက် အိမ်ကို ၇ နာရီလောက် ရောက်အောင် လာခဲ့မယ်။ ဒီအချိန်မှာ မစ္စတာဖော်စတားတို့ လင်မယားလည်း မရှိဘူး ဟုတ်စ။

ကုလားလင်မယားအနက် လင်ကတော့ မူးနေမှာပဲ။ စိတ်ချတော့၊ ဒီတော့ မယားကုလားမကို အခန်းလုံလုံတစ်ခုထဲ ကိစ္စတစ်ခုနဲ့ ရှိးမယ်ရှာခိုင်းပြီး အခန်းကို အပြင်ဘက်ကနေ ပိတ်ထားနိုင်ပါ့မလား”

မစ္စ။ ။ “ကျွန်မ ကြိုးစားပါ့မယ်ရှင်”

ရှား။ ။ "ကိုင်း... ဒါဖြင့် ၇ နာရီတိတိမှာ ကျုပ်တို့ ရောက်အောင်လာခဲ့မယ်။ ဒီအမှုက တွေးစရာတစ်ချက်ပဲ ရှိတယ်။

ဇကေန်မုချ မိန်းကလေးကို တစ်ယောက်ယောက် ကိုယ်စား အထင်မှားအောင် ဌားတဲ့ လက္ခဏာပဲ။ အစစ်ကတော့ မိန်းကလေးပြောတဲ့ အခန်းထဲမှာ လှောင်ပြီးထားတယ်။

မိန်းကလေးကတော့ အတုပဲ၊ လှောင်ထားခြင်းခံရတဲ့သူဟာ ဘယ်သူလဲဆိုတော့ ဘင်္ဂလားသွားနေတယ်ဆိုတဲ့ သမီးပဲထင်တယ်။

မိန်းကလေးကို ဒီလောက် လခကြီးကြီးပေးထားတာဟာ မိန်းကလေးက သူတို့သမီးနဲ့ အလုံးချင်း၊ အရပ်ချင်း၊ မျက်နှာချင်း ဆင်တဲ့အတွက် အတုလုပ်ဖို့ ဌားထားတဲ့လက္ခဏာပဲ။

ဆံပင်ကိုဖြတ်ခိုင်းတာလဲ ဟိုသူငယ်မက ခေါင်းတုံးမို့လို့ မိန်းကလေးကို အဖြတ်ခိုင်းတာ မုချပဲ။ လမ်းမှာရပ်ပြီး ကြည့်နေတဲ့လူက ဟိုသူငယ်မရဲ့ မိတ်ဆွေလား၊ သို့မဟုတ် ရည်းစားလား တစ်ခုခုဖြစ်ရမယ်။

ရည်းစားနဲ့ တူတယ်၊ မိန်းကလေးက ဟိုသူငယ်မကလေးနဲ့ တူလေတော့ မိန်းကလေးကို သူ့ရည်းစားအစစ်မှတ်ပြီး သြော်... ငါ့ရည်းစားဟာ ပျော်ပျော်ရွှင်ရွှင် စိတ်ချမ်းသာ ကိုယ်ချမ်းသာ ရှိနေတာပဲလို့ အထင်မှားအောင် တမင်တကာ ရယ်စရာ မောစရာတွေ ပြောပြတဲ့လက္ခဏာပဲ၊ ကိုင်း... မိန်းကလေး ဘယ့်နှယ်ထင်သလဲ"

မစ္စ။ ။ "သြော်... ဟုတ်ပြီရှင့်၊ ကျွန်မ အခုမှ သတိရတယ်။ အ,လိုက်တဲ့ ဖြစ်ခြင်း လွန်နေတာပဲ။ ဒါကြောင့်ကိုးရှင့်။

"ကိုင်း... ဒါဖြင့် မိန်းကလေးကို သနားပါတယ်ရှင်၊ ကျွန်မတို့ ကူညီကြရအောင်"

ရှား။ ။ "စိတ်ချပါ မိန်းကလေးရယ်၊ ဒီအတွက်တော့ မိန်းကလေးကသာ ခုနပြောတဲ့တာဝန်ကို ပြီးဆုံးအောင် လုပ်ထားနင့်ပါ။ ည ၇ နာရီ ကျုပ်တို့ ရောက်အောင် လာခဲ့ပါ့မယ်။

သို့သော် မစ္စတာ ဖော်စတားက လူပါးနော်၊ သူ မရိပ်မိစေနဲ့။ သတိနဲ့ လုပ်နော်၊ ကိုင်း... ပြန်ပေတော့"

ကျွန်တော်တို့သည် ဤကြားအချိန်ကလေးတွင် ရန်ကုန်သို့ ပြန်လား သွားလား မလုပ်ချင်တော့သည်နှင့် ဘူတာမှ သိပ်မဝေးကွာလှသော ဆရာဦးဘိုးမြ(ယခု ခေတ်ပျက်ချိန်တွင် ကွယ်လွန်ခဲ့သူ) နေအိမ်သို့ သွားရောက်လည်ပတ်ကာ ဆရာမြ စိုက်ပျိုးထားသော သစ်ပင်ပန်းမန်များနှင့် သူ မွေးမြူထားသော ဥကြက်မျိုးစုံ၊ ကြက်ဆင်၊ ရွှေငန်း၊ ဥဒေါင်း စသော တိရစ္ဆာန်များကို ကြည့်ရှုခြင်းအားဖြင့် အချိန်ဖြုန်းခဲ့ကြပြီးနောက် ည ၇ နာရီအချိန်တွင် 'မေဗီလာ' အမည်ရှိသော အိမ်ကြီးသို့ ရောက်ခဲ့ကြလေ၏။

မစ္စနော်မာသည် အိမ်ပေါက်ဝမှ ဆီးကြိုလျက်ရှိရာ ဦးစံရှားက...

"ဘယ့်နှယ်လဲ၊ ကုလားမကို လှောင်ထားပြီးပြီလား"

ဟု မေးသည်တွင် တစ်ခုသောအခန်းမှ အခန်းတံခါးကို ဆူညံစွာ ခေါက်လျက်ရှိသော အသံကို ကြားရသဖြင့် ကိစ္စပြီးစီးကြောင်းကို သိရှိရလေသည်။

ထို့နောက် မစ္စနော်မာသည် အစေခံလင်မယား နှစ်ယောက်အနက် လင်ဖြစ်သူ ကုလားကြီးမှာ အရက်မူးလျက် မီးဖိုချောင်ထဲတွင် လဲနေကြောင်း၊ ကုလားမကြီးမှာ မှာထားသည့်အတိုင်း အခန်းတစ်ခန်းထဲ၌ သိုလှောင်ထားကြောင်းနှင့် ပြောဆိုလေလျှင်

ဦးစံရှားလည်း မစ္စနော်မာအား ချီးမွမ်းစကားပြောကြား၍ သက်ကမကင်းရှိသော အခန်းသို့ ကျွန်တော်တို့လည်း မစ္စနော်မာနောက်မှ လိုက်ပါသွားကြလေ၏။

အခန်းဝသို့ရောက်လျှင် မစ္စနော်မာက မီးအိမ်ကို ကိုင်လျက်...
"ဒီအခန်းပါပဲရှင်"
ဟု ပြောလေ၏။

ထိုအခါ ဦးစံရှားသည် အခန်းတံခါးကို အပြင်ဘက်မှ ခေါက်သော်လည်း အတွင်းဘက်မှ တစ်စုံတစ်ခု အသံမကြားဘဲ ရှိလေလျှင် ဦးစံရှားသည် မျက်နှာပျက်လျက်...

"ကျုပ်တို့က နောက်များကျလေရော့လားဗျာ။ ကိုင်း... ကိုသိန်းမောင်၊ လာစမ်းဗျာ၊ ခင်ဗျားနဲ့ ကျုပ်တို့နှစ်ယောက် တွန်းရရင် ဒီကသော့လက်ယှက် ပြုတ်ကောင်းပါရဲ့"
ဟု ပြောသဖြင့် ကျွန်တော်နှင့် ဦးစံရှားတို့သည် တစ် နှစ် သုံးဟုဆို၍ ညီညီညာညာ ငါးကြိမ်မျှ ကိုယ်စောင်းဖြင့် ပြေးဆောင့်တိုက်လိုက်ကြရာ နောက်ဆုံး၌ တံခါးလက်ယှက်သည် ပြုတ်ထွက်၍ ကျွန်တော်တို့နှစ်ယောက်သည် အခန်းတွင်း၌ ပုံလျက်သား လဲကျကြလေ၏။

ကျွန်တော်တို့သည် ဖုန်ခါ၍ ထကြပြီးနောက် မစ္စနော်မာက ရှေ့မှ မီးအိမ်နှင့် ကျွန်တော်တို့က နောက်မှကပ်လျက် အခန်းတွင်းသို့ ဝင်သွားကြရာ အခန်းဆီးအတွင်း၌ ခုတင်၊ ခြင်ထောင်၊ ခေါင်းအုံး စသည်တို့သာလျှင် ရှိ၍ လူသူကား တစ်ယောက်မျှ မရှိသည့်အဖြစ်ကို တွေ့ရှိရလေ၏။

ရှား။ ။ (စိတ်ပျက်သောမျက်နှာထားနှင့်) "ဘယ့်နှယ်လဲဗျို့၊ ဒီက ဖော်စတားကောင်က မစ္စနော်မာအကြံကို ရိပ်မိတာနဲ့ သူငယ်မကို ရွှေ့သွားပြီထင်တယ်ဗျို့။ ကျုပ်တို့အကြံ သူက ဦးသွားပြီ၊ ရှိုင်းလိုက်လေဗျာ"
ကျွန်။ ။ "တံခါးလည်း အပြင်က သော့ခတ်ထားတယ်ဗျ၊ သူ ဘယ်လမ်းက ထုတ်သွားသလဲ"
ရှား။ ။ (အပေါ်သို့ မျက်နှာမော့ပြကာ) "မြင်ဖူးလားဗျ၊ အပေါ်မှာ ကောင်းကင်ပေါက်ကြီး"
ဟု ပြောသဖြင့် ကျွန်တော်တို့ မော့ကြည့်လိုက်ရာ ဤအခန်းတွင်းသို့ အလင်းရောင်ဝင်စေရန် အမိုး၌ ဖောက်၍ထားသော ကောင်းကင်ပေါက်မှန်မှာ ကွဲလျက်ရှိနေသည်ကို မြင်ရလေ၏။

ထိုအခါ ဦးစံရှားသည် ကြွက်လျှောက်ပေါ်မှတက်၍ ကောင်းကင်ပေါက်မှ အမိုးပေါ်သို့ သွားရောက်ပြီးလျှင်...
ရှား။ ။ "ဟုတ်တယ်ဗျို့၊ ဒီလမ်းမကပဲ၊ ဟောဒီမှာ လှေကားတစ်ခုလည်း ကျုပ်မြင်တယ်ဗျ"
မစ္စ။ ။ "သူတို့ ထွက်သွားတုန်းက ဒီလှေကား မရှိဘူး ရှင်ရဲ့"
ရှား။ ။ "ဒါဖြင့် ပြန်လာပြီးမှ ထောင်ထားတဲ့ လှေကားပေါ့၊ ဒါကြောင့် ကျုပ် မပြောဘူးလား၊ ဒီကောင်က အတော်ပါးတဲ့အကောင်လို့၊ ဟော... ခြေသံကြားတယ်ဗျို့၊ သူ့ခြေသံပဲ မှတ်တယ်"
ဟု ပြောပြီးလျှင် ဦးစံရှားသည် ခြောက်လုံးပြူးကို အသင့်ဆုပ်ကိုင်ထားလေသည်။

ခြေသံလည်း အိမ်ပေါ်သို့ ရောက်လာလေ၍ ကျွန်တော်တို့ရှိရာ အခန်းထဲသို့ ဝဝတုတ်တုတ် ထောင်ထောင်မောင်းမောင်း ဘိုကပြားတစ်ယောက်သည် တုတ်ကောက်

တစ်ချောင်းနှင့် ဝင်လာကာ နှုတ်ခမ်းမွေးများထောင်လျက် ကျွန်တော်တို့သုံးယောက်ကို စေ့စေ့ကြည့်ပြီးလျှင်...

"နင်တို့ညဏ်လားဟေ့"

ဟု ခက်ထန်သော အသံကြီးဖြင့် မေးရာ ဦးစံရှားသည် အေးဆေးစွာ ထိုသူ၏အနားသို့ ချဉ်းကပ်၍...

"ခင်ဗျားသမီး ဘယ်မှာထားသလဲ ပြောစမ်း"

ဟု မေးလေ၏။

ထိုအခါ ဘိုကြီးသည် အခန်းအခြေအနေကို ကြည့်ရှုပြီးနောက် အမိုးသို့ မော်ကြည့်၍...

"နင်တို့ကို ငါက မေးရမှာ၊ နင်တို့က ငါ့ကိုမေးသလားဟာ၊ သူခိုးတွေ၊ ခွေးတွေ၊ သေပေတော့၊ နင်တို့တော့ ခွေးစာကျွေးပစ်မယ်"

ဟု ပြောပြီးနောက် အိမ်ပေါ်မှ ဆင်းပြေးလေ၏။

ထိုအခါ မစ္စနော်မာလည်း ထိတ်လန့်တုန်လှုပ်သော အမူအရာနှင့်...

"သူ့ခွေး သွားလွှတ်တာရှင့်၊ ခက်ပါပြီ၊ ကျွန်မတို့တော့ တံခါးပိတ်ထားမှပဲ"

ရှား။ ။ (အမူအရာမပျက်ဘဲ) "ကိစ္စမရှိပါဘူး၊ ဒီမှာ ခြောက်လုံးပြူးရှိပါတယ်။ မကြောက်ပါနဲ့"

ဟု ပြောလျက်ရှိစဉ် ကျွန်တော်တို့သည် အိမ်အောက်မှ ပထမ ခွေးဟိန်းသံကို ကြားရပြီးနောက် နောက်ဆုံး၌ လူတစ်ယောက်သည် အပြင်းအထန် ဝေဒနာခံစားရသည်ဖြစ်၍ ငယ်သံပါအောင် ကြောက်မက်ဖွယ် အော်ဟစ်သည့် အသံကို ကြားရလေ၏။

ထိုအသံကို ကြားရသဖြင့် ကျွန်တော်တို့သည် အိမ်အောက်သို့ ဆင်းပြေးလာခဲ့ကြရာ ကုလားတစ်ယောက်သည် မီးဖိုချောင်မှ ဒယီးဒယိုင်နှင့် ပြေးထွက်လာ၍...

"ခွေးကို ဘယ်သူလွှတ်သလဲ၊ ဘယ်သူလွှတ်သလဲ၊ အစာမကျွေးရတာ နှစ်ရက်ရှိပြီ၊ ဘယ်သူလွှတ်သလဲ"

ဟု ဟစ်အော်ပြေးထွက်လာသည်ကို တွေ့မြင်ရလေ၏။

ထိုအခါ ကျွန်တော်နှင့် ဦးစံရှားတို့သည် ထိုကုလား၏ နောက်မှလိုက်၍ တဲငယ်တစ်ခုသို့ ပြေးဝင်သွားကြရာ နွားမတမ်းမ အရွယ်ခန့်ရှိသော ခွေးဘီလူးကြီး တစ်ကောင်သည် ယခင် ဘိုကြီး၏လည်မျိုကို ခဲလျက် ဆွဲ၍ ဆွဲ၍ ခါနေသည်ကို တွေ့မြင်ရလေ၏။

ဘိုကြီးမှာလည်း ခွေးကြီး၏ပါးစပ်ထဲမှ လွတ်အောင်မရုန်းနိုင်ဘဲ တွန့်လိမ် ကွေးကောက်ကာ ငယ်သံပါအောင် အော်ဟစ်လျက် ရှိလေ၏။

ဤစဉ်တွင် ဦးစံရှားသည် လျင်မြန်စွာ ပြေးဝင်သွား၍ ခွေးကြီး၏ ဦးခေါင်းကို သေနတ်ဖြင့် တေ့ဖြုတ်လိုက်ရာ ခွေးကြီးသည် ကိုက်ခဲထားသော လည်မျိုကို မလွှတ်ဘဲ လဲသွားပြီးလျှင် ခွေး၏ဦးနှောက်တို့သည် မြေပေါ်၌ ပြန့်ကျဲလျက် ရှိကုန်၏။

ထိုအခါမှ ကျွန်တော်တို့သည် ခွေးပါးစပ်မှ ဘိုကြီးကို ဖြယ့်ကြည့်ရှုရာ ဘိုကြီးမှာလည်းမျိုမှ သွေးချောင်းစီးလျက် ပါးစပ်ကိုဟပြီးလျှင် ကျွန်တော်တို့၏ ရှေ့မှောက်တွင်ပင် အသက်ပျောက်သွားသည်ကို မြင်ကြရလေ၏။

ထိုအခါ ကျွန်တော်တို့နှစ်ယောက်လည်း ကုလားအစေခံနှင့်အတူ ဗိုလ်ကြီး၏ အလောင်းအနီးတွင် ဒူးထောက်လျက်ရှိကြစဉ် ကုလားမကြီးတစ်ယောက် ဝင်လာရာ သူ၏နောက်မှ မစ္စနော်မာ လိုက်ပါလာလေ၏။

ရှား။ ။ "ဘယ့်နယ်လဲ၊ လွှတ်လိုက်ပြီလား"
ဟု မစ္စနော်မာအား မေးလေလျှင် ကုလားမကြီးက...

"သူက လွှတ်တာမဟုတ်ပါဘူးရှင်၊ သခင်ပြန်လာလို့ ကျွန်မက သော့ဖွင့်ပြီး လွှတ်ပါတယ်။ ရှင်တို့က ကျွန်မကို အစက ဒီလိုမပြောဘဲကိုး၊ ပြောလို့ရှိရင် ရှင်တို့ ဒါလောက်တောင် ဒုက္ခမခံရပါဘူး"

ရှား။ ။ "ဩော်... ဟုတ်ပြီ၊ သူ ဒီအကြောင်း ကောင်းကောင်းသိဟန်တူတယ်။ ကိုင်း သိသလောက် ကျုပ်တို့ကို ပြောပြစမ်းပါဦး"

ကုလားမ။ ။ "ဒီလိုပါရှင်၊ ဒီအိမ်က မစ္စတာဖော်စတားရဲ့သမီး သခင်မလေးဟာ အစကတည်းက တစ်နေ့မှ စိတ်မချမ်းသာရှာဘူး။ ကျွန်မကိုတော့ အင်မတန် ချစ်ရှာပါတယ်။

ကျွန်မကလည်း အင်မတန်ချစ်ပါတယ်။ ဒီမစ္စနော်မာရောက်လာတော့ ကျွန်မက သူ့ကို အထင်လွဲပြီး သူပါ ကူပြီး လိမ်ကြတယ်မှတ်လို့ မစ္စနော်မာအပေါ် မျက်နှာထားဆိုးဆိုး ထားမိပါတယ်။

ဒီလိုမှန်းသိရင် အစကတည်းက ကျွန်မနဲ့ နှစ်ယောက်အတူ ကြံစည်ကြဖို့ပါပဲ။ သခင်မကလေးက မိထွေးနဲ့နေရတာ စိတ်မချမ်းသာရှာဘူးရှင့်။ မိထွေးက အင်မတန် နှိပ်စက်တယ်။

ဒါနဲ့ ဒီလိုနေခဲ့ကြတော့ အစကတော့ ကိစ္စမရှိသေးပါဘူး။ နောက်တော့မှ သခင်မကလေးက မစ္စတာကဲနက်ဆိုတဲ့ ဘိုကလေးတစ်ယောက်နဲ့ ကြိုက်ကရော၊ ကြိုက်ကြောင်း အဖေကြီးသိတဲ့နေ့ကစပြီး သာပြီး နှိပ်စက်တာပါပဲရှင်။

သခင်မကလေးဟာ သူ့အမေဘက်က အဒေါ်ကြီးတစ်ယောက် သေဆုံးလေတော့ အမွေ တော်တော်ရလိုက်တယ်ရှင့်။

ဒီအမွေတွေဟာ သူ့အဖေလက်ထဲမှာ ရှိတယ်။ သူ့အဖေနဲ့တော့ ဘာမှ မဆိုင်ဘူးပေါ့လေ။ ဒါပေမဲ့ ဒီအပေါ်က အတိုးအညွှန့်တွေရယ်၊ တိုက်တွေကရတဲ့ တိုက်လခတွေရယ် သူတို့ စားသောက်သုံးစွဲနေကြတာကိုးရှင့်။

ဒီတော့ကာ သခင်မကလေးကို သူတို့က ယောကျ်ား မယူစေချင်ကြဘူး။ ယောကျ်ားယူရင် သူတို့ မစားရတော့မှန်း သိတာကိုး။ ဒီတော့ အခုလို ရည်းစား ရှိနေတယ်ဆိုတော့ လင်ရသွားရင် သူတို့ လက်လွှတ်မှာစိုးတာနဲ့ ဒီပစ္စည်းတွေကို သူတို့လွှဲဖို့ လက်မှတ်ထိုးခိုင်းပါရောရှင့်။

ခိုင်းတော့ သခင်မကလေးကလည်း မထိုးဘူး၊ အတင်းငြင်းတာပဲ။ ဒီလိုနဲ့ တစ်နေ့ထက်တစ်နေ့ နေ့ရှိသမျှ နားပူတာနဲ့ သခင်မကလေး စိတ်ညစ်ပြီး ဖျားရော၊ ဖျားတော့ နမြောစရာရှင်။

ဆံပင်တွေ ကတုံးညှပ်ပစ်ရတယ်၊ ဟိုတုန်းကများ သေရောမှတ်တာ၊ မသေရှာဘူးရှင်။ တစ်လလောက်ဖျားပြီး ပျောက်ပါရော။ ပျောက်တော့ မစ္စတာကဲနက်နဲ့ သူနဲ့ ကြိုက်လျက်ပဲ ရှိကြသေးတယ်”

ရှား။ ။ “တော်ပါပြီ တော်ပါပြီ၊ ရှင်းပါပေပြီ ကျန်တာတော့ ကျုပ် တွေးနိုင်ပါပြီ။ အဲဒီလို မစ္စတာဖော်စတားက တိုက်တွန်းလို့မရတော့ သူငယ်မကလေးကို အခန်းထဲ လှောင်ပိတ်ထားရော မဟုတ်လား”

ကုလားမ။ ။ “ဟုတ်တယ်ရှင့်”

ရှား။ ။ “ဒါပေမဲ့ သူငယ်မက မလျှော့ဘူး”

ကုလားမ။ ။ “ဟုတ်တယ်ရှင့်”

ရှား။ ။ “ပျက်အောင်ကြံပေမဲ့ ဟိုလူက မပျက်ဘူး၊ ဒီအိမ်ကလူတွေကို လာဘ်ထိုးပြီး သူတို့အကြံတွေကို သိအောင်စုံစမ်းတယ်”

ကုလားမ။ ။ (မျက်နှာပျက်လျက်) “ကျွန်မ ငွေနည်းနည်းပါးပါး ရပေမဲ့ ငွေလိုချင်လို့ မဟုတ်ပါဘူးရှင်၊ သခင်မကလေးကို ချစ်လို့၊ သနားလို့ပါ”

ရှား။ ။ “ဟုတ်ပါတယ်လေ၊ ဟုတ်ပါတယ်၊ ဒါနဲ့ ဒီကနေ့တော့ မစ္စတာဖော်စတားတို့ မရှိခိုက်မှာ ကုလားကြီးကို မူးအောင်တိုက်ပြီး အမိုးပေါ် တက်ဖို့ လှေကားထောင်ခိုင်းတယ် မဟုတ်လား”

ကုလားမ။ ။ “ဒီအတိုင်း မှန်ပါတယ်၊ ဟုတ်ပါတယ်ရှင်၊ ရှင်ပြောတဲ့အတိုင်းပါပဲ”

ရှား။ ။ “ဒါနဲ့ ကျုပ်တို့မရောက်ခင် မစ္စတာကဲနက်က ကယ်ဆယ်သွားရောပေါ့လေ၊ ကောင်းပါရဲ့ ကျုပ်တို့က ကယ်ဆယ်တာ ကြိုက်သလား၊ မစ္စတာကဲနက် ကယ်ဆယ်တာကြိုက်သလားလို့ မေးရင် သူငယ်မကလေးက သူ့ရည်းစားကယ်တာ ကြိုက်တယ်လို့ ပြောမှာပဲ”

ဟု ပြောဆိုလျက်ရှိစဉ် မစ္စစ်ဖော်စတားနှင့် သဏ္ဌာန်တူသော ဘိုမကြီးသည် ဝင်လာ၍ လင်၏အလောင်းကို ပြေးဝင်ဖက်ယမ်း ငိုယိုခြင်းပြုလေရာ ဦးစံရှားသည် ကျွန်တော့်ကို လက်ကုတ်လျက်...

“ကိုင်း... ကိုသိန်းမောင်၊ ကျုပ်တို့နေလို့ အပိုပဲ၊ ပြန်ကြစို့ရဲ့”

ဟု ဆိုကာ မစ္စနော်မာကို နှုတ်ဆက်ပြီး ပြန်ခဲ့ကြလေ၏။

*****

## ကျောင်းသားတစ်ယောက် ပျောက်ဆုံးမှု

ကျွန်တော်နှင့် ဦးစံရှားတို့သည် တစ်နေ့သောနံနက်တွင် အိပ်ရာမှ စောစောထ၍ လက်ဖက်ရည် သောက်ပြီးနောက် စကားစမြည် ပြောဆိုနေခိုက် အခန်းတံခါးကို ကျယ်စွာသောအသံဖြင့် တီးခေါက်သံကို ကြားရ၍ ဦးစံရှားက...

“ကြွပါခင်ဗျာ၊ ကြွပါခင်ဗျာ”

ဟု ပြော၍မဆုံးမီ အခန်းတွင်းသို့ မျက်နှာထားခပ်ပျက်ပျက် ဖရိုဖရဲ ဝတ်ဆင်လျက် စိတ်လက်မချမ်းသာ ပူပင်သောကများဟန်လက္ခဏာရှိသော သူတစ်ယောက်သည် လျှန်မြန်စွာ ဝင်ရောက်ပြီး ဦးစံရှားရှိရာသို့ သွား၍...

“ဦးစံရှား ခင်ဗျားလား”

ဟု မေးလိုက်လျှင် ဦးစံရှားက ခေါင်းညိတ်လိုက်သောအခါ...

“အရေးကြီးတဲ့ကိစ္စတွေ ရှိပါသလား”

ဟု မေးမြန်းလေ၏။

ဦးစံရှားလည်း ထိုလူကိုကြည့်၍...

"အခုတလော အလုပ်တွေ အင်မတန်ပဲ များပါတယ်။ လူသတ်မှုတစ်ခု စုံထောက်နေတာလည်း တစ်ပိုင်းတစ်စနဲ့ လက်စမသတ်သေးဘူး။ အင်မတန် အရေးကြီးတဲ့ ကိစ္စကိုတော့ဖြင့် အခုတလော သည်းခံပါ"

ဟု ပြန်ပြောလေ၏။

ထိုအခါ ဧည့်သည်က...

"အရေးကြီးတယ်ဆိုတာတော့ ဘာပြောလို့ ကောင်းမလဲဗျာ။ ခင်ဗျားဖြင့် ကြားပြီလား မဆိုနိုင်၊ ကျွန်တော်တို့ မော်လမြိုင်မြို့က မွန်လူမျိုး မြို့ဝန်ဟောင်းကြီး ဦးတာနောရဲ့ သားကလေးကိစ္စပေါ့"

ဟု မဆိုင်းမငံ့နိုင်လောက်အောင် အရေးကြီးသည့် အမူအရာဖြင့် ပြန်လှန်ပြောဆိုရာတွင် ဦးစံရှားသည် စကားတစ်ခွန်းမျှ တုံ့ပြန်မပြောဘဲ စာအုပ်စင်ပေါ်တွင် တင်ထားသော မိမိမှတ်စုစာအုပ်ကြီးကို ဆွဲထုတ်၍ ဦးတာနောအကြောင်းနှင့် ပတ်သက်၍ ရေးမှတ်ထားသော အချက်ရပ်များကို ဖတ်ပြီးလျှင်...

"ထူးချွန်တဲ့ပုဂ္ဂိုလ်ကြီးပဲ၊ အင်း... ပြောစမ်းပါဦး၊ သူ့သားကလေး ဘာဖြစ်တယ်၊ ပျောက်သွားတယ်၊ ဘယ်လိုဖြစ်တာတုံး၊ သိပါရစေဗျာ"

ဟု မေးမြန်းလေ၏။

ဧည့်သည်က ပြန်ပြောသည်မှာ...

"ကျွန်တော့် နာမည်ကတော့ မောင်ထွန်းဖြူ ဖြစ်ပါတယ်။ ကျွန်တော် ကျောင်းတစ်ကျောင်း တည်ထောင်ပြီး ကျောင်းဆရာကြီးလုပ်တာမှာတော့ နှစ်ရှည်လများ ရှိပြီး ကျွန်တော်တို့ကျောင်းကတော့ တခြားကျောင်းနဲ့မတူဘူး။ မော်လမြိုင်နဲ့ မနီးမဝေး မုဒုံရွာနားက ခြံတစ်ခြံအတွင်းမှာ တည်ထားပြီး ကျောင်းအိပ်ကျောင်းစားများကိုသာ လက်ခံတယ်။ ကျောင်းသားများလည်း ရွေးပြီးမှ လက်ခံတယ်။ ကျောင်းသားများကို မိဘဆွေမျိုးများ ကြည့်ရှုသလို ကြည့်ရှုစောင့်ထိန်းလာလို့ လူကြီးလူကောင်း လူကုံထံများရဲ့သားများ လာပြီးထားကြတာပဲ။

တစ်လလောက်တုန်းကတော့ အဲဒီမွန်မြို့ဝန်ဟောင်းတာနောရဲ့ စာရေးကလေးလား ဘာလားမဆိုနိုင်ဘူး။ လာတဲ့ပြီး ကျွန်တော့်ကို ပြောသွားတာ ဒီလိုပါ။ ဆရာကြီး ကျွန်တော်တို့မြို့ဝန်ကြီးက ဆရာကြီးကျောင်းအကြောင်းကို သတင်းကောင်း ကြားရတာနဲ့ သဘောကျလွန်းလို့ သားကလေး မောင်တင်အုံကို ကျောင်းမှာ အပ်မလို့တဲ့။

ဒီစကားကြားရတော့ ကျွန်တော့်မှာ အလွန်ဝမ်းသာမိပါတယ်။ မောင်တင်အုံဆိုတဲ့ သူငယ်ကလေး ဘယ်တော့လာမယ်ဆိုတာကို မျှော်နေတာပါပဲ။

အဲဒါနဲ့ နောက် ဧပြီလဆန်း ၁ ရက်နေ့လောက်ကျတော့ သူငယ်လေး ရောက်လာပါရော။ သူငယ့် ပုံပန်းကလေးက သနားကမား၊ သေးသေးကွေးကွေးနဲ့ အင်မတန်ပဲ ချစ်စရာကောင်းတယ်။ ကျွန်တော်တို့ကျောင်းမှာ လာနေပြီး နောက် တယ်မကြာဘူး၊ နေသားကျသွားပြီး ပျော်ပျော်ရွှင်ရွှင် ဖြစ်သွားတယ်။

ဒီလိုနေရာမျိုးမှာ ကွယ်ဝှက်ထားဖို့ မတော်လို့ တကယ်ပြောရမှာဖြင့် သူငယ်ကလေးဟာ အိမ်မှာ တယ်ပျော်တာ မဟုတ်ဘူး။ ဝန်မင်းကလည်း သူ့ဝန်ကတော်နဲ့ သင့်သင့်မြတ်မြတ် မဟုတ်လေတော့ ဝန်ကတော်ကြီးနဲ့ တစ်ယောက်တစ်ကွဲစီဖြစ်ပြီး ဝန်ကတော်ကြီးက အထက်မှ သွားနေတယ်တဲ့။ သူငယ်ကလေးကတော့ အမေကို သူ့အဖေထက် ပိုပြီးချစ်တယ်တဲ့။

ဝန်ကတော်ကြီး ထွက်သွားပြီးကတည်းက သူငယ်ကလေးမှာ တမှိုင်မှိုင်တတွေတွေနဲ့ နေလို့ နောက်ဆုံးကျတော့ ဝန်မင်းက ကျွန်တော်တို့ဆီ ပို့လိုက်တာပဲဗျ။

ဒါနဲ့ ကျွန်တော့်ကျောင်းမှာနေပြီး တစ်လခွဲလောက် မကြာခင်ပဲ ရွှင်ရွှင်ပျပျနဲ့ စာပေများကို ကြိုးစားသင်နေတုန်း မေ ၁၃ ရက်နေ့ကျတော့ သူငယ်ကို မမြင်ရတော့ဘူး။ သူအိပ်တာက အိမ်ပေါ်ကအခန်းမှာ အိပ်တယ်။ သူအိပ်တဲ့အခန်းနဲ့ လှေကားစပ်ကြားမှာ အခန်းကြီးတစ်ခုရှိတယ်။ အဲဒီအခန်းကြီးထဲမှာ တခြားကျောင်းသားနှစ်ယောက် အိပ်ကြတယ်။ "ဒီကျောင်းသားများကလည်း ဘာသံမှမကြားဘူးတဲ့။ သူ့အခန်းပြတင်းပေါက်တော့ ပွင့်နေပြီး ပြတင်းပေါက်က မြေအထိ ထားဝယ်မှိုင်းနွယ်ပင်ကြီး ပေါက်နေတယ်။ နွယ်ပင်ရင်းကတော့ ခြေရာမတွေ့ဘူး။ သို့ပေမဲ့ သူ ဒီအပေါက်က မထွက်ရင်လည်း ဘယ်အပေါက်ကမှ ထွက်စရာမရှိဘူး။

နောက်တစ်နေ့မနက်ကျတော့ မနက်ငါးနာရီခွဲ၊ ခေါင်းလောင်းတီးပြီး ကျောင်းသားတွေ ရေချိုးဆင်းကြတော့ မောင်တင်အုံ ပါမလာလို့ သူ့အခန်းသွားကြည့်တော့လည်း သူမရှိ၊ သူ့အိပ်ရာပေါ်မှာလည်း အိပ်ပုံမပေါ်၊ သူ ပျောက်သွားတုန်း ဝတ်ထားတာကတော့ ယောလုံချည်နဲ့ သက္ကလပ်အင်္ကျီအမည်းကလေး ဝတ်ထားတယ်။

အဲဒီ မောင်တင်အုံကို ရှာမတွေ့တာနဲ့ တစ်ပြိုင်တည်း ကျောင်းစာရင်း စစ်ဆေးလိုက်ပြန်တော့ မောင်တင်အုံ တစ်ယောက်တည်း ပျောက်တာမဟုတ်။

သူငယ်လေးများကို ဒရိမ်းပြဖို့ ငှားထားတဲ့ ကရင်ဆရာကလေး စောသာထူးလည်း မရှိဘူး။ စောသာထူး ဆိုင်ကယ်လည်း ပျောက်သွားတယ်။ စောသာထူး ကျွန်တော်နဲ့နေတာ နှစ်နှစ်လောက် ရှိပေတဲ့ သူ့ဟာသူ ဘာသိဘာသာ နေတတ်လေတော့ ဆရာတွေနဲ့လည်း အကျွမ်းတဝင်မဟုတ်၊ ကျောင်းသားတွေနဲ့လည်း လိုက်လိုက်လျောလျော မဟုတ်ဘူး။

သူတို့နှစ်ယောက် ပျောက်သွားတာ အင်္ဂါနေ့ကပဲ။ အခု ကြာသာပတေးနေ့ ရောက်နေပြီ၊ အခုထက်တိုင် ဘာသတင်းမှ မကြားရသေးဘူး။

ကျွန်တော်တို့ မော်လမြိုင်ပြေးပြီး သူငယ်ကလေး သူ့အဖေအိမ်များ ပြန်သွားသလားလို့ မေးစမ်းကြည့်တော့လည်း မရ။ ဝန်မင်းကြီးကလည်း အလွန် စိတ်မချမ်းမသာ ဖြစ်နေတယ်"

ဤကဲ့သို့ ကျောင်းဆရာကြီး ဦးထွန်းဖြူသည် ရှည်ရှည်လျားလျား ပြောဆိုသော အချက်တို့ကို ဦးစံရှားသည် အဆုံးတိုင် တစ်ခွန်းသောစကားမျှ မေးမြန်းခြင်း မပြုဘဲ နားထောင်၍ မိမိစာအုပ်ကလေးတွင် ခဲတံနှင့် အကြောင်းရပ်များကိုသာ ရေးမှတ်ထားလိုက်လေသည်။

ထို့နောက် ဦးစံရှားက...

"ဘယ့်နှယ်လဲ ကိုထွန်းဖြူ အခက်ထဲမှာ အခက်ကြုံနေတာပဲ။ စောစောစီးစီး ဒီအမှု လိုက်ရရင် နေရာကျမှာ၊ အခုတော့ဖြင့် အတော်ခက်နေပြီ၊ သေသေချာချာ ကြည့်တတ်တဲ့လူကျရင် ခြေရာတွေ့မှာပေါ့"

ဟု ဦးစံရှားက အပြစ်တင်စကား ပြောဆိုရာ ဦးထွန်းဖြူက...

"အပြစ်တင်ရင်လည်း တင်ထိုက်ပါတယ်၊ ဦးတာနောကြီးက သူ့မိန်းမနဲ့ မသင့်မတင့် ဖြစ်တာ လူသူမကြားစေချင်လို့ ဖုံးဖိပြီးထားချင်တယ်"
ဟု ပြန်ပြောလေ၏။

ပုလိပ်စုံစမ်းသည် မစုံစမ်းသည်ကို ဦးစံရှားက မေးရာ ကိုထွန်းဖြူက...

"ပုလိပ် အပ်လိုက်မှ အမှားတွေ့တာပဲ၊ လူခပ်ရွယ်ရွယ် တစ်ယောက်နဲ့ လူငယ်ငယ်ကလေး တစ်ယောက် သွားတာ မြင်လိုက်တယ်လို့ သတင်းကြားတာနဲ့ လိုက်ကြတာ မနေ့ညနေကတော့ တွေ့ပြီဆိုလို့ သွားကြည့်လိုက်ပြန်တော့ ပျောက်တဲ့ လူတွေ မဟုတ်ကြောင်း သိရတာနဲ့ ညရထားစီးပြီး ခင်ဗျားဆီ အခု လာခဲ့တာပဲ"
ဟု ပြောဆိုလေ၏။

ရှား။ ။ "အဲဒီလို မဟုတ်တာတွေ လိုက်ရှာနေတုန်း ဘာမှမလုပ်ဘူးပေါ့"
ဖြူ။ ။ "အသာပဲ သတင်းနားထောင်နေတယ်"
ရှား။ ။ "သုံးရက် အချိန် အလကားကုန်တာပဲ၊ လုပ်ပုံကိုင်ပုံနှယ် ဟန်မရလိုက်တာ"
ဖြူ။ ။ "ဟုတ်ပါတယ်၊ မှန်ပါတယ်၊ ကျွန်တော်လည်း သိမိပါတယ်"
ရှား။ ။ "သို့ပေမဲ့ ပျောက်တဲ့လူ ရှာရင်တွေ့သတဲ့၊ စိတ်ပျက်စရာတော့ မလိုဘူး။ ကရင်ဆရာကလေးနဲ့ သူငယ်ကလေး ပူးပူးကပ်ကပ်များ နေဖူးသလား"
ဖြူ။ ။ "ကျွန်တော်ပြောတဲ့အတိုင်းပဲ ကရင်ဆရာက သူ့ဘာသိဘာသာနေတယ်"
ရှား။ ။ "အင်း၊ ဒီသူငယ်ကလေးမှာ ဘိုင်စကယ်ရှိရဲ့လား"
ဖြူ။ ။ "မရှိဘူး"
ရှား။ ။ "ဒီလိုဖြစ်ရင် ကရင်ဆရာက သူငယ်ကလေးကို ဘိုင်စကယ်ပေါ်မှာ တင်ပြီး ညကြီးမင်းကြီးမှာ ခေါ် သွားတယ် ဆိုချင်သလား"
ဖြူ။ ။ "ဒီလိုလည်း မဟုတ်ဘူးပေါ့လေ၊ ဘိုင်စကယ်တော့ လူလှည့်စားရုံလောက် လုပ်တာထင်တယ်"
ရှား။ ။ "လှည့်စားပုံကလည်း ဟန်မရလိုက်တာ၊ တခြားဘိုင်စကယ်များကော မရှိဘူးလား"
ဖြူ။ ။ "ရှိပေါ့ခင်ဗျာ"
ရှား။ ။ "အဲဒါဖြင့် ဝက်ချင်းဝက် ဘိုင်စကယ်နှစ်စီး ဝက်မှာပေါ့၊ အဲဒါဖြင့် ခင်ဗျား အထင်လွဲနေပြီ"

ထို့နောက် ဦးစံရှားက ပျောက်ဆုံးသော သူငယ်ကလေးထံသို့ မည်သူမည်ဝါထံမှ စာရေးကြောင်း၊ သူငယ်ကလေးထံသို့ မည်သူမည်ဝါ လာကြကြောင်း မေးစမ်းရာ ကိုထွန်းဖြူက သူ၏ဖခင်ထံမှလွဲ၍ မည်သူတစ်ဦးတစ်ယောက်ထံကမျှ စာမရရှိကြောင်း၊ သူငယ်ကလေးမှာ သူ၏မိခင်ကို လွမ်းဆွတ်တမ်းတနေကြောင်းကို ဝန်မင်း ဦးတာနော၏ စာရေးကလေး မောင်သာညိုက ပြောဆို၍ သိရှိရကြောင်း ပြန်ပြောလေသည်။

ထိုနေ့ညရထားနှင့်ပင် မော်လမြိုင်မြို့သို့ စီးနင်းလိုက်ပါသွားကြရာတွင် နောက်တစ်နေ့ နံနက် ၉ နာရီအချိန်လောက်တွင် ဆရာကိုထွန်းဖြူ၏ ကျောင်းသို့ ကျွန်တော်နှင့် ဦးစံရှားတို့သည်

ရောက်သွားကြ၍ မြို့ဝန်ကြီးနှင့် သူ၏စာရေးကလေး မောင်သာညိုတို့သည် ကျွန်တော်တို့ အရင်ရောက်နှင့်နေသည်ကို တွေ့မြင်ကြရလေ၏။

မောင်သာညိုက ကျောင်းဆရာကြီးကို ကဲ့ရဲ့ပြစ်တင်စကား ပြောဆိုသည်မှာ...

"မှားလိုက်လေ ဆရာကြီးရယ်၊ ဆရာကြီးအသိသားပဲ မဟုတ်လား။ ကျွန်တော်တို့ မြို့ဝန်ကြီးက ဒီအမှုအကြောင်း ဘယ်သူမှ မသိစေချင်ဘူးလို့ ဆိုတာမှ ရန်ကုန်တက်ပြီး စုံထောက်ငှားရတယ်လို့ လုပ်မှလုပ်ပေလေတယ်"

ဟု ပြောဆိုလျှင် ကိုထွန်းဖြူမှာ မျက်စိမျက်နှာပျက်ပြီး...

"မခက်ရပါဘူး၊ ဦးစံရှားတို့ ညရထားနဲ့ ရန်ကုန်ပြန်မှာပေါ့"

ဟု ချေပပြောဆိုရာတွင် ဦးစံရှားက...

"ဟုတ်နိုင်ရိုးလားဗျာ... ဟုတ်နိုင်ရိုးလား။ ဒီအရပ်ရောက်လို့ရှိမှ လည်စရာပတ်စရာ နေရာတွေ လျှောက်လည်ပြီးမှ ပြန်မှာပေါ့။ ခင်ဗျားအိမ်မှာ မတည်းခိုစေချင်ရင်လည်း ကိစ္စမရှိပါဘူး။ တခြားရှာဖွေပြီး တည်းရမှာ မခက်ပါဘူး"

ဟု ပြောပြန်လေ၏။

ထိုအခါ ဦးတာနော့က...

"ဟုတ်တယ် ဆရာကြီး၊ ကျုပ်ကို တိုင်ပင်ဖို့ကောင်းတယ်၊ သို့ပေမဲ့လို့ အခုတော့ သူ့ခေါ်မိပြောမိလို့ရှိမှ မတတ်နိုင်ဘူး။ သူ့ကိုပဲ စုံထောက်ခိုင်းရမှာပဲ၊ ကိုင်း... ဦးစံရှား ဟိုဟိုဒီဒီ နေရာရှာမနေနဲ့၊ ကျုပ်အိမ်မှာ လာပြီးတည်းတာပေါ့"

ဟု စကားကိုဖြတ်၍ ပြောလိုက်သည့်အခါ ဦးစံရှားက ကျေးဇူးတင်ကြောင်း မတည်းခိုနိုင်ကြောင်းကို ပြောပြီးနောက် မြို့ဝန်ကြီးအား သူငယ်ကလေး ပျောက်ဆုံးခြင်းမှာ ဝန်ကတော့်စနက်များ ဖြစ်လေရော့သလားဟု မေးမြန်းရာ မဟုတ်ကြောင်း ဖြေဆိုလေသည်။

ထို့နောက် ထပ်မံ၍ သူငယ်ကလေးကို ပြန်ပေးများ လုပ်ဖို့ ယူသွားလေသလားဟု မေးမြန်းရာ ငွေတောင်းဆိုခြင်း ယခုထက်တိုင် မလုပ်သေးကြောင်း ပြောပြလေသည်။

နောက်ဆုံး၌ ဦးစံရှားက...

"ဝန်မင်း သားကလေးဆီကို ရေးလိုက်တဲ့စာထဲမှာ ကျောင်းက ပြေးဖို့ရန် အကြောင်းများ ဖြစ်လာအောင် ရေးမိသလား"

ဟု မေးခွန်းထုတ်သောအခါ မြို့ဝန်ကြီးက "စာထဲမှာ ဘာမှထူးထူးထွေထွေ မရေးဘူး"ဟု ပြောပြလေသည်။

ရှား။ ။ "ဒါဖြင့် ခင်ဗျား ဒီစာကို ကိုယ်တိုင် စာတိုက်ထဲမှာ ထည့်ပါသလား"

ဦးတာနော့က အဖြေမပေးမီ မောင်သာညိုက ကြားဖြတ်၍...

"မြို့ဝန်မင်းကိုယ်တိုင် စာ ဘာထည့်မလဲ၊ ဝန်မင်းက စာရေးပြီး ကျွန်တော်က ထည့်ပါတယ်"

ဟု ပြောဆိုလေသည်။

ရှား။ ။ "စာထည့်တုန်းက ဒီစာကို ထည့်မိရဲ့လား"

ညို။ ။ "ထည့်မိတာပေါ့ဗျာ"

သို့ပြောဆိုနေခိုက် မြို့ဝန်ကြီးက...

"မောင်တို့ သဘောကျသလိုသာ လုပ်တော့၊ ကျုပ်ကဖြင့် မန္တလေးက ပုလိပ်ကို တိုင်ချက်ပေးပြီး အထက်မြန်မာပြည်မှာ အရှာခိုင်းနေတယ်"

ဟု ပြောဆိုပြီးနောက် စကားဆက်လက်မပြောဘဲ မိမိ၏စာရေးနှင့်အတူ ကျောင်းပေါ်မှ ဆင်း၍သွားလေ၏။

ဦးစံရှားသည် သူငယ်ကလေး အိပ်သောအခန်းကို သေချာစွာ စစ်ဆေး ကြည့်ရှုသော်လည်း ဘယ်နည်းနှင့်မျှ လျှောက်၍လိုက်ရန် အကွက်မပေါ်။ သို့ရာတွင် ပြတင်းပေါက်အောက်က မြက်ခင်းပေါ်တွင် ခြေရာကွက်တစ်ခု ချိုင့်၍နေသည်ကိုသာ တွေ့ရသည်ဖြစ်၍ ဦးစံရှားသည် တစ်နေ့လုံး တစ်ယောက်တည်းထွက်သွားရာ ညဉ့် ၁၁ နာရီအချိန်လောက်တွင် ပြန်လာပြီးလျှင် မြေပုံတစ်ခုကို စားပွဲပေါ်တွင် ဖြန့်လျက် ဆေးတံကို ပြင်းစွာသောက်ရှုပြီးလျှင် သေချာစွာကြည့်၍ အတန်ငယ် ကြာမှ....

"ကိုင်း... ကိုသိန်းမောင်၊ ဟောဒီမှာ ကြည့်စမ်းဗျ"

ဟု ကျွန်တော့်ကိုခေါ်၍ ပြလေ၏။

မြေပုံကိုထောက်၍...

"ဟောဒီဟာက ချောင်း၊ ဟောဒီဟာကတော့ ပေတရာ လမ်းမကြီး၊ အဲဒီလမ်းမကြီးက ကျောင်းအရှေ့နဲ့ အနောက်ကို သွားတယ်။ နောက်ပြီးတော့လည်း လမ်းကြီးတစ်ခုရှိတယ်။

လမ်းခွဲဆိုရင် တစ်မိုင်လောက်သွားမှ တွေ့မယ်။ ဒါဖြင့် ဒီသူငယ်နဲ့ ဆရာဟာ သွားကြလို့ရှိရင် ဒီလမ်းကလွဲပြီး ဘယ်လမ်းကမှ မသွားနိုင်ဘူး။

ကံကောင်းချင်တော့ ဘယ့်နယ်ဖြစ်သလဲဆိုရင် ဟိုနေ့ညက အရှေ့ဘက် ပထမလမ်းချိုးမှာ ကင်းတဲကလေးတစ်ခု ရှိလေတော့ ကင်းတဲစောင့်တဲ့လူများက ဟိုနေ့က သူတို့လမ်း ဘယ်သူမှ မလာဘူးတဲ့။ ဟိုလမ်းတချိုးကတော့ ဒီလိုဗျ၊ ဟောဒီနေရာမှာ ခေါက်ဆွဲဆိုင်တစ်ဆိုင် ရှိတယ်။

အဲ... ဟိုနေ့ညက ခေါက်ဆွဲဆိုင်ရှင်ကလေး မမာလို့ ဆရာအခေါ်ခိုင်းတာနဲ့ ဆိုင်ကလူတွေ တစ်ညလုံး ထိုင်စောင့်နေရင်း လူသွားလူလာ ကြည့်နေကြတယ်။

သူတို့ကလည်း ဘယ်သူမှ သူတို့လမ်းမလာဘူးတဲ့။ သူတို့စကား အမှန်ဖြစ်ရင်တော့ ဒီပေတရာလမ်းက ပြေးကြတာမဟုတ်ဘူး"

ဤတွင် ကျွန်တော်က စကားဖြတ်ပြီး...

"ဘိုင်စကယ်ကော"

ဟု မေးရာ ဦးစံရှားက ဆက်လက်၍ ပြောပြန်သည်မှာ...

"ဟုတ်တယ်ဗျ၊ ဒီအကြောင်းကို ပြောပြမပေါ့လေ၊ သူတို့ဟာ ဒီပေတရာက မသွားရင် မြောက်ဘက်နဲ့ တောင်ဘက်ကိုသာ သွားဖို့ရှိတော့တယ်။

ကျောင်း တောင်ဘက်မှာတော့ လယ်ပြင်ကြီးတွေရှိတယ်၊ လယ်ကွင်းဆိုတော့ လယ်ကန်သင်းရိုးကြောင့် ဘိုင်စကယ်စီးလို့ရမှာ မဟုတ်ဘူး။

မြောက်ဘက်မှာတော့ တောအုပ်ကလေးတစ်ခုရှိတယ်။ တောအုပ်က ဆက်လက်ပြီး ရှေ့လျှောက်ရင် ကွင်းမြေရိုင်း ကွင်းပြင်ကြီးသာ ရှိတယ်။

ဒီကွင်းပြင်တစ်ဖက်မှာတော့ သူငယ်လေး အဖေအိမ်ရှိတယ်။ လမ်းရိုးရိုးကလာရင် ၁၁ မိုင်ခရီး၊ ဖြတ်လာတယ်ဆိုရင် ခြောက်မိုင်လောက်သာ ရှိတယ်။ ကွင်းပြင်အလွန်မှာ ရွာကလေးတစ်ရွာရှိတယ်။ ဒီရွာမှာတော့ စေတီတစ်ဆူနဲ့ ဘုန်းကြီးကျောင်းနဲ့ တော်တော် စည်စည်ကားကား ရွာကလေးပဲ၊ အဲဒါကြောင့် ကျုပ်တို့ ရှာဖို့ဟာကတော့ မြောက်ဘက်မှာ ရှိမယ်”

ကျွန်တော်က စိတ်မကျေနပ်၍...

“နို့ ခင်ဗျား ဘိုင်စကယ်လည်း မပါသေးဘူး”

ဟု ဆိုလျှင် ဦးစံရှားက...

“မြက်ခင်းပေါ် ဘိုင်စကယ်စီးရတာ ခက်လွန်လွန်းလို့၊ လကလည်း သာနေတာ”

ဟု စကားမဆုံးခင် ကိုထွန်းဖြူဝင်လာ၍ ရွှင်ပြသော မျက်နှာထားနှင့်...

“နေရာကျပြီပျို့၊ ဟော... မောင်တင်အုံရဲ့ သက္ကလပ်အင်္ကျီကလေးကို တွေ့ပြီ။ သူငယ်တော့ဖြင့် တွေ့မှာ မလွဲဘူး။ ကျောင်းမြောက်ဘက်မှာ စတည်းချနေတဲ့ ဂေါ်ရင်ဂျီ လယ်သမားတစ်စု လက်ထဲက ယူခဲ့တယ်။

ကုလားတွေက ကောက်ရတယ်လို့ ဆိုတာပဲ။ သူတို့တော့ သိမှာပါ။ ဝန်မင်းက မပြောပြောအောင် မေးရင် ပြောပါလိမ့်မယ်ထင်တယ်။ အခုတော့ ကုလားတွေကို ပုလိပ် ချုပ်ထားပြီ”

ဟု မရပ်မဆိုင်းပြောဆိုပြီးနောက် ထွက်သွားသည့်အခါတွင် ဦးစံရှားက ကျွန်တော့်ဘက်လှည့်ပြီး...

“သူတို့ဟာတော့ သူတို့နေရာကျလို့ နို့ပေမဲ့ ကျုပ်ထင်တာနဲ့ တယ်မလွဲလှဘူး။ မြောက်ဘက်က ကွင်းပြင်ကြီးကို ဂရုစိုက်ရမယ်”

ဟု ကျွန်တော်နှင့် နီးနှောတိုင်ပင်လျက် မြေပုံတွင် လက်ညှိုးနှင့် ပြပြီးနောက်...

“ဒီမှာ စမ်းချောင်းကလေးတစ်ခုရှိတယ် မဟုတ်လား။ အဲဒီစမ်းချောင်း ရေစပ်နားမှာ ခြေရာရှာရမယ်။ ကိုင်း အခု ခင်ဗျား အိပ်ပေဦးတော့။ မနက် လင်းလင်းချင်း လာနှိုးမယ်”

ဟု ဆို၍ ကျွန်တော်လည်း အိပ်လိုက်လေ၏။

နံနက်မိုးလင်းသည်နှင့် တစ်ပြိုင်နက် ကျွန်တော် အိပ်ရာမှမနိုးမီ ဦးစံရှားမှာ အဝတ်များကို လဲပြီးဖြစ်၍ ကျွန်တော်တို့သည် လက်ဖက်ရည်သောက်ကြပြီးနောက် မြောက်အရပ်ရှိ ကွင်းပြင်ကြီးထဲသို့ ဆင်းသွားကြရာ ဆိတ်ခြေရာကွက်များကိုသာ တွေ့မြင်ကြရ၍ စိတ်ပျက်လုမတတ် ဖြစ်နေစဉ် လူတစ်ဦးမျှ သွားလောက်ရုံရှိသော လမ်းကြောင်းကလေးတွင် အလယ်တည့်တည့်၌ ဘိုင်စကယ် ဘီးလမ်းကြောင်းကလေးကို မြင်လေလျှင် ဦးစံရှားက...

“စက်ဘီးတော့ ဟုတ်ကဲ့၊ ကျုပ်တို့ ရှာနေတဲ့ စက်ဘီး မဟုတ်၊ စက်ဘီးလမ်းကြောင်းပေါင်း လေးဆယ့်နှစ်မျိုးကို ကျုပ်သိတယ်။ ဒီစက်ဘီးဟာကတော့ ဒန်းလော့တာယာဘီး၊ ဒီအပေါ်မှာလည်းပဲ အဖာကြီးနဲ့။

ကရင်ဆရာ့စက်ဘီးကတော့ ပါးမားတာရာဗျ၊ ဒါကြောင့် ကရင်ဆရာ့လမ်း မဟုတ်ပေဘူး။ နောက်ပြီးတော့ စက်ဘီးစီးတဲ့လူက ကျောင်းဘက်ကနေပြီး တခြားသွားတာ”

ဟု ပြောဆိုရာတွင် ကျွန်တော်က...

“ကျောင်းဘက်က သွားတာ မဟုတ်ဘူးလားဗျ”

ဟု မေးလိုက်ရာ

"ဘယ်ဟုတ်မလဲ ကိုသိန်းမောင်၊ စက်ဘီးလမ်း နက်နေတာက နောက်ဘီး၊ ဘာဖြစ်လို့လဲဆိုတော့ နောက်ဘီးပေါ်မှာ လူထိုင်တာကိုး။

ခင်ဗျားမြင်တဲ့အတိုင်းပဲ ရှေ့ဘီးက မထင်မရှားထားခဲ့တဲ့ လမ်းကြောင်းပေါ်မှာ နောက်ဘီးက ထပ်ပြီးသွားတာ အမှန်တော့ဖြင့် ကျောင်းကနေပြီး တခြားသွားတာနဲ့ပဲ တူတယ်။

ကျုပ်တို့ကိစ္စနဲ့တော့ ဆိုင် မဆိုင်ကိုတော့ဖြင့် မသိဘူး။ ဒီလမ်းနောက်ကို လိုက်ကြဦးစို့"

ဟု ဆိုပြီး လမ်းရှိရာကို လိုက်ကြပြန်ရာ အချို့နေရာများတွင် လမ်းကို တွေ့သော်လည်း နွားခြေရာကွက်တို့နှင့် ရှုပ်ထွေးနေသည်ကို တွေ့ကြရလေသည်။

နွားခြေရာကွက်တို့ကို တွေ့ပြီးနောက် စက်ဘီးလမ်းပျောက်၍ တောအုပ်ရှိရာသို့သာ လူသွားလမ်းကလေးကို တွေ့မြင်ကြရသဖြင့် ဦးစံရှားမှာ ကျောက်ဆောင်တစ်ခုပေါ်တွင် ထိုင်လျက် အတန်ကြာ စဉ်းစားပြီးမှ....

"ကိုသိန်းမောင်ရေ၊ ဘိုင်စကယ် ခြေရာခံ မလိုက်နိုင်အောင် စက်ဘီးတာယာ ရော်ဘာကို လဲတဲ့လူတော့ဖြင့် အတော် ဉာဏ်ကြီးရှင်ပေပဲ။ သို့ပေမဲ့ နွံတွေရှိတဲ့ဘက် တစ်ချက်လောက် ဆင်းရှာကြဦးစို့"

ထိုသို့ မဆုတ်မနစ်သော လုံ့လဖြင့် တစ်ဖန် ဆက်လက်ရှာဖွေကြပြန်ရာ များမကြာမီ နွံများရှိသည့် အနီးတွင် စက်ဘီးလမ်းတစ်ခုမြင်ရာ ပါးမားခေါ် စက်ဘီးရာဖြစ်ကြောင်းကို မြင်ရလေသည်။

"ဒီဟာကဖြင့် ကရင်ဆရာကလေးရဲ့လမ်းပဲ၊ ကျုပ်ထင်ရင် တယ်မလွဲဘူး"

ထိုသို့လိုက်၍ ခရီးအတော်သွားမိသောအခါ ဦးစံရှားက...

"ဟော... ဟောဒီမှာ ကြည့်စမ်း၊ ဘိုင်စကယ်အရာက ခပ်သုတ်သုတ် နင်းသွားတယ် ထင်ပါရဲ့။ ဘီးရာနှစ်ခုစလုံး ထင်ထင်ရှားရှား ပေါ်နေတယ်။ အဲဒါက ဘာဖြစ်လို့လဲဆိုတော့ စက်ဘီးစီးတဲ့လူက ထိုင်ခုံပေါ်မှာရော လက်ကိုင်တဲ့နေရာမှာရော အားစိုက်ပြီး ဖိထားလို့ဖြစ်တယ်။ ဟင်... ဒီနေရာမှာ သူ ကျပြီ"

ဟု ဆို၍ လက်ညှိုးညွှန်ရာသို့ ကြည့်လိုက်ပြန်သောအခါ စက်ဘီးလမ်းမရှိ၊ ခြေရာတစ်ခုနှင့်တစ်ခု မြင်ရပြီး ရှေ့မှာသာ စက်ဘီးလမ်းကို မြင်ရပြန်၏။

နောက် တောပန်းပင်များကို ဦးစံရှား ဆွတ်ခူးရာ ပန်းဝါကလေးတစ်ခုတွင် သွေးရဲရဲနှင့် နီစွန်းလျက် ရှိနေသည်ကို မြင်ရသောအခါ...

"နေရာမကျဘူးဗျာ၊ နေရာမကျဘူး၊ ဘာလဲလို့ဆိုတော့ရင် ဒီလူဟာ အနာတရ ရရှိပြီး စက်ဘီးပေါ်က လိမ့်ကျသွားတယ်။ ကျရာက ထတယ်၊ ထပြီးတော့ စက်ဘီးပြန်စီးတယ်။

အင့် ဟင်၊ တခြားလမ်းလည်း မရှိတော့ပါကလား၊ လမ်းဘေးမှာလည်း နွားခြေရာကွက်တွေနဲ့ပါကလား၊ နွားဝှေ့သလား၊ ဒါလည်း မဟုတ်နိုင်ဘူး"

ဟု သူ့ဟာသူ ပြောဆိုလျက် ဆက်လက်သွားကြပြန်ရာ ချုံပုတ်တစ်ခုထဲတွင် နေရောင်ဖြင့် လက်လက်မြင်၍ ကျွန်တော်တို့သည် ထိုလက်လက်ဖြစ်သော အရာဝတ္ထုကို နှစ်ယောက်အားဖြင့်

ဆွဲငင်ထုတ်ယူလိုက်ကြရာ စက်ဘီးဖြစ်နေ၍ ယင်းစက်ဘီးမှာကား ခြေနင်းသော နေရာတစ်ချက်မှာ ကောက်ကွေးလျက် ရှေ့ဘီးမှာ သွေးရဲရဲစွန်းလျက်နေလေသည်။

ယင်းစက်ဘီးအနီးတွင် လူအရွယ်ကောင်းကောင်း ခွန်အားဗလနှင့် ပြည့်ဝသော လူသေအလောင်းကို တွေ့မြင်ရ၍ ကရင်ဆရာဖြစ်ကြောင်း သိမြင်ကြရ၏။

ထိုဆရာ၏ သေပုံမှာ ဦးခေါင်းကို လေးလံသော အရာတစ်ခုခုနှင့် ရိုက်နှက်သည် ဖြစ်သောကြောင့် ဦးနှောက်ကွဲ၍ သေရကြောင်းကို သိရလေ၏။

လူသေအလောင်းအကြောင်းကို ဆိုင်ရာပုလိပ်တို့ထံ တိုင်ကြားရန် ထင်းခွေနေသော မွန်အဘိုးအိုတစ်ယောက်ကို စေခိုင်း၍ ကျွန်တော်တို့မှာ ရှေ့သို့မသွားနိုင်၊ နောက်သို့လည်း ပြန်မဆုတ်ဘဲ ထိုနေရာတွင် ထိုင်၍ စဉ်းစားဉာဏ် ထုတ်ဖော်ကြလေ၏။

ဦးစံရှားက မိမိသဘောတွင် ထင်မြင်ချက်များကို ထုတ်ဖော်ပြောဆိုသည်မှာ...

"ဒီလိုဗျ ကိုသိန်းမောင်ရဲ့၊ ဒီ မောင်တင်အုံးကလေး ထွက်ပြေးတာကတော့ သူ့အလိုအလျောက် ပြေးတာ၊ ပြေးတုန်းက ပြတင်းပေါက်ကနေပြီး ဆင်းတယ်ဆိုတာ မုချပဲ။ ပြေးတော့ တစ်ယောက်တည်းပြေးသလား၊ အဖော်ပါသလားဆိုတာတော့ဖြင့် မသိဘူး။

ကရင်ဆရာက ရုပ်အင်္ကျီတောင် ဝတ်မထားဘူး၊ ဘာဖြစ်လို့လဲဆိုရင် ကရင်ဆရာက သူငယ်ကလေးပြေးတာ မြင်လေတော့ တွေ့မိတွေ့ရာအင်္ကျီဝတ်ပြီး စက်ဘီးနဲ့ အမီလိုက်တာပဲ။ လိုက်ရင်း လူသတ်ခံရတယ်ထင်တယ်။

အရေးကြီးတာက ဒီဟာတွေမဟုတ်သေးဘူး၊ ထွက်ပြေးတဲ့ သူငယ်နောက် လိုက်ချင်ရင် ပြေးလိုက်မှာ၊ ဘာဖြစ်လို့လဲဆိုတော့ ကလေးကို မီနိုင်တာကိုး။ သို့သော် ကရင်ဆရာကတော့ ပြေးမလိုက်ဘူး။

စက်ဘီးစီးပြီး လိုက်တာတော့ တခြားအကြောင်း မဟုတ်ပါဘူး။ သူငယ်ကလေးက မြန်မြန်ဆန်ဆန် သွားလာနိုင်တဲ့ ရထားလို ဘာလိုဟာမျိုးနဲ့ ပြေးလို့ပဲ"

သည်တော့ ကျွန်တော်က ဝင်၍...

"ဟို တခြားစက်ဘီးဟာကောဗျာ"

ဟု မေးစမ်းရာ ဦးစံရှားက ဆက်လက်ပြောပြန်သည်မှာ...

"ကရင်ဆရာသေပုံက ကျောင်းနဲ့ ငါးမိုင်အကွာလောက် အကွာမှာ သေတယ်။ သေနတ်ဒဏ်ရာလည်း မဟုတ်၊ ခွန်အားဗလနဲ့ လူတစ်ယောက်ရဲ့လက်နဲ့ အားကုန်လွှဲပြီး အရိုက်ခံရတဲ့ဒဏ်ရာနဲ့ သေရာတယ်။

သူငယ်ကလေး ပြေးတာတော့ တစ်ယောက်တည်းမဟုတ်ဘူး။ အဖော်ပါမှာပဲ၊ နို့ပေမဲ့လို့ အနားပတ်လည်ရှာတော့ လူခြေရာကိုလည်း မတွေ့ဘူး။ နွားခြေရာတွေကိုသာ တွေ့ရတယ်။ ဒီလိုဖြစ်ရင် ဒန်းလော့တာယာပါရှိတဲ့ စက်ဘီးလမ်းကြောင်း လိုက်ကြဦးစို့ရဲ့၊ ထပါ ကိုသိန်းမောင်"

ဦးစံရှားက ကျွန်တော့်ကို ဆွဲငင်လျက် ကျွန်တော်တို့ ဆက်လက်သွားကြရာ စက်ဘီးလမ်းကြောင်းကို များများမတွေ့ရဘဲ နှံများ လွန်၍သွားသောအခါ စက်ဘီးလမ်းကြောင်း ကွယ်ပျောက်လေ၏။

ထိုနေရာမှ မြို့ဝန်အိမ်သို့လည်း သွားနိုင်၏။ ရွာငယ်ကလေးသို့လည်း သွားနိုင်၏။

ရွာငယ်ကလေးရှိရာသို့ ကျွန်တော်တို့ သွားရောက်၍ ရွာစပ်တွင် ဆိုင်ကလေးတစ်ခု ရှေ့၌ လက်ဖက်ရည် ထိုင်သောက်နေသော လူအရွယ်ခပ်ကြီးကြီး သန်သန်စွမ်းစွမ်း လူတစ်ယောက်ကို တွေ့မြင်ရာတွင် ဦးစံရှားက....

"မာရဲ့နော် ကိုမိုးညို"

ဟု မေးလိုက်လျှင် ထိုလူကြီးက မသင်္ကာသော မျက်နှာထားနှင့်...

"ခင်ဗျား ကျုပ်နာမည် ဘယ့်နယ်သိသလဲ"

ဟု ပြန်ပြောသောအခါ ဦးစံရှားက...

"စိတ်မရှိပါနဲ့ဗျာ၊ ခင်ဗျားနာမည် လူမသိစေချင်ရင် ဆိုင်းဘုတ်ပေါ်မှာ ခင်ဗျားနာမည်နဲ့ ဆိုင်းဘုတ် ဆွဲမထားပါနဲ့"

ဟု ရယ်မောပြောလေ၏။

ထို့နောက် ကိုမိုးညိုထံမှ ဦးစံရှားက အနည်းနည်းအဖုံဖုံ ကြံစည်၍ မြင်းငှားသော်လည်း မရှိကြောင်းသာ ပြန်ပြော၍ စက်ဘီးငှားပါဟု ပိုက်ဆံပေးသော်လည်း မရှိဟုသာ ငြင်းဆိုလိုက်လေ၏။

နောက်ဆုံး၌ ဦးစံရှားက လက်ဖက်ရည်ကြမ်းနှင့် ပဲလှော်စားမည်ဟု ပြောပြီးနောက် ပဲလှော်များကို ဝါးလျက် လက်ဖက်ရည်သောက်နေကြရာ ကိုမိုးညိုက အနားတွင် မထိုင်ဘဲ ထွက်သွားလေ၏။

ထိုသို့သွား၍ အတန်ငယ်ကြာမြင့်သောအခါ ဦးစံရှားက ထ၍ လက်သီးလက်မောင်း တန်းလျက်....

"ရပြီ ရပြီ ကိုသိန်းမောင်"

ဟု ဆိုလေ၏။

ရှား။ ။ "ခင်ဗျား ဒီကနေ့ နွားခြေရာကွက်များ တွေ့မိသလား"

ကျွန်။ ။ "ပြည့်လို့ပေါ့ဗျာ၊ လမ်းတစ်လျှောက်လုံး နွားခြေရာကွက်ချည်းပေါ့။ ကရင်ဆရာ့ အလောင်းနားမှာလည်း ရှိတာပဲ"

ရှား။ ။ "နွား ဘယ်နကောင်များ မြင်မိသလဲ"

ကျွန်။ ။ (အနည်းငယ်စဉ်းစားလျက်) "တစ်ကောင်မှ မမြင်မိဘူး"

ရှား။ ။ "မဆန်းပါဘူးဗျာ၊ နွားခြေရာရှိပြီး နွားမရှိတာ"

ကျွန်။ ။ "ဆန်းပေါ့ဗျာ၊ ဘာပြောလို့ကောင်းမလဲ"

နောက် ဦးစံရှားက ပဲလှော်များကို ဖျာပေါ်တွင်ချလျက် အောက်ပါအတိုင်း စီစဉ်ပြလေသည်။

"အဲဒီခြေရာကွက်တွေက...

တချို့ကတော့ ဟောဒီလို၊

တချို့ကတော့ ဟောဒီလို၊

တချို့ကတော့ ဟောဒီလို။

အဲဒါ ဘာဖြစ်သလဲဆိုတော့ အတော်ထူးဆန်းတဲ့ နွားပဲ။ ဒီနွားဟာ လမ်းလျှောက်တယ်၊ ကဆုန်စိုင်းတယ်၊ ဒုန်းစိုင်းတယ်၊ အင်း... ဒီဟာကြံတဲ့ လူတော့ဖြင့် အချွန်စားထဲကပဲ။ နောက်ဖေးဘက်က တဟီးဟီးနဲ့ပါကလား၊ သွားချောင်းရအောင်"

ဆိုပြီး ဆိုင်နောက်ဖေးသို့ ရောက်လျှင် လူသူမမြင်ရန် ကာကွယ်ထားသော မြင်းဇောင်းတစ်ခုရှိ၍ ထိုမြင်းဇောင်းတွင် မြင်းနစ်ကောင် မြင်ရ၏။

ဦးစံရှားက မြင်းတစ်ကောင်နောက်ခြေကို လက်ဖြင့်ပင့်လျက် အနည်းငယ် ရယ်မောပြီးလျှင်...

"သံခွာက အဟောင်း၊ သံကအသစ်၊ သံခွာကို အသစ်ပြန်တပ်ထားတယ်။ မှတ်လောက်သားလောက်တဲ့ ဆရာဗျ"

ဟု ဆို၍ ထိုမြင်းဇောင်းနှင့် မနီးမဝေးတွင် ပန်းပဲဖိုတစ်ခု၌ လူရွယ်ရွယ် နှစ်ယောက်တို့သည် မည်သူ့ကိုမျှ အလေးဂရုမပြုဟန် လက္ခဏာနှင့် မိမိတို့အလုပ်ဝတ္တရားကို လုပ်ကိုင်လျက်နေသည်ကို ကြည့်ရှုနေစဉ် ကိုမိုးညိုပေါ်လာ၍...

"ဟင်... ခင်ဗျားတို့ ဘာဝင်ချောင်းရတာလဲ"

ဟု ဒေါသသံ ခပ်ပါပါနှင့် အော်ဟစ်လိုက်ရာ ဦးစံရှားက...

"ခင်ဗျားနယ် စိတ်ကြီးလိုက်တာ၊ ပန်းပဲဖိုမှာ ရွှေလုပ်လို့ လူများမမြင်စေသလိုပဲ"

ဟု ရယ်မောစရာပြော၍ ထိုဆိုင်မှ ထွက်ခွာသွားပြီးနောက် ထိုဆိုင်နှင့် ခပ်လှမ်းလှမ်းတွင်ရှိသော တောင်ကုန်းကလေးတစ်ခု၌ ပုန်းလျှိုး၍ ဆိုင်ရှိရာဘက်သို့ ကျွန်တော်တို့သည် ချောင်းမြောင်းလျက် ကြည့်ရှုနေကြလေသည်။

များမကြာမီ နေဝင်ခါနီးတွင် စက်ဘီးကို လျင်မြန်စွာ စီးနင်းလျက် လူတစ်ယောက်သည် ဆိုင်ရှိရာသို့ သွားသည်ကို မြင်ရ၍ သေချာစွာ ကြည့်ရှုလိုက်လျှင် မြို့ဝန် ဦးတာနော၏ စာရေးကလေးဖြစ်ကြောင်း သိရလေသည်။

ထိုစာရေးကို မြင်လျှင်မြင်ချင်း ကျွန်တော်တို့သည် နောက်ယောင်ခံ၍ လိုက်ကြပြီးလျှင် ဆိုင်နှင့် မနီးမဝေးက တစ်ဖန် ကြည့်ရှုလိုက်ရာ စက်ဘီးကို ဆိုင်နံဘေးတွင် ထောင်ထားသည်ကို မြင်ရသော်လည်း ဆိုင်တွင်းဆိုင်ပြင်၌ မည်သူတစ်ဦးတစ်ယောက်မျှ မမြင်ရချေ။

ထိုအချိန်တွင် နေဝင်ရီတရောဖြစ်၍ ဆိုင်နောက်ဖေးမှ ရုတ်တရက် ဒေါက်ကပ်မီးအိမ် နှစ်လုံး လင်းနေသည်ကို တွေ့ရပြီး နောက်များမကြာမီအတွင်း ဒေါက်ကပ်ပေါ်တွင် လူတစ်ယောက်သည် စီးလျက် မြင်းကို လျင်မြန်စွာ မောင်းနှင်နေသည်ကို မြင်လိုက်ကြလေ၏။

သို့သော် စီးသူမှာ စာရေးကလေးမဟုတ်ချေ။ အဘယ့်ကြောင့်ဆိုသော် စက်ဘီးမှာ ဆိုင်နံဘေးတွင် ထောင်လျက်ပင် ရှိနေသေးသောကြောင့် ဖြစ်လေသည်။

နောက်များမကြာမီ လူတစ်ယောက်သည် ဆိုင်တွင်းသို့ ဝင်သွားပြန်၍ တစ်ဖန် ဘာသံမှမကြား၊ ငြိမ်သက်သွားပြန်လေသည်။

ဦးစံရှားသည် စက်ဘီးရှိရာသို့ သွားပြီးလျှင် မိမိလက်တွင် ကိုင်ထားသော လက်ကိုင်ဓာတ်မီးကို ဖွင့်၍ စက်ဘီးကို ထိုးကြည့်ရာ ယင်းစက်ဘီးမှာ "ဒန်းလော့"ခေါ် တာယာ တပ်ထားရုံမျှမက ယင်းတာယာတစ်ခုလုံးတွင် ဖာထေးရာများကိုပါ မြင်ရလေ၏။

ထို့နောက် ဦးစံရှားက ကျောက်တုံးပေါ်သို့ တက်၍ အိမ်ထရံပေါက်မှ အိမ်တွင်းသို့ ချောင်းကြည့်ပြီးနောက် တည်းခိုရာကျောင်းသို့ ကျွန်တော်တို့ ပြန်ကြလေ၏။

နောက်တစ်နေ့တွင် ကျွန်တော်တို့သည် ဦးတာနောအိမ်သို့ သွားရောက်၍ ဦးတာနော စာရေးနှင့်တွေ့ရာ မြို့ဝန်ကြီးမှာ နေထိုင်မကောင်းသဖြင့် မည်သူ တစ်စုံတစ်ယောက်ကိုမျှ မတွေ့နိုင်ကြောင်း ပြောသော်လည်း ဦးစံရှားက မတွေ့လျှင် မရကြောင်း ထပ်တလဲလဲ ပြောပြသဖြင့် စာရေးကလေးကလည်း ကျွန်တော်တို့အား မြို့ဝန်ကြီးရှိရာ အခန်းတွင်းသို့ ခေါ်ဆောင်သွားရလေသည်။

မြို့ဝန်ကြီးကိုတွေ့၍ စာရေးလေးကို ထွက်သွားစေပြီးမှ ဦးစံရှားက...

"မြို့ဝန်မင်း သားကလေး ရှာတွေ့သူကို ဆုငွေငါးထောင်ပေးမယ်ဆိုတာ ဟုတ်ပါသလားခင်ဗျာ"

ဟု မေးလေ၏။

တာ။ ။ "ဟုတ်တယ်"

ရှား။ ။ "သူငယ်ကလေးကို ဂုက်ထားတဲ့ လူနာမည်ပေးနိုင်ရင် ငွေတစ်ထောင် ထပ်ပေးဦးမလားခင်ဗျာ"

တာ။ ။ "ဟုတ်တယ်"

ရှား။ ။ "ဂုက်ထားတယ်ဆိုတာ သူငယ်လေးကို အခုအနေရောက်အောင် ဝိုင်းဝန်းလုပ်တဲ့ လူများကော ပါပါသလား"

တာ။ ။ "မောင့်အလုပ်သာ နေရာတကျလုပ်ပါ၊ ကျုပ် ကပ်စေးနဲတဲ့လူ မဟုတ်ပါဘူး"

ဦးစံရှားက မိမိလက်ကို ပွတ်သပ်လျက်....

"ဟိုစားပွဲပေါ်ကဟာ ငွေစုဘဏ်တိုက် ချက်လက်မှတ်စာအုပ်နဲ့ တူတယ်။ လက်မှတ်စာအုပ်မှာ ကျွန်တော့်နာမည်နဲ့ ငွေခြောက်ထောင်အတွက် ရေးပြီး လက်မှတ်ထိုးပြီး ကျွန်တော့်ပေးပါ"

ဟု တောင်းဆိုရာ ဦးတာနောမှာ မျက်စိမှာ ပြူးလျက်...

"မောင်က လျောင်စရာ ပြောင်စရာတွေ လုပ်မနေပါနဲ့"
ဟု ဆိုလေ၏။

ဦးစံရှားက မပြောင်မလျောင်ကြောင်း၊ မိမိသည် အမှန်စင်စစ်သိကြောင်းကို ပြောပြ၍ မည်သည့်အရပ်တွင်ရှိကြောင်းကို မေးလေလျှင်...
ကိုမိုးညှိဆိုင်တွင်ရှိကြောင်း ပြော၍...
"ဘယ်သူ ဟိုမှာခေါ် ထားသလဲ"
ဟု ဆက်လက်မေးရာတွင်...
ဦးစံရှားက ဦးတာနေဘက်သို့ လက်ညှိုးညွှန်လျက် "မြို့ဝန်မင်းပေါ့"ဟု ပြောလေ၏။

ထိုအခါ ဦးတာနေသည် ကြက်သေ သေ၍ စကားတစ်ခွန်းမျှ တုံ့ပြန်မပြုဘဲ ဦးစံရှားကို စိုက်၍သာ ကြည့်လျက်နေလေ၏။

ထို့နောက် မြို့ဝန်ကြီးက...
"မောင့်မိတ်ဆွေအပြင် ဘယ်သူများ သိသေးသလဲ"
ဟု မေးလေရာ မည်သူမျှ မသိကြောင်း ပြန်ကြား၍ မြို့ဝန်ကြီးသည် လက်တစ်ဖက်တွင် ကလောင်တံကို ကိုင်လျက် လက်တစ်ဖက်ဖြင့် ဘဏ်တိုက် ချက်စာအုပ်ကို ဆွဲငင်ယူလေ၏။

"ကျုပ်က စကားပျက်တဲ့လူ မဟုတ်ဘူး"
ဆို၍ ချက်လက်မှတ်တွင် ရေးသားလေ၏။

ဦးစံရှားက...
"ကျောင်းဆရာ သေတာကော ခင်ဗျာ"
ဟု မေးလျှင် ဦးတာနေက...
"သာညိုနဲ့မဆိုင်ဘူး၊ သူခိုင်းတဲ့ ငမိုက်ငမိုးညိုက သတ်တာ"
ဟု စကားပြန်ပြောရာ ဦးစံရှားက...
"မြို့ဝန်မင်းလည်း သိရှိတော်မူတဲ့အတိုင်း ဥပဒေကတော့ မဆိုင်ဘူးရယ်လို့ ဖြစ်နိုင်ပါ့မလား"
ဟု မျက်နှာခပ်ထားထားနှင့် ပြောလေ၏။

ဦးတာနေက...
"ကိုင်း... ဒီအရေးကိစ္စမှာတော့ အထူးတလည် စိတ်ပူစရာတော့ မရှိဘူး။ မောင်တို့က တယ်ပြီး အသိလွန်ပေတယ်။ တခြားမပြောဘဲ ကျုပ်ဆီကိုလာခဲ့တာ ကျေးဇူးအထူးတင်ပါတယ်။ ဒီအရေးကိစ္စမှာတော့ ဒီလိုပါ၊ ကျုပ်က ငယ်ငယ်ရွယ်ရွယ်တုန်းကတော့ သူငယ်မလေး တစ်ယောက်နဲ့ ချစ်ကျွမ်းတဝင် ဖြစ်နေပြီး သူငယ်မလေးကို ထုံးစံရှိးရာရှိတဲ့အတိုင်း ထိမ်းမြားဖို့ပြောဆိုတော့ သူက ဂုဏ်ရည်ချင်းမတူတော့ ကျုပ်မိဘက သဘောတူမှာမဟုတ်လို့ မတော်ဘူးဆိုပြီး နေရှာတယ်။

ဒါနဲ့ သူသေသွားရော၊ သေတော့ သားကလေးတစ်ယောက် ကျန်ရစ်ခဲ့တယ်။ နို့ပေမယ့် သားကလေးဟာ ကျုပ်သားလို့လည်း မပြောရဲဘူး။

အဲဒါနဲ့ ကလေးဟာ ကြီးပြင်းလာလို့ ကျောင်းထားပြီး အရွယ်ရောက်တော့ ကျုပ်အနားမှာပဲ ခေါ်ထားတယ်။ သူ့မျက်စိမျက်နှာ မြင်ရတော့ သွားလေသူကို အလွမ်းဖြေနေရတယ်။

ဒါနဲ့ နောက် ကျုပ် အိမ်ထောင်ကျတော့ သားကလေး မောင်တင်အုံကို ရပြန်ရော၊ များမကြာမီပဲ မောင်သာညိုက သူဟာ ကျုပ်သားဖြစ်တယ် ဆိုတာကို သိပြီး ကျုပ်ကို အနိုင့်အထက်လုပ်တာပဲ။ မောင်တင်အုံကို သူကဖြင့် ကြည့်လို့တောင် မရဘူး။

အဲဒါနဲ့ သူငယ်ကလေးကို မောင်ထွန်းဖြူကျောင်း ပို့လိုက်တယ်။

နောက်ထပ် မကြာဘူး၊ ကျုပ်က မောင်တင်အုံကို ရေးလိုက်တဲ့စာထဲမှာ စာအိတ်ကိုဖွင့်ပြီး တင်အုံ့အမေက ရေးသလိုလို 'မေမေ ကျောင်းနဲ့ မနီးမဝေး သစ်ပင်ရုံကြီးနားက ညစောင့်နေမယ်၊ သားကလေးကို တွေ့ချင်တယ်၊ လာပါ'လို့ ရေးထည့်လိုက်တယ်။

သာညိုပြောတာ ပြန်ပြောမယ်နော်၊ အဲဒီညနေကျတော့ သာညိုက စက်ဘီးစီးပြီး ဒီတောအုပ်နားသွားရော၊ တင်အုံနဲ့တွေ့ပြီး 'မင်းအမေက ငါ့အခေါ်ခိုင်းတယ်'ဆိုပြီး သူငယ်ကလေးကို မြင်းပေါ်တင်လိုက်ပြီး ဟို မိုးညိုဆိုတဲ့အကောင်နဲ့ မောင်တို့ တွေ့ခဲ့ကြတဲ့ ဆိုင်ကလေးကို ယူသွားတယ်။

သာညိုရဲ့အပြောကတော့ သူ့ကို အမွေများ ခွဲပေးလို့ရှိရင် သားကလေးပြန်ပေးပြီး သူ တော်ရာသွားမယ်လို့ ကြံတာပဲ။

လမ်းထဲကျတော့ သူတို့နောက်က ကရင်ဆရာ လိုက်လာမှန်း သိတာနဲ့ ကရင်ဆရာကို မိုးညိုက လက်မှာကိုင်တဲ့တုတ်နဲ့ ရိုက်လို့ သေရော၊ အဲဒါတွေကတော့ သာညိုပြောလို့ သိရတဲ့အကြောင်းတွေ"

ဟု ပြောဆိုလေ၏။

ထို့နောက် မြို့ဝန်ကြီးက မိမိသား သာညို ယိုးဒယားပြည်သို့သွားရန် လွှတ်လိုက်ကြောင်း၊ မြို့ဝန်ကတော်ကိုလည်း ပြန်ခေါ်လိုက်ကြောင်းများကို ပြောပြလေရာ ဦးစံရှားက...

"ကျွန်တော်တို့ မုဒုံကိုလာခဲ့လို့ မြို့ဝန်မင်းနဲ့ မင်းကတော်တို့ တည့်ကြတာ ဝမ်းသာစရာပါပေပဲ။ သို့ပေမဲ့လို့ ကျွန်တော် မရှင်းတာကလေးတစ်ခု ရှိပါတယ်။

မိုးညိုက မြင်းခွာနေရာမှာ နွားခြေရာနဲ့တူတဲ့ ခွာမျိုး ရိုက်ထည့်တာများဟာ မောင်သာညိုက သင်ထားသလား မဆိုနိုင်"

မြို့ဝန်ကြီးက အတန်ကြာစဉ်းစားလျက် ကျွန်တော်တို့နှစ်ဦးကို အခန်းတစ်ခုရှိရာသို့ ခေါ်သွားပြီးလျှင် ဖန်သေတ္တာတွင် ထည့်ထားသော ရှေးအခါကာလက အသုံးပြုကြသည့် တန်ဆာပလာများ၊ လက်နက်ကိရိယာများကို ပြလေ၏။

ထိုဖန်သေတ္တာတွင် သံခွာအများရှိ၍ ယင်းသံခွာတို့အောက်တွင် စာရေးထားသည်မှာ ဤသံခွာတို့မှာ မြင်းသံခွာများ ဖြစ်ကြသော်လည်း အောက်နားတွင် ခွာကွဲပုံသဏ္ဍာန် ပြုလုပ်၍ ထားလေသည်။

ယင်းမှာ နောက်ယောင်ခံလိုက်သူတို့ လမ်းမှားစေဖို့ ပြုလုပ်ရန် ဖြစ်သည်။ ယင်းသံခွာတို့သည် ရေးအထက်ကျော် မွန်ဘုရင်တို့လက်ထက်တွင် ဗညားကျမ်းတို့ အသုံးပြုလေသည်။

ဦးစံရှားသည် ဖန်သေတ္တာကိုဖွင့်ပြီး သံခွာတစ်ခုကို တံတွေးဆွတ်ထားသောလက်ဖြင့် ကိုင်လျက် လက်ကို ပြန်ရုပ်၍ သုတ်ကြည့်လိုက်ရာ တင်နေသော ရွှံ့များကို မြင်ရလေ၏။

ထို သံခွာများကို နေရာတွင် ပြန်ထား၍ ဦးစံရှားက...

"ကျေးဇူးတင်ပါတယ်ခင်ဗျာ၊ ဒီအရပ်မှာ ကျွန်တော် တွေ့ခဲ့ရတဲ့အထဲမှာ ဒီအရာဟာ ဒုတိယ သဘောအကျဆုံးပဲ"

ဟု ဆိုလေ၏။

ကျွန်တော်က...

"ပထမ သဘောအကျဆုံးကတော့ ဘာလဲဗျ"

ဟု မေးရာ ဦးစံရှားက ချက်လက်မှတ်ကိုခေါက်၍ မိမိဒိုင်ယာရီ စာအုပ်အငယ်ထဲတွင် ထည့်ပြီးလျှင် ပုံတော်အင်္ကျီအတွင်းသို့ သွင်းလျက် သူ၏အိတ်ကို ကိုင်တွယ်ပြပြီးလျှင်...

"ကျွန်တော်မှာ လူဆင်းရဲပါ ကိုသိန်းမောင်ရဲ့"

ဟု ပြောလေ၏။

*****

## မသင်္ကာသော လင်မယား

ကျွန်တော်၏မိတ်ဆွေ စုံထောက်ကြီး ဦးစံရှားမှာ အရေးအခွင့်ကြုံသည့်အခါ၌ ကျွန်တော် တွေ့ဖူးသမျှသော လူများအနက်တွင် အဖျတ်လတ် အသွက်လက်ဆုံးသော လူတစ်ယောက်ဖြစ်သော်လည်း ကိုယ်လက်လှုပ်ရှားမှုအတွက် သက်သက်ဟူ၍ ဘယ်အခါမျှ လေ့ကျင့်သည်မရှိချေ။

အရေးကြုံသည့်အခါ တစ်နာရီ ၅ မိုင်နှုန်းဖြင့် တစ်နေ့ပတ်လုံး (မိုင်း ၅ဝ ကျော်) လမ်းလျှောက်ဖူးသည်ကိုလည်းကောင်း၊ ၁၃ စတုံကျော် (ပိဿာ ၅ဝ ခန့်) အချိန်စီးသော လူကြီးတစ်ယောက်ကို တစ်ချက်တည်းသော လက်သီးဖြင့် တုံးခနဲ လဲအောင် ထိုးဖူးသည်ကိုလည်းကောင်း တွေ့ကြုံရဖူးသော်လည်း ကာယပထ မျှတစေလိုသော သဘောသက်သက်ဖြင့် လမ်းလျှောက်သည်ဟူ၍ကား အလွန်တရာ နည်းပါးလှ၏။

တစ်နေ့သ၌ ကျွန်တော်သည် အတန်တန် ငြင်းဆန်သော ဦးစံရှားကို မရမက ဆွဲခေါ်၍ ကမ်းနားလမ်းတစ်လျှောက် လမ်းလျှောက်ရာမှ ပြန်လာကြသဖြင့် အိမ်သို့ ရောက်ကြသောအခါ အစေခံဖိုးထွေးက ဧည့်သည်တစ်ယောက် ဝင်လာပြီးနောက် ပြန်ထွက်သွားကြောင်းဖြင့် ဆီးကြို၍ပြောလေ၏။

ထိုတလောဌ် ဦးစံရှားမှာ အမှုအခင်း အတော် ပြတ်လတ်နေရကား ဖောင်းလှောင်ထားသော ပြုံင်မြင်းကဲ့သို့ မနေတတ် မထိုင်တတ် ဖြစ်နေလေ၏။

သို့ဖြစ်၍ ဧည့်သည်တစ်ယောက် ဝင်လာပြီးမှ ပြန်ထွက်သွားကြောင်း သိရသောအခါ စိတ်ပေါက်သောမျက်နှာထားဖြင့် ကျွန်တော့်အား လှမ်းကြည့်၍...

"နောက်များတော့ တော်ပါတော့ဗျာ၊ ခင်ဗျားလမ်းလျှောက်"

ဟု ညည်းတွားပြောဆိုလေရာ ကျွန်တော့်မှာ အားနာပါးနာနှင့် ဖိုးထွေးအား မေးခွန်းထုတ်ရလေ၏။

"တစ်ခါတည်း ထွက်သွားတာလားကွယ်၊ ပြန်လာဦးမယ် ဟုတ်လား"

"လာကောင်း လာပါလိမ့်မယ်ခင်ဗျာ"

"မင်းက စောင့်ပါဦးလို့ပြောပြီး တားမထားဘူးလား"

"ကျွန်တော် တားထားလို့ နာရီဝက်လောက် ထိုင်စောင့်သေးတယ်ဗျ။ အငြိမ်ကို မနေနိုင်ဘူး၊ သိပ်ပျာယာခတ်တဲ့ လူတစ်ယောက်ပဲခင်ဗျ။

"ထိုင်ချည် ထချည်နဲ့လုပ်ရင်း 'ကြာလိုက်တာနော်၊ ဘယ်ဆီ သွားတတ်သလဲနော်'နဲ့ ပါးစပ်က တတွတ်တွတ်ရွတ်နေတာပဲခင်ဗျ။

ကျွန်တော်က 'မကြာပါဘူး၊ ပြန်လာပါလိမ့်မယ်'လို့ ပြောတာတောင် မရဘူး၊ တညည်းတည်း ညည်းနေတော့တာပဲ ခင်ဗျာ၊ ဒီအတောအတွင်း နာရီကို ကြည့်လိုက်ရတာကလည်း မပြောပါနဲ့တော့။

နာရီဝက်လည်းစေ့ရော ထိုင်ရာကထတဲ့ပြီး 'ကိုင်းကွယ်၊ စောင့်ချင်းစောင့်ရရင် အပြင်က ထွက်စောင့်တော့မယ်'ဆိုပြီး တိုက်ပေါ်က ကတိုက်ကရိုက် ဆင်းသွားတော့တာပဲခင်ဗျ"

"ပျာပုံထောက်တော့ အရေးကြီးတဲ့ ကိစ္စနဲ့တူလို့ ပြန်လာကောင်းပါရဲ့။ အမှုရှားပါးနေတဲ့ အခိုက်မို့ သိပ်နမြောဖို့ ကောင်းတာပဲ။ အလို... ဒီဆေးတံ ခင်ဗျားဟာ ဟုတ်မယ်မထင်ပါဘူး၊ ကြည့်စမ်းဗျို့ ကိုသိန်းမောင်"

ဟု ပြော၍ စားပွဲပေါ်တွင် တင်လျက်ရှိသော ဆေးတံတစ်ချောင်းကို ကောက်ယူကြည့်ရှုလေ၏။

"ကျွန်တော့်ဟာ မဟုတ်ပေါင်ဗျာ"

"ဆေးတံကတော့ (ဆေးတံကို အမြီးခေါင်းလှည့်ကာ ကြည့်ရှုရင်း) အမျိုးကောင်းထဲကပဲဗျို့၊ သူ့ပစ္စည်းကိုသူ တော်တော်မြတ်နိုးတဲ့ လက္ခဏာလည်း ရှိတယ်။ ဒီလောက်မြတ်နိုးတဲ့ ပစ္စည်းတစ်ခု မေ့ချန်ထားခဲ့ခြင်းကို ထောက်သဖြင့် ဒီလူဟာ တော်တော်ကြီး စိတ်ရှုပ်နေတဲ့ လက္ခဏာရှိတယ်"

"မြတ်နိုးကြောင်းကို ခင်ဗျား ဘယ့်နယ်သိနိုင်သလဲ"

"ဆေးတံက 'အန်ဒါဘိုး'အမျိုးထဲကဗျ။ ဝယ်ရင် တစ်ဆယ်လောက်ပေးရလိမ့်မယ်။ ဆေးတံကို ခင်ဗျားကြည့်စမ်း၊ နှစ်ကြိမ်တိုင်တိုင် ပြင်ထားတာကို တွေ့ရလိမ့်မယ်။ အရိုးမှာ တစ်ကြိမ်ပြင်ရတယ်၊ ပြင်ရာမှာလည်း မိုးကြိုးကွပ်ပြီး ပြင်ရတာ ဖြစ်လို့မို့ လေးငါးကျပ်ထက် မနည်းပေဘူး ကုန်လိမ့်မယ်။

နှစ်ကြိမ်ပြင်ဆိုတော့ ဆယ့်လေးငါးကျပ် ကျသွားတာပေါ့။ ဆေးတံဖိုးလောက် မကတော့ဘူး၊ ပစ္စည်းတစ်ခုကို အဖိုးရင်းလောက်မက အကုန်အကျခံပြီး ပြင်ကိုင်တယ်ဆိုတာ မြတ်နိုးလို့မဆိုရင် ဘာကြောင့်ဆိုဦးမှာလဲဗျ"

"ဒီ့ပြင်ကောဗျ၊ ဘာများတွေ့ရသေးသလဲ"

"ဆေးတံဆိုတဲ့ ပစ္စည်းမျိုးဟာ (ဆေးတံကို လက်ဖြင့်ဆ,ကာ ကြည့်ရင်း) ခပ်ကြာကြာ သုံးထားတဲ့အခါကျရင် ပိုင်ရှင်ရဲ့ အကျင့်စာရိတ္တအကြောင်းကို တော်တော် ထင်ရှားအောင် ဖော်ပြတတ်တဲ့ ပစ္စည်းမျိုးပဲဗျ။

"သို့သော် ဒီဆေးတံမှာတော့ အရေးကြီးတဲ့ အခြင်းအရာမျိုး တယ်ပြီး မတွေ့ရဘူး။ ကျုပ်တွေ့သလောက် ပြောရမှာဖြင့် ဒီလူဟာ ကိုယ်လက်အင်္ဂါ တော်တော်သန်သန်မာမာ ရှိရမယ်၊ ဘယ်ကိုင်ဖြစ်ရမယ်။ သွား အင်မတန်ကောင်းရမယ်။

ပေါ့ပေါ့ဆဆ လုပ်တတ်ကိုင်တတ်တဲ့ အကျင့်ရှိရမယ်၊ ငွေကို ခြစ်ခြစ်ချုတ်ချုတ် ကုတ်ကုတ်ကပ်ကပ် ချွေတာသုံးစွဲရလောက်အောင် ပါးပါးရှားရှား လူမျိုးစားထဲက မဟုတ်ဘူးလို့ ဆိုရမယ်ဗျ"

"အန်ဒါဘိုး တစ်ဆယ်ကျော်တန် ဆေးတံကို သောက်နိုင်လို့ ဖောဖောသီသီထဲကလို့ ခင်ဗျား ဆိုချင်တာလားဗျာ"

"ဒါကြောင့် ဘယ်ဟုတ်မလဲဗျာ၊ တစ်ကြိမ်ဝယ်တဲ့ ပစ္စည်းမျိုးဆိုတာ အကောင်း ကြိုက်တတ်တဲ့ လူဖြစ်ရင် ပိုက်ဆံပါးရှားပေမဲ့ ခပ်ကောင်းကောင်း ဝယ်ကိုင်ချင် ကိုင်တတ်တာပဲဗျ။ ဆေးတံကို တစ်ဆယ် မကသေးဘူး၊ သုံးဆယ်ပေးသောက်နိုင်တာက အရေးမကြီးဘူး။

ဆေးအဖိုးတန်သောက်တာက အရေးကြီးတယ်၊ ဒန်းဟင်းဆေးဗျ၊ တစ်ဘူး သုံးကျပ်ရှစ်ပဲ ပေးရမယ်။ ဒီခေတ်ကြီးမှာ ဆေးတစ်ဘူး နှစ်ကျပ်၊ နှစ်ကျပ်ရှစ်ပဲပေးသောက်ရင် လွန်လှပြီလို့ မှတ်နေကြရတဲ့အထဲမှာ သုံးကျပ်ရှစ်ပဲတန် သောက်တဲ့ လူဟာ ဖောဖောသီသီသုံးတတ်တဲ့ အထဲကလို့ မဆိုထိုက်ဘူးလားဗျ"

"ဒီ့ပြင်အချက်တွေကကောဗျာ"

"ဒီလူဟာ ဆေးတံကို မီးအိမ်မှာ မီးညှိတတ်တဲ့ ဝါသနာရှိတယ်၊ ဆေးတံကို ခင်ဗျားကြည့်စမ်း၊ တစ်ပိုင်းက ကျွမ်းပြီး မည်းနေတော့တာပဲ။ မီးခြစ်နဲ့ညှိရင် ဘယ်နည်းနဲ့မှ ဒီလိုမဖြစ်နိုင်ဘူးဗျ။ ပြီးတော့ ကျွမ်းတဲ့ဘက်ကို ကြည့်လိုက်စမ်း၊ လက်ယာဘက်ကဗျ။

ဒါကြောင့် ကျုပ်က သူ့ကို ဘယ်သန်လို့ ဆိုတယ်။ ခင်ဗျား ဆေးတံကို မီးအိမ်မှာ ညှိစမ်း၊ အဲ ဟုတ်ပြီ၊ ခင်ဗျားက ညာသန်ဆိုတော့ ဆေးတံရဲ့ဘယ်ဘက်ကို မီးရှပ်တယ် ဟုတ်လား၊ သူ့မှာတော့ ညာဘက်မှာ မီးရှပ်ထားတယ်... ဒါကြောင့် ဘယ်သန်ဖြစ်နိုင်ကြောင်း သိရတယ်။

သို့သော် တစ်ခါတလေတော့ ညာသန်တဲ့လူကလည်းပဲ ဟိုဘက်က ညှိချင်ညှိမယ်ပေါ့ဗျာ။ နို့ပေမဲ့ အခါခပ်သိမ်းမလိုဘူး၊ ကိုယ်သန်ရာဘက်ကို ကိုယ်ညှိတတ်တဲ့ လူချည်းပဲ။ ကျေနပ်ပြီလား ဒီအချက်"

"ကျေနပ်ပါပြီဗျာ၊ ဒီ့ပြင်ကော"

"ကိုယ်မြတ်နိုးတဲ့ ပစ္စည်းတစ်ခုကို အပျက်ခံပြီး ဆေးတံကို မီးအိမ်မှာ ညှိခြင်းကို ထောက်ခြင်းအားဖြင့် ပေါ့ပေါ့ဆဆ လုပ်ကိုင်တတ်တဲ့ ဝါသနာရှိတယ်လို့ ကျုပ် ဆိုတယ်"

"သန်မာတာကောဗျာ"

"သူ့ဆေးရိုးတံကို ကြည့်လိုက်စမ်း၊ ကိုက်ထားလိုက်တာ ပေါက်ထွက်တော့မယ်၊ သွားကလည်းကောင်း၊ လူကလည်း သန်မာလို့သာ ဆေးတံကို ဒီလောက် နာအောင် ခဲနိုင်တာပေါ့ဗျ။ ဟုတ်ပေဘူးလား၊ ကိုင်းလေ၊ ဟုတ်မဟုတ် ကြည့်ရအောင် လူကိုယ်တိုင် လာနေပါပြီ။ လှေကားက တက်လာတာ သူ့ခြေသံနဲ့ တူတယ်"

နောက်ခဏ၌ အလုံးအရပ် ထောင်ထောင်မောင်းမောင်းနှင့် သပ်ရပ်စွာ ဝတ်စားထားသော အသက်သုံးဆယ်အရွယ် လူတစ်ယောက်သည် အခန်းတွင်းသို့ ဝင်လာလေ၏။

ဤရာသီမှာ ချမ်းအေးစပြုလာသည့် နတ်တော်လရာသီ ဖြစ်သော်လည်း ထိုလူ၏ နဖူးတွင် ချွေးများအုလျက်ရှိ၏။

သို့ရာတွင် ထိုလူ၏ အမူအရာကို ကြည့်ရခြင်းအားဖြင့် ပင်ပင်ပန်းပန်း လမ်းလျှောက်လာသောကြောင့် ထွက်သော ချွေးမဟုတ်ဘဲ စိတ်အိုက်သည့်အတွက်ကြောင့် စို့ထွက်ခြင်းဖြစ်ကြောင်း သိသာနိုင်ပေ၏။ ထိုလူသည် ဦးစံရှား ညွှန်ပြသော နေရာ၌ ထိုင်မိသောအခါ...

"ခင်ဗျားကြည့်ရတာ တစ်ည နှစ်ည အိပ်ပျက်ထားတဲ့လက္ခဏာ ရှိတယ်။ အိပ်ပျက်တယ်ဆိုတာ အလုပ်ပင်ပန်းတာနဲ့တောင် မတူဘူး။ တယ်ပြီး လူကြေတဲ့ဟာမျိုးလားဗျာ၊ ဆိုပါဦးဗျာ၊ ဘယ်လိုဘက်က အကူအညီလိုလို့ပါလဲလို့"
ဟု ဦးစံရှားက စတင်ပြောဆိုသဖြင့် ဧည့်သည်က...

"ကျွန်တော့်ကို အကြံဉာဏ်ပေးစေချင်လို့ လာခဲ့တာပါပဲခင်ဗျာ။ ကျွန်တော်ဖြင့် နေမထိ ထိုင်မထိဆိုတာလို ဖြစ်ပြီး ဒေါင်ချာစိုင်းနေတာပဲ"
ဟု ညည်းညည်းညူညူပြောဆိုလေ၏။

"အကြံပေး ဉာဏ်ပေးလောက် လိုတာပဲလား"

"ဒါတင်မကပါဘူးခင်ဗျာ၊ ကျွန်တော့်ထက် အသက်ကြီးဝါကြီးပြီး အကြားအမြင်များတဲ့ ပုဂ္ဂိုလ်ဖြစ်လို့မို့ ကျွန်တော့်ကိစ္စမှာ ဦးစံရှားရဲ့ထင်မြင်ချက်ကို ဟုတ်တိုင်းမှန်ရာ ဖွင့်ပြောစေလိုတဲ့ သဘောပါပဲ။ ဘယ်လိုလုပ်သင့်တယ်၊ ဘယ်လိုကြံသင့်တယ် ဆိုတာကိုလည်း ကျွန်တော် ကြားချင်ပါတယ်ခင်ဗျာ"

"လင်းစမ်းပါဦးလေ၊ ခင်ဗျားအဖြစ်အပျက်ကို"

"ပြောရမှာတောင် ခပ်ကျပ်ကျပ်ပါပဲခင်ဗျာ၊ ကိုယ့်အိမ်က သားမယားအကြောင်းကို တစ်ခါမှ မတွေ့ဖူးမမြင်ဘူးတဲ့ သူစိမ်းတွေနဲ့ တိုင်ပင်ရတယ်ဆိုတာ သိပ်ခွကျတဲ့ဟာမျိုးပဲခင်ဗျ။ သို့သော်လည်း ကိုယ့်ဟာနဲ့ကိုယ် မကြံတတ်အောင် ဖြစ်နေလို့သာ ပြောရတော့မယ်"

"ပြောသာပြောပါ ကိုမြမောင်ရယ်"

"အလို ... ခင်ဗျား ကျွန်တော့်ကို သိသလား၊ ဘယ်တုန်းက ..."

"အလုပ်အကိုင်က ပွဲစား၊ နေတာက သင်္ကန်းကျွန်း၊ အိမ်နံပါတ် ၆၈ မှာ၊ ဟုတ်လားဗျ"

ဧည့်သည်လည်း အံ့သြလှသော အမူအရာဖြင့်...

"ခင်ဗျား စုန်းတတ်တဲ့လူလေလားဗျာ"ဟု ပြောရာ ဦးစံရှားလည်း ရယ်မောလျက်...

"ကျုပ်က စုန်းမတတ်ပါဘူး၊ မျက်စိအလကား မထားတတ်တဲ့ ဝါသနာလောက် ရှိတာပါ။ ခင်ဗျား ပဒုမ္မာအင်္ကျီနာရီအိတ်မှာ ကြည့်လိုက်"
ဟု ပြော၍ ကျွန်တော့်ဘက်သို့ လှည့်လိုက်ပြီးလျှင်...

"ခင်ဗျားနည်းအတိုင်း လူတစ်ယောက် မိထားပြန်ပြီကောဗျာ"ဟု ပြောလေ၏။

ထိုသူသည် နာရီကို ငုံ့ကြည့်၍ အတွင်း၌တွေ့သောစာကို ထုတ်ကြည့်ပြီးလျှင် ဟက်ဟက်ပက်ပက် ရယ်မောလေ၏။

"လတ်စသတ်တော့ ဒီစာအိတ်က လိပ်စာကို မြင်သွားတာကိုး။ ကျွန်တော့်မှာ စုန်းများ တတ်လေရော့သလားလို့ လန့်သွားမိပေခင်ဗျာ"

"စာအိတ်တော့ရှိတယ်၊ သို့သော် ကိုသိန်းမောင်က မကြည့်မိလို့မမြင်ဘူး၊ ကျုပ်က ကြည့်လို့မြင်တယ်။

ခင်ဗျားတို့နဲ့ ကျုပ်နဲ့ အဲဒါကွာခြားတာပဲဗျ၊ ကျုပ်က ထူးချွန်ပြီး ပညာကြီးလှလို့ မဟုတ်ဘူး။

သို့သော် မျက်စိနဲ့နား အလကားမထားတတ်တဲ့ ဝါသနာကလေးတစ်ခု ကွာကြတာပဲ။

ကိုင်း... ကိုင်း... ကိုမြမောင်၊ ခင်ဗျားအကြောင်း ကြားရအောင်ဗျာ။ ဒီက ကျုပ်မိတ်ဆွေ ကိုသိန်းမောင်ကိုတော့ ကျုပ်လိုပဲ သဘောထားလိုက်ပါတော့။ သူ့အတွက်ကြောင့် ဘာမှ ရှိန့်တန့်တန့် ဖြစ်မနေပါနဲ့။ ပြောသာပြောပါ"

ကိုမြမောင်သည် ပြောရမည်ခက်သော အမှုအရာမျိုးဖြင့် နဖူးကိုပွတ်လျက်ရှိရာ နောက်ဆုံး၌ မပြောလျှင် မပြီးသည့်အဖြစ်ကို သိ၍ ရုတ်တရက် စိတ်အားတင်းကာ ပြောပြလေ၏။

"ဒီလိုပါခင်ဗျာ၊ ကျွန်တော် အိမ်ထောင်ကျတာ သုံးနှစ်ကျော်လောက် ရှိခဲ့ပါပြီ။ ဒီအတောအတွင်းမှာ ကျွန်တော်တို့လင်မယားနှစ်ယောက်ဟာ တစ်ယောက်နဲ့တစ်ယောက် အထူးသင့်မြတ်ပြီး နှစ်ကိုယ့်တစ်စိတ်ဆိုတာမျိုးလို နေရာတကာမှာ တိုင်တိုင်ပင်ပင်နဲ့ အင်မတန် ကြင်ကြင်နာနာ ရှိခဲ့ကြပါတယ်။

တစ်ယောက်ကိုတစ်ယောက် ဝေါက်ဖူးငန်းဖူးတယ်လို့တောင် မရှိခဲ့ဖူးပါဘူး။

လွန်ခဲ့တဲ့ တနင်္လာနေ့ကစပြီး မကျေနပ်စရာအကြောင်းတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်"

"ဆိုပါဦးဗျာ"

"သို့သော် ရှေးဦးစွာ သူ့အပေါ်မှာ အထင်မလွဲစေဖို့ ကျွန်တော် တစ်ခု အစီရင်ခံပါရစေ၊ မပုဟာ ကျွန်တော့်ကို ချစ်ခင်တာ အမှန်ပါပဲ ခင်ဗျာ။

သူ့မေတ္တာနဲ့ ပတ်သက်လို့တော့ မသင်္ကာစရာ တစ်ကွက်ကလေးမှ မရှိပါပေဘူး။ ကျွန်တော် ဝန်ခံပါတယ်။

ယောကျ်ားမှန်ရင် ကိုယ့်မိန်းမဟာ ကိုယ့်ကို တကယ်နှစ်သက်ခြင်း ရှိ မရှိ သိကြတဲ့လူချည်းပါခင်ဗျာ။

မပုကို ဒီလိုအကြောင်းနဲ့ ပတ်သက်ပြီး ကျွန်တော် စွပ်စွဲစရာ ဘာမှမရှိပေဘူး။

သို့သော် ကျွန်တော့်အပေါ်မှာ လျှို့ဝှက်ထားတဲ့ အချက်တစ်ခု ရှိတယ်ခင်ဗျ...

မယားဖြစ်လျက် လင်က လျှို့ဝှက်ထားတဲ့အချက် ရှိရဦးမလားလို့ ကျွန်တော် မကျေနပ်နိုင်တာပါပဲခင်ဗျာ၊ ဒီအချက်ကို မရှင်းလင်းသမျှ..."

"အစကစပြီး ရှေလည်အောင် ပြောမှပေါ့ ကိုမြမောင်ရဲ့"

"ဟုတ်ပါရဲ့၊ ကျွန်တော့်ဟာက တောင်ရောက် မြောက်ရောက်နဲ့ ရာဇဝင်အူပေါက် ဖြစ်နေပြီကော...

ဒီလိုပါခင်ဗျာ၊ ကျွန်တော့်မိန်းမ မပုအကြောင်းကို ကျွန်တော်သိသလောက် ရှေးဦးစွာ ပြောပါရစေဦး၊ ကျွန်တော်နဲ့ မပုနဲ့ တွေ့တော့ သူက အပျိုမဟုတ်ဘူး ခင်ဗျ၊ မုဆိုးမပဲ...

သို့သော် အသက်ကတော့ ၂၅ နှစ် ရှိပါသေးတယ်။ အရင်ယောက်ျားနဲ့ ရှမ်းပြည်မှာ အိမ်ထောင်ကျသတဲ့၊ သူ့ယောက်ျားက ရှေ့နေတဲ့ခင်ဗျ၊ ကလေးတစ်ယောက် ရသတဲ့။

သို့သော် ဟိုတစ်နှစ်က ရှမ်းပြည်တောင်ပိုင်းမှာ ပလိပ်ဖြစ်လေတော့ သူ့ယောက်ျားရော၊ သမီးကလေးရော ပလိပ်ထဲပါသွားလို့မို့ အသက်ငယ်ငယ်ကလေးနဲ့ မုဆိုးမ ဖြစ်ကျန်ရစ်တယ်ခင်ဗျ။

ဒါနဲ့ ရှမ်းပြည်နယ်မှာ မနေတော့ဘဲ စိတ်ပျက်ပျက်နဲ့ ရန်ကုန်ဆင်းလာခဲ့ပြီး သဃ်န်းကျွန်းဘက်မှာ အဒေါ်တစ်ယောက်နဲ့ နေကြတုန်း ကျွန်တော်နဲ့တွေ့ပြီး အကြောင်းပါရော ဆိုပါတော့ခင်ဗျာ။

မပုယောက်ျားက ပစ္စည်းတစ်သောင်းကျော်လောက် ထားပစ်ခဲ့တယ် ခင်ဗျ၊ ဒီပစ္စည်းကိုလည်း ကျွန်တော်နဲ့ ရရချင်း ကျွန်တော့်သဘောရှိ ရင်းနှီးပါတော့ဆိုပြီး ကျွန်တော့်လက်ထဲ အကုန်ပုံအပ်ပေတယ်ခင်ဗျ။

ကျွန်တော်က ကော်မရှင်အေးဂျင့်လည်း လုပ်တယ်၊ အသက်အာမခံ ကိုယ်စားလှယ်လည်း လုပ်တယ်၊ ပွဲစားလည်း လုပ်တယ်။

ဝင်ငွေက တစ်လ သုံးလေးရာဆိုတော့ လင်မယားနှစ်ယောက်တည်း တော်တော် ချောင်ချောင်လည်လည် စားသောက်နေထိုင်နိုင်ကြ ဆိုပါတော့ခင်ဗျာ။

သူ့ငွေထဲက သဃ်န်းကျွန်းမှာ အိမ်တစ်လုံး ငါးထောင့်ခြောက်ရာနဲ့ ဝယ်လိုက်ပြီး အိမ်ပိုင်ကလေးနဲ့ အေးအေးလူလူ သင့်သင့်မြတ်မြတ် နေလာခဲ့ကြတာ ခုတလောကျတော့မှ ဒုက္ခတစ်မျိုး ပေါ်လာပါရောခင်ဗျ"

"ဒုက္ခကို ဆိုစမ်းပါဦးဗျာ"

"သဃ်န်းကျွန်းဘက်မှာ ကျွန်တော်တို့အိမ်က တော်တော်အစွန်ကျတယ်ခင်ဗျ၊ မြို့နဲ့ ဒီလောက်နီးပေမယ့် အိမ်တွေနေကြပုံက တောခပ်ဆန်ဆန်ပဲ။

ကျွန်တော်တို့ဘက်တန်းက အားလုံး အိမ်သုံးလုံး၊ မျက်နှာချင်းဆိုင်ဘက်က ကွင်းခြားနေတဲ့ နှစ်ထပ်အိမ်က တစ်လုံးရှိတယ်။

ဒို့ပြင်ကလွဲရင် အနီးအပါးမှာ အိမ်မရှိတော့ဘူးခင်ဗျ။

လွန်ခဲ့တဲ့ တစ်လလောက်တုန်းက မပုက 'ကိုမြမောင်ရယ်၊ ကျွန်မ ငွေအားလုံး ရှင့် ပေးအပ်စဉ်က ကျွန်မ အသုံးလိုတဲ့အခါမှာ တောင်းသုံးတာပေါ့လို့ ရှင့်ကို ပြောဖူးတယ်မဟုတ်လား'တဲ့။

ဒီတော့ ကျွန်တော်က 'မှန်တယ်'လို့ ဆိုတော့ မပုက 'ဒါဖြင့် ကျွန်မ ငွေသုံးရာလောက် အသုံးလိုတယ်၊ ပေးပါရှင်'တဲ့။

ကျွန်တော်က 'ဘာအတွက်လဲ'ဆိုတော့ မပုက 'ရှင်က ပစ္စည်းထိန်းဆို၊ ပစ္စည်းထိန်းဆိုရင် မေးလား မြန်းလား မလုပ်ရဘူး'တဲ့။

ရယ်ကာမောကာနဲ့ ပြောပါရောခင်ဗျ။

ဒီတော့ ကျွန်တော်က 'ဒီလိုဆိုရင်တော့ ပေးရတာပေါ့ဗျာ၊ သို့သော်လည်း ကိုယ့်လင်သားဆိုတာ ဘာကိစ္စအတွက် အသုံးလိုတယ်လို့ ပြောကောင်းပါရဲ့'လို့ ပြောတာကိုးခင်ဗျ။

ဒီတော့ မပုက 'အိုရှင်၊ နောက်တော့ ပြောပြပါ့မယ်၊ အခုတော့ ပေးသာပေးပါ'တဲ့ ခင်ဗျ။

ဒါနဲ့ ကျွန်တော်က ထွေထွေထူးထူး မမေးတော့ဘဲ သုံးရာတန် ချက်တစ်စောင်ရေးပြီး ပေးလိုက်ပါရောခင်ဗျ"

"ဆိုပါဦးဗျာ"

"ဒါနဲ့ ကျွန်တော်တို့အိမ်နဲ့ မျက်နှာချင်းဆိုင်ဘက်မှာ ကွင်းခြားနေတဲ့ နှစ်ထပ်အိမ်တစ်လုံး ရှိတယ်လို့ ကျွန်တော် ပြောခဲ့တယ်မဟုတ်လား။

အိမ်ကလေးက သပ်သပ်ရပ်ရပ်၊ ဝင်းကလေးနဲ့ဆိုတော့ သိပ်နေဖို့ကောင်းတာပဲ၊ နို့ပေမဲ့ လူမရှိလို့ ဒီအတိုင်း ပိတ်ထားရတယ်ခင်ဗျ။

လွန်ခဲ့တဲ့ တနင်္လာနေ့ကတော့ ကျွန်တော်တစ်ယောက်တည်း လမ်းလျှောက်သွားရင်း ဒီအိမ်ကလေးနားမှာ ရပ်ကြည့်နေတုန်း လော်ရီတစ်စီး ဆိုက်လာပြီး ပစ္စည်းတွေ ဘာတွေ သယ်ချနေတာ တွေ့ရတယ်ခင်ဗျ။

ဒီတော့ ကျွန်တော်က အိမ်ကလေးမှာ လူရောက်တော့မယ်ကိုးလို့ အောက်မေ့ပြီး ပတ်ပတ်လည် လျှောက်ကြည့်နေရာက အပေါ်ထပ်ကို လှည့်ကြည့်လိုက်တော့ ပြတင်းပေါက်ကနေပြီး တစ်ယောက်ယောက်က ကျွန်တော့်ကို ငုံ့ကြည့်နေတာ ဖျတ်ခနဲ မြင်လိုက်ရတယ်ခင်ဗျ။

သို့သော် ကျွန်တော်လည်း မော့ကြည့်လိုက်ကရော ပြတင်းပေါက်က ပြူကြည့်နေတဲ့ မျက်နှာဟာလည်း ဖြုတ်ခနဲ ငုတ်ပြီး ကွယ်ပျောက်သွားရောခင်ဗျ။

ကျွန်တော် မြင်လိုက်ရတာကတော့ လက်ဖျစ်တစ်တွက်ခန့်လောက်ပဲ ကြာလိမ့်မယ်၊ သို့သော် ဒီမျက်နှာဟာ သာမညမျက်နှာမျိုး မဟုတ်ဘူးဆိုတာ ကျွန်တော့်စိတ်ထဲမှာ စွဲပြီး ကျန်ရစ်ခဲ့တယ်ခင်ဗျ"

"ဘယ်လိုနေတဲ့ မျက်နှာမျိုးမို့လဲ"

"ဘယ်လိုနေတယ်လို့ ပြောနိုင်လောက်အောင် သဲသဲကွဲကွဲကြီးတော့ မမြင်လိုက်ရဘူး ခင်ဗျ။ နို့ပေမဲ့ အရောင်မရှိ အဆင်းမရှိ၊ မွဲခြောက်ခြောက် ရော်တော်တော်ကြီး ဖြစ်လေတော့ လူ့မျက်နှာမှ ဟုတ်ပါလေစလို့ ကျွန်တော့်စိတ်ထဲမှာ အောက်မေ့မိတယ်။

ပုံသဏ္ဍာန်ကတော့ လူမျက်နှာအတိုင်းပဲ ခင်ဗျ၊ နို့ပေမဲ့ ဘယ်အချက်မှာ ဘယ်လိုနေတယ် မပြောတတ်ပါဘူး။ ကျွန်တော်ဖြင့် ကျောထဲမှာ စိမ့်ခနဲ ဖြစ်သွားတော့တာပဲခင်ဗျ"

"ယောကျ်ားလား၊ မိန်းမလား"

"ဒါလည်း ကျွန်တော် မပြောနိုင်ဘူးခင်ဗျ၊ ဒါနဲ့ ကျွန်တော် ရပ်ပြီး စဉ်းစားနေတုန်း ဘယ်လိုလူတွေများ ပြောင်းလာကြလေသလဲလို့ သိရအောင် စုံစမ်းဦးမယ်ဆိုပြီး အိမ်တံခါးကို ဝင်ခေါက်တာကိုးခင်ဗျ။

ဒီတော့ မျက်နှာထားဆိုးဆိုးနဲ့ အသက် ၄၀ ကျော်လောက်ရှိတဲ့ ကုလားမကြီး တစ်ယောက်က တံခါးဖွင့်တဲ့ပြီး 'ဘာကိစ္စလဲ'လို့ ကုလားလို မေးလိုက်ပါရောခင်ဗျ။

ဒီတော့ ကျွန်တော်က 'ကျွန်တော် ဟိုဘက်အိမ်ကပါပဲ။ အိမ်နီးချင်း ဝတ္တရားရှိတဲ့ အလျောက်'လို့ စကားစ,ကာရှိသေး 'အကူအညီတောင်းဖို့ လိုတော့ တောင်းပါ့မယ်၊ ခုတော့ ဘာမှမလိုသေးဘူး'တဲ့။ ပြောပြောဆိုဆိုနဲ့ တံခါးကို ဂျောင်းခနဲ ပိတ်လိုက်ပါရောခင်ဗျာ။

ဒါနဲ့ ကျွန်တော်လည်း စိတ်ပျက်ပျက်နဲ့ အိမ်ပြန်လာခဲ့တော့ တစ်ညလုံး မျက်စိထဲမှာ ပြတင်းပေါက်က မျက်နှာကြီးကိုချည်း မြင်မြင်နေတော့တယ်ခင်ဗျ။

ကျွန်တော့်မိန်းမ စိတ်မငြိမ်မသက် ဖြစ်မှာစိုးလို့ မိန်းမကိုတော့ ဒီအကြောင်းကို ဘာမှမပြောပြဘူး၊ သို့သော် အိပ်ရာဝင်ခါနီးတော့ဖြင့် မျက်နှာချင်းဆိုင် အိမ်ကလေးမှာ လူငှားရောက်တဲ့အကြောင်းဖြင့် ပြောမိရဲ့။ ဒီတော့ မပုက ဘာမှ ပြန်မပြောဘူးခင်ဗျ"

"ဆိုပါဦးဗျ"

"ကျွန်တော်ဟာ တော်တော်အအိပ်ကြီးတဲ့ လူတစ်ယောက်ဗျ။ ဟိုမျက်နှာကြီးကြောင့် စိတ်ထဲမှာ မငြိမ်မသက် ဖြစ်နေလို့လားတော့ မပြောတတ်ဘူး။

ဒါနဲ့ ဟိုညက ကျွန်တော် အိပ်နေတုန်းမှာ မပုက အိပ်ရာကထပြီး အဝတ်လဲနေသလိုလို ရီးတီးရားတား ကျွန်တော် ထင်မိတယ်။

ကျွန်တော်က ဘယ်သွားမလဲလို့ မေးမယ်လုပ်တုန်းမှာ မပုမျက်နှာထားကို မီးရောင်မှာ ကျွန်တော်မြင်မိတာနဲ့ အံ့သြသွားပြီး မေးမယ့်စကားကို မမေးတော့ဘဲ မြုံကြည့်နေလိုက်မိတာကိုးဗျ။

သူ့မျက်နှာထားဟာက ပြူးတူးပြဲတဲနဲ့ ဖြစ်နေလိုက်တာခင်ဗျ၊ ဒီတစ်ခါလို ဘယ်တော့မှ မကြုံရဖူးပါဘူး။ ကျွန်တော့်ကို လှမ်းကြည့်လိုက်၊ အပြင်ဘက်ကို လှမ်းကြည့်လိုက်နဲ့ တကကတဲ ဖြစ်နေလိုက်တာခင်ဗျာ။

ကျွန်တော်က မေးစရာစကားကို မမေးမိတော့ဘဲ ဒီအတိုင်း ကြက်သေသေပြီး ငေးကြည့်နေလိုက်မိပါရောခင်ဗျ။

နောက်ဆုံးကျတော့ တဘက်ကလေးခြုံပြီး ကုပ်ကုပ် ကုပ်ကုပ်နဲ့ ခြေဖျားထောက်ပြီး အခန်းထဲက ထွက်သွားပါလေရောခင်ဗျာ။

သူလည်းထွက်သွားရော ကျွန်တော်လည်း နာရီလှမ်းကြည့်လိုက်တာ ၃ နာရီထိုးလုနီးနေပါရောခင်ဗျ။

ဒီအချိန်ကြီးမှာ အိပ်ရာထဲက ထသွားရအောင် ဘယ်လိုကိစ္စများလဲဆိုတာ ကျွန်တော် တွေးလိုက်တာဆိုတာတော့ မပြောပါနဲ့တော့၊ လုံးလုံး စဉ်းစားလို့မရဘူးခင်ဗျ။

ဒါနဲ့ မိနစ် ၂၀ လောက်ကြာတော့ အိမ်အောက်က တံခါးဖွင့်သံကြားပြီး မချောက ကုပ်ကုပ်ကလေး လှေကားကို တက်လာပါရောကိုးခင်ဗျ။

အခန်းထဲရောက်ရောက်ချင်း ကျွန်တော်က 'မင်း ဘယ်သွားနေသလဲ မပု'လို့ မေးတော့ မပုက လန့်သေတော့မလို မျက်လုံးတွေပြူးသွားပြီး 'ကိုမြမောင် နိုးနေသလား၊ ဒီလိုတော့ ရှင်က အအိပ်ဆတ်သားကပဲ'တဲ့။ စပ်ဖြဲဖြဲလုပ်ပြီး ပြောတာကိုး ခင်ဗျ။

ဒီတော့ ကျွန်တော်ကတော့ လုံးလုံးစိတ်မကျေနိုင်ဘဲ 'မင်း ဘယ်သွားနေတယ်ဆိုတာ ငါ့ကို ပြောစမ်း'လို့ ခပ်ထန်ထန် ငေါက်ပြီး မေးပြန်တာကိုးခင်ဗျ။

ဒီတော့ မပုက 'ကျွန်မ ဘယ်လိုဖြစ်မှန်းမသိဘူး ကိုမြမောင်ရယ်၊ အိပ်နေရင်း အသက်ရှူကျပ်ပြီး မွန်းသေရတော့မလို ဖြစ်တာနဲ့ တံခါးဖွင့်ပြီး အောက်ဆင်းသွားတာ အခုမှ သက်သာလာတယ်'တဲ့။ ပြောလို့သာပြောတယ်၊ ကျွန်တော့်မျက်နှာကို လုံးလုံးမကြည့်ဝံ့ဘူးခင်ဗျ။ သူ လိမ်ပြောတာတော့ အမှန်ပဲ။

နို့ပေမဲ့ ဒီအချိန်ကြီးမှာ ကတောက်ကဆ စကားမများချင်တာနဲ့ ဟိုဘက်လှည့်ပြီး အသာကွေးလိုက်ပါရောခင်ဗျ။

စိတ်ထဲမှာတော့ တွေးမိတွေးရာတွေ တွေးပြီး ဗလောင်ဆန်နေတာပေါ့ခင်ဗျာ။

ကျွန်တော့်မိန်းမဟာ ဘွင်းဘွင်းကြီး ပြောတတ်ဆိုတတ်တဲ့ ဝါသနာရှိပါလျက် ဒီတစ်ခါ ဘယ်အတွက်ကြောင့် ကွေ့ကွေ့ကောက်ကောက် ပြောတယ်ဆိုတာကို စဉ်းစားရင်း ဒေါပွလို့ မဆုံးနိုင်ပါဘူးခင်ဗျာ"

"ဆိုပါဦးဗျ"

"နောက်တစ်နေ့တော့ ကျွန်တော်လည်း မြို့ထဲသွားနေကျဖြစ်လျက်နဲ့ မသွားတော့ဘူးခင်ဗျ။

မပုကလည်း သူ့စကားကို ကျွန်တော်မယုံဘူးဆိုတာ ရိပ်မိလေတော့ ကျွန်တော့်အကဲကိုပဲ ခတ်နေတာပဲ။ ဒီနေ့မှာ တစ်ယောက်နဲ့တစ်ယောက် စကားဟဟ မပြောကြဘူးခင်ဗျ။

ဒါနဲ့ ကျွန်တော်လည်း အိမ်ထဲမှာ အကြံအိုက်တာနဲ့ လမ်းလျှောက်ရင်း စဉ်းစားဦးမယ်လို့ ထွက်လာခဲ့ပြီး တစ်နာရီကျော်ကျော်လောက် ဟိုရောက်ဒီရောက် လျှောက်ခဲ့တယ်ခင်ဗျ။

နောက်ဆုံး အိမ်ပြန်ရာက ပြတင်းပေါက်မှာ ဟိုမျက်နှာ ရှိနေသေးသလားလို့ ကြည့်စမ်းဦးမယ် အကြံနဲ့ ဟိုဘက်အိမ် လျှောက်ပြန်လာခဲ့တော့ လားလား ခင်ဗျာ အိမ်တံခါးဖွင့်တဲ့ပြီး ဆင်းလာလိုက်တာ တခြားသူ ဟုတ်ပါရိုးလား၊ ကျွန်တော့်မိန်းမ မပုပဲခင်ဗျ"

"တော်ပါပေ့ဗျာ၊ ရဲလည်းရဲပါပေ့"

"ကျွန်တော့်မှာ အံ့သြလိုက်တာဆိုတာ ဘာပြောကောင်းမလဲ၊ နို့ပေမဲ့ ကျွန်တော် အံ့သြတာက တော်တော်ရယ်၊ မပု အံ့သြလိုက်တာက မျက်လုံးကို ပြူးသွားတာ။

နောက်ဆုံးကျတော့မှာ မျက်နှာစပ်ဖြဲဖြဲနဲ့ ဟန်လုပ်ပြီး 'အိမ်နီးချင်းဝတ္တရားအတိုင်း ဝင်ပြီး မေးလားမြန်းလား လုပ်ရတာပေါ့ ကိုမြမောင်ရယ်။ ရှင်က စားတော့မလို ဝါးတော့မလို မျက်နှာကြီးနဲ့ ကြည့်မနေစမ်းပါနဲ့ရှင်။ ကျွန်မ လန့်ပါတယ်'တဲ့။

ဒီတော့ ကျွန်တော်က 'ဩော်... လက်စသတ်တော့ ညတုန်းက သူပျောက်သွားတာ ဒီအိမ်လာတာကိုး'လို့ ပြောတော့ မပုက 'ရှင် ဘယ့်နှယ်ပြောတာလဲ'တဲ့။

ဒီတော့ ကျွန်တော်က 'ဟန်လုပ်မနေပါနဲ့၊ ငါသိပါတယ်၊ အချိန်မတော်ကြီးမှာ မင်းလာလည်ရအောင် ဒီလူတွေက ဘယ်သူတွေလဲ၊ ငါ့ကိုပြောစမ်း'လို့ မေးတော့ မပုက 'ကျွန်မ တစ်ခါမှ မရောက်ဖူးပါဘူး'တဲ့။

ဒီတော့ ကျွန်တော်က 'ကိုင်း မင်းမေးလို့တော့ မရဘူး၊ ဘယ်သူဘယ်ဝါတွေဆိုတာ သိရအောင် ငါ့ဘာသာ ဝင်ကြည့်မယ်'လို့ ပြောပြီး အိမ်ထဲဝင်မယ် လုပ်တာကိုးခင်ဗျ။

ဒီတော့ မပုက ကျွန်တော့်လက်ကို ဆွဲပြီး 'ရှင် ဝင်ကြည့်ရင် ရှင်သာ စိတ်ညစ်ရပါလိမ့်မယ် ကိုမြမောင်ရယ်။ တစ်နေ့တော့ ကျွန်မ အကုန်ပြောပြပါ့မယ်။ ရှိကြီးခိုးပါရဲ့၊ ဝင်မကြည့်ပါနဲ့ရှင်'တဲ့။ ပြောပြီး လက်ကို အတင်းဆွဲထားတယ်ခင်ဗျ။

ကျွန်တော်က စဉ်းစားနေတုန်း မပုက 'ဒီတစ်ခါပဲ ကျွန်မကို ယုံကြည်ပါတော့ရှင်။ ကျွန်မကို ယုံကြည်တဲ့အတွက် ကိုမြမောင် မမှားစေရပါဘူး။

ရှင့်ကို ဘယ်အရာမဆို ဘွင်းဘွင်းကြီးပြောတတ်တယ် မဟုတ်လား။

အခုတော့ မတော်သေးလို့ ကျွန်မ မပြောသေးတာပါ။ ကျွန်မကို ယုံကြည်ပြီး ကျွန်မနဲ့အတူ အိမ်ပြန်လိုက်ရင် နှစ်ဦးနှစ် အေးကြဖို့ပါပဲ။

ဒီလိုမှမဟုတ်လို့ ရှင်က အတင်းဝင်ကြည့်မယ်ဆိုရင် ရှင်နဲ့ကျွန်မနဲ့ ဒီတစ်ခါ အပြတ်ပဲ ကိုမြမောင်'လို့ ကျွန်တော့်မျက်နှာကို စေ့စေ့ကြည့်ပြီး ပြောပါရောကိုးခင်ဗျ။

ဒီတော့ ကျွန်တော်က 'ကောင်းပြီ၊ မင်းကို ယုံကြည်ရမှာဖြင့် ငါ့ကို တစ်ခု ကတိထားရမယ်။ ဒီကနေ့ကစပြီး ဒီအိမ်မှာ ဝင်လားထွက်လား မလုပ်ရဘူး။

ညတွေဘာတွေလည်း ငါမသိဘဲ မင်း ဘယ်မှမသွားရဘူး။ မင်းက အကုန်မပြောချင်လို့ လျှို့ဝှက်ထားပါရစေဆိုရင် ထားပါတော့။

သို့သော် ဒီကရေ့ကို ငါမသိဘဲ ဘယ်ကိုမှ မင်း သွားလား၊ လာလား၊ ဝင်လား၊ ထွက်လား မလုပ်ရဘူး။ ဘယ့်နှယ်လဲ၊ ကတိထားနိုင်ပ့ါမလား... ဆိုတော့ မပုက 'ကတိထားပ့ါမယ်၊ စိတ်ချပါ ကိုမြမောင်ရယ်၊ ရှေ့အဖို့ကိုတော့ စိတ်ချပါ။ ရှင်မသိအောင် ဘာမှမလုပ်တော့ပါဘူး'တဲ့။

ဒါနဲ့ ကျွန်တော်တို့နှစ်ယောက် အိမ်ပြန်လာခဲ့ကြပါရောခင်ဗျ။ ပြန်လာလို့ ကွင်းပြင်ထဲရောက်လို့ နောက်လှည့်ကြည့်လိုက်ရာမှာ ပြတင်းပေါက်မှာ ဟိုနေ့က မျက်နှာက ကျွန်တော်တို့နှစ်ယောက်ကို မျှော်ပြီး ကြည့်နေလိုက်တာ အတိုင်းသား မြင်ရတယ်ခင်ဗျ။

နို့ပေမဲ့ ကျွန်တော်လည်း လှည့်လိုက်ကရော ဟိုတုန်းကလိုပဲ ဖြုတ်ဆို ကွယ်ပျောက်သွားပါရော ခင်ဗျ။

ဒီကတည်းက ကျွန်တော့်စိတ်ထဲမှာ ဒီမျက်နှာနဲ့ ငါနဲ့တော့ ကိစ္စမပြီးသေးဘူးလို့ မှတ်ထင်မိတာ ထင်တဲ့အတိုင်းပဲ ဖြစ်ရသေးတယ်ခင်ဗျ"

"ဆိုစမ်းဗျာ"

"နောက်နှစ်ရက်လောက်ဟာ ကျွန်တော် ဘယ်မှမသွားဘဲ နေတယ်ခင်ဗျ။ မပုကလည်း သူ့ကတိအတိုင်း ဘယ်မှ လှုပ်ရှားသွားလာခြင်း မပြုပေဘူး"

"ညကော"

"ညကိုလည်း ကျွန်တော် သတိထားပြီး အိပ်တယ်၊ သူ ဘယ်မှမထွက်ဘူး။ ကျွန်တော်သိတယ်၊ သို့သော် တတိယနေ့ကတော့ မယ်မင်းကြီးမ ကတိပျက်ကွက်ပါရောဗျ။

ဟိုနေ့က ကျွန်တော် မြို့ထဲသွားပေမဲ့ ခါတိုင်းလို သုံးနာရီခွဲရထားနဲ့ မပြန်ဘဲ၊ သုံးနာရီရထားနဲ့ ပြန်လိုက်လာခဲ့တာကိုးခင်ဗျ။ အိမ်ရောက်တော့ ခိုင်းတဲ့ကောင်မလေး သန်းကြည်က ပြူးတဲပြဲတဲ ဖြစ်နေတော့တာကိုး။

ကျွန်တော်က 'နင့်မမ ဘယ်သွားသလဲ'မေးတော့ သန်းကြည်က 'ခုနက လမ်းလျှောက်ထွက်သွားတယ်'တဲ့။ ပြောတယ်။

ဒီတော့ ကျွန်တော့်စိတ်မှာ မသင်္ကာလာဘူး။ နို့ပေမဲ့ သေချာအောင်လို့ အိမ်ပေါ်တက်ကြည့်လိုက်သေးတယ်။ ကျွန်တော် အိမ်ပေါ်တက်နေတုန်းမှာ လားလား သန်းကြည်က ကွင်းပြင်ထဲကဖြတ်ပြီး ဟိုဘက်က အိမ်ကလေးဆီ ပြေးနေတာ မြင်လိုက်ရတာကိုးခင်ဗျ။

ကျွန်တော်ပြန်လာရင် သူ့လာခေါ်လှည့်လို့ မပုက မှာထားခဲ့ဟန်တူပါရဲ့။

ဒီတော့ ကျွန်တော်က ဒေါသမီးမွှန်တဲ့ပြီး အိမ်ဆီကို တိုက်ရိုက် လိုက်သွားတာပေ့ါခင်ဗျာ။

လမ်းကျတော့ မပုနဲ့ သန်းကြည်နဲ့ ပျာရာပျာရာနဲ့ ပြန်လာတာတွေ့ပါရဲ့။ တွေ့ပေမဲ့ သူတို့ကို ရပ်ပြီး စကားပြောမနေဘဲ အိမ်ကလေးဆီကို ခြေကုန်သုတ်သွားတာပေ့ါခင်ဗျာ။

ရောက်လည်းရောက်ကရော တံခါးကိုတောင် ခေါက်မနေတော့ဘဲ တစ်ခါတည်း တွန်းဖွင့်ဝင်သွားပါရောခင်ဗျာ။

အောက်ထပ်မှာတော့ ဘာမှမရှိဘူး၊ ရှင်းလို့၊ ကြိမ်ကုလားထိုင် တစ်လုံးနဲ့ စားပွဲဝိုင်းကလေးတစ်ခုပဲ တွေ့ရတယ်။ မီးဖိုခန်းမှာလည်း လက်ဖက်ရည်အိုးကလေး မီးဖိုပေါ်မှာ တည်လို့။

ဒီ့ပြင် ဘာမှမတွေ့ဘူး၊ ဒါနဲ့ အိမ်ပေါ် ပြေးတက်သွားတော့ ခန်းမကြီးထဲမှာလည်း တိုလီမိုလီ ပစ္စည်းကလေးတချို့ပဲ ရှိတယ်။

သို့သော်လည်း နံ့အောင်ရှာကြည့်မယ်ဆိုပြီး လိုက်ကြည့်တော့မှ ကျွန်တော် အောက်ကလှမ်းပြီး မြင်တဲ့ ပြတင်းပေါက်ရှိတဲ့အခန်းကလေးထဲမှာ ခုတင်နဲ့ စားပွဲနဲ့ တော်တော် သားသားနားနားကလေး ပြင်ဆင်ထားတာ တွေ့ရတာကိုးခင်ဗျ။

ကျွန်တော့်စိတ်ထဲမှာ မီးလောင်နေရတဲ့အထဲ ခုတင်ခေါင်းရင်းမှာ မနစ်ကမှ ရိုက်ထားတဲ့ မပုရဲ့ဓာတ်ပုံကြီး မြင်ရတော့ ဘာမှမပြောနဲ့ ဆတ်ဆတ်ကို တုန်သွားတော့တာပဲ။ နို့ပေမဲ့ တစ်အိမ်လုံးကို မွှေနှောက်ရှာသော်လည်း ဘယ်သူ့ကိုမှ မတွေ့ရလေတော့ ဘာမှလည်း မပြောခဲ့ရ၊ ဘာမှလည်းမလုပ်ခဲ့ရဘဲ ဒီအတိုင်း ပြန်လာခဲ့ရတာပေါ့ခင်ဗျ။

စိတ်ထဲမှာတော့ ကမ္ဘာမီးကို အကြီးအကျယ်လောင်နေတော့တာပဲ။

ဒါနဲ့ အိမ်ပြန်ရောက်တော့ မပုနဲ့ တံခါးဝမှာ တွေ့ပါရဲ့၊ တွေ့ပေမဲ့ စကားတစ်ခွန်းမှ မပြောခဲ့ဘဲ တွန်းဖယ်ခဲ့ပြီး ကျွန်တော့်အခန်းထဲ ကျွန်တော် ဝင်သွားတာပေါ့။

ဒီတော့ မပုက လိုက်လာပြီး 'ကျွန်မ စကားဖျက်မိတာ မှားပါပြီ ကိုမြမောင်ရယ်။ နို့ပေမဲ့ ကျွန်အဖြစ်အပျက်ကို ရှင် အားလုံးသိရရင် ကျွန်မကို ရှင် အပြစ်ဆိုမယ်မဟုတ်ပါဘူး'တဲ့။

ဒီတော့ ကျွန်တော်က 'ဒါဖြင့် မင်းအဖြစ်အပျက်ကို ပြောပြပါတော့လား'ဆိုတော့ မပုက 'မပြောပါရစေနဲ့ဦး ကိုမြမောင်ရယ်၊ ရှိကြီးခိုးပါရဲ့'တဲ့။

ဒီတော့ ကျွန်တော်က 'ဟိုဘက်အိမ်မှာ ဘယ်သူနေတယ်၊ မင်းဓာတ်ပုံကို ဘယ်သူ့ပေးတယ်ဆိုတာ ပြောမပြရင် မင်းကို ငါ ဘယ်တော့မှ အယုံအကြည် မရှိတော့ဘူးလို့ ပြောပြီး အိမ်ကထွက်လာခဲ့တာ မနေ့ကပါပဲခင်ဗျ။

ဒီကတည်းက အခုအထိ အိမ်ကို ကျွန်တော် ပြန်မရောက်သေးပါဘူး။ ရောက်တတ်ရာရာ လျှောက်ပြီး လည်နေလိုက်တာ ဒီအချိန်ထိပါရောခင်ဗျာ။

ဒီကနေ့မနက်ကျတော့မှ ဦးစံရှားကို ပြေးသတိရပြီး တိုင်ပင်ကြည့်ရရင် ကောင်းလိမ့်မယ်ဆိုပြီး လာခဲ့ရခြင်း ဖြစ်ပါတယ်ခင်ဗျာ။

ကျွန်တော် ဘာလုပ်သင့်တယ်ဆိုတာကိုလည်း သိပါရစေ။ မပုလျှို့ဝှက်တဲ့ကိစ္စဟာ ဘာလဲဆိုတာကိုလည်း တစ်ဆိတ်ထောက်လှမ်းပေးပါခင်ဗျာ"

ကိုမြမောင်သည် အထက်ပါအဖြစ်အပျက်များကို စိတ်ရှုပ်သောအမူအရာဖြင့် ပြောပြလျက်ရှိစဉ် ဦးစံရှားမှာ လက်နှစ်ဖက်ပေါ်တွင် မေးကိုတင်ကာ စဉ်းစားရင်း နားထောင်လျက်ရှိ၏။

နောက်ဆုံး၌ကား ဦးစံရှားက…

"ပြတင်းပေါက်မှာ ခင်ဗျားမြင်လိုက်ရတဲ့ မျက်နှာဟာ ယောက်ျားမျက်နှာပဲလို့ ကျမ်းရွက်ပြီး ခင်ဗျား ပြောဝံ့ရဲ့လား"

ဟု မေးလေ၏။

"မြင်ရတိုင်း မြင်ရတိုင်း ခပ်လှမ်းလှမ်းကချည်း ဖြစ်နေလေတော့ ဒီလိုလည်း ကျမ်းရွက်လို့တော့ မပြောဝံ့ပေဘူးခင်ဗျာ"

"သို့သော်လည်း ဒီမျက်နှာကို မြင်ရခြင်းအားဖြင့် ခင်ဗျားစိတ်ထဲမှာ နှလုံးမသာမယာ ဖြစ်မိတယ်ဟုတ်စ"

"ခြောက်တီးခြောက်တောက် ဖြူဖပ်ဖြူရော်နဲ့ မျက်နှာထား သေကြီးနဲ့ခင်ဗျ။ နည်းနည်းမှ ကြည့်လို့မကောင်းဘူး၊ ကျွန်တော်လည်း နီးအောင်ကပ်မိရော သူလည်း ဖြုတ်ခနဲ ဖြုတ်ခနဲ ပျောက်ပျောက်သွားတယ်။ တစ်ယောက်ယောက်က နောက်က ဆွဲယူလိုက်သလိုလို ထင်ပါတယ်"

"ခင်ဗျားမိန်းမက ငွေတောင်းတာ ဘယ်လောက်ကြာသွားပြီလဲ"

"နှစ်လနီးပါး ရှိသွားပါပြီခင်ဗျာ"

"သူ့ပထမယောကျ်ားရဲ့ ဓာတ်ပုံကို ခင်ဗျား မြင်ဖူးသလား"

"မမြင်ဖူးဘူးခင်ဗျ"

"ရှမ်းပြည်နယ် ဘယ်မြို့လဲ"

"တောင်ကြီးမြို့တဲ့ခင်ဗျ"

"ရှမ်းပြည်နယ်မှာတုန်းက မပုနဲ့ သိကျွမ်းတဲ့လူထဲက ခင်ဗျား တွေ့ဖူးသလား"

"မတွေ့ဖူးဘူးခင်ဗျ"

"ဟိုအရပ်ကို သွားလည်ဖို့များ သူ ပြောဖူးသလား"

"မပြောဖူးဘူး ခင်ဗျ"

"စာများ ဘာများကော ရဖူးသလား"

"ကျွန်တော် သိရသလောက်တော့ မရဖူးဘူးခင်ဗျ"

"ကိုင်း... တော်လောက်ပါပြီခင်ဗျာ၊ အနုလုံပဋိလုံ ပြန်လှန်ပြီး စဉ်းစားပါရစေဦး။ ဟိုအိမ်ကလေးမှာ သူတို့မနေတော့ဘဲ ရွှေ့ပြောင်းသွားနှင့်ကြရင်တော့ စုံစမ်းရတာ နည်းနည်းခက်မယ်ပေ့ါဗျ။

သို့မဟုတ်ဘဲ ခင်ဗျားလာတာမြင်လို့ ခေတ္တ ရှောင်တိမ်းနေကြတာ ဖြစ်ရင်တော့ ခုလောက်ရှိရင် သူတို့ ပြန်ရောက်နေကြရောပေ့ါ။ ဒီလိုဆိုရင် ရှင်းလင်းဖို့ တယ်ပြီး ခက်လှမယ်မဟုတ်ပါဘူး။

ကျုပ် အကြံပေးလိုတာက ဘာလဲဆိုတော့ ခင်ဗျားအိမ် ခင်ဗျား အသာပြန်သွားပြီး ဟိုပြတင်းပေါက်မှာ မျက်နှာပြူသေးသလားလို့ ကြည့်စမ်းပါဦး။

တကယ်လို့ အိမ်ကလေးမှာ လူရှိသေးတယ်လို့ဆိုရင် ခင်ဗျားကိုယ်တိုင် ဖွတ်အတင်း ဝင်လားပြုလား မလုပ်လေနဲ့နော်။ ကျုပ်ဆီကို တယ်လီဖုန်းဆက်ပြီး အကြောင်းကြားလိုက်ပေတော့၊ ကျုပ်တို့ ချက်ချင်းလိုက်လာပြီး အရင်းအမြစ်က သိရအောင် စုံစမ်းထောက်လှမ်းပေးရတာပ၊ ဟုတ်လား"

"တကယ်လို့ လူမရှိရင်ကောခင်ဗျာ"

"ဒီလိုဆိုရင်တော့ နက်ဖြန်လောက် ကျုပ်လိုက်လာပြီး အကျိုးအကြောင်း တိုင်ပင်ကြသေးတာပေ့ါ။ လိုရင်း တစ်ခု ကျုပ် မှာလိုက်မယ်၊ စိတ်ညစ်ညူးစရာ အကြောင်းရှိတယ်လို့ သေသေချာချာ မသိရသေးမီ အင်မတန်ကြီး ပူလားဆွေးလားတော့ ဖြစ်မနေနဲ့လေဗျာ၊ ကြားလား"

ကိုမြမောင်လည်း ကောင်းပါပြီဟု ဝန်ခံပြီးနောက် တိုက်ပေါ်မှ ဆင်းသွားလေရာ ဦးစံရှားသည် ကန္တြေကြီးသော မျက်နှာထားဖြင့် ကျွန်တော့်ဘက်သို့ လှည့်၍...

"တော်တော်တော့ ခွကျတဲ့အလုပ်နဲ့ တူတာပဲဗျို့ ကိုသိန်းမောင်။ ခင်ဗျား ဘယ့်နှယ် ထင်သလဲ"

ဟု မေးသဖြင့်...

"အရုပ်ဆိုးဆိုးအလုပ်နဲ့ တူပ့ါဗျာ"

ဟု ကျွန်တော်လည်း တွေးမိတွေးရာ တွေးမိပြီး ပြောလိုက်လေ၏။

"အစစ်ပဲ၊ မဟုတ်တော့မှလွဲရော ကျုပ်တော့ဖြင့် ငွေညှစ်တဲ့ အကြံအစည်မျိုးလို့ ထင်တာပဲ"

"ညှစ်တဲ့လူက ဘယ်သူလဲဗျ"

"တစ်အိမ်လုံးမှာ အသားနားဆုံး ဆင်ပြင်ထားတဲ့အခန်းမှာနေပြီး မပုဓာတ်ပုံကို ဆွဲထားတဲ့သူဟာပေ့ါဗျာ။ ကျုပ်က ပြတင်းပေါက်မှာ မြင်ရတယ်ဆိုတဲ့ ခြောက်တီးခြောက်တောက် ဖြူဖပ်ဖြူရော် မျက်နှာကြီးဆိုတာ သဘောကျတယ်ဗျာ"

"ခင်ဗျားကတော့ တွေးထင်ချက် တစ်ခုခုတော့ ရှိထားပြီပေ့ါဗျာ၊ ဟုတ်လား"

"အစမ်းသဘောမျိုးနဲ့ တွေးထားတာတော့ ရှိတာပေ့ါဗျာ။ သို့သော်လည်း အစမ်းလို့သာ ဆိုရတယ်၊ နောက်ဆုံးကျတော့လည်း ဒီအတိုင်း ဖြစ်နေမယ်လို့ပဲ ကျုပ် ထင်တာပါပဲ။ ကျုပ်အထင်တော့ မပုရဲ့ ပထမယောက်ျားက ဟိုအိမ်ကလေးပေါ် ရောက်နေပြီ ထင်တာပါပဲ"

"ဘယ့်နှယ်ကြောင့် ခင်ဗျား ဒီလိုထင်နိုင်သလဲဗျာ"

"ဒါကြောင့်သာ နောက်ယောက်ျား ဟိုအိမ်ထဲဝင်မှာကို မပုက သေလုမျောပါး ပူပန်စိုးရိမ်နေတာပေ့ါဗျာ။ ကျုပ်တွေးချက်ကတော့ ဒီလိုပဲဗျ၊ မပုဟာ ရှမ်းပြည်နယ်တောင်ပိုင်းမှာ အိမ်ထောင်ကျရော၊ သူ့ယောက်ျားဟာ လူမြင်မတော်တဲ့ နူနာရောဂါစွဲကပ်ကရော။

ဒီတော့ မပုဟာ မြန်မာပြည် ထွက်ပြေးလာခဲ့ပြီး နာမည်ပြောင်းလို့ဖြစ်စေ၊ တိတ်တိတ်ကလေးပုန်းနေတုန်းမှာ ကိုမြမောင်နဲ့တွေ့လို့ ချစ်ကြိုက်ကြပြီး အကြင်လင်မယားအဖြစ် ရောက်ကြရော။

နောက်အိမ်ထောင်နဲ့ သုံးနှစ်လောက်ကြာလို့ တော်တော်စိတ်ချလောက်ပြီလို့ မှတ်ထင်နေတဲ့အထဲမှာ ပထမယောက်ျားက သူ နေရာအရပ်ကို သတင်းရသွားပါရော၊ ဒါနဲ့ မပုဆီ စာရေးပြီး ငွေညှစ်ပါလိမ့်မယ်။

ဒီတော့ မပုက ကိုမြမောင်ဆီက ငွေသုံးရာတောင်းပြီး လက်သိပ်ထိုးပေးရဟန် တူပါရဲ့။ ဒါနဲ့တောင် ပထမယောက်ျားဟာ မကျေနပ်သေးလို့ ကိုယ်တိုင်လိုက်ဟန်တူပါတယ်။

တစ်ညတော့ ကိုမြမောင်က အိမ်ကလေးမှာ လူငှားရောက်တဲ့အကြောင်းပြောတော့ မပုက ဘာမှပြန်မပြောသော်လည်း သူ့စိတ်ထဲမှာတော့ ဧကန္တ ပထမယောက်ျား လိုက်လာပြီလို့ တွေးပူဟန် တူပါတယ်။

ဒါကြောင့် သူ့ယောက်ျားအိပ်နေတုန်းမှာ တိတ်တိတ်ကလေး ဆင်းသွားပြီး သူ့ကို မနှောင့်ယှက်ဖို့အကြောင်း သွားတောင်းပန်ရဟန် တူပါတယ်။ တောင်းပန်ပေမဲ့ မရဘူး။

ဒါကြောင့် နောက်တစ်နေ့မှာ တစ်ခါပြန်သွားလို့ ကိုမြမောင်နဲ့ မိနေဆို မဟုတ်လား၊ ဒီတော့ကာ နောက်မသွားတော့ပါဘူးလို့ မပုက ကတိထားတယ်။ ထားပေမဲ့ နှစ်ရက်သာ နေနိုင်တယ်။

နောက်တစ်နေ့မှာ တစ်ခေါက်သွားပြီး တောင်းပန်ပြန်သေးတယ်။ ခါတ်ပုံကတော့ ဟိုလူကတောင်းလို့ ယူသွားရဟန်တူပါရဲ့။ ဒါနဲ့ တောင်းပန်နေတုန်းမှာ သန်းကြည်ကဝင်လာပြီး ကိုမြမောင် ပြန်လာတဲ့အကြောင်း ပြောပါလိမ့်မယ်။

ဒီတော့ မပုက သူမရှိရင် သူ့ယောက်ျားဟာ ဟိုအိမ်လိုက်လာလိမ့်မယ်ဆိုတဲ့အကြောင်း ရိပ်မိလေတော့ ပထမယောက်ျားကို နောက်ဖေးတံခါးကထုတ်ပြီး တော်ရာလျှော်ရာ ရှောင်ခိုင်းပါလိမ့်မယ်။

ဒါကြောင့် ကိုမြမောင် ရောက်သွားတော့ ဘယ်သူမှမတွေ့ဘူးဆို မဟုတ်လား။ သို့သော်လည်း တစ်ခါတည်း သွားသေးတယ်လို့တော့ မထင်ပါဘူး။

ဒါကြောင့် ကိုမြမောင် ပြန်သွားရင် ဟိုအိမ်မှာ ဧကန္တ လူတွေ့ဦးမှာပါပဲ။ ကိုင်း... ကျုပ်တွေးချက် ဘယ့်နှယ်ရှိစဗျ"

"ယုတ္တိတော့ ရှိပေ့ဗျာ"

"ယုတ္တိရှိဆို အခုအထိ သိထားတဲ့အကြောင်းအရာတွေကို အကုန်လုံး ငုံမိတယ် မဟုတ်လား။ မငုံနိုင်တဲ့အချက်များ နောက်ထပ်ပြီး ကြားသိရပြန်ရင်တော့ တစ်မျိုးတစ်မည် ပြင်ဆင်ပြီး စဉ်းစားရဦးမှာပေ့ါ။

အခုအတောအတွင်းမှာတော့ ကျုပ်တို့ လုပ်စရာ ဘာမှမရှိသေးဘူး။ ကိုမြမောင်ဆီက သတင်းကို မျှော်နေကြရုံ ရှိတာပဲ"

သို့ရာတွင် ကျွန်တော်တို့မှာ ကြည့်ရှည်စွာ မျှော်မနေရပေ။ လက်ဖက်ရည်သောက် ပြီးကြသည်နှင့် တစ်ပြိုင်နက် တယ်လီဖုန်းမှ ခေါင်းလောင်းမြည်သံ ကြားရ၍ ကျွန်တော်ပင် သွားရောက်နားထောင်လေရာ အိမ်ကလေးမှာ လူရှိနေသေးကြောင်း၊ ပြတင်းပေါက်ကမျက်နှာကို မြင်ရပြန်ကြောင်း၊ ၇ နာရီ လော်ကယ်ရထားကို ကြိုဆိုနေမည့်အကြောင်းနှင့် ကိုမြမောင်ထံမှ သတင်းရောက်လာလေ၏။

ကျွန်တော်တို့သည် မီးရထားမှ ဆင်းလာကြသောအခါတွင် ကိုမြမောင်သည် ဘူတာရုံမှ ကြိုဆိုလျက်ရှိ၏။

သူ၏မျက်နှာထားမှာလည်း စိတ်တည်ငြိမ်ခြင်း မရသေးသည့်အကြောင်းကို ထင်ရှားစွာ ဖော်ပြလျက်ရှိ၏။

လမ်းလျှောက်လာကြစဉ် ကိုမြမောင်က...

"အိမ်ကလေးမှာ လူရှိတုန်းပဲခင်ဗျ၊ ကျွန်တော် လျှောက်လာတော့တောင် မီးတွေ ထွန်းထားတာ မြင်ခဲ့သေးတယ်။ ဒီတစ်ခါဖြင့် ဖြုသည်မည်းကို တစ်ခါတည်း သိကြရအောင် လုပ်ကြပါစို့ခင်ဗျာ"

ဟု ပြောဆိုတောင်းပန်သဖြင့်...

"ခင်ဗျား ဘယ်လိုများလုပ်ဖို့ စဉ်းစားထားသလဲ"
ဟု ဦးစံရှားက ပြန်၍မေးလေ၏။

"ကျွန်တော်က အိမ်ထဲကို အတင်းဝင်ပြီး ကြည့်တော့မယ်ခင်ဗျာ။
ဦးစံရှားတို့ကသာ သက်သေအဖြစ်နဲ့ လိုက်ခဲ့ကြပါတော့"
"ခင်ဗျားမိန်းမ မပုက မသိချင်သေးပါနဲ့လို့ ပြောထားတဲ့စကားကို နားမထောင်တော့ဘဲ ဖွင့်အတင်းပဲ လုပ်တော့မယ်လား"
"ဟုတ်ရင်လည်း ဟုတ်၊ မဟုတ်ရင်လည်း သိရအောင် ဖွင့်ဝင်ကြည့်တော့မယ် အောက်မေ့တယ်ခင်ဗျာ။ ဒီလို မရေမရာနဲ့ စောင့်နေရတာ သာပြီးဆိုးသေးတယ်လို့ ကျွန်တော် ထင်တော့တယ်"

"ခင်ဗျား တွက်ကိန်းလည်း တယ်မရိုင်းလှပါဘူး၊ သိလိုက်ရတာက ကောင်းတယ် ထင်ပါရဲ့။
တရားဥပဒေအတိုင်းဆိုတော့ ကျုပ်တို့ဟာက လမ်းမမှန်ဘူးပဗျာ။ သို့သော်လည်း စွန့်ရကျိုးတော့ နပ်ကောင်းပါရဲ့..."

ထိုညဥ့်သည်ကား အလွန်မှောင်မိုက်လှ၍ အသွားအလာ အထူးပြတ်လျက် ရှိ၏။

ကိုမြမောင်သည် သိလိုဇောဖြင့် ရှေ့မှ ခပ်သုတ်သုတ်လျှောက်သွားလေရာ ကျွန်တော်တို့လည်း နောက်မှ မီအောင်လိုက်ကြရလေ၏။

"ဟိုဘက်မှာ မြင်ရတဲ့မီးရောင်ဟာ ကျွန်တော်တို့အိမ်ပဲ ခင်ဗျ၊ ကျွန်တော်တို့ ဝင်ကြရမှာက ဟောဒီအိမ်ကလေးပဲ"
ဟု ကိုမြမောင်က လက်ညှိုးညွှန်၍ ပြောပြလေ၏။

ကျွန်တော်တို့သည် ဝင်းထဲသို့ ဝင်ကြသောအခါ အိမ်အောက်ထပ်၌ မစေ့တစေ့ ပိတ်ထားသော တံခါးကို မြင်ကြရသည့်အပြင် အပေါ်ထပ်ရှိ ပြတင်းပေါက်မှလည်း ထိန်ထိန်လင်းသော မီးရောင်ကို တွေ့မြင်ကြရ၏။

ပြတင်းပေါက်ခန်းဆီး၌ တရွေ့ရွေ့လှုပ်ရှားနေသော လူ၏ မျက်နှာရိပ်ကိုလည်း တွေ့မြင်ရ၏။

"ကိုင်း... တစ်ခါဖြင့် သိရပေတော့မယ်၊ လာကြဗျာ"
ဟု ပြော၍ ကိုမြမောင်သည် အိမ်ထဲသို့ ရှေ့မှဝင်တော့မည် ပြုကြသည်နှင့် တစ်ပြိုင်နက် မှောင်ရိပ်ထဲမှ မိန်းမတစ်ယောက် ထွက်ပေါ်လာ၍...
"ရှိကြီးခိုးပါရဲ့ ကိုမြမောင်ရယ်၊ ဒီတစ်ခါတည်း ကျွန်မကို ယုံကြည်ပါတော့၊ ရှင် လာလိမ့်မယ်ဆိုတာ ကျွန်မစိတ်ထဲမှာ ထင်နေလေတော့ တမင်လာပြီး စောင့်နေပါတယ်ရှင်။ ရှိကြီးခိုးပါရဲ့။

ဒီတစ်ခါ ကျွန်မကိုယုံကြည်လို့ရှိရင် ကျွန်မအတွက် နောက်ကို ရှင် ဘယ်တော့မှ စိတ်မညစ်စေရပါဘူးရှင့်"
ဟု ပြော၍ လက်နှစ်ဖက်ကို ဆန့်တန်းကာ အိမ်ပေါက်ဝမှ တားဆီးထားလေ၏။

"ဒီတစ်ခါ ဒီတစ်ခါနဲ့ မင်းကိုငါ ယုံကြည်လာခဲ့တာ များပြီ မပု၊ ခုမှတော့ မရတော့ဘူး။ ငါတို့ ဝင်ကြည့်ရမှာပဲ အေးတော့မယ်၊ ဆုတ်စမ်းကွယ် လမ်းပိတ်မနေစမ်းနဲ့"
ဟု ပြော၍ မိန်းမကို လက်ဖြင့် ဖယ်ရှားပြီးလျှင် အိမ်တွင်းသို့ ဝင်သွားလေရာ ကျွန်တော်တို့နှစ်ယောက်လည်း နောက်မှ လိုက်ပါသွားကြလေ၏။

အိမ်ပေါ်သို့တက်သည့် လှေကားရင်းသို့ ရောက်ကြသောအခါ ကုလားမကြီး တစ်ယောက်သည် လှေကားမှ အူလျားဖားလျား ပြေးဆင်းလာ၍ ကိုမြမောင်လည်း ခပ်ကြမ်းကြမ်းပင် တွန်းပစ်ခဲ့လေ၏။

ထို့နောက် ကိုမြမောင်သည် မီးရောင်လင်းသောအခန်းတွင်းသို့ ဝင်သွားရာ ကျွန်တော်တို့လည်း နောက်မှ လိုက်သွားကြလေ၏။

ယင်းအခန်းမှာ ခုတင်၊ ဇာခြင်ထောင်၊ မှန်တပ်စားပွဲ၊ ခန်းဆီး၊ ကန့်လန့်ကာ စသည်တို့ဖြင့် အတော်သားနားစွာ ပြင်ဆင်ထားရာ စားပွဲပေါ်တွင် စားပွဲတင် မီးအိမ်တစ်လုံး ထွန်းညှိလျက်ရှိ၏။

အခန်း၏ တစ်ခုသောထောင့်ရှိ စားပွဲဝိုင်းကလေးတစ်ခု၌ကား ဘိုမကလေးသဖွယ် ဝတ်ဆင်ထားသည့် မိန်းကလေးတစ်ယောက် ကျောခိုင်းလျက် ထိုင်နေရာ သူ၏လက်တွင် လက်အိတ်များ စွပ်ထားသည်ကို တွေ့ရ၏။

မိန်းကလေးသည် ကျွန်တော်တို့ ဝင်လာသည်ကို ကြားသဖြင့် ထိတ်လန့်သော အမူအရာဖြင့် ကျွန်တော်တို့ဘက်သို့ ရုတ်တရက်လှည့်သောအခါ ကျွန်တော်သည် မမျှော်လင့်သော အခြင်းအရာကို တွေ့ရသည်နှင့် "အလိုလေးဗျာ"ဟု ယောင်အော်မိသေး၏။

သူ၏မျက်နှာမှာ ကိုမြမောင် ပြောဖူးသည့်အတိုင်း ခြောက်ထောက်ထောက် ဖြူရော်ရော် ရှိနေသည့်ပြင် မျက်နှာထား အလျင်းမရှိသည့် "မျက်နှာသေ"မျိုး ဖြစ်နေ၏။

ဦးစံရှားမှာ ကျွန်တော်ကဲ့သို့ အံ့သြခြင်း အလျင်းမရှိဘဲ ရယ်ကာမောကာနှင့် အနီးသို့ ချဉ်းကပ်ပြီးလျှင် နားရွက်နောက်နားသို့ လက်ဖြင့်ပွတ်လိုက်ရာ မျက်နှာဖုံးတစ်ခု ကျွတ်ကျလာ၍ သပိတ်ရောင်ထလျက်ရှိသော ကုလားချီးမကလေးတစ်ယောက်သည် ဖွေးဖွေးဖြူသော သွားများ အတန်းလိုက်ပေါ်လာသည့်တိုင်အောင် ပြုံးရယ်လျက်ရှိလေ၏။

ကျွန်တော့်မှာလည်း နောက်ဆုံး၌ ဦးစံရှားနည်းတူ ရယ်မောရလေရာ ကိုမြမောင်မှာမူ ပါးစပ်ကိုဟလျက် "ဘယ့်နှာလဲ ဒီဟာ၊ ဘယ်လိုဟာလဲ ဒီဟာ" စသည်ဖြင့် ရေရွတ်ကာ ငေးနေလေ၏။

ထိုခဏ၌ မပုသည် အိမ်ပေါ်သို့ ပြေးတက်လာ၍ ကုလားချီးမကလေးကို ပွေ့ချီလျက် ကျွန်တော်တို့ဘက်သို့ ကြွေးကြီးသော မျက်နှာထားဖြင့် လှည့်ပြီးလျှင်...

"မသိတန် မသိပါစေနဲ့လို့ ဖုံးဖိထားလာခဲ့တာ။ ရှင်က အတင်းသိအောင် လုပ်မှဖြင့် ဖွင့်ပြောရတော့မှာပေ့ါ ကိုမြမောင်။ ဘယ်လိုဟာကလေးမှ မဟုတ်ဘူး၊ ဒီဟာ ကျွန်မရဲ့ သမီးကလေးရှင့်"

"အလို... ဘုရားရေ၊ သူ့သမီးတဲ့"

"မှန်ပါတယ်၊ ကျွန်မသမီးအရင်းပါ၊ တောင်ကြီးမှာ ပလိပ်ရောဂါဖြစ်ကြတော့ သူ့အဖေ ရာသနန်းသေပါတယ်။ ကျွန်မသမီးကလေး ကျန်ရစ်ပါတယ်"

"ဒါဖြင့် မင်းယောက်ျားဟာ ကုလားချီးပေ့ါ"

ထိုအခါ မပုသည် လည်ပင်းတွင်ဆွဲထားသော ရွှေဆွဲကြိုးမှ လော့ကတ်သီးကလေးကို ဖွင့်၍...

"ဟောဒါ ကလေးအဖေပါပဲ"

ဟု ကျွန်တော်တို့အား ပြလေ၏။ ကျွန်တော်တို့သည် လော့ကတ်သီးကလေးအတွင်း၌ ပါသော ဓာတ်ပုံကို ဝိုင်းဝန်းကြည့်ရှုကြရာ ကုလားဆိုသည့်အလျောက် အသားမည်းနက်သော အထိမ်းအမှတ်များ တွေ့ရသော်လည်း မျက်ခုံး၊ မျက်လုံး၊ နှာတံနှင့် မျက်နှာပေါက်တို့ကို ကြည့်ခြင်းအားဖြင့် အတော်ကြည့်ကောင်းသည့် လူချောလူလှတစ်ယောက် ဖြစ်ကြောင်း သိရှိနိုင်ပေ၏။

"အဲဒါ ကလေးအဖေ ရာသနန်းပါပဲရှင်၊ သူ့ကိုယူဖို့အကြောင်း မိရော၊ ဖရော၊ ဆွေရော၊ မျိုးရော သေခန်းဖြတ်ပြီး ယူခဲ့ရတာပါ။

ကျွန်မပြောတာကို ဘယ်လိုမှ သဘောမထားပါနဲ့နော် ကိုမြမောင်။ အမှန်အတိုင်း ပြောရရင် လူမျိုးကွဲပင် ဖြစ်သော်လည်း ဒီလူလို သဘောထားကြီးတဲ့လူ၊ သားပေါ်မယားပေါ်မှာ မြတ်နိုးကြင်နာတဲ့လူ၊ ဖွဲမျိုးခံတဲ့လူ၊ အနွံအတာခံတဲ့လူဟာ ရှာမှရှားပါလိမ့်မယ်ရှင်။

ဒါကြောင့် မိရော ဖရော၊ ဆွေမျိုးညာတိရော သေခန်းဖြတ်ရသော်လည်း သူ့ကိုယူမိတာ မှားလေခြင်းရယ်လို့ သူရှိစဉ်တုန်းက တစ်ခါမှ ကျွန်မ နောင်တ မရမိဖူးပါဘူးရှင်။ လူမျိုးကွဲမယူထိုက်ကြောင်းကို ကျွန်မ ဝန်ခံပါတယ်။

သို့သော်လည်း ဒီလူမျိုးကတော့ တစ်ထောင်မှာ တစ်ယောက် တွေ့ခဲတဲ့ ယောက်ျားမျိုး ဖြစ်လေတော့ အခုထက်တိုင် သူ့ကျေးဇူးကို ကျွန်မ မပစ်ပယ်ရက်ပါဘူးရှင်။

သူ့ကျေးဇူးကို ထောက်မျှော်ပြီး သူနဲ့ရတဲ့ သမီးကလေးကိုလည်း ကျွန်မ မပစ်ရက်ပါဘူး။

ကျွန်မ ခွဲထားခဲ့ရတာက သူ မကျန်းမာသေးတဲ့အတွက် သူ့အဒေါ် ကုလားမကြီးနဲ့ ထားခဲ့ခြင်း ဖြစ်ပါတယ်။ ဒီအတောအတွင်းမှာ ရှင်နဲ့တွေ့လို့ အိမ်ထောင်သစ် ပြုပြန်တော့

ဒီသမီးကလေးအကြောင်း ဖွင့်ပြောရမှာ ကျွန်မ တွန့် တွန့်နေမိပါတယ်။ ဖွင့်ပြောလိုက်ရင် ရှင်နဲ့ကွဲရချေမလားလို့ ကျွန်မ စိုးရိမ်မိပေတယ်။

ဒီလိုနဲ့ သုံးနှစ်ပတ်လုံး နေလာခဲ့တာ မာကြောင်း သာကြောင်းကိုတော့ သူ့အဒေါ် ဆီက မကြာမကြာ စာရပါတယ်။

နောက်ဆုံး တစ်နေ့ကျတော့ ကျွန်မ ဘာဖြစ်တယ်မဆိုနိုင်ဘူး။ သမီးကလေးမျက်နှာကို မြင်ချင်လိုက်တာ၊ မမြင်ရရင် ရူးရတော့မတတ်ဘဲ။

ဒါနဲ့ ရှင့်ဆီက ငွေသုံးရာတောင်းပြီး တင်ပို့လိုက်တဲ့အပြင် ဒီအိမ်တစ်လုံး အားလပ်နေတာကို မြင်တာနဲ့ ဒီအိမ်မှာလာပြီး ငှားနေကြဖို့ ကျွန်မ မှာကြားလိုက်ပါတယ်။

ပြီးတော့ ဒီအနီးအနားမှာ ကုလားချီးကလေး တစ်ယောက် ရောက်နေတယ်ဆိုရင် ဟိုလူဒီလူ ပြောမှာစိုးလို့ မျက်နှာဖုံးနဲ့ထားဖို့ ကျွန်မ မှာလိုက်မိပါတယ်။

အဆုံးကျတော့ ကိုယ့်ဟာကိုယ် မလုံပြီး အစိုးရိမ်ကြီးမိလို့ ဒီလိုဖြစ်ရတာ။ နို့မဟုတ်ရင် သူ့ဟာနဲ့သူနေလို့တော့ ဘယ်သူမှ ဘာမှပြောစရာ ရှိမယ်မဟုတ်ဘူး။

ဒါနဲ့ ဟိုညက ဒီအိမ်ကလေးမှာ လူရောက်တာမြင်တယ်လို့ ရှင်ကပြောတော့ ကျွန်မစိတ်ထဲမှာ ဘာမှမပြောနဲ့တော့ မြင်ချင်လိုက်တဲ့ဖြစ်ခြင်း လွန်ပါရော။ မိုးလင်းအောင်တောင် ကျွန်မ မဆိုင်းနိုင်တော့ဘူး။

ဒါနဲ့ ရှင် အိပ်ပျော်လောက်ပြီလို့ ထင်တာနဲ့ ညတွင်းချင်း မိုးမလင်းခင် ကျွန်မ ဆင်းပြီးလာကြည့်ရတယ် ဟုတ်လား။

အဲဒီညကစပြီး ကျွန်မကို ရှင် မသင်္ကာနိုင်အောင် ဖြစ်လာခဲ့တယ် ဟုတ်လား။

နောက် သုံးရက်ကြာတော့ ကျွန်မ ကတိမတည်နိုင်ဘဲ သွားကြည့်ပြန်ရာမှာ ရှင် လိုက်လာလို့ သူတို့တူဝရီးနှစ်ယောက်ကို နောက်ဖေးတံခါးက တိတ်တိတ်ဖွင့်လွှတ်လိုက်ရတယ် ဟုတ်လား။

ဒီကနေ့ညတော့ ကျွန်မ ဖွင့်ပြောဖို့ မစောင့်နိုင်ဘဲ ရှင်က အတင်းဝင်ကြည့်လို့မို့ အဖြစ်အပျက်အလုံးစုံကို ရှင် အခု သိရပါပြီရှင်။

ဒီတော့ ကျွန်မတို့သားအမိနှစ်ယောက်ကို ရှင် ဘယ်လိုအမိန့်ချမယ်ဆိုတာ ကျွန်မ ကြားပါရစေတော့"

ဟု ပြောကာ ငြိမ်သက်ငေးစိုက်၍ ကိုမြမောင်အား ကြည့်နေလေ၏။

ကိုမြမောင်သည် မည်သို့မျှ ပြန်မပြောဘဲ ၂ မိနစ်ခန့်တိုင်တိုင် တိတ်ဆိတ်စွာ စဉ်းစား စိတ်ကူးနေခဲ့ရာ နောက်ဆုံး၌ မပုလက်မှ ကုလားချီးမလေးကို ယူကာ လက်တစ်ဖက်ဖြင့် ပွေ့ချီ၍ အခြားလက်တစ်ဖက်ဖြင့် မပု၏လက်ကို ကိုင်ဆွဲကာ တံခါးဆီသို့ လှည့်ပြီးနောက်...

"အိမ်ကျမှ အေးအေးဆေးဆေး ပြောကြသေးတာပေါ့ မပုရယ်။ ငါလည်းပဲ ကြွားလောက် ဝါလောက်အောင် လူကောင်းကြီးတစ်ယောက်တော့ မဟုတ်ပေဘူး။

နို့ပေမဲ့ မင်းထင်သလောက်တော့ သဘောထား သေးနုပ်လှမယ် မထင်ပါဘူးကွယ်"

ဟု ပြောပြောဆိုဆိုနှင့် ဆင်းသွားကြလေ၏။

ကျွန်တော်တို့လည်း သူတို့နောက်မှ လိုက်၍ ဆင်းလာခဲ့ကြရာ မီးရထားဘူတာရုံသို့ သွား၍ ရထားပေါ် သို့ ရောက်ကြသောအခါ ဦးစံရှားသည် ပြုံးစိစိမျက်နှာထားဖြင့် ကျွန်တော့်အား လှမ်းကြည့်၍...

"လူတစ်ယောက်ဟာ ကိုယ့်ကိုယ်ကို အထင်ကြီးပြီး စိတ်ကြီးဝင်နေတယ်လို့ ခင်ဗျား ထင်လာတဲ့အခါကျတော့ နားနားကပ်ပြီး "မပုတို့လင်မယား"လို့ တိုးတိုးကလေး သတိပေးလိုက်စမ်းပါဗျာ"
ဟု ပြောလိုက်လေသတည်း။

*****

*** ပြီးပါပြီ ***